**ဥဒဂ္ဂစိတ္တဒိဝသ** (ပု) [ဥဒဂ္ဂစိတ္တ+ဒိဝသ] တက် ကြွ-ရွှင်ပျ-သောစိတ်ရှိရာနေ့။ သကလ- နဂရဿ ဥဒဂ္ဂစိတ္တဒိဝသေ ဇာတောတိ ဥဒါယီတွေဝ နာမံ အကံသု။ အံ၊ဋ္ဌ၊၁။၂၃၄။ သာရတ္ထ၊၃။၂၄၄။

**ဥဒဂ္ဂတနုဇ** (တိ) [ ဥဒဂ္ဂ+တနု+ဇ(ဇန+ကွိ)] မြင့်တက်သော ခန္ဓာကိုယ်ဖြင့်ဖြစ်သော၊ အရပ် အမောင်းကောင်းသော၊သူ။ (မြန်မာပြန်-၁၂၉- ၌ ရွှင်လန်း တက်ကြွသော အမွေးရှိသော- ဟု ပြန်သည်။) တေ ပဿထ ဗြာဟ္မဏ---ဥဒဂ္ဂတနုဇံ ဟဋ္ဌံ။ အပ၊၂။၁၃၄၊၁၄၀။ ထေရ၊ ဋ္ဌ၊၂။၈၀။

**ဥဒဂ္ဂတေဇ** (တိ) [ ဥဒဂ္ဂ+တေဇ] ဥဂ္ဂတတေဇ (က) နှင့်အနက်တူ၊ ၎င်းကြည့်။

**ဥဒဂ္ဂမန** (တိ) [ ဥဒဂ္ဂ+မန ] တက်ကြွ- ရွှင်ပျ-သော စိတ်ရှိသော၊သူ။ မေဓာဝိနာ သဟာယေန သဒ္ဓိံ အတ္တမနော တုဋ္ဌမနော ဟဋ္ဌောမနော ပဟဋ္ဌမနော ဥဒဂ္ဂမနော မုဒိတမနော စရေယျ။ စူဠနိ။၂၅၆။ (-အပ၊ ၂။၁၃။)

**ဥဒဂ္ဂမေဃ** (ပု) [ဥဒဂ္ဂ+မေဃ] တက်ကြွ- ပြန့်ပြော-မွန်မြတ်-ကြီးစွာ-သောမိုး။ နဂါ နဂဂ္ဂေသု သုသံဝိရူဠှာ။ ဥဒဂ္ဂမေဃေန နဝေန သိတ္တာ။ ထေရ။၂၄၃။ ဥဒဂ္ဂမေဃေန နဝေန သိတ္တာတိ ပဌမုပ္ပန္နေန ဥဠာရေန မဟတာ ပါဝုသမေဃေန အဘိပ္ပဝုဋ္ဌာ။ ထေရ၊ဋ္ဌ၊၁။၂ရရ။

**ဥဒဂ္ဂိဟုတ္တ** (န) [ဥဒ+အဂ္ဂိ+ဟုတ္တ] ရေမီးကို- ပူဇော်-ပြုစု-စောင့်ရှောက်-ခြင်း။ ဥဒဂ္ဂိဟုတ္တံ ဥပတိဋ္ဌတော မမ။ ဇာ၊၂။၁၀၃။ ဥဒဂ္ဂိဟုတ္တန္တိ ဥဒကအဂ္ဂိဟုတ္တံ။ ဇာ၊ဋ္ဌ၊၅။၄၂၂။ ဥဒက-

အဂ္ဂိဟုတန္တိ ဥဒကဿ စေဝ အဂ္ဂိဿ စ ဟုတံ ဟဝန့် ပူဇန့်။ ဇာ၊ငို၊သစ်။ ဇာ၊ကျော။

**ဥဒဂ္ဂ(ဂ္ဂ)ဒဂ္ဂ** (တိ) [ ဥဒဂ္ဂ+ဥဒဂ္ဂ ] (ပီတိ၏ အစွမ်းဖြင့်) တက်ကြွတက်ကြွသော-အလွန် တက်ကြွသော-ကိုယ် စိတ်ရှိသော၊သူ။ ဝေ ဝုတ္တေ မဟာဖြဟ္မာ---ဟဋ္ဌပဟဋ္ဌော ဥဒဂ္ဂု- ဒဂ္ဂေါ ဟုတွာ သာဓုတိ ပဋိဿုဏိတွာ ပဋိညံ အဒါသိ။ ဝိ၊ဋ္ဌ၊၁။၂၈။ ဥဒဂ္ဂုဒဂ္ဂေါတိ သရီရ- ဝိကာရုပ္ပါဒနပီတိဝသေန ဥဒဂ္ဂုဒဂ္ဂေါ။ ပီတိမာ ဟိ ပုဂ္ဂလော ကာယစိတ္တာနံ ဥဂ္ဂတတ္တာ "ဥဒဂ္ဂုဒဂ္ဂေါ"တိ ဝုစ္စတိ။ သာရတ္ထ၊၁။၁၁၅။ ဝိမတိ၊၁။၂၆။ (-မ၊၂။၃၂၃။ မဋ္ဌ၊၁။၁၁၆။ ဝိသုဒ္ဓိ၊ ၁။၃၄၁။ ဓမ္မ၊ဋ္ဌ၊၁။၃၀၇။ မငို၊၃။၂၇၃။ သံငို၊ ၁။၁၆၃။ သံငို၊၂။၃၀၈။) ဟဋ္ဌပဟဋ္ဌော ဥဒဂ္ဂု- ဒဂ္ဂေါ သမ္ပိယာယမာနော။ အံငို၊၁။၂၈၆။

**ဥဒဂ္ဂျ** (န) [ ဥဒဂ္ဂ+ဏျ ] တက်ကြွသော၊ ရွှင်ပျသော။ အောက်ပုဒ်ကြည့်။

**ဥဒဂ္ဂျမန** (တိ) [ ဥဒဂ္ဂျ+မန] တက်ကြွ-ရွှင်ပျ- သော စိတ်ရှိသော၊သူ။ သမုဂ္ဂတတနူရုဟန္တိ သုဋ္ဌု ဥဂ္ဂတလောမံ ဥဒဂ္ဂလောမံ ဥဒဂ္ဂျမနံ ဝါ။ အပ၊ဋ္ဌ၊၂။၂.၂၇။

**ဥဒင်္ဂဏ**[1](န) [ ဥဒ+အင်္ဂဏ ] ကွင်းပြင်၊ ရင်ပြင်၊ မြေ ပြင်။ ဥဒင်္ဂဏေ တတ္ထ ပပံ အဝိန္ဒုံ။ ဇာ၊ ၁။၁။ အဘိ၊ဋ္ဌ၊၂။၄၇၉။ ဥဒင်္ဂဏေတိ ထွေ ဥဒါတိ နိပါတော၊အင်္ဂဏေတိ မနုဿာနံ သဉ္စရဏဋ္ဌာနေ၊ အနာဝဋေ ဘူမိဘာဂေတိ အတ္ထော။ ဇာ၊ဋ္ဌ၊၁။၁၂၅။

**ဥဒင်္ဂဏ**[2] (ပု) [ယာဒိစ္ဆကနာမ်] ဥဒင်္ဂဏတောင်။ ဟိမဝန္တဿာဝိဒူရေ ဥဒင်္ဂဏော နာမ ပဗ္ဗတော။ အပ၊၂။၇၄။ ထေရ၊ဋ္ဌ၊၁။၉၈၃၄၆။

**ဥဒစ္ဆိဒါ** (ကြိ) [ ဥ+ဆိဒ(ဆိဒိ)+အ+တိ။ တိ- ကို အာပြု] ဖြတ်၏၊ ဖျက်ဆီး၏။ ယော ရာဂမုဒစ္ဆိဒါ အသေသံ။ သုတ္တနိ၊၁။ ဥဒစ္ဆိဒါတိ ဥစ္ဆိန္ဒတိ ဘဉ္ဇတိ ဝိနာသေတိ၊ အတီတ- ကာလိကာနမ္ပိ ဟိ ဆန္ဒသိ ဝတ္တမာနဝစနံ အက္ခရစိန္တကာ ဣစ္ဆန္တိ။ သုတ္တနိ၊ဋ္ဌ၊၁။၁၅။ ဥစ္ဆိန္ဒတိ-လည်းကြည့်။

**ဥဒ္ဒူန** (ပု၊န) [ ဥ+အစိ+ယု။ ပါဠိ၌ ပုံလိင် ဖြင့်ရှိ၏။ ထောမနိဓိနှင့် ပါဠိအင်္ဂလိပ်, သက္ကတ အင်္ဂလိပ် အဘိဓာန်တို့၌ နပုံလိင်သာပြထား ၏] ရေငင်ပုံး၊ ရေခပ်အိုးငယ်။ ဥဒ္ဒူနီက၊ ဥဒ္ဒူနီ-တို့ကြည့်။

**ဥဒ္ဒူနဘာဝ** (ပု) [ဥဒ္ဒူန+ဘာဝ] ရေငင်ပုံး- ရေခပ်အိုး ငယ်-၏အဖြစ်။ အောက်ပုဒ်ကြည့်။

**ဥဒ္ဒူနဘာဝပ္ပတ္တိ** (ထိ) [ဥဒ္ဒူနဘာဝ+ပတ္တိ] ရေငင်ပုံး-ရေခပ်အိုးငယ်-၏အဖြစ်သို့ ရောက်ခြင်း။ ဝိစရန္တဿ မေ အဋ္ဌေဝါသိက- ဝါသော စာဋိယာ ဥဒ္ဒူနဘာဝပ္ပတ္တိဝိယ ဟောတိ။ ဓမ္မ၊ဋ္ဌ၊၁။၆၀၇၂။

**ဥဒ္ဒူနီက** (ပု) [ဥဒ္ဒူန+ဏ္ဍက] ရေငင်ပုံး၊ရေခပ် အိုးငယ်။ သေယျထာပိ နာမ ဥဒကမဏိကော ဟုတွာ ဥဒ္ဒူနီကော အဿ။ မ၊၂။၂၃၀။ ဥဒ္ဒူနီကောတိ ဥဒကဝါရကော။ မဋ္ဌ၊၃။၁၉၀။ ဥဒ္ဒူနီကောတိ ဥဒ္ဒူနော။ မငို၊၃။၁၃၂။ အောက်ပုဒ်လည်းကြည့်။

**ဥဒ္ဒူနီ** (တိ) [(က) ဥ+အစိ+ယု+နဒါဒိဤ။ (ခ) ဥဒ္ဒူနီ+ဏ] (က) ရေငင်ပုံး၊ရေခပ်အိုးငယ်။ (ခ) ရေခပ်အိုးငယ်နှင့်တူသော မိန်းမ။ (က) (ခ) သုခံ ဝတ မံ ဇီဝန္တံ၊ ပစမာနာ ဥဒ္ဒူနီ။ ဇာ၊၁။၂၅။ ဥဒကံ အဉ္စန္တိ တောယာတိ ဥဒ္ဒူနီ၊ စာဋိတော ဝါ ကူပတော ဝါ ဥဒက- ဥဿိဥ္စနဃဋိကာယေတံ နာမံ၊ သာ ပန ဥဒ္ဒူနီ ဝိယ၊ ဥဒကံ ဝိယ ဃဋိကာ ယေန ယေန- တ္တိကာ ဟောတိ၊ တံ တံ အာကနုတိယေဝါတိ အတ္ထော။ ဇာ၊ဋ္ဌ၊၁။၄၄၁။

**ဥဒဉ္ဇလ** (နု) [ ဥဒ+ဇလ ] ရေညွန်၊ ညွန်နှင့် ရောသောရေ။ အညာတရဿ ဘိက္ခုနော ဥဒဉ္ဇလံ ကိဉ္စနဿ အသုစိ မုစ္စိ။ ဝိ၊၁။၁၇၀။ ဥဒဉ္ဇလန္တိ ဥဒကစိက္ခလ္လော ဝုစ္စတိ။ ဝိ။၊၂။၁၁၉။ ဥဒကစိက္ခလ္လ-လည်းကြည့်။

**ဥဒဉ္ဇလဝတ္ထု** (နု) [ဥဒဉ္ဇလ+ဝတ္ထု] ရေညွန်ကို ကစားသောရဟန်း၏-ဝတ္ထု-အကြောင်းအရာ။ ဥဒဉ္ဇလဝတ္ထုသုပိ ဧသေဝနယော။ ဝိ။၊၂။ ၁၁၉။

**ဥဒဏှာသိ** (ကြိ)[ဥ+ဏှာ+ဤ] (နေရာမှ)ထ၍ရပ်ပြီ။ တဿာ မာတာ ဥဒဏှာသိ၊ ခတ္တိယာ ဒေဝဝဏ္ဏိနီ။ ဇာ၊၂။၇၀။ ဥဒဏှာသိတိ အာသနာ ဥဋ္ဌာယ ရညော သန္တိကံ ဂန္တွာ အဋ္ဌာသိ။ ဇာ။၊၅။၃၂၂။ ဥဋ္ဌာတိ-လည်းကြည့်။

**ဥဒဏှ** (ပု) [ ဥ(ဥဒ်)+အဟ ] နေတက်ချိန်။ အောက်ပုဒ်ကြည့်။

**ဥဒဏှသမယ** (ပု) [ ဥဒဏှ+သမယ ] နေတက်ရာ-နေထွက်ရာ-အချိန်အခါ။ ပါတောဝ ပါတရာသမှိ၊ဥဒဏှသမယံ ပတိ။ ဇာ၊၂။၁၃။ ဥဒဏှသမယံ ပတီတိ သူရိယုဂ္ဂမနဝေလာယ-မေဝ။ ဇာ။၊၅။၁၆၅။

**ဥဒတာရယိ** (ကာ၊ကြိ) [ ဥ+တရ+ဏယ+ဤ] ကြွတက် စေပြီ၊ သွားအံ့သော အစီအရင်ကို ပြုပြီ။ တံ သူလ္လဝတ္ထုံ ဥဒတာရယိ ရထံ။ ဇာ၊၂။၁၁၁။ ဥဒတာရယီတိ ဥတ္တာရေသိ ဥက္ခိပိတွာ ဂမနသဇ္ဇမကာသိ။ ဇာ။၊၅။၄၃၇။

**ဥဒတာရိ** (ကြိ) [ဥ+တရ+ဤ] ကူးမြောက်-ကူးတက်-ပြီ။ တေနုဒတာရိ ဒုခသမ္ဘဝေတော (ဇာ၊၁။၇၄)တိ တေန ကာရဏေနမှိ --- ဥတ္တိဏ္ဏော။ ဇာ။၊၂။၂၇။

**ဥဒတာရိ[၁]** (ကြိ) [ ဥ+တရ+ဤ ] ကူးမြောက်-ကူးတက်-ပြီ။ သမာဟိတော ယော ဥဒတာရိ ဩဃံ။ သုတ္တနိ။၃၄၈။ (-ဥဒါန။၁၇၀၊၁၈၂။ နေတ္တိ။၅၄၊၁၂၃။) ဥဒတာရီတိ ဥတ္တိဏ္ဏော။ သုတ္တနိ။၊၂။၁၃၅။ (-ဥဒါန။။၃၂၉၊၃၆၅။ နေတ္တိ။။၁၃၂။ နေတ္တိ၊ဝိဘာ။၂၉၇။)

**ဥဒတာရိ[၂]** (ကာ+ကြိ) [ ဥ+တရ+ဏေ+ဤ ] ကူးမြောက်စေပြီ၊ ထုတ်ဆောင်ပြီ။ ပင်္ကေ ပေါသံ ပလိပေ ဗျသန္နံ၊ ဗလီ ယထာ ဒုဗ္ဗလမုဒ္ဒရေယျ။ ဧဝမ္ပိ မံ တွံ ဥဒတာရိ ဟောတိ။ ဇာ၊၁။၃၅၂။ ဥဒတာရီတိ ကာမပင်္ကတော ဥတ္တာရယိ၊ ဥဒတာသီတိပိ ပါဌော။ အယမေဝတ္ထော။ ဥဒ္ဓတာသီတိပိ ပါဌော၊ဥဒ္ဓရီတိ အတ္ထော။ ဇာ။၊၄။၄၉၀။

**ဥဒတာသိ** (ကာ၊ကြိ) [ဥ+တရ+ဏေ+ဤ။ သအာဂံ] ကူးမြောက်စေပြီ၊ ထုတ်ဆောင်ပြီ။ အထက်ပုဒ်ကြည့်။

**ဥဒတ္တ[၁]** (တိ) [ ဥ+အာ+ဒါ+တ။ ဝိ၊ပိ၊ဓာန်။ (ဥဒါတ္တ-သံ။) ] (၁) မြင့်သော၊ မြင့်တက်သော (အသံ)။ (၂) မြင့်မြတ်သော (ပညာ)။ (၁) ဥဒတ္တာနုဒတ္တာဒိ နှင့် ဥဒတ္တာနု-ဒတ္တာဒိသမ္ပါဒန-ကြည့်။(၂) အောက်ပုဒ်ကြည့်။

**ဥဒတ္တ[၂]** (တိ) [ဥဒ+အတ္တ] မြင့်မြတ်သောပညာရှိသော၊ မြင့်မြတ်သောအကျိုးကိုလည်း ပေးတတ်၍ မိမိသန္တာန်၌လည်း ဖြစ်သောပညာရှိသော၊ သူ။ တဏှာစရိတော ဥဒတ္တော (ဥဒတ္တော။၄။) သမာဓိန္ဒြိယေန ဒုက္ခာယ ပဋိပဒါယ ခိပ္ပါဘိညာယ နိယျာတိ ဈာနေဟိ နိဿယေဟိ။ နေတ္တိ။၇။ ဥဒတ္တောတိ ဥဒ-အတ္တော၊ ဥဠာရပညောတိ အတ္ထော။ နေတ္တိ။၊ ၄။၅၁။ ဥဒတ္တောတိ ဥဒအတ္တော၊ ဥဠာရံ ဖလံ ဒေတီတိ အတ္ထော၊ ဥဠာရံ ဖလံ ဒေတီတိ ဥဒေါ၊ ကော သော၊ ပဝိဝေကော။ အတ္တနိ

နိဗ္ဗတ္တော အတ္တော၊ ဥဒေါ အတ္တော ယဿ ပုဂ္ဂလဿာတိ ဥဒတ္တောတိ ဝစနတ္တော ကာတဗ္ဗော။ နေတ္တိ၊ဋီ။၆၉။ (-နေတ္တိ။၉၈။ နေတ္တိဋီ။၂၆၅။)

**ဥဒတ္တပည** (တိ) [ဥဒတ္တာ+ပညာ] မြင့်မြတ်သောပညာရှိသော၊သူ။ ဒုတိယာယ ပဋိပဒါယ ဟေတု နာမ တဏှာစရိတတာ ဥဒတ္တပညတာ စ။ နေတ္တိ၊ဋီ။၆၉။

**ဥဒတ္တာနုဒတ္တာဒိ** (တိ) [ဥဒတ္တ+အနုဒတ္တ+အာဒိ] မြင့်သောအသံ, နိမ့်သောအသံ အစရှိသော။ သဇ္ဈာယိတန္တိ ဂါယနဝသေန သဇ္ဈာယိတံ၊ တံ ပန ဥဒတ္တာနုဒတ္တာဒိနံ သရာနံ သမ္ပဒါဝသေနေဝ ဣစ္ဆိတန္တိ အာဟ "သရသမ္ပတ္တိဝသေနာ"တိ။ ဒီ၊ ဋီ၊၁။၃၀၈။ အံ၊ဋီ၊၃။၅၇။ (-သီဋီ၊သစ်၊၂။၂၇၃။)

**ဥဒတ္တ** (တိ) [ ဥဒ+အတ္တ] မြင့်မြတ်သောပညာရှိသော။ ဥဒတ္တ - ကြည့်။

**ဥဒဒ္ဒရိ** (ကြိ) [ ဥ+ဒရ+ဤ ] ထုတ်ဆောင်ပြီ။ မနုည် ဘာသမာနဿ၊ ဂရုံ ဘာရံ ဥဒဒ္ဒရိ။ ဇာ၊ ၁။၇။ ဓမ္မ၊ဋ္ဌ၊၂။၁၃၈။ မနာပံ ပိယဝစနံ ဘာသမာနဿ ဗြာဟ္မဏဿ ဂရုံ ဘာရံ ဥဒ္ဒရိ၊ ဥဒ္ဒရိတ္ဝာ ကမိုတ္ဝာ ပဝဋ္ဋေသီတိ အတ္တော၊ ဒကာရော ပနေတ္ထ ဗျဥ္ဇနသန္ဓိဝသေန ပဒ-သန္ဓိကရော။ ဇာ၊ဋ္ဌ၊၁။၂၀၉။

**ဥဒဓိ** (ပု) [ ဥဒက+ဓာ+ဣ။ ဇလာနိ ဥဒကာနိ စ နိဓီယန္တေ ဓီယန္တေ ဧတ္ထာတိ ဇလနိဓိ ဥဒဓိ စ၊ ဥဒကဿ ဥဒါဓေဿော။ ဓာန်၊ဋီ။ ၆၅၉။ ဥဒကံ ဒဓာတီတိ ဥဒဓိ၊ ကစ္စည်း၊သုတ္တ။၅၅၁။ ရူပ။၃၇၀။ နီတိ၊သုတ္တ။၁၁၃၈။] (က) များစွာ သောရေ၏စုဝေးတည်နေရာအရပ်။ (ခ) ပင်လယ်၊ သမုဒ္ဒရာ။ (က) သမုဒ္ဒေါ ဥဒဓီနံ သေဋ္ဌော၊ နက္ခတ္တာနဉ္စ စန္ဒိမာ။ သံ၊၁။၆၇။ ဥဒဓီနန္တိ ဥဒကနိဓာနာနံ။ သံ၊ဋ္ဌ၊၁။၁၁၈။ ဥဒကံ ဓီယတိ ဌပေတီတိ ဥဒဓိ မဟောဒဓိ၊ သံဋီ၊၁။၁၆၈။ ယထာ သမုဒ္ဒေါ ဥဒဓီန မဂ္ဂေါ၊ နေရူ နဂါနံ ပဝရော သိလုစ္စယော။ အပ၊၁။ ၁၈၀။ ထေရီ၊ဋ္ဌ၊၁။၂၁၈။ (ခ) သေပ္ပမေယျော ဥဒဓိဝ သာဂရော။ ဝိမာန။ ၅၀၆၂။ အဘိ၊က။ ၄၀၂။ ဝိမာန၊ဋ္ဌ။၁၇၆။ ဥဒဓိဝ သာဂရောတိ ယထာ ဥဒကံ ဧတ္ထ ဓိယတီတိ "ဥဒဓိ"တိ လဒ္ဓနာမော သာဂရော... အပ္ပမေ-ယျော။ ဝိမာန၊ဋ္ဌ။၁၄၁။ ဥဒဓိမိဝ အင်္ဂါဝါန (စူဠနိ။၂၀၉)န္တိ ဝိတိဏ္ဏအဏ္ဏဝါနံ အန္တရေ သမုဒ္ဒံ ဝိယ အဓိဂန္တွာ။ စူဠနိ၊ဋ္ဌ။၈၃။

**ဥဒဓူပမ** (တိ) [ဥဒဓိ+ဥပမာ] မဟာသမုဒ္ဒရာလျှင် ဥပမာရှိသော၊ မဟာသမုဒ္ဒရာနှင့်တူသော၊သူ။ ဥဒဓူပမော မဟာဝီရော၊ သော မေ ဗုဒ္ဓေါ နိမန္တိတော။ အပ၊၁။၃၇၃။ ထေရ၊ဋ္ဌ၊၂။၃၁၅။

**ဥဒပဇ္ဇထ** (ကြိ) [ ဥ+ပဒ+ယ+တ္ထ။ တ္ထ ကို ထ ပြု] ဖြစ်ခဲ့ပြီ၊ ထင်ရှားဖြစ်ခဲ့ပြီ။ ဥဒပါဒိ-ကြည့်။

**ဥဒပဇ္ဇိသု** (ကြိ) [ ဥ+ပဒ+ယ+ဥံ ] ဖြစ်ခဲ့ကုန်ပြီ။ ဥဒပါဒိ-ကြည့်။

**ဥဒပတ္တ[၁]** (ပု) [ဥဒ+ပတ္တ(ဥဒပါတြ-သံ)] ရေခွက်၊ ရေဖြင့်ပြည့်သောခွက်။ သေယျထာပိ ဗြာဟ္မဏ ဥဒပတ္တော သံသဋ္ဌော လာခါယ ဝါ ဟလိဒ္ဒိယာ ဝါ။ သံ၊၃။၁၀၆။ အံ၊၂။၂၀၂။ ဥဒပတ္တောတိ ဥဒကဘရိတာ ပါတိ၊ သံ၊ဋ္ဌ၊၃။၂၁၀။ အံ၊ဋ္ဌ၊၃။၆၇။ (-ဝိမတိ၊၁။၂၆၉။)

**ဥဒပ(ပ္ပ)တ္တ[၂]** (တိ) [ ဥ+ပဒ+တ။ ဥ+အပ+တ] (က) ပျံတက်သွားသော၊သူ။ (ခ) ထသွားသော၊ အိပ်ရာနေရာမှ ထပြေးသော၊သူ။ (က) ဥဒပ-တ္တောတိ ဝေဂေန၊ ဗလီ ပက္ခီ ဒိဇုတ္တမော။ ဇာ၊ ၁။၁၈၇။ ဥဒပတ္တောတိ ပိတု သြဝါဒံ အကတ္ဝာ ဇဝေဒိဝသံ ဂိဇ္ဈောဟိ သဒ္ဓိံ ဥပ္ပတိတော ဇဝ ဩဟာယ ပိတရာ ကထိတဋ္ဌာနံ အဂမာသိ။

ဇာ၊ဋ္ဌ၊၃။၄၆၁။ (ခ) သော စ ဝေဂေန ဒုဗ္ဗတ္တော၊ ကပိ ရုဟိရမက္ခိတော။ ဇာ၊၁။၃၈၃။ ဥဒပ္ပ-တ္တောတိ ဥဒင်္ဂိတော။ ဇာ၊ဋ္ဌ၊၅။၇၆။

**ဥဒပတွာ** (ကြိ၊ဝိ) [ ဥ+ပဒ+တွာ။ ဥ+အပ+တွာ] ပျံတက်၍။ သော စ ဘက္ခပရိက္ခီဏော၊ ဥဒ-ပတွာ ဝိဟင်္ဂမော။ ဇာ၊၂။၅၅။ ဥဒပတွာတိ ...သော ကာကော ဥဒကေ ပတိဋ္ဌာတုံ အသက္ကောန္တော ဥပ္ပတိ၊ ဧဝံ ဥပ္ပတိတွာတိ အတ္ထော။ ဇာ၊ဋ္ဌ၊၅။၂၇၁။

**ဥဒပါဒိ** (ကြိ) [ဥ+ပဒ+ဤ။ ရူ၊ဋီ၊နာ၊၂၀၀။] ဖြစ်ခဲ့ပြီ၊ ဖြစ်ဘူးပြီ။ မဟာ အကာလမေဃော ဥဒပါဒိ။ ဝိ၊၃။၃။ ဧဝံ စိတ္တံ ဥဒပါဒိ(ဇာ၊၁။၂၄၃)တိ...ဥပ္ပန္နံ။ ဇာ၊ဋ္ဌ၊၅။၁၅၈။ **ဥဒပဇ္ဇီသု**-ဥဒပဇ္ဇီသု(ဇာ၊၂။၃၆၉)တိ ဥပ္ပဇ္ဇီသု။ ဇာ၊ဋ္ဌ၊၇။၃၆၇။ **ဥဒပဇ္ဇထ**-ဥဒပဇ္ဇထ(ဝိမာန။၂၉)တိ ဥပ္ပဇ္ဇိတ္ထ။ ဝိမာန၊ဋ္ဌ။၁၀၄။ ဝိပါကော ဥဒပဇ္ဇ-ထ(ပေတ။၁၃၄)တိ ...ဖလံ ဥပ္ပဇ္ဇိ။ ပေတ၊ဋ္ဌ။၄၆-၄၇။ (-ထေရ။၂၂၆၊၂၇၂။ ဇာ၊၁။၂၃၄။ ထေရ၊ဋ္ဌ၊၁။၁၁၂။ ထေရ၊ဋ္ဌ၊၂။၂၆၊၉၉။ ဇာ၊ဋ္ဌ၊၄။၁၁၉။)

**ဥဒပါန** (ပုန) [ဥဒက+ပါန ] (၁)(က) ရေတွင်း။ (ခ) ရေကန်၊ တစ်ဘက်ဆည်ကန်။ (ဂ) ရေမြောင်း။ (၂) ဥဒပါနမည်သောဥယျာဉ်။ (၁)(က) သေယျထာပိ အာဝုသော ကန္တာရမဂ္ဂေ ဥဒ-ပါနော။ သံ၊၁။၃၃၉။ ဥဒပါနောတိ ဝီသတိသ-ဟတ္ထဂမ္ဘီရော ပါနီယကူပေါ။ သံ၊ဋ္ဌ၊၂။၁၁၄။ ဥဒပါနံ တိဏဿ စ ဘုသဿ စ ယာဝ မုခ-တော ပူရေသု(ဥဒါန။၁၇၅)န္တိ ပါနီယကူပံ တိဏေန စ ဘုသေန စ မုခပ္ပမာဏေန ဝမေသုံ။ ဥဒါန၊ဋ္ဌ။၃၄၃။ (-ဝိ၊၃။၁၉၅။ ဝိ၊၄။၂၅၉၊၃၀၇။ ပေတ။၁၅၆။ ဇာ၊၁။၇၉။ ဝိ၊ဋ္ဌ၊၃။၃၁၀။ ဝိ၊သင်္ဂဟ။၁၄၂၊၂၁၇။ ဝိမာန၊ဋ္ဌ။၄၀။ ပေတ၊ဋ္ဌ။၁၁၂။ ဇာ၊ဋ္ဌ၊၂။၂၈၅။ ဝိမတိ၊၂။၂၃၃။) (က) (ခ)(ဂ) ပပဉ္စ ဥဒပါနဉ္စ၊ ယေ ဒဒန္တိ ဥပဿယံ။ သံ၊၁။၃၀။ ဥဒပါနန္တိ ယံကိဉ္စိ ပေါက္ခရဏိ-တဠာကာဒိံ။ သံ၊ဋ္ဌ၊၁။၈၃။ တဠာကာဒီတိ အာဒိ-သဒ္ဒေန မာတိကံ သင်္ဂဏှာတိ။ သံ၊ဋီ၊၁။၁၂၃။ ဝိပဿိနော ဘဂဝတော၊ ဥဒပါနော ကတော မယာ(အပ၊၁။၂၀၈)တိ ဥဒကံ ပိဝန္တိ ဧတ္ထာတိ ဥဒပါနော။ ကူပပေါက္ခရဏိတဠာကာနမေတံ အဓိဝစနံ။ အပ၊ဋ္ဌ၊၂။၁၈၀။ (၂) ဂင်္ဂါတီရေ ဥဒေနဿ ရညော ဥဒပါနံ နာမ ဥယျာနံ အတ္ထိ။ သံ၊ဋ္ဌ၊၃။၃၈။

**ဥဒပါနတဋ** (တိ) [ ဥဒပါန+တဋ ] ရေတွင်းကမ်းပါး၊ ရေတွင်းနှုတ်ခမ်း။ ဟတ္ထိ ဥဒပါန-တဋေ ဌပေတွာ တဿ ပါဒေ ယောတ္တံ ဗန္ဓိတွာ ယောတ္တေန ဥဒပါနံ ဩတရိတွာ။ ဇာ၊ဋ္ဌ၊၂။၂၈၅။

**ဥဒပါနဒါယက** (ပု) [ဥဒပါန+ဒါယက] ရေတွင်းရေကန်လှူသောသူ။ ဣတ္ထံ သုဒံ အာယသ္မာ ဥဒပါနဒါယကော ထေရော ဣမာ ဂါထာယော အဘာသိတ္ထ။ အပ၊၁။၂၀၉။

**ဥဒပါနဒါယကတ္ထေရ** (ပု) [ဥဒပါနဒါယက+ထေရ] ရေတွင်းရေကန်လှူသောထေရ်၊ ဥဒပါနဒါယကထေရ်။ (ဤထေရ်ရှင်မြတ်သည်ရှေးရှေးဘဝပေါင်းများစွာ၌ ကုသိုလ်ကောင်းမှု ဖြည့်ကျင့်ဆည်းပူးခဲ့ပြီးလျှင် ရှေးရှေးဘုရားရှင်များ လက်ထက်၌မူ ပါရမီကုသိုလ်တို့ကို အထူးတလည်ကြိုးစားအားထုတ် ပြုလုပ်ခဲ့၏။ ဝိပဿီဘုရားရှင်လက်ထက်တော်သို့ ရောက်သောအခါအမျိုးတစ်ဦးအိမ်၌ဖြစ်၍ အသက်အရွယ်ကြီးပြင်းလာသော် ငါသည် သောက်ရေအလှူကို ပေးလှူသင့်သည်၊ ထိုအလှူကိုလည်း တခါတရံ၌သာပေးလှူခြင်းမျိုးမဟုတ်ပဲ အမြဲထာဝရ ဒါလှူမျိုး ဖြစ်စေသင့်သည်ဟု ကြံစည်စိတ်ကူး၍ ရေတွင်းကိုတူးစေ၏၊ ထိုရေတွင်း၌ရေရရှိလာသောအခါ အုတ်များစီ၍ ခိုင်မာအောင်ပြုလုပ်၏၊ မြေအောက်မှ စိမ့်ထွက်သောရေတို့ဖြင့်ပြည့်သောအခါ ထိုရေတွင်းကို ဝိပဿီဘုရားရှင်အား လှူဒါန်း

လေသည်၊ မြတ်စွာဘုရားသည် သောက်ရေ လှူဒါန်းခြင်း၏ အကျိုးအာနိသင်ကို ဟောကြားတော်မူသည်။ ထိုအမျိုးကောင်းသားသည် ယင်းကောင်းမှု ကုသိုလ်ကြောင့် ကျင်လည်သမျှ လူနတ်ဘဝတိုင်း၌ ရေတွင်း ရေကန် သောက်ရေများ အလျှံအပယ် ပေါများစွာ စည်းစိမ်ချမ်းသာ ခံစားခဲ့ရ၏။ ငါတို့ မြတ်စွာဘုရား လက်ထက်တော်သို့ ရောက်လာသောအခါ တစ်ဦးသောအမျိုးအိမ်၌ ပဋိသန္ဓေတည်နေ၍ ဖွားမြင်ပြီးနောက် အရွယ်ရောက်လတ်သော် ရတနာသုံးပါး၌ ကြည်ညိုသော အမျိုးကောင်းသားပီပီ ရဟန်းပြုပြီး မကြာမြင့်မီပင် ရဟန္တာအဖြစ်သို့ ရောက်ရှိလေသည်။ ထိုအခါ ရှေးဘဝက မိမိပြုခဲ့ဘူးသော ကောင်းမှုကို ဆင်ခြင်၍ နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်သောကြောင့် ထိုရှေးကောင်းမှုတို့ကို ထုတ်ဖော် ဟောကြားတော်မူလေသတည်း။) ဝိပဿိနော ဘဂဝတော တိအာဒိကံ အာယသ္မတော ဥဒပါနဒါယကတ္ထေရဿ အပဒါနံ။ အပ၊၄၊၂။၁၇၉။

**ဥဒပါနဒူသက** (တိ) [ ဥဒပါန+ဒူသက] သောက်ရေတွင်းကို(ကျင်ကြီးကျင်ငယ်စွန့်လျက်) ဖျက်ဆီးသော၊သူ။ တဒါ ဥဒပါနဒူသကော အယမေဝ သိင်္ဂါလော အဟောသိ။ ဇာ၊၄၊၂။၃၂၁။

**ဥဒပါနဒူသကဇာတက** (န) [ ဥဒပါနဒူသက+ဇာတက] ဥဒပါနဒူသကဇာတ်၊ သောက်ရေတွင်းကို ကျင်ကြီးကျင်ငယ်စွန့်လျက် ဖျက်ဆီးသော မြေခွေးကို အကြောင်းပြု၍ ဟောကြားတော်မူသော ဇာတ်။ (မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတော်များ၏ သောက်ရေတွင်းကို မြေခွေးတစ်ကောင်သည် ကျင်ကြီး ကျင်ငယ်စွန့်ကာ ဖျက်ဆီးပြီး ထွက်သွားလေ၏။ ကနေ့သဉ် ရေတွင်း အနီးသို့ ရောက်လာသော ထိုမြေခွေးကို သာမဏေတို့က ခဲတို့ဖြင့် ပစ်ခတ်ကြ၏။ ခဲမှန်သဖြင့် အထိနာသွားသော ထိုမြေခွေးသည် ထိုအချိန်မှစ၍ ထိုနေရာကို လှည့်၍ပင် မကြည့်ဝံ့တော့ပေ။ တရားသဘင်၌ ရဟန်းတော်များသည် ထိုမြေခွေး အကြောင်းကို ပြောဆိုနေကြစဉ် မြတ်စွာဘုရား ကြွလာတော်မူပြီးလျှင် ရှေးအခါကလည်း ထိုမြေခွေးသည် ဣသိပတန မည်သော ဥယျာဉ်၌ ဥယျာဉ်ရေတွင်းကိုပင် ဖျက်ဆီးခဲ့ဘူးကြောင်း၊ ရသေ့ အပေါင်းက ထိုမြေခွေးကို ဖမ်းဆီးခေါ်ဆောင် လာသဖြင့် ဘုရားအလောင်းဖြစ်သော ငါရသေ့က ဆုံးမဩဝါဒ ပေးခဲ့ဘူးကြောင်း ဟောကြားတော် မူလေသည်။ ဇာ၊၁။၇၉။ ဇာ၊၄၊၂။၃၂၀-၁။

**ဥဒပါနဒူသကသိင်္ဂါလ** (ပု) [ ဥဒပါနဒူသက+ သိင်္ဂါလ] သောက်ရေတွင်းကို (ကျင်ကြီး ကျင်ငယ် စွန့်လျက်) ဖျက်ဆီးသောမြေခွေး။ ဣဒံ သတ္ထာ ဇေတဝနေ ဝိဟရန္တော ဧကံ ဥဒပါနဒူသကသိင်္ဂါလံ အာရဗ္ဘ ကထေသိ။ ဇာ၊ ၄၊၂။၃၂၀။

**ဥဒပါနနိဒဿန** (န) [ ဥဒပါန+နိဒဿန] ရေတွင်းကို ဥပမာ အဖြစ်ဖြင့် ညွှန်ပြခြင်း၊ ရေတွင်းဥပမာ။ ဝေဠု ကတ္ထာ ဣမ ဥဒပါန-နိဒဿနမ္ပိ သမတ္ထိတန္တိ ဒဋ္ဌဗ္ဗံ။ သံ၊ဋီ၊၂။ ၁၂၂။

**ဥဒပါနပနာဠိ** (ထီ၊ပု) [ ဥဒပါန+ပနာဠိ] ရေတွင်းမှ သွယ်တန်းအပ်သော-ရေတံလျှောက် -မြောင်း-မြွန်ချောင်း-ပိုက်လုံး။ အန္တောသုဝိသောဓိတံ ဝိသောဓေတွာ ဥဒပါနပနာဠိ ယောဇေတိ။ အံ၊၃။၁၇။

**ဥဒပါနပနာဠိယတ္ထိက** (တိ) [ ဥဒပါနပနာဠိ + အတ္ထိက] ရေတွင်းမှ သွယ်တန်းအပ်သော ရေတံလျှောက်ဖြင့် အလိုရှိသော၊သူ။ သေယျ-ထာပိ ဘိက္ခဝေ ပုရိသော ဥဒပါနပနာဠိ-

ယတ္ထိကော တိဏှံ ကုဋာရီ အာဒါယ ဝနံ ပဝိသေယျ။ အံ၊၃။၁၇။

**ဥဒပါနသမီပ** (န) [ ဥဒပါန+သမီပ ] ရေတွင်း၏ အနီးအရပ်။ အထ နံ ကေဒိဝသံ ဥဒပါနသမီပံ အဂတံ သာမဏေရာ လေဍ္ဍုဟိ ပဟရိတွာ ကိလမေသုံ။ ဇာ၊ဋ္ဌ၊၂။၃၂၀။

**ဥဒပါနသာလာ** (ထီ) [ ဥဒပါန+သာလာ] ရေတွင်း ဇရပ်။ ဥဒပါနသာလာ ကာရာပိတာ ဟောတိ။ ဝိ၊၃။၁၉၅။ (-ဝိ၊၄။၃၀၇။ဝိ၊ သင်္ဂဟ။၂၁၇။)

**ဥဒပါနသုတ္တ** (န) [ ဥဒပါန+သုတ္တ ] ဥဒပါန သုတ်။ ထိုသုတ်၌- မြတ်စွာဘုရားသည် ရဟန်းသံဃာများစွာနှင့်အတူ မလ္လတိုင်း နယ်ပယ်၌ ခရီးဒေသစာရီ ကြွချီတော်မူလေသော် ထူဏမည်သော ပုဏ္ဏားရွာသို့ ရောက်တော်မူ၏။ ထိုအခါ ရတနာမြတ် သုံးပါး၌ မကြည်ညိုကုန်သော ထူဏရွာသား တို့သည် မြတ်စွာဘုရား ကြွလာတော်မူခြင်း ကြောင့် ပုဏ္ဏားတို့၏ ကျင့်စဉ်တရား ပျက်ပြား သွားမည်စိုးရကား ထိုရွာ၌ မြတ်စွာဘုရားနှင့် ရဟန်းတော်များ မနေနိုင်စေရန် မြတ်စွာဘုရား ကြွတော်မူရာ လမ်းခရီး၌ရှိသော ရေတွင်းကို မြက်အမှိုက်သရိုက်များဖြင့် ရေတွင်းနှုတ်ခမ်း ရောက်အောင် လောင်းထည့် ဖို့သိပ်ကြကုန်၏။ မြတ်စွာဘုရားသည် လမ်းခရီးမှ ဘေးသို့ဖဲ၍ပြီး သစ်တပင်အောက်သို့ ကြွတော်မူပြီးလျှင် အရှင် အာနန္ဒာကို ထိုရေတွင်းမှရေကို အခပ်ခိုင်းတော် မူ၏။ အရှင်အာနန္ဒာသည် ယခုပင် ထိုရေတွင်း ကို ရွာသားတို့က မြက်အမှိုက်သရိုက်များ လောင်းထည့် ဖို့သိပ်ထားကြောင်း နှစ်ကြိမ် တိတိ လျှောက်ထားသော်လည်း သုံးကြိမ် တိတိပင် ရေအခပ်ခိုင်းမြဲ ခိုင်းနေတော်မူ သောကြောင့် သပိတ်ကိုယူ၍ ရေခပ်သွား လေ၏။ ထိုရေတွင်းအနီးသို့ အရှင်အာနန္ဒာ ရောက်သည်နှင့် တပြိုင်နက် မြက်အမှိုက်သရိုက် အားလုံးသည် ရေတွင်းနှုတ်ခမ်းမှ ဘေးသို့ လွင့်စင်သွားပြီး အမှိုက်သရိုက်ကင်းစင် ကြည် လင် သန့်ရှင်းသော ရေသည် ရေတွင်း နှုတ်ခမ်းမှ အပြင် ဘက်သို့ စီးထွက်တော့ မည်ကဲ့သို့ ကျိုးငှက်များပင် အလွယ်တကူ သောက်နိုင်လောက်သည်အထိ ပြည့်လေ၏။ အရှင်အာနန္ဒာသည် ထိုအဖြစ်ကို တွေ့မြင် ရသဖြင့် မြတ်စွာဘုရား၏ ကြီးမားလှသော တန်ခိုး အာနုဘော်ကို အလွန်အမင်း အံ့ဩ ခြင်း ဖြစ်ပြီးလျှင် သပိတ်ဖြင့် သောက်ရေကို ခပ်ယူ၍ မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားကာ ဆက်ကပ်လေသည်။ မြတ်စွာဘုရားသည် "ကိံ ကယိရာ---- စရေ"ဟူသော ဂါထာဖြင့် (ရွာသားတို့က ရေတွင်းကို အမှိုက်သရိုက်တို့ဖြင့် ဖို့သိပ်ကြ သော်လည်း) ရောက်ရာ အရပ်တိုင်း၌ အချိန်မရွေး ရေကို အလိုရှိသလောက် ရရှိ နေလျှင် ထိုရေတွင်းကို အဘယ်မှာ အားကိုး အားထား ပြုနေဘို့ လိုတော့အံ့နည်း၊ တဏှာဖြင့် ဖွဲ့နှောင်ချည်တုပ် ခံရသော သတ္တဝါတို့သည် ကုသိုလ်ကောင်းမှု မပြုခဲ့ကြ သဖြင့် လိုတာမရ ဒုက္ခရောက်နေကြ၏၊ ထိုတဏှာ၏ အရင်းအမြစ်ကို ပယ်ဖြတ်ပြီး သော ငါကဲ့သို့သော သဗ္ဗညု မြတ်စွာဘုရား သည် အဘယ်မှာလျှင် သောက်ရေ ရှာဘို့၊ အခြားပစ္စည်းဥစ္စာရှာဘို့ ထိုထို ဤဤ လှည့် လည်နေတော့အံ့နည်း-ဟူ၍ နှစ်သက် ရွှင်လန်း ဥဒါန်းကျူးရင့်တော်မူ၏။ ခုဒ္ဒက- နိကာယ ဥဒါနပါဠိ၊၇-ဝဂ်၊၉-သုတ်။ ဥဒါန။ ၁၇၄-၅။ ဥဒါန၊ဋ္ဌ။၄၃၂-၆။

**ဥဒပါနာဘိမုခ** (တိ) [ ဥဒပါန+အဘိမုခ။ ထီ-၌ ဥဒပါနာဘိမုခီ ] ရေတွင်းသို့- ရှေးရှုသော-ဦးတည်သော၊သူ။ ထေရော ဘဂဝတော ပတ္တံ အာဒါယ ဥဒပါနာဘိမုခေါ

အဂမာသိ။ ဝိမာန၊၄။ ၄၁။ အညတရ ဝုတ္တိ ဥဒကဘာဇနံ ဂဟေတွာ ဥဒကတ္ထာယ ဥဒပါနာဘိမုခီ ဂစ္ဆတိ။ ဝိမာန၊ ဌ။၃၄။

**ဥဒဗိန္ဒု** (နှ) [ဥဒ+ဗိန္ဒု] ရေပေါက်။ လောဘော ပဟီယတေ တမှာ၊ ဥဒဗိန္ဒုဝ ပေါက္ခရာ။ ဣတိဝုတ်။ ၂၅၂။ ဥဒဗိန္ဒုဝ ပေါက္ခရာတိ ပဒုမိနိပဏ္ဏတော ဥဒကဗိန္ဒု ဝိယ။ ဣတိဝုတ်၊ ဌ။၂၆၃။ ယာဝဿော ဥဒဗိန္ဒုနိ၊ ကာယသ္မိံ နိပတိံသု မေ။ ဇာ၊၁။၃၈၃။ ဇာ၊ဌ၊၅။၇၄။

**ဥဒဗိန္ဒုနိပါတ** (ပု) [ ဥဒဗိန္ဒု+နိပါတ] ရေပေါက်ကျခြင်း။ ဥဒဗိန္ဒုနိပါတေန ဥဒကုမ္ဘောပိ ပူရတိ။ ဓမ္မ။၃၁။ ဓမ္မ၊ဌ၊၂။၁၃။

**ဥဒဗ္ဗဓိ** (ကြိ)[ဥ+ဟန+ဤ]. ပယ်ဖြတ်လျက် သတ်၏။ ယော မာနမုဒဗ္ဗဓိ အသေသံ။ သုတ္တနိ။၂၈၀။ အရဟတ္တမဂ္ဂေန အသေသံ ဥဒဗ္ဗဓိ၊ အနဝသေသပ္ပဟာနဝသေန ဥစ္ဆိန္ဒန္တော ဝဓေတီတိ ဝုတ္တံ ဟောတိ။ သုတ္တနိ၊ဌ၊၁။၁၇။

**ဥဒဗ္ဗဟိံ** (ကြိ) [ ဥ+ဝဟ+ဣံ ] ဆွဲထုတ်ပြီ၊ တည်စေ ပြီ။ ယောနိသော ပဋိပဇ္ဇိတွာ၊ ဘဝေ စိတ္တံ ဥဒဗ္ဗဟိံ။ ထေရ။၂၅၂။ အရိယမဂ္ဂေန ဟတ္ထေန ဥတ္တာရိနိဗ္ဗာနထလေ ပတိဋ္ဌာပေသိန္တိ အတ္ထော။ ထေရ၊ဌ၊၁။၃၅၄။

**ဥဒဗ္ဗဟိ** (ကြိ) [ ဥ+ဝဟ+ဤ] (က) ဆွဲထုတ်ပယ်နှုတ်ပြီ။ (ခ) ဆွဲငင်ပြီ။ (က) ဘဝ-ရာမာယ ဝတ ဘော ပဇာယ-----သမူလံ ဘဝံ ဥဒဗ္ဗဟိ။ မ၊၁။၄၀၆။ သမူလံ ဘဝံ ဥဒဗ္ဗဟီတိ------သမူလံ ဘဝံ ဥဒဗ္ဗဟိ ဥဒ္ဓရိ၊ ဥပ္ပါဋေသီတိ အတ္ထော။ မ၊ဌ၊၂။၃၁၁။ (ခ) မနာပံ ဘာသမာနဿ ဂရုံ ဘာရံ ဥဒဗ္ဗဟိ။ ဝိ၊၂။၈။ ဥဒဗ္ဗဟီတိ အာကမ္ပိ။ ဝဇိရ။၂၈။ ဥဒ္ဓရိ-လည်းကြည့်။

**ဥဒဗ္ဗဟေ** (ကြိ) [ ဥ+ဝဟ+ယျေ ] ဆောင်ရာ၏၊ ဖြစ်ရာ၏။ ပရိဒေဝယမာနော စေ၊ ကိဉ္စိ အတ္ထံ ဥဒဗ္ဗဟေ။ သုတ္တနိ။၃၇၁။ ဇာ၊၁။၂၃၇။ ဇာ၊ဌ၊ ၄။၁၂၉။ ဥဒဗ္ဗဟေတိ ဥဒဗ္ဗဟေယျ အာဝဟေယျ၊ အတ္တနိ သဉ္ဇနေယျာတိ အတ္ထော။ သုတ္တနိ၊ဌ၊ ၂။၁၈၁။ (-ဇာ၊၁။၆၄။ ဇာ၊၂။၃၇၄။ ဇာ၊ဌ၊ ၂။၂၀၄။ ဇာ၊ဌ၊၇။၃၇၉။)

**ဥဒဗ္ဗဟေယျ** (ကြိ) [ ဥ+ဝဟ+ယျေ ] ဥဒဗ္ဗဟေ နှင့် အနက်တူ။ အထက်ပုဒ်ကြည့်။

**ဥဒယ** (ပု) [ ဥ+ဣ+အ ] (၁) ဖြစ်ခြင်း၊ (အကြောင်း တရားတို့၏ ပေါင်းဆုံမိခြင်းကြောင့်) ဖြစ်ခြင်းသဘော-ဥပါဒ်ခြင်းသဘော-ဟူသော အမှတ် လက္ခဏာ။ သင်္ခတတရားတို့၏ အမှတ်လက္ခဏာ။ (၂) ပေါ်ထွက်ရာအခါ။ (၃) တက်ခြင်း။ (၄) အမြင့်၊အစောက်။ (၅) နေစသည်ထွက်ရာတောင်၊ ဥဒည်း တောင်။ (၆) (က) အတိုးအပွား၊ အမြတ်အစွန်း။ (ခ) အကျိုးအာနိသင်။ (၇) ဥဒယ မည်သူ။ သာသနာတော်၌ ဥဒယမည်သူ ကိုးယောက်တွေ့ရ၏။ (က) ဥဒယထေရ်၊ (တိဿမြတ်စွာဘုရား၏ ဒုတိယ အဂ္ဂသာဝက။) (ခ) ဥဒယထေရ်၊ (မဟာသာဝက ရှစ်ကျိပ် တွင်ပါဝင်သောထေရ်။) (ဂ) ဥဒယမင်း၊ (ဂင်္ဂမာလဇာတ်လာ ဘုရားအလောင်းတော်။) (ဃ) ဥဒယမင်း၊ (ဥဒယဘဒ္ဒဇာတ်လာ ဘုရားအလောင်းတော် ဥဒယဘဒ္ဒမင်း။) (င) ဥဒယရသေ့ ။(ဗာဝရိပုဏ္ဏား ရသေ့ကြီး၏ တပည့်-၁၆-ဦးတွင် ပါဝင်သော ရသေ့။) (စ) ဥဒယပုဏ္ဏား၊ (ဥဒယသုတ္တန်အဆုံး၌ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော ပုဏ္ဏား။) (ဆ) ဥဒယမည်သော ဝေရဉ္စပုဏ္ဏား။ (ဇ) ဥဒယ မင်းသား၊ (အဇာတသတ်မင်း၏ သားဖြစ်သော ဥဒယဘဒ္ဒမင်းသား။) (ဈ) ဥဒယမည်သောပုဏ္ဏား လုလင်။ (ထိ) (၈) ဥဒယာမည်သောမိဖုရား (ဘုရားအလောင်း

တော် ဥဒယဘဒ္ဒမင်း၏ ဥဒယဘဒ္ဒါ မည်သောမိဖုရား။) (၁)ဖြစ်ခြင်း၊ (အကြောင်းတရားတို့၏ ပေါင်းဆုံမိခြင်းကြောင့်) ဖြစ်ခြင်း-ဥပါဒ်ခြင်း-သဘောဟူသော အမှတ်လက္ခဏာ၊ သင်္ခတ တရားတို့၏ အမှတ်လက္ခဏာ။ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော။ ပဋိသံ။၅၂။ ဝိသုဒ္ဓိ၊ ၂။၂၆၅။ တဿ ဇာတဿ ရူပဿ နိဗ္ဗတ္တိလက္ခဏံ ဇာတိ ဥပ္ပါဒံ အဘိနဝါကာရံ ဥဒယောတိ။ ပဋိသံ၊ဋ္ဌ၊၁။၂၃၄။ နိဗ္ဗတ္တိလက္ခဏံ ဥဒယောတိ နိဗ္ဗတ္တနသညိတံ သင်္ခတလက္ခဏံ ဥဒယော ဥပ္ပါဒေါ။ ဝိသုဒ္ဓိဋီ၊၂။၄၂၀။ (၂) ပေါ်ထွက်ရာအခါ။ သာ ဟိ ယသ္မာ တဿာ ဥဒယတော ပဋ္ဌာယ တေန သညာဏေန ဩသဓာနိ ဂဏှန္တိပိ ပိဝန္တိပိ။ မ၊ဋ္ဌ၊၃။၁၈၈။ (၃) တက်ခြင်း။ ကိရိယာယ ကိရိယန္တရူပလက္ခဏံ ဘာဝေန ဘာဝလက္ခဏံ၊ ယထာ ဥဒယေ သတိ စန္ဒေ ဇာတော ရာဇပုတ္တောတိ။ ဝိမတိ၊၁။ ၄၀။ (၄) အမြင့်၊ အစောက်။ ဒီယနုကုဏ္ဍ ဥဒယေန ကဏ္ဍိကာ။ ဇာ၊၁။၁၅၅။ ဥဒယေနာတိ ဥစ္စတ္တေန။ ဇာ၊ဋ္ဌ၊ ၃။၂၉၈။ (၅) နေစသည် ထွက်ရာ တောင်၊ ဥဒည်းတောင်။ ပုဗ္ဗသေလော တု စောဒယော။ ဓာန်။၆၀၆။ ဥဒယန္တျသ္မာ သူရိယာဒယောတိ ဥဒယော၊ သူရိယာဒီနမုဒယယောဂတော ဝါ ဥဒယော။ ဓာန်၊ဋီ။၆၀၆။ (ဥဒယဂိရိ၊ ဥဒယပဗ္ဗတ-တို့ လည်းကြည့်။) (၆) (က) အတိုးအပွား၊ အမြတ် အစွန်း။ (က) တွေ့ကံ မူလံ ဘဝိဿတိ၊တွေ့ကော ဥဒယော။ အံ၊ ၁။၁၁၄။ (-၅၂၀။ မဟာနိ။ ၃၀၁။) တသ္မိံ ဝိက္ကယေ တွေ့ကော ဥဒယော ဘဝိဿတိ၊ တွေ့ကာ ဝရိတိ အတ္တော။ အံ၊ဋ္ဌ၊၂။၈၆။(-၃၇၀။ မဟာနိ၊ဋ္ဌ။၃၆၈။ စရိယာ၊ဋ္ဌ။၆၂။) (ခ) အကျိုးအာနိသင်။ အာနိသံသောတိ ဥဒယော။ မဋီ၊၁။၂၅၉။ (-မဋီ၊၂။၁၁။ သံဋီ၊၂။၄၄၅။)

(၇) ဥဒယမည်သူ။ (က) ဥဒယထေရ်၊ (တိဿ မြတ်စွာဘုရား၏ ဒုတိယအဂ္ဂသာဝက။) ဗြဟ္မ-ဒေဝေါ ဥဒယော စ၊ အဟေသုံ အဂ္ဂသာဝကာ။ ဗုဒ္ဓဝံ။ ၃၆၀။ (-အဘိ၊ဋ္ဌ၊၁။၆၈။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၇၁။ ဇာ၊ဋ္ဌ၊၁။ ၄၉။ (ခ) ဥဒယထေရ်၊ (မဟာသာဝက ရှစ်ကျိပ်တို့တွင် ပါဝင်သော ထေရ်။) ဘဒြာ-ဝုဓော ဥဒယော ပေါသာလော -----ဇေတ အသီတိ မဟာသာဝကာ နာမ။ ထေရ၊ဋ္ဌ၊ ၂။၅၄၂။ အံ၊ဋီ၊၂။၁၃၂။ (ဂ) ဥဒယမင်း၊ (ဂင်္ဂမာလဇာတ်လာ ဘုရားအလောင်းတော်။) အပ္ပဿ ကမ္မဿ ဖလံ မမေဒံ၊ ဥဒယော အဇ္ဈာဂမာ မဟတ္တပ္ပတ္တံ။ ဇာ၊၁။၁၈၀။ ဥဒယောတိ အတ္တာနံ သန္ဓာယ ဝဒတိ။ ဇာ၊ဋ္ဌ၊ ၃။၄၂၈။ (ဃ) ဥဒယမင်း၊ ( ဥဒယဘဒ္ဒ ဇာတ်လာ ဘုရားအလောင်းတော် ဥဒယ ဘဒ္ဒမင်း။) ဥဒယောဟသ္မိ ကလျာဏီ၊ သင်္ကရတ္တာ ဣဓာဂတော။ ဇာ၊၁။၂၃၃။ ကလျာဏဒဿနေ အဟံ ပုရိမဘဝေ တဝ သာမိကော ဥဒယော နာမ တာဝတိံသဘဝနေ သက္ကော ဟုတ္တွာ နိဗ္ဗတ္တော။ ဇာ၊ဋ္ဌ၊၄။၁၁၃။ (င) ဥဒယရသေ့၊ (ဗာဝရီပုဏ္ဏားရသေ့ကြီး၏ တပည့်-၁၆-ဦးတွင် ပါဝင်သော ရသေ့။) ဘဒြာဝုဓော ဥဒယော စ၊ ပေါသာလော စာပိ ဗြာဟ္မဏော။ သုတ္တနိ။ ၄၃၂။ စူဠနိ။၄။ (စ) ဥဒယပုဏ္ဏား၊ (ဥဒယသုတ္တန် အဆုံး၌ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော ပုဏ္ဏား။) (သံ၊၁။၁၇၅။ သံ၊ဋ္ဌ၊၁။၂၃၅-ကြည့်။) ယေန ဥဒယဿ ဗြာဟ္မဏဿ နိဝေသနံ တေနုပသင်္ကမိ။ သံ၊၁။၁၇၅။ (ဆ) ဥဒယမည်သော ဝေရဉ္ဇပုဏ္ဏား။ (ဝိ၊၁။၁-၆။အံ၊ ၃။၁၈-၂၄-ကြည့်။) မာတာပိတူဟိ ကတနာမ-ဝသေန ပနာယံ ဥဒယောတိ ဝုစ္စတိ။ ဝိ၊ဋ္ဌ၊ ၁။၈၃။ (ဇ) ဥဒယမင်းသား၊ (အဇာတသတ်မင်း၏ သားဖြစ်သော ဥဒယဘဒ္ဒမင်းသား။) အဇာတသတ္တု ဗိမ္ဗိသာရံ ဃာတေသိ၊ ဥဒယော

အဓာတသတ္တုံ။ ဒီ၊၄၊၁။၁၃၉။ (ဈ) ဥဒယ မည်သော ပုဏ္ဏားလုလင်။ ဥဒယောတိ တဿ ဗြာဟ္မဏဿ နာမံ။ စူဠနိ။၁၅၅။ (ထိ) (ဂ) ဥဒယာမည်သောမိဖုရား၊ (ဘုရားအလောင်းတော် ဥဒယဘဒ္ဒမင်း၏ ဥဒယဘဒ္ဒါ မည်သော မိဖုရား။) ဥဒယေ မာပမာဒ စရဿု ဓမ္မံ။ ဇာ၊၁။၂၃၃။ ဇာ၊၄၊၄။၁၁၃။

**ဥဒယကာလ** (ပု) [ ဥဒယ+ကာလ ] တက်ရာ-ပေါ်ထွက်ရာ-အခါ။ နိစ္စကာလံ သူရိယဿ ဥဒယကာလေ သူရိယမဏ္ဍလံ ဥလ္လောကေတွာ အတ္တနော ရက္ခံ ကရောန္တော ဧဝံ ဝဒတိ။ အံ၊၄၊၁။၁၉။ (-သာရတ္ထ၊၁။၁၃၈။ ဝိမတိ၊၁။၃၀။)

**ဥဒယကုမာရ** (ပု) [ ဥဒယ+ကုမာရ ] ဥဒယ သတို့သား၊ဥဒယမင်းသား။ ဥဒယကုမာရော-တိဿ နာမံ အကံသု။ ဇာ၊၄၊၃။၄၂၄။

**ဥဒယက္ခဏ** (ပု) [ဥဒယ+ခဏ] ဖြစ်ခြင်း၏ အခိုက်အတန့်ကာလ၊ ဖြစ်ရာခဏ၊ ဖြစ်ဆဲခဏ။ သဘာဝလက္ခဏေ သင်္ခတလက္ခဏဿ တာဝ-ကာလိကတ္တမ္ပိ ပါကဋံ ဟောတိ ဥဒယက္ခဏေ ဝယဿ, ဝယက္ခဏေ စ ဥဒယဿ အဘာဝါဝဗောဓတောတိ။ ပဋိသံ၊၄၊၁။၂၃၈။ (-ဝိသုဒ္ဓိ၊ဋီ၊၂။၄၃၇။)

**ဥဒယဂါမီ** (တိ) [ ဥဒယ+ဂမု+ဏီ။ ထိ-၌ ဥဒယ ဂါမိနီ] (၁) ကြီးပွား တိုးတက်ခြင်းသို့ ရောက်စေနိုင်သော၊ လက်ဦးပဋ္ဌမ အားထုတ်သည်မှစ၍ ကြီးပွားတိုးတက် စေနိုင်သော။ (၂) (ခန္ဓာငါးပါးတို့၏) ဖြစ်ခြင်း သဘောကို ထိုးထွင်း သိမြင်နိုင်သော။ (၁) ဗြာဟ္မဏာ ဘိက္ခဝေ ဥဒယဂါမိနိံ နာမ ပဋိပဒံ ပညပေန္တိ။ သံ၊ ၃။၃၁၄။ ဥဒယဂါမိနိန္တိ အတ္တနော သမယေ ဝုဍ္ဎိဂါမိနိံ။ သံ၊၄၊၃။၃၁၆။ ဥဒယဂါမိနိန္တိ အာရမ္ဘတော ပဋ္ဌာယ သမ္ပတ္တိအာဝဟံ။ သံ၊ဋီ၊ ၂။၅၃၂။ (၂) ဥဒယတ္ထဂါမိနိယာတိ ဥဒယဂါမိနိယာ စေဝ အတ္ထဂါမိနိယာ စ။ မဟာနိ၊၄။၁၂၅။ ဥဒယတ္ထဂါမိနီ-လည်းကြည့်။

**ဥဒယဂိရိ** (ပု) [ ဥဒယ+ဂိရိ ]နေလစသည် ထွက်ရာတောင်၊ ဥဒည်းတောင်။ အောက်ပုဒ်ကြည့်။

**ဥဒယဂိရိသိခရ** (နု) [ ဥဒယဂိရိ+သိခရ ] ဥဒည်းတောင်ထိပ်။ အောက်ပုဒ်ကြည့်။

**ဥဒယဂိရိသိခရမတ္ထက** (ပု) [ ဥဒယဂိရိ သိခရ+မတ္ထက] ဥဒည်းတောင်ထိပ်၏ အထက်။ ဥဒယဂိရိသိခရမတ္ထကေ သရဒသမယဒီဝသ-ကရမိဝ ဆဗ္ဗဏ္ဏရံသိဇာလေန အဘိဇ္ဇလန္တံ နိသိန္နံ ဘဂဝန္တံ ဒိသွာ စိန္တေသိ။ ဗုဒ္ဓဝံ၊၄။၂၄၇။

**ဥဒယဋ္ဌာန** (နု) [ ဥဒယ+ဌာန] တက်ရာ-ပေါ်ထွက်ရာ-အရပ်။ ဥဒယဋ္ဌာနတော အာကာသံ ဥလ္လင်္ဃန္တော။ ဣတိဝုတ်၊၄။၈၆။ သူရိယဿ ဥဒယဋ္ဌာနာ ပုရတ္ထိမာ ဒိသာ နာမ ဟောတိ။ ဒီ၊ဋီ၊၃။၁၅၃။

**ဥဒယတိ** (ကြိ) [ ဥ+ဣ+အ+တိ ] ဖြစ်၏။ အဝသေသပစ္စယသမာဂမေ ဥဒယတိ ဥပ္ပဇ္ဇတိ။ မ၊ဋီ၊၂။၂၅၆။ **ဥဒယန္တိ**- ပေဋကော။၂၆၈။သံ၊ ဋီ၊၂။၁၀၂။

**ဥဒယတ္ထဂါမီ** (တိ) [ ဥဒယတ္ထ+ဂမု+ဏီ။ ထိ-၌ ဥဒယတ္ထဂါမိနီ ] (ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏) ဖြစ်ခြင်းပျက်ခြင်း-အဖြစ်အပျက်-သဘောကို ထိုးထွင်း သိမြင်နိုင်သော (ပညာ)။ ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော။ ဒီ၊၃။ ၁၉၈။ မ၊၂။၁၉၊၂၉၉။ သံ၊၃။၁၇၃။ အံ၊၂။၂၅၈။ နေတ္တိ။ ၁၆၀။ အံ၊ဋီ၊၁။၁၀၁။ ဥဒယတ္ထဂါမိနိယာတိ ပဉ္စန္နံ ခန္ဓာနံ ဥဒယဝယဂါမိနိယာ၊ ဥဒယဉ္စ ဝယဉ္စ ပဋိဝိဇ္ဈိတုံ သမတ္ထာယ။ မ၊ဋ္ဌ၊၃။၂၂။ အံ၊ဋ္ဌ၊ ၃။၂။ ဂတိအတ္ထာ ဓာတုသဒ္ဒါ ဗုဒ္ဓိအတ္ထာ

နေဟာန္တီတိ အာဟ “ ဥဒယဉ္စ ဝယဉ္စ ပဋိဝိဇ္ဈိတုံ သမတ္ထာယာ”တိ။ မဋ္ဌီ၊၃။၁၇။ အံဋ္ဌီ၊၃။၂။ (–ဒီဋ္ဌ၊၃။၂၁၂။ မဋ္ဌ၊၃။၂၂၅။ သံဋ္ဌ၊၃။၂၆၆။ အံ၊ဋ္ဌ၊၃။၂၇။ ပဋိသံ၊ ဋ္ဌ၊၂။၂။ ဥဒါန၊ဋ္ဌ။၂၁၂။ မဟာနိ၊ဋ္ဌ။၁၂၅။ နေတ္တိ၊ဋ္ဌ။၂၆၄။ ဒီဋ္ဌီ၊၃။၂၄၇။ သံဋ္ဌီ၊၂။၄၈၉။ အံဋ္ဌီ၊၁။၁၀၁။ အံဋ္ဌီ၊၃။၂၄။)

**ဥဒယတ္ထဂါမိနဒဿနတ္ထ** (ပု) [ဥဒယတ္ထဂါမိန+ဒဿနတ္ထ] ဖြစ်ခြင်းချုပ်ခြင်းသို့ ရောက်ခြင်းကို–အဖြစ်အပျက်သဘောကို–မြင်စေခြင်းအကျိုး– မြင်အောင်ပေါ်ပြခြင်းအကျိုး။ သုခဝေဒနီယန္တိ ဝေမာဒိပစ္စယဗလေန ဥဒယတ္ထဂါမိနဒဿနတ္ထံ ဝုတ္တံ။ မဋ္ဌ၊၄။၂၀၉။

**ဥဒယတ္ထိက** (တိ) [ ဥဒယ+အတ္ထိက] အတိုးအပွား–အမြတ်အစွန်း–ဖြင့်(ကို) အလိုရှိသော၊ အချို့ သေဃ့ထာပိ ဘန္တေ ပုရိသော ဥဒယတ္ထိကော အဿဗဏိယံ ပေါသေယျ။ အံ၊၁။၅၂၀။ ဥဒယတ္ထိကောတိ ဝဍ္ဎိ– အတ္ထိကော။ အံဋ္ဌ၊၂။၃၇၀။

**ဥဒယဒဿန** (နု) [ ဥဒယ+ဒဿန ] (၁) ဖြစ်ခြင်း သဘောကို–ရှုမြင်ခြင်း–ရှုမြင်သော ဝိပဿနာဉာဏ်။ (၂) ဖြစ်ခြင်းသဘောကို–မြင်စေခြင်း–မြင်အောင် ပေါ်ပြခြင်း။ (၁) ဥဒယဒဿနေန ဥစ္ဆေဒဒိဋ္ဌိယာ။ မဋ္ဌ၊၁။၂၄။ သံဋ္ဌ၊၂။၂၃၃။ အဘိဋ္ဌ၊၁။၃၈၆။ ဣတိဝုတ်၊ဋ္ဌ။၃၆။ မဋ္ဌီ၊၁။၆၅။ သံဋ္ဌီ၊၂။၂၀၅။ (၂) အောက်ပုဒ်ကြည့်။

**ဥဒယဒဿနတ္ထ** (ပု) [ ဥဒယဒဿန+အတ္ထ] ဖြစ်ခြင်းသဘောကို–မြင်စေခြင်း–မြင်အောင်ပေါ်ပြခြင်း–အကျိုး။ သမုဒယဝသေန ဥဒယဒဿနတ္ထဉ္စေဝ။ မဋ္ဌီ၊၃။၃၉၉။

**ဥဒယဒဿနပညာ** (ထီ) [ ဥဒယဒဿနာ+ပညာ] ဖြစ်ခြင်းသဘောကို သိမြင်သော ပညာ။ ဥဒယဒဿနပညာဝေသာ ဒဿနဋ္ဌေန စက္ခု။ ဒီဋ္ဌ၊၂။၅၂။

**ဥဒယဒဿနပဋိပတ္တိ** (ထီ) [ဥဒယဒဿနာ+ပဋိပတ္တိ] ဖြစ်ခြင်းသဘောကို ရှုမြင်ခြင်းဟူသော အကျင့်။ ပစ္စယသမုဒယဋ္ဌေန ခန္ဓာနံ ဥဒယဒဿနပဋိပတ္တိ ဝုတ္တာ ဟောတိ။ မူလဋ္ဌီ၊၃။၃၈။

**ဥဒယန** (နု) [ ဥ+ဣ+ယု ] တက်ခြင်း၊ ပေါ်ထွက်ခြင်း။ သူရိယုဂ္ဂမနန္တိ သူရိယဿ ဥဒယနံ။ ဗုဒ္ဓဝံ၊ဋ္ဌ။၁၂၈။ (–ဒီဋ္ဌ၊၁။၉၀။ သီ၊ဋ္ဌီ၊သစ်၊၁။၃၇၃။)

**ဥဒယန္တ** (တိ) [ ဥ+ဣ+အ+အန္တ ] တက်သော၊ ပေါ်ထွက် လာသော။ အတိဖျောစတိ ဝဏ္ဏေန၊ ဥဒယန္တောဝ ဘာဏုမာ။ ဝိမာန။၁၀၅။ ဥဒယန္တောတိ ဥဂ္ဂစ္ဆန္တော။ ဝိမာန၊ဋ္ဌ။၂၈၅။ (–သံ၊၃။၇၀။ အံ၊၃။၄၄၉။ ဒီဋ္ဌ၊၁။ ၃၁၊၃၂၄။ သီဋ္ဌီ၊သစ်၊၁။၁၆၀။)

**ဥဒယန္တိ** (ကြိ) [ ဥ+ဣ+အန္တိ ] ဖြစ်ကုန်၏။ ဥဒယတိ–ကြည့်။

**ဥဒယပဉ္ဟ** (တိ) [ ဥဒယ+ပဉ္ဟ ] ဥဒယ ပုဏ္ဏားလုလင်၏ အမေးပုစ္ဆာ။ သုတ္တနိပါတပါဠိ၊ ၅–ပါရာယနဝဂ်၊ ၁၃–ဥဒယ မာဏဝပုစ္ဆာ။ သုတ္တနိ။၄၄၆။ ကေမေကဿ စေပိ ပဉ္ဟဿာတိ–––ကေမေကဿ စေပိ ဥဒယ–ပဉ္ဟဿ။ စူဠနိ။၁၉၆။ (–အံဋ္ဌ၊၂။၁၀၂။)

**ဥဒယပတ္ထနာ** (ထီ) [ ဥဒယ+ပတ္ထနာ ] အတိုးအပွား–အမြတ်အစွန်း–ကို တောင့်တခြင်း။ ပဉ္စဟိ သဟဓမ္မိကေဟိ သဒ္ဓိံ ဝဍ္ဎနာဝသေန ဝါ ဥဒယပတ္ထနာဝသေန ဝါ န တိဋ္ဌေယျ။ သုတ္တနိ၊ဋ္ဌ၊၂။၂၈၀။

**ဥဒယပဗ္ဗတ** (ပု) [ ဥဒယ+ပဗ္ဗတ ] ဥဒည်းတောင်။ အောက်ပုဒ်ကြည့်။

**ဥဒယပဗ္ဗတကူဋ** (န) [ ဥဒယပဗ္ဗတ+ကူဋ] ဥဒည်းတောင်ထွတ်။ ဘဂဝါ----ရတ္တဝရပံသုကူလံ ပါရုပိတွာ ဂန္ဓကုဋိဒွါရတော နိက္ခမိ ကဥ္စနဂုဟတော သီဟော ဝိယ ဥဒယပဗ္ဗတကူဋတော ပုဏ္ဏစန္ဒော ဝိယ စ။ မ႒၊ ၃။၁၄။ သံ႒၊၃။၈၉။ သာရတ္ထ၊၃။၃၀၈။

**ဥဒယဗ္ဗယဉာဏ** (န) [ ဥဒယ+ဝယ+ဉာဏ] (ရုပ်နာမ်တရား တို့၏) ဖြစ်ခြင်းပျက်ခြင်း-အဖြစ်အပျက်-ကိုသိသောဉာဏ်။ (ဝိပဿနာတရားပွားများ အားထုတ်သော ယောဂီပုဂ္ဂိုလ်၌ သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်စသည်ဖြင့် အစဉ်အတိုင်း ဖြစ်ပေါ်လာသော ဉာဏ်(၁၀)ပါးတို့တွင် ဒုတိယ ဖြစ်သောဉာဏ်တည်း။) ထို ယောဂီ ပုဂ္ဂိုလ်သည် နိစ္စသညာစသည်တို့ကို ပယ်ရှား ခြင်းကြောင့် ဉာဏ်အမြင် သန့်ရှင်းစင်ကြယ် လာသဖြင့် သမ္မသနဉာဏ်၏ အထွတ်အထိပ် အပြီးအဆုံးသို့ ရောက်သောအခါ ဥဒယဗ္ဗယဉာဏ်ကို ရအောင် ဆက်လက် အားထုတ်ရ၏။ ယင်းသို့ အားထုတ်ရာ၌

(၁) ရှေးဦးစွာ အကျဉ်းနည်းအားဖြင့် အားထုတ် နှလုံးသွင်းခြင်း။

(၂) ထို့နောက်အကျယ်နည်းအားဖြင့် အားထုတ် နှလုံးသွင်းခြင်း-

ဟူ၍နှစ်မျိုးရှိ၏။ ထိုတွင် အကျဉ်းနည်းအားဖြင့် အားထုတ်နှလုံးသွင်းရာ၌ ထိုယောဂီ ပုဂ္ဂိုလ်သည် ဖြစ်ဆဲပစ္စုပ္ပန်ဖြစ်သော ရုပ်ဝေဒနာအစရှိသော ရုပ်နာမ်တရားတို့၏ ဖြစ်ပေါ်လာပုံ (ဥဒယသဘော)ကိုလည်းကောင်း, ဖေါက်ပြန်ပျက်စီးပုံ, ချုပ်ပျောက်ပုံ (ဝယသဘော)ကိုလည်းကောင်း အထပ်ထပ် ရှုမှတ်၏။ ယင်းသို့ ရှုမှတ်သောအခါ ထိုယောဂီ၌ ဤသို့အသိဉာဏ် ဖြစ်ပေါ်လာ၏-

ဤရုပ်နာမ်တရားများသည် ယခုလို ဖြစ်ပေါ်မလာမီ ရှေးက (ဖြစ်ပေါ်လာဘို့အတွက်) ကြိုတင်၍ အဆင်သင့် စုဝေးနေကြသည်လည်းမဟုတ်၊ ဖြစ်ပေါ်ဆဲ အခိုက်မှာ လည်း အခြားတနေရာမှ ဘားကနဲ ထွက်လာသကဲ့သို့ အစုလိုက် အပုံလိုက် ထွက်လာကြသည်လည်း မဟုတ်၊ ချုပ်ပျောက် ပျက်စီးနေဆဲ အခိုက်မှာလည်း အခြား အရပ်ဒေသသို့ ပြောင်းရွှေ့ သွားကြသည်လည်း မဟုတ်၊ ချုပ်ပျောက်ပျက်စီးပြီးသည့် အခါမှာလည်း တနေရာ၌ စုပုံထပ်နေကြ သည်လည်း မဟုတ်၊ စောင်းတီးသောအခါ စောင်းသံ မမြည်မီက မြည်ဘို့ရာ အဆင်သင့် စုဝေး ရပ်တည်နေသော စောင်းသံ ဟူ၍လည်း မရှိ၊ စောင်းသံ မြည်နေဆဲအခါမှာလည်း ထိုစောင်းသံသည် အုပ်စုလိုက် ထွက်ပေါ် လာသည် မဟုတ်၊ ကွယ်ပျောက်နေဆဲ အခိုက်မှာလည်း ထိုစောင်းသံသည် အခြား တနေရာသို့ ပြောင်းရွှေ့ သွားသည်မဟုတ်၊ သူ၏မြည်ခြင်းကိစ္စ ပြီးသွားသည့် အခါမှာ လည်း အခြားတနေရာ၌ စုဝေးရပ်တည် နေသည်လည်း မဟုတ်၊ အမှန်တကယ် အားဖြင့်ကား စောင်း, လက်ခပ်, စောင်းသမား ၏ အားစိုက်တီးမှု ဝီရိယ ဤသုံးမျိုး ပေါင်းစပ် လိုက်ခြင်းကြောင့် ရှေးက အဆင်သင့် မရှိ သော စောင်းသံသည် ရုတ်တရက် ပေါ်ထွက် လာ၏။ပေါ်ထွက်လာပြီးနောက်ချုပ် ပျောက် သွား၏။ ဤအတူပင် အားလုံးသော ရုပ်နာမ် တရားတို့သည်လည်း ရှေးက အဆင်သင့် ရှိပြီး, ဖြစ်ပေါ်နှင့်ပြီး မဟုတ်ဘဲ ရုတ်တရက် ဖြစ်ပေါ် လာကုန်၏၊ ဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက် သွားကုန်၏၊ ဤသို့ ယောဂီပုဂ္ဂိုလ်၌ အသိ ဉာဏ် ဖြစ်ပေါ်လာ၏။

ယင်းသို့ ရုပ်နာမ်တို့၏ အဖြစ်အပျက်

(ဥဒယဗ္ဗယ)သဘောကို အကျဉ်းနည်း နှလုံးသွင်းမှုပြုပြီးနောက် အကျယ်နည်းအားဖြင့်လည်း ဤသို့ နှလုံးသွင်းမှု ပြု၏။

## ဥဒယဗ္ဗယဉာဏ် (၅၀)

ရူပက္ခန္ဓာ၏ ဖြစ်ခြင်း(ဥဒယ) သဘောကို ရှုသော ယောဂီပုဂ္ဂိုလ်သည် ဖေါ်ပြလတ္တံ့သော ငါးမျိုးသော လက္ခဏာတို့ကိုလည်း ရှု၏။ (၁) ရူပက္ခန္ဓာသည် အကြောင်းမဲ့ ဖြစ်ပေါ်လာသည်မဟုတ်၊ ရှေးဘဝက အဝိဇ္ဇာဟူသော အကြောင်းတရား ရှိခဲ့ဖြစ်ခဲ့ခြင်းကြောင့်သာ ဤဘဝ၌ ရူပက္ခန္ဓာ ဖြစ် ပေါ်လာရ၏ ဟု အဝိဇ္ဇာဟူသော အကြောင်း ရှိခြင်း ဖြစ်ခြင်း (အတ္ထိတာလက္ခဏာ) ကိုလည်း ရှု၏။ (၂) ရှေးဘဝက တဏှာဟူသော အကြောင်း ရှိခဲ့ ဖြစ်ခဲ့ ခြင်းကြောင့် ဤဘဝ၌ ရူပက္ခန္ဓာ ဖြစ်ရ၏ ဟု တဏှာဟူသော အကြောင်းတရား၏ ရှိခြင်း ဖြစ်ခြင်း (အတ္ထိတာလက္ခဏာ) ကိုလည်းရှု၏။ (၃) ထို ရူပက္ခန္ဓာသည် ရှေးဘဝက အကြောင်းကံ ကြောင့်လည်း ဖြစ်ရ၏ဟု အကြောင်းကံ၏ ရှိခြင်း ဖြစ်ခြင်း လက္ခဏာကိုလည်း ရှု၏။ (၄) ယခုဘဝ၌ စားမျိုအပ်သော ကဗဠီကာရအာဟာရကြောင့်လည်း ဖြစ်၏ ဟု အာဟာရ အကြောင်းတရား၏ ရှိခြင်း ဖြစ်ခြင်း လက္ခဏာကိုလည်း ရှု၏။ (၅) ရူပက္ခန္ဓာ ဖြစ်နေဆဲ အခိုက်အတန့် ခဏပိုင်း အချိန်အတွင်းမှာလည်း ထိုရူပက္ခန္ဓာ၏ ဖြစ်ခြင်း (နိဗ္ဗတ္တိလက္ခဏာ) ကိုလည်းရှု၏။ ဤသို့အားဖြင့် လက္ခဏာ ငါးမျိုးတို့ကို ရှု၏။

ရူပက္ခန္ဓာ၏ ဖေါက်ပြန်ပျက်စီးခြင်း (ဝယ) သဘောကို ရှုသော ယောဂီပုဂ္ဂိုလ်သည် ဖေါ်ပြလတ္တံ့သော ငါးမျိုးသော လက္ခဏာတို့ကို ရှု၏။ (၁) အဝိဇ္ဇာ၏ ချုပ်ပျောက်ပျက်စီးခြင်းကြောင့် ရူပက္ခန္ဓာလည်း ချုပ်ပျောက်ပျက်စီး၏ ဟု အကြောင်းအဝိဇ္ဇာ၏ ချုပ်ပျောက်ပျက်စီးခြင်း လက္ခဏာကိုလည်း ရှု၏။ (၂) တဏှာ၏ ချုပ်ခြင်း ကြောင့် ရူပက္ခန္ဓာလည်း ချုပ်ရ၏ ဟု အကြောင်း တဏှာ၏ ချုပ်ခြင်း လက္ခဏာကိုလည်း ရှု၏။ ထို့အတူ (၃) အကြောင်းကံ၏ ချုပ်ခြင်းလက္ခဏာကိုလည်းကောင်း (၄) အာဟာရ၏ ချုပ်ခြင်း လက္ခဏာကိုလည်းကောင်း (၅) ရူပက္ခန္ဓာ ချုပ်ပျောက် ပျက်စီးနေဆဲ အခိုက်အတန့် ခဏပိုင်း အချိန်အတွင်း၌ ရူပက္ခန္ဓာ၏ ဖေါက်ပြန် ပျက်စီးခြင်း (ဝိပရိဏာမ) လက္ခဏာကိုလည်းကောင်း ရှု၏။ ဤသို့အားဖြင့် ငါးမျိုးသော လက္ခဏာတို့ကို ရှု၏။ ဤသို့လျှင် အဖြစ်(ဥဒယ) သဘောကို ရှုရာ၌ လက္ခဏာငါးမျိုး ရှုပွား၍၊ အပျက်(ဝယ) သဘောကို ရှုရာ၌ လက္ခဏာငါးမျိုးတို့ကို ရှုပွားသောကြောင့်, ရူပက္ခန္ဓာ၏ ဥဒယ သဘောကို ရှုရာ၌ အကျယ်နည်းအားဖြင့် လက္ခဏာ(၁၀)မျိုး တို့ကို ရှုပွား၏။

ထို့အတူ ဝေဒနာက္ခန္ဓာ၏ ဥဒယ သဘောကို ရှုရာ၌လည်း (၁) အဝိဇ္ဇာ (၂) တဏှာ (၃) ကံ (၄) ဖဿ ဟူသော အကြောင်းလေးမျိုး၏ ဖြစ်ခြင်း (ရှိခြင်း) လက္ခဏာကို ရှုခြင်းနှင့် (၅) နိဗ္ဗတ္တိလက္ခဏာကို ရှုခြင်းအားဖြင့် လက္ခဏာငါးမျိုးကို ရှု၏၊ ဝေဒနာက္ခန္ဓာ၏ ဝယလက္ခဏာကို ရှုရာ၌လည်း ထို အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ ဟူသော အကြောင်း လေးမျိုး၏ ချုပ်ခြင်းလက္ခဏာကို ရှုခြင်းနှင့် ဝိပရိဏာမလက္ခဏာကို ရှုခြင်း အားဖြင့် လက္ခဏာငါးမျိုးတို့ကို ရှု၏၊ ဤသို့လျှင် ဝေဒနာက္ခန္ဓာ၏ ဥဒယဝယသဘောကို ရှုရာ၌လည်း အကျယ်နည်း အားဖြင့် လက္ခဏာ(၁၀)မျိုးကို ရှု၏။

သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့၌ လည်း ဝေဒနာက္ခန္ဓာနည်းတူပင် လက္ခဏာ

(၁၀)ပါးတို့ကို ရှု၏၊ ဝိညာဏက္ခန္ဓာ၌မူ ယခင်အကြောင်းလေးမျိုးတို့တွင် ဖဿနေရာ၌ နာမ်ရုပ်ကို လဲလှယ် ထည့်သွင်းယူရ၏၊ ဤသို့အားဖြင့် ခန္ဓာငါးပါး၌ လက္ခဏာ(၅၀) ရှိသောကြောင့် ဥဒယဗ္ဗယဉာဏ်သည်လည်း (၅၀)ပင် ရှိလေသည်။

ယင်းသို့ ရုပ်နာမ်ခန္ဓာတို့၏ အဖြစ်အပျက်သဘောကို အကျယ်ရှုရာ၌ အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏ ဖြစ်ခြင်းကြောင့် ရုပ်နာမ်ခန္ဓာတို့ ဖြစ်ကြရပုံကိုလည်းကောင်း, အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏ ချုပ်ခြင်းကြောင့် ရုပ်နာမ်ခန္ဓာတို့ ချုပ်ကြရပုံကိုလည်းကောင်း သိမြင်ခြင်းသည် (ပစ္စယ=) အကြောင်းအားဖြင့် အဖြစ်အပျက်သဘောကို သိမြင်ခြင်းမည်၏။ ရုပ်နာမ်ခန္ဓာတို့ ဖြစ်နေဆဲခဏ၌ ထိုရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ခြင်း (နိဗ္ဗတ္တိ) လက္ခဏာကိုလည်းကောင်း, ဖေါက်ပြန် ပျက်စီးဆဲခဏ၌ ထိုရုပ်နာမ်ခန္ဓာတို့၏ ပျက်စီးခြင်း (ဝိပရိဏာမ) လက္ခဏာကိုလည်းကောင်း သိမြင်ခြင်းသည် ခဏ(အခိုက်အတန့်ကာလ) အားဖြင့် အဖြစ်အပျက် သဘောကို သိမြင်ခြင်းမည်၏။

ယင်းသို့ ပစ္စယအားဖြင့်လည်းကောင်း, ခဏအားဖြင့် လည်းကောင်း ရုပ်နာမ်ခန္ဓာတို့၏ အဖြစ်အပျက်သဘောကို သိမြင်သော ယောဂီပုဂ္ဂိုလ် သန္တာန်၌ (၁) သစ္စာလေးပါး (၂) ပဋိစ္စသမုပ္ပါဒ်တရား (၃) နည်းအမျိုးအစား (၄) လက္ခဏာတို့သည် ပေါ်လွင်ထင်ရှားလာ ကုန်၏။

## (၁) သစ္စာလေးပါးထင်ရှားလာခြင်း

ပစ္စယအားဖြင့် ဥဒယသဘောကို ရှုမြင်ခြင်းအားဖြင့် ထိုရုပ်နာမ်တရားတို့ကို ဖြစ်စေတတ်သော အဝိဇ္ဇာစသော အကြောင်းတရားတို့ကိုပါ ထိုးထွင်းသိမြင်သောကြောင့် အကြောင်း သမုဒယသစ္စာသည် ပေါ်လွင်ထင်ရှားလာ၏၊ ခဏအားဖြင့် ဥဒယသဘောကို ရှုမြင်ခြင်းအားဖြင့် ဇာတိဒုက္ခ (ဖြစ်ခြင်းဆင်းရဲ)ကိုပါ သိမြင်သောကြောင့် ဒုက္ခသစ္စာသည် ပေါ်လွင်ထင်ရှားလာ၏၊ ပစ္စယအားဖြင့် ဝယသဘောကို ရှုမြင်ခြင်းအားဖြင့်အကြောင်း မဖြစ်၍ အကျိုးမဖြစ်ခြင်း (ချုပ်ခြင်း)ကိုပါ သိမြင်လာသောကြောင့် နိရောဓသစ္စာသည် ပေါ်လွင်ထင်ရှားလာ၏၊ ခဏအားဖြင့် ဝယသဘောကို ရှုမြင်ခြင်းအားဖြင့် မရဏဒုက္ခ (ပျက်စီးခြင်းဆင်းရဲ)ကိုပါ သိမြင်လာသောကြောင့် ဒုက္ခသစ္စာသည် ပေါ်လွင်ထင်ရှားလာ၏၊ ထိုယောဂီပုဂ္ဂိုလ်သန္တာန်၌ ရုပ်နာမ်တို့၏ အဖြစ်အပျက်ကိုသိမြင်သော ဝိပဿနာဉာဏ်သည် လောကီမဂ်ပင် ဖြစ်၏၊ ထိုလောကီမဂ်အပေါ်၌ တွေဝေမှုကို ပယ်သတ်နိုင်ခြင်းကြောင့် ထိုယောဂီပုဂ္ဂိုလ်၌ မဂ္ဂသစ္စာလည်း ပေါ်လွင်ထင်ရှားလာ၏။

## (၂) ပဋိစ္စသမုပ္ပါဒ်ထင်ရှားလာခြင်း

ပစ္စယအားဖြင့် ရုပ်နာမ်တို့၏ ဥဒယသဘောကို ရှုမြင်ခြင်းအားဖြင့် "ဤအကြောင်းတရားဖြစ်ပေါ်လာ၍ ဤအကျိုးတရား ဖြစ်ပေါ်လာရသည်"ဟု ထိုးထွင်း သိမြင်သောကြောင့် အနုလောမပဋိစ္စသမုပ္ပါဒ် (ဖြစ်စဉ်အားလျော်သည့် ကြောင်းကျိုးကွင်းဆက်)သည် ပေါ်လွင်ထင်ရှားလာ၏၊ ပစ္စယအားဖြင့် ရုပ်နာမ်တို့၏ ဝယသဘောကို ရှုမြင်ခြင်းအားဖြင့် "ဤအကြောင်းတရား ချုပ်၍ ဤအကျိုးတရား ချုပ်ရသည်"ဟု ထိုးထွင်း သိမြင်သောကြောင့် ပဋိလောမ ပဋိစ္စသမုပ္ပါဒ် (ကြောင်းကျိုးဖြစ်စဉ်၏ ပြောင်းပြန် ပျက်စဉ်) သည် ပေါ်လွင်ထင်ရှားလာ၏၊ ခဏအားဖြင့်

ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ရှုမြင်ခြင်းအားဖြင့် ရုပ်နာမ်သင်္ခတ တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းလက္ခဏာ (သင်္ခတလက္ခဏာ)ကို ထိုးထွင်း သိမြင်သောကြောင့် ပဋိစ္စသမုပ္ပန္န (အကြောင်းကိုစွဲ၍ဖြစ်သော အကျိုး) တရားတို့သည်ပေါ်လွင် ထင်ရှားလာ၏။

## (၃) နည်းအမျိုးအစား ထင်ရှားလာခြင်း

ပစ္စယအားဖြင့် ရုပ်နာမ်တို့၏ ဥဒယသဘောကို ရှုမြင်ခြင်းအားဖြင့် ကုသိုလ် အကုသိုလ် တည်းဟူသော အကြောင်းကံကို ပြုလုပ်သူက တခြား, အကျိုးကို ခံစားသူက တခြားမဟုတ်ဘဲ ဘဝဟောင်း ရုပ်နာမ်နှင့် ဘဝသစ် ရုပ်နာမ်တို့ အကြောင်းအကျိုး ဆက်စပ်နေခြင်းအားဖြင့် ရုပ်နာမ်ခန္ဓာအစဉ်သန္တာန် မပြတ်မစဲ တဆက်တည်း ဖြစ်မှုကို သိမြင်သောကြောင့် ဧကတ္တနည်း (အစဉ်သန္တာန်မပြတ် တစပ်တည်းဖြစ်ပုံနည်း) သည် ပေါ်လွင်ထင်ရှားလာ၏၊ ထိုအခါ ဥစ္ဆေဒဒိဋ္ဌိကို ကောင်းကောင်းကြီး ပယ်စွန့်နိုင်၏။

ခဏအားဖြင့် ရုပ်နာမ်တို့၏ ဖြစ်ခြင်းသဘောကို ရှုမြင်ခြင်းအားဖြင့် (ဘဝဟောင်းနှင့် ဘဝသစ် ရုပ်နာမ် ခန္ဓာအစဉ်သည် တဆက်တည်း ဖြစ်နေသော်လည်း ဘဝသစ် ရုပ်နာမ်သည် ဘဝ ဟောင်း ရုပ်နာမ်မဟုတ်ဘဲ) အဟောင်းအဟောင်း ရုပ်နာမ်များ ချုပ်ပြီးတိုင်း ချုပ်ပြီးတိုင်း အသစ်အသစ် ရုပ်နာမ်များ ခဏတိုင်းခဏတိုင်း ဖြစ်ပေါ်နေခြင်းကို သိမြင်သောကြောင့် နာနတ္တနည်း (အဟောင်းအသစ် ကွဲပြား, တမျိုးတခြားစီဖြစ်ပုံနည်း)သည် ပေါ်လွင်ထင်ရှားလာ၏၊ ထိုအခါ သဿတဒိဋ္ဌိကို ကောင်းစွာပယ်စွန့်နိုင်၏။

ပစ္စယအားဖြင့် ရုပ်နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းသဘောကို ရှုမြင်ခြင်း အားဖြင့် (အကြောင်းတရား ဖြစ်ခြင်းရှိသောကြောင့် အကျိုးတရား ဖြစ်ရ ရှိရသည်၊ အကြောင်းတရား မရှိလျှင် အကျိုးတရား မရှိတော့ပုံကို သိမြင်ခြင်းအားဖြင့်) ထိုအကြောင်းတရားတို့ကား ပုဂ္ဂိုလ်သတ္တဝါ တစ်ဦးတစ်ယောက်၏ အလိုဆန္ဒ ကြောင့်ကြ ဗျာပါရအတိုင်း ဖြစ်ရခြင်း မရှိဟု သိမြင်နိုင်သောကြောင့် အဗျာပါရနည်းသည် ထင်ရှားလာ၏၊ ထိုအခါ ပုဂ္ဂိုလ်, သတ္တဝါ, ငါကောင်, အတ္တကောင်ဟု ယူဆသော အယူမှား အတ္တဒိဋ္ဌိ ကို ကောင်းစွာ ပယ်စွန့်နိုင်၏။

ပစ္စယအားဖြင့် ရုပ်နာမ်တို့၏ ဖြစ်ခြင်းသဘောကို ရှုမြင်ခြင်းအားဖြင့် သူ့အကြောင်းနှင့် သီလျော်သော သူ့အကျိုးဖြစ်ပုံ အစဉ် အလာဓမ္မတာကို သိရခြင်းကြောင့် ဧဝံဓမ္မတာနည်းသည် ထင်ရှားလာ၏၊ ထိုအခါ အကြောင်းကံမရှိဟု ယူဆသော အကိရိယဒိဋ္ဌိကို ကောင်းစွာ ပယ်စွန့်နိုင်သည်။

## (၄) လက္ခဏာထင်ရှားလာခြင်း

ပစ္စယအားဖြင့် ရုပ်နာမ်တို့၏ ဖြစ်ခြင်းသဘောကို ရှုမြင်ခြင်းအားဖြင့် ထိုရုပ်နာမ်တရားတို့မှာ အကျိုးတရား ဖြစ်ပေါ်လာအောင် ကြောင့်ကြ စိုက်ထုတ်ရမှု မရှိခြင်း, သူ့ဆိုင်ရာအကြောင်းတရားနှင့်သာ ဆက်စပ်လျက် ဖြစ်နေခြင်းကို သိရခြင်းကြောင့် သတ္တဝါကောင် အတ္တကောင် မရှိခြင်းဟူသော အနတ္တလက္ခဏာ ထင်ရှားလာ၏။

ခဏအားဖြင့် အဖြစ်အပျက်ကို ရှုမြင်ခြင်းအားဖြင့် (၁) ဖြစ်ပြီးနောက် ချုပ်ပျောက်သွားခြင်းကိုလည်းကောင်း၊ ဥပါဒ်ဌီဘင်ခဏမှ ရှေ့ပိုင်းနောက်ပိုင်းတို့၌ ဘာမျှ မရှိခြင်း, ဆိတ်သုဉ်း ခြင်းကိုလည်းကောင်း ထိုးထွင်း သိနိုင်သောကြောင့် အနိစ္စလက္ခဏာသည်

ထင်ရှားလာ၏၊ (၂) အဖြစ် အပျက်တို့က နှိပ်စက်နေခြင်းကို သိရသောကြောင့် ဒုက္ခလက္ခဏာထင်ရှားလာ၏၊ (၃) ဖြစ်ပျက်နေ့စ် ရုပ်တို့က ပိုင်းခြားကန့်သတ်မှုကို သိရသောကြောင့် ပထဝီ ဖဿစသော တရားတို့၏ ခက်မာခြင်း တွေ့ထိခြင်း စသော သဘာဝ လက္ခဏာသည်လည်း ထင်ရှားလာ၏။ (၄) ထို ခက်မာခြင်း, တွေ့ထိခြင်း စသော သဘော လက္ခဏာ၌ ဥပါဒ်ဋ္ဌီဘင်ဟူသော သင်္ခတ လက္ခဏာသည် အခိုက်အတန့်အတွင်းသာ တည်ရှိနေပုံလည်း ထင်ရှားလာ၏၊ ဘာ့ကြောင့်နည်း? ဖြစ်ဆဲခဏ၌ ပျက်မှုမရှိခြင်း, ပျက်ဆဲ ခဏ၌ ဖြစ်မှုမရှိခြင်းကို သိရသောကြောင့် တည်း။

ဤပြဆိုခဲ့သည့်အတိုင်း သစ္စာလေးပါး, ပဋိစ္စသမုပ္ပါဒ်, နည်း, လက္ခဏာများ ထင်ရှား ပေါ်လွင်လာသောအခါ "ဤ ရုပ်နာမ်သင်္ခါရတို့သည် ရှေးက မရှိဘဲ ဖြစ်ပေါ်လာကြပါတကား၊ ဖြစ်ပေါ်လာပြီး လျှင်လည်း ချုပ်ပျောက်ပျက်စီးသွားကြပါတကား" ဟု သင်္ခါရတရားတို့ အသစ်အသစ် ဖြစ်ဖြစ်နေပုံသည် ယောဂီပုဂ္ဂိုလ်ဉာဏ်၌ ထင်ပေါ်လာကုန်၏။ ထို့ပြင် နေတက်ချိန်ခါ ဆီးနှင်းပေါက်ကဲ့သို့လည်းကောင်း, ရေပွက်များကဲ့သို့လည်းကောင်း အချိန်တိုလျှ တခဏမျှ တည်ရှိပြီး ပျက်စီးသွားပုံ, ရေမြှုပ်စိုင် ငှက်ပျောတုံး စသည်တို့ကဲ့သို့ အနှစ် သာရမရှိပုံ တို့သည်လည်း ယောဂီပုဂ္ဂိုလ်ဉာဏ်၌ ထင်ပေါ်လာကုန်၏။

ယောဂီပုဂ္ဂိုလ်သည် ဤအဆင့်သို့ ရောက်သည်အထိ အားထုတ်မိလျှင် "အပျက်ဘက်သို့ ဦးတည်လျက်သာ ဖြစ်နေသည်၊ ဖြစ်ပြီးပါက ပျက်စီးသွားသည်"ဟု သိမြင်ခြင်းအားဖြင့် ငါးဆယ်သော လက္ခဏာတို့ကို ထိုးထွင်းသိသော ဥဒယဗ္ဗယာနုပဿနာ ဟုခေါ်သော အနုစား တရုဏဝိပဿနာဉာဏ် ကို ရရှိပြီ ဖြစ်ပေသတည်း။

## ဝိပဿနာ ညစ်ညူးကြောင်း "ဥပက္ကိလေသ" တရားများ

ဤ တရုဏဝိပဿနာ အဆင့်သို့ ရောက်သော ယောဂီပုဂ္ဂိုလ်၌ ဝိပဿနုပက္ကိလေသ ဟုခေါ် သောဝိပဿနာ ညစ်ညူး ကြောင်းတရား (၁၀) ပါးတို့ ဖြစ်ပေါ်လာကြလေကုန်၏၊

(၁) ဩဘာသ ဟုခေါ်သော ဝိပဿနာ အလင်းရောင်။ ဝိပဿနာစိတ်ကြောင့်ဖြစ်သော ခန္ဓာကိုယ်ပေါ်၌ရှိသော အလင်းရောင်နှင့် ခန္ဓာကိုယ် အပြင်ပသို့ ဖြာထွက်နေသော အလင်းရောင်တည်း။ ထိုအလင်းရောင်သည် အချို့သောယောဂီ၌ မိမိ ထိုင်သောနေရာမျှလောက်သာ လင်းနေ၏၊ အချို့၌ တိုက်ခန်းတွင်းတစ်ခုလုံး, အချို့၌ တိုက်ခန်းပြင်ဘက်အထိ လင်းနေ၏၊ တစ်ကျောင်းတိုက်လုံး, တစ်ဂါဝုတ်, ယူဇနာ ဝက်, တစ်ယူဇနာ စသည်အထိလည်း လင်းတတ်၏၊ တချို့၌ မြေပြင်မှအထက် အကနိဋ္ဌဘုံအထိ လင်းနေ၏၊ မြတ်စွာဘုရား၏ ထိုအရောင်အလင်းကား တစ်သောင်းသော လောကဓာတ်တစ်ခုလုံး ထိန်ထိန်လင်းနေ၏။ ထိုအခါ ယောဂီပုဂ္ဂိုလ်၌ "ငါ့၌ ရှေးက မပေါ်ထွက်ဘူးသော အလင်းရောင်များ ပေါ်ထွက် နေပါတကား၊ အမှန်ပင် ငါသည် မဂ်ဖိုလ်တရားထူး ရလေပြီ" ဟု အထင်အမြင် လွဲမှားတတ်၏၊ ထိုသို့ လွဲမှားသော ယောဂီ ပုဂ္ဂိုလ်သည် ဝိပဿနာကမ္မဋ္ဌာန်း လမ်းကြောင်းမှန်မှ ဘေးသို့ ချော်ထွက် သွားကာ ထိုအလင်းရောင်ကိုပင် သာယာနေလေ၏၊

ထို့ကြောင့် ထိုအလင်းရောင်သည် ဝိပဿနာ ညစ်ညူးကြောင်း (ဝိပဿနုပက္ကိလေသ) တရား ဖြစ်ရလေသည်။

(၂) ဉာဏ်၊ ဝိပဿနာဉာဏ်ပင်တည်း။ ဝိပဿနာဉာဏ်ကို အထွတ်အထိပ် ရောက် အောင် အားထုတ်သော ထိုယောဂီပုဂ္ဂိုလ် သည် ရုပ်နာမ်တရားတို့ကို နှိုင်းချိန်သုံးသပ် ရှုမှတ်သောအခါ သိကြားမင်း ပစ်လွှတ် အပ်သော ဝရဇိန်လက်နက်ကဲ့သို့ အရှိန်အဟုန် ထက်မြက်၍ တန်ခိုးစွမ်းအား ကြီးမားသော ဝိပဿနာဉာဏ်သည် ယောဂီသန္တာန်၌ ဖြစ် ပေါ်လာ၏၊ ထိုဉာဏ်ကိုလည်း မဂ်ဖိုလ် တရားထူးဟု အမှတ်မှားတတ်၏။

(၃) ပီတိ၊ ဝိပဿနာဉာဏ်နှင့် ယှဉ် သော ခုဒ္ဒကာပီတိစသော ပီတိငါးမျိုးတည်း။ ယင်းပီတိငါးမျိုးသည် ယောဂီပုဂ္ဂိုလ်၏ ခန္ဓာကိုယ်တစ်ခုလုံး ပျံ့နှံ့လျက် နေ၏။

(၄)ပဿဒ္ဓိ၊ ဝိပဿနာစိတ်နှင့် ယှဉ်သော ကိုယ်စိတ် ငြိမ်းအေးခြင်း သဘော တည်း၊ ထိုပဿဒ္ဓိ ဖြစ်လာသောအခါ ညဉ့် သန့်စင်ရာ, နေ့သန့်စင်ရာအရပ်၌ ထိုင်နေ သော ယောဂီပုဂ္ဂိုလ်၏ ကိုယ်စိတ်များသည် ပူပန်ခြင်း, လေးလံခြင်း, ကြမ်းတမ်း ခက် ထန်ခြင်း, အမှုကိစ္စ၌ မခန့်ခြင်း, မပြုစွမ်း နိုင်ခြင်း, မကျွမ်းခြင်း, ကောက်ကျစ်ခြင်း မရှိကုန်၊ ကိုယ်စိတ်တို့သည် ငြိမ်းအေးလျက်, ပေါ့ပါးလျက်, နူးညံ့လျက်,အမှုကိစ္စ၌ ခန့်လျက်, သန့်ရှင်းသန့်စွမ်းလျက်, ဖြောင့်မတ်လျက်သာ နေကုန်၏၊ ထိုယောဂီသည် ဘာဝနာကင်းသည့် သာမန်လူသားတို့ မခံစားရသော မွေ့လျော်မှု ချမ်းသာကို ခံစားနေရ၏။

(၅) သုခ၊ ဝိပဿနာစိတ်နှင့်ယှဉ် သော အလွန်မွန်မြတ်သော သုခတည်း၊ ထို သုခ ဖြစ်လာသောအခါ ယောဂီပုဂ္ဂိုလ်၏ တစ်ကိုယ်လုံး စိုပြေလန်းဆန်းလျက် နေ၏။

(၆) အဓိမောက္ခ၊ ဝိပဿနာစိတ် နှင့်ယှဉ်သော စိတ်စေတသိက်တရားတို့ကို ကြည်လင်စေတတ်သော အလွန်အားကောင်း သော သဒ္ဓါတရားတည်း။

(၇) ပဂ္ဂဟ (ချီးပင့်မြှင့်တင်တတ်သော ဝီရိယ)၊ ဝိပဿနာစိတ်နှင့် ယှဉ်သော မလျော့ လွန်း, မတင်းလွန်းသော ကောင်းစွာချီးပင့် မြှင့်တင်တတ်, အားထုတ်အပ်သော ဝီရိယ တည်း။

(၈) ဉပဋ္ဌာန (စွဲကပ်တည်နေသော ထင်ပေါ်သော သတိ)၊ ဝိပဿနာစိတ်နှင့် ယှဉ်သည်ဖြစ်၍ ကောင်းစွာ စွဲကပ်ထင်ပေါ် နေသော မြေကြီးထဲ၌ စွဲမြဲစွာ စိုက်နှက် ထားသောတိုင်, မလှုပ်ရှားသည့် တောင်မင်း ကြီးတို့နှင့် တူသော ထိုသတိသည် ယောဂီ ပုဂ္ဂိုလ်၌ ဖြစ်ပေါ်လာ၏။

(၉) ဉပေက္ခာ၊ (က) ဝိပဿနုပေက္ခာ (ခ) အာဝဇ္ဇနုပေက္ခာတို့တည်း၊ (က) သင်္ခါရ တရားတို့၏ အဖြစ်အပျက်တို့သည် အလွန် ထင်ရှားနေသည်ဖြစ်၍ ထိုအဖြစ်အပျက်ကို ရှုရာ၌ အလွန်ကြောင့်ကြ မစိုက်ရတော့ဘဲ အလယ်အလတ်အားဖြင့်သာ ရှုသော (လျစ်လျူရှုသော) တတြမဇ္ဈတ္တုပေက္ခာ တည်းဟူသော ဝိပဿနုပေက္ခာသည်လည်း ယောဂီပုဂ္ဂိုလ်၌ အလွန်အားကောင်းစွာ ဖြစ်လာ၏၊ (ခ) ထိုထို ရုပ်နာမ်တို့၏ အဖြစ် အပျက်ကို ဆင်ခြင်သောအခါတိုင်း၌ သိကြားမင်း ပစ်လွှတ်အပ်သော ဝရဇိန် လက်နက်ကဲ့သို့လည်းကောင်း, ဖက်ရွက်၌ ပစ်လွှတ်အပ်သော ပူလောင်သော စဉ်းသွား များကဲ့သို့ လည်းကောင်း, အရှိန်အဟုန်

ကောင်း၍ အလွန် ထက်မြက်သော အာဝဇ္ဇနုပေက္ခာ (မနောဒွါရာဝဇ္ဇန်းနှင့် ယှဉ်သော စေတနာဟူသော ဥပေက္ခာ) သည်လည်း ယောဂီပုဂ္ဂိုလ်၌ဖြစ်ပေါ်လာသည်။

(၁၀) နိကန္တိ၊ (ဝိပဿနာ၌ တပ်မက်ခြင်းသဘော)။ အရောင်းအလင်း ဩဘာသ အစရှိသော အဆင်တန်ဆာတို့ဖြင့် ဆင်ယင်ထားသော ဝိပဿနာ၌ တပ်မက်တွယ်တာသော သိမ်မွေ့သော နိကန္တိသည်လည်း ယောဂီပုဂ္ဂိုလ်၌ ဖြစ်ပေါ်လာ၏၊ ထိုနိကန္တိကို ကိလေသာအညစ်အကြေးဟု သိရန် မလွယ်ကူပေ။

ထို (၁၀) ပါးတို့တွင် နိကန္တိကို ချန်လှပ်၍ ကျန်(၉)ပါးသည် ပင်ကိုယ်အားဖြင့် မညစ်ညစ်သော အကုသိုလ် မဟုတ်သောကြောင့် ဥပက္ကိလေသ အစစ် မဟုတ်နိုင်၊ သို့သော် မည်းညစ်ခြင်း၏ အာရုံ အကြောင်းဝတ္ထုများ ဖြစ်ကြသောကြောင့် (ဥပစာရအားဖြင့်တင်စား၍) ဥပက္ကိလေသ အမည်ရသည်။ နိကန္တိသည်ကား ပင်ကိုယ်ကပင် မည်းညစ်သော အကုသိုလ်လည်းဖြစ်၏၊ ဝိပဿနာဉာဏ် မည်းညစ် ခြင်း၏ အကြောင်းဝတ္ထုလည်း ဖြစ်၏၊ ထို့ကြောင့် နိကန္တိသည် ဥပက္ကိလေသ အစစ်မည်၏။

## ဥပက္ကိလေသ (၃၀) ဖြစ်ပွားလာပုံ

မည်းညစ်ခြင်း၏အကြောင်းဝတ္ထုနှင့်စပ်၍ ဩဘာသ, ဉာဏ်, ပီတိ စသည်ဖြင့် ဥပက္ကိလေသ (၁၀)ပါး ရှိ၏၊ ထို(၁၀)ပါး တို့တွင် တစ်ပါးတစ်ပါး၌ ဒိဋ္ဌိ, မာန, တဏှာ ဟူသော အစွဲ(ဂါဟ)သုံးမျိုးစီ ဖြစ်နိုင်ရကား ဥပက္ကိလေသ (၃၀) ဖြစ်နိုင်၏၊ ဖြစ်နိုင်ပုံမှာ-(၁) ငါ့ကိုယ်မှ အရောင်အလင်း ပေါ်ထွက် နေလေပြီ ဟု စွဲလမ်းလျှင် ဒိဋ္ဌိဂါဟ ဖြစ်၏၊ (၂) နှစ်သက်မြတ်နိုးဖွယ် အရောင်အလင်း ပေါ်ထွက်နေပါတကား ဟု စွဲလမ်း လျှင် မာနဂါဟ ဖြစ်၏၊ (၃) ထိုအရောင်အလင်းကို တွယ်တာသာယာနေလျှင် တဏှာ ဂါဟ ဖြစ်၏၊ ဤသို့အားဖြင့် ဩဘာသ၌ အစွဲဂါဟ သုံးမျိုးဖြစ်၏၊ ထို့အတူ ဉာဏ်,ပီတိ စသည်တို့၌လည်း အစွဲဂါဟ သုံးမျိုးစီဖြစ်ရကား ဂါဟနှင့်စပ်လျဉ်း၍ ဥပက္ကိလေသပေါင်း(၃၀) ဖြစ်လာနိုင်၏။

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

မကျွမ်းကျင် မလိမ္မာသော ယောဂီပုဂ္ဂိုလ်သည် ထိုဩဘာသစသည်နှင့် တွေ့ကြုံသောအခါ စိတ်တုံလှုပ်၏၊ ပျံ့လွင့်၏၊ ဩဘာသစသည်တို့၌ ငါ့ဟာ, ငါ, ငါ၏ အတ္တကောင် ဟုရှု၏၊ ကမ္မဋ္ဌာန်း၌ ကျွမ်းကျင် လိမ္မာ၍ ကျမ်းဂန်နှံ့စပ်သော ပညာရှိ ယောဂီသည်ကား ထိုဩဘာသစသည်တို့ကို အနိစ္စ, ဒုက္ခ, အနတ္တ ဟုရှု၏၊ ထိုသို့ရှုသောကြောင့် စိတ်တုံလှုပ်ခြင်း, ပျံ့လွင့်ခြင်း မဖြစ်။ ထိုယောဂီပုဂ္ဂိုလ်သည် ထို (၃၀) သော ဥပက္ကိလေသ အရှုပ်အထွေးကို ဖြေရှင်းပြီးလျှင် "ဩဘာသစသည်သည် လမ်းမှန် (မဂ်) မဟုတ်၊ ၎င်းတို့မှ ကင်းလွတ်၍ ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ရှုခြင်းဖြင့် လမ်းကြောင်းအတိုင်း သွားသော ဝိပဿနာ ဉာဏ်သည်သာ လမ်းမှန် (မဂ်)ဖြစ်သည်"ဟု မဂ္ဂ, အမဂ္ဂ= မဂ်ဟုတ်သည်, မဂ်မဟုတ်သည်ကို ခွဲခြားမှတ်သား၏၊ ယင်းသို့ ခွဲခြားသိသောသန့်ရှင်းစင်ကြယ်သော ဉာဏ်အမြင်ကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဟုခေါ်သည်။

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၏ထူးခြားချက်

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိအဆင့်သို့ မရောက်မီက ဥဒယဗ္ဗယဉာဏ်သည် ဝိပဿနာဉာဏ်, အလင်းရောင် (ဩဘာသ)စသည်ကို

ဖြစ်ပေါ်စေနိုင် လောက်အောင် ထက်မြက် သန့်ရှင်းသော်လည်း ထိုဩဘာသစသည်ကို အာရုံပြု၍ ဒိဋ္ဌိ,မာန,တဏှာ ဟူသော အညစ်အကြေးတို့ဖြင့် ညစ်နွမ်းနေသောကြောင့် ထိုဥဒယဗ္ဗယဉာဏ်သည် တုံးမြ တုံးနေ၏၊ မသန့်မရှင်း ဖြစ်လျက်သာ နေ၏၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ အဆင့်သို့ ရောက်သောအခါ၌ကား ထိုအညစ်အကြေးတို့မှ ကင်းလွတ်၍ ထက်မြက်၏၊သန့်ရှင်း၏။ တဖန် ထိုအညစ်အကြေးတို့မှ မလွတ်မြောက်သေးသော ဥဒယဗ္ဗယဉာဏ်သည် အနိစ္စ စသော လက္ခဏာသုံးပါး တို့ကိုလည်း သဘာဝအမှန်အတိုင်း မမှတ်သားနိုင်သေး၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ အဆင့်သို့ရောက်၍ ထိုအညစ်အကြေးတို့မှ ကင်းလွတ်သော ဥဒယဗ္ဗယဉာဏ်သည်သာလျှင် ယင်းလက္ခဏာသုံးပါးကို မှတ်သားနိုင်၏၊ ထို့ကြောင့် ဘင်္ဂဉာဏ်စသော အထက်ဉာဏ်များသို့ တက်လှမ်းလိုသော ယောဂီပုဂ္ဂိုလ်သည် လက္ခဏာသုံးပါးကို ကွဲကွဲပြားပြား မှတ်သားနိုင်ခြင်းငှါ ရုပ်နာမ် တို့၏ အဖြစ်အပျက်ကို ရှုပွားသော ဥဒယဗ္ဗယဉာဏ်ကိုပင် ဆက်လက်၍ ရှုပွားရ၏။

## ဖြစ်ပျက်ရှုခြင်းကြောင့် လက္ခဏာသုံးပါးထင်ရှားလာပုံ

ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို မရှုလျှင် တဆက်တည်း တစပ်တည်း ထင်မှတ်ရသော ရုပ်နာမ်အစဉ် (သန္တတိ) ပညတ်သည် မမြဲခြင်းအနိစ္စ လက္ခဏာကို မမြင်နိုင်အောင် ဖုံးအုပ်ထား၏၊ အဖြစ်အပျက် ကို ရှုလျှင်ကား ရုပ်နာမ်တို့၏ ဖြစ်ဆဲအခိုက်အတန့်သည် ပျက်ဆဲအခိုက်အတန့်သို့ မရောက်၊ ပျက်ဆဲအခိုက် အတန့်သည်လည်း ဖြစ်ဆဲ အခိုက်အတန့်သို့ မရောက်၊ ဖြစ်ဆဲခဏကား တခြား, ပျက်ဆဲခဏကား တခြား ဟူ၍ တရားတစ်မျိုး တစ်စားတည်းသည်ပင် ခဏအားဖြင့် ကွဲပြား ထင်ရှားစွာ ပေါ်လွင်လာ၏၊ ရှေ့ဆင့် နောက်ဆင့် တစ်ခုပြီး တစ်ခု ဖြစ်နေသော ရုပ်နာမ်တရားတို့သည် သံချောင်း သံလုံးများ စီထားသကဲ့သို့ တခြားစီ တခြားစီအားဖြင့် ကောင်းစွာ ထင်ရှားလာ၏၊ ထို့ကြောင့် ပြခဲ့သော သန္တတိပညတ် ပြိုကွဲပျက်စီးသွားပြီးလျှင် ဖြစ်မှု ပျက်မှု မမြဲမှု အနိစ္စလက္ခဏာသည် ပင်ကိုယ်သဘော အမှန်အတိုင်း ထင်ပေါ်လာ၏။

အဖြစ်အပျက်တို့က အမြဲမပြတ် နှိပ်စက် နေမှုကို မရှုလျှင် သွားရပ်ထိုင်လျောင်း အမျိုးမျိုးပြောင်းလဲနေသော ဣရိယာပုထ်သည် ဒုက္ခလက္ခဏာကို ဖုံးအုပ်ထား၏၊ ဣရိယာပုထ် တစ်မျိုးကြောင့်ဖြစ် သော ဒုက္ခကို တခြားသော ဣရိယာပုထ်က ဖုံးအုပ်ထားသကဲ့သို့ ဖြစ်နေ၏၊ထို့ကြောင့် ဒုက္ခလက္ခဏာကို မမြင်နိုင်တော့ပေ။ ရုပ်နာမ်သင်္ခါရတို့အပေါ်၌ ဖြစ်ခြင်းပျက်ခြင်း သဘောတို့က အမြဲနှိပ်စက်နေပုံကို နှလုံးသွင်းလျှင်ကား ထိုဣရိယာပုထ်တို့က ဒုက္ခအမျိုးမျိုးကို ဖုံးအုပ်ထားပုံကို သိမြင်လာရ ကား ဒုက္ခလက္ခဏာသည်လည်း ပေါ်လွင် ထင်ရှားလာ၏။

ပထဝီ,အာပေါ စသော ရုပ်တရား, ဖဿ ဝေဒနာ စသော နာမ်တရား အမျိုးမျိုးတို့၏ ကွဲပြားခြားနားမှုကို နှလုံးမသွင်းခြင်းကြောင့် ထိုရုပ်နာမ်တရားတို့ကို တလုံးတခဲတည်း တစ်ခုတည်း တစ်ကောင်တည်း အနေအားဖြင့် ထင်မှတ်သော အစိုင်အခဲ (ဃန) ပညတ်သည် အနတ္တလက္ခဏာကို ဖုံးအုပ်ထား၏၊ ပထဝီဓာတ်က တခြား, အာပေါဓာတ်ကတခြား စသည်ဖြင့်လည်းကောင်း,

ဖဿကတခြား, ဝေဒနာကတခြား စသည်ဖြင့် လည်းကောင်း ခွဲခြားစိတ်ဖြာ၍ နှလုံးသွင်းလျှင်ကား ထိုယနပညတ်သည် ရေမြှုပ်စိုင်ကို လက်ဖြင့် ဆုပ်လိုက်သကဲ့သို့ ပြိုကွဲပျက်စီးသွား၏။ ထို့ကြောင့် အသက်ရှင်အတ္တကောင်, သူကောင်, ငါကောင် မဟုတ်ဘဲ ပထဝီ အာပေါ ဖဿ ဝေဒနာ စသော ဓာတ်သဘောသက်သက်မျှသာ ဖြစ်ပါတကား ဟူ၍ သိမြင်လာကာ အနတ္တလက္ခဏာသည် ပင်ကိုယ်သဘောမှန်အတိုင်း ပေါ်လွင်ထင်ရှားလာ၏။ ဤပြဆိုခဲ့သည့်အတိုင်း လက္ခဏာသုံးပါး ပေါ်လွင်ထင်ရှား လာစေခြင်းငှါ ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို သိမြင်သော ဥဒယဗ္ဗယဉာဏ်ကိုပင် ဆက်လက် ဖြစ်ပွားစေရ, အားထုတ်ရမည်ဖြစ်၏။ ယင်းသို့ အားထုတ်ခြင်းဖြင့် ဥဒယဗ္ဗယဉာဏ် ရင့်သန်မှသာလျှင် ဘင်္ဂဉာဏ်, ဘယဉာဏ် စသော ဉာဏ်များ ဖြစ်ပေါ်လာမည် ဖြစ်သတည်း။ ပဋိသံ။၅၂-၃။ ဝိသုဒ္ဓိ၊၂။၂၆၅-၆၊၂၇၅-၆။ ဝိသုဒ္ဓိဋီ၊၂။၄၁၉၊၄၂၀၊၄၃၇။ ဧတေန ပညာသလက္ခဏ-ပရိဂ္ဂါဟကံ ဥဒယဗ္ဗယဉာဏံ ဝုတ္တံ။ ဒီဋ္ဌ၊၃။၂၁၂။ မဋ္ဌ၊၃။၂၂၅။ အံဋ္ဌ၊၃။၂၇။ (-ဒီဋ္ဌ၊၂။၃၇၃။ မဋ္ဌ၊၁။၂၉၁။ ဣတိဝုတ်၊ဋ္ဌ။၆၀။ ပဋိသံ၊ဋ္ဌ၊၁။၂၇၅။ စရိယာ၊ဋ္ဌ။၈။ သာရတ္ထ၊၁။၁၉၃၊၃၁၅။ မဋီ၊၁။၃၈။ မဋီ၊၂။၁၂၀။ မဋီ၊၃။၄၂။ သံဋီ၊၁။၃၄။ အံဋီ၊၃။၁၁၆။ ဝိသုဒ္ဓိဋီ၊၁။၁၁။)

**ဥဒယဗ္ဗယဉာဏကထာ** (ထီ) [ ဥဒယဗ္ဗယဉာဏ+ကထာ] ဥဒယဗ္ဗယဉာဏ်ကို အကျယ်ဖွင့်ပြဆိုရာ အပိုင်းအခန်း။ (ပဋိသံ။ ၅၂-၅၃။ ဝိသုဒ္ဓိ၊၂။၂၆၅-၂၆၆၊၂၇၄။) ဝိတ္ထာရော ပန ဝိသုဒ္ဓိမဂ္ဂေ ဥဒယဗ္ဗယဉာဏကထာယံ ဝုတ္တော။ ဒီဋ္ဌ၊၂။၃၇၃။ မဋ္ဌ၊၁။၂၉၁။

**ဥဒယဗ္ဗယဉာဏပဋိပါဋိ** (ထီ) [ ဥဒယဗ္ဗယဉာဏ+ပဋိပါဋိ] ဥဒယဗ္ဗယဉာဏ်အစဉ်။ ဥဿက္ကိတွာတိ ဥဒယဗ္ဗယဉာဏပဋိပါဋိယာ အာယူဟိတွာ။ ဝိသုဒ္ဓိဋီ၊၂။၇၅။ (မ။ဋီ၊၂။၂၆၅-၌ ဥဒယဗ္ဗယဉာဏာဒိဉာဏပဋိပါဋိ-ဟုရှိ။)

**ဥဒယဗ္ဗယဉာဏပရိယောသာန** (တိ) [ဥဒယဗ္ဗယဉာဏ+ပရိယောသာန] ဥဒယဗ္ဗယဉာဏ်ဟူသော အဆုံးရှိသော။ ဥဒယဗ္ဗယဉာဏ-ပရိယောသာနာ တီရဏပရိညာ။ ဝိသုဒ္ဓိဋီ၊၂။၃၈၆။

**ဥဒယဗ္ဗယဉာဏာနုဘာဝ** (ပု) [ ဥဒယဗ္ဗယဉာဏ+အာနုဘာဝ ] ဥဒယဗ္ဗယဉာဏ်၏-အာနုဘော်-အစွမ်း။ အထ ခေါ ဥဒယဗ္ဗယ-ဉာဏာနုဘာဝေန ပစ္စက္ခတော ဥပဋ္ဌိတေသု ဥဒယဝယေသု ---အနိစ္စတော အနုပဿတိ။ ဝိသုဒ္ဓိဋီ၊၂။၄၄၁။

**ဥဒယဗ္ဗယဉာဏုပ္ပတ္တိ** (ထီ) [ ဥဒယဗ္ဗယဉာဏ+ ဥပ္ပတ္တိ] ဥဒယဗ္ဗယဉာဏ်၏ဖြစ်ခြင်း။ ဥဒယဗ္ဗယဉာဏုပ္ပတ္တိ ဟိ ဣဓ နယ-ဝိပဿနာယ သမ္ဗန္ဓနတ္ထံ အဓိပ္ပေတံ။ ဝိသုဒ္ဓိဋီ၊၂။၃၉၈။ (-ဣတိဝုတ်၊ဋ္ဌ။၆၀။ မဋီ၊၂။၂၅၈။)

**ဥဒယဗ္ဗယဉာဏုပ္ပါဒ** (ပု) [ ဥဒယဗ္ဗယဉာဏ+ဥပ္ပါဒ] (၁) ဥဒယဗ္ဗယဉာဏ်ဖြစ်ခြင်း။ (၂) ဥဒယဗ္ဗယ ဉာဏ်ဖြစ်ရာအခါ။ (၁) ဝိပဿနာယ သတိ ဥဒယဗ္ဗယဉာဏုပ္ပါဒေ။ ဝိသုဒ္ဓိဋီ၊၂။၃၈၆။ (၁)(၂) ဥဒယဗ္ဗယဉာဏုပ္ပါဒတော ပဋ္ဌာယ သမ္ဗောဓိပဋိပဒါယံ ဌိတော နာမ ဟောတိ။ မဋီ၊၁။၃၈၀။

**ဥဒယဗ္ဗယဉာဏုပ္ပါဒန** (န) [ ဥဒယဗ္ဗယဉာဏ+ဥပ္ပါဒန ] ဥဒယဗ္ဗယဉာဏ်ကို ဖြစ်စေခြင်း။ ကလာပသမ္မသနာဒိကောပိ ဟိ သဗ္ဗော ဘာဝနာဝိဓိ ဥဒယဗ္ဗယဉာဏုပ္ပါဒနဿေဝ။ ဝိသုဒ္ဓိဋီ၊၂။၄၂၆။

**ဥဒယဗ္ဗယဇ္ဈတ္တဂ္ဂဟဏ** (နု) [ ဥဒယဗ္ဗယ+အဇ္ဈတ္တ+ဂဟဏ ] ဖြစ်ခြင်း, ပျက်ခြင်း, (ထိုဖြစ်ခြင်း,ပျက်ခြင်းမှ) တမျိုးတခြား ကွဲပြားသည်၏ အဖြစ်ဟူသော ရင့်ရော်ခြင်းတို့ကို ယူငင်မှတ်သားခြင်း၊ ဖြစ်ခြင်း, ပျက်ခြင်း, ရင့်ရော်ခြင်းတို့ကို ရှုမှတ်ဆင်ခြင်ခြင်း၊ အောက်ပုဒ်ကြည့်။

**ဥဒယဗ္ဗယဇ္ဈတ္တပရိဂ္ဂါဟက** (တိ) [ဥဒယဗ္ဗယဇ္ဈတ္တ+ပရိဂ္ဂါဟက။ ထီ–တ္တပရိဂ္ဂါဟိကာ။] ဖြစ်ခြင်း, ပျက်ခြင်း, ရင့်ရော်ခြင်းတို့ကို ယူငင်မှတ် သားတတ်သော။ ပဉ္စန္နံ ဥပါဒါနက္ခန္ဓာနံ ဥဒယဗ္ဗယဇ္ဈတ္တပရိဂ္ဂါဟိကံ ပဉ္စသု ခန္ဓေသု အနိစ္စန္တိ ဥပဋ္ဌနကသညံ ဘာဝေတိ။ အံ၊ဋ္ဌ၊၁၊၄၀၉။ ဥဒယော နိဗ္ဗတ္တိလက္ခဏံ၊ ဝယော ဝိပရိဏာမလက္ခဏံ၊ အဇ္ဈတ္တံ ဇရာ၊ ဥဒယဗ္ဗယဇ္ဈတ္တဂ္ဂဟဏေန အနိစ္စလက္ခဏံ ဒဿေတိ။ အံ၊ဋီ၊၁၊၂၇၄။

**ဥဒယဗ္ဗယဒဿန** (နု) [ ဥဒယဗ္ဗယ+ဒဿန] ဖြစ်ခြင်းပျက်ခြင်း–အဖြစ်အပျက်–ကိုရှုခြင်း–ကိုရှုပုံရှုနည်း။ ဧဝံ သင်္ခေပတော ဥဒယ–ဗ္ဗယဒဿနံ ဒဿေတွာ။ ပဋိသံ၊ဋ္ဌ၊၁၊၂၃၅။ (–၂၃၇။ ဝိသုဒ္ဓိ၊ဋီ၊၂။၄၂၂။)

**ဥဒယဗ္ဗယဒဿနာဘိနိဝေသ** (ပု) [ ဥဒယဗ္ဗယဒဿန+အဘိနိဝေသ] အဖြစ်အပျက်ရှုခြင်းကို နှလုံးသွင်းခြင်း။ သန္တတိပစ္စုပ္ပန္နေ ခဏပစ္စုပ္ပန္နေ ဝါ ဓမ္မေ ဥဒယဗ္ဗယဒဿနာဘိနိဝေသော ကာတဗ္ဗော၊ န အတီတာနာဂတေ။ ဝိသုဒ္ဓိ၊ဋီ၊၂။၄၁၉။

**ဥဒယဗ္ဗယဓမ္မ** (ပု) [ ဥဒယဗ္ဗယ+ဓမ္မ ] (၁) ဖြစ်ခြင်း ပျက်ခြင်း သဘော။ (တိ)(၂) ဖြစ်ခြင်းပျက်ခြင်းသဘောရှိသည်၏အဖြစ် (ဘာဝပ္ပဓာနအနက်)။ (၁) ဥဒယဗ္ဗယဓမ္မဟိ အဘိဏှပဋိပီဠနတော ဒုက္ခမနေန ဒုက္ခံ။ မ၊ဋီ၊၁။၁၆၁။ (တိ)(၂) ဝိညာဏံ ဥဒယဗ္ဗယ–ဓမ္မတော အနိစ္စံ။ အဘိ၊ဋ္ဌ၊၂။၃၂။ (–ဝိသုဒ္ဓိ၊ဋီ၊၂။၃၉၄။)

**ဥဒယဗ္ဗယပညာ** (ထီ) [ ဥဒယဗ္ဗယ+ပညာ] အဖြစ်အပျက်ကို သိမြင်သောဉာဏ်ပညာ၊ ဥဒယဗ္ဗယဉာဏ်။ ပညဝန္တပုဂ္ဂလသေဝနာ နာမ သမပညာသလက္ခဏပရိဂ္ဂါဟိကာယ ဥဒယ–ဗ္ဗယပညာယ သမန္နာဂတပုဂ္ဂလသေဝနာ။ ဒီ၊ဋ္ဌ၊၂။၃၇၈။ အံ၊ဋ္ဌ၊၁။၃၉၂။

**ဥဒယဗ္ဗယပဋိဝိဇ္ဈန** (နု) [ဥဒယဗ္ဗယ+ပဋိဝိဇ္ဈန] အဖြစ်အပျက်ကို ထိုးထွင်းသိခြင်း။ ယေ သတ္တာ ပဉ္စန္နံ ခန္ဓာနံ ဥဒယဗ္ဗယပဋိဝိဇ္ဈနေန စတုသစ္စ–ပဋိဝိဇ္ဈနေန စ ကိလေသေဟိ အာရကာ ဌိတတ္တာ အရိယာယ-----ပညာယ ပရိဟီနာ။ ဣတိဝုတ်၊ဋ္ဌ။၁၄၈။

**ဥဒယဗ္ဗယပ(ပ္ပ)ဋိပီဠန** (နု) [ ဥဒယဗ္ဗယ + ပဋိပီဠန] (၁) အဖြစ်အပျက်–ဖြစ်ခြင်း ပျက်ခြင်း–တို့က အဖန်ဖန်နှိပ်စက်ခြင်း။ (၂) အဖြစ်အပျက်–ဖြစ်ခြင်းပျက်ခြင်း–တို့က အဖန်ဖန် နှိပ်စက်အပ်သည်၏ အဖြစ်။ (၁) ဥဒယဗ္ဗယပဋိပီဠနံ ပဿတော ဒုက္ခ–လက္ခဏံ။ စူဠနိ၊ဋ္ဌ။၉၈။ (ဝိသုဒ္ဓိ၊၂။၂၄၅။ ဝိသုဒ္ဓိ၊ဋီ၊၂။၃၉၂။) ဥဒယဗ္ဗယပ္ပဋိပီဠနာကာရ–လည်းကြည့်။ (၂) တေ ဥဒယဗ္ဗယပဋိ–ပီဠနတော သပ္ပဋိဘယတော-----ဒုက္ခန္တိ ဝါ ပဿ။ ထေရ၊ဋ္ဌ၊၂။၄၇၁။ (–ဝိသုဒ္ဓိ၊ဋီ၊၂။၄၅၃။)

**ဥဒယဗ္ဗယပဋိပီဠနဋ္ဌ** (ပု) [ ဥဒယဗ္ဗယပဋိပီဠန+အဋ္ဌ] ဖြစ်ခြင်းပျက်ခြင်းတို့က အဖန်ဖန် နှိပ်စက်အပ်သည်၏ အဖြစ်ဟူသော အနက်သဘော။ အနိစ္စံ ယဗဒ္ဓံ ဥဒယဗ္ဗယ–ပဋိပီဠနဋ္ဌေန "ယဒနိစ္စံ တံ ဒုက္ခ"န္တိ သင်္ဂဟိတတ္တာ ဒုက္ခံ။ အဘိ၊ဋ္ဌ၊၃။၂၅၆။ (–သီ၊ဋီ၊သစ်၊၁။၂၈၅၊၄၀၉။ အနု၊ဋီ၊၂။၁၈၃။)

**ဥဒယဗ္ဗယပ(ပ္ပ)ဋိပီဠိတ** (တိ) [ ဥဒယဗ္ဗယ+ပဋိပီဠိတ] ဖြစ်ခြင်းပျက်ခြင်းတို့က အဖန်ဖန်နှိပ်စက်အပ်သော။ ဥဒယဗ္ဗယပဋိပီဠိတတ္တာ ဒုက္ခာ။ ဥဒါန၊ဋ္ဌ။၁၉၄။ (-ဝိသုဒ္ဓိ၊၂။၁၃၀။ ဒီ၊ဋီ၊၃။၂၂၀။ မဋီ၊၁။၁၆၁။ မဋီ၊၂။၉၅။ အနုဋီ၊၁။၃၇။ ဝိသုဒ္ဓိ၊ဋီ၊၁။၆၇။ ဝိသုဒ္ဓိ၊ဋီ၊၂။၁၉၃။)

**ဥဒယဗ္ဗယပရိဂ္ဂါဟက** (တိ) [ ဥဒယဗ္ဗယ + ပရိဂ္ဂါဟက။ ထိ-၌ပရိဂ္ဂါဟိကာ] အဖြစ်အပျက်-ဖြစ်ခြင်းပျက်ခြင်း-ကို သိမ်းယူတတ်သော။ ပညာဝန္တောတိ ပဥ္စန္နံ ခန္ဓာနံ ဥဒယဗ္ဗယ-ပရိဂ္ဂါဟိကာယ ပညာယ သမန္နာဂတာ။ ဒီ၊ဋ္ဌ၊၂။၁၂၀။ (-သံ၊ဋ္ဌ၊၃။၂၆၆။ သံ၊ဋီ၊၂။၄၈၉။)

**ဥဒယဗ္ဗယပရိစ္ဆိန္န** (တိ)[ဥဒယဗ္ဗယ+ပရိစ္ဆိန္န ] အဖြစ်အပျက်-ဖြစ်ခြင်းပျက်ခြင်း-ဖြင့် ပိုင်းခြား အပ်သော။ ဝေဒနာ နာမာယံ အနစ္စန္တိ-ကတာယ အာဒိအန္တဝတီ ဥဒယဗ္ဗယပရိစ္ဆိန္နာ ခဏဘင်္ဂုရာ တာဝကာလိကာ။ ဒီ၊ဋီ၊၃။၂၂၀။ (-မဋီ၊၁။၃၆၁။ မဋီ၊၃။၆၈။ သံ၊ဋီ၊၂။၂၁၃၊၃၅၆၊၄၆၅။)

**ဥဒယဗ္ဗယပရိစ္ဆိန္နာဝဘာသ** (ပု) [ ဥဒယဗ္ဗယပရိစ္ဆိန္န+အဝဘာသ ] အဖြစ်အပျက်-ဖြစ်ခြင်းပျက်ခြင်း-ဖြင့် ပိုင်းခြားအပ်သည်၏ အဖြစ်ကို ထိုးထွင်း၍သိခြင်း။ (သျှ၊၅။၁၇၇။) သဘာဝလက္ခဏမ္ပိ ပါကဋံ ဟောတိ ဥဒယ-ဗ္ဗယပရိစ္ဆိန္နာဝဘာသတော ။ဝိသုဒ္ဓိ၊၂။၂၆၈။ (-ဝိသုဒ္ဓိ၊ဋီ၊၂။၄၂၅။)

**ဥဒယဗ္ဗယပီဠိတ** (တိ) [ ဥဒယဗ္ဗယ+ပီဠိတ] ဖြစ်ခြင်း ပျက်ခြင်းသဘောတို့သည် နှိပ်စက်အပ်သော။ ဥပေက္ခာဝေဒနာ စေဝ အဝသေသာ စ တေဘူမကာ သင်္ခါရာ ဥဒယ-ဗ္ဗယပီဠိတတ္တာ သင်္ခါရဒုက္ခံ နာမ။ အဘိ၊ဋ္ဌ၊၂။၈၈။

**ဥဒယဗ္ဗယပ္ပဋိပီဠန** (နပ) [ ဥဒယဗ္ဗယ+ပဋိပီဠန ] ဖြစ်ခြင်း ပျက်ခြင်းတို့သည် အမြဲမပြတ်ထပ်တလဲလဲ နှိပ်စက်ခြင်း။ အောက်ပုဒ်ကြည့်။

**ဥဒယဗ္ဗယပ္ပဋိပီဠနာကာရ** (ပု) [ ဥဒယဗ္ဗယပ္ပဋိပီဠန+အာကာရ ] ဖြစ်ခြင်းပျက်ခြင်းတို့သည် အမြဲမပြတ် ထပ်တလဲလဲ နှိပ်စက်ခြင်းဟူသောအခြင်းအရာ။ ဥဒယဗ္ဗယ-ပ္ပဋိပီဠနာကာရေန(မဋ္ဌ၊၂။၂၃၈)တိ ဥပ္ပါဒ-နိရောဓေဟိ ပတိ ပတိ အဘိက္ခဏံ ပီဠနာ-ကာရေန ဟေတုနာ ဒုက္ခာ။ မဋီ၊၂။၂၅၇။

**ဥဒယဗ္ဗယမနသိကာရ** (ပု) [ ဥဒယဗ္ဗယ + မနသိကာရ] အဖြစ်အပျက်ကိုနှလုံးသွင်းခြင်း။ ဇဝံ သဒ္ဓေပတော ဥဒယဗ္ဗယမနသိကာရံ ကတွာ။ ဝိသုဒ္ဓိ၊၂။၂၆၆။

**ဥဒယဗ္ဗယမနသိကာရဝိဓိ** (ပု) [ ဥဒယဗ္ဗယ မနသိကာရ+ဝိဓိ ] အဖြစ်အပျက်ကို နှလုံးသွင်းပုံ အစီအစဉ်။ ဇဝံ သဒ္ဓေပတော ဥဒယဗ္ဗယမနသိကာရဝိဓိံ ဒဿေတွာ။ ဝိသုဒ္ဓိ၊ဋီ၊၂။၄၂၀။

**ဥဒယဗ္ဗယာမနသိကာရ** (ပု) [ ဥဒယဗ္ဗယ+အမနသိကာရ ] အဖြစ်အပျက်ကို နှလုံးမသွင်းခြင်း။ သာ စ သန္တတိ ဥဒယဗ္ဗယာ-မနသိကာရေန ပဋိစ္ဆာဒိကာ ဇာတာ။ ဝိသုဒ္ဓိ၊ဋီ၊၂။၄၃၆။

**ဥဒယဗ္ဗယဝန္တု** (တိ) [ ဥဒယဗ္ဗယ+ဝန္တု] (၁) ဖြစ်ခြင်း ပျက်ခြင်းသဘောရှိသော(တရား)။ (၂) ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသည်၏အဖြစ်။ (၁) ဥဒယဗ္ဗယဝန္တာနံယေဝ ဝတ ဓမ္မာနံ ဥဒယဗ္ဗယဉာဏံ ဥပ္ပါဒဝယေ အဒ္ဒသ။ ဝိသုဒ္ဓိ၊၂။၃၀၉။ (-သာရတ္ထ၊၂။၂၄၅။ မူလဋီ၊၂။၆၀။ ဝိသုဒ္ဓိ၊ဋီ၊၂။၃၉၄၊၄၂၂၊၄၈၀။ (၂) အနိစ္စတောတိ ဟုတွာ အဘာဝတော ဥဒယဗ္ဗယဝန္တတော တာဝကာလိကတော ---အနိစ္စာတိ

ပဿိတဗ္ဗာ။ ဇာတိဝတ်၊ဌ။၁၈၄။ (–သံ၊ဋ၊၃။၂။ ဥဒါန၊ဋ။၂၁၄။ မဋီ၊၁။၃၄၇။ မဋီ၊၂။၉၄။ သံ၊ ဋီ၊၂။၄၅၆။ အံ၊ဋီ၊၃။၂၈၂။ မူလဋီ၊၂။၆၀။)

**ဥဒယဗ္ဗယဝိနိစ္ဆယ** (ပု) [ဥဒယဗ္ဗယ+ဝိနိစ္ဆယ] ဖြစ်ခြင်းပျက်ခြင်းကို ဆုံးဖြတ်ခြင်း။ ရုပ်နာမ်တို့၏ အဖြစ်အပျက် ရှုပုံရှုနည်းကို ဆုံးဖြတ်ချက်။ ဝိတ္ထာရေသာ ပန ဥဒယဗ္ဗယဝိနိစ္ဆယော သဗ္ဗာကာရပရိပူရော ဝိသုဒ္ဓိမဂ္ဂေ ဝုတ္တော။ ဒီ၊ဋ္ဌ၊၂။၅၄။ (–သံ၊ဋ၊၂။၄၅။)

**ဥဒယဗ္ဗယဝိပဿနာ** (ထီ) [ ဥဒယဗ္ဗယ+ ဝိပဿနာ ] (ရုပ်နာမ် တို့၏)အဖြစ်အပျက်ကို ရှုမှတ်ခြင်း။ ပဋ္ဌသု ခန္ဓေသု အဘိနိဝိသိတွာ ဝုတ္တပ္ပကာရံ ဥဒယဗ္ဗယဝိပဿနံ အာရဘိ။ ဒီ၊ ဋ္ဌ၊၂။၅၃။

**ဥဒယဗ္ဗယသဘာဝ** (တိ) [ ဥဒယဗ္ဗယ+သဘာဝ] ဖြစ်ခြင်းပျက်ခြင်းသဘောရှိသော။ န ဟိ ဒီပါဒီနံ

ဗ္ဗယာနုပဿနာဉာဏ်။) တယိဒံ သဗ္ဗမ္ပိ အယံ ယောဂါဝစရော ဥပက္ကိလေသဝိမုတ္တေန ဝီထိပဋိပန္နဝိပဿနာသင်္ခါတေန ဥဒယ-ဗ္ဗယာနုပဿနာဉာဏေန ယာထာဝသရ-သတော သလ္လက္ခေတိ။ ဝိသုဒ္ဓိ၊၂။၂၇၇။ (–ပဋိသံ၊ဋ၊၁။၁၉၊၂၃၄။ ဝိသုဒ္ဓိ၊ဋီ၊၂။၄၃၈။)

**ဥဒယဗ္ဗယာနုပဿနာနိဿန္ဒ** (ပု) [ဥဒယဗ္ဗယာနုပဿနာ+နိဿန္ဒ ] (ရုပ်နာမ်တို့၏) အဖြစ်အပျက်ကို ရှုခြင်း၏အကျိုး ။သုတ္တာသ အတ္ထံ အညာတာ ဂဟေတွာ ဥဒယဗ္ဗယာနုပဿနာ-နိဿန္ဒေန မဂ္ဂက္ခဏေပိ ဒုက္ခန္တိ ဝိပဿနာ ဥပဋ္ဌာတိ။ အနုဋီ၊၃။ ၁၀၄။

**ဥဒယဗ္ဗယာနုပဿနာနုက္ကမ** (ပု) [ ဥဒယဗ္ဗယာနုပဿနာ+အနုက္ကမ ] ဖြစ်ခြင်းပျက်ခြင်းကို အဖန်ဖန် ရှုဆင်ခြင်ခြင်း အစဉ်။ ဥဒယဗ္ဗယံ ပဋိဝိဇ္ဈန္တော သဗ္ဗာ ဒုဂ္ဂတိယော ဇဟိဿတီတိ အတော ယဇတိ ဥဒယဗ္ဗယာ-

**ဥဒယဗ္ဗယာနုပဿနာသဟိတ** (တိ) [ ဥဒယဗ္ဗယာနုပဿနာ+သဟိတ ] ဥဒယဗ္ဗယာနုပဿနာဉာဏ်နှင့်တကွဖြစ်သော။ ဥဒယဗ္ဗယာနုပဿနာသဟိတတာယ စဿ ဝိပဿနာမိဿကတာဝစနံ။ မဋီ၊၁။၂၈၄။

**ဥဒယဗ္ဗယာနုပဿီ** (တိ) [ ဥဒယဗ္ဗယ+အနုပဿီ ] ဖြစ်ခြင်းပျက်ခြင်း–အဖြစ်အပျက်–ကို အဖန်ဖန်ရှုလေ့ရှိသော၊ သူ။ ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဥဒယဗ္ဗယာနုပဿီ ဝိဟာသိ (ဝိဟရတိ)။ ဒီ၊၂။၃၀။ ဒီ၃။၂၄၅။ သံ၊၂။၁၀၇၊ ၃၅၃။ အံ၊၁။၃၅၄၊၄၀၃။ အဘိဋ္ဌ၊၁။၂၈၇။ ဥဒယဗ္ဗယာနုပဿီတိ တမေဝ ပဌမံ ဒိဋ္ဌံ ဥဒယဉ္စ ဝယဉ္စ အနုပဿမာနော။ ဒီဋ္ဌ၊၂။၅၂။ (–မ၃။၁၅၆။ အံ၊၂။၂၆။ အံ၃။၄၅။ အံဋ္ဌ၊၂။၃၀၃။)

**ဥဒယဗ္ဗယာဘာဝ** (ပု) [ဥဒယဗ္ဗယ+အဘာဝ ] ဖြစ်ခြင်း ပျက်ခြင်းတို့၏မရှိခြင်း။ ဇာတိဇရာမရဏာနံ ဥဒယဗ္ဗယာဘာဝတော ဇာတိဇရာမရဏံ အနာမသိတွာ-----ပေယျာလံ ကတံ။ ပဋိသံဋ္ဌ၊၁။၂၃၄။ သာ ဟိ ဥဒယဗ္ဗယာဘာဝတော "န ကဒါစိ ခရတီတိ အက္ခရ"န္တိ ဝုတ္တာ။ သံဋီ၊၁။၁၇၂။ (–သံဋီ၊၂။၃၆၀)။

**ဥဒယဘဒ္ဒ** (ထိ၊ပု) [ ဥဒယ+ဘဒ္ဒ ] (ပု)(၁) ဥဒယဘဒ္ဒ မင်းသား၊ ဥဒယဘဒ္ဒမင်း။ (က) ဘုရားအလောင်းတော်ဖြစ်သော ဥဒယဘဒ္ဒမည်သော–မင်းသား–မင်း။ (ခ) အဇာတသတ်မင်း၏သားဖြစ်သော ဥဒယဘဒ္ဒမည်သော–မင်းသား–မင်း။ (ထိ)(၂) ဥဒယဘဒ္ဒါမည်သောမင်းသမီး။ (ပု)(၁)(က) အထဿ မဟာဇနဿ ဟဒယံ ဝဍ္ဎေတွာ ဇာတဘာဝေန "ဥဒယဘဒ္ဒေါ"တိ နာမံ ကရိံသု။ ဇာဋ္ဌ၄။၁၀၆။ ဥဒယဘဒ္ဒဇာတက–လည်းကြည့်။ (ခ) ဣမိနာ မေ ဥပသမေန ဥဒယဘဒ္ဒေါ ကုမာရော သမန္နာဂတော ဟောတု။ ဒီ၊၁။၄၇။ (–ဝိဋ္ဌ၊၁။၅၄။ သာရတ္ထ၊၁။၁၅၆။) (ထိ)(၂) တဿာပိ "ဥဒယဘဒ္ဒါ"တိ နာမံ ကရိံသု။ ဇာဋ္ဌ၄။၁၀၆။ ဥဒယဘဒ္ဒဇာတက–လည်းကြည့်။

**ဥဒယဘဒ္ဒကုမာရီ** (ထိ) [ဥဒယဘဒ္ဒါ+ကုမာရီ] ဥဒယဘဒ္ဒါမည်သောမင်းသမီး၊ (ဘုရားအလောင်း ဥဒယဘဒ္ဒမင်း၏ မိဖုရား။) အထ နေသံ အနိစ္ဆမာနာနညေဝ ဝေမာတိကံ ဘဂိနိံ ဥဒယဘဒ္ဒကုမာရိံ အဂ္ဂမဟေသိံ ကတွာ ဗောဓိသတ္တံ ရဇ္ဇေ အဘိသိဉ္စိံသု။ ဇာဋ္ဌ၄။၁၀၆။ ဥဒယဘဒ္ဒဇာတက–လည်းကြည့်။

**ဥဒယဘဒ္ဒဇာတက**(နု) [ဥဒယဘဒ္ဒ+ဇာတက] ဥဒယဘဒ္ဒဇာတ်။ (ပါဠိတော်၌ ဥဒယဇာတက ဟူသာ သုံးနှုန်းသည်။) (မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် သာသနာတော်၌ မပျော်မွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောကြားတော်မူအပ်သော တရားဒေသနာတော် ဖြစ်သည်။ မြတ်စွာဘုရားသည် ထိုမပျော်မွေ့သော ရဟန်းကို စစ်ဆေး မေးမြန်းတော် မူပြီးလျှင် ရှေးပညာရှိတို့သည် အလွန်စည်ကား၍ (၁၂) ယူဇနာရှိသော သုရုန္ဓနမြို့၌ မင်းပြုစဉ် အခါ ဝယ် နတ်သမီးတမျှ ချောမောလှပသော မိဖုရားနှင့် အတူတကွ နှစ်ပေါင်း(၇၀၀)တိတိ တိုက်ခန်းတစ်ခုတည်း၌ နေကြပါသော်လည်း တဏှာပေမဖြင့် ဣန္ဒြေ ပျက်လောက်အောင် မိဖုရားကို မကြည့်ခဲ့ဖူးကြောင်း ဟောတော်မူ၏။

ဘုရားအလောင်းတော် ဥဒယဘဒ္ဒ မင်းသားသည် အတတ်ပညာအားလုံးကို အပြီး တိုင်တတ်မြောက်၍ အရွယ်ရောက်နေသော်လည်း မွေးရာပါ ဗြဟ္မစရိယ အကျင့်ရှိသူ (ဇာတိဗြဟ္မစာရီ) ဖြစ်ရကား မေထုန်အမှုနှင့် စပ်၍ အိပ်မက်မျှပင် မမက်ခဲ့ဖူးပေ၊ ကိလေသာ

တို့၌ စိတ်ဓာတ်ကပ်ငြိခြင်း အလျဉ်းမရှိ၊ ထိုးနန်းစည်းစိမ်ကို ခံစားလိုစိတ်လည်း အလျဉ်းမရှိ။ သို့ဖြစ်၍ ထီးနန်းကို အလိုမရှိကြောင်း, ရှင်ဘုရင် မလုပ်လိုကြောင်း အတန်တန် ငြင်းပယ်နေပါလျက်ပင် အဖေတူအမေကွဲ ဖြစ်သော ဥဒယဘဒ္ဒါမင်းသမီးကို မိဖုရား တင်မြှောက်၍ ဘုရားအလောင်းမင်းသားကို အဘိသိက်သွန်းပြီး မင်းမြှောက်ကြ၏။ မင်းနှင့် မိဖုရားတို့သည် နှစ်ဦးလုံးပင် မေထုန်ရှောင်ကြဉ်မှု=ဗြဟ္မစရိယအကျင့်ကို ကျင့်ကာ တိုက်ခန်း တစ်ခုတည်း၌ အတူတကွ နေကြပါလျက် တပ်မက်သော တဏှာဖြင့် တစ်ဦးကို တစ်ဦး မကြည့်ကြ၊ ငယ်သွေးငယ်မှု ဖြူစင်သော စိတ်ဖြင့် ချစ်ခင်ကြင်နာစွာ နေထိုင်ကြ၏။ ငါတို့နှစ်ယောက်တို့တွင် ရှေးဦးကွယ်လွန် သူသည် ဖြစ်ရာဘုံဘဝမှ လာရောက်၍ မည်သည့်ဘုံဘဝ၌ ဖြစ်နေကြောင်း ပြော စတမ်းဟု ဝန်ခံဂတိ ပြုလုပ်ထားကြ၏။

ယင်းသို့ဖြင့် ဗြဟ္မစရိယအကျင့်ကို ခိုင်မြဲစွာ ကျင့်၍ ချစ်ခင်စွာ နေထိုင်လာခဲ့ကြရာ နှစ်ပေါင်း (၇၀၀)ကြာသောအခါ ဘုရားအလောင်း ဥဒယဘဒ္ဒမင်းသည် ရှေးဦးစွာ ကွယ်လွန်၍ တာဝတိံသာနတ်ပြည်၌ သိကြားမင်း ဖြစ်လေ၏။ ထိုသိကြားမင်းသည် များလှစွာသော အခြံအရံတို့ကြောင့် သိကြားမင်း ဖြစ်ခါစ (၇)ရက်မျှကြာအောင် နောက်ကြောင်းကို ဘာမျှမစဉ်းစားနိုင်။ (၇)ရက်လွန်မှ ပြန်လည်စဉ်းစားမိသဖြင့် ရွှေအပြည့် ထည့်ထားသော ရွှေခွက်ကိုယူဆောင်၍ ဥဒယဘဒ္ဒါ မိဖုရားထံသို့ သွားပြီးလျှင် မိမိကိုယ်ကို ဥဒယဘဒ္ဒမင်းဖြစ်ခဲ့ဘူးကြောင်းကို အသိမပေးသေးဘဲ ရိုးရိုးနတ်သားတစ်ဦး ဖြစ်ကြောင်းမျှကိုသာ ပြောကြား၍ ထိုဥဒယဘဒ္ဒါ မိဖုရားနှင့် အိပ်ရာတိုက်ခန်းအတွင်း၌ အတူတကွ အိပ်စက် ပေါင်းသင်းလိုကြောင်း စကားဆိုလေ၏။

ဥဒယဘဒ္ဒါ မိဖုရားသည်လည်း မိမိအနေဖြင့် ကွယ်လွန်သွားသော ဥဒယဘဒ္ဒမင်းက လွဲ၍ မည်သည့်နတ်, မည်သည့်လူကိုမျှ မတောင့်တကြောင်း၊ အသင်ယူခဲ့သော ရွှေခွက်လက်ဆောင်ကိုလည်း အလိုမရှိကြောင်း ပြောကာ နတ်သားကို တိုက်ခန်း အတွင်းမှ နှင်ထုတ်လေ၏၊ နတ်သားသည် နောက်တစ်နေ့၌ ရွှေအပြည့်ထည့်ထားသော ငွေခွက်လက်ဆောင်ကိုယူ၍ မိဖုရားထံ သွားရောက် ဖြားယောင်း သွေးဆောင်ပြန်လေရာ မိဖုရားက လုံးဝစကားမပြောဘဲနေသဖြင့် ထိုနေ့အတွက် လက်လျှော့ ပြန်သွားရ၏။ တတိယနေ့၌ကား နတ်သားသည် ငွေအပြည့် ထည့်ထားသော ကြေးခွက်လက်ဆောင်ကို ယူဆောင်လာခဲ့ပြီး မိဖုရားကို ဖြားယောင်းသွေးဆောင် ပြန်လေရာ ရွှေခွက်ငွေခွက် ကြေးခွက်လက်ဆောင်တို့ဖြင့် အဆင်ဆင့် ပစ္စည်းတန်ဘိုးလျှော့ချ၍ ဖြားယောင်းလုပ်ပျိုလှည့်သော အသင်နတ်သား၏ အပြုအမူသည် လောကသဘာဝ နှင့် မလျော်မကန် အလွန်ပင် ဆန့်ကျင်လှကြောင်း မိဖုရားက ပြောပြသောအခါ နတ်သားက လူ့လောက၌ အသက်နှင့် ရုပ်ရည်အဆင်းမှာ တစ်နေ့ ထက်တစ်နေ့ ဆုတ်ယုတ်နေသောကြောင့် သင့်အတွက် လက်ဆောင်ပစ္စည်းကိုလည်း တန်ဘိုးချရခြင်းဖြစ်ကြောင်း, ထို့ကြောင့် သင်သည် မိမိ၏ ရွှေရောင်အဆင်း ရှိသော ခန္ဓာကိုယ်ကို အိုမင်းရင့်ရော်ခြင်း တည်းဟူသော ဇရာတရားက မလုယက် မဖျက်ဆီးသေးမီ မြတ်သောအကျင့်ကို ကျင့်သင့်ကြောင်း, သို့မှသာလျှင် သင်သည် ယခုထက်ပို၍ ရုပ်ရည်အဆင်း လှပလာမည်ဖြစ်ကြောင်း, နတ်များမှာမူ လူတို့ကဲ့သို့ မအိုဘဲ ပို၍ပို၍ အဆင်း

လှပလာပြီး စည်းစိမ်များလည်း ပို၍ပို၍ များပြားလာကြောင်း ပြောပြ၏။ ထို့နောက် မိဖုရား၏ ဆက်လက်မေးမြန်းချက်အရ တမလွန်ဘဝ ပြောင်းသွားသူတို့အတွက် မကြောက်မရွံ့ ရဲဝံ့စေသောတရားများ, နတ်ပြည်ရောက်ကြောင်း တရားများကိုလည်း နတ်သားက ဟောပြ၏။ ထိုစကားများကို ကြား၍ မိမိကို မိဘများကဲ့သို့ သွန်သင်ဆုံးမသော အသင်နတ်သားသည် မည်သူ မည်ဝါဖြစ်သည်ကို အကျွန်ုပ်အား ပြောပြစေလိုကြောင်း မိဖုရားက မေးမြန်း၏။ထိုအခါ နတ်သားက-

ငါသည် ရှေးဘဝက သင်၏ခင်ပွန်း ဥဒယပင် ဖြစ်ကြောင်း ,ယခုအခါ တာဝတိံသာ နတ်ပြည်၌ သိကြားမင်းအဖြစ်သို့ ရောက်နေကြောင်း ,ရှေးဘဝတုံးက ဝန်ခံဂတိ ရှိခဲ့သောကြောင့် သင့်ထံသို့ ယခုလာခြင်း ဖြစ်ကြောင်း ပြောပြပြီး မိမိနေရာ တာဝတိံသာ နတ်ပြည်သို့ ပြန်သွားလေ၏။ မိဖုရားသည်လည်း နောက်တစ်နေ့၌ အမတ်တို့ကို တိုင်းပြည်အုပ်ချုပ်စေကာ မိမိကမူ မြို့တွင်း ဥယျာဉ်သို့ သွား၍ ရသေ့မ ပြုလုပ်ပြီး တရားအားထုတ် နေလေ၏။ ကွယ်လွန်သော အခါ တာဝတိံသာနတ်ပြည်၌ပင် ဘုရားအလောင်း သိကြားမင်း၏ မိဖုရားကြီး ဖြစ်လေ၏။ ခုဒ္ဒကနိကာယ ဇာတကပါဠိ၊ ကောဒသက နိပါတ်၊ဥဒယဘဒ္ဒဇာတက (ဥဒယ- **ဇာတက**) ဇာ၊၁။၂၃၁-၂၃၄။ဇာ၊ဋ္ဌ၄။၁၀၅-၁၁၅။

**ဥဒယဘူတ** (တိ) [ ဥဒယ+ဘူတ ] ရှေ့ပြေး ထွက်ပေါ် လာသောတရားဖြစ်သော။ ပါတိ- မောက္ခသီလသံဝရော ဟိ သူရိယဿ အရုဏုဂ္ဂမနံ ဝိယ နိဗ္ဗာနဿ ဥဒယဘူတော။ ဣတိဝုတ်၊ဋ္ဌ။၂၉၂။ (-သာရတ္ထ၊၂။၆၀။ မငို၊၁။၂၅၈။ အံငို၊၃။၂၇၂။ အနုငို၊၂။၁၇၉။)

**ဥဒယမာဏဝပုစ္ဆာ** (ထီ) [ ဥဒယမာဏဝ+ပုစ္ဆာ] ဥဒယပုဏ္ဏားလုလင်၏ အမေးပုစ္ဆာ။ ခုဒ္ဒကနိကာယ စူဠနိဒ္ဒေသပါဠိ၊ ပါရာယနဝဂ်၊၁၃- ပုစ္ဆာ၊ စူဠနိ။၁၇၊၁၈။

**ဥဒယမာဏဝပုစ္ဆာနိဒ္ဒေသ** (ပု) [ ဥဒယမာဏဝ ပုစ္ဆာ+နိဒ္ဒေသ] ဥဒယမာဏဝပုစ္ဆာကို အကျယ်ဖွင့်ပြရာ အပိုင်းအခန်း ပါဠိတော်။ ခုဒ္ဒကနိကာယ စူဠနိဒ္ဒေသပါဠိ၊ ပါရာယနဝဂ်၊၁၃- ပုစ္ဆာနိဒ္ဒေသ၊ စူဠနိ၊ ၁၅၄၊၁၆၂။

**ဥဒယရာဇ** (ပု) [ဥဒယ+ရာဇ] ဥဒယမည်သော မင်း။ ဥဒယ(၇)(ဂ)-ကြည့်။ တတ္ထ ကိဉ္စိတ္တာ ဥဒယရာဇာ အနုမာသကရဇ္ဇော အဂေ် သိံသံကတ္တာ နိပဇ္ဇိ။ ဇာ၊ဋ္ဌ၊၃။၄၂၆။

**ဥဒယဝယဂါမိနီ** (ထီ) [ ဥဒယ+ဝယ+ဂါမိနီ] (ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏) ဖြစ်ခြင်းပျက်ခြင်း- အဖြစ်အပျက်-သဘောကို ထိုးထွင်းသိမြင်နိုင်သော(ပညာ)။ ဥဒယတ္ထဂါမိနီ-ကြည့်။

**ဥဒယဝယနိဟရဏနယ** (ပု) [ဥဒယဝယ+နိဟရဏ+နယ] ဖြစ်ခြင်းပျက်ခြင်းသဘောကို ထုတ်ဆောင်ဖော်ပြ ကြောင်းနည်း။ န ကေဝလံ ခဏတော ဥဒယဝယနိဟရဏနယော။ သံငို၊ ၂။၃၇။

**ဥဒယဝယပဋိပီဠန** (န) [ ဥဒယဝယ+ပဋိပီဠန] ဖြစ်ခြင်းပျက်ခြင်းသဘောတို့၏ နှိပ်စက်ခြင်း။ ဘယဋ္ဌေနာတိ ဥဒယဝယပဋိပီဠနာဒိနာ သပ္ပဋိဘယတာယ။ ဝိသုဒ္ဓိ၊ငို၊၁။၄၅၃။

**ဥဒယဗ္ဗယပဋိပီဠနာကာရ** (န) [ဥဒယဗ္ဗယ ပဋိပီဠန+အာကာရ] ဥဒယဗ္ဗယပဋိပီဠနာ- ကာရ နှင့် အနက်တူ။ ၎င်းကြည့်။

**ဥဒယဝယပရိစ္စိန္န**(တိ) [ ဥဒယဝယ+ပရိစ္စိန္န ] ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် ပိုင်းခြားအပ်သော။ သဲတမတ္တာနံ ဥဒယဝယပရိစ္စိန္နဿ ပဝတ္တိ-

ခဏဿ ဘင်္ဂေါ နိရောဓော။ ဝိသုဒ္ဓိဋ္ဌ၊၁။၂၈၇။ (-မဋ္ဌ၊၃။၂၅၁။ အံဋ္ဌ၊၂။၃၃၀။ ဝိသုဒ္ဓိဋ္ဌ၊၁။၃၅၈၊ ၃၉၉။)

**ဥဒယဝယပရိစ္ဆိန္နဇရာ** (ထီ) [ ဥဒယဝယ ပရိစ္ဆိန္န+ဇရာ] ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် ပိုင်းခြားအပ်သော-အိုခြင်း-ဇရာ-သဘော။ ယံ ဟိ နိစ္စံ န ဟောတိ တံ ဥဒယဝယပရိစ္ဆိ- န္နဇရာယ မရဏေန စာတိ ဒွေဓာ ဝိပရိဏတံ ဟုတ္တရက္ခဏမေဝ စ ဟောတိ။ အံဋ္ဌ၊၃။၂၉၈။

**ဥဒယဝယမဂ္ဂဂ္ဂဟဏ** (န) [ ဥဒယဝယ+ မဂ္ဂ+ဂဟဏ] အဖြစ်အပျက်မျှကိုသာ ယူခြင်း။ ဥဒယဝယမဂ္ဂဂ္ဂဟဏဉ္စေတ္ထ ဥဒယဗ္ဗယ- ဒဿနဝသေနေဝ ဣမဿ ဉာဏဿ ပဝတ္တ- နတော။ ဝိသုဒ္ဓိဋ္ဌ၊၂။၄၂၆။

**ဥဒယဝယဝန္တု** (တိ) [ ဥဒယဝယ+ဝန္တု ] ဖြစ်ခြင်း ပျက်ခြင်း သဘောရှိသော။ (ဖြစ်ခြင်းပျက်ခြင်း သဘော ရှိသည်၏အဖြစ်။) တတောဧဝ ဥဒယဝယဝန္တတော ဝိပရိဏာ- မတော တာဝကာလိကတော စ တေ အနိစ္စာ။ အံဋ္ဌ၊၃။၂၉၈။

**ဥဒယဝယာနုပဿီ** (တိ) [ဥဒယဝယ+အနုပဿီ] ဖြစ်ခြင်းပျက်ခြင်းကို အဖန်ဖန် ရှုဆင်ခြင် လေ့ရှိသော၊ သူ။ တဿ စ ဥဒယဝယာနုပဿီ ဟောတိ။ မူလဋီ၊၂။၂၇။

**ဥဒယဝယာသမ္ဘဝ** (ပု) [ ဥဒယဝယ+အသမ္ဘဝ] ဖြစ်ခြင်း ပျက်ခြင်းသဘော၏ မဖြစ်နိုင်ခြင်း။ တယိဒံ ကေဝလံ ဝါစာဝတ္ထုမတ္တံ ဥဒယ- ဝယာသမ္ဘဝတော။ အနုဋီ၊၃။၉၇။

**ဥဒယသမကာလ** (တိ) [ ဥဒယ+သမကာလ] တက်ထွန်းဖြစ်ပေါ်ခြင်းနှင့် ညီမျှသောကာလရှိ သော။ ဥဒယသမကာလမေဝ ဟိ တန္နိဝတ္တ- နီယနိဝတ္တနံ။ ဝိသုဒ္ဓိဋ္ဌ၊၂။၂၃၈။

**ဥဒယသုတ္တ** (န) [ ဥဒယ+သုတ္တ] ဥဒယသုတ်။ ဥဒယပုဏ္ဏားကို အကြောင်းပြု၍ ဟောကြား ထားသောသုတ်ဖြစ်သည်၊ ဘုရားရှင်သည် ဥဒယပုဏ္ဏားအိမ်သို့ ထပ်ခါတလဲလဲ ဆွမ်းခံ ကြွတော်မူသည်၊ထို့ကြောင့် ဥဒယပုဏ္ဏားက " ရှင်ဂေါတမသည် အရသာ၌ မက်မော၍ ထပ်ခါတလဲလဲ ဆွမ်းခံကြွသည်" ဟုစွပ်စွဲ လိုက်သည်၊ ဘုရားရှင်ကလည်း ယင်းသို့ အစွပ်စွဲခံရအောင် ထပ်ခါထပ်ခါ ဆွမ်းခံ ကြွဟန်တူပါသည်၊ ဘုရားရှင်က မျိုးစေ့ကို ထပ်ခါထပ်ခါ စိုက်ပျိုးကြရပုံ၊ မိုးလည်း ထပ်ခါ ထပ်ခါ ရွာရပုံ၊ လယ်ကိုလည်း ထပ်ခါထပ်ခါ ထွန်ယက်ကြရပုံ စသည်ဖြင့် လောကရေးရာ ထပ်ခါထပ်ခါ ပြုလုပ်ကြရပုံတို့ကို ဟောတော် မူပြီး ၊ဘဝသံသရာရေးရာ၌ ပညာနဲ့သူအဖို့ ထပ်ခါထပ်ခါ ပဋိသန္ဓေ နေရ၊ အိုရ၊ နာရ၊ သေရ၊သင်္ချိုင်းသို့ ပို့ဆောင်ခံရပုံကို ဟော ကြားတော်မူသည်၊ ပညာရှိသူအဖို့မူကား ဘဝ သံသရာမှ လွတ်မြောက်ရေးလမ်းစဉ်ကို သိမြင်ရသဖြင့် ထပ်ခါထပ်ခါ ပဋိသန္ဓေမနေရ၊ မအိုရ၊ မနာရ၊ မသေရတော့ဘဲ ဘဝသံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရပုံကို ဟောတော် မူသည်။ သံယုတ္တနိကာယ၊သဂါထာဝဂ္ဂ သံယုတ္တ ပါဠိ၊ ၇-သံယုတ်၊ ၂- ဝဂ်၊ ၂-သုတ်။ သံ၊ ၁။၁၇၅-၆။

**ဥဒယာ** (ထီ) [ ဥ+ဒု+အ+ဒုတ္တိဓာတက အာပစ္စည်း] ဥဒယာမည်သော မိဖုရား။ ဥဒယ(ထီ)(၈) ကြည့်။

**ဥဒယာဝတ္ထာ** (ထီ) [ ဥဒယ+အဝတ္ထာ] (၁) ဖြစ်ခြင်းအခိုက်အတန့်။ (တိ)(၂) ဖြစ်ခြင်း အခိုက်အတန့်ရှိသော။ (၁) ဥဒယဗ္ဗယံ ပဿတော န ဥဒယာဝတ္ထာ ဝယာဝတ္ထံ ပါပုဏာတိ။ ဝိသုဒ္ဓိဋ္ဌ၊၂။၄၃၇။ (တိ)(၂) အနိဝ- တ္တသဘာဝတာသင်္ခါတံ ဥဒယာဝတ္ထတာသင်္ခါတံ

ဝါ။ ဝိသုဒ္ဓိ၊ဋီ၊၂။၂၄၉။

**ဥဒယာဝါသ** (ပု) [ ဥဒယ+အာဝါသ ] ဥဒည်းတောင်-နေထွက်တောင်-ဟူသောနေရာဌာန။ ဥဒယတော ဥဒယန္တဿ ဥဒယာ ဝါ သမုဂ္ဂစ္ဆတော သူရိယဿ ပုဗ္ဗဂ်မံ ပုရေစရံ ဘဝိတုံ အရဟတိ ဝိယာတိ သမ္ဗန္ဓော။ သီ၊ဋီ၊သစ်၊ ၁။၁၆၀။

**ဥဒရ** (နု) [ ဥ+ဒရ+အ။ ဥပုဗ္ဗော ဒရ ဂမနေ၊ ဥဒရတိ ဥဒ္ဓံ ဂစ္ဆတိ ဝါယု ယတြာတိ ဥဒရံ။ ဓာန်၊ဋီ။ ၂၇၁။ ဥ+အရ+အ။ ဝိ၊ပိ၊ဓာန် ] (၁) ဝမ်းဗိုက်။ (၂) အစာသစ်။ (ဤ ဥဒရပုဒ်၌ ဝမ်းဗိုက်ဟူသော အနက်ကိုသာမက ဝမ်းဗိုက် အတွင်း၌ ရှိသော အစာသစ်ဟူသော အနက်ကိုပါ ဌာနူပစာရအားဖြင့် ယူ၍ အနက်ပြန် ဆိုရသည်။) (၃) အစာသစ်အိမ်။ (၁) ကထံ ဟိ နာမ တုမှေ မောဃပုရိသာ ဥဒရဿ ကာရဏာ ဂိဟီနံ အညမညဿ ဥတ္တရိမနုဿဓမ္မဿ ဝဏ္ဏံ ဘာသိဿထ။ ဝိ၊၁။၁၁၄။ ဝိ၊၂။၃၇။ (-ဝိ၊ဋ္ဌ၊ ၂။ ၁၁၈၊၁၂၂။ ဝိ၊ဋ္ဌ၊၃။ ၁၈၊၁၇၀။) (၂) ဥဒရပူရ (၂) အနက်-ကြည့်။ (၃) ဥဒရံ နာမ ဥဘတော နိပ္ပိဠိယမာနဿ အလ္လသာဋကဿ မဇ္ဈေ သဥ္ဉာတဖေဋကသဒိသံ အန္တပဋလံ။ အဘိ၊ဋ္ဌ၊၂။ ၂၃၀။ ဝိသုဒ္ဓိ၊ ၁။ ၂၅၀။ ဥဒရိယ (နု) (၁) လည်းကြည့်။

**ဥဒရကာရဏ** (နု) [ ဥဒရ+ကာရဏ] ဝမ်းတည်းဟူသောအကြောင်း။ မယာ နာမ ဥဒရကာရဏာ ဘဂဝတော သိက္ခာပဒပညာပနံ ပဋိဗာဟိတံ။ မ၊ဋ္ဌ၊၃။၁၀၅။

**ဥဒရဂတ**(တိ) [ ဥဒရ+ဂတ] ဝမ်းဗိုက်အတွင်းသို့ ရောက်သော။ ယထာ မဇ္ဇေ ဥဒရဂတေ စိတ္တံ သံကိလိဿတိ။ အဘိ၊ဋ္ဌ၊၁။၄၁၁။

**ဥဒရဂ္ဂိ** (ပု) [ ဥဒရ+အဂ္ဂိ] ဝမ်းမီး၊ ကမ္မဇ-တေဇောဓာတ်။ ယံကိဉ္စိ အာမာသယေ ပတိတံ ပါနဘောဇနာဒိကံ ဥဒရဂ္ဂိနာ ဖေဏုဒ္ဒေဟကံ ပက္ကံ ပက္ကံ နိဿဒါယ ပိသိတမိဝ သဏှဘာဝံ အာပဇ္ဇိတွာ ---သန္နိစိတံ ဟုတွာ တိဋ္ဌတိ။ အဘိ၊ဋ္ဌ၊၂။၂၃၁။ ဝိသုဒ္ဓိ၊၁။၂၅၁။ ခုဒ္ဒက၊ဋ္ဌ။၄၇။ (-သုတ္တနိ၊ဋ္ဌ၊၂။၁၈၃။ ပေတ၊ဋ္ဌ။၃၁။ ဝိမတိ၊ ၁။၂၀၃။)

**ဥဒရဂ္ဂိသန္တာပဝေဂကုထိတ** (တိ) [ ဥဒရဂ္ဂိ+သန္တာပ+ဝေဂ+ကုထိတ] ဝမ်းမီးအပူဓာတ်၏အရှိန်အဟုန်ကြောင့် ကျိုက်ကျိုက်ဆူသော။ ဝေမေဝ နာနာပ္ပကာရပါနဘောဇနာဒိ-ဒန္တမုသလသဥ္စုဏ္ဏိတံ----ဥဒရဂ္ဂိသန္တာပ-ဝေဂကုထိတံ ကိမိကုလာကုလံ ---တိဋ္ဌတိ။ အဘိ၊ဋ္ဌ၊၂။၂၃၁။ ခုဒ္ဒက၊ဋ္ဌ။၄၆။ (-ပဋိသံ၊ဋ္ဌ၊ ၁။၇၇။)

**ဥဒရဂ္ဂိသန္ဒီပါတ** (ပု) [ဥဒရဂ္ဂိ+သန္ဒီပါတ] ဝမ်းမီး၏ပေါင်းစုမိခြင်း။ ပေါင်းစုမိသော ဝမ်းမီး၏ အရှိန်အဟုန်။ ဇီယန္တာပိပါသာဟိ ရုပ္ပနဥ္စ ဥဒရဂ္ဂိသန္ဒီပါတေန ဟောတိ။ မူလဋီ၊၂။၅။

**ဥဒရဇ်** (နု) [ ဥဒရ+အဇ် ] ဝမ်းပျဉ်း၊ ဝမ်းဗိုက်အရေ၏ အရေးအကြောင်း။ ဇရာသိထိလ-စမ္မသ္မိံ ၊ဥဒရဇ်ေ မတာ ဝလိ။ ဓာန်။၉၉၁။

**ဥဒရစ္ဆဝိ** (ထီ) [ ဥဒရ+ဆဝိ ] ဝမ်းဗိုက်၏ အရေ။ ဥဒရစ္ဆဝိ ဥပ္ပါဋေတွာ အန္တဂဏ္ဌိ နီဟရိတွာ ဘရိယာယ ဒဿေသိ။ ဝိ၊၃။၃၈၇။ (-မ၊၁။၁၁၄။ မ၊ဋ္ဌ၊၁။၃၅၅။ မ၊ဋီ၊၂။၁၅၊၃၇။)

**ဥဒရဇီဝှါမံသ** (နု) [ ဥဒရ+ဇီဝှါမံသ] ဝမ်းလျှာအသား၊(လျှာနှင့်ပုံသဏ္ဍာန်တူ၍ နှလုံးသား၏ ဝဲဘက်ဘေးနှင့် ဝမ်းပျဉ်း(ဝမ်းအရေလွှာ)၏ အထက်ပိုင်း နံဘေး၌ မှီတည်နေသောအသား၊ ၎င်းကို သရက်ရွက်ဟု လည်းကောင်း, ဘေဟု

လည်းကောင်း ၊ အဖျှဉ် (အဖျှဉ်း) ဟုလည်းကောင်း ခေါ်၏။) ပိဟက–လည်းကြည့်။ ပိဟကန္တိ ဥဒရဇီဝှါမံသံ။ အဘိ၊ဋ္ဌ၊၂။ ၂၂၉။ ဝိသုဒ္ဓိ၊၁။၂၄၉။ ဥဒရဇီဝှါမံသန္တိ ဇိဝှါသဏ္ဍာနံ ဥဒရဿ မတ္ထကပဿေ တိဋ္ဌနကမံသံ။ ဝိသုဒ္ဓိ၊ဋီ၊၁။၃၀၇။ ပိဟကံ ဟဒယဿ ဝါမပဿေ ဥဒရပဋလဿ မတ္ထကပဿံ နိဿာယ ဌိတံ ဥဒရဇီဝှါမံသံ။ ပဋိသံ၊ဋ္ဌ၊၁။၇၆။

**ဥဒရဏီ** (ထိ) [ ဥဒရ+အဿတ္ထိ ဣပစ္စည်း+ ဠတ္ထိဇောတက နီ (သို့မဟုတ်) ဠနီပစ္စည်း၊ (အတိသာယန ၌ "အတိသာယနံ (အတိသယနေန) ဥဒရမဿာ အတ္ထီတိ ဥဒရဏီ ကညာ" ဟူသည်တည်း၊ ဒဏ္ဍာဒိ တွိကဣ ဝါ–ဖြင့် ဣပစ္စည်းသက်၍ ပြီးသော "ဥဒရီ"သဒ္ဒါ နောင် ယုဝဏ္ဏေဟိ နီ–ဖြင့် နီပစ္စည်းသက်၍ "ဃရဏျာဒယော"–ဟူသောသုတ္တ နိပါတနဖြင့် ဣကို အ၊ နကို ဏပြုလျှင် ဥဒရဏီ–ဟုပြီး၏။ ကာသိကာဝုတ္တိ တတ္တဗောဓိနီတို့၌ "အတိသာယနေ ဥဒရိဏီ ကညာ"–ဟု ဣကို အ မပြုမူ၍ ထုတ်၏။ မောဂ်၊ပဉ္စိကာ၊ သျ၊၂။နှာ–၁၁၈။] ဝမ်းဗိုက်ရှိသော၊ဝမ်းဗိုက်ကြီးသော အမျိုးသမီး။ အတိသယေ–နောဒရမဿာ အတ္ထိ ဥဒရဏီ ကညာ။ မောဂ်၊ ၄။၇၈(ပဉ္စိကာ)။ ရှင်းသျ။

**ဥဒရတာပန** (နှ) [ ဥဒရ+တာပန ] ဝမ်းဗိုက်ကိုမီးကင်ခြင်း။ ဥဒရတာပနေန အဂ်ဇာတေပိ တတ္ထေ တာဝတ္တကေန နိမိတ္တေ ဥပက္ကမော ကတော နာမ န ဟောတိ။ ဝိမတိ၊၁။၂၅၇။

**ဥဒရဋ္ဌ** (ပု) [ ဥဒရ+အဋ္ဌ ] ဝမ်း၏အကျိုး၊ ဝမ်းစာ–အစာအာဟာရ–ဟူသောအကျိုး။ ဣဓါနိ ဥဒရဋ္ဌာယ အနရဟာဝ အရဟတ္တံ ပဋိဇာနိတွာ လောကံ ဝဉ္စေန္တော ဝိစရတိ။ အံ၊ဋ္ဌ၊၁။၂၁၉။

**ဥဒရဒူတ** (ပု) [ ဥဒရ+ဒူတ ] ဝမ်း၏စေတမန်၊ အစာအာဟာရ၌ တပ်မက်သော တဏှာက ဝမ်းစာ (အစာအာဟာရ)အတွက် စေခိုင်းရာ ပြုလုပ်ရသော၊သူ။ မဟာရာဇ အဟံ တဏှာ–ဒူတော ဥဒရဒူတော။ ဇာ၊ဋ္ဌ၊၂။၂၈၉။

**ဥဒရန္တရ** (နှ) [ ဥဒရ+အန္တရ ] (၁) ဝမ်းဗိုက်၏အလယ်အကြားအရပ်။ (၂) ဝမ်းဗိုက်၏အတွင်း။ (၁) တသ္မိံ ခဏေ သိဂါလော သီဟဿ ဥဒရန္တရံ အတ္တနော သီသံ ပဝေသေတွာ–––သီသေန ဥဒရံ ပဟရိ။ ဇာ၊ဋ္ဌ၊၂။၂၄။ (၁)(၂) ဥဒရန္တရ (ဝိသုဒ္ဓိ၊၁။၁၈၀) န္တိ နာဘိဋ္ဌာနသညိတံ ကုစ္ဆိဝေမဇ္ဈံ၊ ဥဒရဿ ဝါ အဗ္ဘန္တရံ။ ဝိသုဒ္ဓိ၊ဋီ၊၁။၂၀၇။

**ဥဒရပဋလ** (နှ) [ ဥဒရ+ပဋလ ] (၁) ဝမ်းပျဉ်း၊ ဝမ်းဗိုက်အရေလွှာ, အရေပြား။ (၂) အစာသစ်၏ တည်ရာ အူမလွှာ၊ အစာသစ်အိမ်ဟူသော ဝမ်းလွှာ အူခေါင်း။ (၁) ယထာ ဟိ အညေ အန္တော ကုစ္ဆိဂတာ––––ဥဒရပဋလံ ပိဋ္ဌိတော ကတွာ ပိဋ္ဌိကဏ္ဍကံ နိဿာယ–––မက္ကဋာ ဝိယ နိသီဒန္တိ။ ဒီ၊ဋ္ဌ၊၂။၂၈။ မ၊ဋ္ဌ၊၄။၁၂၉။ မနုဿာနံ ဟိ မဟန္တံ ပဋပရိဿာဝနမတ္တဥ္စ ဥဒရပဋလံ နာမ ဟောတိ။ မ၊ဋ္ဌ၊၃။၉၈။ (–သံ၊ဋ္ဌ၊၁။၂၇၅။ အံ၊ ဋ္ဌ၊၁။၂၁၄။ အဘိ၊ဋ္ဌ၊၁။၃၆၆။ ဓမ္မ၊ဋ္ဌ၊၂။၂၃၄။ ထေရ၊ဋ္ဌ၊၁။၄၉။ သာရတ္ထ၊၂။၃၄၃။ သံ၊ဋီ၊ ၁။၃၀၈။ ဝိသုဒ္ဓိ၊ဋီ၊၂။၃၇၂။) (၂) (ပိဟကံ) ဩကာသတော ဟဒယဿ ဝါမပဿေ ဥဒရပဋလဿ မတ္ထကပဿံ နိဿာယ ဌိတံ။ အဘိ၊ဋ္ဌ၊၂။၂၂၉။ ဝိသုဒ္ဓိ၊၁။၂၄၉။ ခုဒ္ဒက၊ဋ္ဌ၊၄၃။ (သေမှံ) ဩကာသတော ဥဒရပဋလေ ဌိတံ။ အဘိ၊ဋ္ဌ၊၂။၂၃၂။ ဝိသုဒ္ဓိ၊၁။၂၅၂။ ခုဒ္ဒက၊ဋ္ဌ၊၄၈။ (–မ၊ဋ္ဌ၊၃။၃၅။ အဘိ၊ဋ္ဌ၊၂။၅၈၆၁၆၈။ ပဋိသံ၊ ဋ္ဌ၊၁။၇၆။ ဝိသုဒ္ဓိ၊၁။၂၅၁။)

**ဥဒရပဋလဗ္ဘန္တရ** (နှ) [ဥဒရပဋလ+အဗ္ဘန္တရ ] အစာသစ်အိမ်ဟူသော ဝမ်းလွှာ အူခေါင်း၏

အတွင်းအရပ်။ ယဥ္ဆ အဘိဝနိုတံ------ ဥဒရပင္ခလ္ဟဗ္ဘန္တရေ ဓဝ ကုဏပဂန္ဓံ သန္ဓိရူမ္ဘိတွာ တိဋ္ဌတိ။ ခုဒ္ဒကာ၊ဋ္ဌ။၄၉။

**ဥဒရပင္ခလမ်သ** (နု) [ ဥဒရပင္ခလ+မသ ] ဝမ်းပျဉ်းသား။ ကိသသရီရဿ ဇဃံမ်သ- ဥရိမ်သ--- ဥဒရပင္ခလမ်သာနိ နိဿာယ။ ခုဒ္ဒကာ၊ဋ္ဌ။၅၁။

**ဥဒရပ(ပ္ပ)ဒေသ** (ပု) [ဥဒရ+ပဒေသ] ဝမ်းဗိုက် အရပ်။ တဒဝသိဋ္ဌော ဥဒရပဒေသော ဣစ ကုစ္ဆိသဒ္ဒေန ဝုစ္စတိ။ မဋီ၊၂။၁၇၄။ ဝိသုဒ္ဓိ၊ဋီ၊ ၁။၄၃၁။

**ဥဒရပရိယာယ** (ပု) [ ဥဒရ+ပရိယာယ] ဥဒရ သဒ္ဒါ၏-ပရိယာယ်-စကားလှယ်။ ကုစ္ဆိသဒ္ဒေါ ဥဒရပရိယာယော။ မဋီ၊၂။၁၇၄။ ဝိသုဒ္ဓိ၊ဋီ၊ ၁။၄၃၁။

**ဥဒရပရိယောသာန** (တိ) [ ဥဒရ+ပရိယော သာန] ဝမ်းဗိုက်ဟူသော အဆုံးအပိုင်း အခြားရှိသော၊ အဆုံးပိုင်း၌ ဝမ်းဗိုက်ရှိသော (အထက်ပိုင်းကိုယ်)။ ဥဒရပရိယောသာနံ အတိရေကံ ဥဒ္ဓုမာတကံ ဟောတိ။ ဝိသုဒ္ဓိ၊ ၁။၁၈၀။ ဥဒရပရိယောသာနံ ဥပရိမသရီရံ။ ဝိသုဒ္ဓိ၊ဋီ၊၁။၂၀၇။

**ဥဒရပါဒ** (တိ) [ ဥဒရ+ပါဒ] ဝမ်းဗိုက်ဟူသော ခြေထောက်ရှိသော။ (ခြေထောက်သီးခြားမရှိ ပဲ ဝမ်းဗိုက်ကိုသာ ခြေထောက်အဖြစ် အသုံး ပြုရသော မြွေသတ္တဝါ။) ပါဒူဒရေတိ ဥဒရပါဒေ၊ ဥဒရံယေဝ ယေသံ ပါဒါတိ ဝုတ္တံ ဟောတိ။ မဋ္ဌ၊၃။၂၉၆။ သုတ္တနိ၊ဋ္ဌ၊၂။၁၈၅။

**ဥဒရပူရ** (တိ) [ ဥဒရ+ပူရ ] (၁) ဝမ်းဗိုက် ကိုပြည့်ဝ စေနိုင်လောက်သော၊ ဝမ်းဝနိုင် လောက်သော၊ ဝမ်းဝအောင် (ကြိဝိ)။ (၂) အစာသစ်ဖြင့်ပြည့်သော (ခန္ဓာကိုယ်)။ (၁) သကလမ္ပိ ဂါမံ ဝိစရိတွာ ဥဒရပူရံ န လဘတိ။ ဒီ၊ဋ္ဌ၊၁။၂၈၈။ တဒါပိ ကေဒိဝသံ ဘတ္တဝမနံ ဥဒရပူရံ လဘိ၊ သေသကာလေ ပန တေန ဥဒရပူရော အာဟာရော နာမ န လဒ္ဓပုဗ္ဗော။ ဇာ၊ဋ္ဌ၊ ၁။၂၅၆။ (-ဒီ၊ဋ္ဌ၊၂။၃၀၉။ မဋ္ဌ၊၁။၃၇၃။ အံ၊ ဋ္ဌ၊၃။၇၈။ အဘိ၊ဋ္ဌ၊၂။၄၈၆။ ဇာ၊ဋ္ဌ၊၁။၂၅၄။ မဋီ၊၂။၅၄။ (၂) အန္တပူရော ဥဒရပူရော၊ ယကနပေဠဿ ဝတ္ထိနော။ သုတ္တနိ။၃၀၈။ ဇာ၊ ဋ္ဌ၊၁။၁၆၃။ (-ဒီ၊ဋ္ဌ၊၁။ ၉၆။) ဥဒရဿ ပူရော ဥဒရပူရော၊ဥဒရန္တိ စ ဥဒရိယဿေတံ အဓိဝစနံ၊ တဥ္ဟိ ဌာနနာမေန "ဥဒရ"န္တိ ဝုတ္တံ။ သုတ္တနိ၊ဋ္ဌ၊၁။၂၃၈။

**ဥဒရပေါသန** (နု) [ ဥဒရ+ပေါသန ] ဝမ်းကို- မွေးမြူခြင်း-ကျွေးမွေးခြင်း။ အောက်ပုဒ်ကြည့်။

**ဥဒရပေါသနတပ္ပရ** (တိ) [ဥဒရပေါသန+တပ္ပရ] ဝမ်းကို မွေးမြူခြင်းဟူသော ပဓာနလုပ်ငန်းရှိ သော၊သူ။ သြဒရိကောတိ ဥဒရေ ပသုတော ဥဒရပေါသနတပ္ပရော။ ထေရ၊ဋ္ဌ၊၁။၂၆၁။

**ဥဒရပေါသနတ္ထ** (ပု) [ ဥဒရပေါသန+အတ္ထ ] ဝမ်းကို မွေးမြူခြင်းအကျိုး။ ကုမ္ဘိလဘာယာနီတိ ဥဒရပေါသနတ္ထံ အကိစ္စကာရိတာဝသေန သြဒရိကတ္တဘာယာနိ။ ထေရီ၊ဋ္ဌ။၂၉၅။

**ဥဒရဗဒ္ဓ** (တိ) [ဥဒရ+ဗဒ္ဓ] ဝမ်းဗိုက်၌ဖွဲ့ချည် ရစ်ပတ်ထားအပ်သော၊ ခါး၌ ဝတ်ထား အပ်သော။ အောက်ပုဒ်ကြည့်။

**ဥဒရဗဒ္ဓသာဋက** (ပု) [ ဥဒရဗဒ္ဓ+သာဋက ] ဝမ်းဗိုက်၌ ဖွဲ့ချည်ရစ်ပတ်ထားအပ်သော- ခါး၌ဝတ်ထားအပ်သော-အဝတ်ပုဆိုး။ အတ္တနော အတ္တနော ဥဒရဗဒ္ဓသာဋကမ္ပိ ဆဍ္ဍေတွာ ပလာယိံသု။ ဇာ၊ဋ္ဌ၊၆။၂၅၄။

**ဥဒရမံသ** (နု) [ ဥဒရ+မံသ ] ဝမ်းဗိုက်အသား။ ခဇ္ဇမာနန္တိ ဥဒရာဒိသု နိသီဒိတွာ ဥဒရမံသ-

ဩဋ္ဌမံသအက္ခိကူဋာဒီနိ လုဉ္စိတွာ လုဉ္စိတွာ ခါဒိယမာနံ။ ဒီ၊ဋ္ဌ၊၂။၃၆၂။ မ၊ဋ္ဌ၊၁။၂၇၈။ (–အံ၊ဋ္ဌ၊၃။၁၀၄။)

**ဥဒရဝဋ္ဋိ** (ထီ) [ ဥဒရ+ဝဋ္ဋိ ] ဝမ်းပျဉ်း၊ ဝမ်းဗိုက်၏–အရေပြား–အရေလွှာ။ ဧဟိ ဘန္တေ ဥဒရဝဋ္ဋိယံ ယန္တေဟိ။ ဝိ၊၁။၄၉၊(–၁၆၇။)

**ဥဒရဝဋ္ဋိမံသ** (နု) [ ဥဒရဝဋ္ဋိ+မံသ ] ဝမ်းပျဉ်းအသား။ ကိသသရီရဿ ဇဃံမံသံ––– ဥဒရဝဋ္ဋိမံသဉ္စ ဓောနိ နိဿာယ။ အဘိ၊ဋ္ဌ၊၂။၂၃၄။ ဝိသုဒ္ဓိ၊၁။၂၅၄။

**ဥဒရဝဍ္ဎန** (နု) [ ဥဒရ+ဝဍ္ဎန ] ဝမ်းဗိုက်ကိုကြီးမားစေခြင်း။ ဒိဝသေ ဒိဝသေ ပိလောတိကာဝေဌနေန စ ဥဒရဝဍ္ဎနံ ဝဍ္ဎေသိ။ ဇာ၊ဋ္ဌ၊၄။၃၇။

**ဥဒရဝါတ** (ပု) [ ဥဒရ+ဝါတ ] (၁) ဝမ်းလေ၊ ဝမ်း၌ဖြစ်သောလေ။ (၂) ဝမ်းလေ၏ဖေါက်ပြန်ခြင်း။ (၁)ထေရဿ ကိရ ရတ္တိံ ပဓာနေန ဝီတိနာမေတွာ ဌိတဿ ဥဒရဝါတော ဥပ္ပဇ္ဇိ။ မ၊ဋ္ဌ၊၁။၈၃။ (–အံ၊ဋ္ဌ၊၁၊၂၃၆။ ဓမ္မ၊ဋ္ဌ၊၂။၃၈၇။ ဇာ၊ဋ္ဌ၊၂။၃၅၂။ အံ၊ဋီ၊၃။၁၃၀။) (၁)(၂) ဝါတေဟီတိ ဥဒရဝါတေဟိ။ သံ၊ဋ္ဌ၊၁။၂၃၇။ ဥဒရဝါတေဟီတိ ဝါတကတဝိဇ္ဈနတောဒနာ–ဒိဝသေန အပရာပရံ ဝတ္တမာနေဟိ ဥဒရ–ဝါတေဟိ၊ တဿ ဝါ ဝိကာရေဟိ။ သံ၊ဋီ၊၁။၂၇၅။

**ဥဒရဝါတာဗာဓ** (ပု) [ ဥဒရ+ဝါတာဗာဓ ] ဝမ်း၌မှီသော လေကြောင့်ဖြစ်သော အနာရောဂါ။ အထဿ ကေသဉ္စိ ဒိဝသေ ဥဒရဝါတာဗာဓော ဥပ္ပဇ္ဇိတွာ အတိဒုက္ခံ ဇနေသိ။ ဝိသုဒ္ဓိ၊၁။၃၉။ ဥဒရသန္နိဿိတော ဝါတာဗာဓော ဥဒရဝါတာဗာဓော။ ဝိသုဒ္ဓိ၊ဋီ၊၁။၇၀။

**ဥဒရသဏ္ဌာန** (နု) [ ဥဒရ+သဏ္ဌာန ] ဝမ်းဗိုက်၏ အသွင်သဏ္ဌာန်။ ဣဒမဿ သီသသဏ္ဌာနံ –––ဣဒံ ဥဒရသဏ္ဌာနံ။ ဝိသုဒ္ဓိ၊၁။၁၇၉။

**ဥဒရသန္တိက** (နု) [ဥဒရ+သန္တိက] ဝမ်းဗိုက်၏အနီး အရပ်။ အညိဿာ ဥဒရသန္တိကေ အညိဿာ သီသမ္ပိ ဥဒရမ္ပိ ပါဒါပိ။ အဘိ၊ဋ္ဌ၊၂။၂၇။

**ဥဒရသန္နိဿိတ** (တ) [ ဥဒရ+သန္နိဿိတ ] ဝမ်း၌မှီနေသော။ ဥဒရဝါတာဗာဓ–ကြည့်။

**ဥဒရသာဋက** (ပု) [ ဥဒရ+သာဋက ] ဝမ်းဗိုက်၌–ဝတ်အပ်–ဖွဲ့ချည်ရစ်ပတ်ထားအပ်–သောပုဆိုး၊ ခါးဝတ်ပုဆိုး။ ပုဗ္ဗေ မယံ ဂဟပတိပုတ္တံ နိဿာယ ဥဒရသာဋကဿပိ အသာမိကာ ဇာတာ။ ဇာ၊ဋ္ဌ၊၆။၃၀၃။

**ဥဒရဟေတု** (ပု) [ ဥဒရ+ဟေတု ] ဝမ်းဟူသော အကြောင်း၊ ဝမ်းစာ–အစာအာဟာရ–အတွက်။ ဣဒါနိ ဥဒရဟေတု အနာရဟာဝ သမာနာ အရဟတ္တံ ပဋိဇာနိတွာ။ အပ၊ဋ္ဌ၊၂။၂၃၄။

**ဥဒရာဗာဓ** (ပု) [ ဥဒရ+အာဗာဓ ] ဝမ်း၌ မှီသော လေနာ။ သတ္ထု ဥဒရာဗာဓေ ဥပ္ပန္နေ အရညတော ဘေသဇ္ဇာနိ အာဟရိတွာ။ ထေရ၊ဋ္ဌ၊၁။၄၄၀။

**ဥဒရာဝဒေဟက**(တိ) [ ဥဒရ+အဝဒေဟက ] ဝမ်းဗိုက်ကို ပြည့်ဝစေသော (ဗိုက်ပြည့်အောင်။ ကြံ၊ဝိ)။ ယာဝဒတ္ထံ ဥဒရာဝဒေဟကံ ဘုဉ္ဇိတွာ။ ဒီ၊၃။၁၉၉။ မ၊၁။၁၄၆။ အံ၊၂။၁၉၆၊၂၁၈။ အဘိ၊ဝိ၊၃၉၂။ ဣတိဝုတ်၊ဋ္ဌ။၉၄၊၂၃၅။ ထေရ၊ဋ္ဌ၊၁။၂၂၇။ မဟာနိ၊ဋ္ဌ။၁၆၆။ ဝဇီရ။၄၁။ သာရတ္ထ၊၁။၃၀၈။ မ၊ဋီ၊၁။၃၅၆။ သံ၊ဋီ၊၂။၄၆၀။ ဝိသုဒ္ဓိ၊ဋီ၊၁။၁၄၉၊၂၅၄။ ဥဒရာဝဒေဟကန္တိ ဥဒရပူရံ၊ တဒိ ဥဒရံ အဝဒေဟနတော "ဥဒရာဝ–

ဒေဟက"န္တိ ဝုစ္စတိ။ ဒီ၊ဋ္ဌ၊၃။၂၁၄။ မ၊ဋ္ဌ၊၁။ ၃၇၃။ အံ၊ဋ္ဌ၊၃။၇၈။ အဘိ၊ဋ္ဌ၊၂။၄၈၆။ ဥဒရာဝဒေဟကန္တိ ဥဒရံ အဝဒိဟိတွာ ဥပစိနိတွာ ပူရေတွာ။ အံ၊ဋ္ဌ၊၃။၆၅။ ဥဒရံ အဝဒိဟတိ ဥပစိနောတိ ပူရေတီတိ ဥဒရာဝဒေဟကံ၊ ဘာဝနပုံသကမေ္ဘတံ၊ ဥဒရာဝဒေဟကံ ကတွာ ဥဒရံ ပူရေတွာတိ အတ္ထော။ တေနာဟ"ဥဒရံ အဝဒိဟိတွာ"တိအာဒိ။ အံ၊ဋီ၊၃။၅၆။ (-ဒီ၊ဋီ၊ ၃။၂၄၉။ အံ၊ဋီ၊၃။၇၇။ ဝိသုဒ္ဓိ၊ဋီ၊၁။၆၁။)

**ဥဒရာဝဒေဟကဘောဇနေပရိဝဋ္ဋန** (န) [ ဥဒရာဝဒေဟက+ဘောဇနေပရိဝဋ္ဋန ] ဝမ်းဖိုက်ပြည့်အောင် စားခြင်းကို ရှောင်ကြဉ်ခြင်း။ ယာဝဒတ္ထံ ဥဒရာဝဒေဟကဘောဇနေပရိဝဋ္ဋနေန ဝါ သေယျသုခပဿသုခမိဒ္ဓသုခါဒီနံ အဘာဝတော အနဝဇ္ဇတာ။ အံ၊ဋီ၊၃။၁၂၇။

**ဥဒရိဂ္ဂိ** (ထီ) ဥဒရဂ္ဂိ-ကြည့်။

**ဥဒရိယ** (န) [ ဥဒရ+ဣယ။ဥဒရေ ဘဝံ ဥဒရိယံ။ နီတိ၊သုတ္တ၊၇၇၄။(ဥဒယ-သံ)] (န)(၁) အစာသစ်၊ စားသောက်မျိုချလိုက်သဖြင့် အစာသစ်အိမ်၌ တည်နေသောအစာ အာဟာရ။ (တိ)(၂) ဝမ်းဗိုက်၌ဖြစ်သော။ (န)(၁) အတ္ထိ ဣမသ္မိံ ကာယေ ကေသာ ---ဥဒရိယံ ကရီသံ။ ဒီ၊၂။၂၃၃-၄။ မ၊၁။၇၂။ သံ၊၃။၂၄၃။ အံ၊၂။၂၈၅။ အဘိ၊ဝိ။၈၄။ ခုဒ္ဒက။၂။ ဥဒရိယံ ဥဒရေ ဌိတံ အသိတပီတခါယိတသာယိတံ။ အဘိ၊ဋ္ဌ၊၂။၅၉။ ဝိသုဒ္ဓိ၊၁။၃၅၃။ အာမာသယေ ဌိတော ပရိဘုတ္တာဟာရော ဥဒရိယန္တိ အဓိပ္ပေတန္တိ အာဟ" ဥဒရိယံ ဥဒရေ ဌိတံ အသိတပီတခါယိတသာယိတ"န္တိ။ ဝိသုဒ္ဓိ၊ဋီ၊ ၁။၄၄၁။ (-အဘိ၊ဋ္ဌ၊၂။၂၃၀။ ပဋိသံ၊ဋ္ဌ၊၁။၇၇။ ဝိသုဒ္ဓိ၊၁။၂၅၀။ ရူ။၃၇၈။) (တိ) (၂) ဣယ-ဂါမိယော ဥဒရိယော ဒိဝိယော။ မောဂ်၊၄။၂၅။

**ဥဒရိယဘာဂ** (ပု) [ ဥဒရိယ+ဘာဂ ] အစာသစ်အိမ်၏-အဆုံးပိုင်းအဖို့-အဆုံးပိုင်းနေရာ။ ပရိစ္ဆေဒတော ဥဒရပဋလေန စေဝ ဥဒရိယဘာဂေန စ ပရိစ္ဆိန္နံ။ အဘိ၊ဋ္ဌ၊၂။၂၃၁။ ဝိသုဒ္ဓိ၊ ၁။၂၅၁။

**ဥဒဝသိတ** (ပု)[ (၁) ဥဒ+ဝသ+တ။(၂) ဥ+အဝ+ သိ+တ] ဘဏ္ဍာတိုက်။ ဥဒေါသိတ-ကြည့်။

**ဥဒသယေ** (ကြိ) [ဥ+အာ+သီ+သိ] တင်မြှောက်၏၊ တည်စေ၏။ ယံ မဇ္ဇ ရဇ္ဇမှိ ဥဒသယေ တုဝံ။ ဇာ၊၁။၃၆၇။ ယံ မဇ္ဇာတိ ယေန အနာရာမကေမ္ဒနေ အဇ္ဇ မံ ရဇ္ဇမှိ ဥဒသယေ ဥဿာပေသိ ပတိဋ္ဌာပေသိ။ ဇာ၊ဋ္ဌ၊၅။၂၇။ ဥဒသယေတိ ဧတ္ထ ဥအာသယေတိ ပဒစ္ဆေဒေါ ဒဋ္ဌဗ္ဗော၊ဒ-ကာရော အာဂမသန္ဓိဇော၊သီ=သယေတိ ဓာတုဿ အတ္ထာတိသယယောဂဝသေန ဣဓ ပတိဋ္ဌာနတ္ထတာ ဟောတိ။ တေနာဟ " ဥဒသယေ ဥဿာပေသိ၊ ပတိဋ္ဌာပေသီ"တိ။ ဇာ၊ဋီ၊သစ်။

**ဥဒဟာရ** (ပု) [ ဥဒ+ဟရ+ဏ။ထီ-၌ ဥဒဟာရီ။] (ပု)(၁) ရေကိုသယ်ဆောင်ခြင်း၊ ရေထမ်းခြင်း၊ ရေခပ်ခြင်း။ (တိ)(၂)ရေကိုသယ်ဆောင်သော၊ ရေထမ်းသော၊ရေခပ်သော၊သူ။ (ပု)(၁) အံသံ အသမ္ပုသံ တေဝိ၊ ဥဒဟာရာယ ဂစ္ဆတော။ ဇာ၊၂။၇၅။ ဥဒါဟာရာယာတိ ဥဒကံ အာဟရိတုံ။ ဇာ၊ဋ္ဌ၊၅။၃၃၉။ (တိ)(၂) ဥဒဟာရော နဒိံ ဂစ္ဆ။ ဇာ၊၂။၁၇၅။ အမှာကံ ဥဒဟာရော ဥဒကံ အာဟရိတုံ နဒိံ ဂစ္ဆ။ ဇာ၊ဋ္ဌ၊၆။၉၈။ (-ဇာ၊ ၂။၁၇၈။ အပ၊၁။၄၂၁။ ဇာ၊ဋ္ဌ၊၆။၁၀၆။) ဥဒဟာရီ-လည်းကြည့်။

**ဥဒဟာရက** (တိ) [ ဥဒ+ဟရ+ဏ္ဍ။ထီ-၌ ဥဒဟာရိယာ။] (တိ)(၁) ရေကိုသယ်ဆောင်သော၊ ရေထမ်းသော၊ရေခပ်သော၊သူ။ (ထီ)(၂) ရေကိုသယ်ဆောင်ခြင်း၊ရေခပ်ခြင်း။ (တိ)(၁) ကော နု မံ ဥသုနာ ဝိဇ္ဈိ၊ပမတ္တံ ဥဒဟာရကံ။

ဇာ၊၂။ ၁၇၄။ စရိယာ၊၄။၂၅၂။ ဇာ၊၄၊၆။၉၄။ (ထိ)(၂) အောက်ပုဒ်ကြည့်။

**ဥဒဟာရိယာ** (ထိ) [ဥဒ+ဟရ+ဏျ+အာ] ရေကို သယ်ဆောင်ခြင်း၊ရေခပ်ခြင်း။ ကုဋံ ဂဟေတွာ နိက္ခမ္မ၊ အဂ္ဂိံ့ ဥဒဟာရိယာ။ ဝိမာန။၆၉။ ဥဒဟာရိယာတိ ဥဒကဟာရိကာ၊ ဥဒကံ အာဟရန္တိ ဝိယ ဟုတ္ဝာတိ အဓိပ္ပါယော။ ဝိမာန၊ ၄။၁၉၆။

**ဥဒဟာရီ** (ထိ) [ ဥဒ+ဟရ+ဏ+ဤ ] ရေကို သယ် ဆောင်–ရေခပ်–သောမိန်းမ။ ဥဒဟာရီ အဟံ သီတေ၊သဒါ ဥဒကမောတရိံ။ ထေရီ။ ၄၀၆။ ဥဒဟာရီတိ ယဒေနေ ဥဒကံ ဝါဟိကာ။ ထေရီ၊၄။၂၁၀။

**ဥဒဟိယတိ** (ကြိ) [ ဥ+ဓာ+ယ+တေ] ပေါင်း အပ်၏။ ကေတော ဩဒဟိယတေ သမ္ပိ ဏ္ဍီယတေ, ဥဒဟိယတိ သမ္ပိဏ္ဍီယတိတိ ဝါ သမောဓာနံ။ ပါစိတ်၊ယော။၄၃၂။

**ဥဒါန²**(ပုံ၊န) [(၁) ဥ+အန+ဏ။ ဝိ၊ပိ၊ဓာန်။ (၂) ဥဒ+ယု။ နီတိ၊ဓာ။၉၃။] (၁)(က) ဥဒါန်းစကား၊ ဝမ်းမြောက်နှစ်သက် မြွက်ဆိုအပ်သော စကား၊ ပီတိအဟုန်ကြောင့် ကျူးရင့်မြွက်ဆိုအပ် သော စကား။ (ဆီခွက်မဆံ့၍ ဆီများလျှံထွက် လာသကဲ့သို့ နားထောင်မည့်သူ တစ်ဦးဦးကို ပြောဟောရန် မရည်ရွယ်ဘဲ ပီတိအဟုန်ကြွ၍ မျိုသိပ်မရသဖြင့် စိတ်နှလုံးအတွင်းမှ လျှံထွက် ကျူးရင့် မြွက်ဆိုအပ်သောစကားကို ဥဒါန်း စကားဟုခေါ်၏။ ဤဥဒါန်းစကားသည် ဓမ္မသံဝေဂကြောင့် ကျူးရင့် မြွက်ဆိုအပ် သည်လည်း ရှိ၏။ အချို့နေရာ၌ ဂါထာဖြင့် ကျူးရင့်အပ်သော ဥဒါန်းဖြစ်၍ အချို့နေရာ၌ မူ "အညာသိ ဝတ ဘော ကောဏ္ဍညော" စသည်ဖြင့် စုဏ္ဏိယစကားပြေဝါကျဖြင့် ကျူး ရင့်အပ်သော ဥဒါန်းဖြစ်၏။ များသော အားဖြင့်မူ ဂါထာဖြင့်ကျူးရင့်ပြီး ပီတိ သောမနဿကြောင့် ဖြစ်ပေါ်လာသော စကား ပင်တည်း။ မြတ်စွာဘုရား ကျူးရင့်တော်မူအပ် သော ဥဒါန်း, ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ ကျူးရင့်အပ်သော ဥဒါန်း, ဘုရားတပည့် ထေရ ထေရီတို့ ကျူးရင့်အပ်သော ဥဒါန်း ဟူ၍ သုံးမျိုးရှိ၏။ ထို့အပြင် "အဟောဒါနံ ပရမဒါနံ၊ ကဿပေ သုပ္ပတိဋ္ဌိတံ" စသည်ဖြင့် သိကြားနတ် မင်းတို့ ကျူးရင့်အပ်သော ဥဒါန်း၊ "နမောတဿ ဘဂဝတော" စသည်ဖြင့် အာရာမဒဏ္ဍပုဏ္ဏား စသော လူပုဂ္ဂိုလ်တို့ ကျူးရင့်အပ်သော ဥဒါန်းများလည်း ရှိ၏။) ဥဒါန၊၄။၂၃။ သာရတ္ထ၊၁။ ၉၈–၁၀၁။ သီဋီ၊ သစ်၊၁။ ၁၂၈–၁၃၀။ ( သာဓက များလည်း ကြည့်။) (ခ) ဥဒါန်းပါဠိတော်၊ (ယင်းပါဠိတော်၌ ဝဂ်အားဖြင့်ရှစ်ဝဂ်၊ သုတ်ပေါင်း ရှစ်ဆယ်၊ ဂါထာပေါင်း ကိုးဆယ့်ငါး၊ ဘာဏဝါရပေါင်း ရှစ်ဘာဏဝါရ ခွဲ၊ အနုသန္ဓေပေါင်း ရှစ်ဆယ့် တစ်၊ ပဒပေါင်း နှစ်သောင်း တစ်ထောင့် တစ်ရာ(၂၁၁၀၀)၊ ဂါထာပါဒပေါင်း ရှစ်ထောင့် လေးရာနှစ်ဆယ့်သုံး (၈၄၂၃)၊ အက္ခရာပေါင်း ခြောက်သောင်းခုနစ်ထောင် သုံးရာရှစ်ဆယ် နှစ် (၆၇၃၈၂) ရှိ၏။ ဥဒါန၊၄။၂–၅။ (၂) ဥဒါနလေ၊ လည်ပင်း၌ တည်သောလေ၊ လည် ကြောင်း လေ။ (၁) (က) ဥဒါနံ ဥဒါနေသိ (ဒီ၊၁။၄၄။ မ၊၁။၂၃၅။ သံ၊၁။၁၉၊၂၀။ အံ၊၁။၆၇။ အံ၊ ၂။၂၀၈။)တိ ဥဒါဟာရံ ဥဒါဟရိ။ ယထာ ဟိ ယံ တေလံ ---ဝေမေဝ ယံ ပီတိဝစနံ ဟဒယံ ဂဟေတုံ န သက္ကောတိ၊အဓိကံ ဟုတွာ အန္တော အသဏ္ဌဟိတွာ ဗဟိ နိက္ခမတိ၊ တံ ဥဒါနန္တိ ဝုစ္စတိ။ ဝေရှုပံ ပီတိမယံ ဝစနံ နိစ္ဆာရေသီတိ အတ္ထော။ ဒီ၊ဋ္ဌ၊၁။၁၂၉။ မဋ္ဌ၊၂။၁၀၂–၃။ သံ၊ ဋ္ဌ၊၁။၅၈။ အံ၊ဋ္ဌ၊၂။၄၂–၃။ အံ၊ဋ္ဌ၊၃။၇၀။ ဥဒါဟရီယတိ ဥဒ္ဓဂပီတိဝသေနာတိ, တထာ ဝါ ဥဒါဟရဏံ ဥဒါနံ။ မဋီ၊၂။၁၄၆။ အံဋီ၊

၃။၆၀။ ဥဒါနန္တိ ကေနဋ္ဌေန ဥဒါနံ။ ဥဒါနနဋ္ဌေန (ဥဒါနဋ္ဌေန)။ ကိမိဒံ ဥဒါနံ နာမ ပီတိဝေဂသမုဋ္ဌာပိတော ဥဒါဟာရော။ ဥဒါန၊ ဋ္ဌ။၂။ သာရတ္ထ၊၁။၉၈။ သီ၊ဋီ၊သစ်၊၁။၁၂၈။ **အယမ္ပိ** ဥဒါနော ဝုတ္တော ဘဂဝတာ။ ဥဒါန။ ၈၇။ ဥဒါန၊ဋ္ဌ။၄၂။ ဥဒါနာနိ သန္တိ ဝေ။ ဥဒါန၊ ဋ္ဌ။၃။ သီ၊ဋီ၊သစ်၊၁။၁၃၀။ ဥဒါနံ ဥဒါနသ္သ ပဋ္ဌနိမိတ္တံ။ ဒီ၊ဋ္ဌ၊၂။၃၃။ ဣမံ ဥဒါနံ ဥဒါနေသိ(ဝိ၊ ၃။၂)တိ ဣမံ -----ယဒါ ဟဝေ ပါတုဘဝန္တိ-တိအာဒိကံ သောမနဿယုတ္တဉာဏသမုဋ္ဌာနံ ဥဒါနံ ဥဒါနေသိ၊ အတ္တမနဝါစံ နိစ္ဆာရေသီတိ ဝုတ္တံ ဟောတိ။ ဝိ၊ဋ္ဌ၊၁။၂၃၆။ ဥဒါနံ ဥဒါနေသီ (ဝိ၊၃။၂၁)တိ သံဝေဂဝသေန ဥဒါနံ ဥဒါနေသိ၊ သံဝေဂဝသပဝတ္တံ ဝါစံ နိစ္ဆာရေသီတိ အတ္ထော။ သာရတ္ထ၊၃။၁၉၂။ (-သာရတ္ထ၊၁။၉၉။ ဝိမတိ၊ ၂။၉၃။ သီ၊ဋီ၊သစ်၊၁။၁၂၉။) (ခ) သုတ္တံ ဂေယျံ ---ဥဒါနံ ဣတိဝုတ္တကံ ။မ၊၁။၁၈၆။ အံ၊၁။၃၁၃။ မဟာနိ။၁၁၁။ သောမနဿဉာဏ-မယိကဂါထာပဋိသံယုတ္တာ ဒွါသီတိ (ဒွေ အသီတိ) သုတ္တန္တာ ဥဒါနန္တိ ဝေဒိတဗ္ဗံ(ဗ္ဗာ)။ ဝိ၊ဋ္ဌ၊၁။၂၂။ ဒီ၊ဋ္ဌ၊၁။၂၅။ မ၊ဋ္ဌ၊၂။၁၂။ အံ၊ဋ္ဌ၊ ၂။၂၅၂။ အဘိ၊ဋ္ဌ၊၁။၂၇။ မဟာနိ၊ဋ္ဌ။၂၃၃။ ဣဒံ သုတ္တံ ဥဒါနေပိ သင်္ဂီတံ။ ဣတိဝုတ်၊ဋ္ဌ။၁၅၄။ (၂) ပါဏော ပါနော သမာနော ဘေဒါ န ဗျာနော စ ဝါယဝေါ။ အမရ။၁။၆၇။ ဥဒါနော ကဏ္ဍဒေသေ တု။ ဗျာနော သဗ္ဗင်္ဂသန္ဓိသု။ မာန်၊ဋီ။၃၈။

**ဥဒါန**[2] (န) [ဥ+ဒါ+ယု] ဥဒါန်းစကား၊ ဥဒ္ဒါန်းစကား၊ အကျဉ်းချုပ်စကား၊ ပြဆိုပြီးပြဆိုလတ္တံ့သော အနက်အဓိပ္ပါယ်တို့ကို နောင်အခါ အစီအစဉ်မရှိ ဖရိုဖရဲ တကွဲတပြားစီ မဖြစ်ရအောင် အကျဉ်းချုပ် အစီအစဉ်ပြုလုပ် ထိန်းသိမ်းထားသော စကား၊ ခေါင်းစဉ် မာတိကာစကား။ ဝုစ္စမာနဿ ဟိ ဝုတ္တဿ ဝါ အတ္ထဿ ဝိပ္ပကိဏ္ဏဘာဝေန ပဝတ္တိတုံ အဒတွာ ဥဒ္ဒံ ဒါနံ ရက္ခဏံ ဥဒါနံ (ဥဒ္ဒါနံ?)၊ သင်္ဂဟဝစနန္တိ အတ္ထော။ သီ၊ဋီ၊သစ်၊၁၊၁၃၆။

**ဥဒါနကထာ** (ထိ) [ ဥဒါန+ကထာ ] ဝမ်းမြောက်ဝမ်းသာ ကျူးရင့်သောစကား။ ဥဒါန-ကထာယ ဝုတ္တမေဝ္ဝာနံ ပရိပုဏ္ဏာနံ အတ္တနိ သံဝိဇ္ဇမာနတ္တာ။ သံ၊ဋီ၊၂။၂၂၄။

**ဥဒါနဂါထာ** (ထိ) [ ဥဒါန+ဂါထာ ] ဝမ်းမြောက်ဝမ်းသာ ကျူးရင့်အပ်သော ဂါထာ၊ **ဥဒါန်း** ဂါထာ။ ကေစိ "ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ"တိ ခန္ဓကေ ဥဒါနဂါထံ အာဟု(ဝဒန္တိ)။ ဝိ၊ဋ္ဌ၊-၊၁၄။ ဒီ၊ဋ္ဌ၊၁။၁၆။

**ဥဒါနဂါထာသင်္ဂဟ** (တိ) [ဥဒါနဂါထာ+သင်္ဂဟ] ဥဒါန်းဂါထာတို့ဖြင့် ရေတွက်အပ်သော၊ဥဒါန်းဂါထာ အရေအတွက်ရှိသော။ ဂါထာတော ပဉ္စနဝုတိဥဒါနဂါထာသင်္ဂဟံ။ ဥဒါန၊ဋ္ဌ။၄။

**ဥဒါနဂီတ** (န) [ ဥဒါန+ဂီတ] ဝမ်းမြောက်ဝမ်းသာ-ကျူးရင့်-သီဆို-အပ်သောသီချင်း။ ဗောဓိသတ္တောပိ----ဣမာဟိ ဒွီဟိ ဂါထာဟိ ဥဒါနဂီတံ ဂါယိ။ ဇာ၊ဋ္ဌ၊၃။၃၈။

**ဥဒါနဂီတသဒ္ဒ** (ပု) [ဥဒါနဂီတ+သဒ္ဒ] ဝမ်းမြောက် ဝမ်းသာ-ကျူးရင့်-သီဆို-အပ်သော သီချင်းအသံ။ ပုရောဟိတော----တဿ ဥဒါနဂီတသဒ္ဒံ သုတွာ စိန္တေသိ။ ဇာ၊ဋ္ဌ၊၄။၂၇၀။ အံ၊ဋီ၊၁။၁၄၇။

**ဥဒါနဋ္ဌ** (ပု) [ ဥဒါန+အတ္ထ ] ပီတိအစွမ်းဖြင့် ထုတ်ဆောင်ကျူးရင့်-အပ်သည်၏ အဖြစ် ဟူသော-ခြင်းဟူသော-အနက်သဘော။ သောမနဿဉာဏမယိကဂါထာပဋိ-သံယုတ္တာတိ ဧတေန ဥဒါနဋ္ဌေန ဥဒါနန္တိ အနွတ္ထသညတံ ဒဿေတိ။ သီ၊ဋီ၊သစ်၊၁။၁၂၈။ ဥဒါနနဋ္ဌ-လည်းကြည့်။

**ဥဒါနဋ္ဌကထာ** (ထီ) [ဥဒါန+အဋ္ဌကထာ] ဥဒါန ပါဠိ၏ အနက်ကို ဖွင့်ဆိုရာဖြစ်သောကျမ်း၊ ဥဒါန်းအဋ္ဌကထာကျမ်း။ (ဗဒရတိတ္ထကျောင်းနေ အရှင်ဓမ္မပါလထေရ် ရေးသားသည်၊ ပရမတ္ထဒီပနီ-ဟုလည်း ခေါ်သည်။ ဥဒါန၊ ဋ္ဌ။၃၉၃-ကြည့်။ တံ ပရမတ္ထဒီပနိယံ ဥဒါန-ဋ္ဌကထာယံ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ မဏိ၊ ၂။၂၂၆။ (-သံ၊ဋီ၊၂။၆၀၊၂၃၄။)

**ဥဒါနဒေသနာ** (ထီ) [ဥဒါန+ဒေသနာ] ဥဒါန်းတရား တော်၊ ဥဒါန်းပါဠိတော်။ ထ္ထောဝတာ ဓမ္မဘဏ္ဍာဂါရိကေန ဥဒါနဒေသနာယ နိဒါနံ ဌပေန္တေန။ ဥဒါန၊ဋ္ဌ။၂၅။

**ဥဒါနန** (နု) [ ဥ+အန+ယု။ ဥဒ+ယု ] ပီတိ၏ အစွမ်းဖြင့် ထုတ်ဆောင် ကျူးရင့်ခြင်း။ အောက်ပုဒ်ကြည့်။

**ဥဒါနနဋ္ဌ** (ပု) [ဥဒါနန+အတ္ထ] ပီတိ၏အစွမ်းဖြင့် ထုတ်ဆောင်ကျူးရင့်-အပ်သည်အဖြစ်ဟူသော-ခြင်းဟူသော-အနက် သဘော။ ကေနဋ္ဌေန ဥဒါနံ?၊ ဥဒါနနဋ္ဌေန။ ဥဒါန၊ဋ္ဌ။၂။ (-သာရတ္ထ၊၁။၉၈။)

**ဥဒါနနာဒဝိမိ** (ပု) [ဥဒါနနာဒ+ဝိမိ] ဥဒါန်း-ဝမ်းမြောက်စကား-ကျူးရင့်ခြင်း အစီရင်။ ဥဒါနနာဒဝိမိနာ၊ ဂမ္ဘီရာ နိပုဏာ သုဘာ။ ထေရ၊ဋ္ဌ၊၁။၁။

**ဥဒါနပါဠိ** (ထီ) [ဥဒါန+ပါဠိ] ဥဒါန်းပါဠိတော်။ ခု၁။ နှာ-၇၇-၁၉၇။ ဓမ္မသင်္ဂါဟကေဟိ ဥဒါန-ပါဠိယံ သင်္ဂဟံ အနာရောပေတွာ ဓမ္မပဒေ သင်္ဂီတာ။ ဥဒါန၊ဋ္ဌ။၃။ သာရတ္ထ၊၁။၁၀၁။ သီ၊ ဋီ၊သစ်၊၁။၁၃၀။

**ဥဒါနဗျာကရဏဂါထာ** (ထီ) [ ဥဒါနဗျာကရဏ+ဂါထာ] ဥဒါန်းစကား-ဝမ်းမြောက်စကား-မြွက်ကြား ကျူးရင့်သော ဂါထာ။ တဒါပိ သော တမေဝ အတ္ထံနော ဥဒါနဗျာကရဏဂါထံ အဘာသိ။ သုတ္တနိ၊ဋ္ဌ၊၁။၅၉။ (-၇၇။)

**ဥဒါနလက္ခဏ** (နု) [ ဥဒါန+လက္ခဏ] ဥဒါန်းစကား၏- အမှတ်အသား-လက္ခဏာ။ ယံ ပန--ဥဒါနလက္ခဏံ ဝုတ္တံ။ ဥဒါန၊ဋ္ဌ။၂။ သာရတ္ထ၊ ၁။၁၀၀။

**ဥဒါနသံဝဏ္ဏနာ** (ထီ) [ ဥဒါန+သံဝဏ္ဏနာ] ဥဒါန်းပါဠိတော်ကို ဖွင့်ဆိုရာစကားရပ်၊ ဥဒါန်း အဋ္ဌကထာ။ ပရမတ္ထဒီပနိယာ ခုဒ္ဒကနိကာယ-ဋ္ဌကထာယ ဥဒါနသံဝဏ္ဏနာယ ပဌမဗောဓိ-သုတ္တဝဏ္ဏနာ နိဋ္ဌိတာ။ ဥဒါန၊ဋ္ဌ။၄၂။

**ဥဒါနသင်္ဂဟ** (ပု) [ ဥဒါန+သင်္ဂဟ] အကျဉ်းချုပ် ခေါင်းစဉ် မာတိကာ ပြုလုပ်၍ သိမ်းယူကြောင်း စကား၊ အကျယ်တဝင့်ပြဆိုပြီး ပြဆိုလတ္တံ့သောအနက်အဓိပ္ပါယ်တို့ကို နောင်အခါ မေ့ပျောက် မသွားအောင်အလွယ်တကူ မှတ်ယူနိုင်ခြင်းငှါ အကျဉ်းချုံး, ခေါင်းစဉ် မာတိကာပြုလုပ် ထားအပ် သောဂါထာစကား၊ ("မက္ကဋိဝဇ္ဇိပုတ္တာစ" အစရှိသော ဥဒ္ဒါန်း ဂါထာများ)။ ဥဒါနသင်္ဂဟော နာမ----- ဂါထာယော။ သီ၊ဋီ၊သစ်၊၁။၁၃၆။ ဥဒ္ဒါနသင်္ဂဟ-လည်းကြည့်။

**ဥဒါနသဒ္ဒ** (ပု) [ ဥဒါန+သဒ္ဒ] ပီတိ၏အစွမ်း ဖြင့် ထုတ်ဆောင်ကျူးရင့်အပ်သောအသံ၊ ဥဒါန်းကျူးရင့်သံ။ မာရော ဥဒါနသဒ္ဒေန အာဂန္တွာ။ သုတ္တနိ၊ဋ္ဌ၊၂။၁၂၀။

**ဥဒါနသုတ္တ** (နု) [ ဥဒါန+သုတ္တ ] ဥဒါနသုတ်။ သံယုတ္တနိကာယ ခန္ဓဝဂ္ဂသံယုတ္တပါဠိ၊ ၁-သံယုတ်၊(၆)၁-ဝဂ်၊၃-သုတ်။ သံ၊၂။၄၅-၈။

**ဥဒါနေတိ** ^၁(ကြိ) [(၁) ဥ+အန+ဏေ+တိ။ (၂) ဥ+အာ+နီ+အ+တိ။ ဥဒါန်း နောင် ကရိတ်၏ အနက်၌ ဋ္ဌပစ္စည်းသက်၍ ဥဒါနေ-ဟု ဖြစ်၏၊

ဤဝိဘတ်, သ အာဂုံဖြင့် ဥဒါနေသိ–ဟု ပြီးရသည်။ ဥဒါနေသိ– ဥဒါန်းပြုပြီ၊ (ဝါ) ကျူးရင့်ပြီ–ဟုပေး။ အဌ၊သာ၊ဘာသာဋီ၊၁။ ၆၉။] ထွက်ပေါ်စေ၏။ ထုတ်ဆောင်ကျူးရင့်၏။ မြွက်ဆို၏။ ဣမံ ဥဒါနံ ဥဒါနေသိ(ဝိ၊၃။၂) တိ ဣမံ-----အတ္တမနဝါစံ နိစ္ဆာရေသီတိ ဝုတ္တံ ဟောတိ။ ဝိ၊ဋ္ဌ၊၃။၂၃၆။ ဥဒါနေသိ (ပဋိသံ၊၃၃၂)တိ ဥဒါဟရိ။ ပဋိသံ၊ဋ္ဌ၊၂။၂၁၉။ **ဥဒါနေတိ** –မ၊ဋ္ဌ၊၄။၆၉။ သံ၊ဋီ၊၂။၅၀၉။ အံ၊ဋီ၊ ၁။၁၄၇။ **ဥဒါနေန္တိ**– ဒီ၊၃။၁၈၃။ ဒီ၊ဋ္ဌ၊၃။၁၈၃။ **ဥဒါနေမိ** –ဝိ၊၄။၃၄၀။ **ဥဒါနေသိ** – ဝိ၊၃။၁၇၊ ၂၈၆။ ဝိ၊၄။၃၃၉။ ဒီ၊၁။၄၄၊၄၇၊၈၇။ ဒီ၊၂။၇၆၊ ၉၀၊၁၁၃။ မ၊၁။၂၃၅။ မ၊၂။၁၇၆။ သံ၊၁။၁၉၊ ၂၀၊၂၆၊၁၆၂။ သံ၊၂။၄၅။ သံ၊၃။၂၃၀၊၃၇၁။ အံ၊ ၁၊၂။၂၀၈။ အံ၊၃။၁၃၁။ ပဋိသံ၊၃၃၂။ ဥဒါန။ ၇၇၊၁၉၂။ ဝိ၊ဋ္ဌ၊၃။၂၃၆။ ဒီ၊ဋ္ဌ၊၁။၁၂၉။ ဒီ၊ဋ္ဌ၊ ၂။၁၄၇။ မ၊ဋ္ဌ၊၂။၁၀၂။ မ၊ဋ္ဌ၊၃။၇၀။၂၃၈။ အဘိ၊ ဋ္ဌ။၁။၁၂။ ပဋိသံ၊ဋ္ဌ၊၂။၂၁၉။ ဥဒါန၊ဋ္ဌ။၃၅၂။ အံ။ဋီ၊၁။၈၆။

**ဥဒါနေတိ**[၂] (ကြိ) [ ဥဒါန+ဏ္ဍ+တိ] ဥဒါန်း (ဥဒ္ဒါန်း) ပြုလုပ်၏။ အကျဉ်းချုပ်–ခေါင်းစဉ်မာတိကာ–ပြုလုပ်၏။ ဝိညာဏဝဇ္ဇံ သဗ္ဗံ တေဝ ဓမ္မေ ဥဒါနေတိ (ဥဒ္ဒါနေတိ?)။ မူလဋီ၊ ၃။၁၈။ (–အနုဋီ၊၃။၂၂)။

**ဥဒါနေတွာ**[၁] (ကြိ၊ဝိ) [ (၁) ဥ+အန+ဏေ+တွာ။ (၂) ဥ+အာ+နီ+တွာ] ထွက်ပေါ်စေ၍၊ ထုတ်ဆောင်ကျူးရင့်၍၊ မြွက်ဆို၍။ အနေကဇာတိသံသာရန္တိ ဥဒါနံ ဥဒါနေတွာ။ ဒီ၊ဋ္ဌ၊ ၂။၇၉။ အံ၊ဋ္ဌ၊၁။၂၂၄။

**ဥဒါနေတွာ**[၂] (ကြိ၊ဝိ) [ဥဒါန[၂]+ဏ္ဍ+တွာ] ဥဒါန်း (ဥဒ္ဒါန်း) ပြုလုပ်၍၊ အကျဉ်းချုပ်–ခေါင်းစဉ်မာတိကာ–ပြုလုပ်၍။ ဒသပိ စရိယာပိသေသေ ဥဒါနေတွာ နိဂမေတိ။ စရိယာ၊ဋ္ဌ။၁၁၀။ မူလဋီ၊ ၃။၁၈။

**ဥဒါနေန္တ** (တိ) (၁) [ဥ+အန+ဏေ+အန္တ။ (၂) ဥ+အာ+နီ+အ+အန္တ ။ထိ–၌ ဥဒါနေန္တိ။] ထွက်ပေါ်စေသော၊ထုတ်ဆောင်ကျူးရင့်သော၊ မြွက်ဆိုသော၊သူ။ အာယသ္မတော ဘဒ္ဒိယဿ ----- အဘိက္ခဏံ ဥဒါနံ ဥဒါနေန္တဿ။ ဥဒါန။၉၈။ (–။အံ၊ဋ္ဌ၊၂။၂၁၂။) အရဟတ္တံ ပန ပတ္ဘာ ဥဒါနေန္တိ။ ထေရီ၊ဋ္ဌ။၁၅။

**ဥဒါနေန္တိ** (ကြိ) [(၁)ဥ+အန+ဏေ+အန္တိ။ (၂) ဥ+အာ+နီ+ အ+အန္တိ ] ထွက်ပေါ်စေကုန်၏၊ ထုတ်ဆောင်ကျူးရင့် မြွက်ဆိုကုန်၏။ ဥဒါနေတိ[၁]–ကြည့်။

**ဥဒါနေမိ** (ကြိ) [(၁)ဥ+အန+ဏေ+မိ။ (၂) ဥ+အာ+နီ+အ+မိ] ထွက်ပေါ်စေ၏၊ထုတ်ဆောင်ကျူးရင့်မြွက် ဆို၏။ ဥဒါနေတိ[၁]–ကြည့်။

**ဥဒါနေသိ** (ကြိ) [(၁)ဥ+အန+ဏေ+ဤ ။ (၂) ဥ+အာ+နီ+အ+ဤ ] ထွက်ပေါ်စေပြီ၊ ထုတ်ဆောင် ကျူးရင့် မြွက်ဆိုပြီ။ ဥဒါနေတိ[၁]–ကြည့်။။

**ဥဒါနုဒါန** (န)[ ဥဒါန+ဥဒါန] ဝမ်းမြောက်စကားကို ထုတ်ဆောင်ကျူးရင့် မြွက်ဆိုခြင်း။ နစ္စာဒီဟိ ကီဠနံ ဗုဒ္ဓဘာဝံ ပတ္ဘာ ဥဒါနုဒါနဿ (ပုဗ္ဗနိမိတ္တံ)။ ဗုဒ္ဓဝံ၊ဋ္ဌ။ ၁၀၅။

**ဥဒါပ** (ပုန) [ ဥ+အာပ။ ဥ+အာပ+ဏ] တံတိုင်းခြေ။ ဥဒါပေါ ဥပကာရိကာ။ (တောင်ပေါက်မူ) ဓာန်။၂၀၃။ ဥဒ္ဒါပ၊ဥဒ္ဒါပ–တို့လည်းကြည့်။ (တောင်ပေါက်၊ဓာန်၊သျ–၌ သံယုတ်နှင့် တကွရှိသော ဥဒ္ဒါပ၊ဥဒ္ဒါပ–ဟူသောပါဌ်များ မသင့်ကြောင်း မိန့်ဆိုထားသည်။)

**ဥဒါယတိ** (ကာ၊ကြိ) [ဥ+ဏ္ဍ+ဏယ+တိ။ရုပ်ပြီးပုံ စလင်း ဂဏ္ဍီ။၁၁၁–၂ ကြည့်။] ထငေ–ဖြစ်စေ–၏။ ကာရိတေ ဥဒါယတီတိ ရူပံ ဘဝတိ၊ ဥဋ္ဌာပေတီတိ ဟိ အတ္ထော။ နီတိ၊ဓာ၊၂။

သမ္ပယုတ္တဓမ္မေ ဥဒါယတီတိ ဥဒိ၊ ဥဒ္ဓာပေတီတိ အတ္ထော။ ဝိ၊ဋ္ဌ၊၁။၁၁၈။ အဘိ၊ဋ္ဌ၊၁။၂၁၄။ ပဋိသံ၊ဋ္ဌ၊၁။၁၇၁။ ဝိသုဒ္ဓိ၊၁။၁၅၁။ မဟာနိ၊ဋ္ဌ။ ၁၁၆။

**ဥဒါယိတ္ထေရ** (ပု) [ဥဒါယီ+ထေရ] ဥဒါယီထေရ်။ (သာသနာတော်၌ ကာဠုဒါယီ၊မဟာဥဒါယီ၊ လာဠုဒါယီ-ဟု ဥဒါယီထေရ် ၃-ပါးတွေ့ရ၏။) ဥဒါယိတ္ထေရော သတ္ထု နိက္ခန္တဘာဝံ ဉတွာ။ အံ၊ဋ္ဌ၊၁။၂၃၅။ (-ဝိ၊ဋ္ဌ၊၂။၁၃၆။ ဇာ၊ဋ္ဌ၊၇။၂၄၁။) ဥဒါယီ-လည်းကြည့်။

**ဥဒါယိတ္ထေရနာဂ** (ပု) [ဥဒါယိတ္ထေရ+နာဂ] မကောင်းမှု အကုသိုလ်-မရှိ-ကင်းဝေး-သော ကာဠုဒါယီ ထေရ်။ ဥဒါယိတ္ထေရနာဂေန ဒေသိတံ ဗုဒ္ဓနာဂံ ဣတရေ ခီဏာသဝါ နာဂါ ဝိဇာနိံသုန္တိ။ အံ၊ဋ္ဌ၊၃။၁၁၃။

**ဥဒါယိဝဂ္ဂ** (ပု) [ဥဒါယီ+ဝဂ္ဂ] ဥဒါယီဝဂ်။ သံယုတ္တနိကာယ မဟာဝဂ္ဂသံယုတ္တပါဠိ၊၂-သံယုတ်၊၃-ဝဂ်။သံ၊၃။၇၅-၈၀။

**ဥဒါယီ** (ပု) [ဥ+ဒ္ဓ+ဏီ] ဥဒါယီမည်သူ။ (သာသနာတော်၌ ဥဒါယီမည်သူ ၅-ဦးတွေ့ရ၏။ ဥဒါယီမထေရ် ၄-ပါးနှင့် ဥဒါယီပုဏ္ဏားတို့ ဖြစ်ကြသည်။ (က) ကာဠုဒါယီမထေရ်သည် ပဒုမုတ္တရ ဘုရားရှင်လက်ထက် ဟံသာဝတီမြို့၌ ဖြစ်၍ မြတ်စွာဘုရားထံ ကုလပ္ပသာဒက တေဒဂ်ရာထူးကို ပန်ဆင်ပြီး ကုသိုလ် ကောင်းမှု ပြုလုပ်ခဲ့သည်။ နောက်ဆုံးဘဝ၌ ဂေါတမဘုရားအလောင်းတော် ပဋိသန္ဓေ နေသောနေ့မှာပင် ကပိလဝတ်မြို့ အမတ်တစ်ဦး၏နေအိမ်တွင် ပဋိသန္ဓေ ယူခဲ့သည်၊ ဘုရားအလောင်းတော်နှင့် တစ်နေ့တည်း ဖွားမြင်သော ဖွားဘက်တော်တစ်ဦး ဖြစ်သည်။ တစ်မြို့လုံး ဝမ်းသာရွှင်ပျ တက်ကြွသောနေ့၌ ဖွားမြင်သောကြောင့် ဥဒါယီဟု အမည်မှည့်၏။ အနည်းငယ် အသားမည်းသောကြောင့် ကာဠုနှင့် တွဲ၍ ကာဠုဒါယီ ဟု အမည်တွင်သည်။ မြတ်စွာဘုရားအလောင်းတော်နှင့် ကစားဖေါ် ကစားဘက်လည်း ဖြစ်သည်၊ နောင်အခါ မြတ်စွာဘုရားထံ တရားနာရ၍ ဧဟိဘိက္ခု ရဟန္တာအဖြစ်သို့ ရောက်ရှိကာ ဘုရားရှင်အား ရာဇဂြိုဟ်မှ (ဆွေတော် မျိုးတော်တို့ရှိရာ) ကပိလဝတ်သို့ ပင့်ဆောင် ခဲ့ရာတွင် ဆွေတော်မျိုးတော်တို့ ကြည်ညိုသဒ္ဓါ တိုးပွားစေရန် ဟောပြောဆောင်ရွက်မှုကို အကြောင်းပြု၍ ကုလပ္ပသာဒကအရာ၌ တေဒဂ် ထားတော်မူသည်။ အံ၊ဋ္ဌ၊၁။၂၃၃-၆။ ထေရ၊ဋ္ဌ၊၂။၁၆၅-၁၇၃။ ကာဠုဒါယီ-လည်းကြည့်။

(ခ)မဟာဥဒါယီထေရ်၊ကြီးသောကိုယ်ခန္ဓာ ရှိသောကြောင့် မဟာဥဒါယီဟု ခေါ်တွင်သည်၊ ဤမဟာဥဒါယီကို အကြောင်းပြု၍ နိသီဒိုင်အခင်း၏ အမြိတ်အဆာကို ခွင့်ပြုတော်မူသည်။ ဝိ၊၂။၂၂၁။ ဒီ၊ဋီ၊၃။၈၆။ မဟာဥဒါယီကိုပင် ပဏ္ဍိတဥဒါယီထေရ် ဟုလည်း ဖွင့်ဆိုသည်ကို တွေ့ရသည်။ မ၊ဋ္ဌ၊၃။၈၀။ သံ၊ဋ္ဌ၊၃။၁၂၀။ ဤမဟာဥဒါယီထေရ်သည် ကပိလဝတ်ပြည်ဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၍ ဆွေတော်မျိုးတော် ပရိသတ်၌ ပြအပ်သော မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ကို ဖူးမြင်ရကာ သဒ္ဓါတရားဖြစ်ပွား၍ ရဟန်း ပြုလျက် ဝိပဿနာတရား အားထုတ်ရာ မကြာမြင့်မီပင် ရဟန္တာအဖြစ်သို့ ရောက် ရှိလေသည်။ နာဂေါပမသုတ်အဆုံး၌ မိမိ၏ ဉာဏ်စွမ်းအလျောက် မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို ဆင်ခြင်အောက်မေ့ကာ ဂါထာတို့ဖြင့် ဖွဲ့သီ ချီးကျူးခဲ့လေသည်။ ထေရ၊ဋ္ဌ၊၂။၂၅၈။ နာဂသုတ်အဖွင့် အင်္ဂုတ္တရ(အံ၊ဋ္ဌ၊၃။၁၁၀)၌ကား ထိုသို့ချီးကျူးသော ပုဂ္ဂိုလ်မှာ

ကာဠုဒါယီဖြစ်သည်ဟု မိန့်ဆိုထားသည်။

(ဂ) လာဠုဒါယီ(လာလုဒါယီ) မထေရ်။ ထိုမထေရ်သည် ကောဝရိယ၏ သားဖြစ်၏။ ထေရ၊ဋ္ဌ၊၂။၂၅၈။ သေယျသကရဟန်း၏ ဥပဇ္ဈာယ်ဆရာတည်း။ တုန်လှုပ်သောသားကောင်နှင့်တူ၏။ အိပ်ခြင်း၌ မွေ့လျော်သော လျပ်ပေါ်လော်လီသော ရဟန်းတို့တွင် တစ်ဦးဖြစ်သည်။ ဝိ၊ဋ္ဌ၊၂။၁၀၅။ ဤလာဠုဒါယီကို အကြောင်းပြု၍ မြတ်စွာဘုရားသည် သိက္ခာပုဒ်များစွာ ပညတ်တော်မူခဲ့ရသည်၊ ၎င်းသိက္ခာပုဒ်တို့မှာ ကာယသံသဂ္ဂ သိက္ခာပုဒ် (ဝိ၊၁။၁၇၂-၃)၊ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ် (ဝိ၊၁။၁၈၆-၇)၊ အတ္တကာမ ပါရိစရိယသိက္ခာပုဒ် (ဝိ၊၁။၁၉၂-၄)၊ သဉ္စရိတ္တသိက္ခာပုဒ် (ဝိ၊၁။၁၉၉၊၂၀၀)၊ ပထမ အနိယတသိက္ခာပုဒ် (ဝိ၊၁။၂၈၅-၆)၊ ဒုတိယ အနိယတသိက္ခာပုဒ် (ဝိ၊၁။ ၈၉၊၂၉၀)၊ ပုရာဏစီဝရသိက္ခာပုဒ် (ဝိ၊၁။၃၀၆-၇)၊ စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်(ဝိ၊၁။၃၀၈-၃၁၀)၊ ဓမ္မဒေသနာသိက္ခာပုဒ်(ဝိ၊၂။၃၂-၃)၊ စီဝရသိဗ္ဗနသိက္ခာပုဒ်(ဝိ၊၂။၈၅-၆)၊ ရဟောနိသဇ္ဇသိက္ခာပုဒ် (ဝိ၊၂။၉၃-၄)၊ သဉ္စိစ္စသိက္ခာပုဒ် (ဝိ၊၂။၁၆၃-၄) တို့ဖြစ်သည်။ (ဃ) သံဃာအား ပါတိမောက်ရွတ်ပြသော ကျီးကန်း အသံကဲ့သို့ အသံရှိသော ဥဒါယီရဟန်း။ (င) ဥဒါယီမည်သော ပုဏ္ဏား။

တယော ထေရာ ဥဒါယီ နာမ လာဠုဒါယီ ကာဠုဒါယီ မဟာဥဒါယီတိ။ ဒီ၊ဋ္ဌ၊၃။၈၇။ (-ထေရ၊ဋ္ဌ၊၂။၂၅၈။အံ၊ဋ္ဌီ၊၃။၃၀၄။) (က) ဝေ ဝုတ္တေ အာယသ္မာ ဥဒါယီ ဘဂဝန္တံ ဧတဒဝေါစ။ အံ၊၂။၃၀၃။ အာယသ္မာ ဥဒါယီတိ ပဋိသမ္ဘိဒါပတ္တော ကာဠုဒါယီတ္ထေရော။ အံ၊ဋ္ဌ၊၃။၁၁၀။ သကလနဂရဿ ဥဒဂ္ဂစိတ္တဒိဝသေ ဇာတောတိ ဥဒါယီတွေဝ နာမံ အကံသု။ ထောကံ ကာဠဓာတုကတ္တာ ပန ကာဠုဒါယီ နာမ ဇာတော။ အံ၊ဋ္ဌ၊၁။၂၃၄။ ထေရ၊ဋ္ဌ၊၂။၁၆၅။ (-အံ၊၃။၂၄၂။ အံ၊ဋ္ဌ၊၃။၂၈၃။ ဗုဒ္ဓဝံ၊ဋ္ဌ၊၂၈၃၇။) (ခ) အာယသ္မာ ဥဒါယီ ဘဂဝန္တံ ဧတဒဝေါစ။ ဒီ၊၃။၉၅။ ဣမ မဟာဥဒါယီ အဓိပ္ပေတော။ ဒီ၊ဋ္ဌ၊၃။၈၇။ ဥဒါယီတိ နာမံ မဟာသရီရတာယ ပန ထေရော မဟာဥဒါယီတိ ပညာယိတ္ထ။ ဒီ၊ဋ္ဌီ၊၃။၈၆။ (-ဝိ၊၂။၂၂၁။ မ၊၂။၅၉၁၁၁။ သံ၊၂။၄၂၃။ မ၊ဋ္ဌ၊၃။၈၀၁၁၄။ သံ၊ဋ္ဌ၊၃။၁၂၀။) (ဂ) အဒ္ဒသ ခေါ အာယသ္မာ ဥဒါယီ အာယသ္မန္တံ သေယျသကံ။ ဝိ၊၁။၁၅၁။ ဥဒါယီတိ တဿ ထေရဿ နာမံ၊ အယဉ္စ သေယျသကဿ ဥပဇ္ဈာယော လာဠုဒါယီ နာမ။ ဝိ၊ ဋ္ဌ၊၂။၁၀၅။ (-မ၊၃။၂၅၁။ မ၊ဋ္ဌ၊၄။၁၈၁။) (ဃ) အာယသ္မာ ဥဒါယီ သံဃဿ ပါတိမောက္ခုဒ္ဒေသကော ဟောတိ ကာကဿရကော။ ဝိ၊၃။၁၅၅။ (င) အထခေါ ဥဒါယီ ဗြာဟ္မဏော ယေန ဘဂဝါ တေနုပသင်္ကမိ။ အံ၊၁။၃၅၂။

**ဥဒါယီသုတ္တ** (န) [ဥဒါယီ+သုတ္တ] ဥဒါယီသုတ်။ (ဥဒါယီအမည်နှင့် ၅-သုတ် တွေ့ရ၏။ ၂-သုတ်၌သာ ဥဒါယီပုဏ္ဏား၊ လာဠုဒါယီမထေရ်-ဟု အမည်သီးခြား တွေ့ရ၍ ကျန် ၃-သုတ်၌ မည်သည့် ဥဒါယီ ဟု မတွေ့ရ။

သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော်လာ ဥဒါယီသုတ်၌ အရှင်ဥဒါယီက အရှင်အာနန္ဒာအား "မြတ်စွာဘုရားသည် ဤကာယကို အနတ္တဟု ဟောကြားသကဲ့သို့ ဝိညာဏ်ကိုလည်း အနတ္တဟု ဟောကြားပညတ်ခြင်းငှါ တတ်ကောင်းပါ၏လော" ဟု မေးမြန်းရာ ထိုကဲ့သို့ဟောကြားရန် တတ်ကောင်းကြောင်း အကျယ် ဖြေဆိုထားသည်။ ဤသုတ်၌ အနိစ္စဖြင့် အနတ္တလက္ခဏာကို ဟောတော်မူသည်။ သံ၊၂။၃၇၅-၇။ သံ၊ဋ္ဌ၊၃။၅၀။

မဟာဝဂ္ဂသံယုတ် ပါဠိတော်လာ ဥဒါယီသုတ်၌ အရှင်ဥဒါယီသည် မြတ်စွာ

ဘုရားအထံတော်မှ ခန္ဓာ ငါးပါး ရုပ်နာမ်နှင့် စပ်သော တရားကို နာရ၍ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ ဖြစ်မှုပျက်မှုကို သုံးသပ်ဆင်ခြင်ကာ သစ္စာလေးပါးကို သိမြင်ရကြောင်း၊ "ခီဏာ ဇာတိ" စသော ပစ္စဝေက္ခဏာဉာဏ်အကျိုးငှါ ကပ်၍ဆောင်နိုင်သော ဝိပဿနာလမ်းစဉ်နှင့် ဗောဇ္ဈင်တရားတို့ကို ရရှိကြောင်းကို အရှင် ဥဒါယီက မြတ်စွာဘုရားအား လျှောက်ထားသည်။ သံ၊၃။၇၉-၈၀။

အင်္ဂုတ္တရနိကာယ၊ စတုက္ကနိပါတ ပါဠိတော်လာ ဥဒါယီသုတ်၌ ဥဒါယီပုဏ္ဏားက မေးသဖြင့် မြတ်စွာဘုရားသည် ကိုယ်တော်မြတ် ချီးမွမ်းအပ်သော ယညနှင့် မချီးမွမ်းအပ်သော ယညကို ခွဲခြား၍ ဟောကြားတော်မူသည်။ အံ၊ ၁။၃၅၂-၃။

အင်္ဂုတ္တရနိကာယ၊ ပဥ္စကနိပါတ ပါဠိတော်လာဥဒါယီသုတ်၌ "အရှင်ဥဒါယီသည် များစွာသော လူပရိသတ်ခြံရံလျက် တရား ဟောနေပါကြောင်း" အရှင်အာနန္ဒာက မြတ်စွာ ဘုရားအားလျှောက်ထားရာ မြတ်စွာဘုရားက "သူတပါးအား တရားဟောရန် မလွယ် ကူကြောင်း၊ သူတပါးကို တရားဟောသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ တရားငါးမျိုးဖြစ်စေ ၍ ဟောရမည်ဖြစ်ကြောင်း "ဟောတော် မူသည်။ အံ၊၂။၁၆၂။

အင်္ဂုတ္တရနိကာယ၊ ဆက္ကနိပါတ ပါဠိတော်လာ ဥဒါယီသုတ်၌ မြတ်စွာဘုရားက လာဠုဒါယီအား အနုဿတိဋ္ဌာနကို မေးတော် မူရာ အလိုတော်ကျအောင် မဖြေနိုင်၍ အရှင် အာနန္ဒာအား တဖန်မေးတော်မူရာ အရှင် အာနန္ဒာက အနုဿတိဋ္ဌာနတို့ကို ဖြေဆိုသည်။ အံ၊၂။၂၈၄-၆။

**ဥဒါဝတ္တ** (ကြိ၊ဝိ) [ဥ+အာ+ဝတု(ဝတ္တ)+တွာ။ တမုဒါဝတ္တိတွာ-ဟုဆိုလိုလျက် ဆန်းကြောင့် တမုဒါဝတ္တ-ဟု ရှိနေသည်။] ပြန်လည်၍၊ ပြန်နစ်၍။ တမုဒါဝတ္တ ကလျာဏီ(ဇာ၊၂။ ၁၅) တိ တံ ကေသေ ပရာမသိတ္វာ ဌိတံ ဣသိံ ဥဒါဝတ္တိတွာ နိဝတ္တိတွာ။ ဇာ၊ဋ္ဌ၊၅။၁၆၉။ ဥဒါဝတ္တာတိ ဣဒံ တွာပစ္စယန္တပဒံ၊ ဥဒသဒ္ဒေါ စ နိပါတမတ္တော၊ တေနာဟ ဥဒါဝတ္တိတွာ နိဝတ္တိတွာတိ။ ဇာ၊ဋီ၊သစ်၊ယံ၊ကျော။

**ဥဒါဝတ္တိတွာ** (ကြိ၊ဝိ) [ဥ+အာ+ဝတု(ဝတ္တ)+တွာ] ပြန်လည်၍၊ပြန်နစ်၍။ အထက်ပုဒ်ကြည့်။

**ဥဒါသိနတ္တ** (န) [ဥဒါသိန+တ္တ] လျစ်လျူရှုသည်၏ အဖြစ်။ ပကတိယာပိ ဥဒါသိနတ္တာ သာတိသယံ တတ္ထ မဇ္ဈတ္တတာ သဏ္ဌာတိ။ ဝိသုဒ္ဓိ၊ဋီ၊၁။၃၇၅-၆။

**ဥဒါသိနဝုတ္တိ** (ထီ) [ဥဒါသိန+ဝုတ္တိ ] လျစ်လျူရှုသောအားဖြင့် ဖြစ်ခြင်း။ ပိယာဒိ-ဘေဒေသု သဗ္ဗသတ္တေသု ဥဒါသိနဝုတ္တိယာ သမဘာဝသောဝ ဒဿနကိစ္စာ။ ဝိသုဒ္ဓိ၊ဋီ၊ ၁။၃၈၀။

**ဥဒါသိ(သီ)န** (တိ)[ဥ+အာသ+တ။တ-ကို ဤန-ပြု။ ဝိ၊ပိ၊ဓာန်။] (ဖေါ်ပြလတ္တံ့သောပါဠိဝါကျတို့၌ "သိ၊သီ"ဟု ရဿ ဒီဃနှစ်မျိုး တွေ့ရသော်လည်း ထောမနိဓိ၊ အမရကောသတို့နှင့် သက္ကတအင်္ဂလိပ် အဘိဓာန်တို့၌ ဒီဃနှင့် ချည်းရှိသည်။) လျစ်လျူရှုသော၊ ချစ်ခြင်း, မုန်းခြင်း, ဝမ်းမြောက်ခြင်း, စိုးရိမ်ပူပန်ခြင်း မရှိဘဲ အလယ်အလတ် သဘောရှိသော၊သူ။ ယော ပန ဒွိသုပိ ဝတ္တူသု မဇ္ဈတ္တော ဥဒါသိနော။ ဒီ၊ဋ္ဌ၊၂။၃၈၅။ မ၊ဋ္ဌ၊၁။၃၀၃။ မဇ္ဈတ္တဝေဒနာ သုခါကာရေ ဒုက္ခာကာရေ စ ဥဒါသိနာ ဟောတိ။ မူလဋီ၊၁။၄၁။ ဥဒါသိနာတိ နတိအပနတိရဟိတာ။ အနုဋီ၊၁။၄၄။ အညဒတ္ထု ဥဒါသိနော၀ ဘဝေယျ။ ဝိသုဒ္ဓိ၊၂။၂၈၄။ (-

မင္ဋ၊၁။၁၀၅။ ဣတိဝုတ်၊ဋ္ဌ။၈၇၊၂၅၇။ ထေရ၊ဋ္ဌ၊၁။၁၁၉။ စူဠနိ၊ဋ္ဌ၊၉၉။ သာရတ္ထ၊၁။၄၅၆။ သံ၊ဋီ၊၂။၂၄၅။ ဝိသုဒ္ဓိ၊ဋီ၊၁။၃၇၅။ ဝိသုဒ္ဓိ၊ဋီ၊၂။၄၅၉။ နေတ္တိ၊ဋီ။၁၁၇။)

**ဥဒါသီနစိတ္တ** (တိ) [ဥဒါသီန+စိတ္တ] လျစ်လျူရှုသော စိတ်ရှိသော၊သူ။ ပမုဒိတော၀ ဒေတိ အာဒရဇာတော၊ န ဥဒါသီနစိတ္တော။ သီ၊ဋီ၊သစ်၊၁။၂၅၅။

**ဥဒါသီ(သိ)နတာ** (ထီ) [ဥဒါသီ(သိ)န+တာ ] လျစ်လျူရှုသည်၏အဖြစ်။ ဥပေက္ခာနုဗြူဟနာ သတ္တသင်္ခါရေသု ဥဒါသီနတာပိ အသင်္ခတာ-မိဂမဿ ဥပါယော။ မဋီ၊၁။၁၉၂။ မဇ္ဈတ္တပုဂ္ဂလံ အနုဿရန္တဿ ဥဒါသီနတာ သဏ္ဌာတိ။ ဝိသုဒ္ဓိ၊ဋီ၊၁။၃၇၃။ (-ဝိသုဒ္ဓိ၊ဋီ၊၂။၄၅၉။)

**ဥဒါသီနဓာတုက** (တိ) [ဥဒါသီန+ဓာတု+က ] လျစ်လျူရှု သောသဘောရှိသော၊သူ။ တသ္မာ သော သရီရဇဂ္ဂနေပိ ဥဒါသီနဓာတုကော၀။ ဥဒါန၊ဋ္ဌ။၁၄၉။

**ဥဒါသီ(သိ)နပက္ခ** (ပု) [ဥဒါသီ(သိ)န+ပက္ခ] (၁)လျစ်လျူရှုသောအဖို့။ (တိ)(၂) လျစ်လျူရှုသောအဖို့ရှိသော။ (၁)ပကတိယာ သဘာဝေန ဣမဿ ဘိက္ခုနော ဥဒါသီနပက္ခေ ဋ္ဌိတော။ ဝိသုဒ္ဓိ၊ဋီ၊၁။၃၇၅။ (တိ) (၂) အလောဘေန စေတ္တ သကပက္ခေသု သတ္တသင်္ခါရေသု နိဗ္ဗုတော ဟောတိ။-----အမောဟေန ဥဒါသီနပက္ခေသု။ အဘိ၊ဋ္ဌ၊၁။၁၇၃။ ဝိသုဒ္ဓိ၊ဋီ၊၁။၁၃၆။ (-မဟာနိ၊ဋ္ဌ။၁၅၁။ မူလဋီ၊၁။၉၁။)

**ဥဒါသီနပုဂ္ဂလ** (ပု) [ဥဒါသီန+ပုဂ္ဂလ ] လျစ်လျူ ရှုသော ပုဂ္ဂိုလ်။ အထ ဥဒါသီနပုဂ္ဂလော ဟောတိ။ စရိယာ၊ဋ္ဌ။၂၈၄။ ဒီ၊ဋီ၊၁။၇၅။ သီ၊ဋီ၊သစ်၊၁။၂၆၁။

**ဥဒါဟဋ** (တိ) [ဥ+အာ+ဟရ+တ] ထုတ်ဆောင်အပ်သော။ ဥဒါဟဋမ္ပိ အနုဒါဟဋ-သဒိသမေ၀။ အဘိ၊ဋ္ဌ၊၃။၂၁၀။ (-အံ၊ဋ္ဌ၊၃။၅၉။ ဝိမတိ၊၁။၂၆၉။ ဝိမတိ၊၂။ ၂၆၂။)

**ဥဒါဟဋဂါထာ** (ထီ) [ဥဒါဟဋာ+ဂါထာ] ထုတ်ဆောင်အပ်သောဂါထာ။ ဣမာ ဥဒါဟဋဂါထာ ဝိယ။ နေတ္တိ၊ဋီ။၁၃၀။

**ဥဒါဟဋဝေလာ** (ထီ) [ဥဒါဟဋာ+ဝေလာ] ထုတ်ဆောင် အပ်ရာ အခါ။ ယဿ ပုဂ္ဂလဿ သဟ ဥဒါဟဋဝေလာယ ဓမ္မာဘိသမယော ဟောတိ။ အဘိ၊ပု။၁၄၇။ ဒီ၊ဋ္ဌ၊၂။၆၀။ မ၊ဋ္ဌ၊၂။၈၅။ သံ၊ဋ္ဌ၊၂။၄။ မဟာနိ၊ဋ္ဌ။၃၃၈။ သဟ ဥဒါဟဋဝေလာယာတိ ဥဒါဟာရေ ဥဒါဟဋ-မတ္တေယေ၀။ အဘိ၊ဋ္ဌ၊၃။၇၃။ အံ၊ဋီ၊၂။၃၃၄။ (-ဒီ၊ဋီ၊၂။၆၄။ မူလဋီ၊၃။၄၁။)

**ဥဒါဟရဏ** (န) [ဥ+အာ+ဟရ+ယု] (က) ထုတ်ဆောင်-မြွက်ဆို-ညွှန်ပြ-ခြင်း။ (ခ) ထုတ်ဆောင်အပ်သော- ဥဒါဟရုက်-ပြယုဂ်-ပုံစံ-သက်သေ-အထောက်အ ထား။ (က) သမယသဒ္ဒဿ အတ္ထုဒ္ဓါရေ အဘိသမယ-သဒ္ဒဿ ဥဒါဟရဏံ ဝုတ္တနယေနေ၀ ဝေဒိတဗ္ဗံ။ မဋီ၊၁။၃၅။ အံ၊ဋီ၊၁။၃၄။ (-မဋီ၊၂။၁၄၆။ အံ၊ဋီ၊၃။၆၀။) ဝေံ အဿာဒါဒယော ဥဒါဟရဏ-ဝသေန သရူပတော ဒဿေတွာ။ နေတ္တိ၊ဋ္ဌ။၄၆။ ဥဒါဟရဏဝသေနာတိ နိဒဿနဝသေန။ နေတ္တိ၊ဋီ။၄၃။ ဥဒါဟရဏဝသေနာ (နေတ္တိ၊ဋ္ဌ။၂၄၉)တိ နိဒဿနဝသေန ဧကဒေသ-ဒဿနဝသေနာတိ အတ္ထော။ နေတ္တိ၊ဋီ။၁၃၉။ ဥဒါဟရဏဝသေနာ (မူလဋီ၊၁။၄၇) တိ နိဒဿနဝသေန၊ န နိရဝသေသဒဿန-ဝသေန။ အနုဋီ၊၁။၄၉။ (-အနုဋီ၊၂။၁၄၃။) (ခ) န ဟိ သက္ကာ ဝေံ ဝုတ္တေ ပရဝါဒိနာ သဟဓမ္မိကံ ဥဒါဟရဏံ ဥဒါဟရိတုံ။ အဘိ၊ဋ္ဌ၊၁။၃၁။(-အဘိ၊ဋ္ဌ၊၃။၁၄၈၊၂၁၇။)

**ဥဒါဟရဏဃောသ** (ပု) [ဥဒါဟရဏ+ဃောသ] ထုတ်ဆောင်- မြွက်ဆို-ကျူးရင့်-အပ်သော အသံ။ ဝါက္ကရဏန္တိ ဥဒါဟရဏဃောသော။ ဒီ၊ ဋ္ဌ၊၁။၂၅၂။ မဋ္ဌ၊၃။၂၈၆။ ဝါတာဝ ကရဏံ--- -ဥဒါဟရဏဃောသောတိ ဝုတ္တံ။ ဝစီဘေဒ- သဒ္ဒေါတိ အတ္ထော။ သီ၊ဋီ၊သစ်၊၂။၂၈၆။(- သာရတ္ထ၊၃။၁၈၁။ ဝိမတိ၊၂။၂၁။ မဋီ၊၃။၁၉၁။)

**ဥဒါဟရဏတ္ထ** (တိ) [ဥဒါဟရဏ+အတ္ထ] ထုတ်ဆောင်-ညွှန်ပြ-ခြင်းအနက်ရှိသော။ နိဒဿနတ္ထေနာတိ ဥဒါဟရဏတ္ထေန။ အနုဋီ၊ ၂။၈။

**ဥဒါဟရဏဒဿန** (နု) [ဥဒါဟရဏ+ဒဿန] ဥဒါဟရုဏ်-ပြယုဂ်-ပုံစံ-သက်သေ-ကိုပြခြင်း။ ယထာတိအာဒိ ဥဒါဟရဏဒဿနေန ယထာ- ၀ုတ္တဿ အတ္ထဿ ပါကဋကရဏံ။ အနုဋီ၊ ၃။၁၄။ (-အနုဋီ၊၂။၁၃၁၊၂၁၄။ အနုဋီ၊၃။၂၇၊ ၃၀၂။)

**ဥဒါဟရဏဒဿနတ္ထ** (ပု) [ ဥဒါဟရဏဒဿန+ အတ္ထ] ဥဒါဟရုဏ်-ပြယုဂ်-ပုံစံ-သက်သေ- ကိုပြခြင်းအကျိုး။ ယထာကထံ ဝိယာတိ အတ္ထိဘာဝဿ ဥဒါဟရဏဒဿနတ္ထံ ပုစ္ဆာ။ ပဋိသံ၊ဋ္ဌ၊၂။၃၀၅။

**ဥဒါဟရဏဒေါသ**(ပု) [ဥဒါဟရဏ+ဒေါသ] ဥဒါ- ဟရုဏ်-ပြယုဂ်-ပုံစံ-၏အပြစ်။ နု ကိဉ္စိ ဓာတန္တိ ပဋိညာဒေါသ ဟေတုဒေါသဥဒါဟရ- ဏဒေါသဒုဋ္ဌဒေါသတာယ နု ကိဉ္စိဓာတံ။ မ၊ ဋီ၊၃။၁၁၃။

**ဥဒါဟရဏပုဗ္ဗက** (တိ) [ဥဒါဟရဏ+ပုဗ္ဗ+က] ဥဒါဟရုဏ်လျှင် ရှေ့သွားရှိသော။ တထာ ပန နိဒ္ဒိသန္တော ဥဒါဟရဏပုဗ္ဗကံ ဟေတုံ ဒဿေတုံ ယထာနာမာတိအာဒိ ဝုတ္တံ။ မဋီ၊၃။၂၈၆။

**ဥဒါဟရဏမတ္တ** (တိ) [ဥဒါဟရဏ+မတ္တ ] ဥဒါဟရုဏ်-ပြယုဂ်-ပုံစံ-မျှဖြစ်သော။ ဘာယာဝ အနုပါယိနီတိ ဣဒံ သုခါနုဂမနဿ ဥဒါ- ဟရဏမတ္တံ။ နေတ္တိ၊ဋီ၊၁၀၄။ (-အနုဋီ၊၃။၄၁။ နေတ္တိ၊ဋီ၊၁၃၉။)

**ဥဒါဟရဏယုတ္တဝါဒ** (ပု) [ဥဒါဟရဏယုတ္တ+ ဝါဒ] ဥဒါဟရုဏ်နှင့်ယှဉ်သော-အယူ-ဝါဒ။ ကာရဏဝါဒါတိ ဥဒါဟရဏယုတ္တဝါဒံ ဝဒါ- မာတိ ကထေန္တာ။ မဟာနိ၊ဋ္ဌ။၂၄၆။

**ဥဒါဟရဏသာဓမ္မိယ** (နု) [ဥဒါဟရဏ+ သာဓမ္မိယ] ဥဒါဟရုဏ်နှင့်-တူသော သဘော ဂုဏ်လက္ခဏာရှိသည်၏-တူသည်၏-အဖြစ်။ ဥဒါဟရဏသာဓမ္မိယာ သာဓျသာဓနံ ဟေတု။ ဝိသုဒ္ဓိ၊ဋီ၊၂။၂၆၇။

**ဥဒါဟရဏသုတ္တ** (နု) [ဥဒါဟရဏ+သုတ္တ] ထုတ်ဆောင် အပ်သော-သုတ်-ပါဠိ။ ဝိရဋ္ဌိတတ္ထံ - ----ဥဒါဟရဏသုတ္တာနံ၊လက္ခဏာနုရူ သဗ္ဗသော။ နေတ္တိ၊ဋ္ဌ။၂၇၅။ ဥဒါဟရဏ- သုတ္တသင်္ခါတံ ပါဠိံ တသ္မိံ တသ္မိံ လက္ခဏ- ဘူတေ နေတ္တိဂန္ထေ သမ္မဒေဝ နိယော- ဇေန္တော။ နေတ္တိ၊ဋီ၊၁၆။

**ဥဒါဟရဏာဘာဝ** (ပု) [ဥဒါဟရဏ+အဘာဝ] ဥဒါဟရုဏ်-ပုံစံ-၏မရှိခြင်း။ ဝေဝမ္မိ နု သိဇ္ဈတိ ဥဒါဟရဏာဘာဝတော။ အနုဋီ၊၃။၆၃။

**ဥဒါဟရတိ** (ကြိ) [ဥ+အာ+ဟရ+အ+တိ] ထုတ်ဆောင်၏၊ မြွက်ဆို၏၊ပြောဆို၏။ နု ယာဝ ဘဂဝါ ဘိက္ခုသံဃံ အာရဗ္ဘ ကိဉ္စိဒေဝ ဥဒါဟရတိ။ ဒီ၊၂။၈၅။ သံ၊၃။၁၃၃။ (-အံ၊ ၁။၅၁၀။) နု ဥဒါဟရတီတိ ပစ္စိမံ ဩဝါဒံ နု ဒေတိ။ ဒီ၊ဋ္ဌ၊၂။၁၃၇။သံ၊ဋ္ဌ၊၃။၂၃၇။ **ဥဒါဟရန္တိ-** မဋ္ဌ၊၁။၇၂။ သံ၊ဋ္ဌ၊၂။၄၀။ ဇာ၊ဋ္ဌ၊၂။၁၅၉။ သံ၊ ဋီ၊၂။၃၄၂။ ဝိသုဒ္ဓိ၊ဋီ၊၂။၂၃၈။ **ဥဒါဟရေယျ-** ဝိ၊၃။၂၅၈။ ဝိ၊၄။၄၂၉။ သံ၊၃။၁၃၃။ အံ၊၂။၁၇၁။ သုတ္တနိ။ ၃၃၇။ သုတ္တနိ၊ဋ္ဌ၊၂။၁၀၅။ **ဥဒါဟရိ-**

အပ၊၁။၇၀။ အပ၊၂။၉။ အပ၊၄၊၂။၂၇။ **ဥဒါဟာသိ**- ဇာ၊၄၊၂။၂၉၃။ **ဥဒါဟရိံသု**- အံ၊၄၊၂။၂၀၈။ **ဥဒါဟရိဿတိ**- သံ၊၃။၁၃၃။ နေတ္တိ၊၄။၃၅။

**ဥဒါဟရန္တ** (တိ) [ဥ+အာ+ဟရ+အန္တ ] ထုတ်ဆောင်-မြွက်ဆို-သော၊သူ။ သမ္မာဒိဋ္ဌိ-သဟဂတေန စိတ္တေန"အတ္ထိ ဒိန္န"န္တိအာဒိနိ ဥဒါဟရန္တဿ ကမ္မံ မနောကမ္မံ ဟောတိ။ အဘိ၊၄၊၁။၁၃၇။ (-ထေရ၊၄၊၂။၄၀၅။ နေတ္တိ၊၄။၁၄၁၊၂၆၉။ ဇာ၊၄၊၃။၂၇၁။ နေတ္တိ၊ဋီ။၂၁၉၊၃၄၇။)

**ဥဒါဟရန္တိ** (ကြိ) [ ဥ+အာ+ဟရ+အန္တိ ] ထုတ်ဆောင်-မြွက်ဆို-ပြောဆို-ကုန်၏။ ဥဒါဟရတိ-ကြည့်။

**ဥဒါဟရိံသု** (ကြိ) [ ဥ+အာ+ဟရ+ဉုံ ] ထုတ် ဆောင်-မြွက်ဆို-ပြောဆို-ကုန်ပြီ။ ဥဒါဟရတိ-ကြည့်။

**ဥဒါဟရိ** (ကြိ) [ ဥ+အာ+ဟရ+ဤ ] ထုတ်ဆောင်-မြွက်ဆို-ကျူးရင့်-ပြီ။ ဥဒါဟရတိ-ကြည့်။

**ဥဒါဟရိတ** (တိ) [ ဥ+အာ+ဟရ+တ ] ထုတ်ဆောင်အပ်သော။ ပါဠိယာ သာမန္တံ ဥဒါ-ဟရိတဘာဝဿ ပစ္စက္ခတော ဝိညာယ-မာနတ္တာ။ သီ၊ဋီ၊သစ်၊၁။၅၃။

**ဥဒါဟရိတဗ္ဗ** (တိ) [ ဥ+အာ+ဟရ+တဗ္ဗ ] ထုတ်ဆောင်-မြွက်ဆို-အပ်သော။ တဒဟု-ပေါသထေ စာတုဒ္ဒသေ ဝါ ပန္နရသေ ဝါ တဿိ ပုဂ္ဂလေ သမ္မုခီဘူတေ သံဃမဇ္ဈေ ဥဒါဟရိတဗ္ဗံ။ ဝိ၊၄။၄၂၉။ (-ဥဒါန၊၄။၁၁၂။ နေတ္တိ၊၄။၉၂။ ဝိမတိ၊၂။၂၆၂။ ကင်္ခါ၊ဋီ။၁၁၀။ သီ၊ဋီ၊သစ်၊၁။၁၈၀။ မ၊ဋီ၊၁။၁၉၈၊၂၆၉။ ဝိသုဒ္ဓိ၊ဋီ၊၁။၂၂၀။)

**ဥဒါဟရိတုံ** (ကြိ၊ဝိ) [ ဥ+အာ+ဟရ+တုံ ] ထုတ်ဆောင်ခြင်းငှါ။ န ဟိ သက္ကာ ဧဝံ ဝုတ္တေ ပရဝါဒိနာ သဟဓမ္မိကံ ဥဒါဟရဏံ ဥဒါဟရိတုံ။ အဘိ၊၄၊၁။ ၃၁။

**ဥဒါဟရိတွာ** (ကြိ၊ဝိ) [ ဥ+အာ+ဟရ+တွာ ] ထုတ် ဆောင်-မြွက်ဆို-၍။ ဥဋ္ဌာရတနံ ပုညဝိပါကံ ဥဒါဟရိတွာ။ ဣတိဝုတ်၊၄။၇၂။ အံ၊ဋီ၊၃။၁၈၂။ (-ဇာ၊၄၊၂။၆၀။)

**ဥဒါဟရိဿတိ** (ကြိ) [ဥ+အာ+ဟရ+ဿတိ ] ထုတ်ဆောင်-မြွက်ဆို-လတ္တံ့-လိမ့်မည်။ ဥဒါဟရတိ-ကြည့်။

**ဥဒါဟရိ(ရိ)ယတိ** (ကမ္မ၊ကြိ) [ဥ+အာ+ဟရ+ယ+တေ] ထုတ်ဆောင်-မြွက်ဆို-အပ်၏။ သပ္ပဋိတိ သဒ္ဒေါ၊ ဥဒါဟရိယတီတိ အတ္ထော။ အဘိ၊၄၊၂။၄၂။ ဝိသုဒ္ဓိ၊၂။၁၁၂။ အနုပသဂ္ဂဿ သုတသဒ္ဒဿ အတ္ထုဒ္ဒါရေ သဉပသဂ္ဂေါပိ ဥဒါဟရိယတိ။ ဣတိဝုတ်၊၄။၂၁။ (-မ၊ဋီ၊၂။၁၄၆။ အံ၊ဋီ၊၃။၆၀။ မူလ၊ဋီ၊၂။၃၄။ နေတ္တိ၊ဋီ။၁၀၅။ ဝိသုဒ္ဓိ၊ဋီ၊၂။၈၇၊၁၇၁။) **ဥဒါဟရိယန္တိ**-အနု၊ဋီ၊၂။၁၁၀။ **ဥဒါဟရိယိဿတိ**-နေတ္တိ၊ဝိ။၄၉။

**ဥဒါဟရိယန္တိ** (ကမ္မ၊ကြိ) [ဥ+အာ+ဟရ+ယ+အန္တေ] ထုတ်ဆောင်-မြွက်ဆို-အပ်ကုန်၏။ ဥဒါဟရိယတိ-ကြည့်။

**ဥဒါဟရိယိဿတိ** (ကမ္မ၊ကြိ) [ဥ+အာ+ဟရ+ယ+ဿတေ] ထုတ်ဆောင်-မြွက်ဆို-အပ်လတ္တံ့။ ဥဒါဟရိယတိ-ကြည့်။

**ဥဒါဟရေယျ** (ကြိ) [ဥ+အာ+ဟရ+ဧယျ] ထုတ်ဆောင်-မြွက်ဆို-ပြောဆို-ရာ၏။ ဥဒါဟရတိ-ကြည့်။

**ဥဒါဟာရ** (ပု) [ ဥ+အာ+ဟရ+ဏ ] ဥဒါန်း စကား၊ဝမ်းမြောက်နှစ်သက် မြွက်ဆိုအပ်သော

စကား၊ ပီတိအဟုန်ကြောင့် ကျူးရင့်မြွက်ဆိုအပ်သော စကား။ ဥဒါဟာရ(ပဋိသံ၊ဋ္ဌ၊၂။၂၁၉။)န္တိ ဥဒါဟရဏဃောသန္တိ အတ္ထော။ ပဋိသံ၊ဋီ။၃၃၇။ ဥဒါန် ဥဒါဟာရောတိ အတ္ထတော ဧကံ။ သီ၊ဋီ၊သစ်၊၂။၁၃။ (-ဥဒါန၊ဋ္ဌ။၂။ သာရတ္ထ၊၁။၉၈။ သီ၊ဋီ၊သစ်၊၁။၁၂၈။) ဥဒါန-လည်းကြည့်။

**ဥဒါဟာရဃောသ** (ပု) [ဥဒါဟာရ+ဃောသ] ထုတ်ဆောင်- မြွက်ဆို-ကျူးရင့်-အပ်သော အသံ။ ဝါစာဝ ကရဏံ ဝါက္ကရဏံ၊ ဥဒါဟာရ-ဃောသော။ ဒီ၊ဋီ၊၁။၃၁၅။

**ဥဒါဟာရနိဂ္ဃောသ** (ပု) [ဥဒါဟာရ+နိဂ္ဃောသ] ထုတ်ဆောင်-မြွက်ဆို-ကျူးရင့်-အပ်သော အသံ။ ဣမဿပိ ဥဒါနဿ ဥဒါဟာရ-နိဂ္ဃောသော ဒသသဟဿိလောကဓာတုံ ဖရိတွာ အဋ္ဌာသိ။ သံ၊ဋ္ဌ၊၃။၃၂၉၊

**ဥဒါဟာရဝိသေသ** (ပု) [ ဥဒါဟာရ+ဝိသေသ] ထုတ်ဆောင်-မြွက်ဆို-ကျူးရင့်-အပ်သော စကားအထူး။ သော အဓိကော ဟုတွာ ---ဥဒါဟာရဝိသေသော ဥဒါနန္တိ ဝုစ္စတိ။ ဥဒါန၊ဋ္ဌ။၂။ သာရတ္ထ၊၁။၉၈။ သီ၊ဋီ၊သစ်၊၁။၁၂၉။

**ဥဒါဟာသိ** (ကြိ) [ဥ+အာ+ဟရ+ဤ] ထုတ်ဆောင်ပြီ၊ မြွက်ဆိုပြီ၊ ပြောဆိုပြီ။ ဥဒါဟရတိ-ကြည့်။

**ဥဒါဟု** (ဗျ) [ဥတာဟော-သံ။ အမရ။၂၄။၅။] ဝိကပ္ပ=အထူးကြံစည်ခြင်း၊ တမျိုးတဖုံကြံစည်ခြင်း။ (ထိုသို့မဟုတ်၊ သို့တည်းမဟုတ်-ဟု မြန်မာပြန်ဆိုရသည်)။ အာဟော တု ကိံ ကိံမုဒါဟု၊ဝိကပ္ပေ ကိံမုတော ဒ စ။ ဓာန်။ ၁၁၃၈။ ကိံ နု ခေါ သော သမဏော သဿုယာ ဇာရော၊ ဥဒါဟု ဩဘာသတိ။ ဝိ၊၂။၃၂။(-ဝိ၊၃။၁၄၃။ ဒီ၊၁။၁၄၅။ ဒီ၊ဋ္ဌ၊၁။၁၃၂။)

**ဥဒိ** (ပု) [ဥ+ဒု+ဣ။ပါ၊ဂံ၊သစ်၊၂။၁၈၈။] (သမ္ပယုတ်တရားတို့ကို) ထစေ-ကြွစေ-ထောင်စေ-ဖြစ်စေ-တတ်သောတရား (သမာဓိ)။ သမ္ပယုတ္တဓမ္မေ ဥဒါယတီတိ ဥဒိ။ ဥဒ္ဒာ-ပေတီတိ အတ္ထော။ ဝိ၊ဋ္ဌ၊၁။၁၁၈။ အဘိ၊ဋ္ဌ၊၁။၂၁၄။ ပဋိသံ၊ဋ္ဌ၊၁။၁၇၁။ ဝိသုဒ္ဓိ၊၁။၁၅၁။ မဟာနိ၊ဋ္ဌ။၁၁၆။ ဧကောဒိ-လည်းကြည့်။

**ဥဒိက္ခတိ** (ကြိ) [ ဥ+ဣက္ခ+အ+တိ ] (၁)(က) ကြည့်ရှု၏။ (ခ) လျှစ်လျူရှု၏။ (၂) မျှော်လင့်-စောင့်မျှော်-ဆိုင်းငံ့-တောင့်တ-၏။ (၁) (က) ပလောဘယန္တိ မံ ယဒါ ဥဒိက္ခတိ။ ဇာ၊၂။၄၀။ ဥဒိက္ခတီတိ ဝေရူပေဟိ နေတ္တေဟိ ယသ္မိံ ခဏေ ဩလောကေတိ။ ဇာ၊ဋ္ဌ၊၅။၂၂၇။(ခ) ဥဒိက္ခသိ (ဇာ၊၂။၃၅၂)တိ အဇ္ဈုပေက္ခသိ။ ဇာ၊ဋ္ဌ၊၇။၃၂၉။ (၂) ဥဒိက္ခတိ(ဝိ၊ဋ္ဌ၊၁။၆၈)တိ အပေက္ခတိ ပတ္ထေတိ။ သာရတ္ထ၊၁။၁၇၈။ ဝိမတိ၊၁။၃၅။ **ဥဒိက္ခတိ**- ဇာ၊၁။၃၈၃၊၃၈၆။ ဇာ၊၂။၄၀။ ထေရ၊ဋ္ဌ၊၂။၂၁၇။ ဇာ၊ဋ္ဌ၊၅။၇၃၊၂၂၇။ ဇာ၊ဋ္ဌ၊၆။၃၂၉။ ဇာ၊ဋ္ဌ၊၇။ ၃၂၈။မငိ၊၂။၃၉။ **ဥဒိက္ခသိ**-ထေရီ။၄၂၂။ ဇာ၊၂။၁၀၆၊၃၅၅။ ထေရီ၊ဋ္ဌ။၂၆၂။ ဇာ၊ဋ္ဌ၊၅။၄၂၆။ **ဥဒိက္ခေယျ**-ဇာ၊၂။၂၉၃။ ဇာ၊ဋ္ဌ၊၇။၂၀၀။ **ဥဒိက္ခေသိ**-ဇာ၊၂။၂၉၄။ ဇာ၊ဋ္ဌ၊၇။၂၀၄။ **ဥဒိက္ခိသု** - ဇာ၊၂။၇၂။ ဇာ၊ဋ္ဌ၊၅။၃၂၈။ **ဥဒိက္ခိသံ**-ဝိမာန။၁၁၁။ ထေရ။ ၂၆၉။ ဝိမာန၊ဋ္ဌ။၂၉၇။ ထေရ၊ဋ္ဌ၊၂။၃။ **ဥဒိက္ခိသာမိ**- မ၊ဋ္ဌ၊၄၊၉၇။

**ဥဒိက္ခန** (နပ) [ဥ+ဣက္ခ+ယု ] မျှော်လင့်-စောင့်မျှော်-တောင့်တ-ခြင်း။ သံဃပဋိမာနနန္တိ ဘိက္ခုသံဃဿ ပဋိမာနနံ ဥဒိက္ခနံ။ ပဋိသံ၊ဋ္ဌ၊၁။၂၈၈။ ဝိသုဒ္ဓိ၊၂။၃၄၉။ သာရတ္ထ၊၁။၃၈၂။

**ဥဒိက္ခန္တ** (တိ)[ဥ+ဣက္ခ+အ+အန္တ ။ထိ-ဒ္ဓဥဒိက္ခန္တီ] (၁) ကြည့်ရှုသော၊သူ။ (ကြိ၊ဝိ)ကြည့်ရှုလျက်။ (၂) စောင့်မျှော်-ဆိုင်းငံ့-သော။ (ကြိ၊ဝိ) စောင့်မျှော်လျက်။ (၁) အန္တလိက္ခသ္မိံ ပက္ကာမိ၊

ဗြာဟ္မဏာနံ ဥဒိက္ခတံ။ ဇာ၊၁။၃၁၀။ မ၊ဋ္ဌ၊၃။ ၅၇။ ဇာ၊ဋ္ဌ၊၄။၃၈၃။ အာဟာသွန္တံ ဥဒိက္ခန္တော ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓိ။ အပ၊ဋ္ဌ၊၁။၂၃၃။ (-ပဋိသံ၊ဋ္ဌ၊၁။၁၁၅။ စရိယာ၊ဋ္ဌ။၁၀၈။ မ၊ဋီ၊ ၂။၃၄။ သံ၊ဋီ၊၁။၁၆၆။) (၂) ပဋိမာနေန္တော တိ အာဂမေန္တော၊ အာဂမနသ္သ ပတ္ထေန္တော ဥဒိက္ခန္တော တိ အတ္ထော။ ဒီ၊ဋ္ဌ၊၁။၂၄၇။ (-သံ၊ ဋ္ဌ၊၁။၂၇၀။ အံ၊ဋ္ဌ၊၁။၂၆၈။ သုတ္တနိ၊ဋ္ဌ၊၁။၈၇။ ထေရီ၊ဋ္ဌ။၁၉၁။ အပ၊ဋ္ဌ၊၁။၁၉၆။ ဇာ၊ဋ္ဌ၊၁။၃၆၄။) တာနိ အမ္ဟာ ဥဒိက္ခန္တိ၊ သောကံ ပဋိဝိနေသ္သတိ။ ဇာ၊၂။၃၅၃။

**ဥဒိက္ခမာန** (တိ) [ဥ+ဣက္ခ+အ+မာန] (၁) ကြည့်ရှုသောသူ။(ကြိ၊ဝိ) ကြည့်ရှုလျက်။ (၂) စောင့်မျှော်-ဆိုင်းငံ့-သောသူ။ (ကြိ၊ဝိ) စောင့်မျှော်လျက်။ (၁) အဿုပုဏ္ဏေဟိ နေတ္တေဟိ တံ ပုရိသံ ဥဒိက္ခမာနော။ ဝိသုဒ္ဓိ၊၁။၂၉၆။ (-ဇာ၊၂။၂၇။ ဗုဒ္ဓဝံ၊ဋ္ဌ၊၃၇။ ဇာ၊ဋ္ဌ၊၅။၁၉၄။) (၂) ကောသမ္ဗိဝါသိနော ----သတ္ထု အာဂမနံ ဥဒိက္ခမာနာ ဒသဗလဿ မဟာသက္ကာရံ သဇ္ဇယိံသု။ အံ၊ဋ္ဌ၊၁။၂၅၂။ (-အံ၊ဋ္ဌ၊၃။၂၆၀။ ဓမ္မ၊ ဋ္ဌ၊၂။၂၇၇။ ဝိမာန၊ဋ္ဌ။၁၀၇။ ထေရ၊ဋ္ဌ၊၁။၄၀၈။ အံ၊ဋီ၊၃။၃၅၉။)

**ဥဒိက္ခသိ** (ကြိ) [ဥ+ဣက္ခ+အ+သိ] (က) ကြည့်ရှု၏။ (ခ)လျစ်လျူရှု၏။ ဥဒိက္ခတိ (၁)(က)(ခ)-ကြည့်။

**ဥဒိက္ခိံသု** (ကြိ) [ဥ+ဣက္ခ+ဥံ] ကြည့်ရှုကုန်ပြီ။ ဥဒိက္ခတိ (၁)(က)-ကြည့်။

**ဥဒိက္ခိတု** (ကြိ) [ဥ+ဣက္ခ+တု] ကြည့်ရှုတတ်သောသူ။ ပိယစက္ခုနာ ဗဟုဇနံ ဥဒိက္ခိတာ အဟောသိ။ ဒီ၊၃။၁၃၆။

**ဥဒိက္ခိသံ** (ကြိ) [ဥ+ဣက္ခ+သံ။ ဘဝိဿန္တိ သံ ဝိဘတ်ကို အတိတ်၌သက်။ ရူ။၄၇၃-သုတ်ကြည့်။ တနည်း - ဥ+ဣက္ခ+ဣံ။ ဣံ ဝိဘတ်ကို ဣသံ ပြု သ တစ်လုံးကိုချေ။ နီတိ၊သုတ္တ။၁၁၀၃။] ကြည့်ရှုပြီ။ ဥဒိက္ခတိ (၁)(က)-ကြည့်။

**ဥဒိက္ခိဿာမိ** (ကြိ) [ဥ+ဣက္ခ+ဿာမိ] စောင့်မျှော်-ဆိုင်း ငံ့-အံ့-လိမ့်မည်။ ဥဒိက္ခတိ (၂)-ကြည့်။

**ဥဒိက္ခေယျ** (ကြိ) [ဥ+ဣက္ခ+ဧယျ] ကြည့်ရှုရာ၏။ ဥဒိက္ခတိ (၁)(က)-ကြည့်။

**ဥဒိက္ခေသိ** (ကြိ) [ဥ+ဣက္ခ+အ+ယော သိ။ ယော-ကိုချေ။] ကြည့်ရှုပါလော။ ဥဒိက္ခတိ (၁)(က)-ကြည့်။

**ဥဒိစ္စ**[1] (ကြိ၊ဝိ) [ဥ+ဣ+တွာ] အထက်သို့သွား၍၊ ထ၍။ ယော တံ အဒ္ဒသ သစရာ ဥဒိစ္စ။ ဇာ၊ ၁။၂၀၉။ ဥဒိစ္စာတိ ဥဒ္ဓံ ဂန္တွာ၊ ဝမ္မိကဗိလတော ဥဋ္ဌဟိတွာတိ အတ္ထော။ စရိယာ၊ဋ္ဌ။၂၃၉။ ဇာ၊ ဋ္ဌ၊၄။၃၂။

**ဥဒိစ္စ**[2] (ပု) [ ဥဒိတ+ဏျ ] (၁) ဥဒိစ္စမည်သူ။ (တိ)(၂) ဖြစ်သော-ထင်ရှား-ကျော်စော-သော၊ သူ။ (၁) အောက်ပုဒ်ကြည့်။ (တိ)(၂) ဗြဟ္မဇစ္စော ပုရေ အာသိံ၊ ဥဒိစ္စော ဥဘတော အဟု။ ထေရ။၃၃၅။ ဥဒိစ္စော ဥဘတောတိ မာတိတော စ ပိတိတော စ ဥဘတော ဥဒိတော သံသုဒ္ဓဂဟဏိကော။ ထေရ၊ဋ္ဌ၊ ၂။၃၃၅။

**ဥဒိစ္စဗြာဟ္မဏ** (ပု) [ဥဒိစ္စ+ဗြာဟ္မဏ] ဥဒိစ္စ ပုဏ္ဏား။(သျှ)။ အညတရဿ ဥဒိစ္စဗြာဟ္မဏဿ ပုတ္တော ဟုတွာ နိဗ္ဗတ္တိ။ ထေရ၊ဋ္ဌ၊၁၊၂၂၃။(-ဇာ၊ဋ္ဌ၊၂။၇၅။ဇာ၊ဋ္ဌ၊၄။၃၈၁။ဇာ၊ဋ္ဌ၊၆။၄၁။)

**ဥဒိစ္စဗြာဟ္မဏကုလ** (န) [ ဥဒိစ္စ+ဗြာဟ္မဏ ကုလ ] ဥဒိစ္စ ပုဏ္ဏားမျိုး။ ဥဒိစ္စဗြာဟ္မဏ-ကုလေ နိဗ္ဗတ္တိတွာ ။ ထေရ၊ဋ္ဌ၊၂။၂၀၇။ ဇာ၊ ဋ္ဌ၊၁။၃၆၃၊၃၇၇၊၃၈၃၊၃၉၅၊၄၃၀၊၄၅၇၊၄၇၅။ ဇာ၊

ဋ္ဌ၊ ၂။ ၃၉၅။ ဇာ၊ ဋ္ဌ၊ ၃။ ၂၁၈။

**ဥဒိစ္စဗြာဟ္မဏဇစ္စ** (တိ) [ဥဒိစ္စ+ဗြာဟ္မဏဇစ္စ ] ဥဒိစ္စပုဏ္ဏားဇာတ်ရှိသော၊ သူ။ အာယသ္မာပိ ပုဏ္ဏော ဥဒိစ္စဗြာဟ္မဏဇစ္စော။ မ၊ ဋ္ဌ၊ ၂။ ၆၁။ (- ဥဒါန၊ ဋ္ဌ။ ၂၂၁။)

**ဥဒိစ္စဗြာဟ္မဏမဟာသာလကုလ** (နု) [ဥဒိစ္စ+ဗြာဟ္မဏမဟာသာလကုလ] ထင်ရှားကျော်စောသော များသော ဥစ္စာနှစ်ရှိသောပုဏ္ဏားမျိုး။ ဥဒိစ္စဗြာဟ္မဏမဟာသာလကုလာပဗ္ဗဇိတော သန္နပရိဗ္ဗာဇကော။ ဒီ၊ ဋ္ဌ၊ ၂။ ၁၇၉။ (-ဒီ၊ ဋ္ဌ၊ ၃။ ၄၄။ အံ၊ ဋ္ဌ၊ ၁။ ၁၀၀။ ဇာ၊ ဋ္ဌ၊ ၂။ ၇၅။)

**ဥဒိက္ခတိ** (ကြိ) [ဥ+ဒိသ+အ+တိ] ကြည့်ရှု၏။ ဥဒိက္ခရေ ဇင်္ဂိလာ။ ဝိ၊ ၃။ ၃၃။ အပ၊ ဋ္ဌ၊ ၂။ ၂၇၇။ ဥဒိက္ခရေတိ ဥလ္လောကေသုံ၊ ပရိဝါရေသုန္တိ ဝါ အတ္ထော။ သာရတ္ထ၊ ၃။ ၂၀၄။ (-ဝိမတိ၊ ၂။ ၉၆။)

**ဥဒိက္ခရေ** (ကြိ) [ဥ+ဒိသ+အန္တိ] ကြည့်ရှုကုန်ပြီ၊ ခြံရံကုန်ပြီ။ ဥဒိက္ခတိ-ကြည့်။

**ဥဒိတ**[၁] (တိ) [ဥ+ဝဒ+တ] (၁) ပြောဆိုအပ်သော။ (၂) (က) အထက်သို့တက်သော။ (ခ) ဖြစ်သော၊ သူ။ (ဂ) ထင်ရှားကျော်စောသော၊ သူ။ (၁) ဝုတ္တော ဥဒိတမုဂ္ဂတော။ ဓာန်။ ၁၀၇၅။ ဝုတ္တော ဝတ္တာမွေ၊ ဥဂ္ဂတော ဥဒ္ဓံ ဂတော။ ဓာန်၊ ဋီ။ ၁၀၇၅။ (၂) (က) ဥဒိတော အဇ္ဈာကာသေ (အပ၊ ၂။ ၁၁၈။) တိ သကလာကာသေ ဥဒိတော ဥဋ္ဌိတော ပါကဋဘူတော။ အပ၊ ဋ္ဌ၊ ၂။ ၂၂၆။ (ခ) ဥ-ဣတိ အယံ သဒ္ဒေါ ဥပ္ပန္နံ ဥဒိတန္တိ- အာဒီသု ဥပ္ပတ္တိံ။ အဘိ၊ ဋ္ဌ၊ ၂။ ၇၉။ ဥဒိစ္စ[၂] -လည်းကြည့်။ (ဂ) အလင်္ကာရတယောဒိတံ။ အလင်္ကာ။ ၂၅၂၊ (-၂၆၇။) အလင်္ကာရတာယ အလင်္ကာရ-သဘာဝေန ဥဒိတံ ပသိဒ္ဓံ ဟောတိ။ အလင်္ကာ၊ ဋီ။ ၂၅၂။ ဥဒိတောတိ သမ္ဗန္ဓော၊ ကိတ္တိတောတိ အတ္ထော။ အလင်္ကာ၊ ဋီ။ ၂၆၇။

**ဥဒိတ**[၂] (တိ) [ဝဒ+တ။ ဝ ကို ဥ ပြု။ ဓာန်၊ ဋီ။ ၇၅၅။ ဥဒ+တ] (က) ဆိုအပ်သော။ (ခ) ကျူးရင့်မြွက်ဆို အပ်သော။ (က) ဥဒီရိတဉ္စ ကထိတံ၊ ဂဒိတံ ဘဏိတော'ဒိတာ။ ဓာန်။ ၇၅၅။ (ခ) ဥဒ-မောဒေ ကိဉ္စယဉ္စာတိ ဟိ အက္ခရ-စိန္တကာ ဝဒန္တိ၊ ဥဒဉ္စ ယေဘုယျေန ဝုတ္တံ မမ္မသံဝေဂဝသေန ဥဒိတသာပိ ---ဥဒါနဿ ဥဒါနပါဠိယံ အာဂတတ္တာ။ သီ၊ ဋီ၊ သစ်၊ ၁။ ၁၂၉း

**ဥဒိတောဒိတကုလ** (နု) [ဥဒိတ+ဥဒိတ+ကုလ] အလွန် ထင်ရှားကျော်စောသော အမျိုး။ ဥဒိတောဒိတကုလေ ဇာတာယ သုဇာတာယ ဒေဝိယာ ကုစ္ဆိသ္မိံ ပဋိသန္ဓိံ အဂ္ဂဟေသိ။ ဗုဒ္ဓဝံ၊ ဋ္ဌ။ ၂၂၆။

**ဥဒိယတိ** (ကမ္မ၊ကြိ) [ဥဒိ+ယ+တေ] တုန်လှုပ်-မွှေနှောက်-အပ်၏။ သံသုဋ္ဌု ဥဒိယတိ ခေါဘိယတိ ----အာလုဠိယတီတိ သမုဒ္ဒေါ။ အပ၊ ဋ္ဌ၊ ၂။ ၂၇၄။

**ဥပစာရပ္ပနာ** (ထီ) [ဥပစာရ+အပ္ပနာ] ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာ။ တမေဝါရမ္မဏံ ဥပစာရပ္ပနာဝသေန ဥပနိဿီဒတိ။ ဝိ၊ဌ၊၂။၁၁။ ဒီ၊ဌ၊၂။၃၅၃။ မ၊ဌ၊၁။၂၅၂။

**ဥပစာရပ္ပနာက္ခဏ** (ပု) [ဥပစာရပ္ပနာ+ခဏ] ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာဖြစ်ရာခဏ။ ဥပစာရပ္ပနာက္ခဏေ‌ာ အညဒါပိ ဟိ ဖရဏာပီတိယေဝ ဟောတိ။ ဝိသုဒ္ဓိ၊ဋီ၊၂။၄၃၀။

**ဥပစာရပ္ပနာပတ္တ** (တိ) [ဥပစာရပ္ပနာ+ပတ္တ] ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာသို့ရောက်သော။ သဗ္ဗေဟိပိ ဣမေဟိ ပဒေဟိ ဥပစာရပ္ပနာပတ္တာ မေတ္တာဝ ဝုတ္တာ။ အဘိ၊ဌ၊၁။၃၉၅။

**ဥပစာရပ္ပနာဘေဒ** (ပု) [ဥပစာရပ္ပနာ+ဘေဒ] (၁) ဥပစာရ၊ အပ္ပနာဟူသော အပြား။ (တိ) (၂) ဥပစာရ၊အပ္ပနာဟူသော အပြားရှိသော (သမာဓိ၊ဈာန်)။ (၁) တဿ္မိ စ ဥပစာရပ္ပနာဘေဒေန ဒုဝိဓေ ယံ အပ္ပနာပတ္တံ။ ဣတိဝုတ်၊ဌ။ရ၄။ (တိ)(၂) ယံ ပန ဥပစာရပ္ပနာဘေဒေန သမာဓိနာ ပဝတ္တိဘာဝနိဒ္ဒေသတော။ မ၊ဌ၊၁။၂၄။ သာရတ္ထ၊၂။၃၀။ အံ၊ဋီ၊၂။၂၅၉။

**ဥပစာရပ္ပနာဝဟ** (တိ) [ဥပစာရပ္ပနာ+အာဝဟ] ဥပစာရဈာန်၊ အပ္ပနာဈာန်သို့ပို့ဆောင်တတ်သော။ ဥပစာရပ္ပနာဝဟတောတိ ဌပေတွာ ကာယဂတာသတိဥ္စ အာနာပါနဿတိဥ္စ အဝသေသာ အဋ္ဌ အနုဿတိယော။ ဝိသုဒ္ဓိ၊၁။၁၀ရ။ (-မ၊ဋီ၊၁။၃ရ၄။ သံ၊ဋီ၊၂။၄၄၁။)

**ဥပစာရပ္ပနာသမာဓိ** (ပု) [ ဥပစာရပ္ပနာ+သမာဓိ] ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ။ သမာဟိတောတိ ဥပစာရပ္ပနာသမာဓိဝသေန သမာဟိတော။ ဒီ၊ဌ၊၂။၁၄ရ။ အံ၊ဌ၊၃။၂၅၀။

**ဥပစာရပ္ပနာသမာဓိရဟိတ** (တိ)[ ဥပစာရပ္ပနာသမာဓိ+ရဟိတ] ဥပစာရသမာဓိ၊ အပ္ပနာသမာဓိမှ ကင်းသော။ အသမာဟိတာတိ ဥပစာရပ္ပနာသမာဓိရဟိတာ။ သံ၊ဌ၊၂။၁၃၂။

**ဥပစာရပ္ပနာသမာဓိဝိရဟိတ** (တိ) [ ဥပစာရပ္ပနာသမာဓိ+ဝိရဟိတ] ဥပစာရသမာဓိ၊ အပ္ပနာသမာဓိမှ ကင်းသော။ အသမာဟိတာတိ ဥပစာရပ္ပနာသမာဓိဝိရဟိတာ။ မ၊ဌ၊၁။၁၂၁။ မ၊ဋီ၊၁။၂၁၆။

**ဥပစာရပ္ပဝတ္တိ** (ထီ) [ ဥပစာရ+ပဝတ္တိ] ဥပစာရဈာန်၏ဖြစ်ခြင်း။ တဿ တဿ ဈာနဿ ဥပစာရပ္ပဝတ္တိ ဝိနာဝ ဈာနာ ဈာနံ သင်္ကမတိ။ အဘိ၊ဌ၊၃။၂၆၃။

**ဥပစာရဖလ** (န) [ ဥပစာရ+ဖလ] ဥပစာရမေတ္တာ၏အစွမ်း(သျှ)။ နေဝ ဥပစာရဖလေန အပ္ပနာဖလေန၊ ကေဝလံ ဝစ္စကေ

ဗလဝဟိတ(ဗလဝပိယ) စိတ္တတာယ။ အံ၊ဋ္ဌ၊ ၃။၂၄၆။ ဝိသုဒ္ဓိ၊၁။၃၀၇။ သာရတ္ထ၊၃။၄၈၃။

**ဥပစာရဗ္ဘန္တရ** (န) [ဥပစာရ+အဗ္ဘန္တရ] ဥပစာအရပ်၏ အတွင်း။ သစေ ဥပစာရဗ္ဘန္တရေ ဧကော ပါဒေါ ဟောတိ။ ဝိ၊ဋ္ဌ၊၃။ ၁၂၂။ (-ဝိမတိ၊၂။၂၄။ ကင်္ခါ၊ဋီ။၃၇။)

**ဥပစာရဘာဝနာ** (ထီ) [ ဥပစာရ+ဘာဝနာ] အပ္ပနာ၏ ရှေးအနီး၌ ဖြစ်သောဘာဝနာ၊ ဥပစာရဘာဝနာ။ နီဝရဏဝိက္ခမ္ဘနတော ပဋ္ဌာယ ဂေါတြဘုပရိယောသာနာ ကာမာဝစရဘာဝနာ ဥပစာရဘာဝနာနာမ၊ အပ္ပနာယ သမီပစာရိတ္တာ။ ဝိဘာဝိနီ၊၂၅၇။ ဥပစာရဘာဝနာယ စ တေ ပဟာတုံ အသမတ္ထဘာဝတော။ ဝိသုဒ္ဓိ၊ ဋီ၊၁။၁၈၄။

**ဥပစာရဘူမိ** (ထီ) [ ဥပစာရ+ဘူမိ] (၁) ဥပစာရ၏အရာ၊ ဥပစာရသမာဓိ၏ အခိုက်အတန့်။ (၂) ဥပစာရစျာန်၏ဖြစ်ရာ-ဘုံဌာန-စိတ္တုပ္ပါဒ်၊ ဥပစာရစျာန်နှင့်ယှဉ်သော-စိတ္တုပ္ပါဒ်-စိတ် စေတသိက်တရားအပေါင်း။ (၁) ဣဒဥ္စိ ဒွိဟာကာရေဟိ စိတ္တံ သမာဟိတံ နာမ ဟောတိ ဥပစာရဘူမိယံ ဝါ နီဝရဏပ္ပဟာနေန, ပဋိလာဘဘူမိယံ ဝါ အင်္ဂပါတုဘာဝေန။ တတ္ထ ဥပစာရဘူမိတိ ဥပစာရသမာဓိ။ ဝိ၊ဋ္ဌ၊၂။၃၀။ ဥပစာရဘူမိယန္တိ ဥပစာရာဝတ္ထာယံ။ သာရတ္ထ၊ ၂။၂၂၀။ ဝိမတိ၊၁။၂၁၉။ ဝိသုဒ္ဓိ၊ဋီ၊၁။၁၄၇။ (၂) စတုတ္ထတ္တိကေ ဥပစာရဘူမိယံ ဧကဂ္ဂတာ ပရိတ္တော သမာဓိ။ ဝိသုဒ္ဓိ၊၁။၈၃။ ဥပစာရဘူမိယန္တိ ဥပစာရဇ္ဈာနသမ္ပယုတ္တစိတ္တုပ္ပါဒေ၊ စိတ္တုပ္ပါဒေါ ဟိ သဟဇာတဓမ္မာနံ ဥပ္ပတ္တိဋ္ဌာနတာယ "ဘူမိ"တိ ဝုစ္စတိ၊ "သုခဘူမိယံ ကာမာဝစရေ"တိ အာဒီသုဝိယ။ ဝိသုဒ္ဓိ၊ဋီ၊၁။ ၁၁၁။

**ဥပစာရဘေဒ** (ပု) [ဥပစာရ+ဘေဒ] ရိုသေပူဇော်မှုပျက်စီးခြင်း။ ဥပစာရဘေဒ(သံ၊ဋ္ဌ၊ ၁။၁၆၄)န္တိ ဗုဒ္ဓ ဒိသွာ မနုဿေဟိ ကာတဗ္ဗဥပစာရဿ ဘိန္ဒနံ။ သံ၊ဋီ၊၁။၂၁၂။

**ဥပစာရမတ္တလာဘီ** (တိ) [ ဥပစာရမတ္တ + လာဘီ] ဥပစာရစျာန်မျှကိုသာရခြင်းရှိသော၊ သူ။ ဥပစာရမတ္တလာဘီ ရူပဇ္ဈာနမတ္တလာဘီ ဝါ။ ဝိသုဒ္ဓိ၊ဋီ၊၂။၄၆၆။

**ဥပစာရမတ္တသိဒ္ဓ** (တိ) [ ဥပစာရမတ္တ+သိဒ္ဓ] ဥပစာ-တင်စား၍ခေါ်ဝေါ်ပြောဆိုခြင်း-အဘေဒဘေဒူပစာ-မျှဖြင့် ပြီးစီးသော။ ဘဝတိ ဟိ ဘေဒါဘာဝေပိ သုခါဝဗောဓနတ္ထံ ဥပစာရမတ္တသိဒ္ဓေန ဘေဒေန နိဒ္ဒေသော၊ ယထာ သိလာပုတ္တကဿ သရီရန္တိ။ မ၊ဋီ၊၁။ ၅၇။

**ဥပစာရယုတ္တ** (တိ) [ ဥပစာရ+ယုတ္တ] ပူဇော်ခြင်းနှင့်ယှဉ်သော။ ဥပစာရယုတ္တေန ဝိဓိနာ အာစရိယံ ဥပသင်္ကမိတွာ အဘိဝါဒေတွာ အတ္တာနံ နိယျာတေသိ။ ခုဒ္ဒက၊ဋ္ဌ၊၁၆၆။

**ဥပစာရရူပဇ္ဈာနသမာဓိ** (ပု) [ ဥပစာရ+ရူပဇ္ဈာန+သမာဓိ] ဥပစာရသမာဓိ, ရူပစျာန်သမာဓိ။ ဥပစာရရူပဇ္ဈာနသမာဓိတော ဟိ သာတိသယံ အရူပသမာဓိသမ္ဘဿံ လဒ္ဓါ နိဗ္ဗတ္တိ။ ဝိသုဒ္ဓိ၊ဋီ၊၂။၄၆၆။

**ဥပစာရဝစန** (န) [ ဥပစာရ+ဝစန] ပြောရိုးပြောစဉ်စကား။ ယဿ ဒါနိ ကာလံ မညတီတိ ဥပစာရဝစနမေတံ။ ဒီ၊ဋ္ဌ၊၁။၁၃၅။ ဥပစာရဝစနန္တိ ဝေါဟာရဝစနမတ္တံ၊ တေနေဝ အဓိပ္ပေတတ္ထဿ အပရိယောသာနတော။ သီ၊ဋီ၊ သစ်၊၂။၂၂။ အစ္စာဒေဟီတိ ဥပစာရဝစနမေတံ၊ ကော မယှံ ဒေဟိ၊ ကော အာနန္ဒဿာတိ အတ္ထော။ ဒီ၊ဋ္ဌ၊၂။၁၆၀။ အမ္ဗကာယာတိ မာတုဂါမေန၊ ဥပစာရဝစနဥ္စေတံ ဣတ္ထီသု၊ ယဒိဒံ အမ္ဗကာ မာတုဂါမော ဇနနီကာတိ။

သာရတ္ထ၊၃။၃၂၁။ ဒီ၎ို၊၂။၁၄၄။ (-ဝိမတိ၊ ၂။၁၈၈။ ကခါ၎ို၊သစ်။၃၀၈။)

**ဥပစာရဝဟ** (တိ) [ ဥပစာရ+ဝဟ] ဥပစာရ ဈာန်သို့ ပို့ဆောင်နိုင်သော။ စတုဓာတု-ဝဝတ္ထာနန္တိ ဣမာနေဝ ဟေတ္ထ ဒသကမ္မ-ဋ္ဌာနာနိ ဥပစာရဝဟာနိ။ ဝိသုဒ္ဓိ၊၁။၁၀၇။

**ဥပစာရဝိဇဟနတ္ထ** (ပု) [ ဥပစာရဝိဇဟန +အတ္ထ] အနီးဥပစာအရပ်ကိုစွန့်ခြင်းအကျိုး။ မဟာမဂ္ဂတော ဩက္ကမ္မာတိ မဂ္ဂပဋိပန္နဘိက္ခုနံ ဥပစာရဝိဇဟနတ္ထံ။ သာရတ္ထ၊၃။၃၇၁။ ကခါ၊ ၎ို၊သစ်။၂၆၂။

**ဥပစာရဝိပ္ပန္န** (တိ) [ ဥပစာရ+ဝိပန္န ] အကျင့်-စာရိတ္တ-ပျက်စီးသော၊သူ။ ဥပစာရ ဝိပန္နဿ၊ နိကေ္ခပေ ဓာရဏာယ ဝါ။ ဇာ၊ ၂။၂၂၄။ ဥပစာရဝိပန္နဿာတိ ယော ပန ဥပစာရဝိပန္နော ဟောတိ၊ တဿေဝ သော အနုပါယေန ပရိစိဏ္ဏော ဝိနာသမေဝ ဝဟတိ-တိ ဝဒတိ။ ဇာဋ္ဌ၊၇။၂၅။

**ဥပစာရဝုတ္တိ** (ထီ) [ ဥပစာရ+ဝုတ္တိ] ဥပစာ ဖြစ်ခြင်း၊ တင်စား၍ပြောဆိုမှုဖြစ်ခြင်း။ သမုဒါယေ ပဝတ္တမာနသဒ္ဒဿ အဝယဝေပိ ဥပစာရဝုတ္တိတော။ သီ၎ို၊သစ်၊၁။၄၂၉။ (-သာရတ္ထ၊၁။၁၄၅။)

**ဥပစာရဝုတ္တိသဗ္ဘာဝ** (ပု) [ ဥပစာရဝုတ္တိ+ သဗ္ဘာဝ] ဥပစာ-တင်စား၍ပြောဆိုမှု-ဖြစ်ခြင်း ၏ ထင်ရှားရှိသည်၏အဖြစ်။ တထာ နိဗ္ဗာန-သဒ္ဒေါ ကတ္ထစိ ဝိသယေ ယထာဘူတပရမတ္ထ-ဝိသယော ဥပစာရဝုတ္တိသဗ္ဘာဝတော၊ သေယျထာပိ သီဟသဒ္ဒေါ။ ဣတိဝုတ်၎ှ။၁၅၆။ အနုဋီ၊၂။၅၀။ (-နေတ္တိ၎ို။ရ၉။)

**ဥပစာရဝေါဟာရ** (ပု) [ဥပစာရ+ဝေါဟာရ] ဥပစာရသမာဓိဟူသော-ဝေါဟာရ-ခေါ်ဝေါ် ပြောဆိုမှု။ တထာ တဿ အနုပ္ပတ္တိဋ္ဌာနဘူတေ ပရိတ္တစျာနေ ဥပစာရဝေါဟာရော။ ဝိသုဒ္ဓိ၎ို၊ ၁။၁၀၈။

**ဥပစာရသညာ** (ထီ) [ဥပစာရ+သညာ] ဥပစာရ ဈာန်သညာ။ အယံ ဟိ သညာ နာမ ပရိကမ္မ-သညာပိ ဥပစာရသညာပိ အပ္ပနာသညာပိ ဝဋ္ဋတိ။ သံ၎ှ၊၂။၂၆၉။

**ဥပစာရသဒ္ဒ** (ပု) [ဥပစာရ+သဒ္ဒ] ဥပစာရသဒ္ဒါ။ အပရိက္ခိတ္တဿ ဂါမဿ ဥပစာရန္တိ ဧတ္ထ ဥပစာရသဒ္ဒေန ဃရူပစာရတော ပဋ္ဌမ-လေဍ္ဍုပါတသင်္ခါတံ ပရိက္ခေပါရဟဋ္ဌာနံ ဂဟိတံ။ သာရတ္ထ၊၃။၁၁ရ။

**ဥပစာရသမညာ** (ထီ) [ ဥပစာရ+သမညာ] ဥပစာရဟူသောနာမည်။ ဂေါတြဘုနော ဝေ ဥပစာရသမညာ သိယာ။ ဝိသုဒ္ဓိ၎ို၊၁။၁၆၁။

**ဥပစာရသမာဓိ** (ပု) [ ဥပစာရ+သမာဓိ ] ဥပစာရမည်သောသမာဓိ၊ အပ္ပနာသမာဓိ၏-အနီး-ရှေ့ပိုင်း-၌ဖြစ်သောသမာဓိ (ဧကဂ္ဂတာ စေတသိက်)။ ယာ စ အပ္ပနာသမာဓိနံ ပုဗ္ဗဘာဂေ ဧကဂ္ဂတာ၊ အယံ ဥပစာရသမာဓိ။ ဝိသုဒ္ဓိ၊၁။၈၂။ တိဝိဓံ သမာဓိံ ပရိပူရေတိ ခဏိကသမာဓိံ ဥပစာသမာဓိံ အပ္ပနာသမာဓိန္တိ။ အဘိ၎ှ၊၁။၁၆၀။

**ဥပစာရသမာဓိနိဋ္ဌ** (တိ) [ ဥပစာရသမာဓိ+ နိဋ္ဌာ] ဥပစာရသမာဓိသာလျှင် အပြီးသတ် တရားရှိသော၊ နောက်ထပ်အပ္ပနာသမာဓိ တိုင်အောင် မဆက်နိုင်တော့ပဲ ဥပစာရသမာဓိ သာလျှင်အပြီးအဆုံး နိဂုံးချုပ်ရှိသော။ ဗုဒ္ဓါနုဿတိယာ ဥပစာရသမာဓိနိဋ္ဌတ္တာ ဝုတ္တံ "ယာဝ ဥပစာရာ" တိ။ မ၎ို၊၁။၃၈၈။ သံ၎ို၊ ၁။၄၃ရ။

**ဥပစာရသမာဓိပုဗ္ဗက** (တိ) [ဥပစာရသမာဓိ+

ပုဗ္ဗက] ဥပစာရသမာဓိဟူသော-ရှေ့သွား-ရှေ့ပြေး-ရှိသော။ ဥပစာရသမာဓိပုဗ္ဗကော အပ္ပနာသမာဓီတိ ဝုတ္တံ။ သံ၊ဋီ၊၁။ရ၁။

**ဥပစာရသမာဓိဘာဝနာ** (ထီ) [ ဥပစာရသမာဓိ+ဘာဝနာ] ဥပစာရသမာဓိကို ပွားများခြင်း။ သမ္မာစေ သြကာသာဓိဂမနယေန ဥပစာရသမာဓိဘာဝနာပိ ဝိပဿနာနိသံသာ ဟောတိ။ ဝိသုဒ္ဓိ၊၁။၃၆၈။ အောက်ပုဒ်လည်းကြည့်။

**ဥပစာရသမာဓိဘာဝနာသာမည** (န) [ ဥပစာရသမာဓိဘာဝနာ+သာမည] ဥပစာရသမာဓိဘာဝနာအဖြစ်ဖြင့် တူသည်၏ဖြစ်။ တာသံ ဥပစာရသမာဓိ ဥပစာရသမာဓိ-ဘာဝနာသာမညေန ကော သမာဓိစရိယာ။ ဝိသုဒ္ဓိ၊ဋီ၊၂။၅၂၄။

**ဥပစာရသမာဓိသာမည** (န) [ ဥပစာရသမာဓိ+သာမည] ဥပစာရသမာဓိချင်းတူသည်၏အဖြစ်။ သိယာ သပ္ပီတိကော၊ သိယာ နိပ္ပီတိကောတိ အနိယမဝစနံ ဥပစာရသမာဓိ-သာမညေန။ ဝိသုဒ္ဓိဋီ၊၁။၁၁၀။

**ဥပစာရသိဒ္ဓ** (တိ) [ ဥပစာရ+သိဒ္ဓ ] (၁) တင်စား၍ ခေါ်ဝေါ်ပြောဆိုခြင်းဖြင့် ပြီးစီးသော။ (၂) ဥပစာလုပ်ငန်း-အစွမ်းထက်မြက်အောင် ပြုလုပ်ခြင်း-ကြောင့် ပြီးစီးသော။ (၁) စိတ္တသမုဋ္ဌာနဘာဝေါ ဝိယာတိ ဝိညတ္တိယာ စိတ္တသမုဋ္ဌာနဉပါဒါရူပဘာဝေါ ဥပစာရသိဒ္ဓေါ။ အနုဋီ၊၁။ရ၉။ (-ဝိသုဒ္ဓိဋီ၊၁။၃ရ၈။ ဝိသုဒ္ဓိဋီ၊၂။၂၃၁။ နေတ္တိဋီ၊၃၉၊ရ၈။) (၂) ဝုဏ္ဏနာကာရ ဂန္ဓာရိဝိဇ္ဇံ ဝါ ဥပစာရသိဒ္ဓ ပတ္တိတသိဒ္ဓ အညံ ဝါ ဝိဇ္ဇံ မာရေန္တီတိ ဝိဇ္ဇာရော။ ပဋိသံ၊ဋ္ဌ၊၂။၃၀၂။ ဥပစရဏေန သိဇ္ဈတီတိ ဥပစာရသိဒ္ဓံ။ ပဋိသံ၊ဂ၊၃၈၀။

**ဥပစာရသီမဋ္ဌ** (တိ) [ဥပစာရသိမာ+ဌာ+အ] ဥပစာရသိမ်၌တည်နေသော(ရဟန်း)။ သစေ ဝဒတိ "အဟမေတံ ဘောဒံ န ဇာနာမိ၊ သီမဋ္ဌကသံဃော ဂဏှတူ"တိ ဥပစာရသီမ-ဋ္ဌေဟိ ဘာဇေတဗ္ဗံ။ ကင်္ခါ၊၁၆၀။ (-ဝိမတိ၊၂။၃၁ရ။ ကင်္ခါဋီ၊သစ်။၂၉၅။) ဥပစာရ သိမာ-လည်းကြည့်။

**ဥပစာရသီမဋ္ဌက** (တိ) [ဥပစာရသီမဋ္ဌ+က] ဥပစာရသိမ်၌တည်နေသော။ ဘိက္ခူ စ ဥပစာရသီမဋ္ဌကေဟိ ကောဗဒ္ဓါ ဟောန္တိ။ ဝိ၊သင်္ဂဟ။၂၆၄။ ဥပစာရသိမာ-လည်းကြည့်။

**ဥပစာရသီမဗ္ဘန္တရဂတ** (တိ) [ ဥပစာရသိမာ+အဗ္ဘန္တရဂတ] ဥပစာရသိမ်အတွင်း၌ ရောက်နေသော။ မဂ္ဂေါတိ ဥပစာရသီမဗ္ဘန္တရဂတေ ဂါမာဘိမုခမဂ္ဂေ ကတသာလာ ဝုစ္စတိ။ ဝိမတိ၊၂။၂၄၂။

**ဥပစာရသီမာ** (ထီ) [ဥပစာရ+သီမာ] ဥပစာရသိမ်၊ ကျောင်း,ကျောင်းတိုက်ဥပစာ-ကျောင်း,ကျောင်းတိုက်ဝင်းခြံ-အပိုင်းအခြားအရပ်။

ထိုကျောင်းတိုက်သည် အကာအရံရှိလျှင် အကာအရံအတွင်းသည် ဥပစာရသိမ်မည်၏၊ အကာအရံမရှိလျှင် ကျောင်းတိုက်၏ အစွန်၌ရှိသော အမြဲစည်းဝေးရာဌာနမှ လည်းကောင်း, အစွန်ဆုံးဆွမ်းစားကျောင်း, အမြဲနေရာကျောင်းတို့မှလည်းကောင်း အားအလယ်အလတ်ရှိသောယောကျ်ား၏ ခဲနှစ်ကျအရပ်၏အတွင်းသည် ဥပစာရသိမ်မည်၏၊ ထိုဥပစာရသိမ်သည် နောက်ထပ်ကျောင်းတိုးလျှင် တိုးသလောက် ယူဇနာတစ်ရာအထိပင် ကျယ်ပြန့်သွားနိုင်၍ ကျောင်းယုတ်လျော့လျှင်လည်း ကျဉ်းသွား၏၊ ထို့အပြင် ရဟန်းပရိသတ် တိုးလာလျှင်လည်း ဥပစာရသိမ် ကျယ်ပြန့်သွားသည်ဟု မဟာပစ္စရီအဋ္ဌကထာ၌

မိန့်ဆို၏၊ ထို့ကြောင့် ကျောင်းဝင်းအတွင်း၌ စုဝေးနေကြသော ရဟန်းများနှင့် တဆက်တည်းပင် ယူဇနာတစ်ရာအထိပြည့်အောင် ရဟန်းများထိုင်နေလျှင်လည်း ယူဇနာတရာ တိုင်အောင်ပင် ဥပစာရသိမ် ဖြစ်သွား၏။ ထို ဥပစာရသိမ်အတွင်း၌ လှူဒါန်းသမျှ သံဃိက လာဘ်လာဘသည် ထိုဥပစာရသိမ်အတွင်းရှိ ရဟန်းများအားလုံးနှင့် သက်ဆိုင်၏။

ဘိက္ခုနီပါစိတ်အာရာမပ္ပဝေသနသိက္ခာပုဒ်အရ ဘိက္ခုနီတို့သည် ရဟန်းရှိသော အရံဥပစာအတွင်းသို့ဝင်လို လျှင် မဝင်မီကပင် ဝင်လိုပါကြောင်း ခွင့်တောင်းရ၏၊ ခွင့်မတောင်းပဲဝင်လျှင် ထိုကျောင်းတိုက် ဥပစာရသိမ်အပိုင်းအခြားကို ခြေဖြင့် နင်းလိုက်မိသည်နှင့်တပြိုင်နက် အာပတ်သင့်၏၊ ထို့ကြောင့် ဤဥပစာရ သိမ်သည် ထိုအာရာမပ္ပဝေသနသိက္ခာပုဒ်နှင့် လည်းသက်ဆိုင်၏။

ဘူတဂါမဝဂ် ဒုတိယသေနာသန သိက္ခာပုဒ်အရ သံဃိကကျောင်း၌ အခင်းများကို ခင်းထိုင်ပြီးနောက် တခြားအရပ်သို့ သွားလိုသောအခါ ထိုအခင်းများကို မသိမ်းဆည်းနိုင်ခဲ့သော် ခွင့်ပန်တိုင်ကြားပြီးမှ သွားရ၏၊ ခွင့်မပန်ပဲသွားခဲ့သော် ဤဥပစာရသိမ်ကို ကျော်လွန်သည်နှင့်တပြိုက်နက်အာပတ်သင့်၏။

ပရိဝတ်မာနတ်ကျင့်သောရဟန်းသည် ဤဥပစာရသိမ်အတွင်းရှိရဟန်းအားလုံးနှင့် ဥပစာရသိမ်အတွင်း၌ ဝင်လာသမျှ အာဂန္တုက ရဟန်းတို့အား ပရိဝါသ်မာနတ် ကျင့်နေပါကြောင်းပြောကြားရ၏။ ထို့ပြင်ဝါတွင်း၌ ဝါဆိုပြီးနောက် အခြားကျောင်းတိုက်သို့ အကြောင်းထူးမရှိပဲ ညဉ့်အိပ်ညဉ့်နေ သွားလျှင်လည်း ဤမိမိကျောင်းတိုက်ဥပစာရကို ကျော်လွန်လျှင် ဝါကျိုးဝါပြတ် ဖြစ်၏၊ နိဿယည်းဆရာထံ နိဿယည်းခံယူထားလျှင်လည်း ထိုနိဿယည်း ဆရာတပည့်နှစ်ဦးလုံး ဥပစာရသိမ်အတွင်းဝယ် အရုဏ်တက်ချိန်၌ ရှိနေရ၏၊ အရုဏ်တက်ချိန်၌ တပါးပါးက ထိုကျောင်းတိုက် ဥပစာရသိမ်အပြင်သို့ရောက်နေလျှင် နိဿယည်းပျက်၏၊ ထေရ်စဉ်ဝါစဉ်အလိုက် နေရန် ကျောင်းနေရာချထားသောအခါ ထိုကျောင်းနေရာကို လက်ခံလျှင်လည်း ဤဥပစာရသိမ်အတွင်း၌ ရှိနေမှသာ ထိုကျောင်းနေရာကို ယူငင်လက်ခံခွင့်ရှိ၏၊ ဥပစာရသိမ်အပြင်မှနေ၍ ယူငင်ခွင့် မရှိ၊ မိမိအတွက် ကျောင်းနေရာကို လက်ခံယူငင်ပြီးနောက် တခြားကျောင်း၌ ကျောင်းနေရာယူမည်ကြံ၍ ထွက်သွားလျှင်လည်း ဥပစာရသိမ်ကို လွန်သည်နှင့် တပြိုင်နက်နဂိုယူပြီး ကျောင်းနေရာမှ လက်လွတ် ဖြစ်ရတော့၏။

ဥပစာရသီမာ နာမ ပရိက္ခိတ္တဿ ဝိဟာရဿ ပရိက္ခေပေန အပရိက္ခိတ္တဿ ပရိက္ခေပါရဟဋ္ဌာနေန ပရိစ္ဆိန္နာ။ အပိ စ ဘိက္ခူနံ ဓုဝသန္နိပါတဋ္ဌာနတော ဝါ--- ဥပစာရသီမာ ဝေဒိတဗ္ဗာ။ ဝိ၊ဋ္ဌ၊၃။၄၁၇။ ကင်္ခါ။၁၅၉။ ဝိ၊သင်္ဂဟ။၂၄၉။ (-ဝိ၊ဋ္ဌ၊၁။၃၀၈၊ ၃၃၁၊၃၃၅၊၃၃၆။ ဝိ၊ဋ္ဌ၊၄။၁၁၊၂၃၊၁၁၇။ ဝိ၊သင်္ဂဟ။၃၈၆။ ဝဇိရ။၄၂၀။၅၁၂။ သာရတ္ထ၊ ၃။၂၈၂၊၃၄၄။ ဝိမတိ၊၂။၂၀၂။ ကင်္ခါ၊ဋီ။ရ၄၊ ၂၆၁၊၂၉၃၊၂၉၅၊၃၉၉။ သီ၊ဋီ၊သစ်၊၂။၅၆။)

**ဥပစာရသီမာဂတ** (တိ) [ ဥပစာရသီမာ+ဂတ] ဥပစာရသိမ်၌ ရောက်ရှိနေသော၊သူ။ သံဃိကဿ လာဘဿ ဥပစာရသီမာဂတာနံ သာမဏေရာနမ္ပိ သန္တကတ္တာ တေသမ္ပိ ဥပစာရဂေါ လဗ္ဘတေဝ။ သာရတ္ထ၊၂။၃၇၆။ (-ကင်္ခါ၊ဋီ၊သစ်။၂၉၆။)

**ဥပစာရသီမာတိက္ကမ** (ပု) [ ဥပစာရသီမာ+

အတိက္ကမ] ဥပစာရသိမ်ကိုကျော်လွန်ခြင်း။ အာစရိယံ အနာပုစ္ဆာ ပက္ကမန္တဿ ပန ဥပစာရသီမာတိက္ကမေ နိဿယော ပဋိပ္ပဿမ္ဘတိ။ ဝိ၊ဋ္ဌ၊၃။၂၆၉။ ဝိ၊သင်္ဂဟ။၁ရ၃၊ (-၂၈၈။)

**ဥပစာရသီမာတိက္ကမန** (န) [ ဥပစာရသီမာ+အတိက္ကမန] ဥပစာရသိမ်ကို ကျော်လွန်ခြင်း။ ပက္ကမန္တိစေတ္ထ ဥပစာရသီမာတိက္ကမနံ ဒဋ္ဌဗ္ဗံ။ ဝိမတိ၊၂။၁၉၄။

**ဥပစာရသီမာပရိစ္ဆေဒ** (ပု) [ ဥပစာရသီမာ+ပရိစ္ဆေဒ] ဥပစာရသိမ်အပိုင်းအခြား။ သဗ္ဗမေတံ ဥပစာရသီမာပရိစ္ဆေဒဝသေန ကာတုံ ဝဋ္ဋတိ။ ဝဇိရ။၄၂၁။

**ဥပစာရသီမာပရိယာပန္န** (တိ) [ ဥပစာရသီမာ+ပရိယာပန္န] ဥပစာရသိမ်၌အကျုံးဝင်-သိတင်းသုံးနေထိုင်-သော၊သူ။ တေတ္တကာယေဝ ဘိက္ခူ ဥဒ္ဒိသထာတိ ဧဝံ ပရိစ္ဆေဒဿ အကရဏေန ဥပစာရသီမာပရိယာပန္နာနံ ခေတ္တပရိယာပန္နာနံ ဝသေန အပရိစ္ဆိန္နကမဟာဘိက္ခုသံဃေ။ မ၊ဋ္ဌီ၊၃။၄၁၁။

**ဥပစာရသီမောက္ကန္တ** (တိ) [ ဥပစာရသီမာ+ဩက္ကန္တ] ဥပစာရသိမ်သို့သက်ရောက်သော၊သူ။ ယဿ္မာ စ တတော ဗဟိဒ္ဓါပိ ဥပစာရသီမောက္ကန္တေဟိ ကောဗဒ္ဓါနံ ပါပုဏာတိ။ ကင်္ခါ၊ဋ္ဌီ၊သစ်။၂၉၆။

**ဥပစာရာကာရ** (ပု) [ ဥပစာရ+အာကာရ] ဥပစာရဘာဝနာ၏ အခြင်းအရာ။ သဗ္ဗာကာရေနာတိ ဥပစာရာကာရော အပ္ပနာကာရော---ဝေမာဒိနာ သဗ္ဗေန ဘာဝနာကာရေန။ ဝိသုဒ္ဓိ၊ဋ္ဌီ၊၂။ရ၃။

**ဥပစာရာတိက္ကမ** (ပု) [ ဥပစာရ+အတိက္ကမ] အနီးဥပစာအရပ်ကို ကျော်လွန်ခြင်း။ ဥပစာရာတိက္ကမေ ပါရာဇိကံ။ ဝိ၊ဋ္ဌ၊၁။၃ဝရ။ (-ကင်္ခါ၊ဋ္ဌီ။၁၁၁။)

**ဥပစာရာတိက္ကမနတ္ထ** (ပု) [ ဥပစာရ+အတိက္ကမနတ္ထ] အနီးဥပစာအရပ်ကို ကျော်လွန်ခြင်းအကျိုး။ မဂ္ဂပဋိပန္နာနံ ဘိက္ခူနံ ဥပစာရာတိက္ကမနတ္ထံ ဝုတ္တံ။ ဝိမတိ၊၂။၂၁၈။

**ဥပစာရာဓိဂမ** (ပု) [ဥပစာရ+အဓိဂမ] ဥပစာရစျာန်သမာဓိကို-ရခြင်း-ရရာအခါ။ ဥပစာရာဓိဂမတော ပုဗ္ဗေ အသပ္ပါယသေဝိတာယ ဒုက္ခာ ပဋိပဒါ။ ဝိသုဒ္ဓိ၊ဋ္ဌီ၊၁။၁၁၂။

**ဥပစာရာဝတ္ထာ** (ထီ) [ ဥပစာရ+အဝတ္ထာ] ဥပစာရသမာဓိ၏ အခိုက်အတန့်။ ဥပစာရဘူမိ-ကြည့်။

**ဥပစာရာသေဝနာ** (ထီ) [ ဥပစာရ+အာသေဝနာ] ဥပစာရစျာန်ကို-မှီဝဲခြင်း-အထပ်ထပ်ဖြစ်စေခြင်း။ တဒနန္တရဉ္စ ဘဝင်္ဂပရိဝါသေန ဥပစာရာသေဝနာယ စ ဝိနာ အပ္ပနာ ဟောတိ။ မ၊ဋ္ဌီ၊၃။၁၂၂။ အံ၊ဋ္ဌီ၊၃။၂၄၆။

**ဥပစာရေကဂ္ဂတာ** (ထီ) [ဥပစာရ+ဧကဂ္ဂတာ] ဥပစာရသမာဓိဖြစ်သောဧကဂ္ဂတာ။ သဗ္ဗာပိ ဥပစာရေကဂ္ဂတာ ကာမာဝစရော သမာဓိ။ ဝိသုဒ္ဓိ၊၁။၈၅။ (-ဝိသုဒ္ဓိ၊ဋ္ဌီ၊၁။၁၁၄။)

**ဥပစာရေတွာ** (ကြိ၊ဝိ) [ဥပ+စရ+ဏေ+တွာ] အနီး၌ဖြစ်စေ၍၊ အနီးသို့ရောက်စေ၍။ သတိ ကိလေသကာမေ အတ္တနော ဥပဟာရံ ဥပစာရေတွာ အဿာဒေတွာ ပရိဘုဉ္ဇတိ။ မ၊ဋ္ဌီ၊၃။၃၄၅။

**ဥပစာရောက္ကမန** (န) [ဥပစာရ+ဩက္ကမန] အနီးဥပစာအရပ်သို့ သက်ရောက်ခြင်း။ အနန္တရဂါမဿ ဥပစာရောက္ကမနေ ပန ဘိက္ခုနော ပါစိတ္တိယံ။ ဝိ၊ဋ္ဌ၊၃။ရ၃။ (-ဝိမတိ၊၂။၂၄။)

**ဥပစာလာ** (ထီ) [ဥပ+စာလာ] ဥပစာလာ

မည်သူ။ သာသနာတော်၌ ဥပစာလာအမည်ဖြင့် ပုဂ္ဂိုလ်(၄)ဦး တွေ့ရ၏။ (က) ဥပစာလာမည်သော-အဂ္ဂသာဝိကာ-အမြတ်ဆုံးတပည့်ဘိက္ခုနီဖြစ်သော ထေရ်ရှင်မ၊ (ဤဘဒ္ဒကမ္ဘာမှ နောက်ပြန်ရေတွက်လသော် လွန်ခဲ့သော-၉၂-ခုမြောက်ကမ္ဘာ၌ ပွင့်တော်မူသော ဖုဿမြတ်စွာဘုရား၏ အဂ္ဂသာဝိကာနှစ်ဦးတို့တွင် တစ်ဦးအပါအဝင်ဖြစ်၍ သမာဓိအရာ၌ တေဒဂ်ရသော ထေရ်ရှင်မဖြစ်သည်)။ (ခ) (အရှင်သာရိပုတ္တရာနှင့် အရှင်စုန္ဒတို့၏ ညီမဖြစ်သော) ဥပစာလာမည်သော ထေရ်ရှင်မ။ (ဂ) (လွန်ခဲ့သောနှစ်သချေ်နှင့် ကမ္ဘာတသိန်းအထက်၌ ပွင့်တော်မူသော သုမနမြတ်စွာဘုရား၏ အမြတ်ဆုံး အလုပ်အကျွေးဒါယိကာမဖြစ်သော) ဥပစာလာမည်သောဥပါသိကာမ။ (ဃ) ဥပစာလာမည်သော သာမဏေ၊ ယခင်ဥပစာလာ(ခ)၏ သားဖြစ်၍ အရှင်သာရိပုတ္တရာ၏ တူဖြစ်သော သာမဏေ။

(က) စာလာ စ ဥပစာလာ စ၊ ပေဟသုံ အဂ္ဂသာဝိကာ။ ဗုဒ္ဓဝံ။၃၆၃။ စာလာ ဥပစာလာ စ ဒွေ အဂ္ဂသာဝိကာ။ အဘိ၊ဋ္ဌ၊ ၁။၆၈။ အပ၊ဋ္ဌ၊၁။၅၁။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၇၅။ဇာ၊ဋ္ဌ၊ ၁။၄၉။ (ခ) အထ ခေါ ဥပစာလာ ဘိက္ခုနီ ပုဗ္ဗဏှသမယံ နိဝါသေတွာ။ သံ၊၁။၁၃၄။ တဿာနာမဂ္ဂဟဏဒိဝသေ စာလာတိ နာမံ အကံသု၊ တဿာ ကနိဋ္ဌာယ ဥပစာလာတိ။ ထေရီ၊ဋ္ဌ။၁၆၉။ (-မမ္ပ၊ဋ္ဌ၊၁။၃၉၆။ ထေရီ၊ဋ္ဌ၊ ၁။၁၇၁၊၁၇၂။ အံ၊ဋ္ဌ၊၁။၁၆၂။) (ဂ) စာလာ စ ဥပစာလာ စ၊ အဟေသုံ အဂ္ဂုပဋ္ဌိကာ။ ဗုဒ္ဓဝံ။၃၃၁။ ဗုဒ္ဓဝံ၊ဋ္ဌ။၁၉၁။ (ဃ) စာလေ ဥပစာလေ သီသူပစာလေ(ထေရ။၂၂၉)တိ တေသံ အာလပနံ၊ စာလာ ဥပစာလာ သီသူပစာလာတိ ဟိ ဇာတ္တိလိဂ်ဝသေန လဒ္ဓနာမာ တေ တယော ဒါရကာ ပဗ္ဗဇိတာပိ တထာ ဝေါဟရိယန္တိ၊ စာလီ ဥပစာလီ သီသူပစာလီတိ တေသံ နာမာနီတိ စ ဝဒန္တိ။ အပ၊ဋ္ဌ၊၁။၃၄၅။ ထေရ၊ဋ္ဌ၊၁။၁၃၈။ (-သံ၊ဋ္ဌ၊ ၂။၄၇၈။)

**ဥပစာလီ** (ထိ) [ ဥပ+စာလီ ] ဥပစာလီမည်သော-သူ-သာမဏေ။ အရှင်သာရိပုတ္တရာနှင့် အရှင်စုန္ဒတို့၏ နှမဖြစ်သူ ဥပစာလာ၏ သားဖြစ်သော သာမဏေ။ ဥပစာလာ(ဃ)ကြည့်။

**ဥပစိကက္ခာယိက** (တိ) [ ဥပစိကာ+ခါယိက] ခြခဲစားအပ်သော(အဝတ်)။ ဥန္ဒူရက္ခာယိကံ ဥပစိကက္ခာယိကံ အဂ္ဂိဒဍ္ဎံ။ ဝိ၊၅။၂၃၀။

**ဥပစိကက္ခာယိတ** (တိ) [ ဥပစိကာ+ခါယိတ] ခြခဲစားအပ်သော(အဝတ်)။ ဥန္ဒူရက္ခာယိတံ ဥပစိကက္ခာယိတံ အဂ္ဂိဒဍ္ဎံ။ ဝိ၊ဋ္ဌ၊၄။၁၈၃။

**ဥပစိကရာဇိ** (ထီ) [ ဥပစိကာ+ရာဇိ] (သွားနေသော) ခြတို့၏-အရေးအကြောင်း-အစဉ်အတန်း။ ယထာ ပန ဥပစိကရာဇိ ဝါ ကိပိလ္လိကရာဇိ ဝါ ဩလောကိယမာနာ ကောဗဒ္ဓါ ဝိယ ဟောတိ။ အဘိ၊ဋ္ဌ၊၂။၂၇။

**ဥပစိကာ** (ထီ) [ ဥပ+စိ+ဏွု+အာ။ P.T.S-၌ "ဥပဒိကာ"ဟူသော သက္ကတပုဒ်နှင့်နှိုင်းယှဉ်ပြထား၏၊ သို့သော် ယင်းသက္ကတပုဒ်နှင့် ဥပစိကာ ဟူသော ပါဠိတို့ ဆက်သွယ်ပုံမှာ သိပ်မရှင်းဟု ဆိုပြီး "ဥတ္တာဒိကာ> ဥပတိကာ> ဥပစိကာ" ဟု အဆင့်ဆင့် ပြောင်းလဲလာသည် ဟူသော ဝါဒတမျိုးကိုလည်း ပြထားသည်] ခြသတ္တဝါ။ ဥပစိကာနံ ဝါ အာသယော ဟောတိ။ ဝိ၊၁။၂၂၆။ သေနာသနံ ဥပစိကာဟိ ခါယိတံ ဟောတိ။ ဝိ၊၂။၆၀။

**ဥပစိကာခါယိတ** (တိ) [ ဥပစိကာ+ခါယိတ] ခြခဲစားအပ်သော(ပံသုကူအဝတ်)။ အဂ္ဂိဒဍ္ဎံ

ဂေါခါယိတံ ဥပစိကာခါယိတံ။ အံ၊ဋ္ဌ၊၂။၂၇၈။ စူဠနိ၊ဋ္ဌ။၁၁၀။ ဝိသုဒ္ဓိ၊၁။၆၀။

**ဥပစိကာမောစနတ္ထ** (ပု) [ ဥပစိကာ+မောစနတ္ထ] ခြဘေးရန်မှ ကင်းလွတ်စေခြင်း အကျိုး။ ဥပစိကာမောစနတ္ထံ အဋ္ဌဂုံလိမ္ပေတွေန အပ္ပတ္တစ္ဆဒနံ ကတ္ဝာ ဘိတ္တိံ လိမ္ပတိ။ ဝိ၊ဋ္ဌ၊၂။၁၅၇။ (-သာရတ္ထ၊၂။၃၃၆။ ဝိမတိ၊၁။၂၇၉။)

**ဥပစိကာသင်္ကာ** (ထီ) [ ဥပစိကာ+အာသင်္ကာ] ခြတို့၌ ယုံမှားတွေးတောခြင်း၊ ခြကိုက်အံ့လောဟု သံသယဖြစ်ခြင်း။ ယတ္ထ ဥပစိကာသင်္ကာ နတ္ထိ။ ဝိ၊ဋ္ဌ၊၃။၄၄။ ဝိ၊သင်္ဂဟ။၈၈။ (-သာရတ္ထ၊၃။၂၉။ ကင်္ခါ၊ဋီ၊သစ်။၃၆၆။)

**ဥပစိဏ္ဏ** (န) [ ဥပ+စရ+တ] ပြုကျင့်အပ်သော အကျင့်။ ဒုဋ္ဌု ဥပစိဏ္ဏံ စရိတန္တိ ဒုရူပစိဏ္ဏံ။ ဝိမတိ၊၁။၁၇၆။

**ဥပစိတ** (တိ) [ ဥပ+စိ+တ] (၁) ဆည်းပူး-စုဆောင်း-အထပ်ထပ်ဖြစ်စေ-တိုးပွားစေ-အားထုတ်-အပ်သော။ (၂) လက်ဦးအစဖြစ်သော၊ အထက်၌ တိုးပွားသော၊ ဖြစ်ဆဲဖြစ်သော၊ (ရုပ်)။ (၁) အာယုသံဝတ္တနိကံ အာယုသ္မတာ စုန္ဒေန ကမ္မံ ဥပစိတံ။ ဒီ၊၂။၁၁၃။ ဥဒါန။၁၈၃။ ဥပစိတန္တိ ပသုတံ ဥပ္ပါဒိတံ။ ဥဒါန၊ဋ္ဌ။၃၆၆။ နာဟံ ဘိက္ခဝေ သဉ္စေတနိကာနံ ကမ္မာနံ ကတာနံ ဥပစိတာနံ အပ္ပဋိသံဝေဒိတ္ဝာ ဗျန္တိဘာဝံ ဝဒါမိ။ အံ၊၃။၄၉၇။ အဘိ၊ဋ္ဌ၊၃။၂၅၄။ ဥပစိတာနန္တိ စိတာနံ ဝဍ္ဎိတာနံ။ အံ၊ဋ္ဌ၊၃။၃၄၀။ (၂) ဥပစိတရူပပဒဋ္ဌာန-ကြည့်။

**ဥပစိတကမ္မာဘာဝ** (ပု) [ဥပစိတကမ္မ+အဘာဝ] ဆည်းပူး-စုဆောင်း-အားထုတ်-အပ်သောကံမရှိခြင်း။ ဥပစိတကမ္မာဘာဝေ ဝိပါကာဘာဝတော။ အဘိ၊ဋ္ဌ၊၂။၁၄၃။ ပဋိသံ၊ဋ္ဌ၊၁။၃၂၀။

မဟာနိ၊ဋ္ဌ။၁၉၅။ ဝိသုဒ္ဓိ၊၂။၁၇၇။

**ဥပစိတကုသလ** (တိ) [ ဥပစိတ+ကုသလ] ဆည်းပူးအပ်သောကုသိုလ်ရှိသော၊သူ။ ကတပုညတာတိ ပုဗ္ဗေ ဥပစိတကုသလတာ။ ပဋိသံ၊ဋ္ဌ၊၁။၂၇၂။ ခုဒ္ဒက၊ဋ္ဌ။၁၁၁။

**ဥပစိတကုသလဓမ္မ** (တိ) [ ဥပစိတ+ကုသလဓမ္မ] ဆည်းပူးအပ်သော ကုသိုလ်တရားရှိသော၊သူ။ ဣဒါနိပိ ဒေဝကာယေ ဘဝိဿတိ ဥပစိတကုသလဓမ္မတ္တာ။ သံ၊ဋီ၊၁။၃၀၀။

**ဥပစိတစေတနာ** (ထီ) [ ဥပစိတာ+စေတနာ] ဆည်းပူးအပ်သောစေတနာ။ သဗ္ဗေပိ သတ္တာ ပုဗ္ဗေ ဥပစိတစေတနာယ သမင်္ဂီတာယ စေတနာသမင်္ဂီနောတိ ဝုစ္စန္တိ။ အံ၊ဋ္ဌ၊၁။၃၆၄။

**ဥပစိတတနုတမ္ဗလောမ** (တိ) [ ဥပစိတ +တနုတမ္ဗလောမ] ဖြစ်ပွားစေအပ်သော-စီရရီပေါက်သော-သေးငယ်နီမြန်းသော အမွေးရှိသော၊သူ။ ကဏ္ဏသောတာနံ ဥပစိတတနုတမ္ဗလောမတာယ ဓောတရဇတပနာဠိသဒိသတာ ဝုတ္တာ။ မ၊ဋီ၊၃။၁၇၁။ (-ဝိဘာဝိနီ။၁၉၆။ မဏိမဉ္ဇူ၊၂။၁၂၁။)

**ဥပစိတတ္တ** (နု) [ ဥပစိတ+တ္တ] ဆည်းပူး-စုဆောင်း-အထပ်ထပ်ဖြစ်စေ-တိုးပွားစေ-အားထုတ်-အပ်သည်၏အဖြစ်။ ယသ္မိံ သမယေ ကာမာဝစရဿ ကုသလဿ ကမ္မဿ ကတတ္တာ ဥပစိတတ္တာ ဝိပါကံ စက္ခုဝိညာဏံ ဥပ္ပန္နံ ဟောတိ။ အဘိ၊၁။၁၀၄။ ဥပစိတတ္တာတိ အာစိတတ္တာ ဝဍ္ဎိတတ္တာ။ အဘိ၊ဋ္ဌ၊၁။၃၀၃။ ဥပစိတတ္တာတိ ယထာ အညဿ ဝိပါကံ ပဋိဗာဟိတ္ဝာ အတ္တနော ဝိပါကာဘိမုခံ ဟောတိ၊ တထာ ဝဍ္ဎိတတ္တာ။ မူလဋီ၊၁။၁၂၄။

**ဥပစိတဒေါသ** (တိ) [ ဥပစိတ+ဒေါသ] တိုးပွားစေအပ်သော-များပြားသော-အပြစ်ဒေါသ

ရှိသော။ ဥဿန္နဒေါသန္တိ ဝါတပိတ္တာဒိဝသေန
ဥပစိတဒေါသံ။ အံ၊ဋီ၊၁။၂၅၂။

**ဥပစိတပါပကမ္မ** (တိ) [ ဥပစိတ+ပါပကမ္မ]
ဆည်းပူးအားထုတ်အပ်သော မကောင်းမှု
အကုသိုလ်ကံ ရှိသော၊သူ။ ပါပဿာတိ ပါပ-
ယောဂေန ပါပဿ၊ ဥပစိတပါပကမ္မဿာတိ
အတ္ထော။ ဝိသုဒ္ဓိ၊ဋီ၊၂။၁၉၉။

**ဥပစိတပုည** (တိ) [ ဥပစိတ+ပုည] ဆည်းပူး-
အားထုတ်-အပ်သော ကုသိုလ်ရှိသော၊ များ
သော ကုသိုလ်ရှိသော၊သူ။ ဥဿန္နကုသလာ-
တိ ဥပစိတပုညာ။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၂၈။ (-သုတ္တနိ၊
ဋ္ဌ၊၂။၂၀၈။)

**ဥပစိတပုညသဥ္စယ** (တိ) [ ဥပစိတ+ပုည
သဥ္စယ] ဆည်းပူး-အားထုတ်-အပ်သော
ကုသိုလ်အစုရှိသော၊သူ။ သော နာလကော
ဥပစိတပုညသဥ္စယော။ သုတ္တနိ။၃၈၈။ ဥပ-
စိတပုညသဥ္စယောတိ ပဒုမုတ္တရတော ပဘုတိ
ကတပုညသဥ္စယော။ သုတ္တနိ၊ဋ္ဌ၊၂။၂၀၉။ (-
ဥဒါန၊ဋ္ဌ။၃၈၇။)

**ဥပစိတပုညသမ္ဘာရ** (တိ) [ ဥပစိတ+ပုည
သမ္ဘာရ ] ဆည်းပူး အားထုတ်အပ်သော
ကုသိုလ်အဆောက်အဦရှိသော၊သူ။ သော ဟိ
အာယသ္မာ ပဒုမုတ္တရဿ ဘဂဝတော ပါဒ-
မူလေ ကတာဘိနီဟာရော ကပ္ပသတသဟဿံ
ဥပစိတပုညသမ္ဘာရော။ ဥဒါန၊ဋ္ဌ။၃၁၆။ (-
ဣတိဝုတ်၊ဋ္ဌ။၁၁။ သုတ္တနိ၊ဋ္ဌ၊၂။၂၁၀။)

**ဥပစိတဗ္ဗ** (တိ) [ ဥပ+စိ+တဗ္ဗ] ဆည်းပူး -
စုဆောင်း-ထိုက်သော။ တဿ အစ္စိတဗ္ဗော
အစ္စနာရဟော ဟိတသုခတ္ထိကေန ဥပစိတ-
ဗ္ဗောတိ အတ္ထော။ ခုဒ္ဒက၊ဋ္ဌ။၁၈၉။

**ဥပစိတမနက** (တိ) [ ဥပစိတ+မန+က]
ဆည်းပူး-တိုးပွားစေ-အားထုတ်-အပ်သော
စိတ်ရှိသော၊ ထက်မြက်သော စိတ်ရှိသော၊
သူ။ မနဿ ဥဿန္နတာယ မနဿာတိ၊
သူရဘာဝသတိမန္တတာဗြဟ္မစရိယယောဂျ-
တာဒိဂုဏဝသေန ဥပစိတမနကာ ဥက္ကဋ္ဌဂုဏ-
စိတ္တာတိ အတ္ထော။ ဒီ၊ဋီ၊၃။၁၀၂။

**ဥပစိတမဟဂ္ဂတကမ္မ** (တိ) [ ဥပစိတ+
မဟဂ္ဂတကမ္မ] ဆည်းပူး အားထုတ်အပ်သော
မဟဂ္ဂုတ်ကံရှိသော၊သူ။ ဥပစိတမဟဂ္ဂတ-
ကမ္မဿ ပန ကမ္မနိမိတ္တမေဝ အာပါထမာ-
ဂစ္ဆတိ။ ဝိသုဒ္ဓိ၊၂။၁၈၂။

**ဥပစိတမာနသ** (တိ) [ ဥပစိတ+မာနသ]
ဆည်းပူး-တိုးပွားစေ-အားထုတ်-အပ်သော
စိတ်ရှိသော၊ ထက်မြက်သောစိတ် ရှိသော၊သူ။
သတိသူရဘာဝဗြဟ္မစရိယယောဂျတာဒိဂုဏ-
ဝသေန ဥပစိတမာနသာ ဥက္ကဋ္ဌဂုဏစိတ္တာ၊
ဝိမာန၊ဋ္ဌ။၁၆။ (-သာရတ္ထ၊၂။၁၉။ မ၊ဋီ၊၂။၃၀။
အံ၊ဋီ၊၂။၁၄၇။)

**ဥပစိတရူပပဒဋ္ဌာန** (တိ) [ ဥပစိတ+
ရူပ+ပဒဋ္ဌာန] လက်ဦးအစဖြစ်သော-အထက်၌
တိုးပွားသော-ဖြစ်ဆဲဖြစ်သော-ရုပ်လျှင် နီးစွာ
သော အကြောင်းရှိသော။ ပရိပုဏ္ဏဘာဝ-
ပစ္စုပဋ္ဌာနော ဝါ ဥပစိတရူပပဒဋ္ဌာနော။ အဘိ၊
ဋ္ဌ၊၁။၃၆၄။ မူလဋီ၊၂။၁၂၄။ ဝိသုဒ္ဓိ၊ဋီ၊၂။၃၃၄။
အဘိဓမ္မဝတာရဋီ၊၂။၁၅၆။

**ဥပစိတဝိပုလပုညသမ္ဘာရ** (တိ) [ ဥပစိတ+
ဝိပုလပုညသမ္ဘာရ] ဆည်းပူး အားထုတ်
အပ်သော ပြန့်ပွားများပြားသော ကုသိုလ်
အဆောက်အဦရှိသော၊သူ။ ဥပစိတဝိပုလ-
ပုညသမ္ဘာရော သတ္ထာ ဧဝံ ဒါရုဏံ အဘူ-
တဗ္ဘက္ခာနံ ပါပုဏိ။ ဥဒါန၊ဋ္ဌ။၂၃၈။ (-အံ၊ဋီ၊
၃။၃၃၅။)

**ဥပစိတဝိမောက္ခသမ္ဘာရ** (တိ) [ ဥပစိတ+

ဝိမောက္ခသမ္ဘာရ] ဆည်းပူး အားထုတ်အပ်သော ကုသိုလ်အဆောက်အဦရှိသော၊သူ။ အနုက္ကမေန ဥပစိတဝိမောက္ခသမ္ဘာရာ ဣမသ္မိံ ဗုဒ္ဓုပ္ပါဒေ ---ကုလဂေဟေ နိဗ္ဗတ္တိတွာ ။(သီ-မူ၌ ဥပစိတကုသလသမ္ဘာရာ-ဟုရှိ။) ထေရီ၊ ဋ္ဌ။၁၂၁။

**ဥပစိတသမ္ဘာရ** (တိ) [ ဥပစိတ+သမ္ဘာရ] ဆည်းပူးအားထုတ်အပ်သော ကုသိုလ်အဆောက်အဦရှိသော၊သူ။ ဥပစိတသမ္ဘာရ-တာယ အဘိသမ္ဗုဇ္ဈိတုံ ဘဗ္ဗတာဝ တထာ ဝုစ္စတီတိ ဒဿေတိ။ အနုဋီ၊၃။၁၃၆။

**ဥပစိတာနဝဇ္ဇကမ္မ** (တိ) [ ဥပစိတ+အနဝဇ္ဇကမ္မ] ဆည်းပူးအားထုတ်အပ်သော-အပြစ်မရှိသောကံ-ကုသိုလ်ကံ-ရှိသော၊သူ။ ဒုဂ္ဂတိယံ ဌိတဿ ပန ဥပစိတာနဝဇ္ဇကမ္မဿ ဝုတ္တ-နယေနေဝ တံ အနဝဇ္ဇကမ္မံ ဝါ ကမ္မနိမိတ္တံ ဝါ မနောဒွါရေ အာပါထမာဂစ္ဆတိ။ ဝိသုဒ္ဓိ၊၂။၁၈၂။

**ဥပစိနတိ= ဥပစိနာတိ** (ကြိ) [ ဥပ+စိ+နာ+တိ] ဆည်းပူး၏၊ အားထုတ်၏၊ တိုးပွားစေ၏၊ ဖြစ်စေ၏။,ပဿဝတီတိ ကာယဒုစ္စရိတာဒိဘေဒံ ပါပံ ဥပစိနတိ။ ဣတိဝုတ်၊ဋ္ဌ။၁၄၈။ သော ပသံသကော ပုဂ္ဂလော မုခေန ကလိံ ဝိစိနာတိ ဥပစိနာတိ။ နေတ္တိ၊ဝိဘာ။၂၈၉။ **ဥပစိနန္တိ**-မ၊၁။၃၀၁။မ၊ဋ္ဌ၊၂။၁၈၆။ **ဥပစိနေယျ** ပဝေသေယျာတိ အတ္ထော။-ဣတိဝုတ်၊ဋ္ဌ။ရ၄။ **ဥပစိနေယျံ**- ဝိမာန၊ဋ္ဌ။၁၈၅။ **ဥပစိနို-**နိဗ္ဗတ္တေသီတိ အတ္ထော။ ဝိမာန၊ဋ္ဌ။၁ရ။ (-ထေရ၊ဋ္ဌ၊၁။ရ၂။)

**ဥပစိနန္တ**(တိ)[ ဥပ+စိ+နာ+အန္တ။ ထိ-၌ ဥပစိနန္တီ] ဆည်းပူး-အားထုတ်-တိုးပွားစေ-ဖြစ်စေ-သော၊သူ။ တတ္ထ တတ္ထ ဘဝေ ဝိဝဋ္ဋူ-ပနိဿယာနိ ပုညာနိ ဥပစိနန္တော။ အပ၊ဋ္ဌ၊ ၁။၂၆၆။ တတ္ထ တတ္ထ ဘဝေ ဝိဝဋ္ဋူပနိဿယံ ကုသလံ ဥပစိနန္တိ။ ထေရီ၊ဋ္ဌ။၁၀။ (-အပ၊ဋ္ဌ၊ ၁။၂၈၂၊၃၀၅။ ထေရီ၊ဋ္ဌ။၁၂၁။)

**ဥပစိနန္တိ** (ကြိ) [ ဥပ+စိ+နာ+အန္တိ] ဆည်းပူး-အားထုတ်-တိုးပွားစေ-ဖြစ်စေ-ကုန်၏။ ဥပစိနတိ- ကြည့်။

**ဥပစိနိ** (ကြိ) [ ဥပ+စိ+နာ+ဤ] ဆည်းပူးပြီ၊ အားထုတ်ပြီ၊ တိုးပွားစေပြီ၊ ဖြစ်စေပြီ။ ဥပစိနတိ-ကြည့်။

**ဥပစိနိတဗ္ဗ** (တိ) [ ဥပ+စိ+နာ+တဗ္ဗ] စီအပ်သော။ စေတိယကရဏကာလေ ဥပစိနိတဗ္ဗာနံ ဣဋ္ဌကာနံ ဌပနတ္ထာယ။ အပ၊ဋ္ဌ၊၂။၃၈။

**ဥပစိနိတွာ**(ကြိ၊ဝိ) [ ဥပ+စိ+နာ+တွာ] (က) ဆည်းပူး၍၊ အားထုတ်၍၊ တိုးပွားစေ၍၊ ဖြစ်စေ၍။ (ခ) ထက်ဝန်းကျင်မှစီ၍၊ ထင်းပုံပုံ၍။ (ဂ) ပြည့်စေ၍။ (က) ပေတာနံ ဥဒ္ဒိဿနဝသေန ဒါနမယံ ပုညံ ဥပစိနိတွာ။ ပေတ၊ဋ္ဌ၊၈။ (-ဣတိဝုတ်၊ဋ္ဌ။၂၄ရ။ ထေရ၊ဋ္ဌ၊ ၁။၈၃။ သံ၊ဋီ၊၁။၃၃၅။) (ခ) အာယသ္မတော သဥ္စိဝဿ ကာယေ ဥပစိနိတွာ အဂ္ဂိံ ဒတွာ ပက္ကမိံသု။ မ ၊ ၁။၄၀၉။ ကာယေ ဥပစိနိတွာတိ သမန္တတော စိတကံ ဗန္ဓိတွာ။မ၊ဋ္ဌ၊၂။၃၁၄။ (ဂ) ဥဒရံ အဝဒိဟိတွာ ဥပစိနိတွာ ပူရေတွာ။ အံ၊ဋ္ဌ၊၃။၆၅။

**ဥပစိနေယျံ** (ကြိ) [ ဥပ+စိ+နာ+ဧယျံ] ဆည်းပူး-အားထုတ်-တိုးပွားစေ-ဖြစ်စေ-ရာ၏။ ဥပစိနတိ- ကြည့်။

**ဥပစိနေယျ** (ကြိ) [ ဥပ+စိ+နာ+ဧယျ] ဆည်းပူး-အားထုတ်-တိုးပွားစေ-ဖြစ်စေ-ရာ၏။ ဥပစိနတိ- ကြည့်။

**ဥပစိနောတိ** (ကြိ) [ ဥပ+စိ+ဏု+တိ။ ဏ-ကာရဿ နကာရတ္တံ။ နီတိ၊ဓာတု။၂၄၅။ ရှု။

၅၁၂။] ဆည်းပူး၏၊ ပွားစေ၏၊ ပြည့်စေ၏။ ဥဒရံ အဝဒိဟတိ ဥပစိနောတိ ပရိပူရေတီတိ ဥဒရာဝဒေဟကံ။ ဒီဋ္ဌီ၊၃။၂၄၇။ အံဋ္ဌီ၊၃။၅၆၊ ၉၇၇။

**ဥပစိန္တာ** (ထီ) [ ဥပ+စိတိ(စိန္တ)+အ+အာ] အကြောင်းဥပါယ်ကို-နည်းလမ်းကို-ကြံစည်ခြင်း။ မိစ္ဆာဉာဏန္တိ---ပါပကိရိယာသု ဥပ-စိန္တာဝသေန (ဥပါယစိန္တာဝသေန-က) ပါပံ ကတ္တာ။ မဟာနိ၊ဋ္ဌ။၁၇၈-၉။

**ဥပစိ(စိ)ယတိ** (ကမ္မ၊ကြိ) [ဥပ+စိ+ယ+တေ] ဆည်းပူး-အားထုတ်-ဖြစ်စေ-တိုးပွါးစေ-အပ်၏။ ဒါနံ ဒေန္တဿ စိတ္တသမ္ပတ္တိယာ စ ဒက္ခိဏေယျသမ္ပတ္တိယာ စ ဒါနမယံ ပုညံ ဥပစီယတိ။ ဥဒါန၊ဋ္ဌ။၃၆၇။ (-ဣတိဝုတ်၊ ဋ္ဌ။၂၇၅။ ထေရ၊ဋ္ဌ၊၂။၅၀၄။ စရိယာ၊ဋ္ဌ။၃၀၉။ သီဋ္ဌီ၊သစ်၊၁။၂၈၇။ အံဋ္ဌီ၊၂။၂၉၀။) ဥပစီယတိ စေတနာတိ ဥပစယော။ မဋ္ဌီ၊၂။၁၀၄။

**ဥပစေလ=ဥပစေဠ** (ပု) [ယာဒိစ္ဆကနာမ်] ဥပစေလ(ဥပစေဠ) မည်သောစကြဝတေး-မင်း၊ (မြတ်စွာဘုရား၏ ညီတော် နန္ဒထေရ်၏ အလောင်းဖြစ်သောစကြဝတေမင်း)။ သဋ္ဌိကပ္ပသဟဿမှိ၊ ဥပစေလာ စတုဇ္ဇနာ။ အပ၊၁။၆၃။ ကေသွိံ ကပ္ပေ စတ္တာရော ဇနာ ဥပစေဠာ နာမ စက္ကဝတ္တိရာဇာနော စတူသု ဇာတီသု အဟေသုံ။ အပ၊ဋ္ဌ၊၂။၇။

**ဥပစ္စကာ** (ထီ) [ဥပ+စ္စက။ သေလဿာဓော-ဘာဂါသန္နဘူမိ ဥပစ္စကာနာမ၊ အတြ တေဟိ ဥပါဒိသဒ္ဒေဟိ စ္စကော ယဒါဒိနာ။ ဓာန်ဋ္ဌီ။ ၆၁၀] တောင်ခြေမြေပြင်၊ တောင်၏အနီးဖြစ်သော မြေ။ ပဗ္ဗတဿ ပဿေတိ ပဗ္ဗတပါဒေ ဥပစ္စကာယံ။ သံဋ္ဌီ၊၁။၂၁၆။

**ဥပစ္စဂံ** (ကြိ) [ ဥပ+အတိ+ဂမု+အ] ကျော်လွန်ပြီ။ ကာမဓာတုံ ဥပစ္စဂံ (ထေရ။၂၅၅) အနာဂါမိမဂ္ဂေန အစ္စန္တမေဝ ကာမဓာတုံ အတိက္ကမိံ။ ထေရ၊ဋ္ဌ၊၁။၃၉၁။

**ဥပစ္စဂါ** (ကြိ) [ ဥပ+အတိ+ဂမု++ဤ] ကျော်လွန်ပြီ။ ယောဓ ပုညဉ္စ ပါပဉ္စ၊ ဥဘော သင်္ဂံ ဥပစ္စဂါ။ မ၊၂။၄၁၁။ သုတ္တနိ။၃၇၇။ ဥပစ္စဂါတိ အတိတော။ မဋ္ဌ၊၃။၂၉၉။ (-သုတ္တနိ၊ဋ္ဌ၊၁။၁၉၀။) ခဏော ဝေါ မာ ဥပစ္စဂါ။ သုတ္တနိ။၃၂၈၊ (-၄၀၈။ ထေရ။၂၈၃၊၃၁၄။ ထေရီ။၃၇၈။ ဥပဇ္ဈဂါ-လည်းကြည့်။) အယံ တုမှာကံ သမဏဓမ္မကရဏက္ခဏော မာ အတိက္ကမိ။ သုတ္တနိ၊ဋ္ဌ၊၂။၇၂၊ (-၂၅၆။ ထေရ၊ဋ္ဌ၊၂။၉၆၊၉၇၊ ၂၄၃။ ထေရီ၊ဋ္ဌ။၁၃။)

**ဥပစ္စဂုံ** (ကြိ) [ ဥပ+အတိ+ဂမု+ဥံ] (၁) ကျော်လွန်ကုန်ပြီ၊ (၂) လွှမ်းမိုး-နှိပ်စက်-ကုန်ပြီ။ (၁)(၂) မာ တံ ယောဂါ ဥပစ္စဂု (ထေရီ။၃၇၈)န္တိ--- ဣမေ ယောဂါ သမယာ ဒုလ္လဘက္ခဏာ တံ မာ အတိက္ကမုံ။ ကာမ-ယောဂါဒယော ဝေ ဝါ စတ္တာရော ယောဂါ တံ မာ ဥပစ္စဂုံ မာ အဘိဘဝေယျုံ။ ထေရီ၊ဋ္ဌ။၁၂။ ဥပဇ္ဈဂုံ-လည်းကြည့်။

**ဥပစ္စိသု** (ကြိ) [ဥ+ပစ+ယ+ဥံ] မှည့်ရင့်-ရင့်ကျက်-နီရဲ-ကျိန်းစပ်-ကုန်ပြီ။ ဟဒယံ သုဿိ၊ အက္ခီနိ ဥပစ္စိသု။ ဇာ၊ဋ္ဌ၊၇။၃၂။

**ဥပဋ္ဌာဒေတိ** (ကြိ) [ ဥပ+ဆဒ+ဏေ+တိ] ဖုံးလွှမ်း၏။ ဆာဒေမီတိ ဥပဋ္ဌာဒေမိ။ ထေရီ၊ဋ္ဌ။၂၇၃။

**ဥပဋ္ဌာဒေတွာ** (ကြိ၊ဝိ) [ ဥပ+ဆဒ+ဏေ+တွာ] ဖုံးလွှမ်း၍။ ဥပဋ္ဌာဒေတွာ ဥပနယာမိ စ။ ထေရီ၊ဋ္ဌ။၂၇၃။

**ဥပဋ္ဌာဒေမိ** (ကြိ) [ ဥပ+ဆဒ+ဏေ+မိ] ဖုံးလွှမ်း၏။ ဥပဋ္ဌာဒေတိ-ကြည့်။

**ဥပစ္ဆိဇ္ဇတိ** (ကြိ) [ဥပ+ဆိဒ+ယ+တိ] ပြတ်၏။ ယဿာ စ တံ အာဂမ္မ တေဘူမကဝဋ္ဋံ ဥပစ္ဆိဇ္ဇတိ။ ဝိ၊ဋ္ဌ၊၁။၁၈၃။ ဘဝစက္ကံ ယာဝ ကိလေသဝဋ္ဋံ န ဥပစ္ဆိဇ္ဇတိ။ အဘိ၊ဋ္ဌ၊၂။၁၈၅။ ဝိသုဒ္ဓိ၊၂။၂၁၆။ (-ဝိ၊ဋ္ဌ၊၄။၁၀၁။ ဝိ၊ သင်္ဂဟ။ ၂၇၆။ မ၊ဋ္ဌ၊၂။၂၄၇။ ဝိသုဒ္ဓိ၊၁။၉၀။ ဣတိဝုတ်၊ ဋ္ဌ။၁၇၀။ မ၊ဋီ၊၂။၂၇၀။) **ဥပစ္ဆိဇ္ဇန္တိ**-အံ၊ဋ္ဌ၊ ၂။၂၉၇။ နေတ္တိ၊ဋ္ဌ။၂၆၇။ မ၊ဋီ၊၂။၁၆၈။ အံ၊ဋီ၊ ၁။၈၂။ **ဥပစ္ဆိဇ္ဇိ**-ဝိ၊ဋ္ဌ၊၁။၄၀။ **ဥပစ္ဆိဇ္ဇိဿတိ**- ဝိသုဒ္ဓိ၊၁။၂၂၂။ အနုဋီ၊၃။၁၈၂။ **ဥပစ္ဆိဇ္ဇိဿထ**- ဒီ၊ဋ္ဌ၊၂။၉၃။ ဒီ၊ဋီ၊၂။၁၀၄။

**ဥပစ္ဆိဇ္ဇန** (န) [ဥပ+ဆိဒ+ယု] ပြတ်စဲခြင်း။ ဓဝံ ဥပရိ သဗ္ဗတ္ထ ပါဠိဝစနက္ကမံ နိဿာယ နေသံ ပဠမံ ပစ္ဆာ စ ဥပစ္ဆိဇ္ဇနံ ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။ ဝိမတိ၊ ၂။၁၉၅။

**ဥပစ္ဆိဇ္ဇန္တိ** (ကြိ) [ ဥပ+ဆိဒ+ယ+အန္တိ] ပြတ်ကုန်၏။ ဥပစ္ဆိဇ္ဇတိ-ကြည့်။

**ဥပစ္ဆိဇ္ဇမာန** (တိ) [ ဥပ+ဆိဒ+ယ+မာန] ပြတ်သော။ အောက်ပုဒ်ကြည့်။

**ဥပစ္ဆိဇ္ဇမာနသန္တာန** (တိ) [ဥပစ္ဆိဇ္ဇမာန+သန္တာန] ပြတ်သော-သန္တာန်-ခန္ဓာအစဉ်-ရှိသော၊သူ။ သတ္တဟရဏာဒီဟိ ဥပက္ကမေဟိ ဥပစ္ဆိဇ္ဇမာန- သန္တာနာနံ မရဏံ ဟောတိ။ ဝိသုဒ္ဓိ၊၁။၂၂၂။

**ဥပစ္ဆိဇ္ဇိ** (ကြိ) [ ဥပ+ဆိဒ+ယ+ဤ] ပြတ်ပြီ။ ဥပစ္ဆိဇ္ဇတိ-ကြည့်။

**ဥပစ္ဆိဇ္ဇိတုံ** (ဗျ) [ ဥပ+ဆိဒ+ယ+တုံ] ပြတ်ခြင်း ငှါ။ ဒသဟာကာရေဟိ ဥပစ္ဆိဇ္ဇိတုံ (သျှမူ) ယုတ္တံ ပဋိဂ္ဂါဟကေသု ဝိပ္ပဋိသာရံ ဝိနောဒေတိ။ ဒီ၊ ဋ္ဌ၊၁။၂၆၈။

**ဥပစ္ဆိဇ္ဇိဿတိ** (ကြိ) [ ဥပ+ဆိဒ+ယ+ဿတိ] ပြတ်လတ္တံ့။ ဥပစ္ဆိဇ္ဇတိ-ကြည့်။

**ဥပစ္ဆိဇ္ဇိဿထ** (ကြိ) [ ဥပ+ဆိဒ+ယ+ဿထ] ပြတ်ရာ၏။ ဥပစ္ဆိဇ္ဇတိ-ကြည့်။

**ဥပစ္ဆိန္ဒတိ** (ကြိ) [ ဥပ+ဆိဒ+အ+တိ] ဖြတ်၏၊ ဖြတ်တောက်၏။ ဇီဝိတိန္ဒြိယံ ဥပစ္ဆိန္ဒတိ။ ဝိ၊ ၁။၉၂။ ဝိ၊ဋ္ဌ၊၂။၃၈။ ဝိ၊ဋ္ဌ၊၃။၁၃၃။ အာဟာရံ ဥပစ္ဆိန္ဒတိ၊ ဒုက္ကဋမေဝ။ ဝိ၊ဋ္ဌ၊၂။၆၃။ ဝိ၊ သင်္ဂဟ။၄၂၉။ (-သီ၊ဋီ၊သစ်၊၁။၁၈၉။ အံ၊ဋီ၊ ၂။၂၈။ ဝိသုဒ္ဓိ၊ဋီ၊၂။၃၇၉။) **ဥပစ္ဆိန္ဒန္တိ**-ဒီ၊ဋ္ဌ၊ ၁။၂၇၀။ ဒီ၊ဋ္ဌ၊၂။၁၄၈၊၃၉၉။ အံ၊ဋီ၊၂။၂၉၇။ **ဥပစ္ဆိန္ဒေ**-သုတ္တနိ။၄၂၈။ မဟာနိ။၃၉၉။ **ဥပစ္ဆိန္ဒေယျ**-သုတ္တနိ၊ဋ္ဌ၊၂။၂၉၀။ မဟာနိ၊ ဋ္ဌ။၄၁၃။ **ဥပစ္ဆိန္ဒိ**-ဝိ၊ဋ္ဌ၊၃။၇၈။ ဇာ၊ဋ္ဌ၊၄။၆၃။ **ဥပစ္ဆိန္ဒိတ္ထ**- မ၊ဋ္ဌ၊၃။၆၃။ **ဥပစ္ဆိန္ဒိဿတိ**-ဝိ၊ ဋ္ဌ၊၁။၁၆၀။ ဒီ၊ဋ္ဌ၊၁။၂၆၇။

**ဥပစ္ဆိန္ဒန** (န) [ ဥပ+ဆိဒ+ယု] ဖြတ်ခြင်း။ ဥပစ္ဆိန္ဒနံ ပါတနဉ္စေဝ တာသံ ပဉ္စန္နံ အနုပ္ပန္နာနံ ဥပ္ပဇ္ဇိတုံ အပ္ပဒါနမေဝ။ အံ၊ဋီ၊၃။၂၂။ (-ဝိမတိ၊၂။၃၀၅။ အနုဋီ၊၂။၂၁၉။ ဝိသုဒ္ဓိ၊ဋီ၊ ၁။၁၃၃။)

**ဥပစ္ဆိန္နက** (တိ) [ ဥပ+ဆိဒ+အန္တ] ဖြတ်သော၊ သူ။ တတ္ထ ဇီဝိတိန္ဒြိယဿ ပဝေဏိဃဋနံ ဥပစ္ဆိန္နေန္တော ဥပရောဓေန္တော စ ဇီဝိတိန္ဒြိယံ ဥပစ္ဆိန္ဒတိ ဥပရောဓေတီတိ ဝုစ္စတိ။ ဝိ၊ဋ္ဌ၊၂။၃၈။ (-ဝိ၊သင်္ဂဟ။၄၂၉။ သာရတ္ထ၊၂။၂၁၀။ သံ၊ဋီ၊ ၂။၈၀။ ဝိသုဒ္ဓိ၊ဋီ၊၁။၅၀။)

**ဥပစ္ဆိန္ဒန္တိ** (ကြိ) [ ဥပ+ဆိဒ+အ+အန္တိ] ဖြတ်ကုန်၏။ ဥပစ္ဆိန္ဒတိ-ကြည့်။

**ဥပစ္ဆိန္ဒိ** (ကြိ) [ ဥပ+ဆိဒ+ဤ] ဖြတ်ပြီ။ ဥပစ္ဆိန္ဒတိ-ကြည့်။

**ဥပစ္ဆိန္နတဏှ** (တိ) [ ဥပ+ဆိဒ+တဏှ ] ဖြတ်တောက်-အပ်-သင့်-ထိုက်-သော။ ဒသသု ပလိဗောဓေသု ယော ပလိဗောဓော အတ္ထိ၊

သော ဥပစ္ဆိန္ဒိတဗ္ဗော။ ဝိ၊ဋ္ဌ၊၂။၂၁။ (-ဝိ၊ဋ္ဌ၊၃။၉၅။ ဝိသုဒ္ဓိ၊၁။၉၀။ ခုဒ္ဒကာ၊ဋ္ဌ။၂၉။ သာရတ္ထ၊၂။၂၀၂။ ဝိမတိ၊၁။၂၁၃။ ကင်္ခါ၊ဋ္ဌီ၊သစ်။၃၈၆။)

**ဥပစ္ဆိန္ဒိတုံ** (ဗျ) [ ဥပ+ဆိဒ+တုံ ] ဖြတ်ခြင်းငှါ။ အမှာကံ ပန တိစီဝရံ အနုဇာနာတီတိ ဝစနဿ ဩကာသံ ဥပစ္ဆိန္ဒိတုံ ဒိဂုဏံ သင်္ဃာဋိံ အနုဇာနာမိ။ ဝိ၊ဋ္ဌ၊၃။၄၀၉။

**ဥပစ္ဆိန္ဒိတ္ထ** (ကြိ) [ ဥပ+ဆိဒ+တ္ထ] ဖြတ်ကုန်ပြီ။ ဥပစ္ဆိန္ဒတိ-ကြည့်။

**ဥပစ္ဆိန္ဒိတွာ** (ကြိ၊ဝိ) [ ဥပ+ဆိဒ+တွာ] ဖြတ်၍။ ဝါတံ ဂါဟာပေတွာ ဂမနံ ဥပစ္ဆိန္ဒိတွာ တိဋ္ဌတိ။ ဝိ၊ဋ္ဌ၊၁။၂၈၁၊ (-၂၉၀။ အဘိ၊ဋ္ဌ၊၁။၂၁၂။ ပဋိသံ၊ဋ္ဌ၊၁။၂၈။ ဝိသုဒ္ဓိ၊၁။၈၆။)

**ဥပစ္ဆိန္ဒိဿတိ** (ကြိ) [ ဥပ+ဆိဒ+ဿတိ] ဖြတ်လတ္တံ့။ ဥပစ္ဆိန္ဒတိ-ကြည့်။

**ဥပစ္ဆိန္ဒေ** (ကြိ) [ ဥပ+ဆိဒ+ဧယျ] ဖြတ်ရာ၏၊ဖြတ်ထိုက်၏။ ဥပစ္ဆိန္ဒတိ-ကြည့်။

**ဥပစ္ဆိန္ဒေယျ** (ကြိ) [ ဥပ+ဆိဒ+ဧယျ] ဖြတ်ရာ၏၊ဖြတ်ထိုက်၏။ ဥပစ္ဆိန္ဒတိ-ကြည့်။

**ဥပစ္ဆိန္န** (တိ) [ ဥပ+ဆိဒ+တ] (၁) ဖြတ်အပ်သော။ (၂) ပြတ်သော၊ အဆက်ပြတ်သော၊ ပြတ်စဲသော၊ ပြီးပြတ်သော။ (၁) တာနိပိ တေရဟိ ဥပစ္ဆိန္နာနိ။ ဝိ၊၁။၂၇၆။ ဥပစ္ဆိန္နာနီတိ ဒါယကေဟိ ဥပစ္ဆိန္နာနိ။ ဝိ၊ဋ္ဌ၊၂။၂၀၇။ (၂) စေတိယဂိရိမဂ္ဂေ ဇနသဉ္စာရော ဥပစ္ဆိန္နော။ ဝိ၊ဋ္ဌ၊၂။၆၈။ ဝိ၊သင်္ဂဟ။၁၄။ အသုကသ္မိံ နာမ ကုလေ စီဝရံ လဘိဿာမီတိ ယာ စီဝရာသာ ဥပ္ပန္နာ ဟောတိ၊ သာ ဝါ ဥပစ္ဆိန္နာ။ ဝိ၊ဋ္ဌ၊၂။၂၂၁။ ကင်္ခါ၊ဋ္ဌီ၊သစ်။၂၇၃။

**ဥပစ္ဆိန္နအဿာသပဿာသသဉ္စာရ** (တိ) [ ဥပစ္ဆိန္န+အဿာသပဿာသသဉ္စာရ] ပြတ်စဲသောထွက်သက်ဝင်သက်၏ လှည့်လည်ခြင်းရှိသော၊ ထွက်သက်ဝင်သက်လှည့်လည်မှု ပြတ်စဲသော၊သူ။ အနဿာသကောတိ ဥပစ္ဆိန္နအဿာသပဿာသသဉ္စာရော ဟုတွာ။ ဝိ၊ဋ္ဌ၊၃။၁၂၈။

**ဥပစ္ဆိန္နခုဒ္ဒကပလိဗောဓ** (တိ) [ ဥပစ္ဆိန္န+ခုဒ္ဒကပလိဗောဓ] ဖြတ်အပ်ပြီးသောငယ်သော-ပလိဗောဓ-အနှောက်အယှက် အတားအဆီး-ရှိသော၊ အငယ်စားပလိဗောဓကို ဖြတ်ပြီးသော၊သူ။ ဝသန္တေန ဥပစ္ဆိန္နခုဒ္ဒကပလိဗောဓေန ကတဘတ္တကိစ္စေန ဘတ္တသမ္မဒံ ပဋိဝိနောဒေတွာ။ ဝိ၊ဋ္ဌ၊၂။၂၂။ ပဋိသံ၊ဋ္ဌ၊၂။၉၃။ ဝိသုဒ္ဓိ၊၁။၂၇၀။ ဥပစ္ဆိန္နခုဒ္ဒကပလိဗောဓေနာတိ ဒီဃာနံ ကေသာဒီနံ ဟရဏေန ပတ္တစီဝရာဒီနံ ပစနတုန္နကရဏရဇနာဒိကရဏေဟိ စ ဥပစ္ဆိန္နာ ခုဒ္ဒကပလိဗောဓာ ယေန၊ တေန။ ဝိမတိ၊၁။၂၁၅။ (-ဝိသုဒ္ဓိ၊၁။၁၂၀။ သာရတ္ထ၊၂။၂၁၀။)

**ဥပစ္ဆိန္နထာမ** (တိ) [ ဥပစ္ဆိန္န+ထာမ] ပြတ်သော ခွန်အားရှိသော၊ အားကုန်ခန်းနေသော၊ သူ။ ဆိန္နထာမောတိ ဆိန္နသဟော ဥပစ္ဆိန္နထာမော၊ ပရိက္ခီဏဗလဝေါတိ အတ္ထော။ ပေတ၊ဋ္ဌ။၂၄၂။

**ဥပစ္ဆိန္နဒွါရဝဠဉ္ဇ** (တိ) [ ဥပစ္ဆိန္န+ဒွါရဝဠဉ္ဇ] ပြတ်စဲသော ဒွါရပေါက်အသုံးပြုမှုရှိသော၊ ဒွါရပေါက်ကို အသုံးပြုရခြင်းမရှိသော၊ သူ။ ကာလေ ပန ဂစ္ဆန္တေ ဂစ္ဆန္တေ ပရိက္ခီဏမံသလောဟိတော ဥပစ္ဆိန္နဒွါရဝဠဉ္ဇော ဝစ္ဆကာနံ ဂေါမယာနိ အာဟာရေမိ ။မ၊ဋ္ဌ၊၁။၃၅၂။

**ဥပစ္ဆိန္နပက္ခ** (တိ) [ဥပစ္ဆိန္န+ပက္ခ] ပြတ်သောအပင်းအသင်းရှိသော၊သူ။ တေ စ စိရရတ္တံ ကိလန္တာ ပက္ကန္တပရိသာ ဥပစ္ဆိန္နပက္ခာ ဟုတွာ ပုန ယာစန္တိ။ ဝိ၊ဋ္ဌ၊၂။၁၇၅။ ဝိ၊သင်္ဂဟ။၃၁၁။

**ဥပတ္ထိန္နပလိဗောဓ** (တိ) [ဥပစ္ဆိန္န+ပလိဗောဓ] ပယ်ဖြတ်အပ်ပြီးသော-ပလိဗောဓ-အနှောက် အယှက် အတားအဆီး-ရှိသော၊သူ။ မေတ္တံ ဘာဝေတုကာမေန တာဝ အာဒိကမ္မိကေန ယောဂါဝစရေန ဥပစ္ဆိန္နပလိဗောဓေန ဂဟိတကမ္မဋ္ဌာနေန ဘတ္တကိစ္စံ ကတွာ။ ဝိသုဒ္ဓိ၊ ၁။၂၈၇။ (-ဝိ၊ဋ္ဌ၊၂။၂၁။ ခုဒ္ဒကာ၊ဋ္ဌ။၂၉။)

**ဥပတ္ထိန္နသံယောဇန** (တိ) [ ဥပစ္ဆိန္န+သံယောဇန] ပယ်ဖြတ်အပ်-ဖြတ်-ပြီးသောသံယောဇဉ်ရှိ သော၊သူ။ န စ ဥပစ္ဆိန္နသံယောဇနဿ ကတာနိပိ ကမ္မာနိ ဘဝံ နိဗ္ဗတ္တေန္တိ။ မ၊ဋီ၊ ၁။၉၆။ သံ၊ဋီ၊၁။၁၇၅။ မူလ၊ဋီ၊၁။၅၃။

**ဥပတ္ထိန္နသန္တာန** (တိ) [ ဥပစ္ဆိန္န+သန္တာန] ပြတ်-သောခန္ဓာအစဉ်ရှိသော၊သူ။ တခံဏေဉဝ ဌာနစာဝနသမတ္ထေန ကမ္မုနာ ဥပစ္ဆိန္နသန္တာ-နာနံ---မရဏံ ဟောတိ။ ဝိသုဒ္ဓိ၊၁။၂၂၂။

**ဥပစ္ဆေဒ** (ပု) [ဥပ+ဆိဒ+ဏ] (က) ပြတ်ခြင်း၊ ပြတ်စဲခြင်း၊ ပျက်စီးခြင်း။ (ခ) ဖြတ်ခြင်း။ (က) ယာ တေသံ တေသံ သတ္တာနံ တမှာ တမှာ သတ္တနိကာယာ စုတိ စဝနတာ---ဇီဝိတိန္ဒြိ ယဿုပစ္ဆေဒေါ။ မ၊၁။၆၁။ အဘိ၊ဝိ။၁၀၄။ (ခ) အာဟာရုပစ္ဆေဒေန နံ မာရေဟိ။ ဒီ၊ဋ္ဌ၊ ၁။၁၂၅။ (-မ၊ဋ္ဌ၊၁။၃၂၈။)

**ဥပစ္ဆေဒက** (နု) [ ဥပ+ဆိဒ+ဏ္ဍု] (၁) ကပ်၍-သတ်ဖြတ်-ဖျက်ဆီး-တတ်သောကံ၊ အား နည်းသော တပါးသောကံကိုလည်းကောင်း, ထိုကံ၏ အကျိုးဝိပါက်ဖြစ်သော ရုပ်နာမ် ခန္ဓာအစဉ်ကိုလည်းကောင်း လုံးဝပျက်စီး အောင် ပူးကပ်သတ်ဖြတ် ဖျက်ဆီးတတ် သောကံ၊ ဥပစ္ဆေဒကကံ။ ဥပဃာတကကံ ဟု လည်းခေါ်၏။ ဥပဃာတက (၁) လည်းကြည့်။ (တိ)(၂) ကပ်၍- ဖြတ်-ဖျက်ဆီး-တတ်သော။ (၁) စတ္တာရိ ဟိ ကမ္မာနိ ဥပပီဠကံ ဥပစ္ဆေဒကံ ဇနကံ ဥပတ္ထမ္ဘကန္တိ။ မ၊ဋ္ဌ၊၄။၁၇၇။ ကုသလ-ကမ္မဿ ဝိပစ္စနကာလေ ကော အကုသလကမ္မံ ဥဋ္ဌာယ တံ ကမ္မံ ဆိန္ဒိတွာ ပါတေတိ၊ အကုသလကမ္မဿပိ ဝိပစ္စနကာလေ ကော ကုသလကမ္မံ ဥဋ္ဌာယ တံ ကမ္မံ ဆိန္ဒိတွာ ပါတေတိ၊ ဣဒံ ဥပစ္ဆေဒကံ နာမ။ အံ၊ဋ္ဌ၊ ၂။၁၁၀။ (-အဘိ၊ဋ္ဌ၊၃။၂၀၂။ ဥဒါန၊ဋ္ဌ။၂၆၂။ အံ၊ဋီ၊၃။၁၁၁။ အနု၊ဋီ၊၁။၃။ ဝိသုဒ္ဓိ၊ဋီ၊၂။၃၇၉။) (တိ) (၂) ဝေမယံ မဃဒေဝဝံသဿ ကဠာရ-ဇနကော ဝိယ ဒဋ္ဌနေမိဝံသဿ ဥပစ္ဆေဒကော အန္တိမပုရိသော ဟုတွာ ဥပ္ပန္နော။ ဒီ၊ဋ္ဌ၊၃။၃၅။

**ဥပစ္ဆေဒကကမ္မ** (နု) [ဥပစ္ဆေဒက+ကမ္မ] ကပ်၍-သတ်ဖြတ်-ဖျက်ဆီး-တတ်သောကံ၊ ဥပစ္ဆေဒက-ကံ၊ ဥပဃာတကကံဟုလည်း ခေါ်၏။ ဥပဃာတက(၁)လည်းကြည့်။ တတ္ထ ပါဏာတိပါတကမ္မံ ဥပစ္ဆေဒကကမ္မေန အပ္ပါယုကသံဝတ္တနိကံ ဟောတိ။ မ၊ဋ္ဌ၊၄။၁၇၈။ ဥပစ္ဆေဒကကမ္မေနာတိ အာယုနော ဥပ-ဃာတကကမ္မေန။ မ၊ဋီ၊၃။၃၇၅။ (-သံ၊ဋ္ဌ၊ ၁။၁၀၃။ သံ၊ဋီ၊၁။၁၅၂။)

**ဥပစ္ဆေဒန** (နု) [ဥပ+ဆိဒိ+ယု] (၁) ဖြတ်ခြင်း။ (၂) ဖြတ်ကြောင်းတရား။ (၁) စေတသော ဝိနိဗန္ဓဿ ဥပစ္ဆေဒနံ။ ဝိသုဒ္ဓိ၊၁။၇၆။ (၂) ဥပစ္ဆေဒိယတိ ဧတေနာတိ ဥပစ္ဆေဒနန္တိ ဝိနိ-ဗန္ဓုပစ္ဆေဒဿ သာဓကေတမဘာဝေါ ဒဋ္ဌဗ္ဗော။ ဝိသုဒ္ဓိ၊ဋီ၊၁။၁၀၃။ (-ဥဒါန၊ဋ္ဌ။၂၁၄။)

**ဥပစ္ဆေဒိယတိ** (ကမ္မ၊ကြိ) [ဥပ+ဆိဒ+ယ+တေ] ဖြတ်အပ်၏။ အထက်ပုဒ်(၂)ကြည့်။

**ဥပဇာနာတိ** (ကြိ) [ ဥပ+ဉာ+နာ+တိ] သိ-အကျိုးကျေးဇူးကိုသိ-၏။ တွဥဉ်ဝ ဃရာ-ဝါသတ္ထေန ဥပဇာနာဟိ(ဝိ၊၄။၃၃၇)တိ တွ-ဉေဝ ဃရာဝါသတ္ထံ ဇာနာဟိ။ ဝိ၊ဋ္ဌ၊၄။၁၁၀။ ဥပဇာနာဟီတိ စ ဥပသဂ္ဂမတ္တော ဥပသဒ္ဒေါ၊

တေနာပဟ "ဃရာဝါသတ္ထံ ဇာနာပဟီ"တိ၊ ဇာနာပဟီတိစေတ္ထ ပဋိပဇ္ဇာတိ အတ္ထော ဝေဒိတဗ္ဗော။ သာရတ္ထ၊၃။၄၁၀။ မယံ ခေါ အာစရိယ အာဂါရိကာ နာမ ဥပဇ္ဈာနာမေ-တဿ သံယမဿ။ ဝိ၊၃။၃၈၂။ ဥပဇ္ဈာနာ-မေတဿ သံယမဿာတိ ကတဿ စ ရောဂူပသမဿ စ ဥပကာရံ ဇာနာမာတိ အဓိပ္ပါယော။ ဝိ၊ဋ္ဌ၊၃။၃၉၈။ ဥပကာရညူ္ဗ ဣမိနာ ဥပဇ္ဈာနာမာတိ ဧတ္ထ ဥပသဒ္ဒဿ အတ္ထံ ဒဿေတိ။ ပါစိတ်၊ယော။၃၇၀။

**ဥပဇ္ဈာနာမ** (ကြိ) [ဥပ+ဉာ+နာ+မ] ကျေးဇူး-အကျိုး-ကိုသိပါကုန်၏။ ဥပဇ္ဈာနာတိ-ကြည့်။

**ဥပဇ္ဈာနာဟိ** (ကြိ) [ဥပ+ဉာ+နာ+ဟိ] သိလော့၊ ပြုလုပ်-ဆောင်ရွက်-လော့။ ဥပဇ္ဈာနာတိ-ကြည့်။

**ဥပဇ္ဈာယတိ** (ကြိ) [ဥပ+ဇနေ+ယ+တိ။ ရူ။၅၁၁။ နီတိ၊သုတ္တ။၁၀၆၄] ဖြစ်၏။ ဖာသုကံ ဥပဇ္ဈာယတိ(အံ၊၁။၃၇၀)တိ အညမညံ ဖာသု-ဝိဟာရော ဇာယတိ။ အံ၊ဋ္ဌ၊၂။၃၁၀။ **ဥပဇ္ဈာ-ယန္တိ**-မူလဋီ၊၃။၂၄၂။

**ဥပဇ္ဈာယန္တိ** (ကြိ) [ဥပ+ဇနေ+ယ+အန္တိ] ဖြစ်ကုန်၏။ အထက်ပုဒ်ကြည့်။

**ဥပဇီဝတိ** (ကြိ) [ဥပ+ဇီဝ+အ+တိ] မှီ၍-အသက်မွေး၏-အသက်ရှင်၏၊ စားသောက် သုံးစွဲ မှီဝဲသောအားဖြင့် ခန္ဓာကိုယ် အတ္တ ဘောကို-ဖြစ်စေ၏-တည်တံ့စေ၏။ ဝေါဟာရံ ဥပဇီဝတိ။ မ၊၂။၄၀၉။ သုတ္တနိ။၃၇၅။ မ၊ဋ္ဌ၊ ၃။၂၈။ တေ သော ဥပဇီဝတိ(ပေတ။၂၁၃) တိ တေ မမ ဝစ္စံ သော ကုလူပကပေတော ဒိဝသေ ဒိဝသေ ခါဒနဝသေန ဥပဇီဝတိ၊ အတ္တဘာဝံ ယာပေတီတိ အတ္ထော။ ပေတ၊ ဋ္ဌ။၂၅၁။(-ဝိ၊ဋ္ဌ၊၁။၃၁၃။ ဝိ၊သင်္ဂဟ။၅၁။ သံ၊ ဋ္ဌ၊၁။၁၃၇။ အံ၊ဋ္ဌ၊၂။၂၄၁။ ဥဒါန၊ဋ္ဌ။၃၀၂။ အံ၊ ဋီ၊၂။၂၁၆။) **ဥပဇီဝန္တိ** -ဒီ၊၁။၄၈။ ပေတ။၁၅၉။ ပေတ။ဋ္ဌ။၁၂၆။ သီ၊ဋီ၊သစ်၊၂။၃၄။ **ဥပဇီ-ဝသိ**- အံ၊ဋီ၊၁။၁၄၇။ **ဥပဇီဝါမိ** -အပ၊၁။၉၈။ ဇာ၊၁။၁၅၂။ ထေရ၊ဋ္ဌ၊၁။၂၃။ အပ၊ဋ္ဌ၊၂။၆၂။ ဇာ၊ဋ္ဌ၊၃။၂၉၁။ **ဥပဇီဝါမ** -သံ၊၁။၂၀၇။ သံ၊ ဋ္ဌ၊၁။၂၇၂။ **ဥပဇီဝေယျုံ**- ဇာ၊၂။၃၆၅။ ဇာ၊ ဋ္ဌ၊၇။၃၅၉။

**ဥပဇီဝန္တ** (တိ) [ ဥပ+ဇီဝ+အန္တ] မှီ၍ အသက် မွေးသော၊သူ။ တမေဝမုပဇီဝန္တာ၊ န တံ မညန္တိ မာနိယံ။ ဇာ၊၁။၃၉၇။ ဥပဇီဝန္တာတိ ဥပ-နိဿာယ ဇီဝန္တာပိ-----န မညန္တိ။ ဇာ၊ဋ္ဌ၊ ၅။၁၀၆။

**ဥပဇီဝန္တိ** (ကြိ) [ဥပ+ဇီဝ+အ+အန္တိ] မှီ၍အသက် မွေးကုန်၏။ ဥပဇီဝတိ-ကြည့်။

**ဥပဇီဝသိ** (ကြိ) [ဥပ+ဇီဝ+အ+သိ] မှီ၍အသက် မွေး၏။ ဥပဇီဝတိ-ကြည့်။

**ဥပဇီဝါမ** (ကြိ) [ဥပ+ဇီဝ+အ+မ] မှီ၍အသက် မွေးပါကုန်၏။ ဥပဇီဝတိ-ကြည့်။

**ဥပဇီဝါမိ** (ကြိ) [ဥပ+ဇီဝ+အ+မိ] မှီ၍အသက် မွေးပါ၏။ ဥပဇီဝတိ-ကြည့်။

**ဥပဇီဝိတုံ** (ဗျ) [ဥပ+ဇီဝ+တုံ] မှီ၍အသက် မွေးခြင်းငှာ။ ဣမာနိ ခေါ ရာဇကုလာနိ န သုကရာနိ အသိပေ္ပန ဥပဇီဝိတုံ။ ဝိ၊၃။၃၇၉။

**ဥပဇီဝီ** (တိ) [ဥပ+ဇီဝ+ဏီ] မှီ၍ အသက် မွေးသော၊ သူ။ တယော ပုရိသာ ဘတကာ ကမ္မကရာ ဥပဇီဝိနောတိ။ မဟာနိ။၉။ ဥပဇီဝိနောတိ သမ္ဗန္ဓနာဒိနာ ဥပဂန္တွာ နိဿယံ ကတွာ ဇီဝန္တီတိ ဥပဇီဝိနော။ မဟာနိ၊ဋ္ဌ။၄၆။

**ဥပဋ္ဌတ** (နှ) [ ဥပ+ဌတ (ဥပဒ္ဓုတ-သံ)] လောင်းကြေး၊ လောင်းကြေးငွေ၊ လောင်း ကစားသောအခါ ရှုံးသူက နိုင်သူအား လျော်

ရန် အဆင်သင့်ထားရသော ပစ္စည်းဥစ္စာ။ ဥပ-ဋ္ဌတဉ္စ ကိံ သိယာ။ ဇာ၊၂။၂၂၈။ ဥပဋ္ဌတဉ္စာတိ ဣမသ္မိံ ဝါ ဋ္ဌတေ ဥပနိက္ခေပဘူတံ ကိံနာမ တဝ ဓနံ သိယာ။ ဇာ၊ဋ္ဌ၊၇။၃၈။

**ဥပဇောတိယ** (ပု) [ယာဒိစ္ဆကနာမ်] ဥပဇောတိယ မည်သောတံခါးစောင့်။ ကေဝဋ္ဋ ဂတာ ဥပဇော-တိယော စ၊ ဥပဇ္ဈာယော အထ ဝါ ဂဏ္ဍကုစ္ဆိ။ ဇာ၊၁။၃၁၀။ ဣမေသု တီသု ဒွါရေသု ဌပိတာ ဥပဇောတိယော စ ဥပဇ္ဈာယော စ ဂဏ္ဍကုစ္ဆိ-စာတိ တယော ဒေါဝါရိကာ ကုဟိံ ဂတာ။ ဇာ၊ဋ္ဌ၊၄။၃၈၃။

**ဥပဇ္ဈဂါ** (ကြိ) [ ဥပ+အဓ+ဂမု+ဤ။ နိရုတ္တိ၊ နှာ။၄၁၆။] လွန်ပြီ၊ ကျော်လွန်ပြီ။ နက္ခတ္တံ ပဋိမာနေန္တံ၊ အတ္ထော ဗာလံ ဥပဇ္ဈဂါ။ ဇာ၊ ၁။၁၂။(မူဟောင်း။) ခဏော ဝေ မာ ဥပဇ္ဈဂါ။ သုတ္တနိ။၃၂၈။(မူဟောင်း။)

**ဥပဇ္ဈဂုံ** (ကြိ) [ ဥပ+အဓိ+ဂမု+ဥံ] လွန်ကုန်ပြီ၊ ကျော်လွန်ကုန်ပြီ။ သဗ္ဗံ ဒုက္ခံ ဥပဇ္ဈဂုံ။ မ၊ ၃။၂၂၅။ ပဋိသံ။၂၇၄။ နိရုတ္တိ၊နှာ။၄၁၆။

**ဥပဇ္ဈာ**[၁](ထီ၊ပု) [ ဥပ+ဈေ+အ(က)+အာ (ဣတ္ထိဇောတက)။ ဤပုဒ်ကို ရူ။၅၉၉။ နီတိ၊ သုတ္တ။၁၁၄၀။ နိရုတ္တိဒီပနီ။၈၀။ ဝိ၊ပိ၊ဓာန်-တို့၌ ဣတ္ထိလင် ကညာဒိဂိုဏ်းဝင် အာကာရန္တ ပုဒ်အဖြစ်ဖြင့် ပြထား၏။ ဓာန်၊ဋီ။၄၁၀-၌မူ " မနသာ ဥပေစ္စ သိဿာနံ ဝဇ္ဇာဝဇ္ဇံ ဈာယံ-တီတိ ဥပဇ္ဈာယော၊ ဥပဇ္ဈာ စ၊ ဈေ စိန္တာယံ ကော၊ ပုဗ္ဗတြ ဧ အာယ၊ ပက္ခေ (ပစ္ဆိမပက္ခေ?) ရာဇာဒိပက္ခေပနေ ဥပဇ္ဈာ"ဟု ရာဇာဒိဂိုဏ်း ဝင်ပုဒ် အဖြစ်ဖြင့် ဆိုထား၏။ ပါစိတ်၊ယော။ ၂၇၇-၌လည်း " ရာဇာဒိပက္ခေပနေ ဥပဇ္ဈာ"ဟု ဓာန်၊ဋီ အတိုင်းပင် ဆိုထား၏။ တောင်ပေါက် ဓာန်၊သျှ၊၄၂၁-၌ကား "ဥပဇ္ဈာထာစရိယော" ဟူသော ဓာန်ပါဋ္ဌိကို ဥပဇ္ဈာ + အထ + အာစရိယော-ဟု ပုဒ်ဖြတ်ပြီးလျှင် "ဥပဇ္ဈ သဒ္ဒါ သည် ဗုဒ္ဓ စသော သဒ္ဒါများကဲ့သို့ အကာရန္တ ပုလ္လိင် ပုရိသာဒိဂိုဏ်းသဒ္ဒါသာတည်း။ "သာ" စသော သဒ္ဒါများကဲ့သို့ အာကာရန္တ ပုလ္လိင် သဒ္ဒါလည်း မဟုတ်၊ "ကညာ" စသော သဒ္ဒါမျိုး ကဲ့သို့ အာကာရန္တ ဣတ္ထိလိင် ကညာဒိဂိုဏ်း သဒ္ဒါလည်း မဟုတ်၊ ၎င်းအဓိပ္ပါယ်မျိုးကိုသိရန် သုမင်္ဂလပ္ပသာဒနီ မည်သော ခုဒ္ဒသိက္ခာဋီကာ သစ်ကို ကြည့်လေ" ဟု မိန့်ဆိုထား၏။ ခုဒ္ဒ သိက္ခာဋီကာသစ်၊၁၄၅-ဂါထာအဖွင့်၌မူ "ဝဇ္ဇာ-ဝဇ္ဇံ ဥပနိဇ္ဈာယတိ ဘုသံ စိန္တေတီတိ ဥပဇ္ဈာ၊ ဥပဇ္ဈာ ဧဝ ဥပဇ္ဈာယော" ဟု သာ ပြထား၏။ ဝိမတိဋီကာ၊၂။၁၃၂-၌ကား ဥပဇ္ဈာယသဒ္ဒါနှင့် အနက်တူ အာကာရန္တ ဥပဇ္ဈာသဒ္ဒါဟု လည်း ကောင်း, (တနည်း) ဥပဇ္ဈာ-ဟူ၍ ပုဒ်သီးခြားမရှိ ဥပဇ္ဈာ'ယ-သဒ္ဒါသာတည်း၊ ကရိုဏ်းဝိဘတ် စ သည်တို့၌ ဥပဇ္ဈာသဒ္ဒါ၏ ပြယုဂ်မရှိသော ကြောင့် ပဌမာ, ဒုတိယာဝိဘတ် တို့၌ ဥပဇ္ဈာယ မှ ယ ကို ချေထားသည်ဟု မှတ်ရမည်ဟု လည်းကောင်း ဆိုထား၏။] တပည့်ရဟန်း သာမဏေတို့၏ အပြစ်ကြီးအပြစ်ငယ်ကို ကပ်၍ ရှုတတ်သော-တပည့်ရဟန်းသာမဏေတို့ကို ဆုံးမသွန်သင်တတ်သော-ရဟန်း၊ တပည့်ရဟန်း သာမဏေတို့၏ မိဘအရာ၌ တည်သော-တာဝန်ခံဖြစ်သော-ရဟန်း၊ ဥပဇ္ဈာယ်ရဟန်း၊ ဥပဇ္ဈာယ်ဘုန်းကြီး၊ ဥပဇ္ဈာယ်ဆရာတော်။ (နီတိ၊ သုတ္တ၊သျှ၊နှာ(၁၇၆) ၌ ဥပဇ္ဈ=ကြီးငယ်အပြစ် စိစစ်စေ့ငု ရှုခြင်းသဘောကို-ဟု အနက်ပေး သည်။) ဝဇ္ဇာဝဇ္ဇံ ဥပနိဇ္ဈာယတီတိ ဥပဇ္ဈာ။ ဝိ၊ဋ္ဌ၊၃။၃၁၅။ ဝဇ္ဇာဝဇ္ဇံ ဥပနိဇ္ဈာယတီတိ ဣမိနာ ဥပဇ္ဈာယသဒ္ဒသမာနတ္ထော ဥပဇ္ဈာသဒ္ဒေါပီတိ ဒဿေတိ။ သာရတ္ထ၊၃။၂၆၇။ ဥပဇ္ဈာတိ ဥပ-ဇ္ဈာယသဒ္ဒသမာနတ္ထော အာကာရန္တော ဥပဇ္ဈာ-သဒ္ဒေါတိ ဒဿေတိ။ ဥပဇ္ဈာယသဒ္ဒေါ ဧဝ ဝါ ဥပဇ္ဈာ၊ ဥပယောဂပစ္စတ္တဝစနေသု ယကာရ-

လောပံ ကတွာ ဝေံ ဝုတ္တော ကရဏဝစနာ- ဒီသု ဥပဇ္ဈာသဒ္ဒဿ ပယောဂါဘာဝါတိ ဒဋ္ဌဗ္ဗံ။ ဝိမတိ၊ ၂။၁၃၂။ (-ဝိ၊ဋ္ဌ၊ ၂။ ၂၁၉၊၃၀၂။ ဝိ၊ဋ္ဌ၊ ၃။၃၀၇။ ဝိ၊ဋ္ဌ၊၄။၈။ ဝိ၊သင်္ဂဟ။၇၂။ မ၊ဋ္ဌ၊ ၂။၁၅၂။ သံ၊ဋ္ဌ၊၁။၁၀၉။ အဘိ၊ဋ္ဌ၊ ၂။၄၃၂။ ထေရ၊ဋ္ဌ၊၁။၃၇။ သာရတ္ထ၊၃။၃၆၉။ ကင်္ခါ၊ဋီ။ ၂၀။ ဝဇ္ဇာဝဇ္ဇဿ ဥပနိဇ္ဈာယနံ ဥပဇ္ဈာ။ ဥပဇ္ဈာယဿ ဘာဝေါ၊ ယံ သန္ဓာယ ဝုတ္တံ "ဥပဇ္ဈံ ဂါဟာ- ပေတဗ္ဗော"တိ၊ ဥပသမ္ပဒါပေက္ခောတိ သမ္ဗန္ဓော။ နီတိ၊သုတ္တ။၁၁၄၀။ (-ဝိ၊၁။၄၃။ ဝိ၊ဋ္ဌ၊၁။ ၂၃၇။) ကေဝလံ န ပုန ဥပဇ္ဈာ ဂဟေတဗ္ဗာ။ ဝဇိရ။ ၁၁၃။

**ဥပဇ္ဈာ၂** (ထီ၊ပု) [ ဥပ+အဓိ+ဣ+အ။ အထက်ပုဒ် ထောင့်ကွင်းကြည့်] ဝေဒကျမ်းစသော အကတ် ပညာသင်ပေးသောဆရာ၊ ဥပဇ္ဈာယ်။ ပရသမယေ ပန ဝေဒါဒိပါဌယိတာ "ဥပဇ္ဈာယော, ဥပဇ္ဈာ"- တိ စောစ္စတေ၊ ဥပေစ္စ အဓိတေ အသ္မာတိ ကတွာ။ ဓာန်၊ဋီ။၄၁၀။

**ဥပဇ္ဈာယ၁** (ထီ၊ပု) [ ဥပ+ဈေ+အ] (၁) အပြစ် ကြီးအပြစ်ငယ်ကို ကပ်၍ရှုတတ်သော၊သူ။ ဥပ ဇ္ဈာယ်။ (အရှင်ဥာနအားလျှော်စွာ ဘုရား, ဥပဇ္ဈာယ် ရဟန်း စသည်ကို အရကောက်ရ၏။) (၂) သုခ ဒုက္ခဖြစ်လတ်သော် ကပ်၍ရှုအပ်သော၊သူ၊ ဥပ ဇ္ဈာယ်။ (မိတ်ဆွေကိုအရကောက်ရသည်။) (၃) ဥပဇ္ဈာယမည်သောတံခါးစောင့်။ (၄) ဥပဇ္ဈာယ် ၏-အဖြစ်-အလို။ (၁) ယော် နန္ဒက ဂစ္ဆာမ၊ ဥပဇ္ဈာယဿ သန္တိကံ။ ထေရ။၂၅၄။ ဥပဇ္ဈာ- ယဿာတိ သမ္မာသမ္ဗုဒ္ဓဿ၊ သမ္မာသမ္ဗုဒ္ဓေါ ဟိ သမန္တစက္ခုနာ ဗုဒ္ဓစက္ခုနာ စ သတ္တာနံ အာ- သယာနုသယစရိတာဒီနံ ယထာဘူတဝိလော- ကနေန သဒေဝကဿ လောကဿ ဝဇ္ဇာဝဇ္ဇံ ဥပနိဇ္ဈာယတီတိ ဝိသေသတော ဥပဇ္ဈာယောတိ ဝတ္တဗ္ဗတံ အရဟတိ။ ထေရ၊ဋ္ဌ၊၁။၃၈၅။ ဥပ- ဇ္ဈာယံ ပစ္စက္ခာမိ။ ဝိ၊၁။၃၂။ ဝိ၊ဋ္ဌ၊၁။ ၂၁၇။ ဝဇ္ဇာဝဇ္ဇံ ဥပနိဇ္ဈာယတီတိ ဥပဇ္ဈာယော။ သာ- ရတ္ထ၊၃။ ၂၃၁။ ကင်္ခါ၊ဋီ၊သစ်။၁၇၉။ ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။ ဝိ၊၃။၅၇။ ဥပဇ္ဈာယော မံ အဝစ။ ထေရ။ ၂၂၃။ ဥပဇ္ဈာယောတိ ဝဇ္ဇာ- ဝဇ္ဇံ ဥပနိဇ္ဈာယတိ ဟိတေသိတံ ပစ္စုပဋ္ဌပေတွာ ဉာဏစက္ခုနာ ပေက္ခတီတိ ဥပဇ္ဈာယော။ ထေရ၊ ဋ္ဌ၊၁။၇၅။ ကော အယံ တာတ ဥပဇ္ဈာယော နာမာတိ၊ ဝဇ္ဇာဝဇ္ဇံ ဒိသွာ စောဒေတာ သာရေတာ စ မဟာရာဇာတိ။ ဝိ၊ဋ္ဌ၊၁။၃၆။ "အနုဇာနာမိ ဘိက္ခဝေ တံယေဝ ဥပဇ္ဈံ တမေဝ ဥပသမ္ပဒ"န္တိ ဝစနတော ပဝတ္တိနိယေဝ ဥပဇ္ဈာယာ။ ဝဇိရ။ ၁၁၃။ (၂) ယသော မေ အာဂစ္ဆတု သဟ ဉာတိဟိ သဟ ဥပဇ္ဈာယေဟိ။ အံ၊၁။၃၇၇။ သဟ ဥပဇ္ဈာယေဟီတိ သုခဒုက္ခေသု ဥပနိ- ဇ္ဈာယိတဗ္ဗတ္တာ ဥပဇ္ဈာယသင်္ခါတေဟိ သန္ဒိဋ္ဌ- သမ္ဘတ္တေဟိ သဒ္ဓိံ။ အံ၊ဋ္ဌ၊ ၂။၃၁၃။ ဥပနိဇ္ဈာ- ယီယန္တီတိ (ဥပနိဇ္ဈာယန္တီတိ။ က) ဥပဇ္ဈာယာတိ အာဟ "သုခဒုက္ခေသု ဥပနိဇ္ဈာယိတဗ္ဗတ္တာ"တိ၊ သုခဒုက္ခေသု ဥပ္ပန္နေသု အနုဿရိတဗ္ဗတ္တာတိ အတ္ထော။ အံ၊ဋီ၊ ၂။၃၀၈-၉။ (၃) ဥပဇောတိယ- ကြည့်။ (၄) အနုဇာနာမိ ဘိက္ခဝေ ဥပဇ္ဈာယ- (ဝိ၊၃။၅၇)န္တိ ဥပဇ္ဈာယံ ဂဟေတုံ အနုဇာနာမီတိ အတ္ထော။ ဝိ၊ဋ္ဌ၊၃။ ၂၅၈။ ဥပဇ္ဈာယံ ဂဟေတုန္တိ ဥပဇ္ဈာယတ္တံ မနသာ ဂဟေတုံ၊ ယာစနဝစ- နေန တဿ အနုမတိံ ဂဟေတုန္တိ ဝါ အတ္ထော။ ဝိမတိ၊ ၂။၁၀၁-၂။ ဂဟိတော တယာ ဥပဇ္ဈာ- ယော။ ဝိ၊ဋ္ဌ၊၃။ ၂၅၈။

**ဥပဇ္ဈာယ၂** (ပု) [ဥပ+အဓိ+ဣ+ဏ။ (ဥပါဓျာယ- သံ)] (ဝေဒကျမ်းစသော သာသနာပ)အတတ်ပညာ သင်ပေးသောဆရာ၊ ဥပဇ္ဈာယ်။ ယသ္မာ ပနဿ ဥပဇ္ဈာယော ဒါရုမယေန ပတ္တေန ပိဏ္ဍာယ စရတိ။ ဒီ၊ဋ္ဌ၊၁။ ၂၈၅။ ဗာဟိရသမယမတ္တေန ဥပဇ္ဈာယော၊ န သာသနေ ဝိယ ဥပဇ္ဈာယ- လက္ခဏေန။ သီ၊ဋီ၊သစ်၊ ၂။၃၄၃။ ယထာ ဟိ

ဇေဌ္ဌသိသော ဥပဇ္ဈာယံ ဒူရတောဝ အာဂစ္ဆန္တံ ဒိသွာ။ အဘိ၊၄၊၁။၁၅၅။ ဥပဇ္ဈာ² လည်းကြည့်။

**ဥပဇ္ဈာယ²**(နု) [ဥပဇ္ဈာယ+ဝတ္တ] ဥပဇ္ဈာယဝတ်၊ ဥပဇ္ဈာယ်ဆရာတော်အတွက် တပည့်က ပြုကျင့်ဆောင်ရွက်အပ်သော-ကျင့်ဝတ်-ဝတ်တရား-တာဝန်-လုပ်ငန်း။ မဟာဝတ္တာနိ နာမ ခန္ဓကေ ဝုတ္တာနိ အာဂန္တုကဝတ္တံ အာဝါသိကံ ဂမိကံ---ဥပဇ္ဈာယံ။ မ၊ဋ္ဌ၊၃။၁၆။

**ဥပဇ္ဈာယကိစ္စ** (နု) [ဥပဇ္ဈာယ+ကိစ္စ] ဥပဇ္ဈာယ်၏ ပြုဖွယ်ကိစ္စ။ အာစရိယကိစ္စံ ဥပဇ္ဈာယကိစ္စံ---ဣဒံ ကိစ္စံ နော အဓိကရဏံ။ ဝိ၊ ၄။၂၂၀။

**ဥပဇ္ဈာယမတ္တ** (တိ) [ဥပဇ္ဈာယ+မတ္တာ] ဥပဇ္ဈာယ်ဆရာတော်၏ သိက္ခာဝါ. အတိုင်းအတာ ပမာဏရှိသော-မိမိ၏ ဥပဇ္ဈာယ်လောက် သိက္ခာဝါရှိသော-ရဟန်း-ဆရာတော်။ န ဘိက္ခဝေ----ဥပဇ္ဈာယမတ္တေသု အနုပါဟနေသု စင်္ကမိတဗ္ဗံ။ ဝိ၊၃။၂၅၅။ ဥပဇ္ဈာယဿ သန္ဒိဋ္ဌသမ္ဘတ္တာ ပန သဟာယဘိက္ခူ, ယေ ဝါ ပန ကေစိ ဒသဟိ ဝဿေဟိ မဟန္တတရာ၊ တေ သဗ္ဗေပိ ဥပဇ္ဈာယမတ္တာ နာမ၊ တေ့ကေသု ဘိက္ခူသု အနုပါဟနေသု စင်္ကမန္တေသု သဥပါဟနဿ စင်္ကမတော အာပတ္တိ။ ဝိ၊ဋ္ဌ၊ ၃။၃၆၈။ ဝိ၊သင်္ဂဟ။၄၅၆။(-ဝိသုဒ္ဓိ၊၁။၂၈၉။)

**ဥပဇ္ဈာယမူလက** (တိ) [ဥပဇ္ဈာယ+မူလ+က] ဥပဇ္ဈာယ်ဆရာလျှင်အရင်းမူလ-ရှိသော၊ ဥပဇ္ဈာယ်ဆရာတော်သာလျှင် ပိုင်ရှင်အဖြစ်ဖြင့် စီမံနိုင်ခွင့်ရှိသော။ ဥပဇ္ဈာယမူလကံ စီဝရံ ပရိယေသိတဗ္ဗ(ဝိ၊၃။၁၀၁)န္တိ ဥပဇ္ဈာယံ ဣဿရံ ကတွာ တဿ စီဝရံ ပရိယေသိတဗ္ဗံ။ ဝိ၊ဋ္ဌ၊၃။၂၇၆။

**ဥပဇ္ဈာယလက္ခဏ** (နု) [ဥပဇ္ဈာယ+လက္ခဏ] ဥပဇ္ဈာယ်၏-လက္ခဏာ-အထိမ်းအမှတ်။ ဥပဇ္ဈာယ²- ကြည့်။

**ဥပဇ္ဈာယလေသ** (ပု) [ဥပဇ္ဈာယ+လေသ] ဥပဇ္ဈာယ်ဟူသော-အမြွက်ထောင်ဖွယ်-ဆင်တူယိုးမှားအထောက်အထားပြုဖွယ်-ဆင်တူယိုးမှားအထောက်အထားပြု၍စောဒနာဖွယ်။ (ဥပမာအားဖြင့်-ဥပဇ္ဈာယ်ဆရာတော်ဖြစ်သော ဦးတိဿ၌ ဦးနာဂ, ဦးသီလ ဟုခေါ်သော သဒ္ဓိဝိဟာရိကတပည့်နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတွင် ဦးနာဂသာလျှင်ပါရာဇိက အာပတ် ကိုကျူးလွန်၏၊ သို့ပါလျက် မိမိ၏ ရန်သူ ဦးသီလကို ပါရာဇိကဖြင့် စွပ်စွဲလိုသောအခါ ဥပဇ္ဈာယ်တူရုံမျှလောက်ကိုသာ အထောက် အထားပြု၍ "ဥပဇ္ဈာယ်ဖြစ်သော ဦးတိဿ၏ တပည့်ဖြစ်သူ အသင်ဦးသီလ သည် ပါရာဇိက အာပတ်သင့်သည်"ဟု စွပ်စွဲ၏၊ ယင်းသို့ စွပ်စွဲရာ၌ ဆင်တူရိုးမှား အထောက်အထားပြုဖွယ် ဦးတိဿသည် ဥပဇ္ဈာယလေသ မည်၏။) လေသော နာမ ဒသ လေသာ---ဥပဇ္ဈာယလေသော အာစရိယလေသော သေနာသနလေသော။ ဝိ၊ဋ္ဌ၊ ၁။၂၅၈၊(-၂၆၀။)

**ဥပဇ္ဈာယဝတ္တ** (နု) [ ဥပဇ္ဈာယ+ဝတ္တ ] ဥပဇ္ဈာယ်ဆရာတော်အတွက် တပည့်က ဆောင်ရွက်အပ်သော-ကျင့်ဝတ်-တာဝန်-လုပ်ငန်း။ ဥပဇ္ဈာယဝတ္တံ တာဝ ဧဝံ ဝေဒိတဗ္ဗံ။ ဝိ၊သင်္ဂဟ။၂၂၃။ အာစရိယဝတ္တ-လည်းကြည့်။

**ဥပဇ္ဈာယဝတ္တကထာ** (ထီ) [ဥပဇ္ဈာယဝတ္တ +ကထာ] ဥပဇ္ဈာယ်ဆရာတော်အတွက်ပြုလုပ် ဆောင်ရွက်သင့်သော ကျင့်ဝတ်ကို ပြဆိုရာ စကားရပ်။ ဝိနယပိဋက၊ မဟာဝဂ္ဂပါဠိ၊ ၁-ခန္ဓက၊၁၅-ကထာ။ ဝိ၊၃။၅၆-၆၃။ ဝိနယပိဋက စူဠဝဂ္ဂပါဠိ၊ ၈-ခန္ဓက၊ ၁၁-ကထာ၊ ဝိ၊၄။၃၉၂-၈။

**ဥပဇ္ဈာယဝေဝစန** (န) [ဥပဇ္ဈာယ+ဝေဝစန] ဥပဇ္ဈာယသဒ္ဒါ၏-ဝေဝုစ်-စကားလှယ်-ပရိယာယ်။ ယာနိ ဝါ ပနညာနိပိ ----- ဥဒ္ဒေသဝေဝစနာနိ ဝါ ဥပဇ္ဈာယဝေဝစနာနိ ဝါ။ ဝိ၊၁။၃၃။(-ဝိ၊ဋ္ဌ၊၁။၂၁၆။ သာရတ္ထ၊၂။ရ၉။)

**ဥပညတ္တ** (တိ) [ ဥပ+ဥပ+တ] (ကောင်းမြတ်သောတရားဟု) ဦးစွာပဌမ-ထား-ဟောပြ-အပ်သော။ သဒ္ဓိ ဒါနံ ဥပညတ္တံ။ အံ၊၁။၁၅၀။ ဥပညတ္တန္တိ ပဌမံ ဌပိတံ, ဒဿိတံ ဝါ။ မဏိမဉ္ဇူ၊၂။၁၅၄။

**ဥပညာတ** (တိ) [ဥပ+ဉာတ] (က) ကပ်ရောက်၍သိအပ်သော၊ သိလည်းသိအပ်, ကပ်လည်းကပ်ရောက်အပ်သော (မဂ္ဂ)။ (အတ္ထိကေဟိ=နိဗ္ဗာန်ကို အလိုရှိသော ငါတို့သည်၊ မဂ္ဂံ=မဂ္ဂေါ=နိဗ္ဗာန်သွားရာ လမ်းကြောင်းကို၊ ဥပညာတံ=ဥပညာတော=သိလည်းသိအပ်, ကပ်လည်းကပ်ရောက်အပ်၏။) အနုမာနဉာဏ်ဖြင့် မှန်းဆ၍ သိအပ်သော (နိဗ္ဗာန်)။ (အတ္ထိကေဟိ=တို့သည်၊ ဥပညာတံ=အနုမာနဉာဏ်ဖြင့် မှန်းဆ၍သိအပ်သောနိဗ္ဗာန်ကို၊ မဂ္ဂံ=မဂ္ဂေန္တော=ရှာမှီးလျက်၊ အနုဗန္ဓေယျံ စပ်။) (ခ) ချီးမွမ်းအပ်သည်၏အစွမ်းဖြင့် ကပ်၍သိအပ်သော(သဒ္ဒတ္ထ)၊ ချီးမွမ်းအပ်သော (အဓိပ္ပါယတ္ထ)။

(က) အတ္ထိကေဟိ ဥပညာတံ မဂ္ဂံ။ ဝိ၊၃။၅၁။ မမ္မ၊ဋ္ဌ၊၁။၅၈။ ယသ္မာ ဣဒံ ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓနံ နာမ အတ္ထိကေဟိ ဥပညာတံ မဂ္ဂံ ဉာတော စေဝ ဥပဂတော စ မဂ္ဂေါတိ အတ္ထော။ ဝိ၊ဋ္ဌ၊၃။၂၅၆။ ဥပညာတန္တိ ဣမဿ ဝိဝရဏံ ဉာတော စေဝါတိ၊ မဂ္ဂန္တိ ဣမဿ ဝိဝရဏံ ဥပဂတော စ မဂ္ဂေါတိ၊ တေန စ ဥပညာတန္တိ ဧတ္ထ ဉာတသဒ္ဒေါ ဉာဏပရိယာယော၊ မဂ္ဂန္တိ လိင်္ဂဝိပလ္လာသေန မဂ္ဂေါဝ ဝုတ္တော၊ ဥပသဒ္ဒေါ စ ဥပဂမနတ္ထော မဂ္ဂသဒ္ဒေနပိ သမ္ဗန္ဓိတဗ္ဗောတိ ဒဿေတိ။ ဣဒံ ဝုတ္တံ ဟောတိ- ယသ္မာ ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓနံ နာမ အတ္ထိကေဟိ ဥပညာတံ ဥပဂတဉာဏဿဝ ဟောတိ၊ တေဟိ ဥပဂတော ပဋိပန္နော မဂ္ဂေါ စ၊ တသ္မာ ယန္နူနာဟံ အနုဗန္ဓေယျန္တိ။ ဝိမတိ၊၂။၁၀၀-၁။ အထ ဝါ အတ္ထိကေဟိ အမှေဟိ "မရဏေ သတိ အမတေနာပိ ဘဝိတဗ္ဗ"န္တိ ဧဝံ ကေဝလံ အတ္ထိတိ ဥပညာတံ နိဗ္ဗာနံ နာမ၊ တံ မဂ္ဂန္တော ပရိယေသန္တောတိ ဧဝမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော။ ဝိ၊ဋ္ဌ၊၃။၂၅၆။ အတ္ထိကေဟိ ဥပညာတန္တိ "မရဏေ သတိ အမတေနာပိ ဘဝိတဗ္ဗ"န္တိ ဧဝံ အနုမာနဉာဏေန "အတ္ထိ"တိ ဥပဂတံ နိဗ္ဗာနံ နာမ၊ တံ မဂ္ဂန္တော ပရိယေသန္တော ယန္နူနာဟံ ဣမံ ဘိက္ခုံ ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓေယျန္တိ သမ္ဗန္ဓော။ သာရတ္ထ၊၃။၂၂၆။ ဥပညာတံ နိဗ္ဗာနန္တိ ဥပပတ္တိယာ အနုမာနေန ဉာတံ နိဗ္ဗာနံ။ ဝိမတိ၊၂။၁၀၁။ ဥပညာတံ မဂ္ဂန္တိ အမတဿ မဂ္ဂေါ ဥပဂန္တွာ ဉာတော၊ ဉာတော စေဝ ဥပဂတော စာတိ သဟ ဥပသဂ္ဂေန ပဒံ ပရိဝတ္တိတွာ အတ္ထံ ကထေန္တော ဥပသဂ္ဂတ္ထော စ ဓာတွတ္ထော စ ဝိသုံယေဝ ဟောတီတိ ဉာပေတိ။ အတ္ထိကေဟိ အမှေဟိ ဥပညာတံ နိဗ္ဗာနံ မဂ္ဂံ မဂ္ဂန္တော အနုဗန္ဓယျန္တိ ဝါ ဒဿေန္တော အာဟ အထ ဝါတိအာဒိ။ မဂ္ဂဖလပစ္စဝေက္ခဏဉာဏေဟိ ဥပဂန္တွာ ဉာတဗ္ဗန္တိ ဥပညာတံ နိဗ္ဗာနံ။ ပါစိတ်၊ယော။၂၁၄-၅။ (ခ) အသဒ္ဓိ (သဒ္ဓိ) ဟောတံ ဘိက္ခဝေ ဥပညာတံ။ အံ၊၁။၆၃။ ဥပညာတန္တိ ဝဏ္ဏိတံ ထောမိတံ ပသတ္ထံ။ အံ၊ဋ္ဌ၊၂။၂၇။ ဥပညာတန္တိ ထောမနာဝသေန ဥပဂန္တွာ ဉာတံ၊ တေနာဟ"ဝဏ္ဏိတ"န္တိ အာဒိ။ အံ၊ဋီ၊၂။၂၈။ သဒ္ဓိ ဟောတံ ဥပညာတံ။ ဇာ၊၂။ရ၈။ ဥပညာတံ ဥပဂန္တွာ ဉာတဗ္ဗံ

ဝဏ္ဏိတဥ္စ။ ဇာ၊ဋ္ဌ၊၅။၃၄၅။ ယံ ဝုဒ္ဓေဟိ ဥပညာတံ။ ဇာ၊၂။၉၃။ ယံ မာတုဂါမသဩတံ ပဇ္ဈ ပညာဝုဒ္ဓေဟိ ဉာတံ။ ဇာ၊ဋ္ဌ၊၅။၃၉၁။

**ဥပညာတသုတ္တ** (နု) [ဥပညာတ+သုတ္တ] ဥပညာတသုတ်။ ဤသုတ်၌- မြတ်စွာဘုရားသည် (၁) ကုသိုလ်တရားတို့၌ ရောင့်ရဲတင်းတိမ်မှုမရှိခြင်း၊ (၂) အသားအသွေး ခန်းခြောက် သွားစေကာမူ အရဟတ္တမဂ်ဖိုလ်ကို မရသေးသမျှ နောက်သို့မတွန့်မဆုတ် ကမ္မဋ္ဌာန်းအားထုတ်ခြင်းဟူသော အကြောင်းတရားနှစ်ပါးကြောင့် မြတ်စွာဘုရားကိုယ်တော်တိုင်ပင်ဉာဏ်လေးပါးနှင့် သဗ္ဗညုတဉာဏ်ကို ရရှိကာ နိဗ္ဗာန်ကို မျက်ဝါးထင်ထင် သိမြင်တော်မူခဲ့ကြောင်းကို ဟောကြား၍ ရဟန်းများလည်း အရဟတ္တမဂ်ဖိုလ်ကို မရသေးသမျှ နောက်သို့မဆုတ် အားထုတ်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းစကား ဟောကြားတော်မူသည်။ အင်္ဂုတ္တရနိကာယ၊ ဒုကနိပါတပါဠိ၊ ၁-ပဏ္ဏာသက၊ ၁-ဝဂ်၊ ၅-သုတ်။ အံ၊၁။၅၂။

**ဥပညာပန** (နု) [ ဥပ+ဉာ+ဏာပေ+ယု] သိစေခြင်း။ အောက်ပုဒ်ကြည့်။

**ဥပညာပနတ္ထ** (ပု) [ဥပညာပန+အတ္ထ] သိစေခြင်း အကျိုး။ တဿာ တာဝ ဂုဏာဘိတ္ထဝန-ဝသေန ဥပညာပနတ္ထံ။ မ၊ဋီ၊၁။၁၅။ သံ၊ဋီ၊၁။၁၄။ အံ၊ဋီ၊၁။၁၈။

**ဥပညာပေတိ** (ကာ၊ကြိ) [ ဥပ+ဉာ+ဏာပေ+တိ] သိစေ၏၊ ဖွင့်ဆို၏၊ ဟောကြား၏။ (၂) နှစ်သက်စေ၏။ (၁) မောနေယျံ တေ ဥပညိဿံ။ သုတ္တနိ၊၃၈၈။ ဥပညိဿန္တိ ဥပညာပေယျံ ဝိဝရေယျံ ပညာပေယျန္တိ အတ္ထော။ သုတ္တနိ၊ဋ္ဌ၊၂။၂၁၀။ (-သုတ္တနိ၊၃၉၀။ သုတ္တနိ၊ဋ္ဌ၊၂။၂၁၆။) (၂) နာရီ ဥပညိဿတိ သီသတော သုဘာ။ ဇာ၊၂။၄၀။ ဥပညိဿတိ မန္တိ သာ သုဘာ နာရီ---- ပရိတောသေဿတီတိ ပတ္ထေန္တော ဝိလပတိ။ ဇာ၊ဋ္ဌ၊၅။၂၂၇။

**ဥပညာပေယျံ** (ကာ၊ကြိ) [ ဥပ+ဉာ+ဏာပေ+ယျံ] သိစေအံ့၊ ဖွင့်ဆိုအံ့၊ ဟောကြားအံ့။ ဥပညာပေတိ (၁) ကြည့်။

**ဥပညာသ** (ပု) [ ဥပ+နိ+အာသ+အ။ ဝစီမုခံ ဝစနောပက္ကမော ဥပညာသော နာမ၊ ဥပ နိ ပုဗ္ဗော အာသ ဥပဝေသနေ၊ ဥပ ပဠမံ ပုရိမဝစနဿ သမီပံ ဝါ နျာသော ဌပနံ ဥပညာသော၊ နျဿ ဉော။မာနိ၊ဋီ။၁၁၈] (၁) ရှေးစကား၏-ဆိုအပ်ခဲ့ပြီးသောစကား၏-အနီး၌ထားခြင်း၊ စကားဆက်ခြင်း၊ နောက်ထပ်ဆိုဖွယ်စကားကို ဆက်လက်ပြဆိုခြင်း (မာနိ၊ဋီဝိဂြိုဟ်ကိုမှီ၍ ပြန်ဆိုအပ်သောအနက်)။ စကားဦး၊ စကားစ၊ စကားပျိုး(အဘယာ၊မာနိ၊သျှသစ်နှင့်, တောင်ပေါက်၊ မာနိ၊သျှ)။ (၂) ကပ်၍ သိမ်းသွင်းခြင်း၊ နှိုင်းယှဉ်၍ သိမ်းသွင်းခြင်း၊(ဝိသုဒ္ဓိ၊ဋီ၊သျှ၊၂။၁၀၉။) ကမ္မဋ္ဌာန်းနှစ်ခု အတူပြု၍ နှိုင်းယှဉ် ပြောဆိုခြင်း၊ ကပ်ဖွဲ့၍ ပြောခြင်း။

ထိုအနက်နှစ်မျိုးတွင် (၁)အနက်ကို ပြလတ္တံ့သောကျမ်းများနှင့်အညီ ဆက်လက်ဖေါ်ပြရသော်-

ကျမ်းဂန်တို့၌ တစုံတခုသောစကားကို ပြဆိုပြီးနောက် ယင်းစကား၌ စောဒနာဖွယ်, အပြစ်တင်ဖွယ်ရှိသောကြောင့် ထိုစောဒနာဖွယ်ကို သုတ်သင်ရှင်းလင်းရန် ဆက်လက်ပြဆိုခြင်းကို ဥပညာသ(ဥပန္ယာသ) ဟုလည်းကောင်း, ယင်းသို့ ဆက်လက်၍ စ သဒ္ဒါနှင့်တကွ ပြဆိုအပ်သော နောက်စကားဝါကျကို ဥပညာသ (ဥပန္ယာသ)ဝါကျ ဟုလည်းကောင်း ခေါ်၏။ ပြဆိုလတ္တံ့သော သာရတ္ထဋီကာ စသည်တို့၌ ဥပညာသကိုပင် ဝါကျာရမ္ဘခေါ်သည်ဟူ၍

ဥပညာသနှင့်ဝါကျာရမ္ဘကို သဘောတူထား၍ မိန့်ဆိုတော်မူကြ၏။ နိယံကျမ်းတို့၌ကား-
ပြတ်ပြီးစင်းစင်း၊ စုဒ်ထုတ်လျှင်းမူ၊ မှတ်ခြင်း ဝါကျာရမ္ဘပြီ။
မပြတ်စပ်ကာ၊ စုဒ်ထုတ်ရာကား၊ ဥပန္ယာသ၊ မှတ်သားကြ၊ ရှေးကထုံးမှီ၊ ကျမ်းအညီ။
(ရှင်တိပိဋက-သတ္တမ,အဋ္ဌမ-နိယံ။)
ပြတ်ပြီးခဲ့ရာ၊ ဆက်၍လာ၊ ဝါကျာရမ္ဘပင်။
မပြတ်စပ်ကာ၊ ဆက်၍လာ၊ ဥပန္ယာသတွင်။
(ရွှေရေးဆောင်နိယံ။)

စကားအဆက် ပြတ်ပြီးမှ စောဒနာဖွယ်ရှိ၍ထပ်မံဆက်လက်ဆိုအပ်သော ဝါကျကို ဝါကျာရမ္ဘ ဟုလည်းကောင်း, စကားအဆက်မပြတ်သေးဘဲ စောဒနာဖွယ်ရှိ၍ ထပ်မံဆိုအပ်သောဝါကျကို ဥပန္ယာသဝါကျဟုလည်းကောင်း ထိုနိယံများနှင့်အညီ ခွဲရာ၏။ ထို ဥပန္ယာသ,ဝါကျာရမ္ဘအနက်ကို ထွန်းပြသော စသဒ္ဒါကို ဥပန္ယာသဇောတက, ဝါကျာရမ္ဘဇောတကဟုခေါ်၏။ ထိုစသဒ္ဒါကို ရှေးဆရာတော်များ အနက်ပြန်ဆိုပုံကား-

စ=ရှေးဝါကျ၌ အပြစ်တင်ဖွယ် ပယ်၍ခဲ့ခက် စကားဆက်ကိုဆိုဦးအံ့။ (ဗားကရားသဂြိုဟ်နိဿယ၊ ဝိထိပိုင်း၊ ဧဝနိယမ။၁၃၄။)

စ=ဆက်ဦးအံ့။ စ=ဆိုအပ်ပြီးသော ရှေးဝါကျစကားရပ် ပြတ်ပြီးသည်၌ စောဒနာဖွယ်ရှိ၍ဆက်ဦးအံ့။ (ရှင်တိပိဋကနာဂနိယံ၊ သတ္တမ, အဋ္ဌမနိယံ အဖြေ။)
စ=မပြတ်စပ်လာ ဝါကျတ္ထာကို ဆက်ကာပြပိမ့်။ စ=ပြတ်ပြီးခဲ့ရာ ဝါကျတ္ထာကို ဆက်ကာပြပိမ့်။ (ပဒုက္ကုသိလက္ခနံအဋ္ဌကထာနိဿယ သစ်၊ပ။၃၃၊၁၂၅။)

ဂန္ထာဘရဏ၌မူ ဥပန္ယာသကိုမပြတော့ဘဲ

ပုဗ္ဗေ ဝုတ္တသော ဝတ္တသာ၊
စောဒနာပိ သိယာ ပုန။
ယံ ပရံ ဝတ္တုကာမသာ၊
ဝါကျာရမ္ဘောတိ ဘာသိတော-

ဟူ၍ ဝါကျာရမ္ဘကိုသာ ပြထား၏။

(၁) ဥပညာသတ္ထော ဝါ စသဒ္ဒေါ ဥပညာသောတိ စ ဝါကျာရမ္ဘော ဝုစ္စတိ၊ သောဟိ ဂန္ထကာရာနံ ပကတိ၊ ယဒိဒံ ကိဉ္စိ ဝတွာ ပုနပရံ (အပရံ) ဝတ္တုမာရဘန္တာနံ စသဒ္ဒပယောဂေါ။ သာရတ္ထ၊၁။၂၆။ ဝိမတိ၊၁။၁၀။ သီဋီ၊သစ်၊၁။၃၅။ အာဒိကာလတ္တေန ဝါကျဿ ဥပညာသမတ္တံ။ မဋီ၊၁။၄၉။ အံဋီ၊၁။၄၃။ (၂) ဝိသမောယံ ဥပညာသော။ မဋီ၊၂။၁၆၄။ ဝိသုဒ္ဓိဋီ၊၁။၂၆၆။

**ဥပညာသတ္ထ** (တိ) [ဥပညာသ+အတ္ထ] နောက်ထပ်ဆိုဖွယ်စကားကို ဆက်လက်ပြဆိုခြင်းအနက်ရှိသော။ စသဒ္ဒေါ ဝတ္တဗ္ဗသမ္ပိဏ္ဍနတ္ထော၊ ဥပညာသတ္ထော ဝါ စသဒ္ဒေါ။ သာရတ္ထ၊၁။၂၆။ ဝိမတိ၊၁။၁၀။ သီဋီ၊သစ်၊၁။၃၅။

**ဥပညာသိ** (ကြိ) [ဥပ+ဉာ+ဏ္ဍံ] ကပ်၍သိပြီ။ ဒွိန္နာဟံ ဘိက္ခဝေ ဓမ္မာနံ ဥပညာသိံ။ အံ၊၁။၅၂။ ဥပညာသိန္တိ ဥပဂန္တွာ ဂုဏံ အညာသိံ၊ ဇာနိံ ပဋိဝိဇ္ဈိန္တိ အတ္ထော။ အံဋ္ဌ၊၂။၅။

**ဥပညီသံ** (ကာ၊ကြိ) [ဥပ+ဉာ+ဏာပေ+သံ] သိစေအံ့၊ ဖွင့်ဆိုအံ့၊ ဟောကြားအံ့။ ဥပညာပေတိ(၁)-ကြည့်။

**ဥပညီသတိ** (ကာ၊ကြိ) [ဥပ+ဉာ+ဏာပေ+ဿတိ] နှစ်သက်စေလတ္တံ့။ ဥပညာပေတိ (၂)-ကြည့်။

**ဥပဋ္ဌိတ** (တိ) [ဥ+ပဋ္ဌ+တ] မကောင်းသဖြင့်-ရွှတ်-ထား-အပ်သော။ သုတ္တန္တိကတ္ထေရေဟိ ကိဥ္စာပိ ဥပဋ္ဌိတံ။ ဝဇိရ၊၁၆၄။

**ဥပဋ္ဌက** (ပု) [ဥပ+ဌာ+ဏွု] အလုပ်အကျွေး။ ယေ မာတာပိတူနံ ဥပဋ္ဌကာ ဉာတကာ ဝါ အညာတကာ ဝါ။ ဝိဋ္ဌ၊၃။၃၅၁။ (-ဒီဋ္ဌ၊၂။၄၃။ ဝိသုဒ္ဓိဋီ၊၁။၈၈။)

**ဥပဋ္ဌပိတ** (တိ) [ဥပ+ဌာ+ဏာပေ+တ။ ဥပ+ထပ +တ] တည်ရှိစေအပ်သော၊ ထားအပ်သော။ ဒါတဗ္ဗဝသေန သဗ္ဗကာလံ ဥပဋ္ဌပိတော အနာထာနံ ပိဏ္ဍော တေသ အတ္ထီတိ အနာထပိဏ္ဍိကော။ မဋီ၊၁။၁၄၁။ သံဋီ၊၁။၄၁။

**ဥပဋ္ဌပေတဗ္ဗ** (တိ) [ ဥပ+ဌာ+ဏာပေ+တဗ္ဗ။ ဥပ+ထပ+ဏေ+တဗ္ဗ] (က) တည်ထား အပ်သော။ (ခ) တည်ရှိစေအပ်သော၊ ဖြစ်စေအပ်သော။ (က) ပါနီယံ ဘောဇနီယံ ဥပဋ္ဌပေတဗ္ဗံ (ကခါ။၉၅-၌ ဥပဋ္ဌာပေတဗ္ဗံ-ရှိ၏။) အံဋီ၊၂။၅၁။ (ခ) အာစရိယေန အန္တေဝါသိကမှိ သတတံ သမိတံ အာရက္ခာ ဥပဋ္ဌပေတဗ္ဗာ၊---မေတ္တစိတ္တံ ဥပဋ္ဌပေတဗ္ဗံ။ မိလိန္ဒ။၁၀၁။ (-စရိယာဋ္ဌ၊၂၈၄။ သီဋီ၊သစ်၊၁။၂၆၁။ မဋီ၊၂။၈။)

**ဥပဋ္ဌ(ဋ္ဌာ)ပေတိ** (ကာ၊ကြိ) [ဥပ+ဌာ+ဏာပေ+တိ။ ဥပ+ထပ+ဏေ+တိ။ဓာတွတ္ထ။ ပဋ္ဌ-ပေတီတိ နာနာပ္ပကာရေန ဌပေသိ။ မဏိမဉ္ဇူ၊၂။၃၆၅] (က) ထား၏၊ အနီး၌တည် ရှိစေ၏၊ ဖြစ်စေ၏၊ ရှေ့ရှုဖြစ်စေ၏၊ လုပ်ကျွေးပြုစုစေ၏။ (ခ) လုပ်ကျွေးပြုစု၏။ (က) အညာ စိတ္တံ ဥပဋ္ဌပေတိ(အံ၊၁။၄၄၇)တိ အာဇာ-နနတ္ထာယ စိတ္တံ ပစ္စုပဋ္ဌပေတိ။ အံဋ္ဌ၊၂။၃၃၅။ သမ္မာသတိ သမ္မာ ဥပဋ္ဌာပေတိ။ ဒီဋ္ဌ၊၁။၂၈၀။ မဋ္ဌ၊၁။၁၁၀။ (-ဝိဋ္ဌ၊၁။၂၂၇။) **ဥပဋ္ဌပေန္တိ**-ဒီ၊၁။၂၁၉။ မ၊၃။၂၆၃။ အံ၊၁။၇၃။ **ဥပဋ္ဌာပေန္တိ**-ဝိ၊၄။၄၅၈။ ဝိဋ္ဌ၊၄။၁၂၉။ **ဥပ- ဋ္ဌပေထ**-ဒီ၊ ဋ္ဌ၊၂။၁၂၁။ မဋ္ဌ၊၂။၂၉၃။ **ဥပဋ္ဌာ- ပေထ**-ဒီ၊ ၂။၂၅၉။ အံဋ္ဌ၊၃။၈၉။ **ဥပဋ္ဌာပေမ**-ဝိ၊၃။၄၉၉။ မ၊၁။၂၆၈။ မဋ္ဌ၊၂။၁၄၄။ **ဥပဋ္ဌပေဿ**-မဋီ၊ ၂။၁၃၇။ **ဥပဋ္ဌာပေယျ**-ဝိ၊၂။ ၁၈၃။ မဋ္ဌ၊ ၄။၂၀၇။ မဋီ၊၃။၃၉၇။ **ဥပဋ္ဌ- ပေယျုံ**-မ၊ ၁။၂၀၃။ **ဥပဋ္ဌာပေယျုံ**- မ၊၂။၁၇၃။ **ဥပဋ္ဌာပေသိ**-မ၊၁။၂၆၆။ဒီဋ္ဌ၊၂။၄၃။ **ဥပ- ဋ္ဌပေသုံ**-သာရတ္ထ၊၃။၁၆၈။ **ဥပဋ္ဌာပေသုံ**-ဝိ၊ ၃။၁၄။ သာရတ္ထ၊၃။၁၆၈။ **ဥပဋ္ဌပေဿတိ**-ဝိ၊ ၃။၅၇။ **ဥပဋ္ဌပေဿန္တိ**-ဒီ၊၂။၆၅။ ဒီဋ္ဌ၊၂။၁၁၇။ **ဥပဋ္ဌာပေဿန္တိ**-ဝိ၊၃။၁၅၉။ **ဥပဋ္ဌာပေဿထ** - ဝိ၊၂။၁၈၃။ (ခ) တေ ဗာလာ အဗျတ္တာ ဘိက္ခူ-----နော စေ သင်္ဂဏှေယျုံ-- ဥပဋ္ဌာပေယျုံ စုဏ္ဏေန မတ္တိကာယ။ ဝိ၊၃။၁၆၀။ ဝိသင်္ဂဟ။၂၀၉။

**ဥပဋ္ဌပေတွာ** (ကြိ၊ဝိ) [ဥပ+ဌာ+ဏာပေ+တွာ] ရှေးရှုတည်စေ၍၊ ထား၍၊ ရှေးရှုဖြစ်စေ၍။ ပုရတော ဗလကာယံ ဥပဋ္ဌပေတွာ။ ဒီဋ္ဌ၊၁။၁၃၇။ ဥဇုံကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။ ဝိ၊၁။၈၉။ ဒီ၊၁။၆၇။ မ၊၁။၂၃၉။ ပရိမုခံ သတိံ ဥပဋ္ဌပေတွာတိ ကမ္မဋ္ဌာနာဘိမုခံ သတိံ ဌပယိတွာ။ မုခသမီပေ ဝါ ကတွာတိ အတ္ထော။ ဒီဋ္ဌ၊၁။၁၈၈-၉။ မဋ္ဌ၊၂။၁၂၀။ (-ဝိဋ္ဌ၊၂။၁၃။ မဋ္ဌ၊၂။၁၂၀။)

**ဥပဋ္ဌပေထ** (ကာ၊ကြိ) [ဥပ+ဌာ+ဏာပေ+ထ] အနီး၌တည်စေကြ-ကုန်၏-ကုန်လော၊ ဖြစ်စေကြ-ကုန်၏-ကုန်လော၊ လုပ်ကျွေးပြုစုစေကြ-ကုန်၏-ကုန်လော။ ဥပဋ္ဌပေတိ(က)-ကြည့်။

**ဥပဋ္ဌပေန္တ** (တိ) [ဥပ+ဌာ+ဏာပေ+အန္တ] ဖြစ်စေ-ထင်စေ-ထား-သော။ ဥပဋ္ဌပေန္တော သတိယာ စရတိ။ စူဠနိ၊၂၃၃။ ဥပဋ္ဌပေန္တောတိ သတိယာ အာရမ္မဏံ ဥပဋ္ဌပေန္တော။ စူဠနိ၊ဋ္ဌ၊၉၂။ သတိံ ဥပဋ္ဌပေန္တော သိက္ခေယျ။ မဟာနိ၊၃၀။ သုဒ္ဓေါဒနမဟာရာဇာပိ ဗောဓိ-သတ္တဿ ဓာတိယော အာဒိံကတွာ ပရိဟာရံ ဥပဋ္ဌပေန္တော ဗောဓိသတ္တံ ဝဍ္ဎေသိ။ အံဋ္ဌ၊၁။၁၁၂။

**ဥပဋ္ဌပေန္တိ** (ကာ၊ကြိ) [ဥပ+ဌာ+ဏာပေ+အန္တိ] အနီး၌တည်ရှိစေကြကုန်၏၊ လုပ်ကျွေးပြုစု

စေကြကုန်၏။ ဥပဋ္ဌပေတိ(က)-ကြည့်။

**ဥပဋ္ဌပေန္တု** (ကာ၊ကြိ) [ဥပ+ဌာ+ဏာပေ+အန္တု] ဖြစ်စေကုန်လော။ ဥပဋ္ဌပေတိ(က)-ကြည့်။

**ဥပဋ္ဌပေယျုံ** (ကာ၊ကြိ) [ဥပ+ဌာ+ဏာပေ+ယျုံ] ဖြစ်စေကုန်ရာ၏၊ ထားကုန်ရာ၏။ ဥပဋ္ဌပေတိ (က)-ကြည့်။

**ဥပဋ္ဌပေသုံ** (ကာ၊ကြိ) [ဥပ+ဌာ+ဏာပေ+ဦ] ဖြစ်စေကုန်ပြီ၊ ထားကုန်ပြီ၊ တည်ရှိစေကုန်ပြီ။ ဥပဋ္ဌပေတိ(က)-ကြည့်။

**ဥပဋ္ဌပေဿတိ** (ကာ၊ကြိ) [ဥပ+ဌာ+ဏာပေ+ဿတိ] ကပ်၍တည်ရှိစေလတ္တံ့၊ ဖြစ်စေလတ္တံ့၊ ရှေ့ရှုထားလတ္တံ့။ ဥပဋ္ဌပေတိ(က)-ကြည့်။

**ဥပဋ္ဌပေဿထ** (ကာ၊ကြိ) [ဥပ+ဌာ+ဏာပေ+ဿထ] အနီး၌တည်ရှိစေကုန်လတ္တံ့၊ လုပ်ကျွေးပြုစုစေကုန်လတ္တံ့။ ဥပဋ္ဌပေတိ(က)-ကြည့်။

**ဥပဋ္ဌပေဿန္တိ** (ကာ၊ကြိ) [ဥပ+ဌာ+ဏာပေ+ဿန္တိ] အနီး၌တည်ရှိစေကုန်လတ္တံ့၊ လုပ်ကျွေးပြုစုစေကုန်လတ္တံ့၊ ဖြစ်စေကုန်လတ္တံ့။ ဥပဋ္ဌပေတိ(က)-ကြည့်။

**ဥပဋ္ဌဟ** (ကြိ) [ဥပ+ဌာ+အ+ဟိ] ဆည်းကပ်ခစားလော။ ဥပဋ္ဌဟတိ[၁] (ခ)-ကြည့်။

**ဥပါဂတ** (တိ) [ဥပ+အာ+ဂမု+တ] (၁) ကပ်ရောက်သော၊သူ။ (၂)ပြည့်စုံသော။ (၁) ယထာနိဋ္ဌံ ဥပါဂတာ။ ဝိ၊ဋ္ဌ၊၄။၂၆၄။ ဗုဒ္ဓဝံ၊ဋ္ဌ။၃၅၄။ ရုက္ခမူလံ ဥပဂတောသိ။ အဘိ၊ဋ္ဌ၊၁။၄၁။ (အပ၊ဋ္ဌ၊၁။၁၃။ ဗုဒ္ဓဝံ၊ဋ္ဌ။၉၉။ ဇာ၊ဋ္ဌ၊၁။၁၂-တို့၌ ဥပဂတောသိ-ဟုရှိသည်။) (၂) ဣမာယ အနုပဿနာယ ဥပေတော ဟောတိ သမုပေတော ဥပါဂတော။ အဘိ၊ဝိ။၂၀၁။ (-အဘိ၊ဋ္ဌ၊၂။၂၅၀။) ဒွါဒသဂုဏမုပါဂတန္တိ ဒွါဒသဟိ အာနိသံသေဟိ သမန္နာဂတံ (ဥပေတံ)။ အဘိ၊ဋ္ဌ၊၁။၃၉။ အပ၊ဋ္ဌ၊၁။၁၁။ ဇာ၊ဋ္ဌ၊၁။၁၁။ (-ဗုဒ္ဓဝံ၊ဋ္ဌ။၉၉။) (ဂုဏေ ဒသဟုပါဂတံ-၌ ဥပါဂတံ-ကို"ကပ်ရောက်အပ်သော"ဟု ကမ္မရုပ် အနက်တမျိုး ဘာသာဋီကာ ၌ ပေးသေး၏၊ ဥပေတံ-ဟု အဋ္ဌကထာ တိုက်ရိုက်ဖွင့်သဖြင့် "ပြည့်စုံသော" အနက်က သာကောင်းပါသည်။) (-မ၊ဋ္ဌ၊၁။၂၄၉။ အဘိ၊ဋ္ဌ၊၁။၄၁။ ဝိသုဒ္ဓိ၊၂။၃၅၁။ ဝိသုဒ္ဓိ၊ဋီ၊၂။၅၃၀။)

**ဥပါဂန္တွာ** (ကြိ၊ဝိ) [ဥပ+အာ+ဂမု+တွာ] ကပ်ရောက်ကုန်၍။ ဂါမဏ္ဍလာ ဥပါဂန္တွာ၊ ရုပ္ပံ ဒဿေန္တိ နပ္ပကံ။ စရိယာ။၄၁၉။ အဘိ၊ဋ္ဌ၊၁။၇၅။ ဇာ၊ဋ္ဌ၊၁။၅၆။

**ဥပါဂမံ** (ကြိ) [ဥပ+အာ+ဂမု+အံ။ ဥပ+ဂမု+အံ] ရောက်ပြီ။ ဥပါဂစ္ဆတိ-ကြည့်။

**ဥပါဂမိ** (ကြိ) [ဥပ+အာ+ဂမု+ဤံ] ကပ်ရောက်-ချဉ်းကပ်-ရောက်လာ-ဝင်-ပြီ။ ဥပါဂစ္ဆတိ-ကြည့်။

**ဥပါဂမိံသု** (ကြိ) [ဥပ+အာ+ဂမု+ဥံ။ ဥပ+ဂမု+ဥံ] ကပ်ရောက်-ချဉ်းကပ်-ရောက်လာ-ဝင်-ကုန်ပြီ။ ဥပါဂစ္ဆတိ -ကြည့်။

**ဥပါဂမိ၁** (ကြိ) [ဥပ+အာ+ဂမု+ဤ] ကပ်ရောက်-ချဉ်းကပ်-ရောက်လာ-ဝင်-ပြီ။ ဥပါဂစ္ဆတိ-ကြည့်။

**ဥပါဂမိ၂** (ကြိ) [ဥပ+အာ+ဂမု+ဩ။ ဥပ+ဂမု+ဩ။ ဩ ကို ဣပြု။] ကပ်ရောက်-ချဉ်းကပ်-ရောက်လာ-ဝင်-ပြီ။ ဥပါဂစ္ဆတိ-ကြည့်။

**ဥပါဂမိမှာ** (ကြိ) [ဥပ+အာ+ဂမု+မှာ] ကပ်ရောက်-ချဉ်းကပ်-ကုန်ပြီ။ ဥပါဂစ္ဆတိ-ကြည့်။

**ဥပါဂမုံ၁** (ကြိ) [ဥပ+အာ+ဂမု+ဥံ။ ဥပ+ဂမု+ဥံ] ကပ်ရောက်-ချဉ်းကပ်-ကုန်ပြီ။ ဥပါဂစ္ဆတိ-ကြည့်။

**ဥပါဂမုံ၂** (ကြိ) [ဥပ+အာ+ဂမု+မှာ။ မှာ ကို ဥံ ပြန်။] ကပ်ရောက်-ချဉ်းကပ်-ကုန်ပြီ။ ဥပါဂစ္ဆတိ-ကြည့်။

**ဥပါဂမုမှာ**(ကြိ) [ဥပ+အာ+ဂမု+မှာ] ကပ်ရောက်-ချဉ်းကပ်-ကုန်ပြီ။ ဥပါဂစ္ဆတိ-ကြည့်။

**ဥပါဂါ၁**(ကြိ) [ဥပ+အာ+ဂမု+ဩ။ ဥပ+ဂမု+ဩ။ ဂမု ကို ဂါပြု၊ ဩ ကိုချေ] ကပ်ရောက်-ချဉ်းကပ်-ပြီ။ ဥပါဂစ္ဆတိ-ကြည့်။

**ဥပါဂါ၂**(ကြိ) [ဥပ+အာ+ဂမု+ဤံ။ ဥပ+ဂမု+ဤံ။ ဂမု ကို ဂါပြု၊ ဤံကို အာပြု။ နီတိ၊သုတ္တ။၁၁၀၄] ကပ်ရောက်-ချဉ်းကပ်-ပြီ။ ဥပါဂစ္ဆတိ-ကြည့်

**ဥပါဂါ၃**(ကြိ) [ဥပ+အာ+ဂမု+အာ] ကပ်ရောက်-ချဉ်းကပ်-ပြီ။ ဥပါဂစ္ဆတိ-ကြည့်။

**ဥပါဂု** (ကြိ) [ဥပ+အာ+ဂမု+ဦ။ ဥပ+ဂမု+ဦ။ ဦ ကို ရဿပြု။] ကပ်ရောက်-ချဉ်းကပ်-ကုန်ပြီ။ ဥပါဂစ္ဆတိ-ကြည့်။

**ဥပါတိဓာဝတိ** (ကြိ) [ဥပ+အတိ+ဓာဝု+အ+အန္တိ] ကပ်ရောက်သကဲ့သို့ ဖြစ်၏၊ လွန်၍ပြေး၏။ ဥပါတိဓာဝန္တိ န သာရမေန္တိ (ဥဒါန။၁၆၈) တိ...တသ္မိံ ပန သဥပါယေ သာရေ တိဋ္ဌန္တေ- ယေဝ ဝိမုတ္တာဘိလာသာယ တံ ဥပေန္တာ ဝိယ ဟုတ္វာပိ ဒိဋ္ဌိဝိပလ္လာသေန အတိဓာဝန္တိ အတိက္ကမိတွာ ဂစ္ဆန္တိ။ ဥဒါန၊ဋ္ဌ။၃၂၃။

**ဥပါတိဓာဝန္တိ**(ကြိ) [ဥပ+အတိ+ဓာဝု+အ+အန္တိ] ကပ်ရောက်သကဲ့သို့ ဖြစ်ကုန်၏၊ လွန်၍ပြေးကုန်၏။ အထက်ပုဒ်ကြည့်။

**ဥပါတိဓာဝန္တိသုတ္တ** (န) [ဥပါတိဓာဝန္တိ+သုတ္တ] ဥပါတိဓာဝန္တိသုတ်။ ဆီမီးသို့ တိုးဝင်သော ပိုးဖလံများ ဆင်းရဲပျက်စီးခြင်းသို့ ရောက်ကြရသည်ကို မြင်တော်မူသဖြင့် "သီလသမာဓိ ပညာအနှစ်သာရသို့ မရောက်ကုန်ဘဲ လွန်၍ ပြေးကုန်သော, တဏှာဒိဋ္ဌိအနှောင်အဖွဲ့တို့ကို ပွားစေကုန်သော, မြင်ရကြားရသောအရာ တို့ကို မှန်၏ဟုယူလျက် အမှားကို နှလုံးသွင်း ကုန်သော သမဏဗြာဟ္မဏတို့သည် ရာဂစသော မီး(၁၁) ပါးဖြင့်ရဲရဲညီးသော ဘဝသုံးပါးဟူသော မီးကျီးတွင်းသို့ ကျရောက်ကုန်၏"ဟု ဘုရားရှင် ဥဒါန်းကျူးတော်မူသောသုတ်ဖြစ်သည်။ ဥဒါန။ ၁၆၈။ ဥဒါန၊ဋ္ဌ။၃၂၂-၃၂၄။

**ဥပါတိပန္န**(တိ)[ဥပ+အတိ+ပဒ+တ] (ကာမ တဏှာစသည်တို့၌-ကျော်လွန်ပြီး-လွန်မြောက် ပြီး-နှလုံးမသွင်း-သော၊သူ။ ယေ စ န တဏှာသု ဥပါတိပန္နာ။ သုတ္တနိ။၃၅၃။ န တဏှာသု ဥပါတိပန္နာတိ ကာမတဏှာဒီသု နာဓိမုတ္တာ။ သုတ္တနိ၊ဋ္ဌ၊၂။၁၄၁။

**ဥပါတိဝတ္တ** (တိ) [ဥပ+အတိ+ဝတု+တ] လွန်မြောက်သော၊ လွန်၍ ဖြစ်သော၊သူ။ သဗ္ဗံ နမုစိဗလံ ဥပါတိဝတ္တော။ အံ၊၁။၃၂၃။ ဥပါတိ- ဝတ္တောတိ အတိက္ကန္တော။ အံ၊ဋ္ဌ၊၂။၂၆၀။ (-သုတ္တနိ။ ၂၈၇၊၃၃၄။ စူဠနိ။၂၇၀။ သုတ္တနိ၊ဋ္ဌ၊၁။၉၅။ စူဠနိ၊ ဋ္ဌ။၁၂၅။ သုတ္တနိ၊ဋ္ဌ၊၂။၉၆။)

**ဥပါတိဝတ္တတိ** (ကြိ) [ဥပ+အတိ+ဝတု(ဝတ္တ) +အ+တိ] လွန်မြောက်၏၊ လွန်၍ဖြစ်၏။ ယောပိ ဣမေဟိ ဓမ္မေဟိ သမန္နာဂတော န သော တံ ဓမ္မံ ဥပါတိဝတ္တတိ။ နေတ္တိ။၄၂။ နေတ္တိ၊ ဋ္ဌ။၁၁၃။ **ဥပါတိဝတ္တိတ္ထော**—မာ တွံ ဖြဟ္မနော ဝစနံ ဥပါတိဝတ္တိတ္ထော။ မ၊၁။၄၀၂။ ဥပါတိ- ဝတ္တိတ္ထောတိ အတိက္ကမိတ္ထ။ ဥပါတိဝတ္တိတော- တိပိ ပါဌော။ အယမေဝတ္ထော။ မ၊ဋ္ဌ၊၂။၃၀၃။ **ဥပါတိဝတ္တိဿတိ**—မ၊၁။၄၀၂။

**ဥပါတိဝတ္တန** (န) [ဥပ+အတိ+ဝတု(ဝတ္တ)+ယု] လွန်မြောက်ခြင်း၊ ကျော်လွန်၍ဖြစ်ခြင်း။ သဏ္ဌောန္တာနုဥ္စ နေသံ ဥပါတိဝတ္တနံ အတ္တနော ဉာဏဗလာနုရူပန္တိ။ မဋီ၊၃။၂၂၂။

**ဥပါတိဝတ္တန္တ** (တိ) [ဥပ+အတိ+(ဝတု)ဝတ္တ+အန္တ] လွန်မြောက်-လွန်၍ဖြစ်-သော၊သူ။ တော် ဝါ ပနေကေသံ ဥပါတိဝတ္တတ(မ၊၃။၁၈)န္တိ သညီ- တိပဒေန သခေ်ပတော ဝုတ္တံ သညာသတ္တကံ အတိက္ကန္တာနန္တိ အတ္ထော။ မ၊ဋ္ဌ၊၄။၁၁။ ဥပါတိ- ဝတ္တတန္တိ အတိက္ကမန္တာနံ၊ နိဒ္ဒါရဏေ စေတံ သာမိဝစနံ။ မဋီ၊၃။၂၂၂။

**ဥပါတိဝတ္တိတ** (တိ)[ဥပ+အတိ+ဝတု+တ] ကျော် လွန်၍ဖြစ်သော၊သူ။ ဥပါတိဝတ္တတိ-ကြည့်။

**ဥပါတိဝတ္တိတ္ထော** (ကြိ) [ဥပ+အတိ+ဝတု(ဝတ္တ) +ဿ။ နိရုတ္တိ၊နျာ။၅၉၁] လွန်မြောက်ပြီ၊ လွန်၍ ဖြစ်ပြီ။ ဥပါတိဝတ္တတိ-ကြည့်။

**ဥပါတိဝတ္တိဿတိ** (ကြိ) [ဥပ+အတိ+ဝတု(ဝတ္တ) +ဿတိ] လွန်မြောက်လတ္တံ့၊ လွန်၍ ဖြစ်လတ္တံ့။ ဥပါတိဝတ္တတိ-ကြည့်။

**ဥပါဒါ** (ထီ) [ဥပ+အာ+ဒါ+အ။ ရှူနှာ။၃၇၀။] (မဟာဘုတ်တို့ကို) မှီ၍သာဖြစ်သော(တရား)။ ဥပါဒါရုပ်။ (မဟာဘုတ်တို့သည် မှီလည်းမှီတတ်, မှီလည်းမှီအပ်ကုန်၏။ ဥပါဒါရုပ်တို့သည်ကား ထိုသို့မဟုတ်ချေ။ မဟာဘုတ်တို့ကို မှီ၍သာ ဖြစ်တတ်ကုန်၏၊ ထို့ကြောင့် ဥပါဒါဟူသော အမည်ကိုရကြလေသည်။ ဤကား အဋ္ဌကထာ အလိုတည်း။ မူလဋီကာ၌ကား–"မဟာဘုတ်တို့ကို မလွှတ်ဘဲ မဟာဘုတ်တို့၏ အဆင်း အရောင်စသောအဖြစ်ဖြင့်ယူအပ်သောကြောင့် ဥပါဒါမည်၏"ဟု တနည်းလာသေးသည်။

ဥပါဒါ ဓမ္မာ။ အဘိ၊ဓ။၁၀။ ဥပါဒိယန္တေဝ ဘူတာနိ၊ န ဘူတာနိ ဝိယ ဥပါဒိယန္တီတိ ဥပါဒါ။ အဘိ၊ဋ္ဌ၊၁။၉၂။ ဥပါဒိယန္တေဝါတိ ဘူတာနိ ဂဏှန္တိ ဧဝ၊ နိဿယန္တိ ဧဝါတိ အတ္ထော။ ယထာ ဘူတာနိ ဥပါဒိယန္တိ ဂယှန္တိ နိဿီယန္တိ၊ န တထာ တောနိ ဂယှန္တိ နိဿီယန္တိ တသ္မာ ဥပါဒါ။ အထ ဝါ ဘူတာနိ အမုဉ္စိတွာ တေသံ ဝဏ္ဏာဒိဘာဒိဘာဝေန ဂဟေတဗ္ဗတော ဥပါဒါ။ မူလဋီ၊၁။၅၄။ အတ္ထိ ရူပံ ဥပါဒါ။ အဘိ၊ဓ။၁၄၆။ အဘိ၊ဋ္ဌ၊၁။၃၄၀။ ကတမံ တံ ရူပံ ဥပါဒါ။ အဘိ၊ဓ။၁၅၆။ တတ္ထ ဥပါဒီယတီတိ ဥပါဒါ၊ မဟာဘူတာနိ ဂဟေတွာ အမုဉ္စိတွာ တာနိ နိဿာယ ပဝတ္တတီတိ အတ္ထော။ အဘိ၊ဋ္ဌ၊၁။၃၄၄။

**ဥပါဒါတဗ္ဗ** (တိ) [ဥပ+အာ+ဒါ+တဗ္ဗ] ကပ်၍ ယူအပ်–မြဲစွာယူအပ်–စွဲလမ်းအပ်–သော။ ဥပါဒါတဗ္ဗဿ အဘာဝတော။......။ယသ္မာ ပန ဇေ ဥပါဒါတဗ္ဗော သင်္ခါရော နာမ နတ္ထိ။ မ၊ဋ္ဌ၄။၁၉၁။ (–မဋီ၊၃။၃၇၉။)

**ဥပါဒါတဗ္ဗက္ခန္ဓသေသ** (တိ) [ဥပါဒါတဗ္ဗက္ခန္ဓ+သေသ] ယူအပ်–စွဲလမ်းအပ်–သော ခန္ဓာ ဟူသော အကြွင်းအကျန်၊ အကြွင်းအကျန် ဖြစ်သော ယူအပ်–စွဲလမ်းအပ်–သောခန္ဓာ။ ဥပါဒိသေသန္တိ ပုန္ဗ္ဘဝေသေန ဥပါဒါတဗ္ဗက္ခန္ဓသေသံ ဝုစ္စတိ။ သုတ္တနိ၊ဋ္ဌ၊၂။၂၂။

**ဥပါဒါတဗ္ဗဋ္ဌ** (တိ) [ဥပါဒါတဗ္ဗ+အဋ္ဌ] ယူအပ်–စွဲလမ်းအပ်–သော အနက်သဘော၊ ဝဋ္ဋံ ဟိ ဥပါဒါတဗ္ဗဋ္ဌေန ဂဟဏ ဥပါဒါနန္တိ ဝုတ္တံ။ သုတ္တနိ၊ဋ္ဌ၊၂။၈၄။

**ဥပါဒါတုံ** (ဗျ) [ဥပ+အာ+ဒါ+တုံ] ကပ်၍ယူ–မြဲစွာယူ–စွဲလမ်း–ခြင်းငှါ။ ဥပါဒါနိယ[၁]–ကြည့်။

**ဥပါဒါဒိတ္ထယံ**— ဟူသော အံ၊ဋီ၊၁။၂၄၁–လာ ပါဠိသည် ဥပ္ပါဒါဒိတ္ထယံ မှ ပျက်ယွင်းလာသော ပါဠိဖြစ်သည်။ ဥပ္ပါဒါဒိတ္တယ (အဘိ၊ဋ္ဌ၊၁။၁၀၉) ကြည့်။

**ဥပါဒါဒုက**(တိ) [ဥပါဒါ+ဒုက] ဥပါဒါဒုက်။ ဥပါဒါဒုကဿ ယောဇနာယ လဗ္ဘမာနောပိ စတုက္ကော န ဝုတ္တော။ မူလဋီ၊၁။၁၄၂။

**ဥပါဒါဓမ္မ**(ပု) [ဥပါဒါ+ဓမ္မ] မှီ၍သာဖြစ်သော တရား။ သပ္ပဋိဃေဟိ စ ဥပါဒါဓမ္မေဟိ စ ဧကောတိ အဋ္ဌပဉ္စာ ကတာ။ အဘိ၊ဋ္ဌ၊၃။၈။

**ဥပါဒါန** (နု) [ဥပ+အာ+ဒါ+ယု။ ဥပ+အာဒါန။ ဥပါဒိယတေ အဂ္ဂိနေတိ ဥပါဒါနံ။ ဓာန်၊ဋီ။၃၆။ ဘုသံ အာဒိယန္တီတိ ဥပါဒါနာ။ ဒဠှဂ္ဂါဟံ ဂဏှန္တီတိ အတ္ထော။ အဘိ၊ဋ္ဌ၊၁။၉၂။ ဘုသံ ဒဠှံ အာရမ္မဏံ အာဒိယတိ ဧတေဟီတိ ဥပါဒါနာနိ။ ဒီ၊ဋီ၊၃။၂၄၂။ အတ္ထတော ပန ဘုသံ အာဒါနန္တိ ဥပါဒါနံ။ ပဋိသံ၊ဋ္ဌ၊၁။၁၀၃] (၁) လောင်စာ၊ ထင်းစသော မီးလောင်စာ။ (၂) ဝဋ်ဆင်းရဲ။ (၃) ပြင်းထန်မြဲမြံစွာ အာရုံကို –ယူတတ်–ယူကြောင်းဖြစ်–သောတရား၊ စွဲလမ်းသောတရား၊ ဥပါဒါန်တရား။ (၄) မိမိအကျိုးကို ကပ်၍ ယူခြင်း၏ အစွမ်းအားဖြင့် ယူတတ်သော တရား။(အကြောင်းတရား။) (၅) ယူခြင်း။ (တိ)(၆) ယူအပ်–စွဲလမ်းအပ်–သော။

(၁) ယထာ အာဂတော အဂ္ဂိ ဥပါဒါနံ အလဘိတွာ နိဗ္ဗာတိ။ ဝိ၊၄၊၂၊၇၂။ (-ဝိ၊၄၊၃။ ၂၄။ အဘိ၊၄၊၂၊၄၅၅။ ဓမ္မ၊၄၊၁၊၁၇၈။ ဣတိဝုတ်၊ ၄၊၉၃။ နေတ္တိ၊ဝိ၊၁၂၄။) (၂) အဒ္ဒသာ ဘဂဝါ အာဒိ၊ ဥပါဒါနဿ ကပ္ပိယော။ သုတ္တနိ၊၃၃၂။ ဥပါဒါနဿာတိ ဝဋ္ဋဿ။ ဝဋ္ဋံ ဟိ ဥပါဒါတဗ္ဗ-ဋ္ဌေန ဣဓ ဥပါဒါနန္တိ ဝုတ္တံ။ သုတ္တနိ၊၄၊၂၊၈၄။ (၃) တံ မမဿ ဥပါဒါနံ၊ သော မမဿ ဝိဿာတော(ဒီ၊၁၊၂၄)တိ တံ ဆန္ဒရာဂဒွယံ မမ ဥပါဒါနံ အဿ။ ဒေါသပဋိဃဒွယံ ဝိဿာတော၊ ဥဘယမ္ပိ ဝါ ဒဠှဂ္ဂဟဏဝသေန ဥပါဒါနံ။ ဒီ၊ ၄၊၁၊၁၀၇။ ဥပါဒါနဿ အာဒါနဂ္ဂဟဏာ-ဘိနိဝေသပရာမာသဒုရတိက္ကမဋ္ဌော။ ဒီ၊၄၊၂၊၈၄။ စတ္တာရိ ဥပါဒါနာနိ။ ဒီ၊၃၊၁၉၂။ ဥပါဒါနာနီတိ အာဒါနဂ္ဂဟဏာနိ။ ဒီ၊၄၊၃၊၂၀၆။ ဥပဂမနံ ဥပါဒါန(ပဋိသံ၊၅၀။ မ၊၄၊၁၊၅၅။ အဘိ၊၄၊ ၂၊၁၈၂) န္တိ... ဥစ္ဆိဇ္ဇိဿာမိတိအာဒိနာ နယေန ပဝတ္တံ ဥပဂမနံ ဂဟဏံ (ဒဠှဂဟဏံ) ပရာမသနံ၊ ဣဒံ ဥပါဒါနံ နာမ။ အဘိ၊၄၊၂။ ၁၈၃။ သာရတ္ထ၊၁၊၂၂၂။ မဋီ၊၁၊၁၁၃။ (-ပဋိသံ၊၄၊၁၊၂၂၄။) ဥပါယုပါဒါနာတိ... ဥပါဒိ-ယန္တီတိ ဥပါဒါနာ။ မ၊၄၊၄၊၆၃။ တေ မမ၊ သော မေ အတ္တာတိ ဥပါဒိယန္တိ ဒဠှဂ္ဂါဟံ ဂဏှန္တီတိ ဥပါဒါနာ။ မဋီ၊၃၊၂၈၂။ တဏှာ-ပစ္စယာ ဥပါဒါနံ။ သံ၊၁၊၂၄၄။ အဘိ၊ဝိ၊၁၄၂၊ ၁၄၃။ ဥပါဒိယတီတိ ဥပါဒါနံ။ အဘိ၊၄၊၂၊၁၂၈။ ဥပါဒါနန္တိ ဒဠှဂ္ဂဟဏံ ဝုစ္စတိ။ ဒဠှတ္ထော ဟိ ဧတ္ထ ဥပသဒ္ဒေါ ဥပါယာသဥပကဋ္ဌာဒီသု ဝိယ။ သံ၊၄၊၂၊၁၃။ အဘိ၊၄၊၁၊၄၁၅။ အဘိ၊၄၊၂၊၁၇၂။ ဝိသုဒ္ဓိ၊၂၊၂၀၃။ (-အဘိ၊၄၊၁၊၉၂။ ပဋိသံ၊၄၊ ၂၊၂၂။ ဒီဋီ၊၃၊၂၄၂။ မဋီ၊၃၊၂၅၈။) (၄) ဒွေဓာ ဥပါဒါနာနိ ဂဟဏူပါဒါနဥ္စ ပစ္စယူပါဒါနဥ္စ။ ...ပစ္စယူပါဒါနံ နာမ အဝိဇ္ဇာပစ္စယာ သင်္ခါရာတိ ဧဝံ ဝုတ္တပစ္စယာ။ မ၊၄၊၂၊၆၂။ ပစ္စယူပါဒါနန္တိ ယံကိဉ္စိ ပစ္စယမာဟ၊ သော ဟိ အတ္တနော ဖလံ ဥပါဒိယတိ ဥပါဒါနဝသေန ဂဏှာတီတိ ဥပါဒါနန္တိ ဝုစ္စတိ။ မဋီ၊၂၊၁၁၈။ (၅) ဥပါဒါန-ပညတ္တိ-ကြည့်။ (တိ)(၆) ဥပါဒါနတ္တ-ကြည့်။

**ဥပါဒါနဥပယ** (တိ) [ဥပါဒါန+ဥပယ] ဥပါဒါန် ဖြစ်သော ဥပယတရား။ ဥပဂမနဉ္စ ဥပါဒါန-ဥပယော။ မူလဋီ၊၁၊၃၉။

**ဥပါဒါနကာရဏ** (န) [ဥပါဒါန+ကာရဏ] မှီ၍-စွဲ၍-ဖြစ်သော အကြောင်း။ ဟေတုန္တိ ဝါ ဥပါဒါနကာရဏံ၊ အံဋီ၊၁၊၇၈။ တတ္ထ တုရိဝေမ-သလာကာဒယော ဥပါဒါနကာရဏံ။ အနုဋီ၊ ၂၊၆၇။

**ဥပါဒါနက္ခန္ဓ** (ပု) [ဥပါဒါန+ဂေါစရ+ခန္ဓ။ ဥပါဒါန+အာရမ္မဏဘူတ+ခန္ဓ၊ ဥပါဒါန+ပစ္စယ-ဘူတ+ခန္ဓ။ ဥပါဒါန+ဥပါဒါတဗ္ဗ+ခန္ဓ။ ဥပါဒါန +သမ္ဘူတ+ခန္ဓ၊ ဥပါဒါန+ဝိဓေယျ+ခန္ဓ၊ ဥပါဒါန +ပဘာဝ+ခန္ဓ။ ဥပါဒါန+ဇနက+ခန္ဓ။ ဥပါဒါန +ဇနိတ+ခန္ဓ] ဥပါဒါန်တရားတို့၏-အာရုံ-အကြောင်း-ဖြစ်သော-ခန္ဓာ၊ ဥပါဒါန်တရား တို့သည် အာရုံပြုခြင်းစသည်တို့၏ အစွမ်း အားဖြင့်-ကပ်၍ယူအပ်-စွဲလမ်းအပ်-သောခန္ဓာ၊ ဥပါဒါန်တရားတို့ကြောင့် ဖြစ်သောခန္ဓာ၊ ဥပါဒါန် တရားတို့သည် ပြုပြင်စီရင်အပ်သောခန္ဓာ၊ ဥပါဒါန်တရားတို့လျှင် အမွန်အစရှိသောခန္ဓာ၊ ဥပါဒါန်တရားတို့သည် ဖြစ်စေအပ်သောခန္ဓာ၊ ဥပါဒါန်တရားတို့ကိုဖြစ်စေတတ်သော-ခန္ဓာ-တရားအစု၊ ဥပါဒါနက္ခန္ဓာ။

ပဉ္စုပါဒါနက္ခန္ဓာ။ ပဋိသံ၊၂၃။ စူဠနိ၊၂၀၆။ ဥပါဒါနက္ခန္ဓာတိ ဥပါဒါနဂေါစရာ ခန္ဓာ ဥပါ-ဒါနက္ခန္ဓာ၊ မဇ္ဈေ ပဒလောပေါ ဒဋ္ဌဗ္ဗော။ ဥပါ-ဒါနသမ္ဘူတာ ဝါ ခန္ဓာ ဥပါဒါနက္ခန္ဓာ ယထာ တိဏဂ္ဂိ, ထုသဂ္ဂိ။ ဥပါဒါနဝိဓေယျာ ဝါ ခန္ဓာ ဥပါဒါနက္ခန္ဓာ ယထာ ရာဇပုရိသော။ ဥပါ-ဒါနပ္ပဘဝါ ဝါ ခန္ဓာ ဥပါဒါနက္ခန္ဓာ ယထာ

၊

ပုပ္ဖရုက္ခော, ဖလရုက္ခော။ ပဋိသံ၊ဋ္ဌ၊၁။၁၀၂။ စူဠနိ၊ဋ္ဌ။၈၀။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။ ပဋိသံ။၃၈။ ဥပါဒါနက္ခန္ဓာတိ ဥပါဒါနဂေါစရာ ခန္ဓာ။ ပဋိသံ၊ဋ္ဌ၊၁။၁၃၈။ ဥပါဒါနက္ခန္ဓာ သာသဝဥပါဒါနိယဘာဝေန ဝိသေသေတွာ။ အဘိ၊ဋ္ဌ၊၂။၂၈။ ဝိသုဒ္ဓိ၊၂။၁၀၈။ ဥပါဒါနက္ခန္ဓာတိ ဧတ္ထ စ ဥပါဒါနဂေါစရာ ခန္ဓာ ဥပါဒါနက္ခန္ဓာတိ ဝေမတ္တော ဒဋ္ဌဗ္ဗော။ အဘိ၊ဋ္ဌ၊၂။၂၉။ ဝိသုဒ္ဓိ၊၂။၁၀၈။ ပဉ္စ လောကာ ဥပါဒါနက္ခန္ဓာ။ ဝိ၊ဋ္ဌ၊၁။၉၀။ ဒီ၊ဋ္ဌ၊၂။၅၉။ မ၊ဋ္ဌ၊၂။၈၅။ သံ၊ဋ္ဌ၊၁။၁၈၄။ ဝိသုဒ္ဓိ၊၁။၁၉၉။ ဥပါဒါနာနံ အာရမ္မဏဘူတာ ခန္ဓာ ဥပါဒါနက္ခန္ဓာ။ သာရတ္ထ၊၁။၂၄၃။ ဝိမတိ၊ ၁။၅၂။ ဒီ၊ဋီ၊၂။၆၃။ မ၊ဋီ၊၂။၁၃၆။ သံ၊ဋီ၊၁။၂၃၅။ သံ၊ဋီ၊၂။၂၁၃။ ဝိသုဒ္ဓိ၊ဋီ၊၁။၂၃၉။ ပဉ္စသု ဥပါဒါ-နက္ခန္ဓေသု ဥဒယဗ္ဗယာနုပဿီ ဝိဟာသိ။ ဒီ၊ ၂။၃၀။ ဥပါဒါနက္ခန္ဓေသူတိ ဥပါဒါနဿ ပစ္စယဘူတေသု ခန္ဓေသု။ ဒီ၊ဋ္ဌ၊၂။၅၂။ ပဉ္စသု ဥပါဒါနက္ခန္ဓေသု။ ဒီ၊၂။၂၃၉။ မ၊၁။၇၈။ ဥပါဒါနဿ ခန္ဓာ ဥပါဒါနက္ခန္ဓာ၊ ဥပါဒါနဿ ပစ္စယဘူတာ ဓမ္မပုဉ္ဇာ ဓမ္မရာသယောတိ အတ္ထော။ ဒီ၊ဋ္ဌ၊၂။၃၇၃။ မ၊ဋ္ဌ၊၁။၂၉၁။ အံ၊ဋီ၊ ၁။၂၃၉။ ပဉ္စ ခေါ...ဥပါဒါနက္ခန္ဓာ သက္ကာယော ဝုတ္တော ဘဂဝတာ။ မ၊၁။၃၇၃။ ဥပါဒါနက္ခန္ဓာတိ ဥပါဒါနာနံ ပစ္စယဘူတာ ခန္ဓာတိ ဝေမာဒိနာ နယေနေတ္ထ ဥပါဒါနက္ခန္ဓကထာ ဝိတ္ထာရေတွာ ကထေတဗ္ဗာ။ မ၊ဋ္ဌ၊၂။၂၅၈။ ဥပါဒါနေဟိ အာရမ္မဏကရဏာဒိဝသေန ဥပါဒါတဗ္ဗာ ဝါ ခန္ဓာ ဥပါဒါနက္ခန္ဓာ။ ဒီ၊ဋီ၊၂။၃၂၀။ မ၊ဋီ၊၁။၃၇၇။ အံ၊ဋီ၊၁။၂၃၉။ ပဉ္စုပါဒါနက္ခန္ဓာ။ ခုဒ္ဒက၊၃။ ဥပါ-ဒါနဇနိတာ ဥပါဒါနဇနကာ ဝါ ခန္ဓာ ဥပါဒါ-နက္ခန္ဓာ။ ယံ ကိဉ္စိ ရူပံ ဝေဒနာ သညာ သင်္ခါရာ ဝိညာဏဉ္စ သာသဝါ ဥပါဒါနိယာ၊ ဧတေသမေတံ အဓိဝစနံ။ ခုဒ္ဒက၊ဋ္ဌ။၆၈။

**ဥပါဒါနက္ခန္ဓဓမ္မ** (ပု) [ဥပါဒါနက္ခန္ဓ+ဓမ္မ] ဥပါဒါ-နက္ခန္ဓာဖြစ်သောတရား။ ဓမ္မေတိ ဥပါဒါန-က္ခန္ဓဓမ္မေ။ သံ၊ဋီ၊၂။၃၀၈။

**ဥပါဒါနက္ခန္ဓနိဒ္ဒေသ** (ပု) [ဥပါဒါနက္ခန္ဓ+နိဒ္ဒေသ] ဥပါဒါနက္ခန္ဓနိဒ္ဒေသ၊ ဥပါဒါနက္ခန္ဓာကိုအကျယ် ညွှန်ပြရာစကားရပ်။ ဥပါဒါနက္ခန္ဓနိဒ္ဒေသေ သေယျထိဒန္တိ နိပါတော။ ပဋိသံ၊ဋ္ဌ၊၁။၁၄၆။

**ဥပါဒါနက္ခန္ဓပဉ္စက** (တိ) [ဥပါဒါနက္ခန္ဓ+ပဉ္စက] ဥပါဒါနက္ခန္ဓာငါးပါးတို့၏ အပေါင်း။ သဗ္ဗာ-ကာရေန ပန ဥပါဒါနက္ခန္ဓပဉ္စကံ ဒုက္ခဋ္ဌေဝ အရိယသစ္စဉ္စ အညတြ တဏှာယ။ အဘိ၊ဋ္ဌ၊ ၂။၈၃။ (-ဣတိဝုတ်၊ဋ္ဌ။၁၄၉။)

**ဥပါဒါနက္ခန္ဓပဉ္စကာချ** (တိ) [ဥပါဒါနက္ခန္ဓပဉ္စက+ အာချ] ဥပါဒါနက္ခန္ဓငါးပါး အပေါင်း ဟုဆိုအပ် သော အမည်ရှိသော။ တတ္ထ သတိ ကာယေ ဝိဇ္ဇမာနေ ဥပါဒါနက္ခန္ဓပဉ္စကာချေ ကာယေ ဝီသတိဝတ္ထုကာ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။ ခုဒ္ဒက၊ ဋ္ဌ။၁၅၇။

**ဥပါဒါနက္ခန္ဓပရိယာပန္န**(တိ) [ဥပါဒါနက္ခန္ဓ+ ပရိယာပန္န] ဥပါဒါနက္ခန္ဓာ၌ အကျုံးဝင်သော။ ယဒိ တဏှာ ဥပါဒါနက္ခန္ဓပရိယာပန္နာ န ဘဝေယျ။ ဝဇီရ။၃၈။

**ဥပါဒါနက္ခန္ဓလက္ခဏ** (နု) [ဥပါဒါနက္ခန္ဓ+လက္ခဏ] ဥပါဒါနက္ခန္ဓာဟူသော မှတ်ကြောင်းလက္ခဏာ။ ဝေဒနာနန္တိ ဧတ္ထ ဝေဒနာဂ္ဂဟဏေန အဝသိဋ္ဌ-ဥပါဒါနက္ခန္ဓာနံ သင်္ဂဟော ဥပါဒါနက္ခန္ဓ-လက္ခဏေန ဧကလက္ခဏတ္တာ။ သီ၊ဋီ၊သစ်၊ ၁။၄၈၅။

**ဥပါဒါနက္ခန္ဓသညိတ** (တိ) [ဥပါဒါနက္ခန္ဓ+သညိတ] ဥပါဒါနက္ခန္ဓာဟု-သိမှတ်အပ်-ဆိုအပ်-သော။ ဥပါဒါနက္ခန္ဓေသူတိ ဥပါဒါနက္ခန္ဓသညိတေသု ရူပါရူပဓမ္မေသု။ ဝိသုဒ္ဓိ၊ဋီ၊၂။၃၆၃။

**ဥပါဒါနက္ခန္ဓောဂဓ** (တိ) [ဥပါဒါနက္ခန္ဓ+ဩဂဓ]

ဥပါဒါနက္ခန္ဓာ၌အကျုံးဝင်သော။ တဏှာယပိ ပရိညေယျဘာဝသဗ္ဘာဝတော ဥပါဒါနက္ခန္ဓော-ဂဓတ္တာ...တိဝုတ္တံ။ သာရတ္ထ၊၁။၂၃၁။

**ဥပါဒါနက္ခယ** (ပု) [ဥပါဒါနက္ခ+ခယ] ဥပါဒါန်တို့၏ကုန်ခြင်း။ (တိ)(၂) ဥပါဒါန်တို့၏ကုန်ကြောင်းဖြစ်သော။ (ဝဇီရ။၄၇၇-၌ အရဟတ္တဖိုလ်၊ နိဗ္ဗာန်ကောက်သည်။ ဥပါဒါနက္ခယ-အရကား မုချအားဖြင့် အရဟတ္တမဂ်တည်း။ အရဟတ္တဖိုလ်ရအောင် ဥပစာကြံရသည်။) (၁) နတ္ထိ ဒုက္ခဿ သမ္ဘဝေါတိ ဧဝံ သဗ္ဗသော ဥပါဒါန-က္ခယာ...နတ္ထိ။ ဥဒါန၊ဋ္ဌ။၁၉၃။ (-သုတ္တနိ၊ဋ္ဌ၊၂။၂၂၄။) (တိ)(၂) ဥပါဒါနက္ခယဿ စ။ ဝိ၊၃။၂၇၁။ ဝိ၊ဋ္ဌ၊၃။၃၆၆။ ဝိမတိ၊၂။၁၈၃။ သာရတ္ထ၊၃။၂၉၃။ ဥပါဒါနဿ ခယန္တေ ဥပ္ပန္နတ္တာ ဥပါဒါနက္ခယော။ ဝိ၊ဋ္ဌ၊၃။၃၆၅။ အံ၊ဋ္ဌ၊၃။၁၂၅။ ဝိမတိ၊၂။၁၈၂။

**ဥပါဒါနက္ခယန္တ** (တိ) [ဥပါဒါနက္ခယ+အန္တ] ဥပါဒါန်တို့၏ ကုန်ကြောင်းဖြစ်သော အရဟတ္တမဂ်၏ အဆုံး။ ဥပါဒါနက္ခယန္တေ ဥပ္ပန္နတ္တာ ဥပါဒါနက္ခယော။ အံ၊ဋ္ဌ၊၃။၁၂၅။

**ဥပါဒါနက္ခယာဓိမုတ္တ** (တိ) [ဥပါဒါနက္ခယ+အဓိမုတ္တ] ဥပါဒါန်တို့၏ ကုန်ကြောင်းဖြစ်သော အရဟတ္တမဂ်၏ အဆုံး၌ဖြစ်သောအရဟတ္တဖိုလ်သို့ ညွတ်သော စိတ်နှလုံးရှိသော၊သူ။ ခယာ ရာဂဿ ဝီတရာဂတ္တာ ဥပါဒါနက္ခယာဓိမုတ္တော ဟောတိ။ ဝိ၊၃။၂၇၀။

**ဥပါဒါနက္ခယာရာမ** (တိ) [ဥပါဒါနက္ခယ+အာရာမ] ဥပါဒါန်တို့၏ ကုန်ရာ နိဗ္ဗာန်၌ မွေ့လျော်သော၊ ဥပါဒါန်တို့၏-ကုန်ရာ-အဆုံး-ဖြစ်၍ ဖြစ်သော အရဟတ္တဖိုလ်ဟူသောမွေ့လျော်ဖွယ်ရှိသော၊သူ။ ဥပါဒါနက္ခယာရာမံ(သံ၊၁။၄၂၉)န္တိ ဥပါဒါနက္ခယ-သင်္ခါတေ နိဗ္ဗာနေ ရတံ။ သံ၊ဋ္ဌ၊၂။၁၉၂။ ဥပါဒါ-နက္ခယာရာမ(ဣတိဝုတ်။၂၄၆)န္တိ စတုန္နံ ဥပါဒါ-နာနံ ခယံ ပရိယောသာနဘူတံ အရဟတ္တ-ဖလံ အာရမိတဗ္ဗံ ဧတဿာတိ ဥပါဒါနက္ခယာ-ရာမံ။ ဣတိဝုတ်၊ဋ္ဌ။၂၃၉။

**ဥပါဒါနက္ခယာဝဟ** (တိ) [ဥပါဒါနက္ခယ+အာဝဟ] ဥပါဒါန်တို့၏ကုန်ရာ-အရဟတ္တဖိုလ်-နိဗ္ဗာန်-သို့ ပို့ဆောင်နိုင်သော၊သူ။ သဒ္ဓမ္မဒါနနိရတော၊ ဥပါဒါနက္ခယာဝဟော။ ဥဒါန၊ဋ္ဌ။၃၉၃။

**ဥပါဒါနခယ** (တိ) [ဥပါဒါန+ခယ] ဥပါဒါန်တို့၏ ကုန်ရာနိဗ္ဗာန်။ ဥပါဒါနခယေ ဝိမုတ္တော(သုတ္တနိ။ ၃၄၈)တိ နိဗ္ဗာနေ နိဗ္ဗာနာရမ္မဏတော ဝိမုတ္တော။ သုတ္တနိ၊ဋ္ဌ၊၂။၁၃၆။

**ဥပါဒါနဂေါစရ** (တိ) [ဥပါဒါန+ဂေါစရ] ဥပါဒါန်တို့၏ အာရုံဖြစ်သော။ ဥပါဒါနက္ခန္ဓာတိ ဧတ္ထ စ ဥပါဒါနဂေါစရာ ခန္ဓာ ဥပါဒါနက္ခန္ဓာတိ ဝေမတ္တော ဒဋ္ဌဗ္ဗော။ အဘိ၊ဋ္ဌ၊၂။၂၉။ ဝိသုဒ္ဓိ၊၂။၁၀၈။ (-ပဋိသံ၊ဋ္ဌ၊၁။၁၀၂။ မဟာနိ၊ဋ္ဌ။၈၈။ စူဠနိ၊ဋ္ဌ။၈၀။) ဥပါဒါနက္ခန္ဓ-လည်းကြည့်။

**ဥပါဒါနဂေါစ္ဆက** (ပု) [ဥပါဒါန+ဂေါစ္ဆက] ဥပါဒါနဂေါစ္ဆက။ တတော ဥပါဒါနဒုကာဒယော ဆ ဒုကာ ဥပါဒါနဂေါစ္ဆကော နာမ။ အဘိ၊ဋ္ဌ၊၁။၈၀။ (-အနုဋီ၊၁။၅၉။) ဂေါစ္ဆက[၂]-လည်းကြည့်။

**ဥပါဒါနဂေါစ္ဆကပရိယောသာန** (တိ) [ဥပါဒါနဂေါစ္ဆက+ပရိယောသာန] ဥပါဒါနဂေါစ္ဆကလျှင် အဆုံးရှိသော။ ဒုကေသု ဟေတုဂေါစ္ဆကာဒီနံ ဥပါဒါနဂေါစ္ဆကပရိယောသာနာနံ နဝန္နံ ဂေါစ္ဆ-ကာနံ...။ အဘိ၊ဋ္ဌ၊၁။၈၀။

**ဥပါဒါနစတုက္က** (နှ) [ဥပါဒါန+စတုက္က] ဥပါဒါန-စတုက္က၊ ဥပါဒါန်တရားလေးပါးအပေါင်း။ ဧတ္ထ စ ဧဝံ ဒေသိတေ ဥပါဒါနစတုက္ကေ။ အဘိ၊ဋ္ဌ၊၂။၁၇၄။ အယံ ဥပါဒါနစတုက္ကော သမုဒ-ယော သမုဒယသစ္စံ နာမ ဘဝတိ။ နေတ္တိ၊ဋီ။ ၁၅၉။

**ဥပါဒါနဇနက** (တိ) [ဥပါဒါန+ဇနက] ဥပါဒါန်တို့ကိုဖြစ်စေတတ်သော၊ ဥပါဒါန်တို့၏ အကြောင်းဖြစ်သော။ ဥပါဒါနဇနိတာ ဥပါဒါနဇနကာ ဝါ ခန္ဓာ ဥပါဒါနက္ခန္ဓာ။ ခုဒ္ဒကာ၊ဋ္ဌ။၆၈။

**ဥပါဒါနဇနိတ** (တိ) [ဥပါဒါန+ဇနိတ] ဥပါဒါန်တို့သည်ဖြစ်စေအပ်သော၊ ဥပါဒါန်တို့ကြောင့်ဖြစ်သော။ အထက်ပုဒ်ကြည့်။

**ဥပါဒါနဋ္ဌာန** (န) [ဥပါဒါန+ဌာန] ဥပါဒါန်၏အရာ၊ ဥပါဒါန်တို့တည်ရာပါဠိရပ်။ တသ္မာ ဥပါဒါနဋ္ဌာနေ ဥပါဒါနံ ဝိယ ဒဋ္ဌနိပါတိနာ အဓိမောက္ခေန ပဒံ ပူရိတံ။ အဘိ၊ဋ္ဌ၊၂။၁၉၉-၂၀၀။

**ဥပါဒါနတ္ထ** (န) [ဥပါဒါန+တ္ထ] ယူအပ်သည်၏အဖြစ်။ န ဝဏ္ဏာယတနဿေဝ သဏ္ဌာန-ပညတ္တိယာ ဥပါဒါနတ္တာ။ အနုဋီ၊၁။၁၅၄။

**ဥပါဒါနဒုက** (ပု) [ဥပါဒါန+ဒုက] ဥပါဒါနဒုက်။ ဥပါဒါနဂေါစ္ဆက-ကြည့်။

**ဥပါဒါနနိဒ္ဒေသ** (ပု) [ဥပါဒါန+နိဒ္ဒေသ] ဥပါဒါန်တို့ကိုအကျယ်ပြရာ။ ဥပါဒါနနိဒ္ဒေသေ ကာမု-ပါဒါနန္တိအာဒီသု။ သံ၊ဋ္ဌ၊၂။၁၃။

**ဥပါဒါနနိရောဓ** (ပု) [ဥပါဒါန+နိရောဓ] ဥပါဒါန်တို့၏ ချုပ်ခြင်း။ သဗ္ဗသော ဥပါဒါနေ အသတိ ဥပါဒါနနိရောဓာ အပိ နု ခေါ ဘဝေါ ပညာ-ယေထ။ ဒီ၊၂။၄၉။ (-မ၊၂။၁၇၉။ နေတ္တိ။၃၆။ မဋ္ဌ၊၃။၁၅၄။ နေတ္တိ၊ဝိ။၁၆၁။)

**ဥပါဒါနပစ္စယ**(ပု) [ဥပါဒါန+ပစ္စယ] (၁) လောင်စာဟူသောအကြောင်း။ (၂) ဥပါဒါန်ဟူသောအကြောင်း။ (၃) ဥပါဒါန်၏အကြောင်း။ (၁) ယထာ ဟိ ကဋ္ဌံ ပဋိစ္စ ဇလမာနော အဂ္ဂိ ဥပါဒါနပစ္စယေ သတိယေဝ ဇလတိ။ မဋ္ဌ၊၂။၂၀၇။ (၂) ဥပါဒါနပစ္စယာ ဘဝေါတိ ဣစ္စ-ဿ ဝစနီယံ။ ဒီ၊၂။၄၇။ (-မ၊၂။၁၇၉။ သံ၊၁။၂၉၁။ အဘိ၊က။၃၇၀။ (၃) ဝေဠု ဝုစ္စမာနေ ဥပါဒါနဿ ဥပါဒါနပစ္စယတ္တံ အာပဇ္ဇေယျ၊ အဘိ၊ဋ္ဌ၊၂။၁၉၈။ (သမ္မော၊သျ-ဟောင်း၌ ဥပါ-ဒါနပစ္စယတ္တံ=ဥပါဒါန်သည် ကျေးဇူးပြုအပ်သည်၏ အဖြစ်သို့-ဟုပေးသည်။ ဘာသာဋီကာ၌ "ဥပါဒါန်ဟူသောပစ္စည်းရှိသည်၏အဖြစ်သည်" ဟုပေးသည်၊ အဓိပ္ပါယ်အတူတူပင်ဖြစ်၏။)

**ဥပါဒါနပညတ္တိ** (ထီ) [ဥပါဒါန+ပညတ္တိ] စွဲယူအပ်သော အတ္တပညတ်၊ ယူခြင်းကို အပြားအားဖြင့်သိစေခြင်း။(သျ။) ဥပါဒါနပညတ္တိ သဗ္ဗညုတာယ။ နေတ္တိ။၅၂။ ဥပါဒါနပညတ္တီ-တိ ဂဟဏပညတ္တိ။ သဗ္ဗညုတာယာတိ သမ္မာ-သမ္ဗုဒ္ဓဘာဝဿ။ နေတ္တိ၊ဋ္ဌ။၁၂၄။ သဗ္ဗညုတာယ ဥပါဒါနဿ စ ပညာပနတော ဥပါဒါနပညတ္တိ နာမ။ နေတ္တိ၊ဝိ။၁၉၂။

**ဥပါဒါနပဒ** (န) [ဥပါဒါန+ပဒ] ဥပါဒါနပုဒ်။ ဥပါဒါနပဒါဒီသုပိ ကိမ္ပိစိတိ ဣမိနာ သြကာသ-ပရိဂ္ဂဟော ကတောတိ ဝေဒိတဗ္ဗော။ ဒီ၊ဋ္ဌ၊၂။၈၈။

**ဥပါဒါနပရိပဝတ္တသုတ္တ** (န) [ဥပါဒါန+ပရိပဝတ္တ+သုတ္တ] ဥပါဒါနပရိပဝတ္တသုတ်။ (ဥပါဒါန်တရားတို့ကို လေးပြန်အားဖြင့် ထိုးထွင်းသိသော အခါ၌သာ သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိပြီဟု ဘုရားရှင်ဝန်ခံတော်မူကြောင်း၊ လေးပြန်ဟူသည်ကား ရုပ်, ရုပ်ဖြစ်ကြောင်း, ရုပ်ချုပ်ရာ, ရုပ်ချုပ်ရာအကျင့်တို့ကို ထိုးထွင်းသိခြင်းတို့ဖြစ်ကြောင်း၊ ထိုသို့သိသောသူသည်သာ သာသနာတော်၌ ထောက်ရာတည်ရာ ရသူ, ကိလေသာမှလွတ်မြောက်သူ, ကိစ္စအားလုံးပြီးစီးသူဖြစ်ကြောင်း ဟောတော်မူ၍ ဝေဒနာစသောလေးပါးတို့၌လည်း ထို့အတူပင် ဟောတော်မူသော သုတ်ဖြစ်သည်။) သံ၊၂။၄၈-၅၀။ သံ၊ဋ္ဌ၊၂။၂၅၄။

**ဥပါဒါနပ္ပဘဝ** (တိ) [ဥပါဒါန+ပဘဝ] ဥပါဒါန် တရားတို့လျှင် အမွန်အစရှိသော။ ဥပါဒါန-ကွန့်-ကြည့်။

**ဥပါဒါနပ္ပဝတ္တိ** (ထီ) [ဥပါဒါန+ပဝတ္တိ] ဥပါဒါန် တို့၏ ဖြစ်ခြင်း။ တေန ပစ္စုပ္ပန္နေ ခန္ဓပဗန္ဓေ ဥပါဒါနပ္ပဝတ္တိ ဝုတ္တာ။ မငို၊၁။၃၃၂။

**ဥပါဒါနဘူတ** (တိ) [ဥပါဒါန+ဘူတ] စွဲမှီရာ ဖြစ်၍ဖြစ်သော၊ ဥပါဒါန်ဖြစ်၍ဖြစ်သော။ ဠတရော ပုဂ္ဂလေ သန္တာဝဌေ န သက္ကာ တသ ဥပါဒါနဘူတေန ရူပေန သန္တာဝိတုန္တိ သညာယ ပဋိက္ခိပတိ။ အဘိ၊ဋ္ဌ၊၃။၁၂၉။ တတောပိ ဗလဝတိ ဥပါဒါနဘူတာ တဏှာ နန္ဒိ။ မူလငို၊၂။၈၅။ (-နေတ္တိဋ္ဌ။၁၆၁။ မငို၁။ ၈၃။ သံငို၊၂။၁၁၈။ အနုငို၃။၉၁၊၂၅၃။ ဝိသုဒ္ဓိငို၊၂။၃၁၅။ နေတ္တိငို။၉၃။)

**ဥပါဒါနဘူတဓမ္မပဗန္ဓဗျာပါရ** (တိ) [ဥပါဒါန ဘူတဓမ္မပဗန္ဓ+ဗျာပါရ] စွဲမှီရာဖြစ်၍ ဖြစ်သော တရားအစဉ်၌ အားထုတ်ခြင်းရှိသော။ (ကပ်၍ ယူကြောင်းဖြစ်၍ဖြစ်သောတရားအစဉ်၌ ကြောင့်ကြအားထုတ်ခြင်းရှိသည်၏ အဖြစ် ကြောင့်(သျှ။)။ တဒါကာရာဒိဥပဓာရဏသ ပုဂ္ဂလပညတ္တိယာ ဥပါဒါနဘူတဓမ္မပဗန္ဓဗျာပါရ-တာယ ဝုတ္တံ ဇေဝ်ိ ပုဂ္ဂလကိစ္စနိဒ္ဒေသောတိ။ မငို၊၁။၂၉။ အံငို၊၁။၂၉။ ဒီငို၊၁။၄ဝ။ (-သီ၊ ငို၊သစ်၊၁။၁၅၃။)

**ဥပါဒါနဘူတရူပ** (န) [ဥပါဒါနဘူတ+ရူပ] စွဲမှီ ရာဖြစ်၍ဖြစ်သောရုပ်။ ဥပါဒါနဘူတရူပါဒီနံ ဥပရိ ပညာပိယမာနာ ဥပါဒါပညတ္တိတိ အတ္ထော။ မ၊ ငို၃။၂၁၉။ (-အနုငို၃။၉၂။)

**ဥပါဒါနဘေဒါကရဏ** (န) [ဥပါဒါနဘေဒ+ အကရဏ] ဥပါဒါန်အားဖြင့် -ဥပါဒါန်အစွမ်းဖြင့် -ကွဲပြားမှုကို မပြုခြင်း။ အဝိသေသေနာတိ ဥပါဒါနဝသေန ဘေဒံ အကတွာ။ ဥပါဒါန-ဘေဒါကရဏေနေဝ စ ဒွါဒသပ္ပဘေဒဿ သင်္ဂဟဝသေန သင်္ဂဟတော "ဆ ဘဝါ"တိ ဝုတ္တံ။ ဝိသုဒ္ဓိငို၊၂။၃၃၂။

**ဥပါဒါနမူလက**(တိ) [ဥပါဒါန+မူလ+က] ဥပါဒါန် ဟူသော မူလရှိသော။ ကေဝလဥ္စ ဝိစိကိစ္ဆာ-သမ္ပယုတ္တေ ဥပါဒါနမူလကဿ နယဿ အဘာဝါ။ အဘိ၊ဋ္ဌ၊၂။၂ဝဝ။

**ဥပါဒါနလက္ခဏ** (န) [ဥပါဒါန+လက္ခဏ] စွဲလန်း မှု လက္ခဏာ။ ဒိဋ္ဌိဂ္ဂဟဏေန အဝသိဋ္ဌဥပါ-ဒါနာနံ သင်္ဂဟော ဥပါဒါနလက္ခဏေန ကေ-လက္ခဏတ္တာ။ သီငို၊သစ်၊၁။၄၈၅။

**ဥပါဒါနဝိဝေယျ** (တိ) [ဥပါဒါန+ဝိဝေယျ] ဥပါ ဒါန်တရားတို့သည်-ပြုပြင်-စီရင်-အပ်သော။ ဥပါဒါနကွန့်-ကြည့်။

**ဥပါဒါနဝိသယ** (ပု) [ဥပါဒါန+ဝိသယ] စွဲမှီရာ အာရုံ။ အပ္ပဋိဘာဂနိမိတ္တေပိ ကော် ကတိပယေ ဝါ သတ္တေ ဩဒိဿ ပဝတ္တာ ပရိစ္ဆိန္နရူပါဒိ-ဥပါဒါနဝိသယေ ပဝတ္တတ္တာ။ အနုငို၊၁။၁၁၅။

**ဥပါဒါနသခ်ိ** (ထီ) [ဥပါဒါန+သခ်ိ] မီးစာ-လောင်စာ-ထင်း-ဟူသော အရေအတွက်။ န ဟိ တာနိ အဂ္ဂိဿ ဥပါဒါနသခ်ီ ဂစ္ဆန္တိ။ ကခ်ါငို၊သစ်။၃၅၆။

**ဥပါဒါနသချာ** (ထီ) [ဥပါဒါန+သချာ] မီးစာ-လောင်စာ-ထင်း-ဟူသော အရေအတွက်။ န ဟိ တာနိ အဂ္ဂိဿ ဥပါဒါနသချာ ဂစ္ဆန္တိ။ ဝိ၊ ဋ္ဌ၃။၂၄။ ဝိ၊သင်္ဂဟ။ရရ။

**ဥပါဒါနသမ္ပယုတ္တ** (တိ) [ဥပါဒါန+သမ္ပယုတ္တ] ဥပါဒါန်တို့နှင့်-ယှဉ်-တကွဖြစ်-သော။ တံ ဟိ န စ ဥပါဒါနသမ္ပယုတ္တံ ဟုတွာ။ မဋ္ဌ၊၂။၆၂။ န စ ဥပါဒါနသမ္ပယုတ္တန္တိ ဥပါဒါနေ ဟိ တော် န သဟိတံ နာပိ ဥပါဒါနေဟိ သဟ ပဝတ္တိ ဟုတွာ။ မငို၊၂။၁၁၈။

**ဥပါဒါနသမ္ဗန္ဓ** (ပု) [ဥပါဒါန+သမ္ဗန္ဓ] ဥပါဒါန်တို့နှင့် ဆက်စပ်သော။ အာရမ္မဏဘာဝံ ဥပဂန္တွာ ဥပါဒါနသမ္ဗန္ဓေန ဥပါဒါနာနံ ဟိတာ ဥပါဒါနိယာ။ အဘိ၊ဋ္ဌ၊၁။၈၅။

**ဥပါဒါနသမ္ပယုတ္တ** (တိ) [ဥပါဒါန+သမ္ပယုတ္တ] ဥပါဒါန်တို့ကြောင့်-ဖြစ်သော။ ဥပါဒါနက္ခန္ဓ-ကြည့်

**ဥပါဒါနသေဋ္ဌ** (တိ) [ဥပါဒါန+သေဋ္ဌ] အမြတ်ဆုံးစွဲလန်းစရာဖြစ်သော။ ဥပါဒါနသေဋ္ဌံ ကိရ သော ဘန္တေ ဘိက္ခု ဥပါဒိယမာနော ဥပါဒိယတီတိ။ မ၊၃။၅၁။ ဥပါဒါနသေဋ္ဌံ ကိရ သော ဘန္တေတိ ဘန္တေ သော ကိရ ဘိက္ခု ဂဟေတဗ္ဗဋ္ဌာနံ သေဋ္ဌံ ဥတ္တမံ ဘဝံ ဥပါဒိယတိ။ မ၊ဋ္ဌ၊၄။၄၄။ ဥပါဒါနသေဋ္ဌန္တိ ဣဒံ နေဝသညာနာသညာယတနဘဝဿ သဗ္ဗဘဝဂ္ဂတာဒဿနပဒံ။ မ၊ဋီ၊၃။၂၅၈။

**ဥပါဒါနသေသ** (ပု) [ဥပါဒါန+သေသ] စွဲလန်းမှုဥပါဒါန်အကြွင်းအကျန်။ သတိ ဝါ ဥပါဒိသေသေတိ ဥပါဒါနသေသေ ဝါ သတိ အပရိက္ခီဏေ။ ဒီ၊ဋ္ဌ၊၂။၃၉၅။ မ၊ဋ္ဌ၊၁။၃၀၅။ သတိ ဝါ ဥပါဒိသေသေတိ ဂဟဏသေသေ ဥပါဒါနသေသေ ဝိဇ္ဇမာနမှိ။ သံ၊ဋ္ဌ၊၃။၂၁၁။ (-အံ၊ဋ္ဌ၊၃။၁၇၃။)

**ဥပါဒါနသေသရဟိတ** (တိ) [ဥပါဒါနသေသ+ရဟိတ] ဥပါဒါန်အကြွင်း အကျန်မှ ကင်းသော (မရှိသော)၊သူ။ အနုပါဒိသေသန္တိ ဥပါဒါနသေသရဟိတံ နိဂ္ဂဟဏံ။ အံ၊ဋ္ဌ၊၃။၂၆၄။

**ဥပါဒါနဟေတုက** (တိ) [ဥပါဒါန+ဟေတု+က] ဥပါဒါန်လျှင် အကြောင်းရှိသော။ ဣဓ ပန သဗ္ဗမ္ပိ ဘဝဂါမိကမ္မန္တိ ဝစနတော ဘဝဿ နိဗ္ဗတ္တကံ ဥပါဒါနဟေတုကံ ဝိပစ္စနာယ ကတောကာသမေဝ ဘဝေါတိ အဓိပ္ပေတော။ ဝိသုဒ္ဓိ၊ဋီ၊၂။၃၃၂။

**ဥပါဒါနာရမ္မဏ** (တိ) [ဥပါဒါန+အာရမ္မဏ] ဥပါဒါန်၏ အာရုံဖြစ်သော။ တသ္မာ ဥပါဒါနာရမ္မဏာ ဥပါဒါနေဟိ...အာဒိန္နာ ဣစ္စေဝ ဥပါဒိန္နာ။ မူလ၊ဋီ၊၁။၁၆၇။ န ဟိ ကဒါစိ အနုပါဒါနိယာ ဓမ္မာ ဥပါဒါနာရမ္မဏာ ဟောန္တိ။ နေတ္တိ၊ဋီ။၈၉။

**ဥပါဒါနီယ**[၁](တိ) [ဥပါဒါန+ဏိက] ဥပါဒါန်တို့၏-အာရုံ-အကြောင်း-အစီးအပွါး ဖြစ်သော၊ စွဲလမ်းခြင်းငှါ ထိုက်သော၊ စွဲလမ်းမှု ဥပါဒါန်၌ ယှဉ်သော။ ကော ဓမ္မော ပရိညေယျော ဖဿော သာသဝေါ ဥပါဒါနိယော။ ဒီ၊၃။၂၂၇။ ပဋိသံ။၂၃။ တထာ ဥပါဒါနာနံ ဟိတောတိ ဥပါဒါနိယော။ ဒီ၊ဋီ၊၃။၂၇၉။ အာရမ္မဏဘာဝံ ဥပဂန္တွာ ဥပါဒါနသမ္ဗန္ဓေန ဥပါဒါနာနံ ဟိတောတိ ဥပါဒါနိယော။ ပဋိသံ၊ဋ္ဌ၊၁။၁၀၂။ ဥပါဒါနိယေသု ဘိက္ခဝေ ဓမ္မေသု။ သံ၊၁။၃၁၁။ ဥပါဒါနိယေသူတိ စတုန္နံ ဥပါဒါနာနံ ပစ္စယေသု တေဘူမကဓမ္မေသု။ သံ၊ဋ္ဌ၊၂။၇၅။ အာရမ္မဏာဒိဘာဝေန သံဝတ္တနတော ဥပါဒါနာနံ ဟိတာနိ ဥပါဒါနိယာနိ၊ တေသု ဥပါဒါနိယေသု။ သံ၊ဋီ၊၂။၉၆။ ဥပါဒိန္နုပါဒါနိယာ ဓမ္မာ။ အဘိ၊၈။၁။ ဥပါဒါနာနံ ဟိတာတိ ဥပါဒါနိယာ။ ဥပါဒါနဿ အာရမ္မဏပစ္စယ ဘူတာနမေတံ အဓိဝစနံ။ အဘိ၊ဋ္ဌ၊၁။၈၅။ ဥပါဒါတုံ ဝါ အရဟန္တီတိ ဥပါဒါနိယာ။ ဥပါဒါနေ နိယုတ္တာတိ ဝါ ဥပါဒါနိယာ က-ကာရဿ ယ-ကာရံ ကတွာတိ ဝေမေတ္တ အတ္ထော ဒဋ္ဌဗ္ဗောတိ။ အနု၊ဋီ၊၁။၄၃။

**ဥပါဒါနီယ**[၂] (တိ) [ဥပ+အာ+ဒါ+အနီယ] ဥပါဒါန်တို့သည် စွဲလမ်းအပ်သော၊(သျှ)။ (အာရုံပြုခြင်း၏ အစွမ်းအားဖြင့်) ဥပါဒါန်တရားတို့သည် ကပ်၍ ယူအပ်သော။ ယံကိဉ္စိ ဘိက္ခဝေ ရူပံ...ယံ ဒူရေ သန္တိကေ ဝါ သာသဝံ ဥပါဒါနိယံ။ သံ၊၂။၃၉။ အဘိ၊ဋ္ဌ၊၂။၂၉။ ဥပါ-

ဒါနိယန္တိ တထေဝ စ ဥပါဒါနာနံ ပစ္စယ- ဘူတံ။...ဥပါဒါတဗ္ဗန္တိ ဥပါဒါနိယံ။ သံ၊ဋ္ဌ၊၂။၂၄၉။ အာရမ္မဏကရဏဝသေန ဥပါဒါနေဟိ ဥပါဒါ- တဗ္ဗန္တိ ဥပါဒါနိယံ။ သံ၊ဋီ၊၂။၂၂၁။ ဥပါဒိဏ္ဏု- ပါဒါနိယာ ဓမ္မာ။ အဘိ၊၈။၁။ ဥပါဒါနာနံ အာရမ္မဏဘာဝါနတိဝတ္တနတော ဥပါဒါနေဟိ ဥပါဒါတဗ္ဗာတိ ဝါ ဥပါဒါနိယာ။ အနုဋီ၊၁။၄၃။

**ဥပါဒါနိယသုတ္တ** (န) [ဥပါဒါနိယ+သုတ္တ] ဥပါ ဒါနိယသုတ်။ (ဤအမည်ဖြင့် သံယုတ်၌ နှစ် သုတ်တွေ့သည်။ သံ၊၁-၌ ခန္ဓာငါးပါးတို့ကို စွဲလမ်းအပ် သောတရားများဟုလည်းကောင်း၊ ခန္ဓာငါးပါးတို့၌ လိုချင်တပ်မက်မှုကို စွဲလမ်းမှု ဥပါဒါန် ဟုလည်းကောင်း ဟောတော်မူသည်။ သံ၊၁။၃၁၁-၃၁၂။ ယင်းသုတ်ကို ဆဋ္ဌမူ၌ ဥပါဒါနသုတ်ဟု အမည်ပေးထား၏၊ ဘုရားရှင် ကမူ ပါဠိတော်၌ "ဥပါဒါနိယေသု ဓမ္မေသု" ဟုဟောကြား ထားသည်၊ ယင်းဟောကြားချက် အရ ဋီကာဆရာက ဥပါဒါနိယသုတ်ဟု အမည် ပေးထားသည်။ ပုရိမနယေနေဝါတိ ပုရိမသ္မိံ ဥပါဒါနိယသုတ္တေ ဝုတ္တနယေနေဝ။ သံ၊ဋီ၊၂။၉၇။

သံ၊၂-ဥပါဒါနိယသုတ်၌- အဆင်းစသည် တို့သည် စွဲလမ်းကြောင်း ဥပါဒါနိယတို့မည်၏၊ ထိုအဆင်းစသည်တို့၌ လိုချင်စွဲမက်မှုသည် စွဲလမ်းမှု ဥပါဒါန်မည်၏-ဟု ဟောတော်မူထား သည်။ သံ၊၂။၁၃၅။

**ဥပါဒါနိယသဒ္ဒ** (ပု) [ဥပါဒါနိယ+သဒ္ဒ] ဥပါ ဒါနိယ သဒ္ဒါ။ ဥပါဒါနိယသဒ္ဒဿ ဝိသုံ ဥပါ- ဒိန္နသဒ္ဒါနပေက္ခံ အတ္ထံ ဝတ္တုံ အာရမ္မဏဘာဝံ ဥပဂန္တွာတိ အာဒိမာဟ။ မူလဋီ၊၁။၃၉။

**ဥပါဒါနူပါဒါန** (န) [ဥပါဒါန+အနုပါဒါန] ဥပါဒါနရုပ်, အနုပါဒါနရုပ်။ ဥပါဒါနုပါဒါနမ္ပိ ဟိ ဥပါဒါနမေဝါတိ။ အနုဋီ၊၃။၉၁။

**ဥပါဒါပညတ္တာနုယောဂ** (ပု) [ဥပါဒါပညတ္တိ+ အနုယောဂ] ဥပါဒါပညတ်ကို မေးမြန်းစိစစ် ခြင်း။ ဣဒါနိ ဥပါဒါပညတ္တာနုယောဂေါ ဟောတိ။ အဘိ၊ဋ္ဌ၊၃။၁၃၀။

**ဥပါဒါပညတ္တိ** (ထီ) [ဥပါဒါ+ပညတ္တိ] ထိုထို တရားကို-စွဲ၍-မှီ၍-အကြောင်းပြု၍-အပြား အားဖြင့် သိစေအပ်သောပညတ်၊ ဥပါဒါ ပညတ်။ တထာ ဝေန္တိ စ မေတိ စ တံ တံ ဥပါဒါယ ဝတ္တဗ္ဗတော ဥပါဒါပညတ္တိ။ ဒီ၊ဋ္ဌ၊ ၁။၃၀။ မ၊ဋ္ဌ၊၁။၇။ သံ၊ဋ္ဌ၊၁။၆။ ခုဒ္ဒကဋ္ဌ။၈၇- ၈၈။ မေတိ သသန္တတိပရိယာပန္နေ ခန္ဓေ ကရဏာဒိဝိသေသဝိသိဋ္ဌေ ဥပါဒါယ ဝတ္တဗ္ဗ- တော ဥပါဒါပညတ္တိ။ ဥဒါန၊ဋ္ဌ။၁၄။ ဣတိဝုတ်၊ ဋ္ဌ။၂၃။ ရူပဝေဒနာဒိဘေဒေ ဟိ ဓမ္မေ ဥပါဒါယ နိဿာယ ကာရဏံ ကတွာ ပညတ္တိ ဥပါဒါ- ပညတ္တိ။ သီ၊ဋီ၊သစ်၊၁။၁၅၅။ ဥပါဒါနိယဘူတာနံ ရူပါဒီနံ (ဥပါဒါဘူတရူပါဒီနံ) ဥပရိ ပညာပိ- ယမာနာ ဥပါဒါပညတ္တိ။ သီ၊ဋီ၊သစ်၊၁။၃၉၂။ မ၊ဋီ၊၃။၂၁၉။ အံ၊ဋီ၊၃။ ၃၂၀။ (-မ၊ဋီ၊၁။၂၉။ မူလဋီ၊၁။၁၆၀။ မူလဋီ၊၂။၂၄။ အနုဋီ၊၁။၁၇၄။ အနုဋီ၊၃။၃၉။)

**ဥပါဒါပရိတဿနာ** (ထီ) [ဥပါဒါ+ဥပ္ပန္န+ ပရိတဿနာ] စွဲလန်းမှုကြောင့် ဖြစ်သော- တောင့်တခြင်း။ ဥပါဒါပရိတဿနဉ္စ ဝေါ ဘိက္ခဝေ ဒေသေဿာမိ။ သံ၊၂။၁၄။ ဥပါဒါ- ပရိတဿနန္တိ ဂဟဏေန ဥပ္ပန္နံ ပရိတဿနံ။ သံ၊ဋ္ဌ၊၂။၂၄၁။

**ဥပါဒါပရိတဿနာသုတ္တ** (န) [ဥပါဒါပရိတ ဿနာ+သုတ္တ] ဥပါဒါပရိတဿနာသုတ်။ (ဤ သုတ်သည် ဥပါဒါပရိတဿနာသုတ်၊ ဒုတိယ ဥပါဒါပရိတဿနာသုတ် ဟူ၍ နှစ်သုတ်ရှိသည်။ နှစ်သုတ်လုံး၌ပင် စွဲလမ်းမှုကြောင့်ဖြစ်သော တောင့်တခြင်း၊ မစွဲလမ်းမှုကြောင့်ဖြစ်သော မတောင့်တခြင်း တို့ကို ဟောထားသည်။ ပဌမ သုတ်၌- ရုပ်ကို အတ္တဟု ရှုသူ, ရုပ်ရှိသော

အတ္တာဟု ရှုသူ, အတ္တာ၌ ရုပ်ဟုရှုသူ, ရုပ်၌ အတ္တာဟုရှုသူသည် ရုပ်ဖောက်ပြန်သောအခါ ရုပ်ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်ခြင်းကြောင့် ဖြစ်ကုန်သော တောင့်တမှုအကုသိုလ်တရားများ ဖြစ်ကြသဖြင့် ထိတ်လန့်ပင်ပန်းမှု ဖြစ်ရကြောင်း, စွဲလမ်းသဖြင့် တောင့်တမှုဖြစ်ရကြောင်းကိုလည်းကောင်း၊ ရုပ်ကို အတ္တာဟု မရှုသူ, ရုပ်ရှိသောအတ္တာဟု မရှုသူ, အတ္တာ၌ ရုပ်ဟုမရှုသူ, ရုပ်၌ အတ္တာဟုမရှုသူသည် ရုပ်ဖောက်ပြန်သောအခါ ရုပ်ဖောက်ပြန်ခြင်းသို့ အစဉ်လိုက်ခြင်းကြောင့်ဖြစ်ကုန်သော တောင့်တမှုအကုသိုလ်တရားများ မဖြစ်ကြတော့သဖြင့် ထိတ်လန့်ပင်ပန်းမှု မဖြစ်တော့ကြောင်း, မစွဲလမ်းသဖြင့် တောင့်တမှု မဖြစ်တော့ကြောင်း ဟောတော်မူသည်။ ဝေဒနာ စသည်တို့၌လည်း ထို့အတူပင်ဟောတော်မူသည်။

ဒုတိယသုတ်၌ ဤရုပ်သည် ငါ့ဉစ္စာဖြစ်၏၊ ငါဖြစ်၏၊ ငါ၏ရုပ်တည်း ဟု ရှုသူ/မရှုသူ၊ ဝေဒနာစသည်တို့၌လည်း ထို့အတူ ရှုသူ/မရှုသူတို့၌ အထက်ပါသုတ်နည်းတူ စွဲလမ်းမှုကြောင့်ဖြစ်သောတောင့်တခြင်း၊ မစွဲလမ်းမှုကြောင့်ဖြစ်သော မတောင့်တခြင်းတို့ကို ဟောတော်မူသည်။ သံ၊၂။၁၄။ သံဋ္ဌ၊၂။၂၄၁။

**ဥပါဒါဘာဝ** (တိ) [ဥပါဒါ+ဘာဝ] ဥပါဒါရုပ်၏ အဖြစ်။ ယံကိဉ္စိ ရူပန္တိ သုတ္တံ ဥပေတွာ ဘူတာနိ သေသရူပဿ ဥပါဒါဘာဝံ ဒီပေတိ။ အဘိ၊ဋ္ဌ၊၃။၂၄၂။

**ဥပါဒါဘူတရူပ** (နှ) [ဥပါဒါ+ဘူတ+ရူပ] စွဲမှီရာဖြစ်၍ဖြစ်သောရုပ်။ ဥပါဒါဘူတရူပါဒီနံ ဥပရိ ပညာပိယမာနော ဥပါဒါပညတ္တီတိ အတ္ထော။ အံ၊ဋီ၊၃။၃၂၀။ (ဥပါဒါပညတ္တိ–ကို ဖွင့်ရာ၌ ဥပါဒါနိယဘူတာနံ ရူပါဒီနံ ဥပရိ(သီ၊ဋီ၊သစ်၊၁။၃၉၂)ဟုလည်းကောင်း၊ ဥပါဒါဘူတရူပါဒီနံ ဥပရိ(ဒီ၊ဋီ၊၁။၁၄၁။ အံ၊ဋီ၊၃။၃၂၀)ဟုလည်းကောင်း၊ ဥပါဒါနဘူတရူပါဒီနံ ဥပရိ(မ၊ဋီ၊၃။၂၁၉)ဟုလည်းကောင်း အမျိုးမျိုးတွေ့ရ၏၊ ပါဠိကွဲသော်လည်း အနက်မြန်မာပြန်ရာ၌ ခပ်ဆင်ဆင်ပြန်ရမည်ဖြစ်ပါသည်။)

**ဥပါဒါယ**[၁] (တိ) [ဥပ+အာ+ဒါ+ဏ] (၁) မှီတတ်သော။ (၂) မှီရာဖြစ်သော။ အထ ဝါ ဥပါ-ဒါယတိ နိဿယတီတိ ဥပါဒါယံ။ မူလ၊ဋီ၊၁။ ၁၄၁။ ဘူတာနိ ဥပါဒိယတေဝ၊ န ပန သယံ တေဟိ, အညေဟိ ဝါ ဥပါဒီယတီတိ ဥပါဒါယံ။ ဝိသုဒ္ဓိ၊ဋီ၊၂။၈၆။ (၂) ဥပါဒါယဟေတု-ကြည့်။

**ဥပါဒါယ**[၂] (ကြိ၀ိ) [ဥပ+အာ+ဒါ+တွာ] (က) ပညာဖြင့်ယူ၍၊ ယူ၍၊ စူးစမ်းဆင်ခြင်၍။ ထောက်ဆ၍။ (ခ) စွဲမှီ၍၊ အကြောင်းပြု၍။ (ဂ) အစပြု၍။ (က) ကာလဥ္စ သမယဥ္စ ဥပါဒါယ။ ဒီ၊၁။၁၈၈။ ဝိ၊ဋ္ဌ၊၁။၇၉။ သံ၊ဋ္ဌ၊၁။၈၊ အံ၊ဋ္ဌ၊၁။၈။ ဝဇီရ၊၃၃။ ကာလဥ္စ သမယဥ္စ ဥပါဒါယာတိ ကာလဥ္စ သမယဥ္စ ပညာယ ဂဟေတွာ ဥပဓာရေတွာတိ အတ္ထော။ ဒီ၊ဋ္ဌ၊ ၁။၃၁၈။ ပုဗ္ဗကတံ ဥပါဒါယ ဒုတိယာတိ စ ဝုစ္စတိ။ ဝိ၊ဋ္ဌ၊၁။၂၇၊ (–၄၆။ ဒီ၊ဋ္ဌ၊၁။၃၀။ သံ၊ ဋ္ဌ၊၂။၁၃၄။ အဘိ၊ဋ္ဌ၊၂။၁၁။ မ၊ဋီ၊၂။၅၅၈၁။ အံ၊ဋီ၊၁။၁၈။ မူလ၊ဋီ၊၂။၁၁။ ဝိသုဒ္ဓိ၊ဋီ၊၂။၃၉။ နေတ္တိ၊ဋီ၊၁၇၃။) အထ သမ္ဗုတိဒေဝေ အဝ-သေသမနုဿေ စ ဥပါဒါယ ဥက္ကဋ္ဌပရိစ္ဆေဒ-ဝသေန။ ဝိ၊ဋ္ဌ၊၁။၉၈။ ပဥ္စန္နံ ဥပါဒါနက္ခန္ဓာနံ ဥပါဒါယာ(သံ၊၁။၁၁၃)တိ ပဥ္စ ဥပါဒါနက္ခန္ဓေ အာဒိယိတွာ သဘာဝသာမ-ညလက္ခဏဝသေန နာနပ္ပကာရတော ဝိဘဇိတွာ ဒဿေန္တော။ သံ၊ ဋ္ဌ၊၁။၁၆၃။ ဥပါဒါယာ (သံ၊၁။၂၄၅)တိ ဥပါဒိ-ယိတွာ၊ ဂဟေတွာတိ အတ္ထော၊ နိဿာယာတိပိ ဧကေ။ သံ၊ဋ္ဌ၊၂။၁၆။ အတီတံ အနာဂတံ ပစ္စုပ္ပန္နံ ဥပါဒါယ သဗ္ဗေ မမာ ... အာပါထံ အာဂစ္ဆန္တိ။ မဟာနိ၊၁၃၈။ ဥပါဒါယာတိ

အာဒါယ၊ အနွော ကတွာတိ အတ္ထော။ မဟာနိ၊ ဋ္ဌ။၂၅၇။ (-အံ၊၁။၅၃၃။ အံ၊ဋ္ဌ၊၁။၃၆၇။ အံ၊ဋ္ဌ၊၂။၃၈၆။) (ခ) တဿ ဟိ တာနိ သကဒါဂါမိ ဥပါဒါယ မုဒုနိ နာမ ဟောန္တိ။ အံ၊ဋ္ဌ၊၃။၁၂၂။ သကဒါဂါမိ ဥပါ-ဒါယာတိ သကဒါဂါမိဘာဝံ ပဋိစ္စ။ အံ၊ဋီ၊၃။၁၁၉။ အယမ္ပိ ပုရိမံ ဥပါဒါယ ဝုစ္စတိ။ ဝိ၊၁။၅၈၉၃၊၁၁၈။ အထေတံ ပဋိသန္ဓာရံ ဥပါဒါယ ဝေမဝေါစုမှာ။ ဝိ၊ဋ္ဌ၊၁။၂၉။ အနုကမ္ပံ ဥပါဒါယ။ ဝိ၊ဋ္ဌ၊၃။၆၅။ ဒီ၊ဋ္ဌ၊၁။၂၈။ သံ၊ဋ္ဌ၊၁။၄။၂၈။ ခုဒ္ဒကာ၊ဋ္ဌ။၈၅။ (-အဘိ၊ဋ္ဌ၊၁။၂၆၃။ မူလဋီ၊၃။၁။) (ဂ) ဟတ္ထော နာမ ကပ္ပရံ ဥပါဒါယ ယာဝ အဂ္ဂနခါ။ ဝိ၊၁။၁၇၄။ ဝိ၊ဋ္ဌ၊၃။၁၇၈။ (-ဝိ၊ဋ္ဌ၊၂။၂၁၁၃၀။ ဝိ၊ဋ္ဌ၊၃။၂၈၊ ၈၉။ ဒီ၊ဋ္ဌ၊၂။၃၇။ မ၊ဋ္ဌ၊၁။၃၅၊၄၄၊၁၀၅၊၁၀၆၊ ၁၃၃။ အဘိ၊ဋ္ဌ၊၁။၅၇။ ဇာ၊ဋ္ဌ၊၁။၃၇။ အံ၊ဋီ၊ ၃။၆၇။)

**ဥပါဒါယဋ္ဌ** (ပု) [ဥပါဒါယ+အတ္ထ] အကြောင်းဖြစ်သော အနက်သဘော။ ဣဒ္ဓိပါဒေါတိ ဧတ္ထ နိဿယတ္ထေပိ ပါဒ-သဒ္ဒေ ဥပါဒါယဋ္ဌေန ဆန္ဒာဒီနံ ဣဒ္ဓိပါဒတာ ဝုတ္တာ ဟောတိ။ သံ၊ ဋီ၊၂။၅၁၁။

**ဥပါဒါယတိ** (ကြိ) [ဥပ+အာ+ဒါ+ယ+တိ] စွဲမှီတတ်၏။ ဥပါဒါယ[၁] -ကြည့်။

**ဥပါဒါယဘာဝ** (ပု) [ဥပါဒါယ+ဘာဝ] ဥပါဒါယ-ဥပါဒါ-ရုပ်၏အဖြစ်။ ဘူတနိဿိတာနံ တေသံ လက္ခဏာနံ ဥပါဒါယဘာဝေါ ဝိယ ဥပါဒါယ-ရူပနိဿိတာနံ ဥပါဒါယုပါဒါယဘာဝေါ အာပဇ္ဇ-တီတိ စေ။ မူလဋီ၊၁။၁၅၇။

**ဥပါဒါယရူပ** (နု) [ဥပါဒါယ+ရူပ။ ဥပါဒါယ+ပဝတ္တ=ဝတ္တမာန+ရူပ] စွဲမှီတတ်သောရုပ်၊ မဟာဘုတ်တို့ကို စွဲမှီ၍ ဖြစ်သောရုပ်၊ ဥပါဒါရုပ်။ စတ္တာရော စ မဟာဘူတာ စတုန္နဉ္စ မဟာဘူ-တာနံ ဥပါဒါယရူပံ။ သံ၊၁။၂၄၅။ အဘိ၊၈။၁၄၅၊ (-အဘိ၊ဋ္ဌ၊၃။၂၅၂။) ဥပါဒါယာတိ ဥပါဒိယိတွာ၊ ဂဟေတွာတိ အတ္ထော၊ နိဿာယာတိပိ ဧကေ။ ဝတ္တမာနန္တိ အယဉ္စေတ္ထ ပါဌသေသော။ ...စတုန္နံ မဟာဘူတာနံ သမ္မုဟံ ဥပါဒါယ ဝတ္တမာနံ ရူပန္တိ ဧတ္ထ အတ္ထော ဝေဒိတဗ္ဗော။ သံ၊ဋ္ဌ၊ ၂။၁၆။ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပန္တိ ဥပယောဂတ္ထေ သာမိဝစနံ၊ စတ္တာရိ မဟာ-ဘူတာနိ ဥပါဒါယ နိဿာယ အမုဉ္စိတွာ ပဝတ္တရူပန္တိ အတ္ထော။ အဘိ၊ဋ္ဌ၊၁။၃၃၉။ ဥပါ-ဒါယာတိ ဧတေန ဝိညာယမာနာ ပစ္စိမ-ကာလကိရိယာ ပဝတ္တတီတိ ကတွာ ပဝတ္တရူပန္တိ ဝုတ္တံ။ ဧဝဥ္စ ဥပါဒါယာတိ ဧတေန ပဋိစ္စ-သမုပ္ပန္နတာ ဝုတ္တာ ဟောတီတိ။ အထ ဝါ ဥပါဒါယတိ နိဿယတီတိ ဥပါဒါယံ၊ ဥပါ-ဒါယမေဝ ရူပံ ဥပါဒါယရူပံ။ အညနိဿယဿ ကေန္တနိဿိတဿ ရူပဿေတံ အဓိဝစနံ။ မူလဋီ၊၁။၁၄၁။ (-သံ၊ဋ္ဌ၊၁။၂၇၀။ အဘိ၊ဋ္ဌ၊၃။ ၂၅၃။ မူလဋီ၊၁။၁၅၇။ အနုဋီ၊၁။၁၇၁။ ဝိသုဒ္ဓိ၊ ဋီ၊၂။၈၆၈။)

**ဥပါဒါယရူပနိဿိတ** (တိ) [ဥပါဒါယရူပ+နိဿိတ] ဥပါဒါရုပ်ကို မှီသော။ ဥပါဒါယုပါဒါယဘာဝ-ကြည့်။

**ဥပါဒါယဝစန** (နု) [ဥပါဒါယ+ဝစန] စွဲမှီ၍-ငယ်သူကို ထောက်ဆ၍-ပြောဆိုသော စကား။ န ဥပါဒါယဝစနံ ယထာ မဟာမောဂ္ဂလ္လာ-နောတိ။ ဝိသုဒ္ဓိဋီ၊၂။၄၈၉။

**ဥပါဒါယဝေါဟာရ** (ပု) [ဥပါဒါယ+ဝေါဟာရ] ဥပါဒါရုပ်ဟူ၍ ခေါ်ဝေါ် ပြောဆိုခြင်း။ မဟာ-ဘူတာနံ ဥပါဒါယရူပန္တိ ဝစနတော ဘူတနိဿိ-တေသု ကေဝလော ဥပါဒါယဝေါဟာရောတိ။ အနုဋီ၊၁။၁၇၀။

**ဥပါဒါယသုတ္တ** (နု) [ဥပါဒါယ+သုတ္တ] ဥပါဒါယ သုတ်။ (မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်

တို့ကို စွဲလမ်းသောကြောင့် ကိုယ်တွင်းသန္တာန်၌ ချမ်းသာ ဆင်းရဲ ဖြစ်ပေါ်လာ၏၊ မစွဲလမ်းလျှင် မဖြစ်ပေါ်နိုင်-ဟုသိမြင်သော အရိယသာဝက သည် ထိုမျက်စိစသည်တို့၌ ငြီးငွေ့၏၊ စွဲမက်မှု ကင်း၏၊ ထို့ကြောင့် ကိလေသာမှလွတ်မြောက် ပြီ စသည်ဖြင့် ဟောကြားတော်မူသောသုတ်။) သံ၊၂။၃၀၆။ သံ၊ဋ္ဌ၊၃။၃၂။

**ဥပါဒါယဟေတု** (ပု) [ဥပါဒါယ+ဟေတု] မှီရာ အကြောင်း။ နနု မဟာဘူတာ ဥပါဒါယရူပါနံ ဥပါဒါယဟေတူတိ။ အာမန္တာ။ အဘိ၊က။၃၈၆။ မဟာဘူတာ ဥပါဒါယရူပါနံ ဥပါဒါယဟေတူတိ ဧတ္ထ ပစ္စယဋ္ဌေန ဟေတုဘာဝေါ ဝုတ္တော၊ န မူလဋ္ဌေန။ အဘိ၊ဋ္ဌ၊၃။၂၅၂။

**ဥပါဒါယုပါဒါယ**¹ (တိ) [ဥပါဒါယ+ဥပါဒါယ] ဥပါဒါရုပ်ကိုမှီသောဥပါဒါရုပ်။ ဥပါဒါယုပါဒါ-ယဘာဝ-ကြည့်။

**ဥပါဒါယုပါဒါယ**² (ကြိ၊ဝိ) [ဥပါဒါယ-တစ်ပုဒ် တည်၍ဒွေဘော်ပြု] ထောက်ဆ၍ ထောက်ဆ ၍။ သာပိ စဿ ဝတ္တုတော ဩဠာရိကတာ သုခုမတာ စ ဥပါဒါယုပါဒါယ ဝေဒိတဗ္ဗာ။ သံ၊ဋ္ဌ၊၂။၂၂။ (-အံ၊ဋ္ဌ၊၁။၃၇၈။ အံ၊ဋ္ဌ၊၂။၉၃။ အဘိ၊ဋ္ဌ၊၂။၁၁။ အဘိ၊ဋ္ဌ၊၃။၆၈။ ပဋိသံ၊ဋ္ဌ၊၁။ ၂၃၁။ သံ၊ဋီ၊၂။၄၇၂။)

**ဥပါဒါယုပါဒါယဘာဝ** (ပု) [ဥပါဒါယုပါဒါယ+ ဘာဝ] ဥပါဒါရုပ်တို့ကိုမှီသော ဥပါဒါရုပ်တို့၏ အဖြစ်။ ဘူတနိဿိတာနံ တေသံ လက္ခဏာနံ ဥပါဒါယဘာဝေါ ဝိယ ဥပါဒါယရူပနိဿိတာနံ ဥပါဒါယုပါဒါယဘာဝေါ အာပဇ္ဇတီတိ စေ။ မူလဋီ၊၁။၁၅၇။ (-အနုဋီ၊၁။၁၇၀။)

**ဥပါဒါရူပ** (နု) [ဥပါဒါ+ရူပ။ ဥပါဒါယ+ရူပ။ နီတိ၊သုတ္တ၊၆၈၃။ နျာ။၁၈၀။ ဝတာရဋီ၊၂။၁၀၇။] မဟာဘုတ်တို့ကို-စွဲမှီသော-စွဲမှီ၍ဖြစ်သော-ရုပ်၊ ဥပါဒါရုပ်။ မဟာဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာနံ ရူပံ ကဋတ္တာရူပံ ဥပါဒါရူပံ။ ပဋ္ဌာန၊၁။၁၉။ (-ဒီ၊ဋ္ဌ၊၁။၃၂၅။ အဘိ၊ဋ္ဌ၊၁။၂၆၀။ ဥဒါန၊ဋ္ဌ၊၃၅၃။ ဣတိဝုတ်၊ဋ္ဌ၊၁၈၀။ ဝိမတိ၊၁။၂၂၀။ မူလဋီ၊၁။ ၁၃၉။ ဝိသုဒ္ဓိဋီ၊၁။၄၅၂။)

**ဥပါဒါရူပကမ္မဋ္ဌာန** (နု) [ဥပါဒါရူပ+ကမ္မဋ္ဌာန] ဥပါဒါရုပ်ကမ္မဋ္ဌာန်း။ ဥပါဒါရူပကမ္မဋ္ဌာနဝသေန စက္ခုပသာဒါဒယော ပရိဂ္ဂဟေတ္ဗာ။ သံ၊ဋ္ဌ၊ ၃။၆၂။ (-သံ၊ဋီ၊၂။၃၂၈။)

**ဥပါဒါရူပဂ္ဂဟဏ** (နု) [ဥပါဒါရူပ+ဂဟဏ] ဥပါဒါ ရူပသဒ္ဒါ၊ ဥပါဒါရုပ်ကိုယူခြင်း။ ယံ စိတ္တသမု-ဋ္ဌာနရူပံ ကဋတ္တာရူပဉ္စ ဥပါဒါရူပံ ဥပါဒါရူပ-ဂ္ဂဟဏေန ဝိနာ ခန္ဓေ ပဋိစ္စ ဥပ္ပဇ္ဇတီတိ ဝုတ္တံ။ မူလဋီ၊၃။၂၀၆။ (-မူလဋီ၊၃။၂၁၇။ အနုဋီ၊ ၃။၂၇၆၊၂၉၀။)

**ဥပါဒါရူပဂ္ဂဟဏဒဿန** (နု) [ဥပါဒါရူပဂ္ဂဟဏ+ ဒဿန] ဥပါဒါရုပ်ကို ယူခြင်းကို ပြခြင်း။ န ကေဝလံ ဥပါဒါရူပဂ္ဂဟဏဒဿနတ္ထမေဝ အာကာသဓာတု ဝိတ္ထာရိတာ။ မဋီ၊၃။၆၃။

**ဥပါဒါရူပဒဿန** (နု) [ဥပါဒါရူပ+ဒဿန] ဥပါဒါ ရုပ်ကို ပြခြင်း။ အထ အာကာသဓာတုံ ကသ္မာ ဝိတ္ထာရေသီတိ။ ဥပါဒါရူပဒဿနတ္ထံ။ မဋ္ဌ၊၃။၉၇။ (-မဋီ၊၃။၆၃။)

**ဥပါဒါရူပပရိဂ္ဂဟ** (ပု) [ဥပါဒါရူပ+ပရိဂ္ဂဟ] ဥပါဒါရုပ်ကိုသိမ်းဆည်းအပ်ရာအခါ၊ ဥပါဒါရုပ် ကို သိမ်းဆည်းခြင်း။ ဥပါဒါရူပပရိဂ္ဂဟေ သုခုမေ။ ဝိ၊ဋ္ဌ၊၂။၁၈။ (-သံ၊ဋ္ဌ၊၃။၂၃၈။)

**ဥပါဒါရူပပဝတ္တိ** (ထီ) [ဥပါဒါရူပ+ပဝတ္တိ] ဥပါဒါရုပ်၏ ဖြစ်ခြင်း။ ဥပါဒါရူပပဝတ္တိယာ သတိ ဘာသတိ နာမ။ မဋ္ဌ၊၁။၂၇၄။ သံ၊ဋ္ဌ၊၃။၂၃၃။ ဥပါဒါရူပပဝတ္တိယာတိ ဝိညတ္တိဝိကာရသဟိတ-သဒ္ဒါယတနပ္ပဝတ္တိယာ။ သံ၊ဋီ၊၂။၄၆၈။

**ဥပါဒါရူပဘာဝ** (ပု) [ဥပါဒါရူပ+ဘာဝ] ဥပါဒါရုပ်

၏အဖြစ်။ စိတ္တသမုဋ္ဌာနဘာဝေါ ဝိယ မဟာဘူတဝိကာရတာယ ဥပါဒါရူပဘာဝေါ စ အဓိပ္ပေတောတိ ဝေဒိတဗ္ဗော။ မူလဋီ၊၁။ရ၂။

**ဥပါဒါရူပဘာဝသာမည** (န) [ဥပါဒါရူပဘာဝ+သာမည] ဥပါဒါရုပ်၏ အဖြစ်အားဖြင့် တူခြင်း။ ဒိဋ္ဌာနေဝါတိ သလ္လေက္ခေတဗ္ဗာနိ ဥပါဒါရူပဘာဝသာမညတော။ အံဋီ၊၂။၁၄၅။

**ဥပါဒါရူပဝိသေသန** (တိ) [ဥပါဒါရူပ+ဝိသေသန] ဥပါဒါရုပ်၏ဝိသေသနဖြစ်သော(ပုဒ်)။ ဣမေ ဥပါဒါရူပဝိသေသနေန မဟာဘူတာနိ ဝိယ။ မူလဋီ၊၃။၂၀ရ။

**ဥပါဒိ** (ပု) [ဥပ+အာ+ဒါ+ဣ] (၁) ငါ, ငါ့ဥစ္စာဟူ၍-စွဲလန်းအပ်-ပြင်းစွာယူအပ်-သော ခန္ဓာငါးပါး။ တဏှာစသည်တို့သည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သော ခန္ဓာငါးပါး။ (၂) မိမိအာရုံကို-ယူ-စွဲလန်း-တတ်သောတရား၊ ဥပါဒါန်။ (က) အနုပါဒိသေသ-ကြည့်။ (၂) ဥပါဒိယတိ အတ္တနော အာရမ္မဏံ ဂဏှာတီတိ ဥပါဒိ၊ ဥပါဒါန်။ သံဋီ၊၂။၄၄၈။

**ဥပါဒိန္န** (တိ) [ဥပ+အာ+ဒါ+တ] တဏှာဒိဋ္ဌိတို့သည်ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သော (လောကီဝိပါက်နာမက္ခန္ဓာ, ကဋတ္တာရုပ်=ကမ္မဇရုပ်)။ အောက်ပုဒ်ကြည့်။

**ဥပါဒိန္နက** (တိ) [ဥပါဒိန္န+က] တဏှာဒိဋ္ဌိတို့သည်ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော (လောကီဝိပါက်နာမက္ခန္ဓာ, ကဋတ္တာရုပ်=ကမ္မဇရုပ်။)။ ဝေ ဣမေသံ ဥပါဒိန္နကာနံ ပဉ္စန္နံ ခန္ဓာနံ အပ္ပဝတ္တိဝသေန အနုပါဒိသေသံ နိဗ္ဗာနံ ကထိတံ ဟောတိ။ သံဋ္ဌ၊၁။၂၀၊(-၁၂ရ။ သံဋ္ဌ၊၂။၂၃၊၂၅။)

**ဥပါဒိန္နကကဗဠီကာရာဟာရ** (ပု) [ဥပါဒိန္နက+ကဗဠီကာရာဟာရ] ဥပါဒိန္နကဖြစ်သော ကဗဠီကာရအာဟာရ၊ (က) သက်ရှိအစားအစာ။ (ခ) ကံကြောင့်ဖြစ်သော-ကမ္မဇဖြစ်သော-ကမ္မဇရုပ်တို့၌ပါဝင်သော-ဩဇာ။ (က)(ခ) တတ္ထ သပ္ပါဒီဟိ ဂိလိတာနံ မဏ္ဍူကာဒီနံ ဝသေန ဥပါဒိန္နကကဗဠီကာရာဟာရော ဒဋ္ဌဗ္ဗော။ ... တေ ယာဝ ဥပါဒိန္နကပက္ခေ တိဋ္ဌန္တိ၊ တာဝ အာဟာရတ္တံ န သာဓေန္တိ။ ဘိဇ္ဇိတွာ ပန အနုပါဒိန္နကပက္ခေ ဌိတာ သာဓေန္တိ။ တဒါပိ ဥပါဒိန္နကာဟာရောတိ ဝုစ္စန္တိ။ ဣဒံ ပန အာစရိယာနံ န ရုစ္စတီတိ အဋ္ဌကထာယမေဝ ပဋိက္ခိပိတွာ ဣဒံ ဝုတ္တံ— ဣမေသံ သတ္တာနံ ခါဒန္တာနမ္ပိ အခါဒန္တာနမ္ပိ ဘုဉ္ဇန္တာနမ္ပိ အဘုဉ္ဇန္တာနမ္ပိ ပဋိသန္ဓိစိတ္တေနေဝ သဟဇာတာ ကမ္မဇာ ဩဇာ နာမ အတ္ထိ၊ သာ ယာဝပိ သတ္တမာ ဒိဝသာ ပါလေတိ၊ အယမေဝ ဥပါဒိန္နကကဗဠီကာရာဟာရောတိ ဝေဒိတဗ္ဗော။ သံဋ္ဌ၊၂။၂၃-၂၄၊(-၂ရ။)

**ဥပါဒိန္နကက္ခန္ဓဘေဒ** (ပု) [ဥပါဒိန္နကက္ခန္ဓ+ဘေဒ] ဥပါဒိန္နကခန္ဓာတို့၏ ပျက်စီးခြင်း၊ သက်ရှိခန္ဓာပျက်စီးခြင်း။ စရိမကစိတ္တပ္ပတ္တိယာ ဥပါဒိန္နကက္ခန္ဓဘေဒါ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာတိ။ သံဋ္ဌ၊၂။ရ၅။

**ဥပါဒိန္နကဂ္ဂဟဏ** (န) [ဥပါဒိန္နက+ဂဟဏ] ဥပါဒိန္နက သဒ္ဒါ၊ ဥပါဒိန္နကသဒ္ဒါကို ယူခြင်း၊ ဝေဒနာနန္တိ ဧတ္ထ ဥပါဒိန္နကဂ္ဂဟဏံ ယုတ္တန္တိ အာဟ ဥပါဒိန္နကဝေဒနာနန္တိ။ သံဋီ၊၁။၆၂။

**ဥပါဒိန္နကဇ္ဈာသယ** (တိ) [ဥပါဒိန္နက+အဇ္ဈာသယ] ဥပါဒိန္နကရုပ်ကိုအလိုရှိသော၊ သက်ရှိ-ကမ္မဇ-ရုပ်တရားကိုအလိုရှိသော၊ သက်ရှိ-ကမ္မဇ-ရုပ်တရား၌ ညွတ်ကိုင်းသော။ ဝေမေဝ ကာယောပိ ဥပါဒိန္န(န္န)ကဇ္ဈာသယော ပဏ္ဍိ-သန္နိဿိတဖော္ဋဗ္ဗာရမ္မဏော။ သံဋ္ဌ၊၃။၁၁၂။ အဘိဋ္ဌ၊၁။၃၅၂။ ဥပါဒိန္နကဇ္ဈာသယောတိ ဥပါဒိန္နကနိန္နော။ သံဋီ၊၂။၃၄၉။

**ဥပါဒိန္နကဓမ္မ** (ပု) [ဥပါဒိန္နက+ဓမ္မ] ဥပါဒိန္နကတရား၊ သက်ရှိတရား။ တယော ဘဝေတိ ဝွမိနာ ဥပါဒိန္နကဓမ္မာနံယေဝ ဂဟဏံ။ သံ၊ ဋီ၊၂။၁၉၉။

**ဥပါဒိန္နကဓာတု** (ထီ) [ဥပါဒိန္နက+ဓာတု] ဥပါဒိန္နကဓာတ်၊ သက်ရှိသန္တာန်၌ ဖြစ်သော ဓာတ်။ တယိဒံ ဥပါဒိန္နကဓာတုဝသေန ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ မ၊ဋီ၊၃။၂၇၂။

**ဥပါဒိန္နကနိဿ** (တိ) [ဥပါဒိန္နက+နိဿ] သက်ရှိ-ကမ္မဇ-ရုပ်တရား၌ ကိုင်းညွတ်သော။ ဥပါဒိန္နက-ကဇ္ဈာသယ-ကြည့်။

**ဥပါဒိန္နကပက္ခ** (ပု) [ဥပါဒိန္နက+ပက္ခ] သက်ရှိ အဖို့၊ သက်ရှိနေစဉ် အခိုက်အတန့်။ ဥပါဒိန္နကကဗဠီကာရာဟာရ-ကြည့်။

**ဥပါဒိန္နကဖဿ** (ပု) [ဥပါဒိန္နက+ဖဿ] ဥပါဒိန္နကဖြစ်သော ဖဿ၊ လောကီဝိပါက်၌ ယှဉ်သောဖဿ၊ သက်ရှိသန္တာန်၌ဖြစ်သော အတွေ့အထိ။ တေဘူမကဝိပါကဝသေန ပန ဥပါဒိန္နကဖဿာဒယော ဝေဒိတဗ္ဗာ။ သံ၊ဋ္ဌ၊၂။၂၄။

**ဥပါဒိန္နကရူပ** (နု) [ဥပါဒိန္နက+ရူပ] ဥပါဒိန္နကရုပ်၊ သက်ရှိသန္တာန်၌ဖြစ်သောရုပ်။ ဥပါဒိန္နကရူပံ သံယောဂံ ဝိယ တဏှာယ အဘိဘူတံ။ မဟာနိ၊ဋ္ဌ။၁၃၆။

**ဥပါဒိန္နကရူပဓမ္မ** (ပု) [ဥပါဒိန္နကရူပ+ဓမ္မ] ဥပါဒိန္နကရုပ် တရား။ ဝဏ္ဏာရမ္မဏဝသေနာတိ ဝဏ္ဏဘူတာနံ သန္တံ အာရမ္မဏဘူတာနဉ္စ သဗ္ဗေသမ္ပိ ဥပါဒိန္နကရူပဓမ္မာနံ ဝသေန။ သံ၊ ဋီ၊၁။၆၂။

**ဥပါဒိန္နကရူပပစ္စယ** (ပု) [ဥပါဒိန္နကရူပ+ပစ္စယ] ဥပါဒိန္နကရုပ်ဟူသော အကြောင်း။ ဥပါဒိန္နကရူပပစ္စယေဟိ ပတိတ္ထာ ဂတံ ဝိယ တဏှာနုဂတံ။ မဟာနိ၊ဋ္ဌ။၁၃၆။

**ဥပါဒိန္နကရူပပရိဂ္ဂါဟက** (တိ) [ဥပါဒိန္နကရူပ+ပရိဂ္ဂါဟက] ဥပါဒိန္နကရုပ်ကို သိမ်းဆည်းသော၊သူ။ ဥပါဒိန္နကရူပပရိဂ္ဂါဟကဿ ဥပ္ပန္နဝိပဿနံ ဝိယ တဏှာယ ပရိယာဒိန္နစိတ္တံ။ မဟာနိ၊ဋ္ဌ။၁၃၆။

**ဥပါဒိန္နကဝေဒနာ** (ထီ) [ဥပါဒိန္နက+ဝေဒနာ] ဥပါဒိန္နကဝေဒနာ(လောကီဝိပါက်၌ ယှဉ်သော ဝေဒနာ)။ ဝေဒနာနံ နိရောဓာ ဥပသမာတိ ဥပါဒိန္နကဝေဒနာနံ နိရောဓေန စ ဥပသမေန စ။ သံ၊ဋ္ဌ၊၁။၂၀။ သံ၊ဋီ၊၁။၆၂။

**ဥပါဒိန္နကသရီရ** (နု) [ဥပါဒိန္နက+သရီရ] ဥပါဒိန္နကဖြစ်သောခန္ဓာကိုယ်၊ သက်ရှိခန္ဓာကိုယ်။ ဝွမံ ဥပါဒိန္နကသရီရံ နိဿာယ ကိလိဋ္ဌံ အညထာ ဇာတံ။ ထေရ၊ဋ္ဌ၊၂။၁၉၀။ (ဓမ္မ၊ဋ္ဌ၊၁။၁၅၆-အလားတူအကြောင်းအရာ၌ "အတ္တဘာဝံ နိဿာယ"ဟုသုံးနှုံးသည်။)(-မဟာနိ၊ဋ္ဌ။၂၆၃။ သံ၊ဋီ၊၁။၁၁၃။)

**ဥပါဒိန္နကာဟာရ** (ပု) [ဥပါဒိန္နက+အာဟာရ] ဥပါဒိန္နကဖြစ်သော စားဖွယ်၊ သက်ရှိစားဖွယ်။ ဥပါဒိန္နကကဗဠီကာရာဟာရ-ကြည့်။

**ဥပါဒိန္နက္ခန္ဓ** (ပု) [ဥပါဒိန္န+ခန္ဓ] ဥပါဒိန္နခန္ဓာ။ တတ္ထ ကာမဘဝေ ပဉ္စ ဥပါဒိန္နက္ခန္ဓာ။ ဝိသုဒ္ဓိ၊ ၂။၂၀၆။

**ဥပါဒိန္နက္ခန္ဓဘေဒ** (ပု) [ဥပါဒိန္နက္ခန္ဓ+ဘေဒ] ဥပါဒိန္နက္ခန္ဓာ၏ ပျက်စီးခြင်း၊ သက်ရှိခန္ဓာကိုယ် ပျက်စီးခြင်း။ ခီဏာသဝဿ ဥပါဒိန္နက္ခန္ဓဘေဒေန အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတဿ အပဏ္ဏတ္တိကဘာဝူပဂမောတိ။ သံ၊ဋ္ဌ၊၂။၃၀၃။

**ဥပါဒိန္နသင္ဂဟ** (နု) [ဥပါဒိန္န+သင္ဂဟ] ဥပါဒိန္န ဟုဆိုအပ်သော အကျရာဖြစ်ရာဌာနကို ထိခိုက်ခြင်း၊ ကမ္မဇပသာဒဓာတ်ကို ထိခိုက်ခြင်း။ ဝစီ-

ဘေဒပဝတ္တကစိတ္တသမုဋ္ဌာနဝါယောဓာတုယာ ဥပါဒိန္နကယဋ္ဌနသ္မ ပစ္စယော အာကာရ-ဝိကာရော ဝစီဝိညတ္တိ။ ဝိသုဒ္ဓိ၊၂။၇၈။

**ဥပါဒိန္နဓာတု** (ထီ) [ဥပါဒိန္န+ဓာတု] ဥပါဒိန္နဓာတ်၊ သက်ရှိသန္တာန်၌ဖြစ်သောဓာတ်။ တံ ဥပါဒိန္နဓာတုဝသေန ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ သံ၊ ဋီ၊၁။၁၆၂။

**ဥပါဒိန္နပရိယာယ** (ပု) [ဥပါဒိန္န+ပရိယာယ] ဥပါဒိန္နဟူသော-ဝေဝုစ်-ပရိယာယ်-စကားလှယ်-အမည်။ တသ္မာ ဝိပါကာနံ ဥပါဒိန္နပရိယာယော နတ္ထေဝါတိ။ သံ၊ ဋီ၊၂။၂၇။

**ဥပါဒိန္နသန္တတိ** (ထီ) [ဥပါဒိန္န+သန္တတိ] ဥပါဒိန္န-သက်ရှိ-ရုပ်အစဉ်။ ဥပါဒိန္နသန္တတိ-ကြည့်။

**ဥပါဒိန္နသရီရ** (န) [ဥပါဒိန္န+သရီရ] ဥပါဒိန္နဖြစ်သော ကိုယ်ခန္ဓာ။ သဗ္ဗံ ဥပါဒိန္နသရီရံ ဖရိတွာ ဌိတံ။ ပဋိသံ၊ဋ္ဌ၊၁။၇၇။ ဝိသုဒ္ဓိ၊၁။၂၅၃။

**ဥပါဒိန္နုပါဒါနိယ** (တိ) [ဥပါဒိန္န+ဥပါဒါနိယ] အာရုံပြုသော အားဖြင့် တဏှာဒိဋ္ဌိ တို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်ကုန်သည် ဖြစ်၍ ဥပါဒါန်တို့၏ အစီး-အပွားဖြစ်ကုန်သော(တရား)။ ဥပါဒိန္နုပါဒါ-နိယာ ဓမ္မာ။ အဘိ၊၁။၁။ အာရမ္မဏကရဏ-ဝသေန တဏှာဒိဋ္ဌီဟိ ဥပေတေန ကမ္မုနာ အာဒိန္နာ ဖလဘာဝေန ဂဟိတာတိ ဥပါဒိန္နာ။ အာရမ္မဏဘာဝံ ဥပဂန္တွာ ဥပါဒါနသမ္ဗန္ဓေန ဥပါဒါနာနံ ဟိတာတိ ဥပါဒါနိယာ။ ဥပါဒါနဿ အာရမ္မဏပစ္စယဘူတာနမေတံ အဓိဝစနံ ဥပါ-ဒိန္နာ စ တေ ဥပါဒါနိယာ စာတိ ဥပါဒိန္နု-ပါဒါနိယာ။ သာသဝကမ္မနိဗ္ဗတ္တာနံ ရူပါရူပ-ဓမ္မာနမေတံ အဓိဝစနံ။ အဘိ၊ဋ္ဌ၊၁။၈၄-၈၅။

**ဥပါဒိတဗ္ဗ** (တိ) [ဥပ+အာ+ဒါ+တဗ္ဗ] ယူအပ်သော။ ဥပါဒိတဗ္ဗံ ဂဏှိတဗ္ဗံ ဣမေ ဥပါဒိတိ ဝုတ္တံ။ မ၊ဋ္ဌ၊၄။၃၇။

**ဥပါဒိတောဒိတကုလသမ္ဘဝတ္တိက**-ပုဒ်သည် ဥဒိတောဒိတကုလသမ္ဘဝတ္တိက-မှ ဖျက်ယွင်းလာသောပုဒ် ဖြစ်ဖွယ်ရှိသည်။ မဟာကုလာတိ ဝိပုလကုလာ၊ ဥပါဒိတောဒိတကုလသမ္ဘဝ-တ္တိကာတိ အတ္ထော။ မ၊ဋီ၊၃။၂၈၆။

**ဥပါဒိဝမ္မ** (အနုဋီ၊၁။၂၉-လာ)ပုဒ်သည် ဥပ္ပါဒိ-ဓမ္မ-မှ ဖျက်ယွင်းလာသောပုဒ်ဖြစ်ဖွယ်ရှိသည်။ ဥပ္ပါဒိဓမ္မ-ကြည့်။

**ဥပါဒိန္န**(န) [ဥပ+အာ+ဒါ+တ] (၁) တဏှာဒိဋ္ဌိတို့သည်-မြဲစွာယူအပ်-စွဲလမ်းအပ်-မှားယွင်းစွာ သုံးသပ်အပ်-သော ကိုယ်ခန္ဓာ၌ တည်သောရုပ်၊ ကိုယ်၌ဖြစ်သော လက်ခြေ စသောရုပ်၊ ဥပါဒိန္နရုပ်။ (၂) အာရုံပြု သည်၏အစွမ်းအားဖြင့်-အာရုံပြုသောအားဖြင့်-တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သော (လောကီ ဝိပါက် နာမက္ခန္ဓာ, ကဋတ္တာရုပ်=ကမ္မဇရုပ်။) (၁) တတ္ထ အဇ္ဈတ္တံ ဥပါဒိန္နေ ရူပေ (ဝိ၊၁။၁၅၄) တိ အတ္တနော ဟတ္ထာဒိဘေဒေရူပေ။ ဝိ၊ဋ္ဌ၊၂။၁၁၀။ ယံ အဇ္ဈတ္တံ ပစ္စတ္တံ ကက္ခဠံ ခရိဂတံ ဥပါဒိန္နံ။ မ၊၁။၂၄၂။ မ၊၂။၈၄၈၅။ ဝိသုဒ္ဓိ၊၁။၃၄၃။ ဥပါဒိန္နန္တိ န ကမ္မသမုဋ္ဌာနမေဝ၊ အဝိသေသေန ပန သရီရ-ဋ္ဌကသော်တံ ဂဟဏံ။ မ၊ဋ္ဌ၊၂။၁၂၆။ ဥပါဒိန္နန္တိ ဒဠှံ အာဒိန္နံ၊ "အဟံ မမ"န္တိ ဇဝံ ဒဠှံ အာဒိန္နံ ဂဟိတံ ပရာမဋ္ဌန္တိ အတ္ထော။ ဝိသုဒ္ဓိ၊၁။၃၄၅။ ဥပါဒိန္န(မ၊၂။၈၈)န္တိ အာဒိန္နံ ဂဟိတံ ပရာမဋ္ဌံ၊ သရီရဋ္ဌကန္တိ အတ္ထော။ မ၊ဋ္ဌ၊၃။၉၇။ အာဒိန္နန္တိ ဣမန္တိ တဏှာဒိဋ္ဌီဟိ အာဒိန္နံ။ တေနာဟ ဂဟိတံ ပရာမဋ္ဌန္တိ၊ အညတ္ထ ကမ္မဇံ ဥပါဒိန္နန္တိ ဝုစ္စတိ၊ န တထာ ဣဓာတိ အာဟ သရီရဋ္ဌ-ကန္တိ အတ္ထောတိ။ မ၊ဋီ၊၃။၆၃။ (-အဘိ၊ဝိ၊၈၄။ မ၊ဋ္ဌ၊၁။၃၁။ အဘိ၊ဋ္ဌ၊၁။၃၇၇။ အဘိ၊ဋ္ဌ၊၂။၅၂။

သုတ္တနိုဋ္ဌ၊၂။၁၈၅။ မငိုဋ္ဌ၊၃။၃၈၉။ အနုဋ္ဌိ၊၂။၁၁။ ဝိသုဒ္ဓိဋ္ဌိ၊၁။၄၂၉။) (၂) အာရမ္မဏကရဏဝသေန တဏှာဒိဋ္ဌီဟိ ဥပေတေန ကမ္မုနာ အာဒိန္နာ ဖလဘာဝေန ဂဟိတာတိ ဥပါဒိန္နာ။ အဘိဋ္ဌ၊၁။၈၄။ (-ဒီဋ္ဌ၊၁။၃၂၅။) ဥပေတေန အာဒိန္နာ ဥပါဒိန္နာ...တေဟိ စ နိဗ္ဗတ္တာနိ ဝိပါကကဋတ္တာရူပါနိ ဥပါဒိန္နာ ဓမ္မာတိ သဗ္ဗမေတံ ဒသေတုံ အာရမ္မဏကရဏဝသေနာတိအာဒိ ဝုတ္တံ။ မူလဋ္ဌိ၊၁။၃၈၊(-၃၉။ ဒီဋ္ဌိ၊၁။၃၉၂။ သီဋ္ဌိ၊သစ်၊၂။၄၁၃။)

**ဥပါဒိန္နဏ္ဍြိယ** (န) [ဥပါဒိန္န+ဣန္ဒြိယ] ကမ္မဇရုပ် ဣန္ဒြေ။ ဣမေသု ဟိ ဥပါဒိန္နဣန္ဒြေသု သတိ ဝဋ္ဋံ ဝတ္တတိ ပညာယတိ။ သံဋ္ဌိ၊၂။၄၉၃။

**ဥပါဒိန္နက** (တိ) [ဥပါဒိန္န+က] (က) အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သော တရား၊ ဥပါဒိန္နကရုပ်။ သက်ရှိတို့၏ ရုပ်ခန္ဓာ။ သန္တတံ ဣမံ န ကိဉ္စိ ဥပါဒိန္နကံ ဥပါဒိန္နကေန ဖုသတိ။ ဝိဋ္ဌ၊၁။၂၃၁။ ဥပါဒိန္နကဉ္စ ကာယိန္ဒြိယံ သန္ဓာယ ဝုတ္တံ။ သာရတ္ထ၊၂။၉၂။ အနုပါဒိန္နကံ မုဉ္စိတွာ ဥပါဒိန္နကံ ဂဏှာတိ။ ဒီဋ္ဌ၊၁။၁၆၈။ မဋ္ဌ၊၁။၂၆၁။ အဘိဋ္ဌ၊၂။၃၃၅။ ကာယဒရထော ပန ဥပါဒိန္နကေပိ ဟောတိ အနုပါဒိန္နကေပိ။ မဋ္ဌ၊၂။၁၉၄။ ဥပါဒိန္နကေတိ ဣန္ဒြိယဗဒ္ဓေ။ မဋ္ဌိ၊၂။၂၁၆။ တတ္ထ စတုဗ္ဗိဓော ကာယော ဥပါဒိန္နကော...။ တတ္ထ စက္ခာယတနာဒီနိ ဇီဝိတပရိယန္တာနိ အဋ္ဌ ကမ္မသမုဋ္ဌာနရူပါနိပိ, ကမ္မသမုဋ္ဌာနာနေဝ စတသော ဓာတုယော ဝဏ္ဏော ဂန္ဓော ရသော ဩဇာတိ အဋ္ဌ ဥပါဒိန္နကကာယော နာမ။ အဘိဋ္ဌ၊၁။၁၂၄။ (-အနုဋ္ဌိ၊၁။ရ၈။) ဥပါဒိန္နကော အနုပါဒိန္နကောတိ ဒုဝိဓေ အာဟာရေ။ ဝိသုဒ္ဓိဋ္ဌိ၊၂။၄၀၃။

**ဥပါဒိန္နကအာဟာရသမုဒယ** (ပု) [ဥပါဒိန္နက+အာဟာရ+သမုဒယ] ဥပါဒိန္နကဖြစ်သော အာဟာရ၏ ဖြစ်ခြင်း။ ပဋိသန္ဓိက္ခဏေ ပုရိမတဏှာသမုဒယာ အာဟာရာနံ သမုဒယဒဿနေနေဝ ပဝတ္တိက္ခဏေပိ ဥပါဒိန္နကအာဟာရသမုဒယော ဒဿိတော ဟောတိ။ မဋ္ဌ၊၁။၃၁၄။

**ဥပါဒိန္နကကာယ** (ပု) [ဥပါဒိန္နက+ကာယ] ဥပါဒိန္နကဖြစ်သော ရုပ်အပေါင်း။ ဥပါဒိန္နက-ကြည့်။

**ဥပါဒိန္နကက္ခန္ဓ** (ပု) [ဥပါဒိန္နက+ခန္ဓ] ဥပါဒိန္နကဖြစ်သော ခန္ဓာ။ ဥပပတ္တိတဝေါ ဥပါဒိန္နကက္ခန္ဓာ။ ဝိမတိ၊၂။၈၄။

**ဥပါဒိန္နကဃဋ္ဋန** (န) [ဥပါဒိန္နက+ဃဋ္ဋန] ဥပါဒိန္နက-ကမ္မဇ-ရုပ်ကို ထိခိုက်ခြင်း။ တပ္ပစ္စယဘာဝေါတိ ဥပါဒိန္နကဃဋ္ဋနဿ ပစ္စယဘာဝေါ။ အနုဋ္ဌိ၊၁။၈၂။

**ဥပါဒိန္နကဃဋ္ဋနကိရိယာ** (ထီ) [ဥပါဒိန္နကဃဋ္ဋန+ကိရိယာ] ဥပါဒိန္နက-ကမ္မဇ-ရုပ်ကို ထိခိုက်ခြင်း အမူအရာ။ စောပနကိရိယာ(၂)ကြည့်။

**ဥပါဒိန္နကဇာတိ** (ထီ) [ဥပါဒိန္နက+ဇာတိ] ဥပါဒိန္နက ဖြစ်သောဇာတ်၊ သက်ရှိအမျိုးအနွယ်။ ပစ္ဆာ ဥပါဒိန္နကဇာတိ ကထေဿာမိ။ မဋ္ဌ၊ ၃။၂၉၅။ (-မဋ္ဌိ၊၃။၁၉၉။)

**ဥပါဒိန္နကဇ္ဈာသယ** (တိ) [ဥပါဒိန္နက+အဇ္ဈာသယ] ဥပါဒိဏ္ဏကရုပ်ကိုအလိုရှိသော၊ သက်ရှိ-ကမ္မဇ-ရုပ်တရားကိုအလိုရှိသော။ ဥပါဒိဏ္ဏကဇ္ဈာသယ-ကြည့်။

**ဥပါဒိန္နကဋ္ဌာန** (န) [ဥပါဒိန္နက+ဌာန] ဥပါဒိန္နက အရာ။ ဥပါဒိန္နကဋ္ဌာနေ ဝေ ပန သမုဋ္ဌာပေတိ။ အနုဋ္ဌိ၊၂။၂၅။

**ဥပါဒိန္နကဒုက** (ပုန) [ဥပါဒိန္နက+ဒုက] ဥပါဒိန္နကဒုက်။ အဇ္ဈတ္တိ အာရမ္မဏဇာတိကာယတနာဒိလက္ခဏာနဒုကေဟိ ဥပါဒိန္နကဒုကဿ

ဥပါဒိန္နုပါဒါနိယဒုကဿ စ ယောဇနာယ စတုက္ကာ လဗ္ဘန္တိ။ မူလဋီ၊၁။၁၄၂။

**ဥပါဒိန္နကဓမ္မဇာတ** (တိ) [ဥပါဒိန္နကဓမ္မ+ဇာတ] ဥပါဒိန္နကတရားအပေါင်း၊ ဥပါဒိန္နက ဖြစ်သော ရုပ်နာမ်တရားအပေါင်း၊ တွေ နိဗ္ဗာနေ ဣဒံ နိဗ္ဗာနံ အာဂမ္မ သဗ္ဗမေတံ အာပေါတိအာဒိနာ နယေန ဝုတ္တံ ဥပါဒိန္နကဓမ္မဇာတံ နိရုဇ္ဈတိ, အပ္ပဝတ္တံ ဟောတီတိ။ ဒီဋ္ဌ၊၁။၃၂၆။ (-ဒီဋီ၊ ၁။၃၉၄။ သီဋီ၊သစ်၊၂။၄၁၉။)

**ဥပါဒိန္နကပက္ခ** (ပု) [ဥပါဒိန္နက+ပက္ခ] ဥပါဒိန္နက အဖို့။ ဣဒံ ပန ဥပါဒိန္နကပက္ခေ ဌိတံ။ အဘိ၊ ဋ္ဌ၊၂။၂၄၈။

**ဥပါဒိန္နကပ္ပဝတ္တ** (နု) [ဥပါဒိန္နက+ပဝတ္တ] (၁) ဥပါဒိန္နက-သက်ရှိ-သန္တာန်၌ဖြစ်သော။ (၂) ဥပါဒိန္နကဖြစ်သောခန္ဓာ-အစဉ်-အယဉ်။ တစ္ဆ ယေဘုယျေန အာဟာရူပဇီဝိနံ သတ္တာနံ ဥပါဒိ-န္နကပ္ပဝတ္တဿ ကေဒိဝသံ ဘုတ္တာဟာရဿ သတ္တာဟမေဝ ယာပနတော။ သာရတ္ထ၊၁။၃၈၀။ မဏိ၊၂။၂၈၄။ ပဝတ္တန္တိ ဥပါဒိန္နကပဝတ္တံ။ ဝိသုဒ္ဓိ ဋီ၊၂။၄၃၉။ (၂) ဌပေတွာ သတ္တ ဘဝေ အနမ-တဂ္ဂသံသာရဝဋ္ဋေ ဥပါဒိန္နကပ္ပဝတ္တံ ပဝတ္တေယျ။ အဘိဋ္ဌ၊၁။၂၇၈။(အဘိဋ္ဌသျ၊၂။၅၂၈-၌ ဥပါဒိ-န္နကက္ခန္ဓပဝတ္တံ-ဟုရှိသည်။

**ဥပါဒိန္နကဖဿ** (ပု) [ဥပါဒိန္နက+ဖဿ] ဥပါဒိန္န ကသန္တာန်-သက်ရှိသန္တာန်-၌ဖြစ်သော အတွေ့ အထိ။ ပဋိက္ခိတ္တေသု ဥပါဒိန္နကဖဿာဒီသု အနဝဇ္ဇသညီ ဟောတိ။ ဒီဋ္ဌ၊၁။၂၂။ အဘိဋ္ဌ၊ ၁။၂၅။ ဥပါဒိန္နကဖသော ဣတ္ထိဖသော၊ မေထုနဓမ္မောယေဝ။ သီဋီ၊သစ်၊၁။၁၁၇။

**ဥပါဒိန္နကဖဿရသ** (ပု) [ဥပါဒိန္နကဖဿ+ရသ] ဥပါဒိန္နကဖြစ်သောတွေ့ထိမှုအရသာ၊ မိန်းမတို့၏အတွေ့အထိဖြစ်သောမေထုန်ခံစားမှု အရသာ၊ သက်ရှိခန္ဓာကိုယ်ကို တွေ့ထိကိုင်တွယ်ခြင်းကြောင့်ဖြစ်သောအရသာ။ ဥပါဒိန္နကဖဿ-ရသေန အနုပါဒိန္နကဖဿရသံ သံသန္ဒေတွာ။ မဋီ၊၃။၇၃။

**ဥပါဒိန္နကရူပ** (နု) [ဥပါဒိန္နက+ရူပ] ဥပါဒိန္နက ဖြစ်သောရုပ်-ကမ္မဇရုပ်-တရား။ ဥတုတော ဝါ ဥပါဒိန္နကရူပါနံ အနုပ္ပဇ္ဇနတော။ ဝိသုဒ္ဓိဋီ၊၂။၃၀။

**ဥပါဒိန္နကသင်္ခါရလောက** (ပု) [ဥပါဒိန္နက+ သင်္ခါရလောက] ဥပါဒိန္နကဖြစ်သော သင်္ခါရ လောက၊ သက်ရှိသင်္ခါရလောက။ န ကေဝလံ ဥပါဒိန္နကသင်္ခါရလောကဿေဝ။ မဋီ၊၂။၂၂။

**ဥပါဒိန္နကသန္တတိပဝတ္တိဋ္ဌာန** (နု) [ဥပါဒိန္နက +သန္တတိ+ပဝတ္တိဋ္ဌာန] ဥပါဒိန္နက-ကမ္မဇ-သက် ရှိ-ရုပ်အစဉ်ဖြစ်ရာအရပ်။ အသဿ ဘိက္ခုနော သဗ္ဗကောဋ္ဌာသဝတော ကာယဿ ကိဉ္စိ ဥပါ-ဒိန္နကသန္တတိပဝတ္တိဋ္ဌာနေ ဆဝိမံသလောဟိတာ-နုဂတံ အဏုမတ္တမ္ပိ ဌာနံ ပဌမဇ္ဈာနသုခေန အဖုဋံ နာမ န ဟောတိ။ ဒီဋ္ဌ၊၁။၁၉၄။ အံ၊ ဋ္ဌ၊၃။၉။

**ဥပါဒိန္နကသန္တာန** (ပု၊နု) [ဥပါဒိန္နက+သန္တာန] ဥပါဒိန္နကဖြစ်သောသန္တာန်၊ သက်ရှိသန္တာန်၊ သက်ရှိခန္ဓာအစဉ်။ ဥပါဒိန္နကသန္တာနဿ နိရော-ဓေန ဆိန္နမူလကာနံ ပဉ္စန္နံ ခန္ဓာနံ...ဝေဒိတ-ဗ္ဗော။ အံဋ္ဌ၊၂။၁၁၅။ (-အဘိဋ္ဌ၊၁။၃၃၆။)

**ဥပါဒိန္နကသန္နိဿယ** (ပု) [ဥပါဒိန္နက+သန္နိဿယ] ဥပါဒိန္နက-ကမ္မဇ-ရုပ်ဟူသော မှီရာ။ ဥတု ဟိ သဘာဂသန္တတိဝသေန လဒ္ဓပစ္စယံ စိရတရမ္ပိ ကာလံ သဒိသာကာရံ ရူပပဝတ္တိံ သန္တာနေတိ ဥပါဒိန္နကသန္နိဿယေန ဝိနာ။ ဝိသုဒ္ဓိဋီ၊၂။ ၄၀၄။

**ဥပါဒိန္နကသရီရ** (နု) [ဥပါဒိန္နက+သရီရ] ဥပါ-ဒိန္နကဖြစ်သောခန္ဓာကိုယ်၊ သက်ရှိခန္ဓာကိုယ်။ ဥပါဒိန္နကသရီရံ နာမ ခဏ္ဍိစ္စာဒိဟိ အဘိဘု-

ယျတိ။ ဒီ၊ဋ္ဌ၊၂။၁၄၄။ အံ၊ဋ္ဌ၊၃။၂၄၇။ ခုဒ္ဒက၊ ဋ္ဌ။၅၀။ ဥဒါန၊ဋ္ဌ။၂၉၄။ (-မ၊ဋ္ဌ၊၂။၁၈၁။ မ၊ဋ္ဌ၊ ၃။၂၀။ သံ၊ဋ္ဌ၊၃။၂၇၅။ အံ၊ဋ္ဌ၊၁။၁၆၉။ အဘိ၊ ဋ္ဌ၊၂။၂၃၃။ သာရတ္ထ၊၁။၂၀၄။ သာရတ္ထ၊၃။၃၁၂။ မ၊ဋီ၊၁။၄၄။ မ၊ဋီ၊၃။၁၅။ အံ၊ဋီ၊၁။၃၈။)

**ဥပါဒိန္နကာဓိကာရ** (ပု) [ဥပါဒိန္နက+အဓိကာရ] ဥပါဒိန္နက-ကမ္မဇ-ရုပ်အရာ။ ဋ္ဌေ ဟိ သုဿ-ရတာတိ ဥပါဒိန္နကာဓိကာရေ အာဂတံ။ မူလဋီ၊ ၁။၁၈။

**ဥပါဒိန္နက္ခန္ဓ** (ပု) [ဥပါဒိန္န+ခန္ဓ] ဥပါဒိန္နခန္ဓာ၊ သက်ရှိဘဝခန္ဓာ။ ကိလေသာနံ ပန အပ္ပဟီ-နတ္တာ ယေ ဥပ္ပဇ္ဇေယျုံ ဥပါဒိန္နက္ခန္ဓာ။ အံ၊ဋ္ဌ၊ ၁။၃၈၆။ အဘိ၊ဋ္ဌ၊၂။၂၈၇။ (-အံ၊ဋီ၊၁။၂၄၄။ မူလဋီ၊၃။၈၈။ အနုဋီ၊၁။၉၇။ အနုဋီ၊၂။၁၁၂။ အနုဋီ၊၃။၂၀၀။ ဝိသုဒ္ဓိဋီ၊၂။၃၃၁။)

**ဥပါဒိန္နခ(က္ခ)န္ဓပဉ္စက** (တိ) [ဥပါဒိန္နခ(က္ခ)န္ဓ+ ပဉ္စက] ဥပါဒိန္နခန္ဓာငါးပါးအပေါင်း။ ဥပပတ္တိ-ဘဝေါ နာမ တေန ကမ္မေန နိဗ္ဗတ္တံ ဥပါဒိန္န-ခန္ဓပဉ္စကံ။ မ၊ဋ္ဌ၊၁။၂၂၃။ ကာယဿ ဘေဒါ ကာယူပဂေါတိ ဥဘယတ္ထာပိ ကာယသဒ္ဒေန ဥပါဒိန္နက္ခန္ဓပဉ္စကော ဂဟိတော။ အနုဋီ၊၂။၉၅။

**ဥပါဒိန္နခန္ဓပ္ပဝတ္တ** (တိ) [ဥပါဒိန္နခန္ဓ+ပဝတ္တ] အဆင့်ဆင့်ဖြစ်သောဥပါဒိန္နခန္ဓာ၊ ဥပါဒိန္နခန္ဓာ တို့၏ အဆင့်ဆင့်ဖြစ်နေခြင်း။ ပဝတ္တန္တိ ဥပါဒိ-န္နက္ခန္ဓပ(ပ္ပ)ဝတ္တံ။ ပဋိသံ၊ဋ္ဌ၊၁။၂၉၂။ ဝိသုဒ္ဓိဋီ၊ ၂။၃၈၄။

**ဥပါဒိန္နက္ခန္ဓပရိစ္စာဂ** (ပု) [ဥပါဒိန္နက္ခန္ဓ+ပရိစ္စာဂ] ဥပါဒိန္န-သက်ရှိ-ခန္ဓာကို စွန့်ခြင်း။ ကာယဿ ဘေဒါတိ ဥပါဒိန္နက္ခန္ဓပရိစ္စာဂါ။ ဝိ၊ဋ္ဌ၊၁။၁၃၅။ ပဋိသံ၊ဋ္ဌ၊၁။၃၃၉။ ဥဒါန၊ဋ္ဌ၊၂၆၆။ ဣတိဝုတ်၊ ဋ္ဌ။၆၉။ နေတ္တိ၊ဋ္ဌ။၁၇၃။ အံ၊ဋီ၊၃။၈၇။ ဝိသုဒ္ဓိ-ဋီ၊၁။၃၀။ သာရတ္ထ၊၁။၄၀၆။ ဝိသုဒ္ဓိဋီ၊၂။၆၁။

**ဥပါဒိန္နက္ခန္ဓပရိပါက** (ပု) [ဥပါဒိန္နက္ခန္ဓ+ပရိပါက] ဥပါဒိန္နခန္ဓာတို့၏ရင့်ရော် အိုမင်းခြင်း၊ သက်ရှိဘဝရင့်ရော်အိုမင်းခြင်း။ ဥပါဒိန္နက္ခန္ဓပရိပါကော ဟိ အာယုနော သံဟာနိ။ ဝိသုဒ္ဓိဋီ၊၂။၂၅၇။

**ဥပါဒိန္နဃဋ္ဋန** (န) [ဥပါဒိန္န+ဃဋ္ဋန] ဥပါဒိန္န-ကမ္မဇ-ရုပ်တို့၏ ထိခိုက်ခြင်း။ န ဟိ စာလနံ ဥပါဒိန္နဃဋ္ဋနန္တိ။ မူလဋီ၊၁။၇၆။

**ဥပါဒိန္နတ္တိက** (ပု) [ဥပါဒိန္န+တိက] ဥပါဒိန္နတိက်။ ဣမေ ဝုတ္တေဟီတိ ဣမသ္မိံ ဥပါဒိန္နတ္တိကေ ဝုတ္တေဟိ။ အနုဋီ၊၃။၃၁၇။

**ဥပါဒိန္နဒုက** (ပု) [ဥပါဒိန္န+ဒုက] ဥပါဒိန္နဒုက်။ အညေသန္တိ ဥပါဒိန္နဒုကာဒိတော အညေသံ ဥပါဒါဒုကာဒီနံ။ အနုဋီ၊၁။၁၅၀။

**ဥပါဒိန္နဓမ္မ** (ပု) [ဥပါဒိန္န+ဓမ္မ] (လောကီကံ၏ အကျိုးဖြစ်သော) ကမ္မဇရုပ်တရား။ တိဋ္ဌန္တိ ဥပါဒိန္နဓမ္မာ ဧတာယာတိ ဌိတိ။ ဝိသုဒ္ဓိဋီ၊ ၁။၅၈။ (-ဝိသုဒ္ဓိဋီ၊၂။၁၈၉။)

**ဥပါဒိန္နပဝတ္တ** (တိ) [ဥပါဒိန္န+ပဝတ္တ] အဆက်မပြတ်ဖြစ်သော-ဥပါဒိန္န-ကမ္မဇ-ရုပ်။ ပဋိသန္ဓိ-စုတိဝသေန ဥပါဒိန္နပဝတ္တဿ ဥပ္ပါဒနိရောဓ-ဝသေန...ဒဋ္ဌဗ္ဗံ။ မူလဋီ၊၃။၁၂၈။

**ဥပါဒိန္နဖဿ** (ပု) [ဥပါဒိန္န+ဖဿ] ဥပါဒိန္န-သက်ရှိ-သန္တာန်၌ဖြစ်သောအတွေ့အထိ။ (ဤ၌ မေထုန်အတွေ့အထိကိုယူသည်။) ပဋိက္ခိ-တ္တေသု ဥပါဒိန္နဖဿာဒီသု အနဝဇ္ဇသညီ ဟောတိ။ ဝိ၊ဋ္ဌ၊၁။၂၀။ ဥပါဒိန္နဖဿောတိ မဂ္ဂေန မဂ္ဂပဋိပါဒနဖဿော။ ဝိမတိ၊၁။၂၂။

**ဥပါဒိန္နဖဿရသ** (ပု) [ဥပါဒိန္နဖဿ+ရသ] ဥပါဒိန္နဖြစ်သော အတွေ့အထိအရသာ၊ သက်ရှိ ခန္ဓာကိုယ်ကို တွေ့ထိကိုင်တွယ်ခြင်းကြောင့် ဖြစ်သောအရသာ။ (ဤ၌ကား မေထုန် အတွေ့ အထိအရသာကိုယူသည်။) ဥပါဒိန္နဖဿ-

ရသေပိ အနုဝဇ္ဇသညိတာယ အနုပါဒိန္နဖဿ-ရသေန ဥပါဒိန္နဖဿရသံ သံသန္ဒိတွာ။ သာရတ္ထ၊၁။၄၅၀။

**ဥပါဒိန္နဖောဋ္ဌဗ္ဗ** (ပု) [ဥပါဒိန္န+ဖောဋ္ဌဗ္ဗ] ဥပါဒိန္န-သက်ရှိ-အတွေ့အထိအာရုံ။ သော ဟာယသ္မာ သုခဝေဒနီယဿ ဥပါဒိန္နဖောဋ္ဌဗ္ဗဿ ကာယိန္ဒြိ-ယဿ စ သမာယောဂေ သတိ…။ ဝဇီရ။၈၆။

**ဥပါဒိန္နရူပ** (နု) [ဥပါဒိန္န+ရူပ] ဥပါဒိန္နရုပ်၊ သက်ရှိသန္တာန်၌ဖြစ်သောရုပ်။ နတ္ထိ ရူပိနံ ဓမ္မာနံ အာယူတိ ပဌေ ဥပါဒိန္နရူပါနမ္ပိ တိဏကဋ္ဌာဒီနမ္ပိ သန္တာနဝသေန…။ အဘိဋ္ဌ၊၃။၂၁၁။ အဇ္ဈတ္တရူပံ အဇ္ဈတ္တံ ဥပါဒိန္နရူပံ။ ကင်္ခါဋီ၊သစ်။၂၂၅။

**ဥပါဒိန္နရူပသန္တတိ** (ထီ) [ဥပါဒိန္နရူပ+သန္တတိ] ဥပါဒိန္န-ကမ္မဇ-ရုပ်တို့၏ အစဉ်။ ဥပါဒိန္နရူပ-သန္တတိယာ ဥပတ္ထမ္ဘနေနေဝ ဥတုစိတ္တဇ-ရူပသန္တတီနမ္ပိ ဥပတ္ထမ္ဘနသိဒ္ဓိ ဟောတီတိ ဒိန္န-ရူပသန္တတီနန္တိ ဝုတ္တံ။ မဋီ၊၁။၃၁၁။

**ဥပါဒိန္နဝစန** (နု) [ဥပါဒိန္န+ဝစန] ဥပါဒိန္နဟူသော သဒ္ဒါ။ ဥပါဒိန္နဝစနေန ဥပပတ္တိဘဝေါ ဝုစ္စတိ။ မူလဋီ၊၁။၃၉။

**ဥပါဒိန္နသင်္ခါရလောက** (ပု) [ဥပါဒိန္န+သင်္ခါရလောက] ဥပါဒိန္န-သက်ရှိ-သင်္ခါရလောက။ နကေဝလံ ဥပါဒိန္နသင်္ခါရလောကသောဝ။ အံ၊ဋီ၊၃။၃၁၆။

**ဥပါဒိန္နသဒ္ဒါနပေက္ခ** (တိ) [ဥပါဒိန္နသဒ္ဒ+အန-ပေက္ခ] ဥပါဒိန္နသဒ္ဒါကို မရှုငဲ့သော။ ဥပါဒါ-နီယသဒ္ဒဿ ဝိသုံ ဥပါဒိန္နသဒ္ဒါနပေက္ခံ အတ္ထံ ဝတ္တုံ အာရမ္ဘကာဘာဝံ ဥပဂန္တွာတိ အာဒိမာဟ။ မူလဋီ၊၁။၃၉။

**ဥပါဒိန္နသန္တတိ** (ထီ) [ဥပါဒိန္န+သန္တတိ] ဥပါဒိန္န-သက်ရှိ-ရုပ်အစဉ်။ ယသ္မာ ဧသော မေ အတ္တာတိ ပရာမသန္တော အတီတာနာဂတံ ဥပါဒိန္နသန္တတိံ ဥပါဒါယ ဧသော မေ အတ္တာတိ ပရာမသတိ။ ပဋိသံဋ္ဌ၊၂။၆၆။ ဥပါဒိန္နကသန္တတိန္တိ ကမ္မဇသန္တာနံ၊ စတုဇံ ဝါ၊ တဏှာဒိဟိ ဥပါဒိ-ယတ္တာ။ ပဋိသံဂံ။၂၅၅။

**ဥပါဒိန္နသရီရ** (နု) [ဥပါဒိန္န+သရီရ] ဥပါဒိန္န-သက်ရှိ-ခန္ဓာကိုယ်။ ပိဋ္ဌိဝါတော ဥပ္ပဇ္ဇိ ဥပါဒိန္နသရီရဿ တထာရူပတ္တာ သင်္ခါရာနဥ္စ အနိစ္စတာယ ဒုက္ခာနုဗန္ဓတ္တာ။ သံဋီ၊၂။၃၄၀။

**ဥပါဒိန္နာဟာရ** (ပု) [ဥပါဒိန္န+အာဟာရ] သက်ရှိ အစားအစာ။ တသ္မာ အဇ္ဈောဟဋဿ ဥပါဒိ-န္နာဟာရဿ လောကုတ္တရကွေဏ အဘာဝတော။ မူလဋီ၊၃။၂၄၂။

**ဥပါဒိန္နုပါဒါနိယတ္တိက** (ပု) [ဥပါဒိန္နုပါဒါနိယ+တိက] ဥပါဒိန္နုပါဒါနိယတိက်။ ဥပါဒိန္နုပါဒါ-နိယတ္တိကေ အာရမ္မဏကရဏဝသေန …ဥပါဒိ-န္နာ။ အဘိဋ္ဌ၊၁။၈၄။

**ဥပါဒိန္နောဇာ** (ထီ) [ဥပါဒိန္န+ဩဇာ] ဥပါဒိန္န ဩဇာ။ (သက်ရှိအစားအစာနှင့် ကမ္မဇရုပ်တွင် ပါဝင်သော ဩဇာနှစ်မျိုးလုံး ယူနိုင်သည်။) တမ္ပိ အနဇ္ဈောဟဋာယ သသန္တာနဂတာယ ဥပါဒိန္နောဇာယ အနုပါဒိန္နုပါဒါနိယဿ ကာယဿ အာဟာရပစ္စယံ သန္ဓာယ ဝုတ္တံ။ မူလဋီ၊၃။၂၄၁။

**ဥပါဒိယတိ¹** (ကြိ) [ဥပ+အာ+ဒါ+ယ+တိ] (က) ယူ၏၊ မြဲစွာ-ပြင်းထန်စွာ-ယူ၏၊ စွဲလမ်း၏။ (ခ) မှီ၏။ (က) သော ရူပံ ဥပေတိ ဥပါဒိယတိ အဓိဋ္ဌာတိ "အတ္တာ မေ"တိ။ သံ၊၂။၉၃။ ဥပါဒိ-ယတီတိ ဂဏှာတိ။ သံဋ္ဌ၊၂။၂၈၆။ ဥပါဒိယတီတိ ဒဠှဂ္ဂါဟံ ဂဏှာတိ။ သံဋီ၊၂။၂၄၅။ ဥပါဒိယ-မာနော ဥပါဒိယတိ(မ၊၃။၅၁)တိ ပဋိသန္ဓိံ ဂဏှ-မာနော ဂဏှာတိ။ မဋ္ဌ၊၄။၄၄။(-ဒီ၊၂။၅၈၊၂၃၂။ မ၊၁။ရ၁၊၃၁၈။ အံ၊၂။၄၆၄။ နေတ္တိ။၁၃၉။ ဒီ၊ ဋ္ဌ၊၂။၉၈၊၃၅၆။ မဋ္ဌ၊၁။၂၂၃။ သံဋ္ဌ၊၂။၁၃။)

**ဥပါဒိယန္တိ**—မဋ္ဌ၁။၂၂၃။ မဋ္ဌ၄။၆၃။ မဋီ၊ ၃။၂၈၂။ သံ၊ဋ္ဌ၊၂။၁၃။ **ဥပါဒိယေယျ**—စူဠနိ။၁၅၂။ ဒီဋ္ဌ၁။၁၀၁။ **ဥပါဒိယေထ၁**—မ၁။၁၉၁။ မဋီ၊၂။၉၃။ **ဥပါဒိယေထ၂**—သုတ္တနိ။၄၄၆။ သုတ္တနိဋ္ဌ၊၂။၃၁၅။ စူဠနိ။၁၅၂။ စူဠနိဋ္ဌ။၄၃။ **ဥပါဒိယိံသု**—ဝိဋ္ဌ၊၂။၁၈၄။ ကခါ။ ၁၄၀။ ကခါဋီသစ်။၂၄၇။ **ဥပါဒိယိံ**—မ၁။ ၄၀၅။ မဋ္ဌ၊၂။၃၁၁။ မဋီ၊၂။၃၁၉။ **ဥပါဒိယိဿသိ**—မဋီ၊၁။၃၃၂။ **ဥပါဒိယိဿာမိ**—မ၃။၃၀၃။ မဋ္ဌ၄။၂၂၉၊၂၃၀။ (ခ) ယထာ ဥပါဒါရုပံ ဥပါဒိယတေဝ။ အဘိဋ္ဌ၁။၃၆၈။ (-ဝိသုဒ္ဓိဋီ၊၂။၈၆။) ဥပါဒိယန္တေဝ ဘူတာနိ။ အဘိဋ္ဌ၁။၉၂။ ဥပါဒိယန္တေဝါတိ ဘူတာနိ ဂဏှန္တိ ဝေ၊ နိဿယန္တိ ဝေါတိ အတ္ထော။ မူလဋီ၊၁။၅၄။

**ဥပါဒိ(ဒီ)ယတိ၂** (ကမ္မ၊ကြိ) [ဥပ+အာ+ဒါ+ယ+တေ] (က) ယူ-စွဲလမ်း-မြဲမြံစွာယူ-ပြင်းထန်စွာယူ-အပ်၏။ (ခ) မှီ-စွဲမှီ-အပ်၏။ (က) စတူဟိ ဥပါဒါနေဟိ ဥပါဒိ(ဒီ)ယတိ လောကသန္နိဝါသောတိ။ ပဋိသံ။၁၂၄။ ဣတိဝုတ်ဋ္ဌ။ ၁၃၉။ ဥပါဒီယတီတိ ဘုသံ ဂဏှီယတိ။ ဥပါဒိယတီတိ ဝါ ပါဌော။ ပဋိသံဋ္ဌ၊၂။၂၃။ (-ပဋိသံ၊ဂံ။၂၃၇။) ဝတ္ထုသခါတံ ကာမံ ဥပါဒိယတီတိ ကာမုပါဒါနံ။ ပဋိသံဋ္ဌ၊၂။၂၂။ **ဥပါဒိ(ဒီ)ယတိ**—ဣတိဝုတ်ဋ္ဌ။၁၅၇။ နေတ္တိဋီ။၉၁။ **ဥပါဒီယတေ**—ပဋိသံဋ္ဌ၁။၂၉၀။ သီဋီ၊သစ်၊ ၁။၃၈။ (ခ) န အညေန ဥပါဒီယတိ။ အဘိ၊ ဋ္ဌ၁။၃၆၈။ န ပန သယံ တေဟိ အညေဟိ ဝါ ဥပါဒီယတီတိ ဥပါဒါယံ။ ဝိသုဒ္ဓိဋီ၊၂။၈၆။ န ဘူတာနိ ဝိယ ဥပါဒိယန္တီတိ ဥပါဒါ။ အဘိ၊ ဋ္ဌ၁။၉၂။ ယထာ ဘူတာနိ ဥပါဒိယန္တိ ဂယှန္တိ နိဿီယန္တိ။ မူလဋီ၊၁။၅၄။

**ဥပါဒိယန္တိ၁** (ကြိ) [ဥပ+အာ+ဒါ+ယ+အန္တိ] ယူကုန်၏။ မြဲစွာ-ပြင်းထန်စွာ-ယူကုန်၏။ စွဲလမ်းကုန်၏။ ဥပါဒိယတိ၁ (က) ကြည့်။

**ဥပါဒိယန္တိ၂** (ကမ္မ၊ကြိ) [ဥပ+အာ+ဒါ+ယ+အန္တေ] မှီ-စွဲမှီ-အပ်ကုန်၏။ ဥပါဒိယတိ၂(ခ) ကြည့်။

**ဥပါဒိယိံ** (ကြိ) [ဥပ+အာ+ဒါ+ယ+ဣံ] ယူပြီ၊ စွဲလန်းပြီ။ ဥပါဒိယတိ၁ (က) ကြည့်။

**ဥပါဒိယိံသု** (ကြိ) [ဥပ+အာ+ဒါ+ယ+ဥံ] ယူကုန်ပြီ။ ဥပါဒိယတိ၁ (က) ကြည့်။

**ဥပါဒိယိဿသိ** (ကြိ) [ဥပ+အာ+ဒါ+ယ+ဿသိ] ယူလတ္တံ့၊ စွဲလန်းလတ္တံ့။ ဥပါဒိယတိ၁-(က) ကြည့်။

**ဥပါဒိယိဿာမိ** (ကြိ) [ဥပ+အာ+ဒါ+ယ+ဿာမိ] ယူလတ္တံ့၊ စွဲလန်းလတ္တံ့။ ဥပါဒိယတိ၁-(က) ကြည့်။

**ဥပါဒိယေထ၁**(ကြိ)[ဥပ+အာ+ဒါ+ယ+ဧယျာထ] စွဲလမ်းနိုင်ကုန်ရာသလော။ ဥပါဒိယတိ၁-(က) ကြည့်။

**ဥပါဒိယေထ၂** (ကြိ) [ဥပ+အာ+ဒါ+ယ+ဧထ] ယူ-စွဲလမ်း-မြဲမြံစွာယူ-ပြင်းထန်စွာယူ-ရာ၏၊ ဥပါဒိယတိ၁-(က) ကြည့်။

**ဥပါဒိယေယျ** (ကြိ) [ဥပ+အာ+ဒါ+ယ+ဧယျ] ဥပါဒိယတိ၁-(က) ကြည့်။

**ဥပါဒိယတေ** (ကမ္မ+ကြိ) [ဥပ+အာ+ဒါ+ယ+တေ] ယူ-စွဲလမ်း-မြဲမြံစွာယူ-ပြင်းထန်စွာယူ-အပ်၏။ ဥပါဒိယတိ၂ (က) ကြည့်။

**ဥပါဒိယနာ** (ထီ၊န) [ဥပ+အာ+ဒါ+ယု] ကပ်ဆောင်ခြင်း၊ ကပ်ယူခြင်း၊ စွဲလမ်းခြင်း။ ဣမေ ပန ကိဉ္စိ ဒေသံ လေသမတ္တံ ဥပါဒိယနာ အဓိကာ။ ဝိမတိ၊၁။၂၉၄။ ပစ္စယကရဏမေဝ ဟိ ပစ္စယုပ္ပန္နဿ ပစ္စယဘူတဓမ္မာနံ ဥပါဒိယနံ။ မဋီ၊၁။၃၂၄။ န ကိဉ္စိ လောကေ ဥပါဒိယတီတိ တွေ့ ကာမုပါဒါနဝသေန ဥပဒိယနံ ပဋိ-

ကွိုပိယတီတိ အာဟ တဏှာဝသေန န
ဥပါဒိယတီတိ။ မဋီ၊၂။၂၁၉။ အံဋီ၊၃။၁၈၀။
(–သံဋီ၊၂။၄၁၂။)

**ဥပါဒိယမာန** (တိ) [ဥပ+အာ+ဒါ+ယ+မာန]
ယူ–စွဲလမ်း–သော၊သူ။ ကဟံ ပန သော ဘဒ္ဒေ
ဘိက္ခု ဥပါဒိယမာနော ဥပါဒိယတီတိ။ မ၊၃။
၅၁။ ဥပါဒိယမာနော ဥပါဒိယတီတိ ပဋိသန္ဓိ
ဂဏှမာနော ဂဏှာတိ။ မဋ္ဌ၊၄။၄၄။ ဥပါဒိ–
ယမာနော ခေါ ဘိက္ခု ဗဒ္ဓေါ မာရဿ။ သံ၊
၂။၆၁။ ဥပါဒိယမာနောတိ တဏှာမာနဒိဋ္ဌိ–
ဝသေန ဂဏှမာနော။ သံဋ္ဌ၊၂။၂၅၈။ သဿတော
အတ္တာတိ ဣဒံ ပုရိမဒိဋ္ဌိ ဥပါဒိယမာနံ
**ဥဘယဝိသယ** (တိ) [ဥဘယ+ဝိသယ] နှစ်ပါးကျက်စားရာရှိသော။ အန္တာနန္တာနံ ဝသေန ဥဘယဝိသ–ယတ္တာ တေသံ ဝါဒဿ။ သာရတ္ထ၊၁။၁၄၅။

**ဥဘယဝိသုဒ္ဓိလက္ခဏ** (တိ) [ဥဘယဝိသုဒ္ဓိ+လက္ခဏ] နှစ်ပါးသော ဝိသုဒ္ဓိလက္ခဏာရှိသော။ အဗ္ဗောဟာရိကမေဝ ဟောတိ ဥဘယဝိသုဒ္ဓိ–လက္ခဏတာဘာဝတော။ ဝိသုဒ္ဓိ၊ဋီ၊၂။၄၈၃။

**ဥဘယဝိသေသန** (နံ) [ဥဘယ+ဝိသေသန] နှစ်ပါးသော–ပုဒ်–တရား–တို့၏ ဝိသေသန၊ နှစ်ပါးကို အထူးပြုခြင်း။ ဝေဒိ ပါကင္ဂဟကံ ဥဘယဝိသေသနံ ဟောတိ။ ဝိသုဒ္ဓိ၊ဋီ၊၂။၃၁၁။

န ဟိ အညတရဝိသေသနံ ဥဘယဝိသေသနံ န ဟောတိ။ မူလဋီ၊၃။၂၀၇။

**ဥဘယဝေါကိဏ္ဏ** (တိ) [ဥဘယ+ဝေါကိဏ္ဏ] နှစ်ပါးတို့ရောနှောသော။ ဥဘယဝေါကိဏ္ဏေသု ဝတ္တမာနေသု(ဒီ၃။၆၈)တိ ဥဘယေသု ဝေါကိဏ္ဏေသု မိဿီဘူတေသု ဟုတွာ ဝတ္တမာနေသု။ ဒီဋ္ဌ၊၃။၄၇။ ဥဘယဝေါကိဏ္ဏေတိ ဝစနဝိပလ္လာသေန ဝုတ္တန္တိ အာဟ "ဥဘယေသု ဝေါကိဏ္ဏေသူ"တိ။ ဒီဋီ၊၃။၃၈။

**ဥဘယဝေါမိဿက** (တိ) [ဥဘယ+ဝေါမိဿက] နှစ်ပါးရောနှောသော။ အာဝုသော ကွမေကေစ္စေ ဗဟုံ ပုညကမ္မံ ကရောတိ...ကေစ္စေ ဥဘယဝေါမိဿကံ ကရောတိ။ ကထာဝတ်၊ဋ္ဌ။၆၈။

**ဥဘယသင်္ဂဟ** (ပု) [ဥဘယ+သင်္ဂဟ] (၁) ပါဒက ဈာန် သမ္ဗသိတဈာန်) နှစ်ပါးတို့၏ထင်ရှားခြင်း။ (တိ)(၂) နှစ်ပါးသောပစ္စည်းတို့၏ထင်ရှားရှိသော။ (၁) ဥဘယသင်္ဂဟေ အဇ္ဈာသယဝသေန တတော အညတရေန အာဟိတဝိသေသာ စ ဝုဋ္ဌာနဂါမိနီဝိပဿနာ မဂ္ဂဿ ဗောဇ္ဈင်္ဂါဒိဝိသေသံ နိယမေတိ။ ဝိသုဒ္ဓိဋီ၊၂။၄၇၄။ (-အနုဋီ၊၁။၁၂၃။) (တိ)(၂) ဒုဝိဓမ္ပိ ပန ဒွါဝီသတိမူလကံ သဟ ဂဟေတွာ သင်္ဂဟိတေ တသ္မိံ ဥဘယသင်္ဂဟတော "တေဝီသတိမူလကော"တိ အာဟာတိ ဒဋ္ဌဗ္ဗံ။ မူလဋီ၊၃။၂၁၁။

**ဥဘယသဘာဂ** (တိ) [ဥဘယ+သဘာဂ] နှစ်ပါးအားဖြင့်-တူသောသဘောရှိသော-သဘောတူသော။ တေန ဣမေ ဥဘယသဘာဂတာပိ လဗ္ဘတီတိ ဒဿေတိ။ မဋ္ဌ၁။၄၄။

**ဥဘယသဘာဝ** (ပု) [ဥဘယ+သဘာဝ] (၁)နှစ်ပါးသောသဘော။ (တိ)(၂) နှစ်ပါးသောသဘောရှိသော။ (၁) ဇဝံ သတိ ဒိဋ္ဌိကပ္ပနက္ခမော တဿ ဥဘယသဘာဝေါ ပုဗ္ဗန္တာပရန္တေသု ယေဝ အန္တောဂဓော။ ဒီဋီ၊၁။၁၇၇။ သီဋီ၊သစ်၊၁။၄၅၃။ (တိ)(၂) ပစ္ဆိမကာ ပန စတ္တာရော ဥဘယသဘာဝါ။ ဒီဋီ၊၁။၂၆။ (-သီဋီ၊သစ်၊၁။၉၁။ အနုဋီ၊၃။၉၃၊၂၂၇။)

**ဥဘယသဘာဝပဋိက္ခေပ** (ပု) [ဥဘယသဘာဝ+ပဋိက္ခေပ] နှစ်ပါးသောသဘောကို ပယ်မြစ်ခြင်း။ တတိယပဒံ ဥဘယပဋိက္ခေပဝသေန ဝုတ္တံ။ အဘိဋ္ဌ၊၁။၈၄။

**ဥဘယသမ** (တိ) [ဥဘယ+သမ] (ဝိရိယသမာဓိ) နှစ်ပါးတို့၏-တူမျှခြင်းရှိသော-တူမျှသော။ ဥဘယသမတာယ ဟိ အပ္ပနာ ဟောတိ။ ဒီဋ္ဌ၊၂။ ၃၇၈။

**ဥဘယသမာဓိရဟိတ(ဝိရဟိတ)** (တိ) [ဥဘယသမာဓိ+ရဟိတ(ဝိရဟိတ)] နှစ်ပါးသောသမာဓိမှ ကင်းသော။ အသမာဟိတန္တိ ဥဘယသမာဓိရဟိတံ၊ အဘိဋ္ဌ၊၂။၂၅၆။ (-မဋီ၊၁၃၇၂။) အသမာဟိတန္တိ ဥဘယသမာဓိဝိရဟိတံ။ ဒီဋ္ဌ၊ ၂။၃၆၇။

**ဥဘယသမ္ပတ္တိ** (ထိ) [ဥဘယ+သမ္ပတ္တိ] နှစ်ပါး-သော-တို့၏-ပြည့်စုံခြင်း။ ဝိရောစတီတိ ဥဘယသမ္ပတ္တိယာ ဝိရောစတိ။ ကထာဝတ်၊ဋ္ဌ။၈၆။

**ဥဘယသမ္မာပနာပနယန** (နု) [ဥဘယသမ္မာပန+အပနယန] (မှိုဲ့အပ်, မမှိုဲ့အပ်ဟူသော) နှစ်ပါးသောတရားတို့သို့ ရောက်စေခြင်းကို ပယ်ရှားခြင်း။ အနုနေတာတိ ဣမေ ဓမ္မာ သေဝိတဗ္ဗာ၊ ဣမေ န သေဝိတဗ္ဗာတိ ဥဘယသမ္မာပနာပနယနတ္ထံ ပညာပေတာ။ မဋီ၊၂။၂၉၅။ အံဋီ၊၂။၁၆၉။

**ဥဘယသမ္ဗန္ဓ** (နု) [ဥဘယ+သမ္ဗန္ဓ] (၁) နှစ်ပါးတို့နှင့်စပ်ခြင်း။ (တိ)(၂) ဒိဋ္ဌ သုတနှစ်ပါးတို့နှင့်စပ်သော။ (၁) န ကေဝလံ တံသဒ္ဒိသတာဝ ဥဘယသမ္ဗန္ဓော။ မူလဋီ၊၁။၇၀။ (တိ)(၂) ဒိဋ္ဌံ သုတံ ဥဘယသမ္ဗန္ဓန္တိ ဣမေ တာဝ ဒိဋ္ဌာဒယော ဝေဒိတဗ္ဗာ။ အဘိဋ္ဌ၊၁။၁၁၆။

**ဥဘယသမ္ပိဏ္ဍ** (တိ) [ဥဘယ+သမ္ပိဏ္ဍ] နှစ်ပါးစုံ ရောနှောခြင်းရှိသော။ ယေ ပန ဥဘယသမ္ပိဏ္ဍ- တာဝသေန လောဘာလောဘုဿဒဝါရာဒယော အပရေ ကေ္ကနပညာသဝါရာ ကာမံ ဒဿေတဗ္ဗာ။ မာဋီ၊၂။၂၉၄။

**ဥဘယသမ္ဘူဋ္ဌ** (တိ) [ဥဘယ+သမ္ဘူဋ္ဌ] (ရုပ်နာမ်) နှစ်ပါး၌ တွေ့ဝေသော၊သူ။ ယေ ပန ဥဘယ- သမ္ဘူဋ္ဌာ။ ဝိသုဒ္ဓိဋီ၊၂။၈၅။ (-အနုဋီ၊၂။၅။)

**ဥဘယသီသပရိယာဒါန** (နု) [ဥဘယသီသ+ပရိ ယာဒါန] (ကိလေသသီသ ပဝတ္တသီသ ဟူသော) နှစ်ပါးသောသီသတို့၏ကုန်ခြင်း။ ဣမာယ ဝါရ- သမတာယ ဣဒံ ဥဘယသီသပရိယာဒါနံ သမံ ဟောတိ။ အဘိ၊ဋ္ဌ၊၃။၃၈။ ပဋိသံ၊ဋ္ဌ၊၁။၄၀။ အံ၊ ဋီ၊၃။၁၅၆။

**ဥဘယသုခ** (နု) [ဥဘယ+သုခ] နှစ်ပါးသော ချမ်းသာ။ ပဌမေန ဒိဋ္ဌဓမ္မသုခံ၊ တတိယေန သမ္ပရာယသုခံ၊ ဒုတိယေန ဥဘယသုခံ ဂဟိတန္တိ ဝေဒိတဗ္ဗံ၊ ဣတိဝုတ်၊ဋ္ဌ။၂၂၉။ (-အပ၊ဋ္ဌ၊၂။၁၅၅။)

**ဥဘယသုစရိတ** (နု) [ဥဘယ+သုစရိတ] နှစ်ပါး သော သုစရိုက်။ စတုဗ္ဗိဓံ ပန ဝစီဒုစ္စရိတံ တိဝိဓံ ကာယဒုစ္စရိတံ ပဟာယ ဥဘယသုစရိတံ ပူရေန္တဿေဝ။ အံ၊ဋ္ဌ၊၁။၄၀၅။

**ဥဘယသုဒ္ဓိ** (ထီ) [ဥဘယ+သုဒ္ဓိ] နှစ်ပါးစုံ၏စင် ကြယ်ခြင်း။ သီလာဒီဟိ ပယောဂသုဒ္ဓိယာ သတ္တာနံ အဘယဒါနေ အာသယသုဒ္ဓိယာ အာမိသဒါနေ ဥဘယသုဒ္ဓိယာ ဓမ္မဒါနေ သမတ္ထော ဟောတိ။ စရိယာ၊ဋ္ဌ။၂၉၄။ သီဋီ၊သစ်၊၁။၂၇၁။

**ဥဘယသေဋ္ဌိပုတ္တ** (ပု) [ဥဘယသေဋ္ဌိ+ပုတ္တ] သူဌေးနှစ်ဦးတို့၏သား။ သော ဇဝံ ဝနုမာနော အာသိတိကော ဟုတ္တာ ဥဘယသေဋ္ဌိပုတ္တောတိ ပါကဋော။ အပ၊ဋ္ဌ၊၂။၂၀၄။

**ဥဘယဟတ္ထကုဏီ** (တိ) [ဥဘယဟတ္ထ+ကုဏီ] လက်နှစ်ဖက်ကောက်သော၊သူ။ ကုဏီတိ ကေ- ဟတ္ထကုဏီ ဝါ ဥဘယဟတ္ထကုဏီ ဝါ။ မ၊ဋ္ဌ၊၄။ ၁၅၁။ သံ၊ဋ္ဌ၊၁။၁၄၉။ အံ၊ဋ္ဌ၊၂။၇၆၊၃၂၁။ အဘိ၊ ဋ္ဌ၊၃။၇၈။ သာရတ္ထ၊၃။၃၇၇။

**ဥဘယဟနန** (နု) [ဥဘယ+ဟနန] (မိမိ, သူတပါး) နှစ်ဦးသားကို ဖျက်ဆီးခြင်း။ သတိပိ ကုဟကဿ ဥဘယဟနနေ အတ္တဟနနေ ပန အယံ ဝိသေသော။ ထေရ၊ဋ္ဌ၊၁။၃၃၀။

**ဥဘယဟိတ** (တိ) [ဥဘယ+ဟိတ] (၁) နှစ်ပါး သောအစီးအပွား။ (မိမိ, သူတပါး) နှစ်ဦး၏ အစီးအပွား။ (၂) နှစ်ပါးသော အစီးအပွားရှိ သော၊ နှစ်ပါးသောအစီးအပွားကို ပေးတတ် သော။ (၁) အောက်ပုဒ်နှင့် ဥဘယဟိတပဋိပ- န္န-ကြည့်။ (၂) ယန္နူနာဟမ္ပိ ဘဂဝန္တံ ဥဘယ- ဟိတံ ပဋိပဒံ ပုစ္ဆေယျံ။ သုတ္တနိ၊ဋ္ဌ၊၂။၁၀၂။

**ဥဘယဟိတတ္ထိက** (တိ) [ဥဘယဟိတ+အတ္ထိက] နှစ်ပါးသောအစီးအပွား-ဖြင့်-ကို-အလိုရှိသော၊သူ။ သဒ္ဓါဝ ဥဘယဟိတတ္ထိကေဟိ မနာယိတဗ္ဗေဿ မနံ သဒ္ဓါမနံ။ ဒီ၊ဋီ၊၃။၂၅၇။

**ဥဘယဟိတပဋိပတ္တိ** (ထီ) [ဥဘယဟိတ+ပဋိ ပတ္တိ] နှစ်ပါးသောအစီးအပွားအလို့ငှာကျင့်ခြင်း။ ပရိယုဋ္ဌာနာနုသယပ္ပဟာနံ, ဥဘယဟိတပဋိပတ္တိ, လောကဓမ္မေဟိ အနုပလေပေါ စ။ သီဋီ၊သစ်၊ ၁။၄၇၇။

**ဥဘယဟိတပဋိပန္န** (တိ) [ဥဘယဟိတ+ပဋိပန္န] (မိမိ, သူတပါး) နှစ်ဦး၏ အစီးအပွားအလို့ငှာ ကျင့်သော၊သူ။ ဒေဝမနုဿေသု ပန ယေ အတ္တဟိတာယ ပဋိပန္နာဒယော စတ္တာရော ပုဂ္ဂလာ၊ တေသု ဥဘယဟိတပဋိပန္နော အဂ္ဂ- ပုဂ္ဂလော အယံ။ သုတ္တနိ၊ဋ္ဌ၊၂။၂၀၅။

**ဥဘယဟိတပရာယဏ** (တိ) [ဥဘယဟိတ+ပရာ ယဏ] နှစ်ပါးသောအစီးအပွားလျှင် လည်းလျောင်း

ရာရှိသော၊သူ။ ကထံ နု ခေါ...သမ္မာပဋိပတ္တိယာ ဥဘယဟိတပဋိပန္နောယဏာ ဘဝေယျံ။ မဋီ၊၁။၁၂၆။

**ဥဘယဟိတမုနန** (တိ) [ဥဘယဟိတ+မုနန] နှစ်ပါးသောအစီးအပွားကို သိသော၊သူ။ ဥဘယဟိတမုနနတော မုနိ။ ဣတိဝုတ်၊ဠ။၁၈၆။ အံ၊ ဋီ၊၂။၂၀၇။

**ဥဘယဟိတာဝဟ** (တိ) [ဥဘယဟိတ+အာဝဟ] နှစ်ပါးသောအစီးအပွားကိုဆောင်တတ်သော။ ကိစ္စမိစ္စကောတိ ဥဘယဟိတာဝဟံ ကိစ္စံ ဣစ္စန္တော။ ထေရ၊ဋ္ဌ၊၂။၄၂။

**ဥဘယာကာရ** (ပု) [ဥဘယ+အာကာရ] နှစ်ပါးသောအခြင်းအရာ။ ရာဇာ တဿာ ဥဘယာကာရံ ဒိသွာ တံ ပဏ္ဏာကာရပေတ္တာ ပုစ္ဆိ။ အံ၊ ဋ္ဌ၊၁။၂၂။

**ဥဘယာကာရဝိဓုရ** (တိ) [ဥဘယာကာရ+ဝိဓုရ] နှစ်ပါးသောအခြင်းအရာတို့မှဆန့်ကျင်သော။ ပဌမာရုပ္ပဝိညာဏာဘာဝဿ ပန န ဗဟိဒ္ဓါကာရော၊ နာပိ အဇ္ဈတ္တာကာရောတိ ဥဘယာကာရဝိဓုရေ တသ္မိံ အနညသာဓာရဏေန ပဝတ္တိယာကာရေန ပဝတ္တမာနံ အာကိဉ္စညာယတနမေဝ န ဝတ္တဗ္ဗာရမ္မဏံ ဝုတ္တံ။ အနုဋီ၊၁။၂၁၆-၇။

**ဥဘယာနတ္ထကာရီ** (တိ) [ဥဘယာနတ္ထ+ကရ+ဏီ] နှစ်ပါးသောအကျိုးမဲ့ကို ပြုတတ်သော။ တသ္မာ အနတ္ထတာတိ ဥဘယာနတ္ထကာရိတာ။ ဒီ၊ဋီ၊ ၃။၁၃၄။

**ဥဘယာနတ္ထဒူရီကရဏ** (န) [ဥဘယာနတ္ထ+ဒူရီကရဏ] နှစ်ပါးသောအကျိုးမဲ့ကို-ဝေးသည်ကို-ဝေးစွာ-ဝေးအောင်-ပြုခြင်း။ ကုသလမူလရောပနံ, ဥဘယာနတ္ထဒူရီကရဏံ, ပရိသာသု ဝိသာရဒတာ။ သီ၊ဋီ၊သစ်၊၁။၄၇၇။

**ဥဘယာနတ္ထသာဓန** (တိ) [ဥဘယာနတ္ထ(=ဥဘယ+အနတ္ထ)+သာဓန] နှစ်ပါးသော အကျိုးမဲ့ကိုပြီးစေတတ်သော။ ကာလေန ဝဒန္တေနပိ ဥဘယာနတ္ထသာဓနတော အဘူတံ ပရိဝဇ္ဇေတဗ္ဗံ။ မ၊ဋီ၊၂။၁၅၆။ အံ၊ဋီ၊၂။၃၇၂။

**ဥဘယာနုကမ္ပာ** (ထီ) [ဥဘယ+အနုကမ္ပာ] နှစ်ပါးစုံ၌သနားခြင်း။ ဣတိ ဥဘယာနုကမ္ပာယ ဥယျောဇေသိ။ သာရတ္ထ၊၃။၃၁၆။

**ဥဘယာနုရူပ** (တိ) [ဥဘယ+အနုရူပ] နှစ်ပါးတို့အား-နှင့်-လျော်သော။ ပတိရူပဒေသဝါသသပ္ပုရိသူပနိဿယသဒ္ဓမ္မဿဝနယောနိသောမနသိကာရာဒယော ပန ဥဘယေသံ သာဓာရဏာ ဥဘယာနုရူပါ စာတိ။ ဣတိဝုတ်၊ဋ္ဌ။၇၆။

**ဥဘယာပ(ပွ)ဇဟန** (န) [ဥဘယ+အပ(ပွ)ဇဟန] နှစ်ပါးစုံကိုမပယ်ခြင်း။ ဥဘယာပဇဟနဿ ကာရဏံ န ဟောတိ။ မူလဋီ၊၃။၁၄၉။ ဥဘယာပွဇဟနဿာတိ ကာမရာဂဝိစိကိစ္ဆာနုသယာပွဇဟနဿ။ အနုဋီ၊၃။၂၀၆။

**ဥဘယာပေက္ခာ** (ထီ) [ဥဘယ+အပေက္ခာ] နှစ်ပါးစုံကိုငဲ့ခြင်း။ ဥဘယထာပိ ဥဘယာပေက္ခာ နာမ။ မဋီ၊၃။၃၄၆။

**ဥဘယာပေက္ခာဓိပ္ပါယ** (ပု) [ဥဘယာပေက္ခာ+အဓိပ္ပါယ] နှစ်ပါးစုံကို-ငဲ့ခြင်း၌အလို-ငဲ့လိုခြင်း။ တေနေဝ ဥဘယာပေက္ခာဓိပ္ပါယေန "ကတံ န ကတံ" န္တိ အဝတွာ "ကိံ သံယသ ပုဗ္ဗကိစ္စ" မိစ္စေဝါဟ။ ဝဇီရ။၄၄၈။

**ဥဘယာဘာဝ** (ပု) [ဥဘယ+အဘာဝ] နှစ်ပါးစုံ၏မရှိခြင်း။ ဧဝံ သင်္ဂါဟကတ္တာဘာဝတော အသင်္ဂါဟကတ္တာဘာဝတော ဥဘယာဘာဝတော စ။ မူလဋီ၊၃။၁၂။(-၂၅။)

**ဥဘယာဘိနိဝေသ** (တိ) [ဥဘယ+အဘိနိဝေသ] နှစ်ပါးစုံကိုနှလုံးသွင်းခြင်းရှိသော။ ဧဝံ ဗဟိဒ္ဓါဘိနိဝေသော, ဥဘယာဘိနိဝေသော စ ဝေဒိတဗ္ဗော။ ဝိသုဒ္ဓိ၊ဋီ၊၂။၇၇။

**ဥဘယာမိဿက** (တိ) [ဥဘယ+အမိဿက] နှစ်ပါးမရောနှောသော။ အရဟတိ ဥဘယာမိဿကတ္တာ။ ဝဇီရ။ ၂၁၂။

**ဥဘယာရမ္မဏ** (တိ) [ဥဘယ+အာရမ္မဏ] နှစ်ပါးစုံလျှင်အာရုံရှိသော၊ နှစ်ပါးစုံကို အာရုံပြုသော။ ဝေဠု ကတ္ဝာ ကထံ ကေကုဏေကေဿ စိတ္တဿ ဥဘယာရမ္မဏဘာဝေါတိ ဒေဒိသိ စောဒနာ အနဝကာသာတိ ဒဿေတုံ။ ကင်္ခါ၊ဋီ၊သစ်။ ၂၁ဝ။

**ဥဘောဟတ္ထ** (ပု) [ဥဘ+ဟတ္ထ] နှစ်ခုသောလက်၊ လက်နှစ်ဖက်။ ဥဘောဟတ္ထေဟိ ပဂ္ဂယှ၊ ဗုဒ္ဓဿ အဘိရောပယီ။ အပ၊၁။ ၂၅ရ၊ (-၃ဝ၄၊၃၃၃။) ဥဘောဟိ ဟတ္ထေဟိ ပဂ္ဂယှ ဥက္ခိပိတ္ဝာ။ အပ၊ ဋ္ဌ၊ ၂။၁၉ဝ။

**ဥမင်္ဂ** (ပု) [ဥ+မဂ္ဂ။ ဥမ္မဂ္ဂ၊ သံ။] ဥမင်လိုဏ်ခေါင်း၊ လိုဏ်ဂူ၊ မြေအိမ်။ ဂိရိဂုဟာနံ့ ဒွိန္နံ့ ပဗ္ဗတာနံ အန္တရံ့ ကေဿီ ယေဝ ဝါ ဥမင်္ဂသဒိသံ မဟာဝိဝရံ။ ဒီ၊ဋ္ဌ၊၁။၁၈၈။ (နိသျ။ ဋီကာ-အားလုံး၌ "ဥမင်္ဂသဒိသံ"ဟုရှိ၏။ အံ၊ဋ္ဌ၊ ၂။၃၈၃-အလားတူ အဖွင့်၌လည်း ဥမင်္ဂသဒိသံ-ဟုရှိ၏။) အောက်ပုဒ်လည်းကြည့်။

**ဥမင်္ဂ** (ပု) [ဥ+မဂိ+အ။ နီတိ၊ဓာ။ ၂ရ။ အဝ+မဂိ+အ။ ပါစိတ်၊ယော။ ၂၈၉။] ဥမင်။ (က) မြေ၌ တူးအပ်သောလိုဏ်၊ မြေအောက်လိုဏ်ခေါင်း၊ ဥမင်လိုဏ်ခေါင်း။ (ခ) လိုဏ်ဂူ၊ မြေအိမ်။ (က) ဥမင်္ဂါ နိက္ခမိတွာန၊ ဝေဒေဟော နာဝမာရုဟိ။ ဇာ၊ ၂။ ၂၁၃။ ဇာ၊ဋ္ဌ၊၆။ ၂၉၂။ ဝေ ဂုတ္တံ (သုဂုတ္တံ) ကတွာ နိပန္နေ ပန သစေ ဘိတ္တိံ ဝါ ဆဒနံ ဝါ ဘိန္ဒိတွာ ဥမင်္ဂေန ဝါ ပဝိသိတွာ ဟရန္တိ။ ဝိ၊ဋ္ဌ၊ ၁။၃၁၁။ ဝိသင်္ဂဟ။၄၉။ (-အံ၊ဋ္ဌ၊၃။ ၂၁၉။ ဓမ္မ၊ ဋ္ဌ၊၁။၁၆ဝ။) (ခ) ဂုဟာတိ ပံသုဂုဟာ၊ သာ ဥန္နမေ ဥဒကမုတ္တဋ္ဌာနေ အဟောသိ၊ ကေတော ဥမင်္ဂ ကတ္ဝာ ခါဏုကေ စ ပံသုံ စ နီဟရိတွာ အန္တော ထမ္ဘေ ဥဿာပေတွာ မတ္ထကေ ပဒရ-စ္ဆန္နဂေဟသင်္ခေပေန ကတာ။ မ၊ဋ္ဌ၊၃။၁၅၄။ ဥမင်္ဂ ကတွာတိ ဟေဋ္ဌာ သုဒ္ဒဂုံ ကတ္ဝာ။ မ၊ဋီ၊၃။၁ဝရ။ ဥမင်္ဂသဒိသန္တိ သုဒ္ဒဂုံသဒိသံ။ ဒီ၊ဋီ၊၁။ ၂၅ရ။ အံ၊ ဋီ၊၂။ ၃၈ဝ။ ဥမင်္ဂသဒိသန္တိ စ "သုဒ္ဒဂုံသဒိသ"န္တိ အာစရိယေန ဝုတ္တံ သုဒ္ဒဂုံတိ ဟိ ဘူမိယာရဿေတံ အဓိဝစနံ။ သီ၊ဋီ၊သစ်၊ ၂။၁၂၂-၃။ (ဝိပါဓာန် ၌ ဥမင်္ဂသဒိသန္တိ ဥရုဒ္ဒါသဒိသံ-ဟု အံ၊ဋီ-၌ ဖွင့်ကြောင်းမှာသည်။ ပါစိတ်၊ယော-၌ ဥမင်္ဂ-ကို ဂူတ္တိလိင်ဖြင့်ဖွင့်ပြသည်။ ဥမင်္ဂနဒီ-ကြည့်။)

**ဥမင်္ဂဂင်္ဂါ** (ထီ) [ဥမင်္ဂ+ဂင်္ဂါ] မြေအောက်လိုဏ်ခေါင်းဖြင့် စီးသွားသောမြစ်၊ ဥမင်မြစ်။ ဥမင်္ဂေန သဋ္ဌိယောဇနာနိ ဂတဋ္ဌာနေ ဥမင်္ဂဂင်္ဂါတိ ဝုစ္စတိ။ မ၊ဋ္ဌ၊၃။ ၂၆။ ဥဒါန၊ဋ္ဌ။ ၂ရ၄။ (-သုတ္တနိ၊ဋ္ဌ၊ ၂။၁၆ ၂။ အပ၊ဋ္ဌ၊၁။၃၄၃။)

**ဥမင်္ဂဂုဟာ** (ထီ) [ဥမင်္ဂ+ဂုဟာ] ဥမင်လိုဏ်ဂူ၊ မြေလိုဏ်ဂူ။ ဘူမိဂုဟာန္တိ ဥမင်္ဂဂုဟံ။ ဝိမတိ၊၁။ ၂ရ၈။

**ဥမင်္ဂစောရ** (ပု) [ဥမင်္ဂ+စောရ] ဥမင်လိုဏ်-တူးဖေါက်၍-ဖြင့်-ခိုးသူ။ တသ္မိံ ခဏေ ဥမင်္ဂ-စောရာ ဒွိန္နံ ဂေဟာနံ အန္တရေ ဥမင်္ဂ ဘိန္ဒန္တိ။ ဓမ္မ၊ဋ္ဌ၊၁။၁၆ဝ။ (-ဓမ္မ၊ဋ္ဌ၊ ၂။၁ဝ၁။ ထေရ၊ဋ္ဌ၊၁။ ၃ဝ၄။ အပ၊ဋ္ဌ၊ ၂။ ၂၉ ၂။)

**ဥမင်္ဂဇာတက** (န) [ဥမင်္ဂ+ဇာတက] ဥမင်္ဂဇာတ်။ (မဟောသဓဇာတ်ကိုပင် ဥမင်္ဂဇာတ်ဟုခေါ်သည်။ ဇာ၊ ၂။ ၂ဝ၄-၂၂၁။ ဇာ၊ဋ္ဌ၊၆။၁၆၃-၃၃ ၂။) သတ္ထာ ဟိ မဟာဗောဓိဇာတကေ ဝိယ ဥမင်္ဂဇာတကေ ဝိယ စ အတ္တနော ပညာယ ဝဏ္ဏံ ဝဏ္ဏိတံ သုတွာ။ ဇာ၊ဋ္ဌ၊ ၂။၆၉။ (-ဇာ၊ဋ္ဌ၊၃။၁၄ဝ။ ဇာ၊ဋ္ဌ၊ရ။ ၂၄၈။)

**ဥမင်္ဂဒွါရ** (တိ) [ဥမင်္ဂ+ဒွါရ] ဥမင်တံခါး။ ဥမင်္ဂဒွါရံ ဝိဝရိသု၊ ယန္တယုတ္တေ စ အဂ္ဂဠေ။ ဇာ၊ ၂။ ၂၁၃။ ဇာ၊ဋ္ဌ၊၆။ ၂၉ ၂။

**ဥမင်္ဂဒွါရဝိဝရဏ** (န) [ဥမင်္ဂဒွါရ+ဝိဝရဏ] ဥမင်

တံခါးကို ဖွင့်ခြင်း။ ဥမင်္ဂဒွါရဝိဝရဏတ္ထံ ယောဓေ အာဏာပေသ္တော ဂါထမာဟ။ ဇာ၊ဋ္ဌ။၆။၂၉၂။

**ဥမင်္ဂနဒီသိမပ္ပမာဏ** (နှ) [ဥမင်္ဂနဒီသီမာ+ပမာဏ] ဥမင်မြစ်သိမ်-ပမာဏ-အတိုင်းအတာ။ သစေ ဟောဋ္ဌာ ဥမင်္ဂသိမပ္ပမာဏတော အနူနာ ပဌမ-မေဝ စ ပဝတ္တာ ဟောတိ။ ဝိမတိ၊၂။၁၄၈။

**ဥမင်္ဂနဒီ** (ထီ) [ဥမင်္ဂ+နဒီ] ဥမင်မြစ်။ သီမာယ ဟောဋ္ဌာ ဥမင်္ဂနဒီ ဟောတိ။ ဝိ၊ဋ္ဌ၊၃။၃၂၆။ (ဝိမတိ၊၂။၁၆၆။) ဥမင်္ဂနဒီတိ ဧတ္တ ဥကာရော သြ-ကာရဝိပရိတော၊ တသ္မာ ပထဝိယံ သြတရိတွာ ပဝိသိတွာ မင်္ဂတိ ဂစ္ဆတီတိ ဥမဂ္ဂါတိ အတ္ထော ဒဋ္ဌဗ္ဗော၊ ဥမဂ္ဂါ စ သာ နဒီ စေတိ ဥမင်္ဂနဒီ။ ပါစိတ်၊ယော။၂၈၉။

**ဥမင်္ဂဘိန္ဒန** (နှ) [ဥမင်္ဂ+ဘိန္ဒန] ဥမင်လိုဏ်ခေါင်း-ဖြို-တူးဖောက်-ခြင်း။ မမေ့န ဒါရံ ပေါသေန္တီတိ ဥမင်္ဂဘိန္ဒနာဒီနိ အကတွာ ဓမ္မိကေဟိ ကသိ-ဂေါရက္ခဝဏိဇ္ဇာဒီဟိ ပုတ္တဒါရံ ပေါသေန္တိ။ သံ၊ဋ္ဌ၊၁။၃၂၂။

**ဥမာ** (တိ) [ဥ+မ။ ကောတ္ထုဘ။ ဥ+မုဠ+အ။ ဥမာပုပ္ဖ-ကြည့်။ အဝ+မ။ ဥမ္မာ-ကြည့်။ ဥမ+အ။ ဥမာပုပ္ဖသရိန္နိဘ-ကြည့်။] (၁) ကျော်စောခြင်း။ (၂) နှစ်သက်ခြင်း။ (၃) နှမ်းကြတ်၊ ဗီဇ္ဇာ။ (ဓာန်၊သျှသစ်။) အောက်မဲ၊ အောင်မဲညို။ ကန်တောက် (ကတောက်)။(ရှေးနိသျှများ။) အဘိဓာန်ဋီကာ။ ၅၅၂-၌ ဥမာ၊ ဥမ္မာ-ဟုပါဠိနှစ်မျိုးရှိကြောင်းဆို၏။ ဓာန်ဋီ။သျှ-၌ "ဥမ္မာ-သဒ္ဒါ နှမ်းကြတ်, ကန်တောက်-အနက်နှစ်ပါး ဟောကြောင်း၊ အောင်မဲညိုအနက်ကား မသင့်ကြောင်း" မှာသည်။ (အမရကောသဘာသာဋီကာ၌ "ၚင်းကား နှမ်းမျိုးတည်း၊ ပကတိနှမ်းပင်လောက် ပင်စည် ခက်ရွက် မကြီးသောကြောင့် နှမ်းကြတ်-ဟု ရခိုင်လူမျိုးတို့ ခေါ်ဝေါ်သုံးစွဲသည် ဟူ၏၊ စိန်ကုန်သည်တို့၌ကား ၚင်းအစေ့သည် ဗီဇ္ဇာ ဟု ထင်ရှား၏" ဟုဆိုသည်။ ဓာန်၊သျှ၊သစ်၌လည်း ထို့အတူပင်ဆို၏၊ ကျော်အောင်စံထား၊ဓာန်၊သျှ-၌ "အောက်မဲ၊ နှမ်းကြတ်" ဟုပြန်ဆိုသည်။ တောင်ပေါက်၊သျှ-၌ "နှမ်းကြတ်(စပါးအထူး)" ဟု ပြန်ဆိုသည်။ သီဟိုဠ် သုဘူတိနိသျှ၌ "ဓည-ဝိသေသ=စပါးအထူး" ဟုပြန်ဆိုသည်။ ဝိ၊ဋ္ဌ။ ရွှေဥမင်နိသျှ၊ ဒီ၊ဋ္ဌ။ဘုရားကရားနိသျှ-တို့၌ "ကတောက်"ဟု ပြန်ဆိုသည်။ ပါဠိတော်မြန်မာပြန်တို့၌ "အောင်မဲညို" ဟုပြန်ဆို ကြသည်။ မြန်မာအဘိဓာန်၊၂။၂၅၀-၌ နှမ်းကြတ် ကို "ပန်းပြာပွင့်သောအပင်ဖြစ်ကြောင်း၊ အစေ့ကို ဗီဇဝါ အမည်ဖြင့် စိန်ရတနာချိန်တွယ်ရာတွင် သုံးရကြောင်း" ဆိုထား၏။ မြန်မာအဘိဓာန်၊ ၃။၁၀၂-၌ ဗီဇ္ဇာပင်ကို "လျှော်နှင့်အစေ့ကို အသုံးပြုရသောအပင်တမျိုး"ဟုဆို၏။ ပုံပြဆေးအဘိဓာန်၊ ၄။၁၆၉-၁၇၄-တို့တွင် အောင်မဲဖြူ၊ အောင်မဲညို အပင်တို့ကိုပြရာ၌ "ၚင်းဆေးပင်၏ ပွင့်ချပ်များသည် နှစ်ထပ်မှ လေးထပ်အထိ ပွင့်နေသည်" ဟုလည်းကောင်း၊ "အရွက်ကို အသုံးပြုကြောင်း"ကိုလည်းကောင်း ပြဆိုသည်။ ဒီ၊ဋ္ဌ၊၂။ မ၊ဋ္ဌ၊၂။ အပ၊ဋ္ဌ၊၂-တို့အဖွင့်အရမူ ယင်းဥမာ=ဥမ္မာ မည်သောအပင်၏အပွင့်သည် ဂိရိကဏ္ဏိက=အောင်မဲညို (တောင်ဇလပ်-ရှေးနိသျှ)အပွင့် စသည်တို့ထက်ညိုကြောင်းသိရသည်၊ ဝိ၊ဋ္ဌ၊၃။၁၀၁-၌ ယင်း၏အရွက်သည် ပတ္တခါဒနီယ=အရွက်စားဖွယ်၌ ပါဝင်ကြောင်းပြဆိုသည်။ အပ၊ဋ္ဌ၊၂။၁၅၇-အဖွင့်အရ ယင်း၏အပွင့်သည် အထက်အထက်အဆင့်ဆင့် ပွင့်ကြောင်း သိရသည်။ ထို့ပြင် "ဥမာပုပ္ဖသမာနန္တိ ဒကသီတလပုပ္ဖသဒိသံ"ဟု မဟာနိ၊ဋ္ဌ။၃၃၁-၌လာသော "ဒကသီတလ" ကို အဘိဓာန်။၆၈၉-၌ "သောဂန္ဓိကံ ကလ္လဟာရံ ဒကသီတလိကံ" ဟု ပရိယာယ်ပုဒ်တို့ဖြင့် ဆိုထားသည်။ ကြာသိမ် (ကြာတံဆိပ်၊ ညနေချမ်း၌ပွင့်သောကြာဖြူ)ဟု ဓာန်၊သျှ၊သစ်၌အနက်ပေးသည်။ ပုံပြဆေးအဘိဓာန်၊၁။၉၈-၌ သောဂန္ဓိက-ကို

ကြာညိုဖြို့ သွင်းပြသည့်အပြင် "လရောင်ဖြင့်ပွင့်၏" ဟု ဆိုထားသည်ကိုလည်းကောင်း၊ ကပ္ပဒ္ဒုမ-၌ သောဂန္ဓိက-ကို နီလုပ္ပလ=ကြာညို (ကြာပြာ) ဟုပြဆိုသည်ကိုလည်းကောင်း၊ အညိုရောင်ကို ပြရာဌာနဖြစ်သည်ကိုလည်းကောင်းထောက်၍ "ဒကသီတလ" ကိုလည်း ကြာညို(ကြာပြာ)မျိုးဟု ယူသင့်ပေသည်။ ဥမာပုပ္ဖ၊ ဥမာပုပ္ဖသမာန၊ ဥမ္မာ-တို့လည်းကြည့်။)

(၁)(၂) ပုလာ မဟတီ ဥမာ ကိတ္တိ, ကန္တိ ဝါ ယဿာတိ ပုလောမော။ ဓာန်ဋီ။၄၄။ (၃) အောက်ပုဒ်ကြည့်။

**ဥမာကုသုမ** (န) [ဥမာ+ကုသုမ] အောင်မဲညို-နှမ်းကြတ်-ကန်တောက်-ပွင့်၊ အောက်ပုဒ်ကြည့်။

**ဥမာပုပ္ဖ** (န) [ဥ+မုဋ္ဌ+ပုပ္ဖ+အ။ အပ၊ဋ္ဌ၊၂။၁၅၇။ ဥမာ+ပုပ္ဖ] အောင်မဲညို-နှမ်းကြတ်-ကန်တောက်-ပွင့်၊ သေယျထာပိ နာမ ဥမာပုပ္ဖံ နီလံ နီလ-ဝဏ္ဏံ။ ဒီ၊၂။၉၃။ မ၊၂။၂၀၆။ ပဋိသံ၊ဋ္ဌ၊၁။၆၉။ ဥမာပုပ္ဖန္တိ တေဥုံ ပုပ္ဖံ သိနိဒ္ဓံ မုဒု (မုဒုံ)၊ ဒိဿမာနမ္ပိ နီလမေဝ ဟောတိ၊ ဂိရိကဏ္ဏိက-ပုပ္ဖာဒီနိ ပန ဒိဿမာနာနိ သေတဓာတုကာ-နေဝ ဟောန္တိ၊ တသ္မာ ဣဒမေဝ ဂဟိတံ၊ တာနိ န ဂဟိတာနိ။ ဒီ၊ဋ္ဌ၊၂။၁၅၃။ မ၊ဋ္ဌ၊၃။၁၇၉။ ဥမာပုပ္ဖ(အပ၊၁။၁၉၀)န္တိ ဥဒ္ဓမုဒ္ဓံ နီလပဘံ မုဋ္ဌမာနံ ပုပ္ဖတိ ဝိကသတီတိ ဥမာပုပ္ဖံ။ အပ၊ဋ္ဌ၊၂။၁၅၇။ ဥမာပုပ္ဖန္တိ အတသိပုပ္ဖံ။ ဒီဋီ၊၂။၁၆၂။ မဋီ၊၃။၁၂၄။ ဥမာပုပ္ဖေန သမာနာ(ထေရ၊၃၅၁)တိ မေစကနိ-ဘတာယ ဥမာကုသုမသဒိသာ။ ထေရ၊ဋ္ဌ၊၂။၄၅၂။

**ဥမာပုပ္ဖဒေဝ** (ပု) [ဥမာပုပ္ဖ+ဒေဝ] အောင်မဲညို-နှမ်းကြတ်-ကန်တောက်-ပွင့်အဆင်းရှိသောနတ်၊ အောက်ပုဒ်ကြည့်။

**ဥမာပုပ္ဖနိဘာသီ** (တိ) [ဥမာပုပ္ဖနိဘာသ+ဤ] အောင်မဲညို-နှမ်းကြတ်-ကန်တောက်-ပွင့်အရောင် အဆင်းရှိသော၊သူ။ ဥမာပုပ္ဖနိဘာသိနော(ဒီ၊၂။ ၂၀၈)တိ ဥမာပုပ္ဖဒေဝါ နာမ ဧတေ ဒေဝါ၊ ဥမာပုပ္ဖသဒိသာ ဟိ တေသံ သရီရာဘာ။ ဒီ၊ဋ္ဌ၊၂။၂၈၃-၄။ (-ဒီဋီ၊၂။၂၄၂။)

**ဥမာပုပ္ဖသမာန** (တိ) [ဥမာပုပ္ဖ+သမာန] အောင်မဲညို-နှမ်းကြတ်-ကန်တောက်-ပွင့်နှင့်တူသော။ တံ နီလံ ဟောတိ သုနီလံ ပါသာဒိကံ ဒဿနေယျံ ဥမာပုပ္ဖသမာနံ။ မဟာနိ၊၃၅၆။ စူဠနိ၊၁၇၃။ ဥမာပုပ္ဖသမာနန္တိ ဒကသီတလပုပ္ဖသဒိသံ။ မဟာနိ၊ဋ္ဌ၊၃၃၁။ (အဘိဓာန်၊၆၈၉-၌လာသော "ဒက-သီတလိက-ကို နိဿျ-တို့၌ ကြာသိမ်၊ ကြာတံဆိပ်၊ ညနေချမ်း၌ပွင့်သော ကြာဖြူ-ဟု အနက် ပေးကြ၏၊ ဤ၌မူ ကြာဖြူအနက် မဖြစ်နိုင်၊ ကြာညိုမျိုးဝင် ကြာပင်အနက်သာ ဖြစ်ရမည်။ "ဒကသီတလပုပ္ဖသဒိသံ=ကြာညိုပွင့်နှင့်တူသော" ဟု အနက်မှတ်ရမည်။ ဥမာ-လည်းကြည့်။)

**ဥမာပုပ္ဖဝဏ္ဏ** (ပု) [(၁) ဥမာပုပ္ဖ+ဝဏ္ဏ။ (၂) ဥမာ ပုပ္ဖဝဏ္ဏ+ဝဏ္ဏ] (၁) အောင်မဲညို-နှမ်းကြတ်-ကန်တောက်-ပွင့်အဆင်း။ (တိ)(၂) အောင်မဲညို-နှမ်းကြတ်-ကန်တောက်-ပွင့်အဆင်းရှိသော။ (၁) နီလော စ ဝဏ္ဏောတိ ဥမာပုပ္ဖသမာနော။ မဟာနိ၊ဋ္ဌ၊၃၃၁။ (တိ)(၂) နီလာနန္တိ ဥမာပုပ္ဖဝဏ္ဏာနံ။ ပဋိသံ၊ဋ္ဌ၊၂။၁၃။ တတ္ထ စ နီလိကာ ဥမာပုပ္ဖဝဏ္ဏာ ဟောတိ၊ ဝိ၊ဋ္ဌ၊၃။၃၆၇။ (ပါစိတ်၊ယော-၌ ဥမ္မာရ-ပုပ္ဖဝဏ္ဏာ ဟု တည်ပုဒ်ပြုထားသည်။) ဥမ္မာရပုပ္ဖ-ဝဏ္ဏာတိ ဥမ္မာရပုပ္ဖဿ ဝဏ္ဏော ဝိယ ဝဏ္ဏော ဧတိဿာတိ ဥမ္မာရပုပ္ဖဝဏ္ဏာ။ ပါစိတ်၊ယော၊၃၃၆။

**ဥမာပုပ္ဖသရိန္နိဘ** (တိ) [ဥမာပုပ္ဖသရီ+နိဘာ] အောင်မဲညို-နှမ်းကြတ်-ကန်တောက်-ပွင့်နှင့်တူသောအဆင်းရှိသော။ ဥမာပုပ္ဖသရိန္နိဘာ(ဇာ၊၁။၃၂၅)န္တိ နီလပစ္စတ္ထရဏတ္တာ ဥမာပုပ္ဖသဒိသာယ နိဘာယ ဩဘာသေန သမန္နာဂတံ၊ ကာဠဝဏ္ဏ-ဒါရုသာရမယံ ဝါ။ ဇာ၊ဋ္ဌ၊၄။၄၂၃။ ဥမာပုပ္ဖန္တိ ဝေဠုနာမကံ ပုပ္ဖံ၊ ဇာဋီ၊ဟောင်း။ ဥမ္မာရပုပ္ဖသန္နိဘန္တိ ဥမ္မာရော နာမ နီလပုပ္ဖာ ဧကာ တိဏဇာတိ၊

ဥမေတိ တေမေတိ ဩဘာသေနာတိ ဥမ္မာရော၊ တိမ ဥမ တေမနေတိ ဓာတုတော မာရပစ္စယ-ဝသေန ပဒသိဒ္ဓိ၊ တဿ ဟိ ပုပ္ဖာနိ နီလဝဏ္ဏာနိ သိနိဒ္ဓါနိ မုဒူနိ ဟောန္တိ၊ ယော "ကန်တောက်"ဣတိ ဝုစ္စတိ။ ဇာ၊ဋီ၊သစ်။

**ဥမာပုပ္ဖိယ** (တိ) [ဥမာပုပ္ဖ+ဣယ] အောင်မဲညို-နှမ်းကြွတ်-ကန်တောက်-ပွင့်လှူဘူးသော၊သူ။ ဣတ္ထံ သုဒံ အာယသ္မာ ဥမာပုပ္ဖိယော ထေရော ဣမာ ဂါထာယော အဘာသိတ္ထ။ အပ၊၁။၁၉၀၊ ၂၉၅။

**ဥမ္မဂ္ဂ¹** (ပု) [ဥ+မဂ္ဂ] (၁) လမ်းမဟုတ်။ (က) ခရီးလမ်းမှန်မဟုတ်၊ လမ်းမှား။ (ခ) (နတ်ရွာနိဗ္ဗာန်စသည်ရောက်ကြောင်း)လမ်း-တရားနည်းလမ်း-မဟုတ်၊ လမ်းလွဲ၊ လမ်းမှား။ (၂) ဥမင်လိုဏ်ခေါင်း။ (၁)(က) ဥပဏော အာဇီဝကော... ဥမ္မဂ္ဂံ ဂဟေတွာ ပက္ကာမိ။ ဝိ၊၃။၁၂။ မ၁။ ၂၂၈၊ မ၂။ ၂၉၅။ ယထာပိ နာမ ဇစ္စန္ဓော... ကောဒိ ယာတိ မဂ္ဂေန၊ ဥမ္မဂ္ဂေနာပိ ကောဒိ။ အဘိ၊ဋ္ဌ၊ ၂။၁၄၂။ ပဋိသံ၊ဋ္ဌ၊၁။၃၁၉။ ဝိသုဒ္ဓိ၊၂။၁၃၇။ မဟာနိ၊ဋ္ဌ။၁၉၅။ ဥမ္မဂ္ဂေနာတိ ဥပ္ပထေန။ ပဋိသံ၊ဂံ။၂၁၆။ (ခ) ဥမ္မဂ္ဂေါ(သံ၊၂။၃၉၉)တိ ဒေဝလောကံ ဝါ မနုဿလောကံ ဝါ နိဗ္ဗာနံ ဝါ ဂစ္ဆန္တဿ အမဂ္ဂေါ။ သံ၊ဋ္ဌ၊၃။၁၀၆။ ဘဝသမ္ပတ္တိ-ဘဝနိဗ္ဗာနာနံ အပ္ပဒါနဘာဝတော ဥမ္မဂ္ဂေါ။ သံ၊ဋီ၊၂။၃၄၅။ (-သီ၊ဋီ၊သစ်၊၁။၃၉၁။) (၂) ဥမ္မ-ဂ္ဂေနာတိ ပုရာပါကံ ခဏိတွာ ကတမဂ္ဂေနာတိ အတ္ထော။ ဝဇိရ။၁၃၂။ (ယင်း၏ သံဝဏ္ဏနာဖြစ်သော ဝိ၊ဋ္ဌ၊၁။၃၁၁-၌ ဥမင်္ဂေန-ဟုရှိ၏။)

**ဥမ္မဂ္ဂ²** (ပု) [ဥ+မုဇ္ဇ+ဏ။ ဓာတွတ္ထ၊၂၉၃။ ဥ+မုဇ+ဏ] (၁) အပေါ်သို့တက်လာခြင်း၊ (ငါး) ပွက်ခြင်း။ (၂)(က) ထင်ပေါ်လာသောအသိဉာဏ်၊ ပညာ။ (ခ)အမေးပြဿနာကိုရှာဖွေခြင်း၊ သိလိုသောအနက်ကို စူးစမ်းဆင်ခြင်ရှာဖွေခြင်း။ (၃) နှလုံးသွင်းခြင်း (ကိလေသာ)။ (၁) ယထာ ခေါ ဣမဿ မစ္ဆဿ ဥမ္မဂ္ဂေါ။ အံ၊၁။၅၁၀။ (၂)(က) ဘဒ္ဒကော တေ ဘိက္ခု ဥမ္မဂ္ဂေါ။ အံ၊၁။၄၉၇။ ဥမ္မဂ္ဂေါတိ ဥမ္မုဇ္ဇနံ၊ ပညာဂမနန္တိ အတ္ထော။ ပညာ ဧဝ ဝါ ဥမ္မုဇ္ဇနဋ္ဌေန ဥမ္မဂ္ဂေါတိ ဝုစ္စတိ၊ အံ၊ဋ္ဌ၊ ၂။၃၆၀။ (ခ) ယထာ ခေါ ဣမဿ အာယ-သ္မတော ဥမ္မဂ္ဂေါ ယထာ စ အဘိနီဟာရော။ အံ၊၁။၅၁၀။ ဥမ္မဂ္ဂေါတိ ပဉ္ဟုမ္မဂ္ဂေါ။ အံ၊ဋ္ဌ၊၂။၃၆၆။ ပဉ္ဟုမ္မဂ္ဂေါတိ ပဉ္ဟဂဝေသနံ၊ ဉာတုံ ဣစ္ဆိတဿ အတ္ထဿ ဝီမံသနန္တိ အတ္ထော။ အံ၊ဋီ၊၂။၃၆၃။ (၃) ဥမ္မဂ္ဂပထ-ကြည့်။

**ဥမ္မဂ္ဂဂါမီ** (တိ) [ဥမ္မဂ္ဂ+ဂမု+ဏီ] လမ်းလွဲ-လမ်းမှား-လမ်းမှန်မဟုတ်သည်-ကိုသွားသော၊ အပဒူသာတိ မဂ္ဂတော အပဂတာ၊ ဥမ္မဂ္ဂဂါမိနော ဟုတွာ ဝါယန္တီတိ အတ္ထော။ အံ၊ဋ္ဌ၊၂။၃၁၇။

**ဥမ္မဂ္ဂပဋိပန္န** (တိ) [ဥမ္မဂ္ဂ+ပဋိပန္န] လမ်းလွဲ-လမ်းမှား-နည်းမှန်လမ်းမှန်မဟုတ်သည်-ကို-သွား-ကျင့်-သော၊သူ။ ဥမ္မဂ္ဂပဋိပန္နမ္ပိတိ(ထေရီ၊ ၃၉၀)... တတ္ထ သာသနေ ပဗ္ဗဇိတွာ ကမ္မဋ္ဌာနံ အမနသိကရောန္တိ တဿ ဥမ္မဂ္ဂပဋိပန္နာ အမှိ။ ထေရီ၊ဋ္ဌ။၉၃။

**ဥမ္မဂ္ဂပထ** (ပု) [ဥမ္မဂ္ဂ+ပထ] နှလုံးသွင်းခြင်း (ကိလေသာ)ဟူသော(ဝဋ်၏)လမ်း၊ ကိလေသာဖြစ်ခြင်း၏အကြောင်း။ ဥမ္မဂ္ဂပထံ မာရဿ အဘိဘုယျ၊ စရတိ ပဘိဇ္ဇ ခိ(ခီ)လာနိ။ သံ၊၁။ ၁၉၄။ ထေရ၊၃၇၁။ ဥမ္မဂ္ဂပထန္တိ အနေကာနိ ကိလေသုမ္မုဇ္ဇနသတာနိ၊ ဝဋ္ဋပထတ္တာ ပန ပထန္တိ ဝုတ္တံ။ သံ၊ဋ္ဌ၊၁။၂၅၅။ ဥမ္မဂ္ဂပထန္တိ အနေကာနိ ကိလေသုပ္ပဇ္ဇနပထာနိ [ကိလေသုမ္မုဇ္ဇနပထာနိ (သီ)]၊ ဝဋ္ဋပသုတပထတာယ ဟိ ပထန္တိ ဝုတ္တံ။ ထေရ၊ဋ္ဌ၊၂။၅၃၀။ (-သံ၊ဋီ၊၁။၂၉၂။)

**ဥမ္မဂ်³** (ပု) [ဥ+မုဇ္ဇ+ဏ။ ဓာတွတ္ထ၊၂၉၃။ ဥ+မုဇ+ဏ။ ပါစိတ်၊ယော။] (၁) အမေးပြဿနာ၊ ပညာ၊ ပေါ်-ဖော်ထုတ်-တတ်သောပညာ၊ သိလိုသော

အနက်ကို စူးစမ်းဆင်ခြင်ရှာဖွေခြင်း၊ ပညာရှာခြင်း။ (၂) ပြဿနာကို ဖေါ်ထုတ်ခြင်း၊ ပြဿနာရှာခြင်း။ (၁) ဘဒ္ဒကော တေ ဥမ္မင်္ဂေါ၊ ယောနိသော ပရိပုစ္ဆတိ။ ဝိ၊၅။၂၅၅။ ဘဒ္ဒကော တေ ဥမ္မင်္ဂေါတိ ဘဒ္ဒကာ တေ ပဉ္ဉာ၊ ပဉ္ဉာ ဟိ အဝိဇ္ဇန္ဓကာရတော ဥမ္မုဇ္ဇိတွာ ဌိတတ္တာ "ဥမ္မင်္ဂေါ"တိ ဝုစ္စတိ။ ဝိ၊ဋ္ဌ၊၄။၁၈၇။ ဘဒ္ဒကော တေ ဥမ္မင်္ဂေါတိ ဧတ္ထ ဥမ္မင်္ဂသဒ္ဒေါ ပဉ္ဉာဝါစကောတိ အာဟ "ဘဒ္ဒကာ တေ ပဉ္ဉာ"တိ။ ...ဥမ္မုဇ္ဇိတွာ ဌိတတ္တာတိ ဣမိနာ ဥမ္မုဇ္ဇတီတိ ဥမ္မင်္ဂေါတိ ဝစနတ္ထံ ဒဿေတိ။ မုဇဓာတု ဥ-ကာရဿ အကာရော၊ အဝိဇ္ဇန္ဓကာရသင်္ခါတာ ဥဒကတော ဥမ္မုဇ္ဇတီတိ အတ္ထော။ ပါစိတ်၊ယော။၅၈၈-၉။ ဘဒ္ဒကော တေ အာဝုသော ဘဒ္ဒ ဥမ္မင်္ဂေါ၊ ဘဒ္ဒကံ ပဋိဘာနံ။ သံ၊၃။၁၄၁၄။ ဥမ္မင်္ဂေါတိ ပဉ္ဉာဥမ္မင်္ဂေါ၊ ပဉ္ဉာဝီမံသနံ ပဉ္ဉာဂဝေသနန္တိ အတ္ထော။ သံ၊ဋ္ဌ၊၃။၁၆၈။ ဥမ္မင်္ဂေါတိ ပဉ္ဉမင်္ဂေါ၊ ပဉ္ဉဂဝေသနံ။ သံ၊ဋ္ဌ၊၃။၂၆၀။ ပဉ္ဉမင်္ဂေါတိ ဉာတုံ ဣစ္ဆိတဿ အတ္ထဿ ဂဝေသနံ၊ တေနာဟ "ပဉ္ဉဂဝေသန"န္တိ။ သံ၊ဋီ၊၂။၄၈၃။ ဥဿာဟော ဝီရိယံ ဝုတ္တံ၊ ဥမ္မင်္ဂေါ ပဉ္ဉာ ပဝုစ္စတိ။ သုတ္တနိ၊ဋ္ဌ၊၁။၄၅။ အပ၊ဋ္ဌ၊၁။၁၅၈။ ဥမ္မင်္ဂေါ နာမ ဇောတိ-သမ္ဘာရေသု ဥပါယကောသလ္လဘူတာ ပဉ္ဉာ။ စရိယာ၊ဋ္ဌ။၂၈၂။ သီ၊ဋီ၊သစ်၊၁။၂၅၉။ (-ဒီ၊ဋီ၊၁။၇၃။) (၂) ဣမဿ ဥဒါယိဿ မောဃပုရိသဿ ဥမ္မင်္ဂေါ။ မ၊၃။၂၅၁။ ဥမ္မင်္ဂန္တိ ပဉ္ဉာဥမ္မင်္ဂေါ။ မ၊ဋ္ဌ၊၄။၁၈၁။ ဥမ္မင်္ဂန္တိ ဥမ္မုဇ္ဇနံ၊ ကထာမုခေန အန္တရာ အဉ္ဉာဏဝိသယပဉ္ဉာ ဥမ္မင်္ဂေါ၊ တေနာဟ "ပဉ္ဉာ-ဥမ္မင်္ဂ"န္တိ။ မ၊ဋီ၊၃။၃၇၇။

**ဥမ္မင်္ဂ[၂]** (ပု) [အဝ+မဂိ+အ။ ဥမင်္ဂ-ကြည့်။] ဥမင်၊ မြေ၌တူးအပ်သောလိုဏ်၊ မြေအောက်လိုဏ်ခေါင်း၊ ဥမင်လိုဏ်ခေါင်း။ သာ ဃရံ ဂန္တွာ ဥမ္မင်္ဂေ စောရေ ဒိသွာ။ အံ၊ဋ္ဌ၊၁။၃၅၀။ (-ဇာ၊ဋ္ဌ၊၁။၂၀၃။)

**ဥမ္မင်္ဂဇာတက** (န) [ဥမ္မင်္ဂ+ဇာတက] ဥမ္မင်္ဂဇာတ် (မဟောသဓဇာတ်)။ ဥမ္မင်္ဂဇာတကေ ဣမဿ္မိံ ဇာတကေ ပစ္ဆိမတ္တဘာဝေတိ တီသု ဌာနေသု ဇာတမတ္တောဝ ကထေသိ။ စရိယာ၊ဋ္ဌ။၈၀။

**ဥမ္မဇ္ဇန** (န) [ဥ+မဇ္ဇ+ယု] ကြေးပွတ်-ချေးပွတ်-ခြင်း။ နဟာနဉ္စ သိနာနေထော-ဗ္ဗဋ္ဋနုမ္မဇ္ဇနံ သမံ။ ဓာန်။၂၉၉။

**ဥမ္မဋ္ဌ** (န)[ဥ+မသ+တ] (၁) အထက်သို့ရှေးရှုသော-အထက်၌မျက်နှာဝရှိသော-အပေါက်။ (၂) အထက်သို့-မျက်နှာဝ-အပေါက်ဝ-ပေါ်အောင် ပစ်ခတ်ထိုးဖောက်ခြင်း။ အောက်မှ အထက်သို့ ထိုးသွင်းခြင်း။ (၁) ဥမ္မဋ္ဌံ နာမ ဥဒ္ဓံမုခဆိဒ္ဒံ။ ဝိ၊ဋ္ဌ၊၁။၂၇၈။ (၂) ဟေဋ္ဌာ ဌတွာ ဥဒ္ဓံမုခံ ဒိန္နော ဥမ္မဋ္ဌော နာမ။ သံ၊ဋ္ဌ၊၁။၄၆။ ထေရ၊ဋ္ဌ၊၁။၁၃၁။ (-နေတ္တိ၊ဋ္ဌ။၂၃၄။ သံ၊ဋီ၊၁။၉၀။)

**ဥမ္မတ္တ[၁]** (ပု) [(၁) ဥ+မဒ+တ။ နိရုတ္တိ၊နှာ။၄၈၅။ ဥမ္မာဒ+တ။ ဥမ္မာဒေါ ဝါတာဒိပကောပေါ ရောဂ-ဝိသေသော၊ တဗ္ဗတိ ဥမ္မတ္တော။ မဒ ဥမ္မာဒေ။ ဓာန်၊ဋီ။၃၂၂။ (၂) ဥ+မဇ္ဇ+တ။ ဥဂ္ဂံ မဇ္ဇတိ ယေနာတိ ဥမ္မတ္တော။ ဓာန်၊ဋီ။၅၇၇။] (၁) အလွန်ယစ်မူးသောသူ။ သူရူး။ (၂) ပန်းတိုင်း (ပဒိုင်း)။ (၁) သုတ္တံ။ ဥမ္မတ္တံ။ ဝိ၊၁။၃၆။ (-ဝိ၊ဋ္ဌ၊၁။၂၂၈။) မာနေန မတ္တော ပရိပုဏ္ဏမာနိတိ သက္ကာယ ဒိဋ္ဌိယာ ဒိဋ္ဌိမာနေန မတ္တော။ ပမ--တ္တော ဥမ္မတ္တော။ မဟာနိ။၂၃၁။ ဥမ္မတ္တောသ္မိ နာမာဟံ။ သံ၊၃။၃၉၀။ (၂) ဥမ္မတ္တော တု စ မာတုလော။ ဓာန်။၅၇၇။

**ဥမ္မတ္တ[၂]** (တိ) [ဥမ္မတ္တ+ဏ] သူရူးနှင့်တူသော။ အယံ အနုမ္မတ္တောပိ ဥမ္မတ္တသဒိသတ္တာ ဥမ္မတ္တော နာမ။ ဝေရူပဿ ခိပ္ပံ လာဘော ဥပ္ပဇ္ဇတိ။ ဇာ၊ဋ္ဌ၊၂။၃၇၉။

**ဥမ္မတ္တက[၁]** (တိ) [ဥမ္မတ္တ+က။ ထီ-၌ ဥမ္မတ္တိကာ၊] သူရူး။ အသမ္မုခါကရဏီယံ နာမ ... ဥမ္မတ္တ-ကဿ ဘိက္ခုနော ဥမ္မတ္တကသမ္မုတိ။ ဝိ၊ဋ္ဌ၊၄။

၂၄၄။ (-သံ၊ဋ္ဌ၊၃။၃၃၂။) သာ တဿ ကာလ-ကိရိယာယ ဥမ္မတ္တိကာ ခိတ္တစိတ္တာ...ဝေမာဟ။ မ၊၂။၃၁၁။ မဟာနိ။၃၂၈။ (-ဇာ၊၁။၁၉၈။)

**ဥမ္မတ္တက[၂]** (တိ) [ဥမ္မတ္တ+က] (၁) သူရူး၏ ဥစ္စာဖြစ်သော။ (၂) သူရူး၏-အမူအယာ-အပြုအမူ။ (၁) ဘိက္ခူ ဂဂ္ဂ ဘိက္ခုံ ဥမ္မတ္တကေန စိတ္တဝိပရိယာသကတေန အဇ္ဈာစိဏ္ဏေန အာပတ္တိယာ စောဒေန္တိ။ ဝိ၊၄။၁၉၉။ ဥမ္မတ္တကဿ လ္လာဒံ ဥမ္မတ္တကံ။ ဝိမတိ၊၂။၂၂၂။ (၂) ဥမ္မတ္တကမိဒံ ဘိက္ခဝေ အရိယဿ ဝိနယေ ယဒိဒံ နစ္စံ။ အံ၊၁။၂၆၃။ ဥမ္မတ္တကန္တိ ဥမ္မတ္တကကိရိယာ။ အံ၊ဋ္ဌ၊၂။၂၃၁။

**ဥမ္မတ္တကစိတ္တဇ္ဈေဂ** (ပု) [ဥမ္မတ္တက+စိတ္တဇ္ဈေဂ] ရူးသောစိတ္တထေဂ်။ တတော ပဋ္ဌာယ စဿ ဒဟရဿာမဏေရာ ဥမ္မတ္တကစိတ္တဇ္ဈေဂရောတ္တွ နာမံ ကတ္တာ ဝေါဟရိံသု။ အံ၊ဋ္ဌ၊၁။၁၇။

**ဥမ္မတ္တကဇာတိက** (တိ) [ဥမ္မတ္တကဇာတိ+က] ရူးသောသဘောရှိသော၊သူ။ သော ဥမ္မတ္တကဇာတိ-ကော ဗြာဟ္မဏော တဿာ ဝစနံ သုတွာ။ ဇာ၊ဋ္ဌ၊၂။၁၀၄။

**ဥမ္မတ္တကပဏ္ဍိ** (ထီ) [ဥမ္မတ္တက+ပဏ္ဍိ] သူရူး၏-တောင်း-ခြင်းတောင်း။ ဥမ္မတ္တကပဏ္ဍိယံ ပူဝ-ခဏ္ဍဂူထဂေါမယာဒီနိ ဝိယ စေတ္ထ သုန္ဒရမ္ပိ အသုန္ဒရမ္ပိ ဟောတိယေဝ။ ဒီ၊ဋ္ဌ၊၁။၉၈။ ဥမ္မတ္တ-ကပဏ္ဍိသဒိသဉ္ဇိ ဒိဋ္ဌိဂတိကဒဿနံ။ သံ၊ဋီ၊၂။၂၆၆။ (-အနုဋီ၊၃။၁၀၈။)

**ဥမ္မတ္တကဘာဝ** (ပု) [ဥမ္မတ္တက+ဘာဝ] သူရူး၏ အဖြစ်၊ ရူးသွပ်ခြင်း။ ဥမ္မာဒဿာတိ ဥမ္မတ္တက-ဘာဝဿ။ အံ၊ဋ္ဌ၊၂။၃၁၉။

**ဥမ္မတ္တကဘာဝသံဝတ္တနိက** (ပု) [ဥမ္မတ္တကဘာဝ +သံဝတ္တနိက] သူရူး၏အဖြစ်-ရူးသွပ်ခြင်း-ကို ဖြစ်စေတတ်သော။ မဇ္ဇပါနံ ဥမ္မတ္တကဘာဝ-သံဝတ္တနိကံ။ မ၊ဋ္ဌ၊၃။၄၇။

**ဥမ္မတ္တကဝစန** (နု) [ဥမ္မတ္တက+ဝစန] သူရူး၏ စကား။ "မုခံ တုမှာကံ ရူမဝဏ္ဏ"န္တိ ဥမ္မတ္တက-ဝစနမေဝ အဝေါစ။ အံ၊ဋ္ဌ၊၁။၁၇။

**ဥမ္မတ္တကဝေသ** (ပု) [ဥမ္မတ္တက+ဝေသ] သူရူး၏ အသွင်။ ရာဇာ...ပရိဒေဝမာနော ဥမ္မတ္တက-ဝေသေန အန္တရဝီထိံ ဩတိဏ္ဏော။ ဒီ၊ဋ္ဌ၊၁။၁၉၈၊ (-၂၂၁။)

**ဥမ္မတ္တကသံဝတ္တနိက** (တိ) [ဥမ္မတ္တက+သံဝတ္တ နိက] သူရူးကို ဖြစ်စေတတ်သော၊ ရူးသွပ်ခြင်း ကိုဖြစ်စေတတ်သော။ ယော သဗ္ဗလဟုသော သုရာမေရယပါနဿ ဝိပါကော မနုဿဘူတဿ ဥမ္မတ္တကသံဝတ္တနိကော ဟောတိ။ အံ၊၃။ရ၈။ အဘိ၊က။၄၄ရ။ (-သံ၊ဋ္ဌ၊၃။၃၂၆။ အံ၊ဋ္ဌ၊၃။၂၃၂။ အံ၊ဋီ၊၃။၃၃၈။)

**ဥမ္မတ္တကသမ္မုတိ** (ထီ) [ဥမ္မတ္တက+သမ္မုတိ] သူရူးဟုသမုတ်ခြင်း။ ဥမ္မတ္တက[၁]-ကြည့်။

**ဥမ္မတ္တကသုနခ** (ပု) [ဥမ္မတ္တက+သုနခ] ရူးသော ခွေး၊ ခွေးရူး။ ယထာ ဥမ္မတ္တကသုနခေန ဒဋ္ဌော ပုရိသော အနဝဋ္ဌိတော ဘမတိ။ သံ၊ဋ္ဌ၊၂။၁၉၂။

**ဥမ္မတ္တကာလယ** (ပု၊နု) [ဥမ္မတ္တက+အာလယ] ရူးသူ၏-အဟန်-အသွင်၊ ရူးကျွန်ယောင်။ သော အနုမ္မတ္တကော ဥမ္မတ္တကာလယံ ကရောတိ။ ဝိ၊၄။၂၀၁။

**ဥမ္မတ္တကာလင်္ကာရ** (ပု) [ဥမ္မတ္တက+အလင်္ကာရ] သူရူး၏-အဆင်တန်ဆာ-အလင်္ကာ။ ဥမ္မတ္တ-ကာလင်္ကာရော ဝိယ ဝိပရိတဿဉာယ အနု-ဘဝိတဗ္ဗာ။ သီ၊ဋီ၊သစ်၊၁။၂၈ရ။

**ဥမ္မတ္တရူပ** (တိ) [ဥမ္မတ္တ+ရူပ] သူရူး၏-သဘော-အသွင်-ရှိသော၊ သူရူးကဲ့သို့သော၊သူ။ ကိန္နု ဥမ္မတ္တရူပေါဝ။ ပေတ၊၁၃၂၊၁၄၉၊၂၁ရ။ ဇာ၊၁။

၂၂၃၊၃၂၈။ ဇာ၊ဋ္ဌ၊၄။၈၅၊၄၃၄။ ဥမ္မတ္တရူပေါဝါတိ ဥမ္မတ္တကသဘာဝေါ ဝိယ ဥမ္မာဒပတ္တော ဝိယ။ ပေတ၊ဋ္ဌ။၂၂၆၊(-၃၇၊၈၉။)

**ဥမ္မဒ** (တိ) [ဥ+မဒ+ယု] ယစ်မူးသော၊သူ။ လဋ္ဌိန္တိ-မေ မုနိမေယု-မ္မဒါ သာဓု သိခါဝလာ။ အလင်္ကာ၊ ဂါထာ။၁၃၈။ မုနိသခါတေန ဝါရိဒေန ဥမ္မဒါ မတ္တာ သာဓုသဒ္ဒါ သာဓု ဧဝ ဝါ သိခါဝလာ မယူရာ။ အလင်္ကာ၊ဋီ။၁၆၁။

**ဥမ္မဒန္တီ**-ဇာ၊၂။၄၀။ ဇာ၊ဋ္ဌ၊၅။၂၂၅-လာ ဥမ္မဒန္တီ ပုဒ်သည် ဥမ္မာဒန္တီ ဟုဆိုလိုလျက် ဆန်းကြောင့် ရဿပြုထားသောပုဒ်ဖြစ်သည်။ **ဥမ္မာဒန္တီ**-ကြည့်။

**ဥမ္မဒ္ဒန** (နု) [ဥ+မဒ္ဒ+ယု] (၁) နှိပ်-ပွတ်သပ်-ပွတ်တိုက်-ကြေးပွတ်-ခြင်း။ (၂) ပွတ်သပ်-ပွတ်တိုက်-ကြေးပွတ်-ကြောင်း(ပစ္စည်းဝတ္ထု)။ (၁) ဟတ္ထံ အမောစေတွာ ဥမ္မဒ္ဒနေ ကောဝ အာပတ္တိ။ ဝိ၊ဋ္ဌ၊၃။၂၂၇။ ဥမ္မဒ္ဒနေတိ ဥပ္ပီဠိတွာ မဒ္ဒနေ။ ပါစိတ်၊ယော။၁၈၀။ (၂) ဥမ္မဒ္ဒေတိ-ကြည့်။

**ဥမ္မဒ္ဒါပေတိ** (ကာ၊ကြိ) [ဥ+မဒ္ဒ+ဏာပေ+တိ] နှိပ်-ပွတ်သပ်-ပွတ်တိုက်-ကြေးပွတ်-စေ၏။ ဥမ္မဒ္ဒါပေတိ အာပတ္တိ ပါစိတ္တိယဿာ(ဝိ၊၂။၄၅၇)တိ ထွေ ဟတ္ထံ အမောစေတွာ ဥမ္မဒ္ဒနေ ကောဝ အာပတ္တိ။ ဝိ၊ဋ္ဌ၊၃။၂၂၇။ (-ဝိ၊၅။၁၃၉။) **ဥမ္မဒ္ဒါပေန္တိ**—ဝိ၊၂။၄၅၇။ **ဥမ္မဒ္ဒါပေယျ**—ဝိ၊၂။၄၅၇။ ကင်္ခါ။၃၅၁။ **ဥမ္မဒ္ဒါပေသုံ**—ဝိ၊၅၊၁၂၂။ **ဥမ္မဒ္ဒါပေဿန္တိ**—ဝိ၊၂။၄၅၇။

**ဥမ္မဒ္ဒါပေန္တိ** (ကာ၊ကြိ) [ဥ+မဒ္ဒ+ဏာပေ+အန္တိ] နှိပ်-ပွတ်သပ်-ပွတ်တိုက်-ကြေးပွတ်-စေကုန်၏။ အထက်ပုဒ်ကြည့်။

**ဥမ္မဒ္ဒါပေယျ** (ကာ၊ကြိ) [ဥ+မဒ္ဒ+ဏာပေ+ယျ] နှိပ်-ပွတ်သပ်-ပွတ်တိုက်-ကြေးပွတ်-စေရာ၏။ ဥမ္မဒ္ဒါပေတိ-ကြည့်။

**ဥမ္မဒ္ဒါပေသုံ** (ကာ၊ကြိ) [ဥ+မဒ္ဒ+ဏာပေ+ဥံ] နှိပ်-ပွတ်သပ်-ပွတ်တိုက်-ကြေးပွတ်-စေကုန်ပြီ။ ဥမ္မဒ္ဒါပေတိ-ကြည့်။

**ဥမ္မဒ္ဒါပေဿန္တိ** (ကာ၊ကြိ) [ဥ+မဒ္ဒ+ဏာပေ+ဿန္တိ] နှိပ်-ပွတ်သပ်-ပွတ်တိုက်-ကြေးပွတ်-စေကုန်လတ္တံ့။ ဥမ္မဒ္ဒါပေတိ-ကြည့်။

**ဥမ္မဒ္ဒိတ** (တိ) [ဥ+မဒ္ဒ+တ] နှိပ်-ပွတ်သပ်-ပွတ်တိုက်-အပ်သော။ န မုခံ ဥမ္မဒ္ဒိတဗ္ဗံ။ ဝိ၊ ၄။၂၄၂။ ဝိ၊သင်္ဂဟ။၄၃၇။

**ဥမ္မဒ္ဒေတိ** (ကြိ) [ဥ+မဒ္ဒ+ဏေ+တိ] ပွတ်သပ်-ပွတ်တိုက်-ကြေးပွတ်-စေ၏။ မုခံ ဥမ္မဒ္ဒေန္တိ။ ဝိ၊၄။၂၄၂၊၄၅၈။ ဥမ္မဒ္ဒေန္တီတိ နာနာဥမ္မဒ္ဒနေဟိ ဥမ္မဒ္ဒေန္တိ။ ဝိ၊ဋ္ဌ၊၄။၄၅။

**ဥမ္မဒ္ဒေန္တိ** (ကြိ) [ဥ+မဒ္ဒ+ဏေ+အန္တိ] ပွတ်သပ်-ပွတ်တိုက်-ကြေးပွတ်-စေကုန်၏။ အထက်ပုဒ်ကြည့်။

**ဥမ္မသနာ** (ထီ) [ဥ+မသ+ယု] (ခြေမှစ၍ ဦးခေါင်းတိုင်အောင်) အထက်၌-အထက်သို့ တက်၍-ရွေလျားသုံးသပ်ခြင်း။ ဥမ္မသနာ နာမ ဥဒ္ဓံ ဥစ္စာရဏာ။ ဝိ၊၁။၁၃၄။ ဥဒ္ဓံ ဥစ္စာရဏာတိ ဟေဋ္ဌာ ပဒံ ဝုတ္တံ၊ တတော ပိ အဓံ ဝိသေသော၊ ပဋ္ဌမံ အတ္တနော ကာယဿ ဂဟိတ္ထိယာ ကာယေ ဥဒ္ဓံပေသနဝသေန ဝုတ္တံ။ ဝိ၊ဋ္ဌ၊၂။၁၂၂။

**ဥမ္မသန္တ** (တိ) [ဥ+မသ+အန္တ] (ခြေမှစ၍ ဦးခေါင်းတိုင်အောင်) အထက်၌-အထက်သို့တက်၍-ရွေလျားသုံးသပ်သော၊သူ။ ဥမ္မသနာယပိ ပါဒတော ပဋ္ဌာယ ယာဝသီသံ ဥမ္မသန္တဿ ဝေဒိတဗ္ဗံ နယော။ ဝိ၊ဋ္ဌ၊၂။၁၂၂။

**ဥမ္မသုဝိယိ** (ပု) [ယာဒိစ္ဆကနာမ်] ကြက်သွန်နီ။ ဥသဘက ဥမ္မသုဝိယိ။ ဝဇီရ၊၃၁၉။

**ဥမ္မာ** (ထီ) [အဝ+မ။ အဝ-ရက္ခဏေ၊ မော။ အဝ-

သူ။ ဒိဋ္ဌံ။ ဓူတ္တိယံ အာ။ ဥမာပုပ္ဖြ။ ဓာန်၊ ဋီ။၄၅၂။] နှမ်းကြတ်၊ ဗီဇာ။ (ဓာန်၊သျှ၊သစ်။) အောက်မဲ့။ အောင်မဲ့ညို။ ကတောက် (ကန်တောက်)။ (မအူနှင့် ဘာသာဋီကာတို့၌"ကန်တောက်" ဟုလည်းကောင်း၊ စလင်းဝိနည်းဂဏ္ဌိ၌ "ခတောက်" ဟုလည်းကောင်း အနက်ပေးကြသည်။ ဥမာ-ပုဒ်၏ပရိယာယ်ပင်ဖြစ်သည်။ ပုံပြဆေးအဘိဓာန်၊၁။၁၂-၌ ကန်တောက် ဟု မတွေ့၊ ကန်တောက်စပ်-ဟုတွေ့သည်၊ "ချဉ်ဖတ်တည်၍စားရ၏၊ အပွင့်သည် နီရောင်သန်း၍ပြာ၏၊" ဟုလာသည်။ တက္ကသိုလ်မြန်မာအဘိဓာန်၌ "ရေစပ်တွင်ပေါက်တတ်သောအပင်တမျိုး။ လယ်ကွမ်း။ ညိုသောအပွင့်ခိုင်ပွင့်သည်"ဟု လာသည်။ (ဥမာ-လည်း ကြည့်။) ပတ္တာခါဒနီယေ မူလက် ... ကာသမဒ္ဒကော ဥမ္မာ စိနမုဂ္ဂေါ။ ဝိ၊ဋ္ဌ၊၃။၁၀၁။ ဝိ၊သင်္ဂဟ။၉၆။

**ဥမ္မာဒ** (ပု) [ဥ+မဒ+ဏ။ ဥမ္မာဒေါ ဝါတာဒိပကောပေါ ရောဂဝိသေသော၊ မဒ ဥမ္မာဒေ၊ ဏော။ ဥဂ္ဂတေဟိ ဥမ္မဂ္ဂသဏ္ဍိတေဟိ ဝါဒေါသေဟိ မဒနံ ဥမ္မာဒေါ။ ဓာန်၊ဋီ။၁၇၂။ ဥဂ္ဂတေဟိ ဝါတာဒိဒေါသေဟိ မဒယတီတိ ဥမ္မာဒေါ၊ ဥမ္မာဒေါ ဝါတာဒိပကောပေါ ရောဂဝိသေသော။ ဓာန်၊ဋီ။၃၂၂။] (၁) ရူးသွပ်ခြင်း၊ ရူးသွပ်ရောဂါ။ (တိ)(၂) ရူးသွပ်သော၊သူ။ (၁) ဥမ္မာဒါ စိတ္တက္ခေပါ အာရညိကော ဟောတိ။ ဝိ၊၅။၂၃၃။ (-အံ၊၁။၃၉၂။) ဥမ္မာဒသာတိ ဥမ္မတ္တဘာဝသာ။ အံ၊ဋ္ဌ၊၂။၃၁၉။ မညတီတိ မာနော၊ သော ဥန္နတိလက္ခဏော၊ ... ဥမ္မာဒေါ ဝိယ ဒဋ္ဌဗ္ဗော။ အဘိ၊ဋ္ဌ၊၁။၂၉၇။ ဓာတုဝတ်၊ဋ္ဌ။၄၇။ (ပြည်၊သျှ-၌ သူရူး ဟု အနက်ပေးသည်။) (တိ)(၂) ဥမ္မာဒပစ္စုပဋ္ဌာန-ကြည့်။

**ဥမ္မာဒန** (နပုံ) [ဥ+မဒ+ယု] (၁) ရူးသွပ်ခြင်း။ (တိ)(၂) (သောကကြောင့်ဖြစ်သော) ရူးသွပ်ခြင်းကိုပြုတတ်-ရူးသွပ်စေတတ်-သော။ (၁) ဥမ္မာဒနံ မောဟနံ ဗာလကန္တံ။ သုတ္တနိ။၃၃၈။ ဥမ္မာဒနံ မောဟနန္တိ ပရလောကေ ဥမ္မာဒနံ ဣဓလောကေ မောဟနံ။ သုတ္တနိ၊ဋ္ဌ၊၂။၁၀၇။ (တိ)(၂) ဥမ္မာဒနာ ဥလ္လပနာ၊ ကာမာ စိတ္တပ္ပမဒ္ဒိနော။ ထေရီ။၄၁၈။ ဥမ္မာဒနာတိ ဝိပရိဏာမဓမ္မာနံ ဝိယောဂဝသေန သောကုမ္မာဒကရာ ဝဒိယာ ဝါ ဥပရူပရိမဒါဝဟာ။ ထေရီ၊ဋ္ဌ။၂၅၁။

**ဥမ္မာဒနန္တ** (တိ) [ဥမ္မာဒန+အန္တ] ရူးသွပ်ခြင်းလျှင်အဆုံးရှိသော။ ဥမ္မာဒနန္တံ ဣတိ နံ ဝိဒိတ္ဝာ။ သုတ္တနိ။၃၃၈။ ဥမ္မာဒနန္တန္တိ ဥမ္မာဒနပရိယောသာနံ။ သုတ္တနိ၊ဋ္ဌ၊၂။၁၀၇။

**ဥမ္မာဒနပရိယောသာန** (တိ) [ဥမ္မာဒန+ပရိယောသာန] ရူးသွပ်ခြင်းလျှင်အဆုံးရှိသော။ အထက်ပုဒ်ကြည့်။

**ဥမ္မာဒန္တီ** (ထိ) [ဥ+မဒ+ဏ+အန္တ။ဣတ္ထိဇောတက ဤ ပစ္စည်း။] ဥမ္မာဒန္တီမည်သူ။ ကဿပဘုရားရှင်လက်ထက်တော်၌ သုံးနှစ်တိုင်တိုင် အမှုလုပ်သဖြင့် လုပ်ခရရှိလာသောအဝတ်(=ဝတ်ပန်းဖြင့်ဆိုးအပ်သော နီမြန်းသောအဝတ်)ကို ဘုရားရှင်၏ တပည့်သာဝကတစ်ပါးအားလှူဒန်း၍ "သံသရာ၌ ကျင်လည်ရသော် တပည့်တော်ကို မြင်သောယောကျ်ားသည် မိမိကိုယ်အဖြစ်၌ မတည်နိုင်ပါစေ၊ တပည့်တော်ထက် အဆင်းလှသောသူမည်သည် မရှိပါစေလင့်"ဟု ဆုတောင်းခဲ့သောကြောင့် သိဝိတိုင်း အရိဋ္ဌပုရမြို့ဝယ် ကုဋေရှစ်ဆယ်ကြွယ်ဝသော တိရိဋိဝစ္ဆသူဌေး၏သမီး ဖြစ်လာလေသည်၊ မိမိကိုကြည့်သူကိုရူးသွပ်အောင် ပြုတတ်သောကြောင့် ဥမ္မာဒန္တီ ဟုအမည်တွင်သည်။ ဥပ္ပဝဏ်ထေရီ၏ အလောင်းအလျာ ဖြစ်သည်။ (အကျယ်ကို-ဇာ၊၂။၃၉-၄၇။ ဇာ၊ဋ္ဌ၊၅။၂၂၀-၂၄၀။ အပ၊၂။၂၃၃။ ထေရီ၊ဋ္ဌ။၂၀၀-တို့၌ကြည့်။) အယဉ္ဟိ ယော နံ ပဿတိ၊ တံ ဥမ္မာဒေတိ၊ သတိမဿ ပစ္စုပဋ္ဌာပေတုံ န ဒေတိ၊ တသ္မာ ဥမ္မာဒန္တီတိ ဝုစ္စတိ။ ဇာ၊ဋ္ဌ၊၅။၂၂၅။

**ဥမ္မာဒန္တီဇာတက** (န) [ဥမ္မာဒန္တီ+ဇာတက] ဥမ္မာဒန္တီဇာတ်။ ဝတ္ထုံ ဥမ္မာဒန္တီဇာတကေ အာဝိဘဝိဿတိ။ ဇာ၊ဋ္ဌ၊၂။၁၀၅။

**ဥမ္မာဒပစ္စုပဋ္ဌာန** (တိ) [ဥမ္မာဒ+ပစ္စုပဋ္ဌာန] ရူးသွပ်သကဲ့သို့ဖြစ်သောတရားဟူ၍ ဉာဏ်အား ရှေးရှု ထင်သော။ မတ္တဘာဝလက္ခဏော မဒေါ၊ ...ဥမ္မာဒပစ္စုပဋ္ဌာနော။ မ၊ဋ္ဌ၊၁။၁၁၁။ မဟာနိ၊ဋ္ဌ။ ၅၄။ အဟင်္ကာရဝသေန ပဂ္ဂလံ အနိဋ္ဌံ ကရော- န္တော စိတ္တဿ ဥမ္မာဒဘာဝေါ ဝိယ ဟောတီတိ ဥမ္မာဒပစ္စုပဋ္ဌာနော။ မ၊ဋီ၊၁။၂၀၁။

**ဥမ္မာဒပ္ပတ္တ** (တိ) [ဥမ္မာဒ+ပတ္တ] ရူးသွပ်ခြင်းသို့ ရောက်သော၊သူ။ အထေကော စိတ္တက္ခေရော နာမ ဝုမ္မပတ္တဝိဓော...ဥမ္မာဒပတ္တော ဝိယ ... ဝိစရတိ။ အံ၊ဋ္ဌ၊၁။၁၆-၁၇။ ဈာနုမ္မတ္တကော ဈာနဘာဝနာမုခေန ဥမ္မာဒပ္ပတ္တော။ ဝိသုဒ္ဓိ၊ဋီ၊ ၂။၆၃။

**ဥမ္မာဒသံဝတ္တနိယ** (တိ) [ဥမ္မာဒ+သံဝတ္တနိယ] ရူးသွပ်ခြင်းကို ဖြစ်စေတတ်သော။ အထာတိ ပစ္ဆာ ဥမ္မာဒသံဝတ္တနိယဿ ကမ္မဿ ပရိ- က္ခယေ။ ထေရီ၊ဋ္ဌ။၁၂၉။

**ဥမ္မာဒိတ**(တိ) [ဥ+မဒ+တ။ ဥမ္မာဒ+ဣတ] ရူး- သွပ်-ရူးသွပ်ခြင်းသို့ရောက်-သော၊သူ။ ဝေ- စက္ခုသမ္ပတ္တိယာ ဥမ္မာဒိတဿ ဝိယ တံ တံ ဝိပ္ပလပတော တဿ ပုရိသဿ... ထေရီ... အဘာသိ။ ထေရီ၊ဋ္ဌ။၂၆၃။

**ဥမ္မာဒိယ** [ဥမ္မာ+ဒိယ] နှမ်းကြုတ်၊ ဗီဇ္ဇာ။ အောင်မဲညို။ ကတောက် (ကန်တောက်)။ (ဝဇီရ၊ နိဿျ-၌ ပိတောက်၊ ဝက်ကျွတ်-ဟု ပြန်ဆို သည်။ ဥမ္မာ-ပုဒ်၏အဖွင့်ဖြစ်သဖြင့် ဆင်ခြင် ၍ယူ။) ကာသမဒ္ဒကော ဥမ္မာ စီနမုဂ္ဂေါ။ ဝိ၊ ဋ္ဌ၊၃။၁၀၁။ ကာသမဒ္ဒက ကုဒ္ဒဝလိ အနု- သိကိန။ ဥမ္မာဒိယ မေလေလိဒိယ။ စီနမုဂ္ဂေါ ဝေနမုတ္တိ ဟုရမုဂ္ဂ။ ဝဇီရ၊၃၂၀။

**ဥမ္မာဒေတိ** (ကာ၊ကြိ) [ဥ+မဒ+ဏေ+တိ] ရူးသွပ် စေ၏။ ဥမ္မာဒန္တီ-ကြည့်။

**ဥမ္မာပုပ္ဖ** (ပု) [ဥမ္မာ+ပုပ္ဖ] နှမ်းကြုတ်-အောင်မဲ ညို-အပွင့်အဆင်းရှိသော ပတ္တမြား၊ ပတ္တမြားညို။ ယထာ မဟာရာဇ မဟိယာ ဗဟုဝိဓာ မဏယော ဝိဇ္ဇန္တိ၊ သေယျထိဒံ၊ ဣန္ဒနီလော...ဝေဠုရိယော ဥမ္မာပုပ္ဖော သိရီသပုပ္ဖော။ မိလိန္ဒ၊၁၂၂။

**ဥမ္မာရ** (ပု) [ဥရ+မာရ။ ဓာန်၊ဋီ။၂၂၀။ ဥ+မာရ။ ပါစိတ်၊ယော။၈၆။] (၁) တံခါးခုံ။ (အိမ်တံခါးခုံ၊ ရွာတံခါးခုံ၊ မြို့တံခါးခုံ-စသည်။) (၂) တံခါး။ (၁) သုဿာနေပိ ရုက္ခမူလေပိ ဥမ္မာရေပိ အဿျ- ဝေါသာင်္ဂိတကာနိ သာမံ ဂဟေတွာ ပရိဘုဥ္စတိ။ ဝိ၊၂။၁၂၀၊(-၁၃၄၊၂၀၉။) သုဿာနေပိ ရုက္ခမူ- လေပိ ဥမ္မာရေပိ။ ဝိ၊ဋ္ဌ၊၃။၁၀၈။ ဥမ္မာရေပီတိ သုဿာနဿ ဣန္ဒခီလေပိ။ သော ဟိ ဥဒ္ဓ‌ေငှာ ကိလေသမာရော တ္တောတိ "ဥမ္မာရော"တိ ဝုစ္စတိ။ ... ဗောဓိသတ္တဿ ဌတွာ ပုတ္တဒါရေသု အပေက္ခာသဒ္ဒါတဿ မာရဿ ဥဒ္ဓငှုဋ္ဌာနတ္တာ သော ဣန္ဒခီလော နိပ္ပရိယာယေန ဥမ္မာရောတိ ဝုစ္စတိ၊ အညေ ပန ရုဠှီဝသေန။ ပါစိတ်၊ယော။ ၈၆။ ဣန္ဒခီလောတိ စေတ္တ ဂါမဿ ဝါ နဂရဿ ဝါ ဥမ္မာရော။ ပဋိသံ၊ဋ္ဌ၊၂။၁၀၅။ ဥမ္မာရတော ပဋ္ဌာယာတိ ယရုမ္မာရတော ပဋ္ဌာယ။ မ၊ဋီ၊၃။ ၁၁၄။ (၂) ဃရံ သမုပဂမာမိ ဥမ္မာရေ။ ထေရီ။ ၄၂၅။ ဥမ္မာရေတိ ဒွါရေ။ ထေရီ၊ဋ္ဌ။၂၇၃။

**ဥမ္မာရဋ္ဌာန** (န) [ဥမ္မာရ+ဌာန] တံခါးခုံအရပ်။ အယဥ္စ ဥမ္မာရဋ္ဌာနေ တိဋ္ဌေယျ။ ဓမ္မ၊ဋ္ဌ၊၂။၁၂၉။

**ဥမ္မာရသတ** (န) [ဥမ္မာရ+သတ] တံခါးခုံ-အရာ- တရာ။ ဂါမသတမ္ပိ ပဝိသိတွာ ဥမ္မာရသတေသု ဌာနေသု ဥဋ္ဌိတွာ ယထာဓောတေန ပတ္တေန နိက္ခမတိ။ မ၊ဋ္ဌ၊၁။၁၄၈။

**ဥမ္မာရန္တရ** (န) [ဥမ္မာရ+အန္တရ] တံခါးခုံအကြား အရပ်။ တသ္မာ ပုဗ္ဗေ အနိဋ္ဌဝိပါကဿ ပါပကမ္မဿ အာနုဘာဝေန ပတိကုလံ ပဝိဋ္ဌ-မတ္တာယ ဥမ္မာရန္တရတော ပဋ္ဌာယ။ အပ၊ဋ္ဌ၊၁။ ၂၈၆။

**ဥမ္မာရဗ္ဘန္တရ** (န) [ဥမ္မာရ+အဗ္ဘန္တရ] တံခါးခုံ အကြားအရပ်။ တသ္မာ ပုဗ္ဗေ အဒိန္နဝိပါကဿ တဿ ကမ္မဿ အာနုဘာဝေန ပတိကုလံ ပဝိ-ဋ္ဌမတ္တာယ ဥမ္မာရဗ္ဘန္တရေ သကလသရီရံ ဥဏ္ဟိဋ္ဌိ-တဝစ္စကုဋိ ဝိယ ဒုဂ္ဂန္ဓံ ဇာတံ။ သံ၊ဋ္ဌ၊၂။၁၇၂။ အံ၊ဋ္ဌ၊၁။၁၃၂။ (-အပ၊ဋ္ဌ၊၁။၂၈၆။ ထေရ၊ဋ္ဌ၊၂။ ၄၃၄။) ဣန္ဒခီလေ ာတိ နဂရဒွါရဝိနိဝါရဏတ္ထံ ဥမ္မာရဗ္ဘန္တရေ အဋ္ဌ ဝါ ဒသ ဝါ ဟတ္ထေ ပထဝိံ ခဏိတွာ အာကောဋိတဿ သာရဒါရုမယထမ္ဘ-သေဿတံ အဓိဝစနံ။ ခုဒ္ဒက၊ဋ္ဌ။၁၅၅။

**ဥမ္မာရာတိက္ကမ** (ပု) [ဥမ္မာရ+အတိက္ကမ] တံခါးခုံ ကိုလွန်သောကာလ။ ဣန္ဒခီလာတိက္ကမတောတိ ဥမ္မာရာတိက္ကမတော။ ကခါ၊ဋီ၊သစ်။၄၅၉။

**ဥမ္မိ** - ဣဒ္ဓါဘိသင်္ခါရံ အဘိသင်္ခါသီတိ မဟာ-ပထဝိံ ဥမ္မိယော (ဦမိယော?) ဥဋ္ဌပေန္တော ဝိယ သံဟရိတွာ အပရဘာဂေ အက္ကမတိ။ မ၊ဋ္ဌ၊ ၃။၂၂၉။ (ဤပါဌ်သည် ဦမိယော-ဟု ဖြစ်ဖွယ် ရှိသည်။ ဦမိ-ကြည့်။)

**ဥမ္မိလန**-ဥမ္မီ(မ္မိ)လန-ကြည့်။

**ဥမ္မီလေတွာ**-ဥမ္မီ(မ္မိ)လေတွာ-ကြည့်။

**ဥမ္မီသတိ** (ကြိ) [ဥ+မိသ+အ+တိ။ ဓာတွတ္ထ။ ၂၈၉။] (မျက်စိ)ဖွင့်၏။ ယာဝ ဗျာတိ နိမိသတိ။ ဇာ၊၁။၁၀၇။ ယာဝ ဗျာတီတိ ယာဝ ဥမ္မီသတိ။ ဇာ၊ဋ္ဌ၊၃။၈၈။

**ဥမ္မီဟတိ** (ကြိ) [ဥ+မိဟ+အ+တိ] ကျင်ငယ်စွန့်၏။ ယေသံ နော ဒါရကာ ဥဟဒန္တိပိ ဥမ္မီဟန္တိပိ။ ဝိ၊၁။၃၃၃။ ဥဟဒန္တိပိ ဥမ္မီဟန္တိပိ သန္တတာနံ ဥပရိ ဝစ္စမ္ပိ ပဿာဝမ္ပိ ကရောန္တီတိ ဝုတ္တံ ဟောတိ။ ဝိ၊ဋ္ဌ၊၂။၂၆၄။ မိဟ-သေစနေတိ ပနိမဿတ္ထံ သန္ဓာယာဟ "ဝစ္စမ္ပိ ပဿာဝမ္ပိ ကရောန္တိ"တိ။ သာရတ္ထ၊၂။၄၁၄။

**ဥမ္မီဟန္တိ** (ကြိ) [ဥ+မိဟ+အ+အန္တိ] ကျင်ငယ်စွန့်ကုန်၏။ အထက်ပုဒ်ကြည့်။

**ဥမ္မီလတိ** (ကြိ) [ဥ+မီလ+အ+တိ။ နီတိ၊ဓာ။ ၁၆၂။] (မျက်စိ) ဖွင့်၏။ သော ဟိ ရက္ခသာ-ခတော ပတနဘယာ အဘိက္ခဏံ ဥမ္မီလတိ စ သုပတိ စ။ ဝဇီရ။၁၇၇။ (-ဝိသုဒ္ဓိ၊ဋီ၊၁။၁၄၅။) ဥမ္မီလန္တိ-ဝဇီရ။၁၇၇။

**ဥမ္မီ(မ္မိ)လန** (ထိ၊န) [ဥ+မီလ+ယု။ နီတိ၊ဓာ။၁၆၂၊ ၃၄၂။] ဖွင့်ခြင်း။ ကာမဋ္ဌေတ္ထ မေတ္တာသီနေဟ-သိနိဒ္ဓါနံ နယာနာနံ ဥမ္မီလနာ (ဥမ္မီလနံ) ပသန္နေန မုခေန ဩလောကနဥ္စ မေတ္တံ ကာယကမ္မမေဝ။ သာရတ္ထ၊၃။၄၅၈။ အံ၊ဋီ၊၃။၄၀။ ဥမ္မီလနနိမိ-လနဝသေန ပန န ကာရေတဗ္ဗော။ ဝိ၊ဋ္ဌ၊၂။ ၁၁၈။ (ယင်း၏အဖွင့်-သာရတ္ထ၊၂။၃၁၆-၌ ဥမ္မိ-လန-ဟုရှိသည်။)

**ဥမ္မီလနဂဏနာ** (ထိ) [ဥမ္မီလန+ဂဏနာ] (မျက်စိ) ဖွင့်ခြင်းအရေတွက်။ ဂီဝံ (ဂီဝါယ) ပရိဝတ္တ(ဍ္ဎ)-နပ္ပယောဂဂဏနာယ အာပတ္တိယော၊ န ဥမ္မီ-လနဂဏနာယ။ ကခါ။၃၃၁။ သာရတ္ထ၊၃။၁၂၆။

**ဥမ္မီလန္တ** (တိ) [ဥ+မီလ+အန္တ] (မျက်စိ)-ဖွင့်ထား-ပွင့်-သော။ အနိမိသေဟီတိ ဝိဂတ-နိမိသေဟိ ဥမ္မီလန္တေဟေဝ။ သံ၊ဋီ၊၂။၂၂။

**ဥမ္မီလန္တိ** (ကြိ) [ဥ+မီလ+အ+အန္တိ] (မျက်စိ) ဖွင့်ကုန်၏။ ဥမ္မီလတိ-ကြည့်။

**ဥမ္မီလယန္တ** (တိ) [ဥ+မီလ+ဏယ+အန္တ] (မျက်စိ ကို)ပွင့်စေသော-(မျက်စိ)ဖွင့်သော၊သူ။ အတိမန္ဒံ ဥမ္မီလယတော မက္ကူလမဝိဘူတံ ဟောတိ။ ဝိသုဒ္ဓိ၊၁။၁၂၁။

**ဥမ္မိလိတ** (တိ) [ဥ+မိလ+တ] ဖွင့်အပ်သော။ ဝိဝါဒပ္ပတ္တောတိ ယထာ ဒုတိယေ အက္ခိမှိ ဥမ္မိလိတေ လိင်္ဂံ န ပညာယတိ။ ဇာ၊ဋ္ဌ၊၆။၈၂။

**ဥမ္မိလိတပညာစက္ခုက** (တိ) [ဥမ္မိလိတ+ပညာစက္ခု+က] ဖွင့်အပ်သောပညာမျက်စိရှိသော၊သူ။ ဥမ္မိလိတပညာစက္ခုကာ ဟိ မဟာဗောဓိသတ္တာ။ စရိယာ၊ဋ္ဌ။၂၈၈။ သီ၊ဋီ၊သစ်၊၁။၂၆၅။

**ဥမ္မိလိတွာ** (ကြိ၊ဝိ) [ဥ+မိလ+တွာ] ဖွင့်၍။ ဒဿနံ ဟောတီတိ ပသာဒသောမှာနိ အက္ခိနိ ဥမ္မိလိတွာ ဒဿနမတ္တမ္ပိ သာဓု ဟောတိ။ ဝိ၊ဋ္ဌ၊၁။၁၀၀။

**ဥမ္မိလေတိ** (ကြိ) [ဥ+မိလ+ဏေ+တိ၊ နိတိ၊ဓာ။ ၃၄၂။] (မျက်စိ)ဖွင့်၏။ အာလောကသည် မနသိကရောတိ၊ ကာလေန နိမိလေတိ၊ ကာလေန ဥမ္မိလေတိ။ သံ၊ဋ္ဌ၊၃။၂၉၁။ (-သာရတ္ထ၊၂။၃၈၀။ ဝိမတိ၊၁။၃၀၆။) **ဥမ္မိလေသိ**—သံ၊ဋ္ဌ၊၁။၂၈၁။ ဇာ၊ဋ္ဌ၊၇။၃၀။

**ဥမ္မိ(မ္မီ)လေတွာ** (ကြိ၊ဝိ) [ဥ+မိလ+ဏေ+တွာ။ နိတိ၊ဓာ။၃၄၂။] ဖွင့်၍။ မေတ္တာသိနေဟသိနိဒ္ဓါနိ ဂန နယနာနိ ဥမ္မိလေတွာ။ ဝိ၊ဋ္ဌ၊၄။၁၅၃။ အံ၊ဋီ၊၃။၄၀။ (-ဝိ၊ဋ္ဌ၊၂။၂၀၆။ ဒီ၊ဋ္ဌ၊၁။၂၂၀။ ဒီ၊ဋ္ဌ၊၃။၅။ မ၊ဋ္ဌ၊၂။၂၂၈။ သံ၊ဋ္ဌ၊၃။၂၉၁။) စက္ခုံ ဥမ္မိလေတွာပိ ဂယှတိ။ ဒီ၊ဋ္ဌ၊၂။၃၈၇။ (-သာရတ္ထ၊၃။၄၅၈။ အံ၊ဋီ၊၃။၄၉။)

**ဥမ္မိလေသိ** [ဥ+မိလ+ဏေ+ဤ](မျက်စိ)ဖွင့်ပြီ။ ဥမ္မိလေတိ-ကြည့်။

**ဥမ္မုက** (နု) [ဥ+မုစ+တ။ ဥသ+က။ ဥဒ္ဓံ မုံမုဥ္စတီတိ ဥမ္မုတံ၊ တဒေဝ ဥမ္မုကံ။ ဓာန်၊ဋီ၊၃၆။ ဥသတိ ဒဟတီတိ ဥမ္မုကံ။ မောဂ်၊ဝု၊၁၅။] မီးစ၊ ထင်းမီးစ။ အဒ္ဒသ တံ ဗြာဟ္မဏံ ဥမ္မုကံ ဂဟေတွာ ဥပဿယံ ပဝိသန္တံ။ ဝိ၊၂။ ၃၄၇။ (-ဇာ၊ဋ္ဌ၊၂။၆၃။) ဥမ္မုကန္တိ အလာတံ။ ဝဇီရ၊၃၇၀။

**ဥမ္မုက္က** (တိ) [ဥ+မုစ+တ] (၁) မီးစ၊ ထင်းမီးစ။ (တိ)(၂) ချွတ်အပ်-ချွတ်ထား-ပြီးသော၊သူ။ (၁) မနုဂ္ဂဟတိဿတ္တေရော...ပတ္တိမယာမေ ပဗုဇ္ဈိတွာ ဥမ္မုက္ကာနိ သောဓေတွာ အဂ္ဂိံ ဇာလေတွာ။ ဇာ၊ဋ္ဌ၊၂။၃၆၂-၃။ (-ဇာ၊ဋ္ဌ၊၃။၃၃၅။) (တိ)(၂) ဥမ္မုက္က'ဿ မာရပါသော။ သံ၊၂။၃၁၂။

**ဥမ္မုဂ္ဂါတ** (ပု) [ဥ+မုဟ+တ။ ဒေသကာလဒေသကံ ဥဒ္ဓရိတွာ မုဟန်ံ ပကာသနန္တိ ဥမ္မုဂ္ဂါတော။ သီ၊ဋီ၊သစ်၊၁။သျှ။၄၅၈-၉။] ဒေသကာလ ဒေသက စသည်ကို ညွှန်ပြခြင်း၊ နိဒါန်း၊ အစျွတ္တိကစသောနိဒါန်း။ အပိ စ သမ္ဗန္ဓတော ...စာတိ ဆဟာကာရေဟိ အတ္ထဝဏ္ဏနာ ကာတဗ္ဗာ။ တတ္ထ သမ္ဗန္ဓော နာမ ဒေသနာသမ္ဗန္ဓော၊ ယံ လောကိယာ "ဥမ္မုဂ္ဂါတော"တိ ဝဒန္တိ၊ သော ပန ပါဠိယာ နိဒါနပါဠိဝသေန၊ နိဒါနပါဠိယာ စ သင်္ဂီတိဝသေန ဝေဒိတဗ္ဗော၊ ပဌမမဟာသင်္ဂီတိ ဒဿနေန္တေန ဟိ နိဒါနပါဠိယာ သမ္ဗန္ဓော ဒဿိတော။ သီ၊ဋီ၊သစ်၊၁။၁၃၉။ (-ဒီ၊ဋီ၊၁။၃၄။) ဥမ္မုဂ္ဂါတော ပဒဌေ၀၊ ပဒတ္တော ပဒဝိဂ္ဂဟော၊ ... တတ္ထ အစျွတ္တိကာဒိနိဒါန်ံ ဥမ္မုဂ္ဂါတော။ သီ၊ဋီ၊သစ်၊၁။၁၄၁။ (ဝဇီရ။၁၄-၌ ဥပေါဂ္ဂါတော ပဒဌေ၀၊ ပဒတ္တော ပဒဝိဂ္ဂဟော- ဟုရှိ၏။ ဥပေါဂ္ဂါတလည်းကြည့်။)

**ဥမ္မုဇ္ဇ၁** (ကြိ) [ဥ+မုဇ္ဇ+ဟိ] ပေါ်လော၊ ပေါ်တက်လာလော။ ဥမ္မုဇ္ဇတိ-ကြည့်။

**ဥမ္မုဇ္ဇ၂** (နု) [ဥ+မုဇ္ဇ+ဏ] ပေါ်ခြင်း၊ ပေါ်တက်လာခြင်း၊ (ဘဝသစ်၌) ပေါ်လာခြင်း၊ ပဋိသန္ဓေနေခြင်း။ ပထဝိယာပိ ဥမ္မုဇ္ဇနိမုဇ္ဇံ ကရောထ။ သံ၊၁။၃၄၂။ ပဋိသံ။၁၀၇။ (-အံ၊၂။၂၄၈။ ဥဒါန၊၈၃။ နေတ္တိ။၉၁။) ဥမ္မုဇ္ဇနိမုဇ္ဇန္တိ ဥမ္မုဇ္ဇနဥ္စ နိမုဇ္ဇနဥ္စ။ သံ၊ဋ္ဌ၊၂။၁၁၇။ ဥမ္မုဇ္ဇနိမုဇ္ဇန္တိ တတ္ထ ဥမ္မုဇ္ဇန္တိ ဥဋ္ဌာနံ (ဝုစ္စတိ)။ ပဋိသံ၊ဋ္ဌ၊၁။ ၃၁၀။ အံ၊ဋီ၊၃။၈၂။ ဝိသုဒ္ဓိ၊၂။၂၄။ (-ဥဒါန၊

ဋ္ဌ။၆၇။) တေ ရောဂါဘိတုန္နာ...နိရယတိရစ္ဆာနယောနိပေတာသုရေသု ဥမ္မုဇ္ဇနိမုဇ္ဇာနိ ကရောန္တာ။ နေတ္တိ။၉၁။ ဥမ္မုဇ္ဇနိမုဇ္ဇာနီတိ ဥပပဇ္ဇနစဝနာနိ။ နေတ္တိ၊ဋ္ဌ။၁၉၄။

**ဥမ္မုဇ္ဇတိ** (ကြိ) [ဥ+မုဇ္ဇ+အ+တိ။ နီတိ၊ဓာ။၄၉။] ပေါ်၏။ ပေါ်လာ၏၊ ဦးခေါင်းကို-ထုတ်ဆောင်-ဖေါ်-၏၊ (စိတ်၌) ထင်ပေါ်လာ၏၊ နှလုံးသွင်း၏။ သဗ္ဗေ တေ... အန္တောဇာလီကတာ ဧတ္ထ သိတာဝ ဥမ္မုဇ္ဇမာနာ ဥမ္မုဇ္ဇန္တိ။ ဒီ၊၁။၄၂။ (-ဝိ၊၃။၄၁။ ဥဒါန။၈၃။) ဥမ္မုဇ္ဇမာနာ ဥမ္မုဇ္ဇန္တီတိ ကိံ ဝုတ္တံ ဟောတိ၊ တေ အဓော ဩသီဒန္တာပိ ဥဒ္ဓံ ဥဂ္ဂစ္ဆန္တာပိ မမ ဒေသနာဇာလေ သိတာဝ ဟုတ္វာ ဩသီဒန္တိ စ ဥဂ္ဂစ္ဆန္တိ စ။ ဒီ၊ဋ္ဌ၊၁။၁၁၇။ (-ဥဒါန၊ဋ္ဌ။၆၇။ သီ၊ဋီ၊သစ်၊၁။၄၆၉။ အပ၊ဋ္ဌ၊၂။၂၈၄။ သာရတ္ထ၊၃။၂၀၇။) **ဥမ္မုဇ္ဇ**—ဥမ္မုဇ္ဇာ(သံ၊၂။၄၉၉)တိ ဥမ္မုဇ္ဇ ဥဋ္ဌဟ။ သံ၊ဋ္ဌ၊၃။၁၄၁။ (-နေတ္တိ။၃၉။ နေတ္တိ၊ဋ္ဌ။၁၀၉။) **ဥမ္မုဇ္ဇေယျ**—မ၊၃။၂၀၇။ သံ၊၂။၄၉၉။ သံ၊၃။၃၉၇။ နေတ္တိ။၃၉။ **ဥမ္မုဇ္ဇိ**—အံ၊ဋ္ဌ၊၁။၅၈။ သုတ္တနိ၊ဋ္ဌ၊၂။၂၃၂။ မ၊ဋီ၊၂။၁၁၀။ အံ၊ဋီ၊၁။၁၁၃။ ဣဓ ဘိက္ခဝေ ဧကစ္စော ပုဂ္ဂလော ဥမ္မုဇ္ဇတိ။ အံ၊၂။၄၀၃။ ဥမ္မုဇ္ဇတီတိ ဥဋ္ဌဟတိ။ အံ၊ဋ္ဌ၊၃။၁၄၈။ ဣဓေကစ္စော ပုဂ္ဂလော ဥမ္မုဇ္ဇတိ "သာဟု သဒ္ဓါ ကုသလေသု ဓမ္မေသု"။ အဘိ၊ပု။၁၈၁။ သာဟု သဒ္ဓါ ကုသလေသု ဓမ္မေသူတိ ကုသလေသု ဓမ္မေသု သဒ္ဓါ နာမ သာဓုလဒ္ဓိကာတိ ဥမ္မုဇ္ဇတိ။ သော တာဝတကေနေဝ ကုသလေန ဥမ္မုဇ္ဇတိ နာမ။ အဘိ၊ဋ္ဌ၊၃။၁၀၁။ (-အံ၊ဋီ၊၃။၁၅၄။ မူလဋီ၊၃။၄၅။) **ဥမ္မုဇ္ဇိဿတိ**—ဥမ္မုဇ္ဇမာနော အယောနိသော ဥမ္မုဇ္ဇိဿတိ။ မ၊၃။၂၅၁။ အယောနိသော ဥမ္မုဇ္ဇိဿတီတိ အနုပါယေန သီသံ နီဟရိဿတိ။ မ၊ဋ္ဌ၊၄။၁၈၁။ (-မ၊ဋီ၊၃။၃၇၇။)

**ဥမ္မုဇ္ဇန** (နု) [ဥ+မုဇ္ဇ+ယု] (၁) ပေါ်ခြင်း၊ ပေါ်လာခြင်း၊ အထက်သို့ တက်လာခြင်း၊ (ဉာဏ်၌) ပေါ်လာခြင်း၊ နှလုံးသွင်းခြင်း။ (တိ) (၂) ပေါ်စေတတ်သော။ (၃) ပေါ်သော၊ ဖေါ်သော။ (၁) ဧသေဝ နယော ကုမ္ဘိဂဟဏတ္ထံ နိမုဇ္ဇနုမ္မုဇ္ဇနေသု။ ဝိ၊ဋ္ဌ၊၁။၂၈၆။ ဥမ္မုဇ္ဇ^1၊ ဥမ္မုဇ္ဇနာကာရဒဿန-တို့လည်းကြည့်။ (တိ)(၂) ဥမ္မုဇ္ဇတီတိ ဧတေန သဒ္ဓါသင်္ခါတမေဝ ဥမ္မုဇ္ဇနံ ဒဿိတန္တိ ဝေဒိတဗ္ဗံ။ မူလဋီ၊၃။၄၅။ ယထာဟိ ဉာဏုပ္ပါဒေါ သံကိလေသပက္ခတော ဥမ္မုဇ္ဇနံ၊ ဧဝံ သဒ္ဓုပ္ပါဒေါပိ။ အနုဋီ၊၃။၅၄။ (တိ)(၂)(၃) ဥမ္မုဇ္ဇနပညာ-ကြည့်။

**ဥမ္မုဇ္ဇနပစ္စုပဋ္ဌာန** (တိ) [ဥမ္မုဇ္ဇန+ပစ္စုပဋ္ဌာန] ပေါ်သောအခြင်းအရာရှိသော။ (ပြည်၊သျှ)။ ခန္ဓာ အစဉ်ကိုထင်ရှားဖေါ်တတ်သောတရားဟု ယောဂီဉာဏ်အားရှေးရှုထင်သော။(ဘာသာ၊ဋီ)။ ခန္ဓာအစဉ်အားဖြင့်ပေါ်လာသောတရားဟု ဉာဏ်အား ရှေးရှုထင်သော။ သာ ပနေသာ (ဇာတိ) တတ္ထ တတ္ထ ဘဝေ ပဌမာဘိနိဗ္ဗတ္တိလက္ခဏာ၊ ... အတီတဘဝတော ဣဓ ဥမ္မုဇ္ဇနပစ္စုပဋ္ဌာနာ။ အဘိ၊ဋ္ဌ၊၂။၉၀။ ဝိသုဒ္ဓိ၊၂။၁၃၀။ သန္တတိယာ ဧဝ ဥမ္မုဇ္ဇနံ ဟုတ္ဝာ ဂယှတီတိ ဥမ္မုဇ္ဇနပစ္စုပဋ္ဌာနာ။ မူလဋီ၊၂။၆၁။ ဥမ္မုဇ္ဇနဝသေန ဂယှတီတိ ဥမ္မုဇ္ဇနပစ္စုပဋ္ဌာနံ။ ဝိသုဒ္ဓိ၊ဋီ၊၂။၁၉၇။

**ဥမ္မုဇ္ဇနပညာ** (ထီ) [ဥမ္မုဇ္ဇနာ+ပညာ] (၁) ပေါ်စေတတ်သောပညာ။ (၂) ပေါ်သောအခြင်းအရာအားဖြင့်ဖြစ်သောပညာ။ (၁)(၂) ဥမ္မုဇ္ဇတိ သာဟု သဒ္ဓါ ကုသလေသု ဓမ္မေသူတိအာဒိနာ သဒ္ဓါဒီနံ ဥမ္မုဇ္ဇနပညာယ သဒ္ဓါဒီနံ ဥပ္ပတ္တိံ ဒဿေတိ။ မူလဋီ၊၃။၄၅။ ဥမ္မုဇ္ဇနပညာယာတိ ဥမ္မုဇ္ဇာပနပညာယ၊ ဥမ္မုဇ္ဇနာကာရေန ဝါ ပဝတ္တပညာယ။ အနုဋီ၊၃။၅၄။

**ဥမ္မုဇ္ဇနာကာရ** (ပု) [ဥမ္မုဇ္ဇန+အာကာရ] (ဉာဏ်၌) ပေါ်လာသော-ပေါ်ခြင်းဟူသော-အခြင်း

အရာ၊ နှလုံးသွင်းသော-နှလုံးသွင်းခြင်းဟူသော-အခြင်းအရာ။ အထက်ပုဒ်နှင့် အောက်ပုဒ်တို့ကြည့်။

**ဥမ္မုဇ္ဇနာကာရဒဿန** (န) [ဥမ္မုဇ္ဇနာကာရ+ဒဿန] နှလုံးသွင်းသော-နှလုံးသွင်းခြင်းဟူသော-အခြင်းအရာကိုပြခြင်း။ အာစရိယော မမ ဟိတေသိတာယ ဌတွာ ဓမ္မံ ဝေ ဘဏာတီတိ ယောနိသော ဥမ္မုဇ္ဇနာကာရဒဿနံ။ မငို၊၂။၃၀၀။

**ဥမ္မုဇ္ဇန္တ** (တိ)[ဥ+မုဇ္ဇ+အန္တ] (က) ပေါ်သော၊သူ။ (ခ) နှလုံးသွင်းသော၊သူ။ (က) အပိ နု ခေါ ကာဏော ကစ္ဆပေါ ဝဿသတဿ ဝဿသတဿ အစ္စယေန သကိံ သကိံ ဥမ္မုဇ္ဇန္တော။ သံ၊ ၃။၃၉၇။ (-သံဋ္ဌ၊၁။၃၈။) (ခ) ဒိဋ္ဌိဂတံ ဥပ္ပန္နန္တိ အရိဋ္ဌဿ ဝိယ တေဿာပိ အယောနိသော ဥမ္မုဇ္ဇန္တဿ ဥပ္ပန္နံ။ ဝိဋ္ဌ၊၃။၁၄၀။ (-ထေရဋ္ဌ၊ ၁။၁၄၂။ ထေရဋ္ဌ၊၂။၃၃၀။ နေတ္တိဋ္ဌ။ ၉၂။၁၄၅။ သံငို၊၂။၃၈၂။) ဥမ္မုဇ္ဇန္တဿာ (ဥမ္မုဇ္ဇန္တဿ'?)တိ မနသိကရောန္တဿ။ ပါစိတ်၊ယော။၁၁၃။

**ဥမ္မုဇ္ဇန္တိ** (ကြိ) [ဥ+မုဇ္ဇ+အ+အန္တိ] ပေါ်တက်လာကုန်၏။ ဥမ္မုဇ္ဇတိ-ကြည့်။

**ဥမ္မုဇ္ဇမာန** (တိ) [ဥ+မုဇ္ဇ+အ+မာန] (က) ပေါ်သော၊ ဦးခေါင်းကို-ဆောင်-ထုတ်ဖော်သော၊သူ။ (ခ) နှလုံးသွင်းသော၊သူ။ (က) သဗ္ဗေ တေ အန္တောဇာလိကတာ တ္ထေ သိတာဝ ဥမ္မုဇ္ဇမာနာ ဥမ္မုဇ္ဇန္တိ။ ဒီ၊၁။၁၄၂။ (-အံ၊၁။၅၁၀။) ဥမ္မုဇ္ဇမာနာ ဥမ္မုဇ္ဇန္တီတိ ကိံ ဝုတ္တံ ဟောတိ၊ တေ အဓော ဩသီဒန္တာပိ ဥဒ္ဓံ ဥဂ္ဂစ္ဆန္တာပိ မမ ဒေသနာဇာလေ သိတာဝ ဟုတွာ ဩသီဒန္တိ စ ဥဂ္ဂစ္ဆန္တိ စ။ ဒီဋ္ဌ၊၁။၁၁၇။ (-သီငို၊သစ်၊၁။၄၆၉။ မူလငို၊ ၃။၄၅။) ဥမ္မုဇ္ဇမာနော အယောနိသော ဥမ္မုဇ္ဇိ-ဿတိ။ မ၊၃။၂၅၁။ ဥမ္မုဇ္ဇမာနောတိ သီသံ နီဟရမာနော။ အယောနိသော ဥမ္မုဇ္ဇိဿတီတိ အနုပါယေန သီသံ နီဟရိဿတိ။ မဋ္ဌ၊၄။၁၈၁။

(ခ) အယောနိသော ဥမ္မုဇ္ဇမာနာ(ဝိဋ္ဌ၊၁။၁၆၂)တိ အနုပါယေန အဘိနိဝိသမာနာ။ သာရတ္ထ၊၁။ ၄၅၀။ ဝိမတိ၊၁။၉၆။

**ဥမ္မုဇ္ဇမာနက** (တိ) [ဥမ္မုဇ္ဇမာန+က] ပေါ်သော၊သူ။ သေယျထာပိ ဘန္တေ ဥမ္မုဇ္ဇမာနကံယေဝ မဟတာ ပါသေန ဗန္ဓေယျ။ အံ၊၁။၅၀၁။ ဥမ္မုဇ္ဇမာနကံယေဝါတိ ဥဒကတော သီသံ ဥက္ခိပန္တံယေဝ။ အံဋ္ဌ၊၂။၃၆၂။

**ဥမ္မုဇ္ဇာပန** (န) [ဥ+မုဇ္ဇ+ဏာပေ+ယု] (၁) ပေါ်စေခြင်း။ (တိ)(၂) ပေါ်စေသော။ (၁) ဥမ္မုဇ္ဇာ-ပနရသ-ကြည့်။(တိ)(၂) ဥမ္မုဇ္ဇနပညာ-ကြည့်။

**ဥမ္မုဇ္ဇာပနပညာ** (ထီ) [ဥမ္မုဇ္ဇာပနာ+ပညာ] ပေါ်စေသောပညာ။ ဥမ္မုဇ္ဇနပညာ-ကြည့်။

**ဥမ္မုဇ္ဇာပနရသ** (တိ) [ဥမ္မုဇ္ဇာပန+ရသ] ပေါ်လာစေ၏သို့ ဖြစ်ခြင်းကိစ္စရှိသော၊(သျှ။) ပေါ်စေခြင်းကိစ္စရှိသော။ အာစယလက္ခဏော ရူပဿ ဥပစယော၊ ပုဗ္ဗန္တတော ရူပါနံ ဥမ္မုဇ္ဇာပန-ရသော။ အဘိဋ္ဌ၊၁။၃၆၃။ ဝိသုဒ္ဓိ၊၂။ရ၉။ ဥပ္ပ-ဇ္ဇမာနေ ရူပဓမ္မေ ဥပ္ပါဒေါ အနာဂတကောဋ္ဌာသတော ဥမ္မုဇ္ဇာပေန္တော ဝိယ ဟောတီတိ ဝုတ္တံ ဥမ္မုဇ္ဇာ-ပနရသောတိ။ ဝိသုဒ္ဓိငို၊၂။၁၀၂။

**ဥမ္မုဇ္ဇာပေန္တ** (တိ) [ဥ+မုဇ္ဇ+ဏာပေ+အန္တ] ပေါ်စေသော။ အထက်ပုဒ်ကြည့်။

**ဥမ္မုဇ္ဇိ** (ကြိ) [ဥ+မုဇ္ဇ+ဤ] ပေါ်ပြီ၊ ပေါ်တက်လာပြီ။ ဥမ္မုဇ္ဇတိ-ကြည့်။

**ဥမ္မုဇ္ဇိတွာ** (ကြိဝိ) [ဥ+မုဇ္ဇ+တွာ] (က) ပေါ်၍။ (ခ) အထက်၌ဖြစ်၍၊ နှလုံးသွင်း၍။ (က) အာယသ္မာ သာဂတော ... တေသံ အသီတိယာ ဂါမိကသဟဿာနံ ပုရတော ပေက္ခမာနာနံ ပါဒိုကာယ... ဘဂဝတော ပုရတော ဥမ္မုဇ္ဇိတွာ။ ဝိ၃။၂၆၆။ ဠမ ပန ဘိက္ခဝေ ကေစ္စော ပုဂ္ဂလော ဥမ္မုဇ္ဇိတွာ နိမုဇ္ဇတိ။ အံ၊၂။၄၀၃။ အဘိ၊က။၄၂၅။

(-အဘိ၊ပု။၁၁၂။) (ခ) ယောနိသော ဥမ္မုဇ္ဇိတွာ အာစရိယဝါဒံ မဒ္ဒမာနော။ ဒီ၊ဋ္ဌ၊၁။၃၈၀။ ဥမ္မုဇ္ဇိတွာတိ... ယောနိသော အရိယူပဝါဒတော ဥမ္မုဇ္ဇိတွာ၊ ဥဒ္ဓံ ဟုတွာတိ အတ္ထော။ သီ၊ဋီ၊သစ်၊၁။၁၈၈။

**ဥမ္မုဇ္ဇိဿတိ** (ကြိ) [ဥ+မုဇ္ဇ+ဿတိ] (စိတ်၌) ထင်ပေါ်လာလတ္တံ့၊ နှလုံးသွင်းလတ္တံ့။ ဥမ္မုဇ္ဇတိ -ကြည့်။

**ဥမ္မုဇ္ဇေယျ** (ကြိ)[ဥ+မုဇ္ဇ+ဧယျ] ပေါ်ရာ၏။ ဥမ္မုဇ္ဇတိ-ကြည့်။

**ဥမ္မုလေဟိ** (ကြိ)[ဥ+မုလ+ဏေ+ဟိ။ ဓာတွတ္ထ။ ၂၉၆။] နုတ်လော။ အရိယူပဝါဒေန အတ္တနော ကုသလမူလံ မာ ဥမ္မုလေဟိ။ ထေရ၊ဋ္ဌ၊၂။၄၉၂။

**ဥမ္မူလ** (န) [ဥ+မူလ+အ။ နီတိ၊ဓာ။၃၄၂-၄။ ဓာတွတ္ထ။၂၉၈။ ဥ+မူလ၊ပ။] နုတ်ခြင်း၊ အထက်၌ အမြစ်ရှိအောင်ပြုခြင်း၊ အမြစ်ပါအောင် နုတ်ခြင်း။ တထာ ဟိ ပန မေ မာရိသ ဘုသာ ဝါတဝုဋ္ဌိ အာဂန္တွာ ဘဝန် ပဝတ္တေသိ၊ ဥမ္မူလ-မကာသိ။ အံ၊၂။၃၂၅။ ဥမ္မူလမကာသိတိ ဥဒ္ဓံ မူလံ အာကာသိ။ အံ၊ဋ္ဌ၊၃။၁၂၁။ ဝါတာ... ဝနဂစ္ဆရုက္ခာနိ ဥမ္မူလံ ကတွာ။ သံ၊ဋ္ဌ၊၁။၂၉၅။ (-ဇာ၊ဋ္ဌ၊၁။၂၆၇။ သံ၊ဋီ၊၁။၁၇၉။ အံ၊ဋီ၊၂။၂၉၇။)

**ဥမ္မူလန** (န) [ဥ+မူလ+ယု] နုတ်ခြင်း။ လုနနံ ယတ္ထ ကတ္ထစိ ဆေဒနံ၊ ဥပ္ပါဋနံ ဥမ္မူလနံ။ သံ၊ဋီ၊၁။၂၇၃။ ဥပစ္ဆိန္ဒိဿာမိတိ ဥမ္မူလန-ဝသေန ကုလသန္တတိံ ဆိန္ဒိဿာမိ။ အံ၊ဋီ၊၃။၁၆၁။

**ဥမ္မူလဘဉ္ဇန** (န) [ဥမ္မူလ+ဘဉ္ဇန] နုတ်ခြင်း, ချိုးဖဲ့ဖျက်ဆီးခြင်း။ ဝါတာတပေါ် ယောရောတိ ရုက္ခဂစ္ဆာဒီနံ ဥမ္မူလဘဉ္ဇနာဒိဝသေန ပဝတ္တိယာ ယောရော။ သာရတ္ထ၊၃။၃၉၃။ (-မ၊ဋီ၊၃။၁၃။)

**ဥမ္မူလယတိ** (ကြိ) [ဥ+မူလ+ဏယ+တိ။ နီတိ၊ဓာ။ ၃၄၂-၄။ ဓာတွတ္ထ။၂၉၈။] နုတ်၏။ သဟ အဝိဇ္ဇာယ တဏှံ ... လေသမတ္တမ္ပိ အနဝသေ-သန္တာ ဥမ္မူလယန္တိ။ ဥဒါန၊ဋ္ဌ။၁၀၇။

**ဥမ္မူလေတွာ** (ကြိ၊ဝိ) [ဥ+မူလ+ဏေ+တွာ] နုတ်၍။ ပဗ္ဗတကူဋာနိ ပဒါလေတွာ ဝနဂစ္ဆ-ရုက္ခာဒီနိ ဥမ္မူလေတွာ။ ဇာ၊ဋ္ဌ၊၁။၈၄။ အံ၊ဋီ၊၁။၂၀၄။ (-သံ၊ဋီ၊၁။၂၁၉။)

**ဥမှယတိ** (ကြိ) [ဥ+မှိ+အ+တိ] ရယ်ရွှင်၏၊ ပြုံးရွှင်၏။ န နံ ဥမှယတေ ဒိသွာ (ဇာ၊၁။၅၁၊ ၂၅၅)တိ ...န ဥမှယတေ, ဟသိတံ န ကရောတိ၊ ပဟဋ္ဌာကာရံ န ဒဿေတိ။ ဇာ၊ ဋ္ဌ၊၂။၁၂၀။ (-ဇာ၊ဋ္ဌ၊၄။၁၉၉။)

**ဥမှယမာန** (တိ) [ဥ+မှိ+အ+မာန] ပြုံးရွှင်သော၊ ရယ်မူရွှင်ရာကိုပြသော၊သူ။ ယဒါ ဥမှယမာနာ မံ၊ ရာဇပုတ္တီ ဥဒိက္ခတိ။ ဇာ၊၂။၆၇။ ဥမှယ-မာနာတိ ပဟဋ္ဌာကာရံ ဒဿေတွာ ဟသ-မာနာ။ ဇာ၊ဋ္ဌ၊၅။၃၁၃။

**ဥမှာယေတိ** (ကာ၊ကြိ) [ဥ+မှိ+ဏေ+တိ] ညှင်းညှင်းရယ်စေနိုင်၏။ သစေ မံ နာဂနာသူရူ ဥမှာယေယျ ပဘာဝတီ။ ဇာ၊၂။၆၇။ ဥမှာယေ-ယျာတိ မန္ဒဟသိတဝသေန ပရိဟာသေယျ။ ဇာ၊ ဋ္ဌ၊၅။၃၁၅။ (နီတိ၊ဓာ။၁၉၁-၌ ဥမှာပေယျာတိ သိတဝသေန ပဟံသေယျ-ဟု ဥမှာပေယျ-ပုဒ်ကို ဖွင့်ပြ၏။ ညောင်ကန်၊သျှ-၌လည်း ဥမှာပေယျ-ဟုရှိ၏။ ဇာတ်ငိုကာ၌လည်း "ဥမှာပေယျာတိ ဟသာပေယျ"ဟုရှိ၏။ ဥ+မှိ+ဏာပေ+ဧယျ-ဟု ခွဲရာ၏။)

**ဥယာတိ** (ကြိ) [ဥ+ယာ+အ+တိ] အစဉ်လိုက်၏။ နေ ယာတိ(ဓမ္မ။၄၀)တိ န ဥယျာတိ၊ ... ပစ္ဆတော ဝတ္တိ နာမ န ဟောတိ၊ နာနုဗန္ဓတီတိ အတ္ထော။ ဓမ္မ၊ဋ္ဌ၊၂။၁၂၉။

**ဥယျမ** (ပု) [ယာဒိစ္စကနာမ်] ဥယျမမည်သူ (ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသား)။ အောက်ပုဒ်ကြည့်။

**ဥယျမဝှယ** (တိ) [ဥယျမ+အဝှယ] ဥယျမ အမည်ရှိသော၊သူ။ ဟိတွာ န သရိ သော မိရော၊ ကရောန္တော ပျု ယျမဝှယံ။ သော မိရော ဟိတွာ ပရိစ္စဇိတွာ ဥယျမဝှယံ ဥယျမနာမေန သမန္နာဂတံ ကရောန္တော အပိ န သရိ နာနုသရိ။ အလင်္ကာ၊ဋီ၊သစ်။၇၀။

**ဥယျမတိ** (ကြိ) [ဥ+ယမု+အ+တိ] အားထုတ်၏။ ဟန္ဒ ဝိယာယာမ ဗျာယျာမာတိ ဟန္ဒ ဥယျမာမ ဗျာယမာမ။ ဒီ၊ဋ္ဌ၊၂။၃၀၁။ **ဥယျမေ**-န ဥယျမေ (ထေရ။၂၉၅)တိ ပစ္စယုပ္ပါဒနတ္ထံ ကုလသင်္ဂဟ-နဝသေန န ဝါယမေယျ။ ထေရ၊ဋ္ဌ၊၂။၁၄၇။

**ဥယျမာမ** (ကြိ) [ဥ+ယမု+အ+မ] အားထုတ်ကုန်-၏-အံ့။ အထက်ပုဒ်ကြည့်။

**ဥယျမေ** (ကြိ) [ဥ+ယမု+အ+ဧယျ] အားထုတ်ရာ၏။ ဥယျမတိ-ကြည့်။

**ဥယျာတ** (တိ) [ဥ+ယာ+တ] ထ၍သွားသော၊ ထွက်သော၊သူ။ အဗ္ဘုယျာတောတိ အဘိဥ-ယျာတော။ ပရသေနံ အဘိမုခေါ ဂမိဿာ-မီတိ နဂရတော နိဂ္ဂတောတိ အတ္ထော။ ဝိ၊ဋ္ဌ၊၃။၁၂၅။ ဥယျာတောတိ ပဒဿ ဥဋ္ဌဟိတွာ ယာတောတိ ဒဿေန္တော အာဟ "နဂရတော နိဂ္ဂတော"တိ။ ပါစိတ်၊ယော။၉၉။

**ဥယျာတိ** (ကြိ) [ဥ+ယာ+အ+တိ] အစဉ်လိုက်၏။ ဥယာတိ-ကြည့်။

**ဥယျာန** (န) [ဥ+ယာ+ယု၊ နီတိ၊ဓာ။၁၃၈။ ဥလ္လော-ကေန္တာ ယန္တိ ဇနာ ဧတသ္မိန္တိ ဥယျာနံ။ ဓာန်၊ဋီ။ ၅၃၈။] (၁) ဥယျာဉ်။ (၂) သွားခြင်း။ (၁) ယာ ပန ဘိက္ခုနီ ဥယျာနံ ဝါ။ ဝိ၊၂။၃၉၂။ ဥယျာနန္တိ ကီဠာဝနုယျာနံ။ ဝိ၊ဋ္ဌ၊၃။၂၁၂။ (-ဒီ၊ဋ္ဌ၊၁။၄၂။) ကီဠာဝိဟာရတ္ထံ ဥယျုတ္တာ ယန္တိ ဥပဂစ္ဆန္တိ ဧတန္တိ ဥယျာနံ။ ဒီ၊ဋီ၊၂။၄၅။ (-ပါစိတ်၊ယော။၁၇၁။) (၁)(၂) ဥယျာနံ ဂမနေ ဝနေ။ ဓာန်။၁၁၂၆။

**ဥယျာနဩဝရက** (ပု) [ဥယျာန+ဩဝရက] ဥယျာဉ်၌ပြုအပ်သောတိုက်ခန်း။ ဥယျာနဩဝ-ရကေ ကပိသီသံ အာလမ္ဗိတွာ ပရောဒိ။ ဇာ၊ဋ္ဌ၊၃။၂၂။ ဥယျာနဩဝရကေတိ ဥယျာနေ ကတေ ဂဗ္ဘေ။ ဇာ၊ဋီ၊သစ်။

**ဥယျာနကာလ** (ပု) [ဥယျာန+ကာလ] ဥယျာဉ် ကစားရာအခါ။ ရညော ဥယျာနကာလေ ပတိ-ဋ္ဌာပိတအင်္ဂါလကဝသေန အင်္ဂါလကယုတ္တံ။ မ၊ဋီ၊၂။၁၀၈။

**ဥယျာနကီဠန** (ထီ၊န) [ဥယျာန+ကီဠန] ဥယျာဉ် ကစားခြင်း။ ကော သေဋ္ဌိပုတ္တော မဟတာ ပရိဝါရေန ဥယျာနကီဠနတ္ထံ နဂရတော နိက္ခ-မန္တော။ ဥဒါန၊ဋ္ဌ။၂၆၄၊(-၃၄၆။)

**ဥယျာနကီဠ(ကီဠာ)မင်္ဂလ** (န) [ဥယျာနကီဠာ+မင်္ဂလ] ဥယျာဉ်ကစားရာအဝန်းအဝိုင်း။ သမိတိန္တိ ဥယျာနကီဠ(ကီဠာ)မင်္ဂလာဒီသု မဟာဇနမဇ္ဈံ ဂစ္ဆန္တာ။ ဓမ္မ၊ဋ္ဌ၊၂။၃၀၉။ မဟာနိ၊ဋ္ဌ။၃၀၄။

**ဥယျာနကီဠာ** (ထီ) [ဥယျာန+ကီဠာ] ဥယျာဉ် ကစားခြင်း။ ရာဇကုမာရာ ... ဥယျာနကီဠံ ဂစ္ဆန္တာ ဝိယ။ ဒီ၊ဋ္ဌ၊၁။၂၃၂။ (-ဇာ၊ဋ္ဌ၊၁။၇၃။)

**ဥယျာနကီဠိ(ဠ)ကာ** (ထီ) [ဥယျာန+ကီဠိ(ဠ)ကာ] ဥယျာဉ်ကစားခြင်း။ ဒေဝယက္ခာဒယော စ ဥယျာနကီဠိကံ ကီဠန္တိ။ သုတ္တနိ၊ဋ္ဌ၊၂။၁၆၁။ (-အံ၊ဋ္ဌ၊၃။၂၅၉။) ဒေဝယက္ခာဒယော ဥယျာန-ကီဠကံ ကီဠန္တိ။ မ၊ဋ္ဌ၊၃။၂၅။

**ဥယျာနဂတ** (တိ) [ဥယျာန+ဂတ] ဥယျာဉ်သို့

သွားသော၊သူ။ ဥယျာနဂတဿာ(ဥဒါန။၁၇၆)တိ ဥယျာနကိဋ္ဌနတ္ထံ ဥယျာနံ ဂတဿ။ ဥဒါန၊ ဋ္ဌ။၃၄၆-၇။

**ဥယျာနဂမန** (နု) [ဥယျာန+ဂမန] ဥယျာဉ်သို့ သွားခြင်း။ ဥယျာနဂမနသမယေ ဂမနေ စ။ သုတ္တနိ၊ဋ္ဌ၁။၇၅။ ဓူဋ္ဌနိ၊ဋ္ဌ။၁၀၇။

**ဥယျာနဂမနသီလ** (တိ) [ဥယျာနဂမန+သီလ] ဥယျာဉ်သို့သွားလေ့ရှိသော၊သူ။ ဥယျာနဂမန-သီလာ စ ဟောတိ။ ဇာ၊၂။၁၂၀။ ဇာ၊ဋ္ဌ၊၅။ ၄၆၇။

**ဥယျာနဂဝေသကဩပမ္မ** (နု) [ဥယျာနဂဝေသက +ဩပမ္မ] ဥယျာဉ်ကို ရှာမှီးသူ ဥပမာ။ ဣမဿ ပနတ္ထဿ ဝိဘာဝနတ္ထံ ဥယျာနဂဝေသကဩပမ္မံ အာဟရိတဗ္ဗံ။ အံ၊ဋ္ဌ၊၂။၃၅၄။

**ဥယျာနဋ္ဌာန** (နု) [ဥယျာန+ဌာန] ဥယျာဉ်အရပ်။ ဥယျာနဋ္ဌာနာဒီသု တတော ဒုဗ္ဗလတရော ဟောတိ။ မဟာနိ၊ဋ္ဌ။၂၇၀။

**ဥယျာနဒဿန** (နု) [ဥယျာန+ဒဿန] ဥယျာဉ်ကိုကြည့်ရှုခြင်း။ သော ... ဥယျာနဒဿန-တ္ထာယ ဂန္တွာ ဒေဝဒတ္တာနိ ကာသာယာနိ ဂဟေတွာ ပဗ္ဗဇိ။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၉၁။

**ဥယျာနနိဿိတ** (တိ) [ဥယျာန+နိဿိတ] ဥယျာဉ်ကို မှီသော။ ဥယျာနနိဿိတံ ဝါ ဟောတိ။ ဝိ၊၁။၂၂၆၊၂၃၉။

**ဥယျာနဒွါရ** (တိ) [ဥယျာန+ဒွါရ] ဥယျာဉ်တံခါး။ သော ဥယျာနဒွါရေယေဝ ပထဝီ ပဝိသိတွာ အဝီစိမဟာနိရယေ ပတိဋ္ဌဟိ။ ဇာ၊ဋ္ဌ၊၃။၄၀။

**ဥယျာနပဒေသ** (ပု) [ဥယျာန+ပဒေသ] ဥယျာဉ်အရပ်။ အယံ ရမဏီယော ဥယျာနပဒေသော ပုဗ္ဗေ မယာ အဿကရာဇေန သဒ္ဓိံ ဝိစရိ-တော။ ဇာ၊ဋ္ဌ၊၂။၁၄၄။

**ဥယျာနပါကာရမတ္ထက** (ပုနု) [ဥယျာနပါကာရ +မတ္ထက] ဥယျာဉ်တံတိုင်း၏-ထိပ်-အထက်။ ဗလဝတော ပုရိသေန အာဝိဇ္ဈနအလာတဂ္ဂိသိခါ ဝိယ ဥယျာနပါကာရမတ္ထကေ ပညာယိတ္ထ။ မ၊ဋ္ဌ၊၃။၁၁၃။

**ဥယျာနပါလ** (တိ) [ဥယျာန+ပါလ] ဥယျာဉ် စောင့်သော၊သူ၊ ဥယျာဉ်စောင့်။ ရာဇာ ... ဥယျာနပါလံ ပက္ကောသာပေတွာ ပုစ္ဆိ။ သံ၊ဋ္ဌ၊ ၃။၃၉။

**ဥယျာနပါလပုတ္တ** (တိ) [ဥယျာနပါလ+ပုတ္တ] ဥယျာဉ်စောင့်၏သား။ သတ္ထာ...ဥယျာနပါလ-ပုတ္တံ အာရဗ္ဘ ကထေသိ။ ဇာ၊ဋ္ဌ၊၂။၃၁၁။

**ဥယျာနပေါက္ခရဏီ** (ထီ) [ဥယျာန+ပေါက္ခရဏီ] ဥယျာဉ်၌တူးအပ်သောလေးထောင့်ကန်။ သော သရီရံ ဥဗ္ဗဋ္ဋာပေတွာ ဥယျာနပေါက္ခရဏိယံ နှတွာ။ သံ၊ဋ္ဌ၊၂။၂၁၇။

**ဥယျာနဘူမိ** (ထီ) [ဥယျာန+ဘူမိ] ဥယျာဉ်မြေ။ ဥယျာနဘူမျာ(ဝိမာန။၉၃)တိ ဥယျာနဘူမိယံ။ ဝိမာန၊ဋ္ဌ။၂၆၁။ (-သံ၊၃။၃၀၅။)

**ဥယျာနမက္ကဋီ** (ထီ) [ဥယျာန+မက္ကဋီ] ဥယျာဉ် ၌နေသောမျောက်မ။ အထေကာ ဥယျာန-မက္ကဋီ သာခန္တရေ နိသိန္နာ။ ဇာ၊ဋ္ဌ၁။၄၀၇။

**ဥယျာနရက္ခက** (တိ) [ဥယျာန+ရက္ခက] ဥယျာဉ် စောင့်ရှောက်သော၊သူ။ ဥယျာနရက္ခကံ စတုရ-ဂ်ံသမန္နာဂတံ ဥယျာနပါလံ မာပေဟိ။ ဇာ၊ဋ္ဌ၊ ၂။၁၇၃။

**ဥယျာနရသ** (ပု) [ဥယျာန+ရသ] ဥယျာဉ် အရသာ၊ ဥယျာဉ်နေရသောအရသာ။ တတ္ထ ဒိဝသဘာဂံ ကီဠိတွာ ဥယျာနရသမနုဘဝိတွာ။ ဗုဒ္ဓဝံ၊ဋ္ဌ။၃၂၈။

**ဥယျာနဝန** (နု) [ဥယျာန+ဝန] ဥယျာဉ်တော။

ဥယျာနဝနံ ရတိနန္ဒိဝဍ္ဎနံ။ ပေတ။၁ရ၂။

**ဥယျာနဝနကီဠာ** (ထီ) [ဥယျာနဝန+ကီဠာ] ဥ-ယျာဉ်တောကစားခြင်း။ ဥယျာနဝနကီဠာဒီနံ ဝသေန္တဲ့ ဝေဿန္တရံ အနုဝသေန္တိ။ ဇာ၊၄၊ရ။၂၆ရ-၈။

**ဥယျာနဝနစာရိကာ**(ထီ) [ဥယျာနဝန+စာရိကာ] ဥယျာဉ်တောသို့လှည့်လည်သွားလာခြင်း။ ယာ-ကာစိ ဥယျာနဝနစာရိကံ ဂတာ သမာနာနာ-ရိယော မုနိံ ပလောဘေန္တိ။ သုတ္တနိ၊၄၊၂။၂၁၁။

**ဥယျာနဝနမာလီ** (တိ) [ဥယျာနဝနမာလာ+ဤ။ ထိ၌ ဥယျာနဝနမာလိနီ။] ဥယျာဉ်တောပန်းရှိ သော။ ကဒါဟံ မိထိလံ ဖီတံ၊ ဥယျာနဝန-မာလိနိံ။ ဇာ၊၂။၁၆၁။

**ဥယျာနဝန္တ** (တိ) [ဥယျာန+ဝန္တု] ဥယျာဉ်တော ရှိသော။ ဥယျာနဝန္တံ့ နန္ဒနဝနသဟိတံ။ ပေတ၊ ၄။၁ရ၅။ (ယင်း၏ သံဝဏ္ဏေတဗ္ဗဖြစ်သော ပေတ။၁ရ၃-၌ ဥယျာနဝနံ-ဟုရှိသည်။)

**ဥယျာနဝိစရဏ** (နံ) [ဥယျာန+ဝိစရဏ] ဥယျာဉ် ၌လှည့်လည်သွားလာခြင်း။ သာ ... ဥယျာန-ဝိစရဏတ္တာယ စိတ္တံ ဥပ္ပါဒေတွာ။ မ၊၄၊၄။၁၃၀။

**ဥယျာနသမ္ပန္န** (တိ) [ဥယျာန+သမ္ပန္န] ဥယျာဉ် နှင့် ပြည့်စုံသော။ ဥယျာနသမ္ပန္နံ ပဟူတမာလျ (ဇာ၊၂။၁၄ရ)န္တိ မဟာရာဇ တဝ ဥယျာနသမ္ပန္နံ နာနာဝိဓပုပ္ဖံ။ ဇာ၊၄၊၅။၅၄၈။

**ဥယျာနသေဋ္ဌ** (နံ) [ဥယျာန+သေဋ္ဌ] မြတ်သော ဥယျာဉ်။ ဥယျာနသေဋ္ဌံ တိဒသာနမုတ္တမံ။ ဝိမာန။၉၅။

**ဥယျာနာဘိမုခ** (တိ) [ဥယျာန+အဘိမုခ] ဥယျာဉ် သို့ ရှေးရှုခြင်းရှိသော။ ရထော ပါစီနဒွါရေန နိက္ခမိတွာ ဥယျာနာဘိမုခေါ အဟောသိ။ အံ၊ ၄၊၁။၁၃၄။ (-ဇာ၊၄၊၁။၆၉။)

**ဥယျာပေတိ** (ကာ၊ကြိ) [ဥ+ယာ+ဏာပေ+တိ] အထက်(ဘုံဘဝ)သို့ရောက်စေ၏။ ဥယျာ-ပေန္တိ(သံ၊၂။၄၉၈၊နေတ္တိ၊၃၉)တိ ဥပရိ ယာပေန္တိ။ သံ၊၄၊၃။၁၄၁။ နေတ္တိ၊၄။၁၀၉။ ဥပရိ ယာပေန္တိ-တိ ဥပရိ ဗြဟ္မလောကံ ယာပေန္တိ။ သံ၊ဋီ၊၂။၃၈၁။ ဥယျာပေန္တီတိ မနုဿလောကတော ဥဒ္ဓံ ဒေဝ-လောကံ ယာပေန္တိ ပါပေန္တိ။ နေတ္တိ၊ဝိ။၁၆၆။

**ဥယျာပေန္တိ** (ကာ၊ကြိ) [ဥ+ယာ+ဏာပေ+အန္တိ] အထက်(ဘုံဘဝ)သို့ရောက်စေကုန်၏။ အထက် ပုဒ်ကြည့်။

**ဥယျာမ** (ပုံ) [ဥ+ယာ+အမ။ ဥဒ္ဓံ ယန္တိ ယေနာတိ ဥယျာမော။ ဓာန်ဋီ။၁၅၆။ ဥ+ယမု+ဏ။ ဓာတွတ္ထ၊ ၃၀၆။] အားထုတ်ခြင်း၊ လုံ့လဝီရိယ။ ဥယျာ-မော ဝါယာမော။ အဘိ၊ဓ။၁၉။ ဥဂ္ဂန္တွာ ယမန-ဝသေန ဥယျာမော။ အဘိ၊၄၊၁။၁၉၀။ ဥဒ္ဓံ ယမနံ ဥယျာမော။ မူလဋီ၊၁။၉၆။

**ဥယျာတိ** (ကြိ) [ဥ+ယာ+အ+တိ] သွား၏၊ ဖဲ သွား၏၊ ခရီးမဟုတ်သောအားဖြင့်သွား၏။ ဥယျာဟိ ဒါနိ ရာဇိသိ၊ ဒေဝရာဇဿ သန္တိကေ။ ဇာ၊၂။၁၉၅။ ဣဒါနိ ဒေဝရာဇဿ သန္တိကေ သမ္ပတ္တိံ ဒဋ္ဌုံ ဥယျာဟိ ဂစ္ဆာဟိ။ ဇာ၊၄၊၆။၁၅၆။ မဂ္ဂါ ဥယျာဟိ သာရထိ(ဇာ၊၁။၃၆)တိ အတ္တ-နော ရထံ မဂ္ဂါ ဥက္ကမာပေတွာ ဥယျာဟိ ဥပ္ပထေန ယာဟိ။ ဇာ၊၄၊၂။၄။ ဥယျာဟီတိ ဧတ္ထ ဥသဒ္ဒေါ အပဂမနတ္ထေ ပဝတ္တတိ၊ အပဂမေတွာ ဂစ္ဆာဟီတိ အတ္ထော။ ... ကေစိ ပနေတ္ထ ဥပ္ပထေနာတိ ဣမိနာ ဥသဒ္ဒဿ အတ္ထံ ဒဿေတီတိ ဝဒန္တိ၊ တံ န ယုတ္တံ။ ဇာ၊ ဋီ၊သစ်။ မဂ္ဂါ ဥယျာဟိ သာရထီတိ သမ္မ သာရထိ မဂ္ဂတော အပဂစ္ဆ။ ဇာ၊၄၊၂။၄။

**ဥယျာဟိ** (ကြိ) [ဥ+ယာ+အ+ဟိ] သွားလော၊ ဖဲသွားလော။ အထက်ပုဒ်ကြည့်။

**ဥယျုဋ္ဌတိ** (ကြိ) [ဥ+ယုဇ+အ+တိ] အားထုတ် ၏။ ဥယျုဋ္ဌန္တိ သတိမန္တော(ဓမ္မ။၂၆)တိ

သတိဝေပုလ္လပ္ပတ္တာ ခိဏာသဝါ ... ယုဉ္ဇန္တိ ဃဋေန္တိ။ ဓမ္မ၊ဋ္ဌ၊၁။၃၈၅။

**ဥယျုတာဝုဓ** - ဥယျုတ္တာ(တာ)ဝုဓ-ကြည့်။

**ဥယျုတ္တ** (တိ) [ဥ+ယုဇ+တ] (၁) (ပြည်ရွာမှ) ထွက်သော၊ (ပြည်ရွာမှ) ထွက်၍ စုဝေးတည်နေသော၊ စစ်ချီတက်သော(စစ်တပ်)။ (၂) အားထုတ်သော၊သူ။ (၃) ယှဉ်စပ်-ကိုင်စွဲ-အပ်သော။ (၄) ဥယျုတ္တသိက္ခာပုဒ်။ (၁) ယော ပန ဘိက္ခု ဥယျုတ္တံ သေနံ ဒဿနာယ ဂစ္ဆေယျ။ ဝိ၊၂။၁၄၀။ ဥယျုတ္တာ နာမ သေနာ ဂါမတော နိက္ခမိတွာ နိဝိဋ္ဌာ ဝါ ဟောတိ ပယာတာ ဝါ။ ဝိ၊၂။၁၄၀။ ဥယျုတ္တန္တိ ကတဥယျောဂံ။ ကင်္ခါ။၂၃၆။ ဥယျုတ္တ(ဝိဝိနိစ္ဆယ။၁၄၄)န္တိ သင်္ဂါမတ္ထာယ ကတဥယျောဂံ၊ ဂါမတော နိက္ခမိတွာ ဂစ္ဆန္တံ ဝါ ကတ္ထစိ သန္နိဝိဋ္ဌံ ဝါ။ ဝိဝိနိစ္ဆယဋီ၊၁။၅၁၇။ ယုတ္တန္တိ ဥယျုတ္တံ။ သုတ္တနိ၊ဋ္ဌ၊၂။၁၂၀။ (-ဇာ၊၂။၃၇၁။ ဇာ၊ဋ္ဌ၊၇။၃၇၁။) ကတဥယျောဂန္တိ ဣမိနာ ဥဋ္ဌဟိတွာ ယုဉ္ဇတိ ဂစ္ဆတီတိ ဥယျုတ္တာတိ ဒဿေတိ။ ပါစိတ်၊ယော။၉၉။ (၂) သကမ္မပသုတာတိ ... သကေသု ကမ္မေသု ဥယျုတ္တာ ဗျာဝဋာ။ ဒီ၊ဋ္ဌ၊၁။၂၆၅။ (-ပဋိသံ၊ဋ္ဌ၊၂။၁၅။) (၃) ဥယျုတ္တာဝုဓ-ကြည့်။ (၄) ဥယျုတ္တံ သေနံ ဥယျောဓိ (ဝိ၊၅။၁၆၁)တိ ... ဝုတ္တသိက္ခာပဒတ္တယံ။ ဝိ၊ဋ္ဌ၊၄။၁၄၈။

**ဥယျုတ္တစတုရင်္ဂသေနာဒဿန** (န) [ဥယျုတ္တစတုရင်္ဂသေနာ+ဒဿန] (ပြည်ရွာမှ) ထွက်သော-စစ်ချီတက်သော-အင်္ဂါလေးပါးရှိသော စစ်တပ်ကိုကြည့်ရှုခြင်း။ ဥယျုတ္တစတုရင်္ဂသေနာဒဿနာယ တထာရူပပစ္စယာဒိံ ဝိနာ ဂမနံ။ ဝိမတိ၊၂။၄၁။

**ဥယျုတ္တပယုတ္တ** (တိ) [ဥယျုတ္တ+ပယုတ္တ] လွန်စွာအားထုတ်သော၊သူ။ ရာဇာ ဘိက္ခု ဥယျုတ္တပယုတ္တော ... ဒိသွာ။ ဝိ၊ဋ္ဌ၊၂။၂၈၈။

**ဥယျုတ္တသညီ** (တိ) [ဥယျုတ္တသညာ+ဤ] စစ်ချီတက်သောစစ်တပ်ဟု-စစ်ချီတက်၏ဟု-အမှတ်ရှိသော၊သူ။ ဥယျုတ္တေ ဥယျုတ္တသညီ။ ဝိ၊၂။၁၄၀။

**ဥယျုတ္တသိက္ခာပဒ** (န) [ဥယျုတ္တ+သိက္ခာပဒ] ဥယျုတ္တသိက္ခာပုဒ်။ ဥယျုတ္တသိက္ခာပဒါနံ အစိတ္တကလောကဝဇ္ဇေသု လောကဝဇ္ဇတာ ပုဗ္ဗေ ဝုတ္တနယာဝ။ ဝိမတိ၊၂။၄၂။

**ဥယျုတ္တသေနာ** (ထီ) [ဥယျုတ္တာ+သေနာ] (၁) ဥယျုတ္တသေနာသိက္ခာပုဒ်။ (၂) စစ်ချီတက်သောစစ်တပ်။ (တိ)(၃) စစ်ချီတက်သော စစ်တပ်ရှိသော။ (၁) အောက်ပုဒ်ကြည့်။ (၂) အညမညံ ပဟာရတ္ထံ ဥဂ္ဂန္တွာ ယုတ္တာ သေနာ ဥယျုတ္တသေနာ။ ပဋိသံ၊ဂံ။၄၆။ (တိ)(၃) ဥယျုတ္တသေနာ ဝိယ ရဏဘူမိ။ ပဋိသံ၊ဋ္ဌ၊၁။၂၁။ ဝိသုဒ္ဓိ၊၂။၂၈၄။

**ဥယျုတ္တသေနာသိက္ခာပဒ** (တိ) [ဥယျုတ္တသေနာ+သိက္ခာပဒ] ဥယျုတ္တသေနာသိက္ခာပုဒ်။ သေသံ ဥယျုတ္တသေနာသိက္ခာပဒေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ ဝိ၊ဋ္ဌ၊၃။၁၂၆။

**ဥယျုတ္တာ(တာ)ဝုဓ** (တိ) [ဥယျုတ္တ+အာဝုဓ] ယှဉ်စပ်-ကိုင်စွဲ-အပ်သောလက်နက်ရှိသော၊ လက်နက်စွဲကိုင်သော၊သူ။ (မုချအားဖြင့်စစ်သည်ရ၏၊ ဥပစာအားဖြင့် ထိုစစ်သည်စီးသောဆင်ရ၏။) တေသညေဝ ခန္ဓဂတာနံ ယောဓာနံ ဝသေန ဥယျုတ္တာဝုဓာ... ရက္ခန္တိ။ ဇာ၊ဋ္ဌ၊၅။၉၉။ ဥယျုတ္တာဝုဓာတိ ဥယျုတ္တအာဝုဓာ၊ အာဝုဓဟတ္ထာ ပုရိသာတိ အတ္ထော။ ဇာ၊ဋီ၊သစ်၊ ယေ ကုဉ္ဇရာ သတ္တသတာ ဥဠာရာ၊ ရက္ခန္တိ ရတ္တိန္ဒိဝမုယျုတာဝုဓာ။ ဇာ၊၁။၃၉၅။

**ဥယျောဂ** (ပု) [ဥ+ယုဇ+ဏ] (၁) အားထုတ်

ခြင်း။ (၂) တက်၍အားထုတ်ရာ-စစ်ချီ စစ်ထွက်-ရာ(ကာလ၊ အရပ်)။ (၃) ပျက်စီးဆုတ်ယုတ်ခြင်း။ (၁) ဥပ္ပန္နေသု ကိစ္စကရဏီယေသု အတ္တနာ ဥယျောဂံ အာပဇ္ဇတိ။ ဥဒါန၊ဋ္ဌ။၂၁၁။ (ယင်းပါဠိသည် သံ၊၂-နှင့် မဟာနိ-တို့ကို ကိုးကားသောပါဠိဖြစ်သည်။ သံ၊၂။၁၀-၌ အတ္တနာ တေသု ယောဂံ- ဟုရှိ၍၊ မဟာနိ။ ၃၀၂-၌ အတ္တနာ ဝေါယောဂံ-ဟုရှိသည်။) (၂) အောက်ပုဒ်ကြည့်။ (၃) ဥယျောဂမုခ-ကြည့်။

**ဥယျောဂကာလ** (ပု) [ဥယျောဂ+ကာလ] တက်၍အားထုတ်ရာ-စစ်ချီစစ်ထွက်ရာအခါ။ ဥယျောဂကာလာဒီသု ဟိ ရာဇာနော တတ္ထ ဌတွာ "တွေကာ ပုရတော ဂစ္ဆန္တု၊... ဇေ‌ံ သန္ထ ကရောန္တိ။ မ၊ဋ္ဌ၊၃။၁၁။

**ဥယျောဂဋ္ဌာန** (နု) [ဥယျောဂ+ဌာန] စစ်ချီစစ်ထွက်အရာအရပ်၊ စစ်မြေပြင်အရပ်။ ဥယျောဂဋ္ဌာနတော စ အာဂန္တွာ ...ကရောန္တိ။ မ၊ဋ္ဌ၊၃။၁၁။

**ဥယျောဂမုခ** (နု) [ဥယျောဂ+မုခ] ဆုတ်ယုတ်ခြင်း-မတိုးပွားခြင်း-၏ အဦးအစ။ ဥယျောဂမုခေ-(ဓမ္မ။၄၇)တိ ပရိဟာနိမုခေ၊ အဝုဒ္ဓိမုခေ စ ဌိတောသီတိ အတ္ထော။ ဓမ္မ၊ဋ္ဌ၊၂။၂၁၅။

**ဥယျောဇက** (တိ) [ဥ+ယုဇ+ဏွု။ ထိ-၌ ဥယျောဇိကာ။] စေခိုင်း-တိုက်တွန်း-သော၊သူ။ ဥယျောဇကဿ ဝိယောဇကဿ သတော အာပတ္တိ ဒုက္ကဋဿ။ ဝဇိရ။၃၂၅။ (-ကင်္ခါ၊ဋ္ဌ၊ သစ်။၃၉၇။) အာပတ္တိယော ကဿာ ဟောန္တိတိ ဥယျောဇိကာယ။ ဝိ၊ဋ္ဌ၊၃။၁၈၇။

**ဥယျောဇန** (နု) [ဥ+ယုဇ+ယု] (၁) စေခိုင်း-တိုက်တွန်း-ခြင်း။ (၂) စေခိုင်း-တိုက်တွန်း-ကြောင်း(စကား)။ (၃) စေခိုင်းတိုက်တွန်းရာ(နေ့)။ (၁) ယသ္မာ န သဗ္ဗကထာ ဥယျောဇန-ဝသေနေဝ ပဝတ္တတိ။ မဋီ၊၃။၃၂၆။ (၂) တေန ဟိတိ မိဂဂ္ဂဟဏာ ဥယျောဇနံ။ သီ၊ဋီ၊သစ်၊၁။၃၅၂။ (၃) အောက်ပုဒ်ကြည့်။

**ဥယျောဇနဒိဝသ**(ပု) [ဥယျောဇန+ဒိဝသ] စေခိုင်း-တိုက်တွန်း-ရာနေ့။ ဥယျောဇနဒိဝသေ ဗုဒ္ဓပ္ပမုခဿ ဘိက္ခုသံဃဿ မဟာဒါနံ ဒတွာ။ ဓမ္မ၊ဋ္ဌ၊၂။၂၇၁။

**ဥယျောဇနတ္ထ** (ပု) [ဥယျောဇန+အတ္ထ] စေခိုင်း-တိုက်တွန်း-ခြင်းအနက်။ တေနာတိ အယမ္ပိ ဝါ ဥယျောဇနတ္ထေ နိပါတောယေဝ။ ဝိ၊ဋ္ဌ၊၁။ ၁၇၆။

**ဥယျောဇနိက** (တိ) [ဥယျောဇန+ဏိက။ ဥ+ယုဇ+အနီယ] (၁) စေခိုင်း-တိုက်တွန်း-ခြင်းရှိသော။ (၂) စေခိုင်း-တိုက်တွန်း-တတ်သော။ (၁)(၂) အောက်ပုဒ်ကြည့်။

**ဥယျောဇနိကပဋိသံယုတ္တ** (တိ) [ဥယျောဇနိက+ပဋိသံယုတ္တ] စေခိုင်းတိုက်တွန်းခြင်းရှိသော-စေခိုင်းတိုက်တွန်းတတ်သော-စကားနှင့်ယှဉ်သော။ အညဒတ္ထု ဥယျောဇနပဋိသံယုတ္တံယေဝ ကထံ ကတ္တာ ဟောတိ။ မ၊၃။၁၅၃။ ဥယျောဇနပဋိသံယုတ္တန္တိ ဂစ္ဆထ တုမှေတိ ဇေ‌ံ ဥယျောဇနိကေန ဝစနေန ပဋိသံယုတ္တံ။ မ၊ဋ္ဌ၊၄။၁၁၄။ ဥယျောဇနံ ဝိဿဇ္ဇနံ၊ တံ ဧတဿ အတ္ထိ, ဥယျောဇေတိ ဝိဿဇ္ဇေတီတိ ဝါ ဥယျောဇနိကံ။ မဋီ၊၃။၃၂၆။

**ဥယျောဇိတ** (တိ) [ ဥ+ယုဇ+တ] စေခိုင်း-တိုက်တွန်း-အပ်သော၊သူ။ အနာထပိဏ္ဍိကေန ဂဟပတိနာ ဥယျောဇိတာ အာရာမေ အကံသု။ ဝိ၊၄။၃၀၆။ (-ဝိ၊ဋ္ဌ၊၃။၁၂၁။)

**ဥယျောဇိတစိတ္တ** (တိ) [ ဥယျောဇိတ+စိတ္တ] စေခိုင်း-တိုက်တွန်း-အပ်သောစိတ်ရှိသော၊သူ။ သတ္တေသု ဝိသယဘူတေသု နိမိတ္တဘူတေသု ဝါ သမုဿာဟိတမာနသော ဥယျောဇိတ-

စိတ္တောတိ အတ္တော ဒဋ္ဌဗ္ဗော။ မူလဋီ၊၁။ရ။

**ဥယျောဇိယတိ** (ကြိ) [ဥ+ယုဇ+ယ+တိ] စေခိုင်း- တိုက်တွန်း-စေလွှတ်-အပ်၏။ နိယန္တီတိ ဒိဋ္ဌိဝါဒသင်္ကာနေ ဥယျောဇိယန္တိ။ သံ၊ဋီ၊၁။၆၉။

**ဥယျောဇိယန္တိ** (ကြိ) [ဥ+ယုဇ+ယ+အန္တေ] စေခိုင်း-တိုက်တွန်း-စေလွှတ်-အပ်ကုန်၏။ အထက်ပုဒ်ကြည့်။

**ဥယျောဇိ(ဇီ)ယမာန** (တိ) [ဥ+ယုဇ+ယ+မာန] စေခိုင်း-တိုက်တွန်း-စေလွှတ်-အပ်သော၊သူ။ သောမယာ ဥယျောဇိယမာနော န ဂစ္ဆတိ ဂန္တုံ။ ဝိ၊၂။၁၂၇။ သူရိယေ အတ္ထင်္ဂတေ ဥယျောဇိယမာနောပိ ... ပက္ကသာလံ ပဝိသိတွာ နိပဇ္ဇိ။ ဇာ၊ဋ္ဌ၊၅။၅၀၇။

**ဥယျောဇေတဗ္ဗ** (တိ) [ဥ+ယုဇ+ဏေ+တဗ္ဗ] စေခိုင်း-တိုက်တွန်း-စေလွှတ်-အပ်သော၊သူ။ သပ္ပဋိဘယံ ဂန္တွာ အပ္ပဋိဘယံ ဒဿေတွာ ဥယျောဇေတဗ္ဗာ။ ဝိ၊၂။၈၈။

**ဥယျောဇေတိ** (ကြိ) [ဥ+ယုဇ+ဏေ+တိ] စေခိုင်း-တိုက်တွန်း-စေလွှတ်-ယှဉ်စေ-၏။ "ဂစ္ဆာဝုသော ... ဟာသု ဟောတိ"တိ ဥယျောဇေတိ။ ဝိ၊၂။၁၂၅။ ရာဇာ အကာလေ သေနံ ဥယျော- ဇေတိ။ ဝိ၊၂။၂၀၈။ **ဥယျောဇေန္တိ**—မ၊ဋ္ဌ၊၃။၁၀၈။ **ဥယျောဇေသိ**—ဝိ၊၂။၁၂၅။ **ဥယျောဇေထ**—ဝိ၊၂။၇၂။ **ဥယျောဇေမိ**—သံ၊၂။၅၁၂။ **ဥယျောဇေတု**—ဝိ၁။၂၀၁။ **ဥယျောဇေယျ**—ဝိ၊၂။၁၂၅။ **ဥယျောဇေသိ**—ဝိ၊၂။၁၂၅။ ဒီ၊ဋ္ဌ၊၂။၁၄၂။ **ဥယျောဇေသုံ**—ဝိ၊၂။၇၁။ **ဥယျောဇေဿတိ**—ဝိ၁။၂၀၁။ ဝိ၊၂။၁၂၅။ **ဥယျောဇေဿသိ**—ဝိ၊၂။၁၂၅။ **ဥယျောဇေဿထ**—ဝိ၊၂။၇၂။

**ဥယျောဇေတုံ** (ကြိ၊ဝိ) [ဥ+ယုဇ+ဏေ+တုံ] စေခိုင်း-တိုက်တွန်း-စေလွှတ်-ခြင်းငှါ။ ဝေဠု ပနဝတွာ တတော နံ ဥယျောဇေတုံ ဒုတိယံ ဂါထမာဟ။ ဇာ၊ဋ္ဌ၊၃။၄၆၈။

**ဥယျောဇေတု** (ကြိ) [ဥ+ယုဇ+ဏေ+တု] စေခိုင်း-တိုက်တွန်း-စေလွှတ်-လော။ ဥယျောဇေတိ-ကြည့်။

**ဥယျောဇေတွာ** (ဗျ) [ဥ+ယုဇ+ဏေ+တွာ] စေခိုင်း-တိုက်တွန်း-စေလွှတ်-၍။ ရာဇာ ကာလေ သေနံ ဥယျောဇေတွာ အန္တရာမဂ္ဂေတော နိဝတ္တာပေတိ။ ဝိ၊၂။၂၀၈။ (-အံ၊ဋ္ဌ၊၂။ရ၄။)

**ဥယျောဇေထ** (ကြိ) [ဥ+ယုဇ+ဏေ+ထ] စေခိုင်း-တိုက်တွန်း-စေလွှတ်-ကုန်၏။ ဥယျောဇေတိ-ကြည့်။

**ဥယျောဇေန္တ** (တိ) [ဥ+ယုဇ+ဏေ+အန္တ။ ထိ- ၌ ဥယျောဇေန္တီ] စေခိုင်း-တိုက်တွန်း-စေလွှတ်-သော၊သူ။ တဿ ဒါပေတွာ ဝါ အဒါပေတွာ ဝါ ဥယျောဇေန္တော ဒွေ အာပတ္တိယော အာပဇ္ဇတိ။ ဝိ၊၅။၆၆။ (-ဒီ၊ဋ္ဌ၊၂။၄၈။) ဇံ သန္တေပိ... ဥယျောဇေန္တီ သံဃာဒိသေသာပတ္တိံ အာပဇ္ဇတိ။ ဝိ၊၄။၂၄၁။

**ဥယျောဇေမိ** (ကြိ) [ဥ+ယုဇ+ဏေ+မိ] စေခိုင်း- တိုက်တွန်း-စေလွှတ်-၏။ ဥယျောဇေတိ-ကြည့်။

**ဥယျောဇေယျ** (ကြိ) [ဥ+ယုဇ+ဏေ+ယျ] စေခိုင်း-တိုက်တွန်း-စေလွှတ်-ရာ၏။ ဥယျော- ဇေတိ-ကြည့်။

**ဥယျောဇေသိ**[၁] (ကြိ) [ဥ+ယုဇ+ဏေ+သိ] စေခိုင်း-တိုက်တွန်း-စေလွှတ်-၏။ ဥယျောဇေတိ-ကြည့်။

**ဥယျောဇေသိ**[၂] (ကြိ) [ဥ+ယုဇ+ဏေ+ဤ] စေခိုင်း-တိုက်တွန်း-စေလွှတ်-ပြီ။ ဥယျောဇေတိ-ကြည့်။

**ဥယျောဇေသုံ** (ကြိ) [ဥ+ယုဇ+ဏေ+ဥံ] စေ

ခိုင်း-တိုက်တွန်း-စေလွှတ်-ကုန်ပြီ။ ဥယျောဇေတိ-ကြည့်။

**ဥယျောဇေဿတိ** (ကြိ) [ဥ+ယုဇ+ဏေ+ဿတိ] စေခိုင်း-တိုက်တွန်း-စေလွှတ်-လတ္တံ့။ ဥယျော-ဇေတိ-ကြည့်။

**ဥယျောဇေဿထ** (ကြိ) [ဥ+ယုဇ+ဏေ+ဿထ] စေခိုင်း-တိုက်တွန်း-စေလွှတ်-ကုန်လတ္တံ့။ ဥယျောဇေတိ-ကြည့်။

**ဥယျောဇေဿသိ** (ကြိ) [ဥ+ယုဇ+ဏေ+ဿသိ] စေခိုင်း-တိုက်တွန်း-စေလွှတ်-လတ္တံ့။ ဥ-ယျောဇေတိ-ကြည့်။

**ဥယျောဓန** (န) [ဥ+ယုဓ+ယု] ပုတ်ခတ်-ထိုးပစ်-စစ်တိုက်-ခြင်း။ ဥယျောဓနံ သမ္ပဟာရော။ သီ၊ဋ္ဌိ၊သစ်၊၂။၂၄။

**ဥယျောဓိက** (တိ) [ဥ+ယုဓ+ဏ္ဍ။ ဥယျောဓ+ဏိက] (၁) တက်၍ တက်၍-ပုတ်ခတ်-ထိုးပစ်-စစ်တိုက်-ရာအရပ်၊ စစ်မြေပြင်။ (၂) တက်၍ တက်၍-ပုတ်ခတ်-ထိုးပစ်-စစ်တိုက်-ခြင်း။ (၃) ဥယျောဓိကသိက္ခာပုဒ်။ (၁) ဒိရတ္တတိရတ္တံ စေ ဘိက္ခု သေနာယ ဝသမာနော ဥယျောဓိကံ ဝါ။ ဝိ၊၂။၁၄၃။ ဥဂ္ဂန္တွာ ဥဂ္ဂန္တွာ ဧတ္ထ ယုဇ္ဈန္တီတိ ဥယျောဓိကံ။ သမ္ပဟာရဋ္ဌာနဿေတံ အဓိဝစနံ (နာမံ)။ ဝိ၊ဋ္ဌ၊၃။၁၂၆။ ကင်္ခါ၊၂၃၇။ (-ဝိ၊ဝိနိစ္ဆယ၊ ဋ္ဌိ၊၁။၅၂၀။) ယုဓဓာတုတော ဏ္ဍပစ္စယော၊ အဓိကရဏဝါစကော၊ န ကတ္တာဒိဝါစကောတိ အာဟ "ဧတ္ထာ"တိ။ ကင်္ခါ၊ယော၊မဟာဋ္ဌိ၊၄။၁၃၉။ (၁)(၂) ဥယျောဓိကာ နိဝတ္တော ဟောတိ(အံ၊ ၃။၃၀၇)တိ ယုဒ္ဓတော နိဝတ္တော ဟောတိ။ အံ၊ဋ္ဌ၊၃။၃၀၅။ ဥဂ္ဂန္တွာ ယုဇ္ဈတိ ဧတာယာတိ ဥယျောဓိကာ။ သတ္တပ္ပဟာရေဟိ ယုဇ္ဈိတ-ဗ္ဗဿေတံ အဓိဝစနံ။ ဥဂ္ဂန္တွာ ယုဇ္ဈနံ ဝါ ဥယျောဓိကော၊ သတ္တပ္ပဟာရော၊ တေနာဟ ယုဒ္ဓတော နိဝတ္တောတိ။ အံ၊ဋ္ဌိ၊၃။၃၂၇။ (၃) ဥယျုတ္တံ သေနံ ဥယျောဓိ(ဝိ၊၅။၁၆၁)တိ ... ဝုတ္တသိက္ခာပဒတ္တယံ။ ဝိ၊ဋ္ဌ၊၄။၁၄၈။

**ဥရ** (ပုံန) [ဥသ+ရ။ အရ+အ။ ဓာန်၊ဋ္ဌိ၊၂၇၀။ ဥ+ရာ+အ။ ကော၊ဋ္ဌိ။ ဥရောတိ ဧတ္ထ ဥကာရော ဒုက္ခလာဘော၊ ဒုက္ခလာဘေ သတိ ရန္တိ ပဟရန္တိ ဧတ္ထ ဇနာတိ ဥရော။ ကေက္ခရကောသဋီကာ။] (၁) ရင်၊ ရင်ဘတ်။ (၂) နှလုံး။ (၃) သင်တုန်းစက်။ (၄) လှည်းသန်ရင်း။ (၁) တဿ တာ သူစိယော...မုခေ ပဝိသိတွာ ဥရတော နိက္ခမန္တိ။ ဝိ၊၁။၁၄၆။ ဥရာနိ ပဋိပိသန္တိ။ ပဋိသံ၊ဋ္ဌ၊၁။၁၃၇။ ဝိသုဒ္ဓိ၊၂။၁၃၅။ ဥရာဒီနိ ဌာနာနိ နာမ။ ဝဇီရ၊၄၁၂။ (၂) သစေ ခေါ ဥပါလိ ဂဏာနံ သိက္ခိဿတိ၊ ဥရဿ ဒုက္ခော ဘဝိဿတိ။ ဝိ၊၃။၁၀၈။ ဂဏာနံ သိက္ခန္တေန ဗဟုံ စိန္တေတဗ္ဗံ ဟောတိ၊ တေနဿ ဥရော ဒုက္ခော ဘဝိ-ဿတီတိ မညိသု။ ဝိ၊ဋ္ဌ၊၃။၁၃၅။ ဥရောတိ ဟဒယံ၊ တံ ဟိ ဥဿတိ စိတ္တတာပေါ ဒဟတိ ဧတ္ထာတိ ဥရောတိ ဝုစ္စတိ။ ပါစိတ်၊ယော။၁၀၈။ (၃) ဣစ္ဆာဟတဿ ပေါသဿ၊ စက္ကံ ဘမတိ မတ္ထကေတိ ဧတ္ထ ဥရစက္ကေ။ (သျှာ၊က-မှုတ်၌ ခုရစက္ကေ-ဟုရှိ၏။) မ၊ဋ္ဌ၊၁။၃၃၃။ (၄) ဥရဿာ(ဝိမာန၊၈၉)တိ ဥရော အဿ၊ ရထဿ ဥရောတိ စ ဉ္စသာမူလံ ဝဒတိ။ ဝိမာန၊ဋ္ဌ၊၂၅၀။

**ဥရဂ** (ပု) [ဥရ+ဂမု+က္ဂ။ ဓာန်၊ဋ္ဌိ၊၆၅၄။] မြွေ၊ အဆိပ်ရှိသောမြွေ၊ နဂါး။ ဥရဂေါ မဟာရာဇ "ဒဟရော"တိ န ဥညာတဗ္ဗော။ သံ၊၁။၆၈။ ဥရဂေါတိ အာသီဝိသော။ သံ၊ဋ္ဌ၊၁။၁၂၁။ ဥရသာ ဂစ္ဆတီတိ ဥရဂေါ၊ ယောကောစိ သပ္ပေါ။ ဣမဓ ပန အဓိပ္ပေတံ ဒဿေတုံ "အာသီဝိသော"တိ အာဟ။ သံ၊ဋ္ဌိ၊၁။၁၇၁။ တတ္ထ ဥရဂ-သဒ္ဒေန နာဂါ ဂဟိတာ။ ဇာ၊ဋ္ဌ၊၁။၂၂၀။ သာရတ္ထ၊၁။၂၇၁။ ဥရဂါဓိဘူ-လည်းကြည့်။

**ဥရဂဏ္ဍိပိသာစိနီ** (ထီ) [ဥရဂဏ္ဍိ+ပိသာစ+ဍာနီ] ရင်၌တည်သောအဖုနှစ်ခုရှိသော ဘီလူးမနှင့်တူ သော၊သူ။ ဂူထဘသ္မေ တစောနဒွေ၊ ဥရဂဏ္ဍိပိသာစိနီ၊ နဝ သောတာနိ တေ ကာယေ၊ ယာနိ သန္ဒန္တိ သဗ္ဗဒါ။ ထေရီ။၃၆၂။ ဥရဂဏ္ဍိပိသာစိနီတိ ဥရေ ဌိတဂဏ္ဍဒွယဝတီ ဘယာနကဘာဝတော အနတ္ထာဝဟတော စ ပိသာစသဒိသီ။ ထေရီဋ္ဌ၊၂။၄၅၉။

**ဥရဇာတက** (နှ) [ဥရဂ+ဇာတက] ဥရဂဇာတ်။ သားသေသော်လည်း စိုးရိမ်ပူဆွေး ငိုကြွေးခြင်း မရှိကြသော ဘုရားအလောင်းနှင့်တကွ အိမ်သူအိမ်သားလေးဦးတို့အား သိကြားမင်းက မငိုကြွေးခြင်း၏ အကြောင်းကို မေးသဖြင့် မြွေရေလဲ ဥပမာ၊ မခေါ်ပါဘဲ ရောက်လာသူ၊ လမင်းကို ပူဆာ၍ ငိုကြွေးသော ကလေးငယ် ဥပမာ၊ ရေအိုးကွဲဥပမာတို့ဖြင့် ငိုကြွေးခြင်း၏ အကျိုးမရှိပုံကို ဟောတော်မူသော ဇာတ်ဖြစ်သည်။ ဇာ၊၁။ ၁၂၂-၃။ ဇာဋ္ဌ၊၃။၁၅၀-၁၅၅။ ဣမံ ပစ္စုပ္ပန္နကထံ နိဒါနေ ဥရဂဇာတကံ ဝိတ္ထာရေတွာ။ ဓမ္မဋ္ဌ၊ ၂။၁၈၁။

**ဥရဂရာဇ** (ပု) [ဥရဂ+ရာဇ] မြွေမင်း။ သဿုမ္ဗိ သသုရမ္ဗိ သာမိကမ္ဗိ အဂ္ဂိက္ခန္ဓံ ဝိယ ဥရဂရာဇာနံ ဝိယ စ ကတွာ ပဿိတုံ ဝဋ္ဋတိ။ အံဋ္ဌ၊၁။၃၁၉။ ဓမ္မဋ္ဌ၊၁။၂၅၅။

**ဥရဂဝဂ္ဂ** (ပု) [ဥရဂ+ဝဂ္ဂ] ဥရဂဝဂ်။ ဝဂ္ဂတော ဥရဂဝဂ္ဂေါ ...မဟာဝဂ္ဂေါတိ စတုဝဂ္ဂသင်္ဂဟံ။ ပေတဋ္ဌ။၃။

**ဥရဂသုတ္တ** (ပု) [ဥရဂ+သုတ္တ] ဥရဂသုတ်။ ဥရဂကြည့်။

**ဥရဂသုတ္တ** (နှ) [ဥရဂ+သုတ္တ] ဥရဂသုတ်။ မြွေဆိပ်ကို ဆေးဖြင့်ပယ်ဖျောက်သကဲ့သို့ အမျက်ဒေါသကို ပယ်ဖျောက်ခြင်း၊ မြွေသည် အရေဟောင်းကို စွန့်သကဲ့သို့ ရဟန်းသည် သံသရာသမုဒ္ဒရာ၏ ဤမှာဘက်ကမ်းကို စွန့်ခြင်း-စသည်တို့ကို ဟောတော်မူသော သုတ်ဖြစ်သည်။ သုတ္တနိ။၂၇၉-၂၈၁။ သုတ္တနိဋ္ဌ၊ ၁။၂-၂၃။ တေသံ ဥရဂသုတ္တံ အာဒိ။ သုတ္တနိဋ္ဌ၊ ၁။၂။

**ဥရဂါဓိပ** (ပု) [ဥရဂ+အဓိပ] နဂါးတို့ကိုအစိုးရသူ၊ နဂါးမင်း။ အညဒတ္ထု တဝေဝဿ၊ ဝိယာတော ဥရဂါဓိပ။ ဝိဋ္ဌ၊၁။၄၉။

**ဥရဂါဓိဘူ** (ပု) [ဥရဂ+အဓိဘူ] နဂါးတို့ကိုအစိုးရသူ၊ နဂါးမင်း။ မဟာနုဘာဝါနမ္ပိ ဥရေန ဂမနတော "ဥရဂါ"တိ လဒ္ဓနာမာနံ နာဂါနံ အဓိပတိဘာဝတော ဥရဂါဓိဘူ။ စရိယာဋ္ဌ။ ၁၇၀။

**ဥရဂူသဘ** (ပု) [ဥရဂ+ဥသဘ] မြတ်သောနဂါး၊ နဂါးမင်း။ တဿာ ဟံ ပုတ္တော ဥရဂူသဘဿ။ ဇာ၊၂။၂၃၀။

**ဥရဂေါပမ** (တိ) [ဥရဂ+ဥပမာ] မြွေဥပမာရှိသော၊ မြွေနှင့်တူသော။ ကာမာ ဟိ အင်္ဂါရကာသူပမာ မံသပေသူပမာ ပါဝကကပ္ပါ ပပါတဥရဂေါပမာ စ။ နေတ္တိ။၅၂။ ပပါတဥရဂေါပမာတိ ပပါတူပမာ ဥရဂေါပမာ စ။ နေတ္တိဋ္ဌ။၁၂၄။ (-နေတ္တိဝိဘာ။၁၉၃။)

**ဥရစက္က** (နှ) [ဥရ+စက္က] သင်တုန်းစက်။ ဥရဂ (၃) ကြည့်။

**ဥရစ္ဆဒ** (ပု၊နှ) [ဥရ+ဆဒ+အ။ ဥရော ဆာဒယန္တော်နေနာတိ ဥရစ္ဆဒေါ။ ဓာန်ဋီ။၃၇၇။] (၁) ရင်လွှမ်းပန်း။ (၂) ချပ်ဝတ်တန်ဆာ၊ ချပ်မိန်ညို၊ စစ်ဝတ်တန်ဆာ။ (ထီ)(၃) ဥရစ္ဆဒါမည်သော မင်းသမီး။ (၁) ဥရစ္ဆဒံ ကရောန္တိပိ ကာရာပေန္တိပိ။ ဝိ၊၁။၂၇၄။ ဥရစ္ဆဒေါတိ ဟာရသဒိသံ ဥရေ ဌပနကပုပ္ဖဒါမံ။ ဝိဋ္ဌ၊၂။၂၀၁။ (၂) သကကဝစဣဿရိယာနုပ္ပဒါနေနာတိ ဇ္ဈေ ကဝစော

နာမ ဥရစ္ဆဒေါ၊ ယေန ဥရော ဆာဒီယတေ။ သီ၊ဋီ၊သစ်၊၁။၅၃။ (-သီ၊ဋီ၊သစ်၊၂။၃၃။)

(ထီ)(၃) ဥရစ္ဆဒါမည်သော မင်းသမီးသည် ကဿပဘုရားရှင်လက်ထက် ကိကီမင်း၏ သမီးတော် ဖြစ်သည်။ မွေးဖွားသောအခါက ရင်၌ ပန်းချီဆေးဖြင့် ရေးခြယ်ထားသကဲ့သို့ ရင်လွှမ်းပန်းပုံ ပါလာသောကြောင့် ဥရစ္ဆဒါဟု အမည်တွင်လေသည်။ တစ်ဆယ့်ခြောက်နှစ်အရွယ်၌ သောတာပန်ဖြစ်သည်။ ကိကီမင်းကြီးသည် ရှေးယခင်က "ဘူမိဒေဝ"ဘွဲ့အမည်ခံသော ဗြဟ္မဏတို့ကို ဆည်းကပ်သူဖြစ်သည်၊ နောင်သောအခါမှ သမီးတော်ဥရစ္ဆဒါ၏ အစီအမံဖြင့် ကဿပဘုရားရှင်၏ တရားတော်ကို နာရ၍ သောတာပန်ဖြစ်လေသည်၊ ဥရစ္ဆဒါသည်လည်း အရဟတ္တဖိုလ်ကိုရသဖြင့် ဘိက္ခုနီမ အဖြစ်သို့ရောက်လေသည်။ ထိုမင်းသမီးသည် ရှေးအတိတ် ဝိပဿီဘုရားပွင့်တော်မူစဉ်အခါက ဘုရားရှင်ကို ရွှေရင်လွှမ်းပန်းအဆင်တန်ဆာ ဖြင့်ပူဇော်၍ "အရဟတ္တဖိုလ်ရသည်တိုင်အောင် ဤအဆင်တန်ဆာသည် ငါ၏ကိုယ်မှ မကင်းမကွာယ်ပါစေသတည်း"ဟု ဆုတောင်းခဲ့သူ ဖြစ်သည်။ ဝိမာန၊ဋ္ဌ-၌ ဥရစ္ဆဒမာလာဟု အမည်တွင်ကြောင်း ပြဆိုသည်။ (အကျယ်ကို ဇာ၊ဋ္ဌ၊၇။၂၄၂-၃။ ဝိမာန၊ဋ္ဌ။၂၅၁။ မ၊ဋ္ဌ၊၃။၁၉၆-၇-ကြည့်။)

သာ စိတ္တကမ္မကတာယ ဝိယ ဥရစ္ဆဒမာလာယ အလင်္ကတေန ဥရေန ဇာတတ္တာ ဥရစ္ဆဒါ နာမ ကုမာရိကာ ဟုတွာ။ ဇာ၊ဋ္ဌ၊၇။၂၄၃။ (-မ၊ဋ္ဌ၊၃။၁၉၆။ ဝိမာန၊ဋ္ဌ။၂၅၁။)

**ဥရစ္ဆဒပသာဓန** (နု) [ဥရစ္ဆဒ+ပသာဓန] ရင်လွှမ်းတန်ဆာ။ ဥရေ ပဋိမုက္ကဗန္ဓနံ ဥရစ္ဆဒပသာဓနံ ဟုတွာ။ ဇာ၊ဋ္ဌ၊၄။၃။

**ဥရစ္ဆဒမာလာ** (ထီ) [ဥရစ္ဆဒ+မာလာ] (၁) ရင်လွှမ်းပန်း။ (၂) ဥရစ္ဆဒမာလာမင်းသမီး။ (၁)(၂) "ဣမဿ ပုညဿ အာနုဘာဝေန မယှံ ဘဝေ ဘဝေ သောဝဏ္ဏမယာ ဥရစ္ဆဒမာလာ နိဗ္ဗတ္တတူ"တိ ကတပဏိဓာနယ... ယထာပဏိဓာနံ သုဝဏ္ဏမာလာလာဘေန "ဥရစ္ဆဒမာလာ"တိ လဒ္ဓနာမာယ။ ဝိမာန၊ဋ္ဌ။၂၅၁။ (-ဇာ၊ဋ္ဌ၊၇။၂၄၃။) ဥရစ္ဆဒါ-လည်းကြည့်။

**ဥရဇ** (ပု) [ဥရ+ဇန+ကွိ] ရင်၌ဖြစ်သောနို့အုံ၊ သားမြတ်။ ဒုဝိဓာ ဇာတာ ဥရဇာ။ ဇာ၊၂။ ၁၄။ ဒုဝိဓာတိဂါထံ ထနေ ဝဏ္ဏယန္တော အာဟ၊ တေ ဟိ ဒွေ ဟုတွာ ဥရေ ဇာတာ။ ဇာ၊ဋ္ဌ၊၅။၁၆၆။

**ဥရဋ္ဌိ** (နု) [ဥရ+အဋ္ဌိ] ရင်ဘတ်ရိုး။ စုဒ္ဒသ ဥရဋ္ဌီနိ။ အဘိ၊ဋ္ဌ၊၂။၂၂၆။ ဝိသုဒ္ဓိ၊၁။၂၄၅-၆။ ခုဒ္ဒက၊ဋ္ဌ။၃၈။

**ဥရဋ္ဌိပဉ္ဇရ** (နု) [ဥရဋ္ဌိ+ပဉ္ဇရ] ရင်ဘတ်ရိုးအပေါင်း၊ ရင်ဘတ်ရိုးချိုင့်။ နာပိ ဟဒယံ ဇာနာတိ "အဟံ ဥရဋ္ဌိပဉ္ဇရံ နိဿာယ ဌိတ"န္တိ။ ဝိသုဒ္ဓိ၊၁။၃၅၁။ ဥရဋ္ဌိသင်္ယာတော ပဉ္ဇရသဒိသတ္တာ "ဥရဋ္ဌိပဉ္ဇရ"န္တိ ဝုတ္တော။ ဝိသုဒ္ဓိ၊ဋီ၊ ၁။၄၄၀။

**ဥရဋ္ဌိပဉ္ဇရဗ္ဘန္တရ** (နု) [ဥရဋ္ဌိပဉ္ဇရ+အဗ္ဘန္တရ] ရင်ဘတ်ရိုးချိုင့်၏ အတွင်းအရပ်။ နာပိ ဟဒယံ ဇာနာတိ "အဟံ ဥရဋ္ဌိပဉ္ဇရဗ္ဘန္တရံ နိဿာယ ဌိတ"န္တိ။ အဘိ၊ဋ္ဌ၊၂။၅၇။

**ဥရဋ္ဌိပဉ္ဇရမဇ္ဈ** (နု) [ဥရဋ္ဌိပဉ္ဇရ+မဇ္ဈ] ရင်ဘတ်ရိုးချိုင့်၏ အလယ်အရပ်။ ဟဒယံ သရီရဗ္ဘန္တရေ ဥရဋ္ဌိပဉ္ဇရမဇ္ဈံ နိဿာယ ဌိတံ။ ဝိသုဒ္ဓိ၊၁။၃၅၁။

**ဥရဋ္ဌိသင်္ယာတ** (ပု) [ဥရဋ္ဌိ+သင်္ယာတ] ရင်ဘတ်ရိုးအပေါင်း။ ဥရဋ္ဌိပဉ္ဇရ-ကြည့်။

**ဥရဏ** (ပု) [ဥ+ရဏ+အ။ ထီ-၌ ဥရဏိကာ၊ ဥရဏီ] (၁) သိုး၊ ဆိတ်ကုလား။ (၂) ဆိတ်။

တတ္ထ ဥရဏိကဥ္စ အဇိကဥ္စ အဇဥ္စ ဟန္တွာ ယေနကာမံ ပလေတိ။ ဇာ၊ဋ္ဌ၊၅။၂၅၇။ ဟန္တွာ ဥရဏိံ အဇိကံ အဇဥ္စ။ ဇာ၊၂။၅၀။ ဥရဗ္ဘော မေဏ္ဍော မေသော စ၊ ဥရဏော အဝိ ဧဠကော။ ဓာန်။၅၀၁။ ဆက္ကံ ဧဠကော။... နှ ရဏတီတိ ဥရဏော။ ဓာန်၊ဋီ။၅၀၁။ (၂) ဥရဏသဒ္ဒဿာပိ အဇပရိယာယဿ သမ္ဘဝတော "ဥရဏီ တု အဇီ အဇာ"တိ ဝုတ္တံ။ ဓာန်၊ဋီ။၅၀၂။

**ဥရဏိကာ** (ထီ) [ဥရဏ+က+ဣတ္ထိ-အာပစ္စည်း၊ က ၏ အ ကို ဣ ပြု] သိုးမ။ အထက်ပုဒ်ကြည့်။

**ဥရဏီ** (ထီ) [ဥရဏ+ဤ။ ဥရဏီ တု အဇီ အဇာ။ ဓာန်။၅၀၂။] (၁) သိုးမ။ (၂) ဆိတ်မ။ (၁)(၂) ဒွယံ အဝိယံ။ ဥရဏဿ အယံ ဥရဏီ။ ... အဇာ သဒ္ဒေါ ဧကော ဆာဂိယံ။ အဒေ့ တု "ဥရဏီ တု အဇီ အဇာ"တိပိ ပါဌော ဝတ္တာ တိဏ္ဏမ္ပိ ဥရဏီပရိယာယတ္တံ ဝဒန္တိ။ အထ ဝါ တိကံ အဇိယံ။ ဓာန်၊ဋီ။၅၀၂။

**ဥရတ္ထစ** (ပု) [ဥရ+တစ] ရင်ဘတ်အရေ။ ဥရတ္တစော ယေဘုယျေန စတုရဿသဏ္ဌာနော။ အဘိ၊ဋ္ဌ၊၂။၂၂၄။ ခုဒ္ဒကာ၊ဋ္ဌ။၃၅။

**ဥရတ္တာဠ** (ပု) [ဥရ+တာဠ] ရင်ဘတ်ကိုထုနှက်ရိုက်ပုတ်ခြင်း။ အောက်ပုဒ်ကြည့်။

**ဥရတ္တာဠိ** (ပု) [ဥရ+တာဠိ] ရင်ဘတ်ကိုထုနှက်ရိုက်ပုတ်ခြင်း။ ဥရတ္တာဠိံ ကန္ဒတိ။ မ၊၁။၁၂၀။ အံ၊၁။၄၉၃။ ဥရတ္တာဠိန္တိ ဥရံ တာဠေတွာ။ မ၊ဋ္ဌ၊၁။၃၆၂။ (-အံ၊ဋ္ဌ၊၂။၃၅၈။ ဥဒါန၊ဋ္ဌ။၁၄၉။) ဥရတ္တာဠိန္တိ ဥရတ္တာဠံ၊ ဥရံ တာဠေတွာတိ အတ္ထော။ အံ၊ဋီ၊၂။၃၅၇။

**ဥရန္တရ** (နှ) [ဥရ+အန္တရ] ရင်၏အကြား၊ ရင်ခွင်။ သာ ဥဘောပိ တေ ဥရန္တရေ ကတွာ... ရတ္တိံ ဝီတိနာမေတိ။ ဓမ္မ၊ဋ္ဌ၊၁။၄၃၉။ (-ထေရီ၊ဋ္ဌ။၁၁၂။ ဇာ၊ဋ္ဌ၊၅။၃၈၁။)

**ဥရပရိစ္ဆေဒမဇ္ဈ** (နှ) [ဥရပရိစ္ဆေဒ+မဇ္ဈ] ရင်အပိုင်းအခြား၏အလယ်။ ဥရပရိစ္ဆေဒမဇ္ဈေ(ဝိ၊ဋ္ဌ၊၁။၂၉၃)တိ ဥရပရိယန္တဿ မဇ္ဈေ။ သာရတ္ထ၊၂။၁၄၂။ ဝိမတိ၊၁။၁၈၂။

**ဥရပရိယန္တ** (ပု) [ဥရ+ပရိယန္တ] ရင်၏အပိုင်းအခြား။ အထက်ပုဒ်ကြည့်။

**ဥရဗ္ဘ** (ပု) [ဥ+ရဗ္ဘ+ဘ။ ဗာဓိယမာနောပိ နှ ရဝတီတိ ဥရဗ္ဘော။ ဓာန်၊ဋီ။၅၀၁။] သိုးငယ်။ သိုး၊ ဆိတ်ကုလား။ ဥရဗ္ဘာ(ဒီ၊၁။၁၂၀။ အံ၊၂။ ၄၂၉)တိ တရုဏမေဏ္ဍကာ ဝုစ္စန္တိ။ ဒီ၊ဋ္ဌ၊၁။၂၆၃။ အံ၊ဋီ၊၃။၁၇၂။ ဥရဗ္ဘာ ဝုစ္စန္တိ ဧဠကာ။ မ၊ဋ္ဌ၊၃။၈။ အံ၊ဋ္ဌ၊၂။၃၇၃။ အဘိ၊ဋ္ဌ၊၃။၈၃။ အံ၊ဋီ၊၃။၉၈။

**ဥရဗ္ဘဃာတက** (ပု) [ဥရဗ္ဘ+ဃာတက] သိုးသတ်သမား။ ဥရဗ္ဘဃာတကော(အံ၊၁။၂၅၃)တိ သူနကာရော။ အံ၊ဋ္ဌ၊၂။၂၂၆။ (-ထေရီ၊ဋ္ဌ။၂၁၁။)

**ဥရဗ္ဘဓန** (နှ) [ဥရဗ္ဘ+ဓန] သိုး၏-တန်ဘိုးဥစ္စာ-တန်ဘိုးငွေ။ ဥရဗ္ဘဓန(အံ၊၁။၂၅၄)န္တိ ဧဠက-အဂ္ဃနကမူလံ။ အံ၊ဋ္ဌ၊၂။၂၂၆။

**ဥရဗ္ဘရူပ** (နှ) [ဥဗ္ဘ+ရူပ] သိုး၏အသွင်သဏ္ဍာန်။ ဥရဗ္ဘရူပေန ဝကဿု ပုဗ္ဗေ၊ အသံကိတော အဇယူထံ ဥပေတိ။ ဇာ၊၂။၅၀။

**ဥရဗ္ဘသတ** (နှ) [ဥရဗ္ဘ+သတ] သိုးအရာ။ သတ္တ စ ဥရဗ္ဘသတာနိ ထူဏူပနီတာနိ ဟောန္တိ ယညတ္ထာယ။ ဒီ၊၁။၁၂၀။ သံ၊၁။၇၅။ အံ၊၂။၄၂၉။

**ဥရဗ္ဘသာမိက** (ပု) [ဥရဗ္ဘ+သာမိက] သိုးအရှင်၊ သိုးပိုင်ရှင်။ ဩရဗ္ဘိကောတိ ဥရဗ္ဘသာမိကော။ အံ၊ဋ္ဌ၊၂။၂၂၆။

**ဥရမံသ** (နှ) [ဥရ+မံသ] ရင်သား။ ဣတ္ထီနဥ္စ ဥရမံသံ အဝိသဒံ ဟောတိ။ အဘိ၊ဋ္ဌ၊၁။၃၅၇။

**ဥရမဇ္ဈ** (န) [ဥရ+မဇ္ဈ] ရင်၏အလယ်၊ ရင်လယ်။ ပဍ္စော့ရသ္မိံ့ ဥရမဇ္ဈေ။ အံ၊ဋ္ဌ၊၃။၁၈၉။ (-ဓမ္မ၊ဋ္ဌ၊၁။၁၁၈။ ဝိသုဒ္ဓိ၊ဋီ၊၁။၈၆။)

**ဥရသိလောမ** (တိ) [ဥရ+လောမ။ ရှုနှာ။၁၉၉။] ရင်၌အမွေးရှိသော၊သူ။ ဗျဓိကရဏာနမ္မိ ဟိပဒါနံ ဗာဟိရတ္ထသမာသော ဟောတိယေဝ၊ ယထာ "ဥရသိလောမော"တိ။ ဒီ၊ဋီ၊၃။၁၆။ (-အံ၊ဋီ၊၂။၂၇၃။ အံ၊ဋီ၊၃။၃၂၂။ ဝိသုဒ္ဓိ၊ဋီ၊၂။၂၉၆။ နေတ္တိ၊ဋီ။၂၄။)

**ဥရာဘိမုခ** (တိ) [ဥရ+အဘိမုခ] ရင်သို့ရှေးရှု။ ပဍ္စော့ရသ္မိံ့ ပတိ ဥရသ္မိံ ဥရာဘိမုခံ၊ ဥရမဇ္ဈေတိ အဓိပ္ပါယော။ ဝိသုဒ္ဓိ၊ဋီ၊၁။၈၆။

**ဥရိ** (ဗျ) [ဝေ+ရိ။ ဝိ၊ပိ၊ဓာန်။] အပေါင်း။ အောက်ပုဒ်ကြည့်။ (ဝိ၊ပိ၊ဓာန်-၌ ဝန်ခံခြင်း၊ ချဲ့ခြင်း အနက်တို့ကို ပြထားသည်။)

**ဥရိကတ္ဝာ** (ကြိ၊ဝိ) [ဥရိ+ကတ္ဝာ] အပေါင်းပြု၍။ အဋ္ဌကထာယံ ပန အညမညအာဓာရဘာဝံ ဥရိကတ္ဝာ "ကောဋ္ဌာသာ"တိ ဝုတ္တံ။ သံ၊ဋီ၊၂။၃၈၄။ (အောက်ခြေ၌ "ဥရိကတ္ဝာတိ အင်္ဂီကတ္ဝာတိ အတ္ထော၊ ပေါတ္ထကေသု ပန အင်္ဂါရ-ဘာဝံ ဥဒ္ဒေသာတိ ကတ္ဝာတိ ပါဌော"-ဟု မှာထားသည်။)

**ဥရု** (ပု) [အရ+ဥ။ ဓာန်၊ဋီ။၆၆၃၊၇၀၁။] (၁)ပေါင်။ (ထိ)(၂) သဲ။ (တိ)(၃) ကြီးသော။ (၄) ပြန့်ကျယ်သော။ (၁) ဦရု-ကြည့်။ (၂) (တိ)(၃) ဥရုဝေ-လာယန္တိ မဟာဝေလာယံ၊ မဟန္တေ ဝါလိကရာ-သိမှီတိ အတ္ထော။ အထ ဝါ ဥရူတိ ဝါလိကာ ဝုစ္စတိ။ ဝိ၊ဋ္ဌ၊၃။၂၃၄။ အံ၊ဋ္ဌ၊၂။၂၆၃။ ဥဒါန၊ဋ္ဌ။၂၄။ ဥရု မရု သိကတာ ဝါလုကာ ဝဏ္ဏု ဝါလိကာတိ ဣမေ သဒ္ဒါ သမာနတ္ထာ။ သာရတ္ထ၊၃။၁၃၂။ မ၊ ဋီ၊၂။၂၄၂။ ဥရုဝေလာယန္တိ ဧတ္ထ ဥရုသဒ္ဒေါ မဟန္တဝါစီ။ ဝိမတိ၊၂။၈၃။ (၃) ဥရုံ ဝေပုလ္လံ

ဒဿတိ ဒက္ခတီတိ ဥရုန္နာ၊ ဝိဘတ္တိအလောပေန။ ဒီ၊ဋီ၊၂။၂၅၀။

**ဥရုညာ** (ထီ) [ယာဒိစ္ဆကနာမ်] (၁) ဥရုညာမြို့။ (၂) ဥရုညာ-ဇနပုဒ်-တိုင်းနိုင်ငံ။ (၁)(၂) ကေံ သမယံ ဘဂဝါ ဥရုညာယံ ဝိဟရတိ။ ဒီ၊၁။ ၁၅၃။ မ၊၂။၃၂၇။ ဥရုညာတိ တဿ ရဋ္ဌဿပိ နဂရဿပိ ဧတဒေဝ နာမံ။ ဒီ၊ဋ္ဌ၊၁။၂၈၇။ မ၊ ဋ္ဌ၊၃။၂၄၅။ ဥရုညာယန္တိ ဥရုညာဇနပဒေ ဥရုညာသင်္ခါတေ နဂရေတိ အတ္ထော။ ဒီ၊ဋီ၊ ၁။ ၃၄၇။ ဥရုညာယန္တိ ဥရုညာ နာမ ဇနပဒေ ဥရုညာ နာမ နဂရေတိ အာဝုတ္တိအာဒိနယေန အတ္ထော ဝေဒိတဗ္ဗော။ သီ၊ဋီ၊သစ်၊၂။၃၄၆။

**ဥရုညာဇနပဒ** (ပု) [ဥရုညာ+ဇနပဒ] ဥရုညာဇနပုဒ်။ အထက်ပုဒ်ကြည့်။

**ဥရုညာနဂရ** (ထီ၊န) [ဥရုညာ+နဂရ] ဥရုညာမြို့။ ဘဂဝါ ဥရုညာနဂရံ ဥပနိဿာယ ဝိဟရတိ။ ဒီ၊ဋ္ဌ၊၁။၂၈၇။ မ၊ဋ္ဌ၊၃။၂၄၅။

**ဥရုဓိတိ** (တိ) [ဥရု+ဓိတိ] ကြီးသောလုံ့လရှိသော၊သူ။ ဥရုဓိတိ(ရှုနှာ။၆၉)မဟာဝီရော။ ရှု၊ဋီ။၄၈။

**ဥရုနဋ္ဌ** (တိ) [ဥရု+နဋ္ဌ] ကြီးကျယ်သော အခေါင်းအပေါက်ရှိသော (တမာပင်)။ ဥရုနဋ္ဌော ပုစိ-မန္ဒော နဋ္ဌေရုပုစိမန္ဒော၊ ဥရုသဒ္ဒေါ စေတ္ထ မဟန္တပရိယာယော၊ နဋ္ဌသဒ္ဒေါ သုသိရပရိ-ယာယော၊ တသ္မာ မဟန္တေန သုသိရေန သမ-န္နာဂတော ပုစိမန္ဒော နဋ္ဌေရုပုစိမန္ဒောတိ ဝုစ္စတိ။ သာရတ္ထ၊၁။၂၀၅။

**ဥရုန္န(ဒ္ဒ)** (တိ) [ဥရု+ဒိသ+ကွိ] ပြန့်ပြောကြီးကျယ်-ပြန့်ကျယ်-သည်ကိုရှုမြင်စေတတ်သော။ ကျယ်ပြန့်-ကျယ်ဝန်း-သော။ တေန ခေါ ပန သမယေန ဣန္ဒသာလဂုဟာ... သမ္ဗာဓာ သန္တိ ဥရုန္နာ သမပါဒိ။ ဒီ၊၂။၂၁၅။ ဥရုန္နာ သမပါဒီတိ

မဟန္တာ ဝိဝဋ္ဋာ အဟောသိ။ ဒီ၊ဋ္ဌ၊၂။၂၉၇။ ဥရုံ ဝေပုလ္လံ ဒဿတိ ဒက္ခတိတိ ဥရုန္ဒာ၊ ဝိဘတ္တိအလောပေန။ ဒီ၊ဋီ၊၂။၂၅၀။ ဥရုန္ဒံ အာဝုသော ကုမ္ဘကာရာဝေသနံ။ မ၊၃။၂၈၁။ ဥရုန္ဒန္တိ ဝိဝိတ္တံ အသမ္ဗာဓံ။ မ၊ဋ္ဌ၊၄။၂၀၄။ ဥရုဒ္ဒန္တိ ဝိသာလန္တိ ကေစိ။ မ၊ဋီ၊၃။၃၉၅။

**ဥရုဝလ္လိယလေဏဝါသီ** (တိ) [ဥရုဝလ္လိယလေဏ+ဝသ+ဏီ] ဥရုဝလ္လိယလိုဏ်ဂူကျောင်း၌နေလေ့ရှိသော၊သူ(စူဠတိဿမထေရ်)။ ဥရုဝလ္လိယ-ဝါသီ(သံ၊ဋ္ဌ၊၂။၁၂၃)တိ ဥရုဝလ္လိယလေဏဝါသီ။ ဥရုဝလ္လိယဝိဟာရဝါသီတိ ဝဒန္တိ။ သံ၊ဋီ၊၂။၁၃၃။

**ဥရုဝလ္လိယဝါသီ** (တိ) [ဥရုဝလ္လိယ+ဝသ+ဏီ] ဥရုဝလ္လိယလိုဏ်ဂူကျောင်း၌ နေလေ့ရှိသော၊သူ(စူဠတိဿမထေရ်)။ အထက်ပုဒ်ကြည့်။

**ဥရုဝလ္လိယဝိဟာရဝါသီ** (တိ) [ဥရုဝလ္လိယဝိဟာရ+ဝသ+ဏီ] ဥရုဝလ္လိယလိုဏ်ဂူကျောင်း၌ နေလေ့ရှိသော၊သူ(စူဠတိဿမထေရ်)။ ဥရုဝလ္လိယ-လေဏဝါသီ-ကြည့်။

**ဥရုဝေလကပ္ပ** (န) [ဥရုဝေလ+ကပ္ပ] ဥရုဝေလကပ္ပမည်သောနိဂုံး။ ဧကံ သမယံ ဘဂဝါ မလ္လေသု ဝိဟရတိ ဥရုဝေလကပ္ပံ နာမ မလ္လာနံ နိဂမော။ သံ၊၃။၂၀၀။

**ဥရုဝေလ(ဠ)ကဿပ** (ပု) [ဥရုဝေလ(ဠ)+ကဿပ] ဥရုဝေလကဿပ-ရသေ့-ထေရ်။

(ဤ)မထေရ်သည် ဤကမ္ဘာမှ ကမ္ဘာတစ်သိန်းအထက် ပဒုမုတ္တရဘုရားရှင် လက်ထက်တော်၌ ဟံသာဝတီမြို့ဝယ် တစ်ခုသော အမျိုး၌ ဖြစ်၍ အရွယ်ရောက်လတ်သော် ဘုရားရှင်ထံတော်၌ တရားနာစဉ် ဘုရားရှင်က ရဟန်းတစ်ပါးကို မဟာပရိသတေဒဂ်ချီးမြှင့်သည်ကို မြင်ရ၍ ကြီးစွာသောအလှူကိုပေးကာ မဟာပရိသတေဒဂ်ဆု ပန်ခဲ့သောမထေရ် ဖြစ်သည်။ လွန်ခဲ့သော(၉၂)ကမ္ဘာထက်၌ ဖုဿဘုရားရှင်၏ အဖေတူ အမေကွဲ ညီတော်ဖြစ်၍ လွန်မြတ်သော ကုသိုလ်ပြုခဲ့သည်။ ဂေါတမမြတ်စွာဘုရားပွင့်တော်မမူမီ ဗာရာဏသီပြည်ဝယ် ဗြာဟ္မဏမျိုးနွယ်၌ဖြစ်၏၊ အနွယ်ကို အစွဲပြု၍ ကဿပ ဟု အမည်တွင်သည်။ နောင်အခါ ဥရုဝေလတောသို့ရောက်၍ ရသေ့ရဟန်းပြုသည်ကို အစွဲပြု၍ ဥရုဝေလကဿပ-ဟု ထင်ရှားသည်။ ဘုရားရှင် ကြွရောက်ဆုံးမတော်မူပြီးသောအခါ အခြံအရံတပည့်ရသေ့ငါးရာနှင့် တကွ ဧဟိဘိက္ခုရဟန်း အဖြစ်သို့ ရောက်ရှိကြသည်။ အာဒိတ္တပရိယာယသုတ္တန်ကို နာကြားရပြီးနောက် အခြံအရံနှင့်တကွ ရဟန္တာဖြစ်၍ နောင်သောအခါ မဟာပရိသတေဒဂ်ဘွဲ့ ရရှိလေသည်။ အပ၊၂။၁၃၃-၁၃၄။ အံ၊ဋ္ဌ၊၁။၂၃၀-၂၃၃။ အပ၊ဋ္ဌ၊၂။၂၄၁-၂၄၃။ မဟာပရိသာနံ ယဒိဒံ ဥရုဝေလကဿပေါ။ အံ၊၁။၂၅။ ကဿပေါ နာမ ဂေါတ္တေန၊ ဥရုဝေဠနိဝါသိကော။ တတော မေ အာသိ ပညတ္တိ၊ ဥရု-ဝေဠကဿပေါ ဣတိ။ အပ၊၂။၁၃၆။

**ဥရရုဝေလကဿပတ္ထေရ** (ပု) [ဥရုဝေလကဿပ+ထေရ] ဥရုဝေလကဿပထေရ်။ ဥရုဝေလကဿပတ္ထေရံ ယေဝ ပရိဝါရေတွာ ဝိစရိံသု။ အံ၊ဋ္ဌ၊၁။၂၃၃။

**ဥရုဝေလကဿပဒမန** (န) [ဥရုဝေလကဿပ+ဒမန] ဥရုဝေလကဿပရသေ့ကိုဆုံးမခြင်း။ အဟု ရာဇာ ဝိဒေဟာနန္တိ ဣဒံ သတ္ထာ လဋ္ဌိဝနုယျာနေ ဝိဟရန္တော ဥရုဝေလကဿ-ပဒမနံ အာရဗ္ဘ ကထေသိ။ ဇာ၊ဋ္ဌ၊၇။၁၀၅။

**ဥရုဝေလကဿပပမုခ** (တိ) [ဥရုဝေလကဿပ+ပမုခ] ဥရုဝေလကဿပ-အမှူးရှိ-ဦးဆောင်-သော၊သူ။ ဘဂဝါ ဟိ...ဥရုဝေလံ ပတ္တော ဥရု-ဝေလကဿပပမုခေ သဟဿဇဋိလေ အရ-

ဟတ္တေ ပတိဋ္ဌာပေတွာ။ ဥဒါန႒။၃၂၄။

**ဥရုဝေလဂါမ** (ပု) [ဥရုဝေလ+ဂါမ] ဥရုဝေလရွာ။ ဥရုဝေလာယံ ဝိဟရတိ(သံ၊၁။၁၀၄)တိ ပဌိဝိဒ္ဓသမ္ဗုဒ္ဓတညာဏော ဥရုဝေလဂါမံ ဥပ-နိဿာယ ဝိဟရတိ။ သံ႒၊၁။၁၅၅။ ဥရုဝေ-လာယ သမီပေ ဂါမော ဥရုဝေလဂါမော။ သံဋီ၊၁။၂၀၁။ (-ဒီ႒၊၂။၄၉။ မ႒၊၂။၈၇။ အံ၊႒၊၂။၂၆၃။ အံ႒၊၃။၇၃။)

**ဥရုဝေလဇနပဒ** (ပု) [ဥရုဝေလ+ဇနပဒ] ဥရုဝေလဇနပုဒ်။ ဗုဒ္ဓဘာဝါယ မဂ္ဂါမဂ္ဂံ အဇာနိတွာ ဆမ္ဗဿာနိ ဥရုဝေလဇနပဒေ... ဒုက္ကရကာရိကံ အကာသိ။ အပ႒၊၁။၁၂၉။

**ဥရုဝေလနာဂ** (ပု) [ဥရုဝေလ+နာဂ] ဥရုဝေလနဂါး။ ဥရုဝေလနာဂေန မာပိတံ ဝိသဓူမဒဟနံ အဂဏေတွာ တဿ သရဏသီလာဘရဏ-မဒါသိ။ သာရတ္ထ၊၁။၁၈၄။

**ဥရုဝေလဝါသီ** (တိ) [ဥရုဝေလ+ဝသ+ဏီ] ဥရုဝေလတော၌ နေလေ့ရှိသော၊သူ။ ကိမေဝ ဒိသွာ ဥရုဝေလဝါသိ၊ ပဟာသိ အဂ္ဂိံ ကိသ-ကောဝဒါနော။ ဝိ၃။၄၆။ အပ႒၊၁။၉၈။

**ဥရုဝေလသေနာနိဂမ** (ပု) [ဥရုဝေလ+သေနာနိဂမ] ဥရုဝေလသေနာနိဂုံး။ (ဥရုဝေလသေနာနိဂါမ-ဟုရှိပါက ဥရုဝေလမည်သော သေနာနိပုဏ္ဏားရွာ-ဟု ပြန်ဆိုရမည်။ သေနာနိဂါမ-ကြည့်။) အညထာ တသ္မိံ ဝါလိကရာသိမှိ ဝိဟရတီတိ အာပဇ္ဇတိ၊ "ဥရုဝေလံ ပိဏ္ဍာယ ပါဝိသီတိ ယေန ဥရုဝေလသေနာနိဂမော"-တိအာဒိဝစနဝိရောဓော စ။ ဝဇိရ၊၃၉၂။ (မ၊ ၁။၃၀၆-၌ ဥရုဝေလာ သေနာနိဂမော-ဟု ဝါကျရှိသည်။)

**ဥရုဝေလာ(ဠာ)**¹ (ထီ) [ဥရု+ဝေလာ။ ဥရု+ဝေလာ+ဏ။ ဥရု+ဝေလာတိက္ကမ။ အတိက္ကမ-ပုဒ်ကျေနေသည်] (၁) ကြီးမားသော-များပြားသော-သဲ၊ သဲအစု၊ သဲပုံ၊ သဲသောင်ပြင်။ (၂) သီလအပိုင်းအခြားကို လွန်ကျူးခြင်းကြောင့် ဆောင်ထားအပ်သော သဲပုံ။ (၃) ကြီးစွာသောသဲသောင်ကမ်းနှင့်တူသော သဲအစုသဲပုံကြီး။ (၄) သဲအစုသဲပုံကြီးအနီး၌ တည်သောရွာ၊ ဥရုဝေလရွာ။ (၅) ဥရုဝေလနဂါး။

ဂေါတမဘုရားရှင်မပွင့်မီအခါကတစ်ထောင်သော အမျိုးကောင်းသားတို့သည် လူ့ဘောင်မှ ခွဲ၍ ရသေ့ရဟန်းပြုပြီးလျှင် "ကာယကံ ဝစီကံတို့ကို လွန်ကျူးပြုကျင့်လျှင် သူတပါးတို့အား ထင်ရှားသောကြောင့် အချင်းချင်း စောဒနာခွင့် ရကြ၏။ မနောကံသက်သက်ကို ကြံစည်အောက်မေ့ရာ၌ သူတပါးတို့အား မထင်ရှားသောကြောင့် အချင်းချင်း စောဒနာခွင့် မရနိုင်၊ ထို့ကြောင့် ကာမဝိတက်စသည်ကို ကြံမိခဲ့သော် မိမိကိုယ်ကိုမိမိ ဆုံးမခြင်းဖြစ်ရလေအောင် ဖက်ခွက်ဖြင့် သဲကို ဆောင်ယူ၍ ဤအရပ်၌ စုပုံထားကြရမည်"ဟု ကတိကဝတ်ပြုကုန်၏။ ထိုကတိကဝတ်အတိုင်း ကာမဝိတက်စသည်ကို ကြံစည်အောက်မေ့မိသော ရသေ့တို့သည် သဲအစုကို ဆောင်၍ စုပုံကြသောကြောင့် အကြိမ်များလာသောအခါ ကြီးစွာသော **သဲစု** သဲပုံကြီး ဖြစ်လာသဖြင့် ဥရုဝေလဟု ထင်ရှားလေသည်။ နောင်အခါ ထိုသဲစုသဲပုံကြီးကို နောင်လာနောက်သားတို့သည် ကာရံ၍ စေတီဌာန ပြုကြလေသည်။ ဝိ႒၊၃။၂၃၄။ ထိုဥရုဝေလအရပ်၌ ဘုရားရှင်သည် ခြောက်နှစ်တိုင်တိုင် ဒုက္ကရစရိယာ ကျင့်တော်မူခဲ့လေသည်။ မ႒၊၂။၈၇။ ထိုသဲပုံကြီးအနီးရှိရွာကိုလည်း ဥရုဝေလ ဟု ခေါ်သည်။ ဝဇိရ၊၃၉၂။ ဘုရားအလောင်းသည် တောအုပ်၌ နေ့သန့်နေတော်မူ၍ ညချမ်းအခါ၌ သောတ္ထိယလှူအပ်သော မြက်ရှစ်ဆုပ်ကိုယူ၍ ဗောဓိမဏ္ဍိုင်သို့ ကြွတော်မူသည် ဟု-မ႒၊၂။၈-၌ လာသည်ကိုထောက်၍ ထိုသဲစုသဲပုံကြီး အနီး၌

လည်း တောအုပ်ရှိကြောင်း သိရသည်၊ ထို
တောအုပ်ကိုပင် ရည်ရွယ်၍ "ဥရုဝေလတော၌
ဒုက္ကရစရိယကျင့်တော်မူသည်"ဟု စာဖွဲ့ကြသည်။
ပါဠိအဋ္ဌကထာ ဋီကာတို့၌မူ ဥရုဝေလတောဟု
တိုက်ရိုက်မတွေ့ချေ။ ဗုဒ္ဓသာသနိကပထဝီဝင်
ကျမ်းနှာ။၁၀၆-၌ " ဗုဒ္ဓသာသနာယတ္တ (သာသနာ
တော်နှင့်စပ်သော) သခ်တကျမ်းများ၌ကား ဤ
တောကို 'ဥရုဝေလွာ' ဟု ခေါ်ဆိုရေးသားရာ
အဓိပ္ပါယ်အားဖြင့် ဥသျှစ်သီးကြီးများ ရရှိနိုင်သော
တော ဟုဆိုလိုသည်၊ ၎င်းဥရုဝေလာကို ယခု
ဣန္ဒိယတိုင်းသားများက (မုံဂေသျှရိ) ဟု ခေါ်
ကြသည်၊ တည်ရာကား မဟာဗောဓိမှ အရှေ့
ဘက်အနီး နေရဉ္ဇရာမြစ်ရှိရာ ၎င်းနေရဉ္ဇရာမြစ်၏
အရှေ့ဘက်ကမ်းမှာ တည်ရှိသည်"ဟု လာသည်။

(၁) ကြီးမားသော-များပြားသော-သဲ
အစု-သဲပုံ။ (၂) သီလအပိုင်းအခြားကို လွန်
ကျူးခြင်းကြောင့် ဆောင်ထားအပ်သော သဲပုံ။
(၃) ကြီးစွာသော သဲသောင်ကမ်းနှင့်တူသော
သဲအစု သဲပုံကြီး။ ဗုဒ္ဓေါ ဘဂဝါ ဥရုဝေလာယံ
ဝိဟရတိ နဇ္ဇာ နေရဉ္ဇရာယ တီရေ ဗောဓိရုက္-
ခမူလေ ပဌမာဘိသမ္ဗုဒ္ဓေါ။ ဝိ၃။၁။ ဥရုဝေ-
လာယန္တိ မဟာဝေလာယံ၊ မဟန္တေ ဝါလိက-
ရာသိမှိတိ အတ္ထော။ အထဝါ ဥရူတိ ဝါလိကာ
ဝုစ္စတိ၊ ဝေလာတိ မရိယာဒါ၊ ဝေလာနတိက္က-
မဟေတု အာဟဋာ ဥရု ဥရုဝေလာတိ ဧဝ-
မေ့တ္ထ အတ္ထော ဒဋ္ဌဗ္ဗော။ ဝိဋ္ဌ၃။၂၃၄။
မဟာဝေလာ ဝိယ မဟာဝေလာ၊ ဝိပုလ-
ဝါလုကပုဉ္ဇတာယ မဟန္တော ဝေလာတဋော
ဝိယာတိ အတ္ထော။ တေနာဟ "မဟန္တေ ဝါလိ-
ကရာသိမှိတိ အတ္ထော"တိ။ သာရတ္ထ၃။၁၃၂။
ဥရုဝေလာယန္တိ ဧတ္ထ ဥရုသဒ္ဒေါ မဟန္တဝါစီ၊
ဝေလာသဒ္ဒေါ တီရပရိယာယော၊ ဥန္နတ-
တ္တာဒိနာ ဝေလာ ဝိယ ဝေလာ၊ ဥရု မဟန္တီ
ဝေလာ ဥရုဝေလာ၊ တဿံ။ ဝိမတိ၊၂။၈၃။
(-မါဋ္ဌ၊၂။၇၈-၉။ မါဋီ၊၂။၁၂၉။) ဥရုဝေလာယန္တိ
ဧတ္ထ ဥရုသဒ္ဒေါ မဟန္တပရိယာယောတိ အာဟ
"မဟာဝေလာယ"န္တိ။ ဝါလိကရာသိမှိတိ ဣမိနာ
ဝေလာသဒ္ဒဿ ရာသတ္ထံ ဒဿေတိ။ ပါစိတ်၊
ယော။၁၈၄။ ဝေလာယ အတိက္ကမော ဝေလာ
ဥတ္တရပဒလောပဝသေန၊ ဝေလာယ အာဟဋာ
ဥရု ဥရုဝေလာ ပဒဝိပရိယာယဝသေနာတိ
ဒဿေတိ။ ပါစိတ်၊ယော။၁၈၅။ ဥရုဝေဠာယ
ဆဗ္ဗဿာနိ ဒုက္ကရကာရိကံ ကရောန္တောပိ...
ကာယံ သန္တပေ့သိ။ မါဋ္ဌ၊၂။၈၇။ ဥရုဝေဠာယံ
မာပေတွာ၊ အဿမံ နိဝသိံ အဟံ။ အပ၊
၂။၁၃၆။ (၄) သဲစုသဲပုံကြီးအနီး၌ တည်သော
ရွာ၊ ဥရုဝေလရွာ။ ယေန ဥရုဝေလာ သေနာ-
နိဂမော။ မ၁။၃၀၆။ ဥရုဝေလာတိ ယထာဝုတ္တ-
ဝါလိကရာသိဝသေန လဒ္ဓနာမော ဂါမော။ ...
အညထာ တဿံ ဝါလိကရာသိမှိ ဝိဟရတီတိ
အာပဇ္ဇတိ၊ "ဥရုဝေလံ ပိဏ္ဍာယ ပါဝိသီတိ ယေန
ဥရုဝေလသေနာနိဂမော"တိအာဒိဝစနဝိရော-
ဓော စ။ ဝဇီရ။၃၉၂။ ဥရုဝေလာယံ ဝိဟရတီ-
(သံ၊၁။၁၀၄။ အဘိဋ္ဌ၁။၂၆၃)တိ ပဋိဝိဒ္ဓ-
သဗ္ဗညုတညာဏော ဥရုဝေလဂါမံ ဥပနိဿာယ
ဝိဟရတိ။ သံဋ္ဌ၁။၁၅၅။ (၅) ဥရုဝေလနာဂ-
ကြည့်။

**ဥရုဝေဠနိဝါသိက** (တိ) [ဥရုဝေဠနိဝါသ+ဣက]
ဥရုဝေလအရပ်၌-နေခြင်းရှိသော-နေသော၊သူ။
ဥရုဝေလ(ဠ)ကဿပ-ကြည့်။

**ဥရုဝေဠာ**[၂] (ထီ) [ယာဒိစ္ဆကနာမ်] ဥရုဝေဠာ
မည်သောထေရီမ။ (ကဿပဘုရားရှင်၏ ဒုတိယ
အဂ္ဂသာဝိကာ ဖြစ်သည်။) အနုဠာ ဥရုဝေဠာ
စ၊ အဟေသုံ အဂ္ဂသာဝိကာ။ ဗုဒ္ဓဝံ။ ၃၇၈။

**ဥရုသဒ္ဒ** (ပု) [ဥရု+သဒ္ဒ] ဥရုသဒ္ဒါ။ ဥရုသဒ္ဒေါ
စေတ္ထ မဟန္တပရိယာယော။ သာရတ္ထ၁။၂၀၅။

**ဥရု(ရူ)ဠ** (တိ) [ဥ+ရုဟ+တ] ကြီးမား-ကြီးပွား-

-တိုးပွား-ဝဖြိုး-သော၊ အလုံးအရပ်နှင့်ပြည့်စုံ သော၊သူ။ ဥရူဠှဝါတိ ဥရူဠှော ဟုတွာ ဥဿိတော၊ သော ပန ဒမဝသေန အဘိရူယှ ဝှိတော အာရောဟနယောဂ္ဂေါ စ ဟောတီတိ အာဟ အဘိဝဍ္ဎိတော အာရောဟသမ္ပန္နောတိ။ မ၊ဋီ၊၃။၆၀။

**ဥရူ** (ဗျ) [နိပါတ်ပုဒ်] အနက်မရှိသော နိပါတ် ဖြစ်သည်။ ဥရူ အရူတိ ဣဒံ ပန နိပါတမတ္တ-မေဝါတိ ဝဒန္တိ။ ပဋိသံ၊ဋ္ဌ၊၂။၇၁။ အောက်ပုဒ် လည်းကြည့်။

**ဥရူဇိတ** (တိ) [ဥရူ+ဇိ+တ] အောင်အပ်သော။ ဥရူဇိတံ စိတ္တံ သမ္မာရူဇိတန္တိပိ ပါဌော။ တတ္ထာပိ ဇိတတ္တောယေဝ။ ဥရူ အရူတိ ဣဒံ ပန နိပါ-တမတ္တမေဝါတိ ဝဒန္တိ။ ဝိဏောပမာဋ္ဌကထာယံ တဇ္ဇိတံ သုတဇ္ဇိတန္တိ စ အတ္ထော ဝုတ္တော၊ သော ဣဓ န ယုဇ္ဇတိ။ ပဋိသံ၊ဋ္ဌ၊၂။၇၁။

**ဥရူဠ္ဟဝ** (တိ) [ဥရူဠ္ဟ+ဝန္တု] ဆင်၊ စီးတော်ဆင်။ (သဒ္ဒါနက်အားဖြင့်-အလွန်ကြီးပွားသော-အား စွမ်းအဟုန်လုံ့လတိုးပွားသော-ကြီးစွာသော စစ် ထိုးခြင်းအမှုကို စွမ်းဆောင်နိုင်သော-ဝန်ကို ဆောင်သော-မင်းအားထိုက်သောဆင်-ဟုပြန် နိုင်သည်။) သေယျထာပိ ရာဟုလ ရညော နာဂေါ ဤသာဒန္တော ဥရူဠှဝါ အဘိဇာတော။ မ၊၂။၇၇။ ဥရူဠှဝါတိ အဘိဝဍ္ဎိတော၊ အာရော-ဟသမ္ပန္နော။ မဋ္ဌ၊၃။၉၀။ ဥရူဠှဝါ(ဝိမာန၊၂၅)တိ ထာမဇဝပရက္ကမေဟိ ဗြူဟန္တော၊ မဟန္တံ ယုဒ္ဓကိစ္စံ ဝဟိတုံ သမတ္ထောတိ အတ္ထော။ ဝိမာန၊ဋ္ဌ၊၉၃။ ဥရူဠှဝ(ဇာ၊၂။၃၁၃)န္တိ ဉဗ္ဗာဟနသမတ္ထံ။ ဇာ၊ ဋ္ဌ၊၇။၂၅၁။ ဥရူဠှဝါ(အပ၊၁။၅၈) ရာဇဝါဟနာ။ အပ၊ဋ္ဌ၊၁။၃၅၂။ ဥရူဠှဝါ(အပ၊၁။၆၉) ဘာရ-ဝဟော ရာဇာရဟော ဝါ။ အပ၊ဋ္ဌ၊၂။၂၄။

**ဥရေသယ** (တိ) [ဥရ+သိ+ဏ] ရင်ဖြင့်-ဖြစ်-ကိန်း-သော၊သူ(သား)။ သာခု ခေါ ပက္ခိတော နာမ၊ ပုတ္တော ဇာတော ဥရေသယော။ သံ၊၁။၂၁၂။

**ဥလတိ** (ကြိ) [ဥလ+အ+တိ] (၁) ရောက်၏။ (၂) ဖြစ်၏။ (၃) သွား၏။ (၄) လှည့်လည်-ရှာမှီး-၏။ (၅) ဖြစ်စေ၏။ (၁) ပံသု ဝိယ ကုစ္ဆိတဘာဝံ ဥလတီတိ ပံသုကူလံ၊ ကုစ္ဆိတ-ဘာဝံ ဂစ္ဆတီတိ ဝုတ္တံ ဟောတိ။ ဝိသုဒ္ဓိ၊ ၁။၅၇။ ဥလ-သဒ္ဒေါ ဂတိအတ္ထောတိ အာဟ ကုစ္ဆိတဘာဝံ ဂစ္ဆတီတိ ဝုတ္တံ ဟောတီတိ။ ပံသု ဝိယ ကုစ္ဆိတံ ဥလတိ ပဝတ္တတီတိ ဝါ ပံသုကူလံ။ ဝိသုဒ္ဓိဋီ၊၁။၈၉။ (-ဣတိဝုတ်၊ဋ္ဌ။ ၃၀၈။ အပ၊ဋ္ဌ၊၂။၉၉။ သာရတ္ထ၊၁။၃၆။ မ၊ဋီ၊ ၁။၂၅၁။) (၂) ပံသု ဝိယ ဥလတိ ပဝတ္တတီတိ ဝါ ပံသုကူလံ။ ဝိသုဒ္ဓိဋီ၊၁။၈၉။ (၃) ပိက္ကာယ ဥလတီတိ ပိဏ္ဍောလော။ သံ၊ဋ္ဌ၊၁။၂၇၇။ ကံ ဝုစ္စတိ ဥဒကံ၊ တသ္မိံ ဥလတိ ဂစ္ဆတီတိ ကုလ္လော။ ပါစိတ်၊ယော။၃၅၁။ (-ဓာန်ဋီ။၆၆၅။) (၄) ဥလတီတိ အဘိစရတိ။ သံ၊ဋီ၊၂။၂၄၀။ (-သာရတ္ထ၊၃။၃၈၄။) အောက်ပုဒ်လည်းကြည့်။ (၅) အကွေတုံ ခေပေတုံ ဝိနာသေတုံ ဥလတိ ပဝတ္တေတီတိ အက္ခုလော။ ဥဒါန၊ဋ္ဌ။၆၁။

**ဥလမာန** (တိ) [ဥလ+အ+မာန] ရှာမှီးသော၊ သူ။ ပိဏ္ဍံ ဥလမာနော ပရိယေသမာနော ပဗ္ဗဇိတောတိ ပိဏ္ဍောလော။ ဥဒါန၊ဋ္ဌ။၂၂၈။ သာရတ္ထ၊၃။၃၈၄။

**ဥလသဒ္ဒ** (ပု) [ဥလ+သဒ္ဒ] ဥလသဒ္ဒါ။ ဥလတိ-ကြည့်။

**ဥလုက်** (ပု) [ဥလ+ဥက။ ဝိ၊ပိ၊ဓာန်။ ဥ+အဠ+ ဏ။] (၁) ယောက်ချီး။ (၂) ရေမှုတ်။ (၁) မဟာတာပတဿ ဥလုင်္ကေန ဂူထံ ဥပ-နာမေသိ။ မဋ္ဌ၊၃။၄၈။ (၂) ပရိဘောဂဃဋတော ဥလုင်္ကေန ဥဒကံ ဂဟေတွာ။ မဋ္ဌ၊၂။၂၈၄။ ဥဠုင်္က-လည်းကြည့်။

**ဥလူက** (ပု) [ဥဒ္ဓံ+ကဏ္ဏ။ ဥစ+ဏုက။ "ဥဒ္ဓံ ကဏ္ဏာ

ယဿ ဥဒ္ဒံကင်္ကော"တိ သမ္ဗတ္တော နိရုတ္တိနယေန ဥလူကော။ ဥစတိ သမဝေတိ ကောင်္ဂရန္တိ ဝါ နိပါတနာ။ ဓာန်ဋီ။၆၃၈။ ဥလ+ ဏူက။ ဥလတိ ဂဝေသတီတိ ဥလူကော။ မောဂ်ရ။၂၆။] ဇီးကွက်၊ ဒီးဒုတ်၊ ခင်ပုတ်ငှက်။ ဥလူကော(မဟာနိ။၁၁၆)တိ ဥလူကသကုဏော။ မဟာနိ၊ဋ္ဌ။၂၃၇။ ဥဟု-ကာရာတိ ဥလူကာ။ ဇာ၊ဋ္ဌ၊၇။၃၁၆။

**ဥလူကအဏ္ဍ** (နု) [ဥလူက+အဏ္ဍ] ဇီးကွက်-ဒီးဒုတ်-ခင်ပုတ်ငှက်-ဥ။ တေသု ပဌမံ ဥလူ-ကအဏ္ဍံ ဘိဇ္ဇိ။ ဇာ၊ဋ္ဌ၊၅။၁၁၅။

**ဥလူကပက္ခ**[၁] (ပု၊နု) [ဥလူက+ပက္ခ] ဇီးကွက်-ဒီးဒုတ်-ခင်ပုတ်-ငှက် အတောင်။ ဥလူက ပက္ခိက-ကြည့်။

**ဥလူကပက္ခ**[၂] (တိ) [ဥလူကပက္ခ+က] ဇီးကွက် အတောင်တို့ကို သီကုံး၍ ပြုအပ်-ဇီးကွက် အတောင့်တို့ဖြင့် ယက်လုပ်အပ်-သော(အဝတ် သက်န်း)။ ဥလူကပက္ခ(မ၊၁။၁၁၁။ အဘိ၊ပု။ ၁၆၄)န္တိ ဥလူကပက္ခာနိ ဂန္ထေတွာ ကတ-နိဝါသနံ။ မ၊ဋ္ဌ၊၁။၃၅၀။ အဘိ၊ဋ္ဌ၊၃။၈၃။ (-ဒီ၊ ဋီ၊၃။၂၂၄။ အံ၊ဋ္ဌ၊၂။၂၇၇။ အံ၊ဋီ၊၂။၂၆၇။)

**ဥလူကပက္ခိက** (တိ) [ဥလူကပက္ခ+ဣက] ဇီး ကွက် အတောင်တို့ကို သီကုံး၍ပြုအပ်-ဇီးကွက် အတောင်တို့ဖြင့် ယက်လုပ်အပ်-သော (အဝတ် သက်န်း)။ ဥလူကပက္ခိက(ဝိ၊၁။၄၃)န္တိ ဥလူက-သကုဏာဿ ပက္ခေဟိ ကတနိဝါသနံ။ ဝိ၊ဋ္ဌ၊ ၁။၂၃၇။ ဥလူကပက္ခိက(ဒီ၊၁။၁၅၇)န္တိ ဥလူက-ပက္ခာနိ ဂန္ထေတွာ ကတနိဝါသနံ။ ဒီ၊ဋ္ဌ၊၁။၂၉၄။

**ဥလူကသကုဏ** (ပု)[ဥလူက+သကုဏ] ဇီးကွက် -ဒီးဒုတ်-ခင်ပုတ်-ငှက်။ ဥလူက-ကြည့်။

**ဥလူပိ** (ပု)[ဥ+ရူပ+ဣ။ ဝိ၊ပိ၊ဓာန်။] လပိုင်၊ ပူတင်း။ (ဓာန်၊သျှ၊သစ်။) (ဝိ၊ပိ၊ဓာန်-၌ မိကျောင်း။ လပိုင်-ဟု ၂-နက်ပြန်ဆိုသည်။)

သုသုကော သံသုမာရေ စ၊ ဗာလကေ စ ဥလုပိန္နိ။ ဓာန်။၁၀၀၃။

**ဥလ္လကောလိကဏ္ဍိ** (တိ) [ယာဒိစ္ဆကနာမ်] ဥလ္လ ကောလိကဏ္ဍိအရပ်။ အောက်ပုဒ်ကြည့်။

**ဥလ္လကောလိကဏ္ဍိဝါသက** (တိ) [ဥလ္လကောလိ ကဏ္ဍိ+ဝသ+ဏွု။ ထီ-၌ ဥလ္လကောလိကဏ္ဍိ-ဝါသိကာ] ဥလ္လကောလိကဏ္ဍိ အရပ်၌ နေလေ့ ရှိသော၊သူ။ အပရာပိ ဥလ္လကောလိကဏ္ဍိဝါ-သိကာ ကော ဏ္ဍတ္တိ ပုတ္တကံ ပါယမာနာ… ဌိတကောဝ မမ္ပံ အဿောသိ။ အံ၊ဋ္ဌ၊၂။၁၃၅။

**ဥလ္လကောလိကဏ္ဍိဝါသိကာ**-အထက်ပုဒ်ကြည့်။

**ဥလ္လင်္ဃန**(နု)[ဥ+လင်္ဃ+ယု။ နီတိ၊ဓာ။၂၇။] အထက် သို့ပျံတက်ခြင်း၊ ခုန်ပျံခြင်း။ အောက်ပုဒ်ကြည့်။

**ဥလ္လင်္ဃနာကာရ** (ပု) [ဥလ္လင်္ဃန+အာကာရ] အထက်သို့ပျံတက်-ခုန်ပျံ-ခြင်းဟူသော အခြင်း အရာ။ ခုန်ပျံတက်အံ့သောအခြင်းအရာ။ အပဟံ ဝေဠုသမိပံ ဂန္တွာ အာကာသေ ဥလ္လင်္ဃနာကာရံ ကရောမိ။ အပ၊ဋ္ဌ၊၁။၁၃၀။

**ဥလ္လယ်တိ** (ကြိ)[ဥ+လဃိ+အ+တိ။ နီတိ၊ဓာ။ ၂၉။] အထက်သို့မြှောက်-ချီမြှောက်-၏။ ဒါရကံ ဥလ္လယ်တိ ဥလ္လယ်ာပေတိ။ ဇာ၊၂။၁၂၁။ ဒါရကန္တိ အတ္တနော ဝါ ပုတ္တံ အညဿ ဝါ ပုတ္တံ ဂဟေတွာ ဥက္ခိပတိ ဝါ ဥက္ခိပါပေတိ ဝါ။ ဇာ၊ဋ္ဌ၊၅။၄၇၁။

**ဥလ္လယ်နာ** (ထီ) [ဥ+လဃိ+ယု] အထက်သို့ မြှောက်-ချီမြှောက်-ခြင်း။ ဥလ္လယ်နာ နာမ ဥဒ္ဓံ ဥစ္စာရဏာ။ ဝိ၊၁။၁၇၄။ ယမ္ပိ ဥမ္မသနာယ စ ဥလ္လယ်နာယ စ နိဒ္ဒေသေ "ဥဒ္ဓံ ဥစ္စာရဏာ"-တိ ဓကမေဝ ပဒံ ဝုတ္တံ။…ဒုတိယံ ဣတ္ထိယာ ကာယံ ဥက္ခိပနဝသေန။ ဝိ၊ဋ္ဌ၊၂။၁၂၂။

**ဥလ္လယ်နသမတ္ထ** (တိ)[ဥလ္လယ်နာ+သမတ္ထ] အ

ထက်သို့မြောက်-ချီမြှောက်-မြောက်တက်စေ-ခြင်းငှါစွမ်းနိုင်သော။ လင်္ဃိန္တိ နာဝံ ဥလ္လင်္ဃန-သမတ္ထံ။ ဇာ၊ဋ္ဌ၊၄။၅။

**ဥလ္လင်္ဃန္တ** (တိ) [ဥ+လဃိ+အန္တ] အထက်သို့တက်-မြင့်တက်-ပေါ်တက်-လာသော၊ ခုန်တက်သော၊သူ။ နဘံ အဗ္ဘုဿက္ကမာနောတိ ဥဒယ-ဋ္ဌာနတော အာကာသံ ဥလ္လင်္ဃန္တော။ ဣတိဝုတ်၊ဋ္ဌ။၈၆။ သော ပန ရာဇာ ဘူမိယံ ဥက္ကုဋိကံ နိသီဒိတွာ ဥလ္လင်္ဃန္တော အဋ္ဌာရသဟတ္ထံ ဌာနံ အဘိရူဟတိ။ ဓမ္မ၊ဋ္ဌ၊၂။၄၄၆။

**ဥလ္လင်္ဃမာန** (တိ)[ဥ+လဃိ+အ+မာန] အထက်သို့တက်-မြင့်တက်-ပေါ်တက်-လာသော။ ပါစီန-ယုဂန္ဓရပရိက္ခေပတော ဥလ္လင်္ဃမာနံ စန္ဒမဏ္ဍလံ ဘိန္ဒိတွာ နိက္ခမန္တံ ဝိယ ရူပါဝစရစိတ္တေန အဓိဋ္ဌာသိ။ ဒီ၊ဋ္ဌ၊၂။၂၇၆။

**ဥလ္လင်္ဃယမာန** (တိ) [ဥ+လဃိ+ဏယ+မာန] အထက်သို့တက်-မြင့်တက်-ပေါ်တက်-လာသော။ ပါစီနယုဂန္ဓရပရိက္ခေပတော ဥလ္လင်္ဃယမာနံ စန္ဒ-မဏ္ဍလံ ဘိန္ဒိတွာ နိက္ခမန္တော ဝိယ "အာဂစ္ဆ-တူ"တိ ရူပါဝစရစိတ္တေန အဓိဋ္ဌာသိ။ မဟာနိ၊ဋ္ဌ။၂၇၅။

**ဥလ္လင်္ဃယိတွာ** (ကြိ၊ဝိ) [ဥ+လဃိ+ဏယ+တွာ] ပျံတက်-ခုန်တက်-၍။ ဥလ္လင်္ဃယိတွာ အတ္တာနံ၊ ဝိဿဇ္ဇမနုနော သတံ။ ဇာ၊၁။၁၆၅။ အတ္တာနံ အာကာသေ ဥလ္လင်္ဃယိတွာ ဝိဿဇ္ဇေတွာ။ ဇာ၊ဋ္ဌ၊၃။၃၅၂။

**ဥလ္လင်္ဃာပေတိ** (တိ)[ဥ+လဃိ+ဏာပေ+တိ] ချီမြှောက်စေ၏။ ဥလ္လင်္ဃတိ-ကြည့်။

**ဥလ္လင်္ဃိတ** (တိ)[ဥ+လဃိ+တ] နှောင်ဖွဲ့၍ချိတ်ဆွဲအပ်သော၊ ချိနှောင်ချိတ်ဆွဲအပ်သော။ ဥလ္လ-င်္ဃိတော(သံ၊ဋ္ဌ၊၁။၇၀)တိ ဥဗ္ဗန္ဓိတွာ လင်္ဃိတော။ သံ၊ဋီ၊၁။၁၃၃။ (-ပဋိသံ၊ဋ္ဌ၊၂။၁၉။)

**ဥလ္လင်္ဃိတွာ** (ကြိ၊ဝိ)[ဥ+လဃိ+တွာ] ပျံတက်-ခုန်တက်-၍၊ ခုန်ကျော်၍။ တတော ဥလ္လိင်္ဃိတွာ ကဏ္ဍကဿ ပိဋ္ဌိံ အဘိရူဟိ။ ဗုဒ္ဓဝံ၊ဋ္ဌ။၃၃၀။ ဇာ၊ဋ္ဌ၊၁။၇၃။ စန္ဒမဏ္ဍလံ ဥလ္လိင်္ဃိတွာ အနိလ-ပထံ ပဋိပဇ္ဇိတ္ထ။ သံ၊ဋ္ဌ၊၁။၆၉။ ဥလ္လိင်္ဃိတွာတိ ဥဋ္ဌဟိတွာ။ သံ၊ဋီ၊၁။၁၁၁။ န သုဇ္ဈတီတိ ပုစ္ဆိ-ယမာနော ပဋိပတ္တိက္ကမံ ဥလ္လိင်္ဃိတွာ ကထေတိ။ ဝိမတိ၊၁။၂၄၂။

**ဥလ္လင်္ဃိတွာန** (ကြိ၊ဝိ) [ဥ+လဃိ+တွာန] ပျံတက်-ခုန်တက်-၍။ ရဇ္ဇုံ ဝါ ဒဏ္ဍံ ဝါ ဥလ္လင်္ဃိတွာန ပါရနိန္နတနု။ ပဋိသံ၊ဋ္ဌ၊၁။၂၆။

**ဥလ္လင်္ဃိယ** (ကြိ၊ဝိ) [ဥ+လဃိ+တွာ] ခုန်ကျော်၍၊ ကျော်လွှန်၍။ အနုလောမေဟုလ္လင်္ဃိယ၊ နိဗ္ဗုတိ-နိန္နော တဒါသနောပဂတော။ ပဋိသံ၊ဋ္ဌ၊၁။၂၆။ ယတ္ထဂဏ္ဌတ္ထယမုလ္လင်္ဃိ-ယောဘယတ္ထာဒိမော ဘဝေ ဝိပုလာ။ ဆန်း၊ဂါထာ။၂၁။ ဥလ္လင်္ဃိယ ဥလ္လင်္ဃိတွာ အတိက္ကမိတွာ။ ဝစနတ္ထဇောတိ-ဋီကာ။ ဂါထာ။၂၁။

**ဥလ္လင်္ဃေတိ** (ကြိ) [ဥ+လဃိ+ဏေ+တိ] ချီမြှောက်၏၊ ပွေ့ချီ၏။ ဒါရကံ ဥလ္လင်္ဃေတိ ဩလင်္ဃေတိ။ ဓမ္မ၊ဋ္ဌ၊၂။၄၂၉။

**ဥလ္လင်္ဃေတုံ** (ဗျ) [ဥ+လဃိ+ဏေ+တုံ] ပျံတက်-ခုန်တက်-ခြင်းငှါ။ အောက်ပုဒ်ကြည့်။

**ဥလ္လင်္ဃေတုကာမ** (တိ) [ဥလ္လင်္ဃေတုံ+ကမု+ဏ] ပျံတက်-ခုန်တက်-ခြင်းငှါ အလိုရှိသော၊သူ။ ဥဒ္ဒံ ဥလ္လင်္ဃေတုကာမမ္ပိ ဩနမေယျ။ သံ၊ဋီ၊၁။၁၄၉။

**ဥလ္လင်္ဃေန္တ** (တိ) [ဥ+လဃိ+ဏေ+အန္တ] တက်စေ-ပေါ်ထွက်စေ-သော၊သူ။ စန္ဒံ ဥဋ္ဌာပေန္တော ဝိယ သူရိယံ ဥလ္လင်္ဃေန္တော ဝိယ စ ဒုတိယံ ပိဏ္ဍပါတသန္တောသံ ကထေတွာ။ အံ၊ဋ္ဌ၊၂။၂၈၄။ စူဠနိ၊ဋ္ဌ။၁၁၆။

**ဥလ္လပ** (တိ) [ဥ+လပ+အ] ပြောဆိုသော၊သူ။ သတုလ္လပ (သံ၊ငို၊၁။၉၉)-ကြည့်။

**ဥလ္လပတိ** (ကြိ) [ဥ+လပ+အ+တိ] ပြောဆို၏။ အထက်၌ပြု-အထက်သို့မြှင့်တင်-မြှောက်ပင့်-ချီးမြှောက်-ဖျားယောင်း-ပြောဆို၏။ ထွက်သော (သီလတည်းဟူသော) အသက်ရှိသည် ဖြစ်၍-အသက်ထွက်လျက်-ပြောဆို၏။ ရဟော ဥလ္လပတိ(ဝိ၊၁။၁၄၀)တိ ရဟောဂတော "အရဟာ အဟ"န္တိ ဝဒတိ။ ဝိ၊ဋ္ဌ၊၂။ ၉၃။ ဥလ္လပတိ(အံ၊ ၂။၈၀။ အဘိ၊ပု။၁ရရ)တိ ကထေတိ။ အံ၊ဋ္ဌ၊ ၃။၃၄။ အဘိ၊ဋ္ဌ၊၃။၉၉။ ဥလ္လပန္တိ(ဝိ၊၁။၁၈ရ)တိ "အဟော ဒယျော"တိအာဒိနာ နယေန ဥစ္စကရဏီ နာနာဝိဓံ ပလောဘနကထံ ကထေန္တိ။ ဝိ၊ဋ္ဌ၊၂။၇၃၃။ ဥလ္လပတိ(ဝိ၊၁။၁၁၅။ ဝိ၊ဋ္ဌ၊၂။ရရ။ ဝိသုဒ္ဓိ၊၁။၂၂)တိ ဥဂ္ဂတာယုကော လပတိ၊ သီလံ ဟိ ဘိက္ခုနော အာယု၊ တံ တဿ တထာလပနသမကာလမေဝ ဝိဂစ္ဆတိ။ သာရတ္ထ၊၂။ ၂၈၁။ ဝိသုဒ္ဓိ၊ငို၊၁။၅၁။

**ဥလ္လပန** [၁] (ထိ၊န) [ဥ+လပ+ယု] (၁) ပြောဆိုခြင်း။ ထက်၌ပြု၍-တိုး၍တိုး၍-အထက်သို့မြှင့်တင်၍-မြှောက်ပင့်-ချီးမြှောက်-ဖျားယောင်း-ပြောဆိုခြင်း၊ (မိမိ၌ရှိသောဂုဏ်ထက်) လွန်ကျူးကျော်လွန်၍-ဝါကြွားပလွှား၍-ပြောဆိုခြင်း။ (တိ)(၂) ပြောဆိုတတ်သော၊သူ။ (၁) ဥလ္လပနံ ဖာသု။ သမုလ္လပနံ ဖာသု။ စူဠနိ။၂၂၉။ တတ္ထ ကတမာ ဥလ္လပနာ၊ ...ယာ ပရေသံ အာလပနာ လပနာ သလ္လပနာ ဥလ္လပနာ။ အဘိ၊ ဝိ။၃၆၆။ ဥလ္လပနာတိ မဟာကုဋုမ္ဗိကော, မဟာနာဝိကော, မဟာဒါနပတီတိ ဧဝံ ဥဒ္ဓံ ကတွာ လပနာ။ အဘိ၊ဋ္ဌ၊၂။၄၆၄။ ဥလ္လပနသဘာဝသဏ္ဌိတ၊ ဥလ္လပနာဓိပ္ပါယ၊ ဥလ္လပနပစ္စယ၊ ဥလ္လပနာဓိပ္ပါယ-တို့လည်းကြည့်။ (တိ)(၂) သတံ သာဓူနံ သရဏာဂမနသီလာဒိဘေဒဿ ဓမ္မဿ ဥလ္လပနတော ကထနတော... သတုလ္လပါ။ သံ၊ငို၊၁။၉၉။

**ဥလ္လပန** [၂] (တိ) [ဥ+လပ+ဏေ+ယု] အထက်အထက်၌ပြောဆိုစေတတ်သော၊ တိုး၍တိုး၍ ပလွှားပြောဆိုစေတတ်သော။(ပြန်။) ဥမ္မာဒနာ ဥလ္လပနာ၊ ကာမာ စိတ္တပ္ပမဒ္ဒိနော။ ထေရီ။၄၁၈။ ဥလ္လပနာတိ "အဟော သုခံ အဟော သုခ"န္တိ ဥဒ္ဓံ ဥဒ္ဓံ လပါပနကာ။ ထေရီ၊ဋ္ဌ။ ၂၅၁။

**ဥလ္လပနပစ္စယ** (ပု) [ဥလ္လပန+ပစ္စယ] ဝါကြွားပလွှား၍ပြောဆိုခြင်းဟူသောအကြောင်း။ အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပနပစ္စယာ ပါရာဇိကံ ကတ္တာ ပညတ္တန္တိ။ ဝိ၊၅။၈၄။

**ဥလ္လပနသဘာဝသဏ္ဌိတ** (တိ) [ဥလ္လပနသဘာဝ+သဏ္ဌိတ] ချီးမြှောက်၍ ပြောဆိုခြင်းသဘော၌ တည်သော၊သူ။ တေ သမ္ဘဟုလာ ဘိက္ခူ ဥလ္လပနသဘာဝသဏ္ဌိတာ တဿ အနုဂ္ဂဟာဓိပ္ပါယေန ဘဂဝန္တံ ဧတဒဝေါစုံ၊ န ဥဇ္ဈာနဝသေန။ ဥဒါန၊ဋ္ဌ။၁၄၄။

**ဥလ္လပနာကာရ** (ပု) [ဥလ္လပန+အာကာရ] ချီးမြှောက်-မြှောက်ပင့်-ဝါကြွားပလွှား-၍ပြောပုံအခြင်းအရာ၊ လွန်ကျူး-ကျော်လွန်-၍ ပြောပုံအခြင်းအရာ။(ဘာသာ၊ငို။) ဥလ္လပနာကာရ(ဝိ၊ဋ္ဌ၊၂။၈ရ)န္တိ သမာပဇ္ဇိန္တိအာဒိ ဥလ္လပနာကာရံ။ သာရတ္ထ၊၂။ ၂၈၉။

**ဥလ္လပနာဓိပ္ပါယ** (ပု) [ဥလ္လပန+အဓိပ္ပါယ] (၁) ဝါကြွားပလွှား၍ ပြောဆိုခြင်း၌အလို။ (တိ)(၂) တိုး၍ပြောဆိုခြင်း၌အလိုရှိသော၊ ထပ်ဆင့်ပြောဆိုစေလိုသော၊သူ။ (၁) န ဥလ္လပနာဓိပ္ပါယေန၊ တေနဿ အနာပတ္တိ။ ဝိ၊ဋ္ဌ၊၂။၉၄။ အနုလ္လပနာဓိပ္ပါယ-လည်းကြည့်။ (တိ)(၂) အရဟာဝ သမာနာ အပ္ပဟီနဝါသနတ္တာ ဧဝံ ဘဏတီတိ အဇာနန္တာ ... ဥလ္လပနာဓိပ္ပါယာ တံ တထော ဝုဋ္ဌာပေတုံ ဘဂဝတော အာရောစေသုံ။ ဒီ၊ဋ္ဌ၊၂။၁၃၃။

**ဥလ္လပနာဓိပ္ပါယဝိရဟိတ**(တိ) [ဥလ္လပနာဓိပ္ပါယ+ဝိရဟိတ] ဝါကြွားပလွှား၍ ပြောဆိုခြင်း၌-အလိုကင်း-အလိုမရှိ-သော၊သူ။ အနုလ္လပနာ-ဓိပ္ပါယသာတိ ဥလ္လပနာဓိပ္ပါယဝိရဟိတဿ။ ကင်္ခါ၊ဋီ၊သစ်။၂၂၂။

**ဥလ္လပန္တ** (တိ) [ဥ+လပ+အန္တ] ဝါကြွားပလွှား၍ ပြောဆိုသော၊သူ။ ဥလ္လပတော မောဃေ္ဃာ နတ္ထိ။ ဝိ၊၄၊၂။၈၈။

**ဥလ္လပန္တိ** (ကြိ) [ဥ+လပ+အ+အန္တိ] အထက်၌ပြု-အထက်သို့မြှင့်တင်-မြှောက်ပင့်-ချီးမြှောက်-ဖွားယောင်း-ပြောဆိုကုန်၏။ ဥလ္လပတိ-ကြည့်။

**ဥလ္လပါပေတိ** (ကာ၊ကြိ) [ဥ+လပ+ဏာပေ+တိ] ပြောဆိုစေ၏။ ဥလ္လပါပေမိ နံ မဟာရာဇာတိ။ သုတ္တနိ၊၄၊၂။၄၄။

**ဥလ္လပါပေမိ** (ကာ၊ကြိ) [ဥ+လပ+ဏာပေ+မိ] ပြောဆိုစေအံ့။ အထက်ပုဒ်ကြည့်။

**ဥလ္လပိတဗ္ဗ** (တိ) [ဥ+လပ+တဗ္ဗ] ဝါကြွားပလွှား၍ပြောဆိုအပ်သော။ ဥပသမ္ပန္နေန ဘိက္ခုနာ ဥတ္တရိမနုဿဓမ္မော န ဥလ္လပိတဗ္ဗော။ ဝိ၊၃။၁၃၅။

**ဥလ္လပိတွာ** (ကြိ၊ဝိ) [ဥ+လပ+တွာ] ချီးမြှောက်ပြောဆို၍၊ ဝါကြွားပလွှားပြောဆို၍။ အယမ္ပိ ဂါထာ အရဟတ္တမေဝ ဥလ္လပိတွာ ကထိတာ။ ဥဒါန၊၄။၆၃။ ယသ္မာ တံ ဥလ္လပိတွာ အသန္တ-သမ္ဘာဝနာယ ဥပ္ပန္နေ ပစ္စယေ ဂဏှာတိ။ ဝိ၊၄၊၂။၇၇။

**ဥလ္လပိယမာန** (တိ) [ဥ+လပ+ယ+မာန] ပြောဆိုအပ်သော၊သူ။ သော မာတုဂါမေန ဦဟ-သိယမာနော ဥလ္လပိယမာနော...သံသီဒတိ ဝိသီဒတိ။ အံ၊၂။၈၀။

**ဥလ္လပေတွာ** (ကြိ၊ဝိ) [ဥ+လပ+ဏေ+တွာ] ပြောဆို၍။ သတုလ္လပကာယိကာတိ သတံ ဓမ္မံ သမာ-ဒါနဝသေန ဥလ္လပေတွာ သဂ္ဂေ နိဗ္ဗတ္တာတိ သတုလ္လပကာယိကာ။ သံ၊၄၊၁။၅၂။ (-သံ၊ဋီ၊၁။၉၉။)

**ဥလ္လာဃ** (ပု) [ဥ+လာဃ+ဏ] ရောဂါမှကင်းလွတ်-ရောဂါပျောက်-သော၊သူ။ ရောဂတော နိဂ္ဂတဇနေ ပန ဥလ္လာဃော၊ လာဃ သာမတ္ထိယေ၊ ဥ-သဒ္ဒေါယံ ရောဂဝိမုတျတ္ထော။ ဓာန်၊ဋီ။၃၃၁။

**ဥလ္လိခတိ** (ကြိ) [ဥ+လိခ+အ+တိ] ရေးခြစ်၏။ ပမာဏံ ဟိ ဂဏှန္တော တဿ တဿ ပဒေသ-ဿ သဏ္ဌာနနတ္ထံ နခါဒီဟိ ဝါ ပရိစ္ဆေဒံ ဒဿေ န္တော ဥလ္လိခတိ။ ဝိ၊၄၊၃။၃၉၁။

**ဥလ္လိခန** (နပ) [ဥ+လိခ+ယု] (၁) (ဆံပင်) ဖီးခြင်း။ (တိ)(၂) ဖီးကြောင်းဖြစ်သော။ (၁) ဥလ္လိခနန္တိ စ ဖဏကာဒီဟိ ကေသသဏ္ဌာပနံ။ ဥဒါန၊၄။ ၁၅၃။ (တိ)(၂) အောက်ပုဒ်ကြည့်။

**ဥလ္လိခနကောစ္ဆ** (ပု၊နပ) [ဥလ္လိခန+ကောစ္ဆ] (မုတ်ဆိတ်ဆံပင်တို့ကို) ဖီးကြောင်းဖြစ်သော ဘီး။ ကောစ္ဆန္တိ မဿူနံ ကေသာနဉ္စ ဥလ္လိခန-ကောစ္ဆံ။ ထေရီ၊၄။၂၇၃။

**ဥလ္လိခနသာဓန** (နပ) [ဥလ္လိခန+သာဓန] (ဆံပင်) ဖီးခြင်းကို ပြီးစေတတ်သော။ တတ္ထ ကောစ္ဆံ နာမ အာဌကာဒိသဏ္ဌာပနတ္ထံ ကေသာဒီနံ ဥလ္လိခနသာဓနံ။ ဝိမာန၊၄။၃၂၈။

**ဥလ္လိခါပေတိ** (ကာ၊ကြိ) [ဥ+လိခ+ဏာပေ+တိ] (ဆံပင်) ဖီးစေ၏၊ အာယသ္မတော ရဋ္ဌပါလဿ ပိတာ မဇ္ဈိမာယ ဒွါရသာလာယ ဥလ္လိခါပေတိ။ မ၊၂။၂၅၀။ ဥလ္လိခါပေတီတိ ကပ္ပကေန ကေသေ ပဟာရာပေတိ။ မ၊၄၊၃။၂၀၄။

**ဥလ္လိခိတ** (နပ) [ဥ+လိခ+တ] (၁) ရေးခြစ်ခြင်း။ (တိ)(၂) ရေးခြစ်-ပွတ်ခံ-တွင်ခံ-အပ်သော။ န ဥလ္လိခိတမတ္တေန အတ္တတံ ဟောတိ ကထိနံ။

ဝိ၊၃။၃၅၂။ ဥလ္လိခိတမတ္တေနာတိ ဒီဃတော စ ပုထုလတော စ ပမာဏဂ္ဂဟဏမတ္တေန။ ... တသ္မာ တံ ပမာဏဂ္ဂဟဏံ ဥလ္လိခိတမတ္တန္တိ ဝုစ္စတိ။ ဝိ၊ဋ္ဌ၊၃။၃၉၁။ ဥလ္လိခိတမတ္တေနာတိ တတ္ထ ပမာဏဿ ဥဂ္ဂဟဏတ္ထံ နခါဒီဟိ လိခနံ ဥလ္လိခိတံ၊ ဥလ္လိခိတံ မတ္တံ ပမာဏန္တိ ဥလ္လိခိတမတ္တန္တိ ဒဿေန္တော အာဟ ဒီဃတော စ ပုထုလတော စ ပမာဏဂ္ဂဟဏမတ္တေနာတိ။ ပါစိတ်၊ယော။၃၆၄-၅။ သလ္လိခိတသဒိသတာတိ ဘမံ အာရောပေတွာ ဥလ္လိခိတဿ ဝိယ သဗ္ဗပရိဠာဟဝုပသမဿ ပုထုလတာပဂတသရီရဿ။ သံ၊ဋီ၊၁။၁၈၅။ အောက်ပုဒ်လည်းကြည့်။

**ဥလ္လိခိတဟတ္ထိဒန္တသဒိသဝဏ္ဏ** (တိ) [ဥလ္လိခိတဟတ္ထိဒန္တသဒိသ+ဝဏ္ဏ] ရေးခြစ်-ပွတ်ခံ-တွင်ခံ-အပ်သောဆင်စွယ်နှင့်တူသောအဆင်းရှိသော။ ဒန္တဝဏ္ဏာနီတိ သဗ္ဗူက ဥလ္လိခိတဟတ္ထိဒန္တသဒိသဝဏ္ဏာနိ။ ဝိမာန၊ဋ္ဌ၊၁၈၀။

**ဥလ္လိင်္ဂ** (န) [ဥ+လင်္ဂ+အ။ နီတိ၊ဓာ။ရ၈။ ဓာတွတ္ထ။၃၃၀။] (၁) ပြ-ထုတ်ဖော်ပြ-သိစေ-ခြင်း။ (တိ)(၂) ပြ-ထုတ်ဖော်ပြ-သိစေ-အပ်သော။ (၁) တဿ အတ္ထဿ ဥလ္လိင်္ဂဝသေန ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။ သံ၊ဋီ၊၂။၁၂၃။ (တိ)(၂) ဥပ္ပါဒဂ္ဂဟဏေန စ အတီတဒ္ဓပရိယာပန္နာ ကမ္မသင်္ခါရာ ဥလ္လိင်္ဂိတာ။ ဝိသုဒ္ဓိ၊ဋီ၊၂။၄၄၉။

**ဥလ္လိင်္ဂိတ** (တိ) [ဥ+လင်္ဂ+တ] ပြ-ထုတ်ဖော်ပြ-သိစေ-အပ်-သော။ ဥလ္လိင်္ဂိတမတ္တံ ဆန္ဒရာဂဝိနယေန ပဇဟာပေတီတိ သရူပတော ဒဿေတိ။ မ၊ဋီ၊၂။၉၉။

**ဥလ္လိင်္ဂေတိ** (ကာ၊ကြိ) [ဥ+လင်္ဂ+ဏေ+တိ။ နီတိ၊ ဓာ။ရ၈။ ဓာတွတ္ထ။၃၃၀။] ပြ-ထုတ်ဖော်ပြ-သိစေ-၏။ ဝုတ္တမိနာ နယေနာတိ ဧတေန ဘူတာနိဿိတာနံ ...တေဘူမကဓမ္မာနံ ပရိဂ္ဂဟံ ဥလ္လင်္ဂေတိ။ မ၊ဋီ၊၁။၂ရ၉။ **ဥလ္လင်္ဂေန္တိ**— တေနေဝေတ္ထ ကမ္မသဥ္စနိတာနိ (တာဝ) ဣန္ဒြိယာနိ ကုသလာကုသလကမ္မံ ဥလ္လိင်္ဂေန္တိ။ အဘိ၊ဋ္ဌ၊၂။၁၁၉။ ဝိသုဒ္ဓိ၊၂။၁၂၂။ ပဋိသံ၊ဋ္ဌ၊၁။၈၂။ ဥလ္လိင်္ဂေန္တီတိ ပကာသေန္တိ။ မူလဋီ၊၂။ရ၉။ ပဋိသံ၊ဂံ။၉၆။ ဥလ္လိင်္ဂေန္တီတိ ဉာပေန္တိ ပကာသေန္တိ။ ဝိသုဒ္ဓိ၊ဋီ၊၂။၁၈၆။

**ဥလ္လိင်္ဂေတွာ** (ကာ၊ကြိ၊ဝိ) [ဥ+လင်္ဂ+ဏေ+တွာ] ပြ-ထုတ်ဖော်ပြ-သိစေ-၍။ တေန ။ပ။ ဥဒေယျာတိ ဂါထာပဒံ ဥလ္လိင်္ဂေတွာ "တေနာ" တိအာဒိနာ ဝိဝရတိ။ သီ၊ဋီ၊သစ်၊၁။၉ရ။

**ဥလ္လိင်္ဂေန္တ** (တိ) [ဥ+လင်္ဂ+ဏေ+အန္တ] ပြ-ထုတ်ဖော်ပြ-သိစေ-သော၊သူ။ တေ စတူဟိ ဥပမာဟိ ဥလ္လိင်္ဂေန္တော "ဘဝဂ္ဂဂ္ဂဟဏာယာ"တိ အာဒိမာဟ။ သံ၊ဋီ၊၂။၉၉။ (-မ၊ဋီ၊၁။၃ရ၂။)

**ဥလ္လိင်္ဂေန္တိ** (ကာ၊ကြိ) [ဥ+လင်္ဂ+ဏေ+အန္တိ] ပြ-ထုတ်ဖော်ပြ-သိစေ-ကုန်၏။ ဥလ္လင်္ဂေတိ-ကြည့်။

**ဥလ္လိတ္တ** (တိ) [ဥ+လိပ+တ] အထက်သို့ မျက်နှာမူ၍(အင်္ဂတေ)လိမ်းကျံအပ်သော၊ အတွင်း၌(အင်္ဂတေ)လိမ်းကျံအပ်သော။ ကုဋိ နာမ ဥလ္လိတ္တာ ဝါ ဟောတိ အဝလိတ္တာ ဝါ ဥလ္လိတ္တာဝလိတ္တာ ဝါ။ ဝိ၊၁။၂၂၄။ ဥလ္လိတ္တာတိ အန္တောလိတ္တာ။ ဝိ၊ဋ္ဌ၊၂။၁၅၃။ ဥဒ္ဓံ မုခံ လိတ္တာ ဥလ္လိတ္တာ။ သာရတ္ထ၊၂။၃၃၃။ ဝိမတိ၊၁။၂ရ၄။ ကင်္ခါ၊ဋီ၊ သစ်။၂၃ရ။ (အဝလိတ္တ-လည်းကြည့်။)

**ဥလ္လိတ္တကုဋိ** (ထီ) [ဥလ္လိတ္တာ+ကုဋိ] အထက်သို့ မျက်နှာမူ၍ (အင်္ဂတေ) လိမ်းကျံအပ်သော၊ အတွင်း၌(အင်္ဂတေ)လိမ်းကျံအပ်သော-ကုဋိ-ကျောင်းငယ်၊ ဥလ္လိတ္တကုဋိ။အောက်ပုဒ်ကြည့်။

**ဥလ္လိတ္တကုဋိသချာ** (ထီ) [ဥလ္လိတ္တကုဋိ+သချာ] အတွင်း၌(အင်္ဂတေ)လိမ်းကျံအပ်သော-ကုဋိ-ကျောင်းငယ်-ဟူသောအရေအတွက်။ ဥလ္လိတ္တ-

ကုဋ္ဋိသချို နဂ ဂစ္ဆတိ။ ဝိမတိ၊၁။၂၇၈။

**ဥလ္လိတ္တာဝလိတ္တ** (တိ) [ဥလ္လိတ္တ+အဝလိတ္တ] အတွင်း, အပဒ္ (အင်္ဂတေ) လိမ်းကျံအပ်သော။ ဥလ္လိတ္တာဝလိတ္တာတိ အန္တရဗာဟိရလိတ္တာ။ ဝိ၊ ဋ္ဌ၊၂။၁၅၃။

**ဥလ္လိတ္တာဝလိတ္တကုဋိ** (ထိ) [ဥလ္လိတ္တာဝလိတ္တ +ကုဋိ] အတွင်း, အပဒ္ (အင်္ဂတေ) လိမ်းကျံအပ် သော-ကုဋိ-ကျောင်းငယ်။ ပဏ္ဏသာလမ္ပိ ဥလ္လိ-တ္တာဝလိတ္တကုဋိမေဝ ပဏ္ဏစ္ဆဒနံ။ ဝဇိရ။၁၉၃။

**ဥလ္လိတ္တာဝလိတ္တစ္ဆဒန** (တိ) [ဥလ္လိတ္တာဝလိတ္တ+ ဆဒန] အတွင်း, အပဒ္ (အင်္ဂတေ) လိမ်းကျံအပ် သော, အမိုးရှိသော။ (အမိုးရှိသော ဥလ္လိတ္တကုဋိ, အဝလိတ္တကုဋိ။) သစေ ပန ဥလ္လိတ္တာဝလိ-တ္တစ္ဆဒနဿ ဂေဟဿ လေပဃဋ္ဋနတ္တံ ဥပရိ တိဏေန ဆာဒေန္တိ။ ဝိ၊ဋ္ဌ၊၂။၁၅၉။

**ဥလ္လိဟန္တ** (တိ) [ဥ+လိဟ+အန္တ] (လျှာဖြင့်) လျက်သော၊သူ။ ခုရဂ္ဂံ မဓုနာ လိတ္တံ၊ ဥလ္လိဟံ နာဝဗုဇ္ဈတိ။ ထေရ။၃၂၂။ မဓုရဂိဒ္ဓေါ ခုရဓာ-ရာလေပဟကပုရိသော ဝိယ ဒဋ္ဌဗ္ဗော။ ထေရ၊ ဋ္ဌ၊၂။၂၇၇။

**ဥလ္လုမ္ပတိ** (ကြိ) [ဥ+လုပ (လုမ္ပ၊ လုပိ)+အ+ တိ။ နီတိ၊ဓာ။၂၁၆။ သီ၊ဋီ၊သစ်၊၂။၄၃၃။] ထုတ် ဆောင်၏။ (အကုသိုလ်မှ ထစေ၍ ကုသိုလ်၌ တည်စေ၏။ သာမဏေအဖြစ်မှ ထုတ်ဆောင်၍ ရဟန်းအဖြစ်၌ တည်စေ၏-စသည်။) ဥလ္လုမ္ပတု မ(ဝိ၊၃။၇၂)န္တိ ဥဒ္ဓရတု မံ၊ အကုသလာ ဝုဋ္ဌာ-ပေတွာ ကုသလေ ပတိဋ္ဌာပေတု၊ သာမဏေရ-ဘာဝါ ဝါ ဥဒ္ဓရိတွာ ဘိက္ခုဘာဝေ ပတိဋ္ဌာ-ပေတူတိ။ ဝိ၊ဋ္ဌ၊၃။၂၆၅။ ဥလ္လုမ္ပတု ဘဝံ ဂေါ-တမော(ဒီ၊၁။၂၃၄)တိ ဥဒ္ဓရတု ဘဝံ ဂေါတ-မော။ ဒီ၊ဋ္ဌ၊၁။၃၃၇။ ဥ-ဣစ္စုပသဂ္ဂယောဂေ လုမ္ပ-သဒ္ဒေါ, လုပိ-သဒ္ဒေါ ဝါ ဥဒ္ဓရဏတ္ထော ဟောတီတိ ဝုတ္တံ "ဥဒ္ဓရတူ"တိ။ သီ၊ဋီ၊သစ်၊ ၂။၄၃၃။ (-ဒီ၊ဋီ၊၁။၄၀၄။)

**ဥလ္လုမ္ပန** (န) [ဥ+လုပ (လုမ္ပ၊ လုပိ)+ယု] ထုတ် ဆောင်ခြင်း။ သမြေဟ္မစာရိနံ သိဿနံ ဝါ ဝိနိစ္ဆယဥလ္လုမ္ပနသြဝါဒဒါနဘာဝေ ဌတွာ ဝတ္တာ စ ဟောတိ။ နေတ္တိ၊ဝိဘာ။၃၂၀။

**ဥလ္လုမ္ပနဘာဝ** (ပု) [ဥလ္လုမ္ပန+ဘာဝ] ထုတ် ဆောင်ခြင်းသဘော။ ဝတ္တာတိ ...သမြေဟ္မစာရိနံ ဥလ္လုမ္ပနဘာဝေ ဌတွာ ဝတ္တာ။ နေတ္တိ၊ဋ္ဌ။၂၅၁။

**ဥလ္လုမ္ပနသဘာဝသဏ္ဌိတ** (တိ) [ဥလ္လုမ္ပန သဘာဝ +သဏ္ဌိတ] ထုတ်ဆောင်-ကယ်တင်-ခြင်းသဘော၌ကောင်းစွာတည်သော။ ဥလ္လု-မ္ပနသဘာဝသဏ္ဌိတေနာ(ဒီ၊ဋ္ဌ၊၁။၁၆၀)တိ သကလသံကိလေသတော, ဝဋ္ဋဒုက္ခတော စ ဥဒ္ဓရဏာကာရသဏ္ဌိတေန၊ ကာရုညာဓိပ္ပါ-ယေနာတိ ဝုတ္တံ ဟောတိ။ သီ၊ဋီ၊သစ်၊၂။၇၃၃။ (-ဒီ၊ဋီ၊၁။၂၃၉။)

**ဥလ္လုမ္ပနသဘာဝါဝဋ္ဌိတ**(တိ) [ဥလ္လုမ္ပနသဘာဝ +အဝဋ္ဌိတ] ထုတ်ဆောင်-ကယ်တင်-ခြင်း သ ဘော၌တည်သော။ ဥလ္လုမ္ပနသဘာဝါဝဋ္ဌိတော ဟုတွာ နိဂ္ဂဟာရဟာနံ မမေ့နေဝ နိဂ္ဂဏှနကော ယာဝဒေဝ အကုသလာ ဝုဋ္ဌာပေတွာ ကုသ-လေ ပတိဋ္ဌာပနာယ။ စရိယာ၊ဋ္ဌ။၃၀၃။ သီ၊ ဋီ၊သစ်၊၁။၂၈၁။

**ဥလ္လေဟိတွာ** (ကြိ၊ဝိ) [ဥ+လိဟ+တွာ] ဆွဲ-နုတ်-ဖြတ်-၍။ ဒန္တုလ္လေဟကန္တိ ဒန္တေဟိ ဥလ္လေဟိတွာ၊ လုဉ္စိတွာတိ ဝုတ္တံ ဟောတိ။ မ၊ဋ္ဌ၊၄။၁၅၁။ ဒန္တေဟိ ဥလ္လေဟိတွာတိ ဥတ္တရ-ဒန္တေဟိ အဉ္ဆိတွာ။ မ၊ဋီ၊၃။၃၅၄။

**ဥလ္လုဋ္ဌိတ** (တိ) [ဥ+လုဋ္ဌိ+တ] ဖောင်ဖင်ခတ်-လောက်လက်ခတ်-သော။ လေခတ်အပ်သော

ထမ်းပိုးရှိသော။ (ဇာတ်၊သျှ။) ဥဒ္ဒါပဝတ္တံ ဥလ္လု-ငိုတ(ဇာ၊၂။၃၄၅)န္တိ တံ ဥဒကံ တီရမရိယာဒဗန္ဓံ ဝါတာပဟတံ ဥလ္လုင်္ဃိတံ ဟုတွာ တိဋ္ဌတိ။ ဇာ၊ဋ္ဌ၊ရ။၃၁၃။

**ဥလ္လောက**[၁] (န)[ဥ+လုစ(လောက)+ဏ။ ဓာန်၌ ဥလ္လောစ-ဟုရှိသည်။ ဥလ္လောစ-ကြည့်။] အထက်သို့မော်-မော့-ကြည့်အပ်သောအရပ်၊ အထက်အဘို့၊ ဗိတာန်၊ မျက်နှာကြက်။ ဥ-လ္လောကာ ပဋ္ဌမံ ဩဟာရေတဗ္ဗ(ဝိ၊၃။၆၀)န္တိ ဥလ္လောကတော ပဋ္ဌမံ ဥလ္လောကံ အာဒိံ ကတွာ အဝဟရိတဗ္ဗန္တိ အတ္ထော။ ဝိ၊ဋ္ဌ၊၃။၂၆၁။ ဥလ္လောကန္တိ ဥဒ္ဓံ ဩလောကနဋ္ဌာနံ၊ ဥပရိ-ဘာဂန္တိ အတ္ထော။ ဝိမတိ၊၂။၁၀၃။ ဥလ္လောက-တောတိ ဝိတာနတော၊ တံ ဟိ ဥဒ္ဓံ လုစီယတေ ဗန္ဓီယတေတိ ဥလ္လောကန္တိ ဝုစ္စတိ။ ပါစိတ်၊ ယော။၂၂၁။

**ဥလ္လောက**[၂] (န) [အဝ+လုစ(လောက)+ဏ] (၁) အခင်းအနီး၊ အဝတ်ကြမ်းအခင်း။ (တိ)(၂) အောက်သို့ကြည့်သက်သို့တည်သော။ (၁) ဥလ္လောကံ အကရိတွာ(ဝိ၊၄။၂၉၆)တိ ဟေဋ္ဌာ စိမိလိကံ အဒတွာ။ ဝိ၊ဋ္ဌ၊၄။၆၁။ (တိ)(၂) ဥလ္လောကပဒုမ-ကြည့်။

**ဥလ္လောက**[၃] (ပု) [ဥ+လောက] ဖွင့်လှစ်အပ်-ဖွင့်လှစ်၍ပြအပ်-သော လောက။ ဥလ္လောက-ပသာဒန-ကြည့်။

**ဥလ္လောကန** (န)[ဥ+လောက+ယု] မော်-မော့-ကြည့်ခြင်း။ သီသံ နီဟရိတွာ ဥဒ္ဓံ ဥလ္လောကနံ ဝိယ ဂေါကြဘုဉာဏံ။ ဝိသုဒ္ဓိ၊၂။၃၀၂။

**ဥလ္လောကပဒုမ** (န)[ဥလ္လောက+ပဒုမ] အောက်သို့ကြည့်သက်သို့တည်သော-အောက်ငိုက်နေသော-ပဒုမ္မာကြာပွင့်။ ဥလ္လောကပဒုမာနီတိ ဟေဋ္ဌာ ဩလောကနဋ္ဌာနီ ဝိယ တိဋ္ဌနပဒုမာနိ။ ဒီ၊ဋီ၊၂။၁၇၆။( ဒီ၊ဋ္ဌ၊၂။၁၆၆-၌ အာကာသ-ပဒုမာနိ-ဟုရှိသည်။)

**ဥလ္လောကပသာဒန** (န) [ဥလ္လောက+ပသာဒန] ဖွင့်လှစ်ပြအပ်သောလောကဖြင့် ကြည်ညိုစေကြောင်းဖြစ်သော-လောကကိုဖွင့်လှစ်ပြ၍ ကြည် ညိုစေသော-လောကကိုဖွင့်ကြောင်းဖြစ်သော-တံခိုးပြာဋိဟာ။ ဥလ္လောကပသာဒနံ နာမာတိပိ ပါဌော၊ တဿ လောကဝိဝရဏ-ပါဋိဟာရိယန္တိ အတ္ထော။ ဗုဒ္ဓဝံ၊ဋ္ဌ။၆၅။

**ဥလ္လောကယန္တ** (တိ)[ဥ+လောက+ဏယ+အန္တ] မော်-မော့-ကြည့်သော၊သူ။ မမံ ဟိ ဝေါ ဘိက္ခဝေ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ။ သံ၊၁။၂၂၀။

**ဥလ္လောကယမာန** (တိ) [ဥ+လောက+ဏယ+မာန] မော်-မော့-ကြည့်သော၊သူ။ သာမိနော တုဋ္ဌပဟဋ္ဌံ မုခံ ဥလ္လောကယမာနော ဝိစရတီတိ မုခုလ္လောကကော။ ဒီ၊ဋ္ဌ၊၁။၁၅၂။ အာဝဋ္ဋပရိ-ယောသာနေ ဥဒ္ဓဂ္ဂါနိ ဟုတွာ မုခသောဘံ ဥလ္လောကယမာနာနိ ဝိယ ဌိတာနိ လောမာနိ။ မ၊ဋ္ဌ၊၃။၂၅၉။

**ဥလ္လောကဟရဏ** (န)[ဥလ္လောက+ဟရဏ] မျက်နှာကြက်မှ (ပိုးမျှင်ကို) ပယ်ရှင်းရာအခါ။ (ဘာသာဋီ။) ဥလ္လောကဟရဏာဒီသု ဥလ္လောကိ-တဿ, ... သိယာ သမ္ဗဝေါတိ အာဟ "ဣမိနာ ဝါ"တိအာဒိ။ သီ၊ဋီ၊သစ်၊၂။၉၃။ သံ၊ ဋီ၊၂။၄၆၄။

**ဥလ္လောကိတ** (န) [ဥ+လောက+တ] (၁) မော်-မော့-ကြည့်ခြင်း။ (တိ)(၂) မော်-မော့-ကြည့်သော၊သူ။ (၃) မော်-မော့-ကြည့်အပ်သော။ (၁) အညာနိပိ ဟေဋ္ဌာ ဥပရိ ပစ္ဆတော ပေက္ခနဝသေန ဩလောကိတဥလ္လောကိတာ-ပလောကိတာနိ နာမ ဟောန္တိ။ ဒီ၊ဋ္ဌ၊၁။၁၇၃။ (-သီ၊ဋီ၊သစ်၊၂။၉၂။) (တိ)(၂) ဣတိ မဟာ-

သတ္တော … သဗ္ဗေဝ အတ္တနော မုခံ ဥလ္လောကိတေ အကာသိ။ ဇာ၊ဋ္ဌ၊၅။၃၄၇။ (၃) တံ မန္တံ ပရိဝတ္တေတွာ အာကာသေ ဥလ္လောကိတေ အာကာသတော သတ္တရတနဝဿံ ဝဿတိ။ ဇာ၊ဋ္ဌ၊၁။၂၇၁။

**ဥလ္လောကေတဗ္ဗ** (တိ) [ဥ+လောက+ဏေ+တဗ္ဗ] မော်-မော့-ကြည့်အပ်သော။ နှ စ ဘိက္ခာဒါယိကာယ မုခံ ဥလ္လောကေတဗ္ဗံ။ ဝိ၊၄။၃၈၄။ နှ စ ဘိက္ခာဒါယိကာတိ ဣတ္ထီ ဝါ ဟောတု ပုရိသော ဝါ၊ ဘိက္ခာဒါနသမယေ မုခံ နှ ဥလ္လောကေတဗ္ဗံ။ ဝိ၊ဋ္ဌ၊၄။၁၂၁။

**ဥလ္လောကေတိ** (ကြိ) [ဥ+လောက+ဏေ+တိ] မော်-မော့-ကြည့်၏။ သော နှ ဥဒ္ဓံ ဥလ္လောကေတိ။ မ၊၂။၃၃၈။ **ဥလ္လောကေန္တိ**—သံ၊၃။၃၈၇။ **ဥလ္လောကေယျာသိ**—အံ၊၂။၄၆၃။ **ဥလ္လောကေယျာထ**—သံ၊၁။၂၂၀။ **ဥလ္လောကေသိ**—ဝိ၊၃။၂၃။ ဝိ၊ဋ္ဌ၊၁။၆၉။ ဒီ၊ဋ္ဌ၊၁။၂၅၅။ အဘိ၊ဋ္ဌ၊၁။၂၇၆။ **ဥလ္လောကေသိံ**—အပ၊၁။၃၈၈။

**ဥလ္လောကေတုံ** (ဗျ) [ဥ+လောက+ဏေ+တုံ] မော်-မော့-ကြည့်ခြင်းငှါ။ တွံ ပုရိသော ဟုတွာ ဥလ္လောကေတုံ နှ သက္ကောသိ။ အဘိ၊ဋ္ဌ၊၂။၄၃၃။

**ဥလ္လောကေန္တ** (တိ) [ဥ+လောက+ဏေ+အန္တ။ ထိ၌ ဥလ္လောကေန္တီ၊] မော်-မော့-ကြည့်သော၊သူ။ အထာဟဉ္စေဝ အယဉ္စ ပရိသာ ဘဂဝတော မုခံ ဥလ္လောကေန္တာ နိသိန္နာ ဟောမ။ မ၊၂။၂၂၂။ အထာယံ ပရိသာ မမဉ္စေဝ မုခံ ဥလ္လောကေန္တီ နိသိန္နာ ဟောတိ။ မ၊၂။၂၂၂။

**ဥလ္လောကေန္တိ** (ကြိ) [ဥ+လောက+ဏေ+အန္တိ] မော်-မော့-ကြည့်ကုန်၏။ ဥလ္လောကေတိ-ကြည့်။

**ဥလ္လောကေယျာထ** (ကြိ) [ဥ+လောက+ဏေ+ယျာထ] မော်-မော့-ကြည့်ကုန်ရာ၏။ ဥလ္လောကေတိ-ကြည့်။

**ဥလ္လောကေယျာသိ** (ကြိ) [ဥ+လောက+ဏေ+ယျာသိ] မော်-မော့-ကြည့်ရာ၏။ ဥလ္လောကေတိ-ကြည့်။

**ဥလ္လောကေသိံ** (ကြိ) [ဥ+လောက+ဏေ+ဣံ] မော်-မော့-ကြည့်ပြီ။ ဥလ္လောကေတိ-ကြည့်။

**ဥလ္လောကေသိ** (ကြိ) [ဥ+လောက+ဏေ+ဤ] မော်-မော့-ကြည့်ပြီ။ ဥလ္လောကေတိ-ကြည့်။

**ဥလ္လောကေသုံ** (ကြိ) [ဥ+လောက+ဏေ+ဥံ] မော်-မော့-ကြည့်ကုန်ပြီ။ ဥလ္လောကေတိ-ကြည့်။

**ဥလ္လောစ** (ပုန) [ဥ+လုစ+ဏ] ဗိတာန်၊ မျက်နှာကြက်။ ပုံနပုံသကမုလ္လောစံ၊ ဝိတာနံ ဒွယမီရိတံ။ ဥဒ္ဓံ လောစတေ ဗန္ဓီယတေတိ ဥလ္လောစံ၊ လုစ ဒဿနေ။ ဓာန်။ ဓာန်၊ဋီ။၂၉၉။

**ဥလ္လောလ** (ပု) [ဥ+လောဠ+ဏ။ ဥလ+ဩလ။ ဥလ္လောလယတီတိ ဥလ္လောလော။ ဓာန်၊ဋီ။ ၆၆၂။] လှိုင်းတံပိုးကြီး။ ဥလ္လောလော တု စ ကလ္လောလော၊ မဟာဝီစီသု ကထျတေ။ ဓာန်။ ၆၆၂။

**ဥလ္လောလန** (တိ) [ဥ+လောဠ+ယု] အထက် အထက်၌-ဆင့်ကာဆင့်ကာ-တုန်လှုပ်-လော်လီ-မတည်ငြိမ်-ရောက်ရက်ခတ်-စေတတ်သော။ ဥလ္လပနာတိ "အဟော သုခံ အဟော သုခ"န္တိ ဥဒ္ဓံ ဥဒ္ဓံ လပါပနကာ။ ဥလ္လောလနာတိပိ ပါဌော၊ ဘတ္တပိဏ္ဍနိမိတ္တံ နင်္ဂုဋ္ဌံ ဥလ္လောလေန္တော သုနခေါ ဝိယ အာမိသဟေတု သတ္တေ ဥပရူပရိလာလနာ၊ ပရာဘဝါဝညာတပါပနကာတိ အတ္ထော။ ထေရီ၊ဋ္ဌ။၂၅၁။

**ဥလ္လောလေန္တ** (တိ) [ဥ+လောဠ+ဏေ+အန္တ] တုန်လှုပ်စေသော၊သူ။ အထက်ပုဒ်ကြည့်။

**ဥလ္လောဠ** (တိ) [ဥ+လောဠ(လုဠ)+အ] ချောက်ချားသော၊ အုတ်အုတ်ကျက်ကျက်သော(အသံ)။ (ဇာတ်၊သျှ။၅၄။) ဒေဝနဂရံ ပဝိဋ္ဌာ အသူရာ ဝိယ ဥလ္လောဠံ ဥဋ္ဌာပေတွာ။ ဇာ၊ဋ္ဌ၊၆။၂၃၉။ ဝေတော်သံ ပဗ္ဗဇိတကာလေ ဇနပဒေါ ဥလ္လောဠော ဘဝိဿတိ။ ဇာ၊ဋ္ဌ၊၄။၄၈၀။

**ဥလ္လောဠသဒ္ဒ** (ပု) [ဥလ္လောဠ+သဒ္ဒ] ချောက်ချား-အုတ်အုတ်ကျက်ကျက်-သော အသံ။ စတ္တာရော ပဏ္ဍိတာ ဥလ္လောဠသဒ္ဒံ သုတွာ အဇာနန္တာ ရညော သန္တိကံ ဂန္တွာ။ ဇာ၊ဋ္ဌ၊၆။၂၄၁။

**ဥသဘ¹** (ပု) [ဥသ+အဘ။ ဥသ+အဘ(ကဘ)။ ဥသတိ စိတ္တံ ပဝိသတီတိ ဥသဘော။ အဘော၊ ဥသုံ စ။ "ဥသ ဒါဟေ"တိ ဝါ ဓာတွတ္ထော။ ဓာန်၊ဋီ။၁၃၂။(-၁၉၆၊ ၄၉၅။) ဥသတိ ပဋိပက္ခေ ဒဟတီတိ ဥသဘော၊ သေဋ္ဌော။ မောဂ်၊ဂု။၁၂၆။ ဥဿာပေတိ ပစ္စနီကေတိ ဥသဘော။ ဥသ ဒါဟေ၊ အဘော။ ဓာန်၊ဋီ။၆၉၆။ အပ၊ဋ္ဌ၊၂။၉၁-အလို "အာသဘ"ပုဒ်၌ အာ ကို ဥ ပြု၍ ဥသဘ-ဟုရုပ်ပြီးသည်။ ဗြဟ္မ(သံ)] (၁) ဥသဘအသံ၊ (နွားလားတွန်သံကဲ့သို့သောအသံ)၊ သံစဉ်ခုနစ်ပါးတွင် နှစ်ခုမြောက်အသံ။ (၂) နွား။ (က) နွားထီး။ (ခ) နွားထူး၊ နွားမြတ်၊ နွားမျိုး၊ မင်္ဂလာနွားလား၊ နွားလားဥသဘ။ (နွားတစ်ရာ၏ အကြီးအကဲ (တနည်း) နွားခြံတစ်ရာ၏ အကြီးအကဲ ဖြစ်သော နွားကို "ဥသဘ"ဟု ခေါ်သည်။ နွားတစ်ထောင်၏ အကြီးအကဲ (တနည်း) နွားခြံတစ်ထောင်၏ အကြီးအကဲ ဖြစ်သော နွားကို "ဝသဘ"ဟုခေါ်သည်။ နွားအားလုံး၏ အကြီးအကဲဖြစ်၍ ဘေးရန်အားလုံးကိုလွှမ်းမိုးနိုင်သော ဖွေးဖွေးဖြူ ကြည်ချင်စဖွယ်ဖြစ်သော ကြီးသောဝန်ကိုဆောင်နိုင်သော မိုးကြီးတစ်ရာအသံတို့ဖြင့်လည်း မတုံလှုပ်သော နွားလားကို "နိသဘ" ခေါ်သည်။ မ၊ဋ္ဌ၊၁။၃၃၂။ သံ၊ဋ္ဌ၊၂။၄၃။ သုတ္တနိ၊ဋ္ဌ၊၁။၃၆။ ဓာန်၊ဋီ။၉၉၆။ နွားတစ်ရာ, နွား တစ်ထောင်, နွားတစ် သိန်း, နွားကုဋေတစ်သိန်းတို့၏ အကြီးအကဲ ဖြစ်သော နွားလားကို အစဉ်အတိုင်း "ဝသဘ, နိသဘ, ဝိသဘ, အာသဘ" ဟု ခေါ်သည်။ အပ၊ဋ္ဌ၊၂။၉၁။) (၃) ကြက်တက်ပင်။ (၄) ဥသဘမည် သောဆေးပင်။ (၅) မြတ်သော၊ အမြတ်၊ ကြီး မြတ်သည်။ (၆) ဥသဘရာသီ (ပြိဿရာသီ)။ (၇) ဥသဘမည်သူ။ (နှ)(၈) ဥသဘ အတိုင်းအတာ၊ (က) တာ၂၀။ (ခ) ၂၈-တောင်။ (တိ) (၉) ဥသဘမည်သော၊ (ဥယျာဉ်)။

(၁) ဥသဘအသံ။ ဆဇ္ဇော ဥသဘော ဂန္ဓာရော မဇ္ဈိမော ဓေဝတော နိသာဒေါတိ ဧတေ သတ္တသရာ။ ဒီ၊ဋီ၊၂။၂၄၇။ အံ၊ဋီ၊၃။၁၂၀။ နဒန္တိ ဥသဘံ ဂါဝေါ။ ဓာန်။၁၃၃။ ယသ္မာ ပန သော သရော ဥသဘော ဝိယ နဒတိ၊ တသ္မာ ဥသဘောတိ ဝုစ္စတိ။ ဓာန်၊ဋီ။၁၃၂။ (၂) နွား။ (က) နွားထီး။ ဥသဘော သုညာယ ဂေါသာလာယ ဂမ္ဘီရံ နဒိတဗ္ဗံ မညတိ။ အံ၊ ၁။၁၈၈။ ဥသဘောတိ ဂေါဏော။ အံ၊ဋ္ဌ၊၂။ ၁၈၁။ (ခ) နွားထူး၊ နွားမြတ်၊ နွားမျိုး၊ မင်္ဂလာနွားလား၊ နွားလားဥသဘ။ ယေ တေ ဥသဘာ ဂေါပိတရော ဂေါပရိဏာယကာ။ မ၊၁။၂၈၄။ ဥသဘ(မဟာနိ။၆၇)န္တိ မင်္ဂလဥသဘံ။ မဟာနိ၊ ဋ္ဌ။၁၈၇။ နိသဘသင်္ခါတော ဥသဘော။ မ၊ဋ္ဌ၊ ၁။၃၃၂။ အံ၊ဋ္ဌ၊၂။၂၅၃။ ဥသဘောရိဝ ဆေတွ ဗန္ဓနာနိ။ သုတ္တနိ။၂၈၃။ ဥသဘောတိ ဂေါပိတာ ဂေါပရိဏာယကော ဂေါယူထပတိ ဗလီဗဒ္ဒေါ။ သုတ္တနိ၊ဋ္ဌ၊၁။၃၆။ (-အံ၊ဋ္ဌ၊၂။၂၅၃။ အံ၊ ဋ္ဌ၊၃။၂၉၄။) (၃) ကြက်တက်ပင်။ အထော သိင်္ဂီစ ဥသဘော။ ဓာန်။၅၉၀။ (၄) ဥသဘမည်သောဆေးပင်။ ဥသဘောသဓေါသေဋ္ဌေ-

သူသဘံ ဝိသယဋ္ဌိယံ။ ဓာန်။၉၉၆။ (အဘိဓာန်ဋီကာအလိုမူ-ဥသဘော ဥသဘေ သေဋ္ဌေ-ဟုရှိရမည်။ ဤ၌ ဥသဘအမည်သော ဆေးပင်ဟူသည် ကြက်တက်ပင်ကိုပင် ဆိုလိုဟန်တူသည်။) (၅) မြတ်သော၊ အမြတ်၊ ကြီးမြတ်သည်။ (ဝိသိဋ္ဌာရိယနာဂေကော သဘဂ္ဂိ မောက္ခပုင်္ဂဝါ။ သီဟကုဉ္ဇရသဒ္ဒူလာဒိ တု သမာသဂါ ပုမေ-ဟူသော အဘိဓာန် ထောက်၍ "ပုံလိင်"ဟုမှတ်ရမည်။) မဇ္ဈေ သိဝိနံ ဥသဘောမိ ဇာတော။ ဇာ၊၂။၄၆။ ဥသဘောမှိတိ သေဋ္ဌကရာဇာ ဟုတ္ဝာ ဇာတော။ ဇာ၊ဋ္ဌ၊၅။၂၃၉။ ပုရိသူသဘ(ဝိ၊၁၄၈)လည်းကြည့်။ (၆) ဥသဘရာသီ (ပြိဿရာသီ)။ မေသာဒိကော ဒွါဒသကောဋ္ဌာသော ရာသိ နာမ၊ အာဒိနာ ဥသဘ…မိနေ သင်္ဂဏှာတိ။ ဓာန်၊ဋီ။၆၁။

(၇) ဥသဘမည်သူ။ ပါဠိအဋ္ဌကထာတို့၌ ဥသဘအမည်ဖြင့် ပစ္စေကဗုဒ္ဓါတစ်ဆူ၊ မထေရ်နှစ်ပါးဟု သုံးဦးတွေ့ရသည်။ ပစ္စေကဗုဒ္ဓါကား ဣသိဂိလိတောင်သို့ ဝင်တော်မူကြကုန်သော ပစ္စေကဗုဒ္ဓါငါးရာတို့တွင် တစ်ဆူအပါအဝင်ဖြစ်သော ဥသဘပစ္စေကဗုဒ္ဓါ ဖြစ်သည်။ ဥသဘ-စ္စိဒါ ဇာလိနီ ဒုက္ခမူလံ။ မ၊၃။၁၁၅။ (-မ၊ဋ္ဌ၊၄။၉၁။)

ဥသဘထေရ်နှစ်ပါးတွင် တစ်ပါးကား ကောသလတိုင်း သူဋ္ဌေးမျိုး၌ ဖြစ်သော ဥသဘအမည်ရသော အမျိုးကောင်းသားတည်း။ ဇေတဝန်ကျောင်းလှူတတ်ပွဲ၌ ဘုရားရှင်အား ကြည်ညို၍ ရဟန်းပြုခဲ့သည်။ မိုးအခါတွင် စိမ်းစို၍ မွေ့လျော်ဖွယ်ကောင်းသော တောတောင်တို့ကို မြင်ရသဖြင့် "စိတ်စေတနာမရှိသော သစ်ပင် စသည်တို့သည်ပင် ဥတုနှင့် ပြည့်စုံခြင်းကြောင့် ကြီးပွားကြသေး၏၊ ငါသည် လျောက်ပတ်သော ဥတုကိုရရှိသောကြောင့် ဂုဏ်တို့ဖြင့် အဘယ်ကြောင့် ကြီးပွားခြင်းသို့ မရောက်ဘဲရှိအံ့နည်း" ဟုဆင်ခြင်၍ ဝိပဿနာပွားများသောကြောင့် ရဟန္တာအဖြစ်သို့ ရောက်လေသည်။ ထိုမထေရ်သည် ဤကမ္ဘာမှ သုံးဆယ့်တစ်ကမ္ဘာအထက် သိခီဘုရားရှင်၏ သာသနာတော်၌ ဘုမ္မစိုးနတ်ဖြစ်၍ ဘုရားရှင်အား မန္ဒာရဝ=ထင်ရှားပန်း =နတ်ပန်းတို့ဖြင့် ပူဇော်ခဲ့ဘူးသောကြောင့် မန္ဒာရဝပုပ္ဖပူဇက ထေရ် ဟုလည်း အမည်တွင်သည်။ ထေရ။၂၄၃။ ထေရ၊ဋ္ဌ၊၁။၂၅၆-၈။ အပ၊၁။၁၉၆။ အပ၊ဋ္ဌ၊၂။၁၆၅။

အခြား ဥသဘအမည်ရသောမထေရ်၏ အကြောင်းအရာကား-ကပိလဝတ်ပြည် သာကီဝင်မင်းမျိုး၌ ဖြစ်သောသူတည်း၊ ဘုရားရှင်ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူရာကာလ ဆွေတော်မျိုးတော်တို့အစည်းအဝေး၌ မြတ်စွာဘုရား၏တန်ခိုးအာနုဘော်ကို ဖူးမြင်ရ၍ သဒ္ဓါ တရားဖြစ်ကာ ရဟန်းပြုရာတွင် ဥသဘထေရ် ဟု အမည်တွင်သည်။ ရဟန်းတရားအားမထုတ်ဘဲ နေ့၌ အပေါင်းအဖော်တို့ဖြင့် ပျော်ပျော်နေ၍ ညဥ့်အိပ်ခြင်းဖြင့် အချိန်ကုန်စေသူဖြစ်သည်။ တစ်ခုသောညဥ့် သတိလက်လွှတ် အိပ်နေစဉ် "ဆံပင်ကိုပယ်၍ သရက်ရွက်နုရောင် သင်္ကန်းဝတ်လျက် ဆင်စီးပြီး မြို့တွင်းသို့ဆွမ်းခံဝင်စဉ် စည်းစိမ်ခံစားနေသူ လူအပေါင်းကို မြင်ရသဖြင့် ရှက်၍ ဆင်ပေါ်မှ ဆင်းကာ မိမိကိုယ်ကို ကြည့်မိသည်"ဟု အိပ်မက်မြင်မက်သဖြင့် သံဝေဂရသောကြောင့် ဝိပဿနာပွားများသောအခါ ရဟန္တာဖြစ်လေသည်။ ထိုမထေရ်သည် ဤကမ္ဘာမှ သုံးဆယ့်တစ်ကမ္ဘာအထက် သိခီဘုရားရှင်၏သာသနာတော်၌ အမျိုးကောင်းသား ဖြစ်၍ ဘုရားရှင်အား ကြို့သီးပေးလှူဘူးသောကြောင့် ကောသမ္ဗဖလိယ ထေရ်ဟုလည်း အမည်ရသည်။

ဇနေတိ ဘီယော ဥသဘဿ ကလျတံ။

ထေရ၊ ၂၅၈။ ကပိလဝတ္ထုသ္မိံ သာကိယရာဇ-
ကုလေ နိဗ္ဗတ္တိတ္ဝာ ဥသဘောတိ လဒ္ဓနာမော
... ပဗ္ဗဇိ။ ထေရ၊ဋ္ဌ၊၁။၄၀၈။ (-အပ၊၂။၉၄။)

(နှ)(၈) ဥသဘအတိုင်းအတာ၊ (က) တာ ၂၀=အတောင် ၁၄၀။ တာယ ယဋ္ဌိယာ ဝီသတိယဋ္ဌိယော ဥသဘံ။ အဘိ၊ဋ္ဌ၊၂။၃၂၈။ (-ဒီ၊ဋ္ဌ၊၂။၅။ သံ၊ဋ္ဌ၊၃။၂၂၁။ ဒီ၊ဋီ၊၂။ရ။ သံ၊ဋီ၊ ၂။၄၆၀။) (ခ) ၂၈-တောင်၊ ၂၈-တောင်ရှိသော အရပ်ဌာန။ ဥသဘေ ဥသဘေ ပေါက္ခရဏီ ခဏာပေသိ။ သံ၊ဋ္ဌ၊၃။၈။ အဋ္ဌဝီသတိဟတ္ထဋ္ဌာနံ ဥသဘံ နာမ။ ...ဥသဘေ အဋ္ဌဝီသတိဟတ္ထပ္ပ-မာဏေ ဌာနေ။ သံ၊ဋီ၊၂။၂၈။ (၉) ဥသဘမည်သော (ဥယျာဉ်)။ (ပိယဒဿီဘုရားရှင် ဓမ္မစကြာ ဟောတော်မူရာဥယျာဉ် ဖြစ်သည်။) ဥသဘုယျာန-ကြည့်။

**ဥသဘ[၂]** (တိ) [ဥသဘ+ဏ။ အာသဘ+ဏ] နွားလား ဥသဘနှင့်တူသော၊ နွားလားဥသဘ အတူ ကြီးမြတ်တော်မူသော၊သူ။ ဥသဘံ ပဝရံ ဝီရံ။ သုတ္တနိ။၃ရ၈။ မ၊၂။၄၁၂။ အပ၊၁။၁၂၆၊ (-၂၃ရ။) အစ္ဆမ္ဘိတတ္တေန ဥသဘသဒိသတာယ ဥသဘံ။ သုတ္တနိ၊ဋ္ဌ၊၂။၁၉၁။ ဥသဘန္တိ ဝသဘော နိသဘော ဝိသဘော အာသဘောတိ စတ္တာ-ရော ဇေဋ္ဌပုင်္ဂဝါ။ ... အယမ္ပိ ဗြာဟ္မဏော မုခါရုဠ္ဟဝသေန ကေန္တပသီဒနဝသေန အာ-သဘန္တိ ဝတ္တဗ္ဗေ ဥသဘန္တိအာဒိမာဟ။ အပ၊ ဋ္ဌ၊၂။၉၁။ (ဤအလို ဥသဘ-ကား အာသဘ-မှ အာ-ကို ဥပြု၍ ပြောင်းလာသော ပုဒ်ဖြစ်သည်။ ယင်းနောင် ဏ ပစ္စည်းသက်ရသည်။)

**ဥသဘ[၃]** (တိ) [ဥသဘ+ရာဇ] နွားလားဥသဘမင်း။ ဥသဘရာဇ-ကြည့်။

**ဥသဘက** (ပုန) [ယာဒိစ္ဆကနာမ်] ကြက်သွန်နီဥ။ ဥသဘက(ဝိ၊ဋ္ဌ၊၃။၁၀၀) ဥမ္မသုဝိယိ။ ဝဇိရ။ ၃၁၉။ သျ။၉၄။

**ဥသဘက္ခန္ဓ** (ပု) [ဥသဘ+ခန္ဓ] ဥသဘက္ခန္ဓမည်သူ။ (ဒီပင်္ကရာမြတ်စွာဘုရား၏ သားတော်ဖြစ်သည်။) ပဒုမာနာမ သာ နာရီ၊ ဥသဘ-က္ခန္ဓော အတြဇော။ ဗုဒ္ဓဝံ။၃၂၂။ (-ဗုဒ္ဓဝံ၊ဋ္ဌ။ ၁၅ရ။)

**ဥသဘဂန္ဓ** (ပု) [ဥသဘ+ဂန္ဓ] နွားလားဥသဘ၏ အနံ့။ ဂါဝီ ဝေ စ ကဒါစိ ဥသဘဂန္ဓေန ဂဗ္ဘံ ဂဏှန္တိ။ ဝိ၊ဋ္ဌ၊၁။၁၈၀။

**ဥသဘဂါမီ** (တိ) [ဥသဘ+ဂမု+ဏီ] နွားလား ဥသဘကဲ့သို့ သွားလေ့ရှိသော၊သူ။ သုဝဏ္ဏ-ဝဏ္ဏော ဥသဘဂါမီတိအာဒိကာ ပဋိဘာဂံ ဥပနိမိတ္တယ ဝုတ္တတာယ ပဋိဘာဂူပနိမိတ္တ နာမ။ အဘိ၊ဋ္ဌ၊၃။၂ရ။

**ဥသဘစမ္မ** (နှ) [ဥသဘ+စမ္မ] နွားလားဥသဘ၏ အရေ။ တထာဂတဿ ဟိ ဒဟရကာလေ သင်္ကုသတသမ္ဗဟတံ ဥသဘစမ္မံ ဝိယ ဝိဟတဝလိကော ကာယော ဟောတိ။ သံ၊ ဋ္ဌ၊၃။၂ရ၆။ (-ဝိသုဒ္ဓိ၊၁။၁၄၈။)

**ဥသဘဆိန္နဝိသာဏ** (ပု) [ဥသဘ+ဆိန္နဝိသာဏ] ကျိုးသောဦးချိုရှိသော-ဦးချိုကျိုးသော-နွားလား။ ဝေမေဝ ခေါ် အဟံ ဘန္တေ ဥသဘဆိန္နဝိသာ-ဏသမေန စေတသာ ဝိဟရာမိ။ အံ၊၃။၁၈၃။ ဥသဘဆိန္နဝိသာဏသမေနာတိ ဥသဘဿ ဆိန္နဝိသာဏဿ စိတ္တသဒိသေန။ အံ၊ဋ္ဌ၊၃။ ၂၆၃။ ဆိန္နာနိ ဝိသာဏာနိ ဧတဿာတိ ဆိန္န-ဝိသာဏော၊ ဥသဘော စ သော ဥသဘဆိန္န-ဝိသာဏော စာတိ ဥသဘဆိန္နဝိသာဏော။ ဝိသေသနပရေယံ သမာသော။ အံ၊ဋီ၊၃။၂၈၅။

**ဥသဘဋ္ဌာန** (နှ) [ဥသဘ+ဌာန] ဥသဘ အတိုင်း အရှည်ရှိသောအရပ်။ ဥဒ္ဓံ ဥပ္ပတန္တော စတ္တာရိပိ အဋ္ဌပိ ဥသဘဋ္ဌာနာနိ ဥပ္ပတတိ။ အံ၊ဋ္ဌ၊၂။၂၉၂။

**ဥသဘတ္ထေရ** (ပု) [ဥသဘ+ထေရ] ဥသဘ

ထေရ်။ အာယသ္မတော ဥသဘတ္ထေရဿ ဂါထာ။ ထေရ၊ဋ္ဌ၊၁။၂၇၆၊၄၀၈။ ဥသဘ (၇) ကြည့်။

**ဥသဘဒါန** (န) [ဥသဘ+ဒါန] နွားလားဥသဘ အလှူ။ (နွားမတို့၏အလယ်၌ နွားလားဥသဘကို လွှတ်ခြင်းကို နွားလားဥသဘ အလှူဟု ခေါ်သည်။) ဥသဘဒါန(ဝိ၊၅။၂၃၁)န္တိ ဂေါဂဏဿ အန္တရေ ဥသဘဝိဿဇ္ဇနံ။ ဝိ၊ဋ္ဌ၊၄။ ၁၇၃။

**ဥသဘပ္ပမာဏ** (တိ) [ဥသဘ+ပမာဏ] တစ်ဥသဘအတိုင်းအရှည်ရှိသော။ ဥသဘပ္ပမာဏေပိ(သံ၊ဋ္ဌ၊၁။၁၀၈၊ အံ၊ဋ္ဌ၊၂။၃၀၅)တိ ဝီသတိယဋ္ဌိယော ဥသဘံ။ တသ္မိံ ဥသဘပ္ပမာဏေ ပဒေသေ။ သံ၊ဋီ၊၁။၁၅၉။ အံ၊ဋီ၊၂။၃၀၂။

**ဥသဘဗလ** (န) [ဥသဘ+ဗလ] နွားလားဥသဘ၏-ခွန်အား-စွမ်းအား။ ယထေဝ ဟိ နိသဘ-သဒ္ဒါတော ဥသဘော ဥသဘဗလေန သမန္နာ-ဂတော စတူဟိ ပါဒေဟိ ပထဝိံ ဥပ္ပီဠေတွာ အစလဋ္ဌာနေန တိဋ္ဌတိ။ မ၊ဋ္ဌ၊၁။၃၃၂။ အဘိ၊ ဋ္ဌ၊၂။၃၈၁။

**ဥသဘမုခ** (န) [ဥသဘ+မုခ] ဥသဘမုခမည်သောအဝ။ တဿ စတူသုပဿေသု သီဟ-မုခံ ဟတ္ထိမုခံ အဿမုခံ ဥသဘမုခန္တိ စတ္တာရိ-မုခါနိ ဟောန္တိ။ မ၊ဋ္ဌ၊၃။၂၅။

**ဥသဘယုဒ္ဓ** (န) [ဥသဘ+ယုဒ္ဓ] နွားလားဖြင့် စစ်ထိုးခြင်း၊ နွားလားတိုက်ပွဲ။ ဥသဘယုဒ္ဓံ အဇယုဒ္ဓံ။ ဒီ၊၁။၆၊၆၁။ (-ဇာ၊ဋ္ဌ၊၁။၃၅၅။ သာရတ္ထ၊၂။၃၀၅။)

**ဥသဘရာဇ** (ပု) [ဥသဘ+ရာဇ] နွားလား ဥသဘ မင်း။ ဥသဘရာဇာဝ သောဘန္တော။ ဥဒါန၊ဋ္ဌ။၃၇၃။ ဥသဘေဟီတိ သဗ္ဗသေတေဟိ ဥသဘရာဇူဟိ။ ဇာ၊ဋ္ဌ၊၇။၇၅။

**ဥသဘလက္ခဏ** (န) [ဥသဘ+လက္ခဏ] နွားလား၏-ကြန်အင်-လက္ခဏာ။ (အဋ္ဌကထာ အလိုတည်း။ မဏိလက္ခဏ-ဒီ၊ဋ္ဌ၊၁။၈၉-ကြည့်။) နွားလား၏ ကြန်အင်လက္ခဏာကို ပြသော ကျမ်း။ (ဋီကာအလို။) မဟိံသလက္ခဏံ ဥသ-ဘလက္ခဏံ။ ဒီ၊၁။၉။ မဟာနိ။၂၉၇။ လက္ခဏန္တိ တေသံ လက္ခဏပ္ပကာသကသတ္ထံ။ သီ၊ဋီ၊သစ်၊ ၁။၃၇၂။

**ဥသဘဝတီပုရ** (ပု၊န) [ဥသဘဝတီ+ပုရ] ဥသဘဝတီမြို့။ ဥသဘဝတီပုရေ ပုရုတ္တမေ။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၉၅။

**ဥသဘဝတီ** (တိ) [ဥသဘဝန္တု+ဤ] နွားလား ဥသဘ-ရှိ-ပေါမျာ:-သော၊ ဥသဘဝတီမည် သော၊(မြို့)။ အောက်ပုဒ်ကြည့်။

**ဥသဘဝတီနဂရ** (ထီ၊န) [ဥသဘဝတီ+နဂရ] ဥသဘဝတီမြို့။ အထာပရေန သမယေန မဟာပဒုမော မုနိဝသဘော ဥသဘသမဂတိ ဥသဘဝတီနဂရံ ဥပနိဿာယ ဝသံ ဥပဂဉ္ဆိ။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၁၃၊(-၂၉၅။)

**ဥသဘဝိတ္ထာရ** (တိ) [ဥသဘ+ဝိတ္ထာရ] တစ် ဥသဘ အကျယ်ရှိသော။ ဥဗ္ဗေဓသု ပဉ္စသု ဒွေ ဒွေ ဥသဘဝိတ္ထာရေ မဂ္ဂေ ... ကာရာ-ပေသိ။ သံ၊ဋ္ဌ၊၃။၈။

**ဥသဘဝိဿဇ္ဇန** (န) [ဥသဘ+ဝိဿဇ္ဇန] နွားလားဥသဘကို လွှတ်ခြင်း။ ဥသဘဒါန-ကြည့်။

**ဥသဘသတ** (န) [ဥသဘ+သတ] နွားလား ဥသဘတို့၏ အရာ။ သတ္တ စ ဥသဘသတာနိ ... ဟောန္တိ။ ဒီ၊၁။၁၂၀။

**ဥသဘသမဂတိ** (တိ) [ဥသဘသမဂတ+ဤ] နွားလားဥသဘအတူ သွားခြင်းရှိတော်မူသော၊ သူ(မြတ်စွာဘုရား)။ ဥသဘဝတီနဂရ-ကြည့်။

အဘိဓာန်-၄(၂)-၄၀-ဖ.မ.ည.ၿ

**ဥသဘသဟဿ** (န) [ဥသဘ+သဟဿ] နွားလားဥသဘအထောင်။ ယဿ ဥသဘသဟဿာနိ၊ တဒါ ယောဇေန္တိ ဝိသတိံ။ ဇာ၊၂။၇၁။

**ဥသဘာဇာနီယ** (ပု) [ဥသဘ+အာဇာနီယ] အာဇာနည်နွားလား။ အဿာဇာနီယော ဥသဘာဇာနီယော ပုရိသာဇာနီယော။ သံ၊ဋ္ဌ၊၂။၂၆၂။ အံ၊ဋ္ဌ၊၂။၂၉၂။

**ဥသဘာဇည** (ပု) [ဥသဘ+အာဇည] အာဇာနည်နွားလား။ ဥသဘာဇညော အဿာဇညော ဟတ္ထာဇညော။ ထေရ၊ဋ္ဌ၊၁။၈၄။

**ဥသဘုယျာန** (န) [ဥသဘ+ဥယျာန] ဥသဘမည်သောဥယျာဉ်။ ဝတ္တိံ စက္ကံ မဟာဝီရော၊ ဥသဘုယျာနေ မနောရမေ။ ဗုဒ္ဓဝံ။၃၅၂။

**ဥသသဒ္ဒ** (ပု) [ဥသ+သဒ္ဒ] ဥသ-သဒ္ဒါ။ ပတိပုဗ္ဗော ဥသ-သဒ္ဒေါ ရုဇာယန္တိ ဟိ နေရုတ္တိကာ။ သီ၊ဋီ၊သစ်၊၁။၃၈။

**ဥသာ** (ထီ) [ဥသ+အ။ ဝိ၊ပိ၊ဓာန်။ ဥဗါ(သံ)] (၁) ဘောဇဉ် (သစ်သီးကြီးငယ်)။ (၂) အပူငွေ့၊ ပါစကတေဇောဓာတ်။ (၁)(၂) အတ္ထိ နေသံ ဥသာမတ္တံ။ ဇာ၊၂။၁၇၆။ ဥသာမတ္တန္တိ ဘောဇနမတ္တံ။ ဥသာတိ ဟိ ဘောဇနဿ နာမံ၊ တဿ စ အတ္ထိတာယ။ အထ ဝါ ဥသာတိ ဥသ္မာ။ ဇာ၊ဋ္ဌ၊၆။၉၉။ (-အံ၊ဋ္ဌ၊၂။၁၉၅။) ဥသာမတ္တန္တိ ကေဒိဝသေ ယာပနမတ္တံ ဖလာဖလံ အတ္ထိ။ ဇာ၊ဋီ။ဟောင်း။ ဥသာတိ ဥသ္မာ၊ ပါစကတေဇောဓာတုယာ နာမမေတံ။ တဒတ္ထာယ ပန ဘုဥ္ဇိတဗ္ဗတာယ သဗ္ဗာနိပိ ဘောဇနာနိ ဥသာတိ ဝုစ္စန္တိ။ ဇာ၊ဋီ၊သစ်။

**ဥသိန္ဒရ** (ပု) [ယာဒိစ္ဆကနာမ်] ဥသိန္ဒရမင်း။ ဥသိန္ဒရော ကဿပေါ စ၊ အာသဘော စ ပုထုဇ္ဇနော။ ဇာ၊၂။၁၈၅။ ဇာ၊ဋ္ဌ၊၆။၁၂၃။ (-ဇာ၊၂။၂၇၃။ ဇာ၊ဋ္ဌ၊၇။၁၄၅။)

**ဥသိရကလာပ** (ပု) [ဥသိရ+ကလာပ] ပန်းရင်းမြက်စည်း။ အထ ဒွေ တရုဏနာဂါ သောဏ္ဍာဟိ ဥသိရကလာပေ ဂဟေတွာ ကေလာသကူဋံ မဇ္ဇန္တာ ဝိယ နှာပေသုံ။ ဇာ၊ဋ္ဌ၊၅။၄၀။ ဥသိ(သီ)ရ လည်းကြည့်။

**ဥသီနက** (ပု) [ယာဒိစ္ဆကနာမ်] ဥသီနကမင်း။ နာယံ မိဂါနမတ္ထာယ၊ ဥသီနက ဘဝိဿာမိ။ ဇာ၊၁။၂၄၈။ အတီတေ ကဿပသမ္မာသမ္ဗုဒ္ဓကာလေ ဗာရာဏသိယံ ဥသီနကော နာမ ရာဇာ ရဇ္ဇံ ကာရေသိ။ ဇာ၊ဋ္ဌ၊၄။၁၈၂။

**ဥသီနကရာဇ** (ပု)[ဥသီနက+ရာဇ] ဥသီနကမင်း။ ဥသီနကရာဇာပိ သြရောဓေ ဂဟေတွာ ပါသာဒံ အဘိရုဟိ။ ဇာ၊ဋ္ဌ၊၄။၁၈၃။

**ဥသီ(သိ)ရ** (န) [ဝသ+ဤရ။ ဥသ+ဤရ။ ဓာန်၊ဋီ။၆၀၁။ ဝသန္တိ ဝါသံ ကရောန္တိ ဧတေနာတိ ဥသီရံ၊ ဗီရဏမူလံ။ မောဂ်၊ဝု။၁၆၉။ ဥသီရ+သဏ်။ ဥသီရဿ မူလံ ဥသီရံ။ မောဂ်၊၄။၆၇။ ဥရီရ(သံ)] (၁) ပန်းရင်းပင်၊ ပန်းရင်းမြက်။ (၂) ဗြိတ်-မြက်မွှေး-ရှင်မွှေးလွှန်း-မြက်ပင်၏အမြစ်၊ ပန်းရင်း။ (အမရကောသဘာသာဋီကာ၌ ဗီရဏ-ကို ဗြိတ်၊ မြက်မွှေး၊ ရှင်မွှေးလွှန်း-ဟုပြန်ဆိုသည်။) (၁) ဥသီရဉ္စ ဗီရဏဉ္စ ဥသီရဗီရဏံ။ ကစ္စည်း၊သုတ္တ။၃၂၃။ ကာသံ ကုသံ ပေါဋကိလံ၊ ဥသီရံ မုဉ္ဇပဗ္ဗဇံ။ ဇာ၊၂။၃၂၆။ ပဏ္ဏသာလာတိ ဥသီရပဗ္ဗဇာဒီဟိ ပဏ္ဏေဟိ ဆာဒိတာ နိဝါသနသာလာတိ အတ္ထော။ အပ၊ဋ္ဌ၊၁။၂၃၅။ ဥသီရတိဏ-လည်းကြည့်။ (၂) မူလံ တုသီရံ ဗီရဏဿ ဟိ။ ဓာန်။၆၀၁။ ဗီရဏဿ သေတကုသုမဿ တိဏဝိသေသဿ မူလံ ဥသီရံ နာမ။ ဓာန်၊ဋီ။၆၀၁။ ဥသီရံ မုဉ္ဇပဗ္ဗဇံ၊ ဥရသာ ပနုဒိဿာမိ။ ထေရ။၂၂၆။ မူလဗီဇံ နာမ ဟလိဒ္ဒိ...ဥသီရံ ဘဒ္ဒမုတ္တကံ။ ဝိ၊၂။၅၂။ တဏှာယ မူလံ ခဏထ၊

ဥသီရတ္ထောဝ ဗီရဏံ။ ဓမ္မ။၆၁။ ယထာ ဥသီရေန အတ္ထိကော ပုရိသော မဟန္တေန ကုဒ္ဒါလေန ဗီရဏံ ခဏတိ၊ ဝေမဿာ မူလံ ခဏထာတိ အတ္ထော။ ဓမ္မ၊ဋ္ဌ၊၂။၃၃၁။ ဥသီရတ္ထောဝ ဗီရဏံ။ ထေရ။၂၈၄။ ယထာ ဥသီရေန အတ္ထိကော ပုရိသော မဟန္တေန ကုဒ္ဒါလေန ဗီရဏာပရနာမံ ဥသီရံ နာမ တိဏံ ခဏတိ၊ ဝေမဿ မူလံ ခဏထာတိ အတ္ထော။ ထေရ၊ ဋ္ဌ၊၂။၉၆။

**ဥသီရကလာပက** (ပု) [ဥသီရ+ကလာပက] ပန်းရင်းမြက်စည်းတို့၏အပေါင်း၊ ပန်းရင်းမြက်စည်းထုံး။ ထေရဿ သရီရံ စိတကံ အာရောပေတွာ ဥသီရကလာပကေဟိ အာလိမ္ပေသုံ။ သံ၊ဋ္ဌ၊၃။၂၅၃။

**ဥသီရတိဏ** (နု) [ဥသီရ+တိဏ] ပန်းရင်းမြက်။ ကောစ္ဆေနာတိ ဥသီရတိဏာဒီနိ ဗန္ဓိတွာ သမံ ဆိန္ဒိတွာ ဂဟိတကောစ္ဆေန။ ဝိမတိ၊၂။၂၂၈။

**ဥသီရတ္ထ** (တိ) [ဥသီရ+အတ္ထ] ပန်းရင်းဖြင့် အလိုရှိသော၊သူ။ ဥသီရ(၂)ကြည့်။

**ဥသီ(သိ)ရဒ္ဓဇ** (ပု) [ယာဒိစ္ဆကနာမ်] ဥသီရဒ္ဓဇတောင်။ ဥတ္တရာယ ဒိသာယ ဥသီ(သိ)ရဒ္ဓဇော နာမ ပဗ္ဗတော။ ဝိ၊ဋ္ဌ၊၃။၂၂၈။ ဒီ၊ဋ္ဌ၊၁။၁၅၆။ မ၊ဋ္ဌ၊၂။၁၀၅။ အံ၊ဋ္ဌ၊၁။၇၆၊၃၇၈။ ခုဒ္ဒက၊ဋ္ဌ။၁၁၁။ သုတ္တနိ၊ဋ္ဌ၊၂။၁၆။ ဍာတိဝုတ်၊ဋ္ဌ။၂၄၈။

**ဥသီ(သိ)ရနာဠိ** (ထီ) [ဥသီရ+နာဠိ] ပန်းရင်းရိုးတံ။ မူလာနိ ဥဒ္ဓရေယျ အန္တမသော ဥသီရနာဠိမတ္တာနိ။ အံ၊၁။၂၀၅၊၅၁၉။ ဝိ၊ဋ္ဌ၊၁။၈၁။ မ၊ဋ္ဌ၊၁။၁၃။ ဥဒါန၊ဋ္ဌ။၂၅-၌ ဥသီရနာဠမတ္တ-ဟုရှိသည်။

**ဥသီရပါဒုကာ** (ထီ) [ဥသီရ+ပါဒုကာ] ပန်းရင်းမြက်ဖြင့် ပြုအပ်သောခြေနင်း။ ဥသီရပါဒုကာတိပိ ဝဒန္တိ။ ဝိ၊ဋ္ဌ၊၃။၃၆၈။

**ဥသီ(သိ)ရမယ** (တိ) [ဥသီရ+မယ] ပန်းရင်းမြက်ဖြင့်ပြီးသော။ ကောစ္ဆံ နာမ ဝါကမယံ ဝါ ဥသီရမယံ ဝါ မုဉ္ဇမယံ ဝါ။ ဝိ၊၂။၅၉။ ဝိသင်္ဂဟ။ ၈၉၄၄၅။ ကောစ္ဆန္တိ ဥသီရမယံ ဝါ မုဉ္ဇပဗ္ဗဇမယံ ဝါ။ ဝိ၊ဋ္ဌ၊၄။၅၉။

**ဥသု** (ထီ၊ပု) [ဣသ+ဥ။ ဥသ+အ။ ဣသ ဂမနေ၊ ဥ၊ ဣဿုပ။ ဥသ ဒါဟေ ဝါ။ ဓာန်၊ဋီ။၃၈၉။ ဣဖု (သံ)] မြား။ ဥသု စ ကာရဏိကော သူစိ သာရထိ။ ဝိ၊၁။၁၃၈။

**ဥသုကာရ** (တိ) [ဥသု+ကရ+ဏ] မြားပြုလုပ်သော၊သူ။ မြားသမား၊ လေးသမား။ ဥသုကာရာ နမယန္တိ တေဇနံ။ မ၊၂။၃၀၈။ ဥသုကာရာတိ ဥသုကာရကာ။ မ၊ဋ္ဌ၊၃။၂၃၆။

**ဥသုကာရက** (တိ) [ဥသု+ကာရက] မြားပြုလုပ်သော၊သူ။ မြားသမား၊ လေးသမား။ အထက်ပုဒ်ကြည့်။

**ဥသုကာရာကတ** (တိ) [ဥသုကာရ+အကတ] မြားသမားသည်-မပြုအပ်-မချွန်အပ်-သော။ ဥသုကာရာကတေန စ(ဇာ၊၁။၇၁)တိ ဥသုကာရေဟိပိ အကတေန။ ဇာ၊ဋ္ဌ၊၂။၂၅၂။

**ဥသုတ္တ** (တိ) [ဥ+သုတ္တ] ပါဠိတော်မှကင်းသော၊ ပါဠိတော်မဟုတ်သော (တရား)။ အသုတ္တကန္တိ သုတ္တဝိရဟိတံ၊ ဥသုတ္တံ တတြ နတ္ထီတိ အဓိပ္ပါယော။ ဝဇီရ။၅၇၆။

**ဥသုဒက္ခက** (ပု၊နု) [ဥသု+ဒက္ခက] မြားပြုလုပ်ကြောင်းဖြစ်သောတုတ်၊ မြားတံ။ အညတရံ ဥသုကာရံ ဥသုဒက္ခကံ ဥသုယန္တေ ပက္ခိပိတွာ အက္ခိကောဋိယာ ဩလောကေတွာ ဥဇုံ ကရောန္တံ ဒိသွာ။ ထေရ၊ဋ္ဌ၊၁။၈၉။

**ဥသုပါတ** (ပု) [ဥသု+ပါတ] မြားကျရာအရပ်။ ဥသုပါတေ(ပဋိသံ၊ဋ္ဌ၊၁။၂၆)တိ ဇိယာဝေဂက္ခိတဥသုနော ပတနဋ္ဌာနေ။ ပဋိသံ၊ဂံ။၅၁-၂။

**ဥသုပါတန** (န) [ဥသု+ပါတန] မြားကျရာအရပ်။ နာဂေါပိ မေ န မုစ္စေယျ၊ အာဂတော ဥသုပါတနံ။ ဇာ၊၂။၁၇၄။

**ဥသုပ္ပဟာရ** (ပု) [ဥသု+ပဟာရ] မြားဖြင့်-ပုတ်ခတ်-ပစ်ခြင်း၊ လေးပစ်ခြင်း။ သတ္တိပ္ပဟာ-ရာနံ အသိပ္ပဟာရာနံ ဥသုပ္ပဟာရာနံ။ မ၊၃။ ၁၇၄။ သံ၊၃။၃၈၅။ အံ၊၁။၄၃၂။

**ဥသုမ** (ထီ၊န) [ဥသု+ဥမ။ ဥသတိ ဒဟတီတိ ဥသုမံ။ မောဂ်၊ဂ၊၁၃၀။ ဥဗ္ဗန်(သံ)] (၁) အပူ၊ အခိုးအငွေ့၊ ကိုယ်ငွေ့၊ တေဇောဓာတ်။ (တိ)(၂) ပူသော။ (၁) ဥသ္မဋ္ဌ ပဋိစ္စာတိ...ဥသုမံ ပဋိစ္စ။ အံ၊ဋ္ဌ၊၂။၁၉၅။ ယံ တေဇော တေဇောဂတံ ဥသ္မာ ဥသ္မာဂတံ ဥသမံ ဥသုမဂတံ။ အဘိ၊ ၈။၂၀၂။ ဥသုမန္တိ ဗလဝဉသ္မာ။ အဘိ၊ဋ္ဌ၊ ၁။၃၇၄။ (-မ၊ဋ္ဌ၊၁။၃၂။) ဥသုမ(အဘိ၊ဝိ၊၈၅)န္တိ စက္ခု-ဥသုမံ။ အဘိ၊ဋ္ဌ၊၂။၆၅။ ဒနုပထဝိယာ စ ယတ္တကံ ဌာနံ ဥသုမာယ အနုဂတံ။ ဝိ၊ဋ္ဌ၊ ၃။ ၂၄။ (-အဘိ၊ဋ္ဌ၊၁။၅၈။) (တိ) (၂) ဥသုမ-ဝါတ-ကြည့်။

**ဥသုမကဇာတ** (တိ) [ဥသုမက+ဇာတ] ဖြစ်သော အပူငွေ့ရှိသော-အခိုးအငွေ့ထွက်သော-ရေရှိသော။ ဥဿဒကဇာတောတိ ဥသုမက-ဇာတော။ အံ၊ဋ္ဌ၊၃။၆၈။

**ဥသုမဂတ** (တိ) [ဥသုမ+ဂတ] အပူ-အခိုးငွေ့-အဖြစ်သို့ရောက်သော၊ အပူ၊ အခိုးအငွေ့။ ဥသုမမေဝ ဥသုမဘာဝံ ဂတန္တိ ဥသုမဂတံ။ အဘိ၊ဋ္ဌ၊၁။၃၇၄။ ဥသုမန္တိ စက္ခုဥသုမံ၊ တဒေဝ ဥသုမဂတံ၊ သဘာဝေနေဝ ဥသုမဘာဝံ ပတ္တန္တိ အတ္ထော။ မ၊ဋီ၊၁။ရ၈။

**ဥသုမဇာတ** (တိ) [ဥသုမ+ဇာတ] ဖြစ်သော-ကိုယ်ငွေ့-အပူ-ရှိသော။ တသ္မိံ ကုပ္ပိတေ အယံ ကာယော သန္တပ္ပတိ၊ ကောပါကဇရာဒိဘာဝေန ဥသုမဇာတော ဟောတိ။ မ၊ဋ္ဌ၊၂။၁၃၁။ ဝိသုဒ္ဓိ၊ ၁။၃၄၅။ ဥသုမဇာတောတိ ဥသ္မာဘိဘူတော။ မ၊ဋီ၊၂။၁ရ၃။ ဝိသုဒ္ဓိ၊ဋီ၊၁။၄၃၀။ ဥသ္မုဒက-ဇာတောတိ ဥသုမဇာတော။ သံ၊ဋ္ဌ၊၃။၂၁၀။

**ဥသုမဇာတဟဒယ** (တိ) [ဥသုမဇာတ+ဟဒယ] ဖြစ်သောပူသောနှလုံးရှိသော၊ စိတ်နှလုံးပူ လောင်သော၊သူ။ ဥသုမဇာတဟဒယော(မ၊ဋ္ဌ၊ ၃။၄၄)တိ ဥတ္တတ္တဟဒယော။ မ၊ဋီ၊၃။၃၁။

**ဥသုမနိက္ခမန** (န) [ဥသုမ+နိက္ခမန] အခိုးအငွေ့ ထွက်-အခိုးအငွေ့ကိုထွက်စေ-ခြင်း။ ဥသုမ-နိက္ခမနတ္ထံ ဘာဇနာနိ ထောကံ ဝိဝရိတ္វာ။ ဇာ၊ဋ္ဌ၊၁။၂၆၁။

**ဥသုမဝဋ္ဋိ** (ထီ) [ဥသုမ+ဝဋ္ဋိ] အခိုးအငွေ့-အခွေ-အလိပ်-အလုံး။ မတ္ထကတော ဥသုမဝဋ္ဋိ ဝိယ ဥဋ္ဌဟတိ။ မ၊ဋ္ဌ၊၁။၃၈ရ။ (-ဝိသုဒ္ဓိ၊၁။၁၆ရ။ ဝိသုဒ္ဓိ၊ဋီ၊၁။၁၉၆။)

**ဥသုမဝါတ** (ပု) [ဥသုမ+ဝါတ] ပူသောလေ၊ လေပူ။ ဥစ္စာရပဿာဝါဒီတိ အာဒိသဒ္ဒေန ပိတ္တိသေမှလသိကာဒိနီဟရဏဝါတဿ စေဝ ဥသုမဝါတဿ စ သင်္ဂဟော ဝေဒိတဗ္ဗော။ မ၊ဋီ၊၂။၁၇၄။

**ဥသုမာကာရ** (ပု) [ဥသုမ+အာကာရ] ပူလောင်သောအခြင်းအရာ။ ဥသ္မာ တိ ဥသုမာကာရော။ သံ၊ဋ္ဌ၊၃။၂၇၃။

**ဥသုမုဋ္ဌိကရဏ** (န) [ဥသု+မုဋ္ဌိကရဏ] မြား လက်ဆုပ်ပြုခြင်း။ မုဋ္ဌိကရဏာဒီဟီတိ ဥသုမုဋ္ဌိ-ကရဏဇိယာဂါဟဇိယာဝိဇ္ဈာဒီဟိ။ မ၊ဋီ၊၃။၂၅၉။

**ဥသုမုပ္ပါဒ** (ပု) [ဥသုမ+ဥပ္ပါဒ] အပူအငွေ့၏ ဖြစ်ခြင်း။ တာလပက္ကံ ဗန္ဓနာတိ တာလဖလံ ဝိယ ဥသုမုပ္ပါဒေန ဝဏ္ဍတော။ ဣတိဝုတ်၊ဋ္ဌ၊၂၆၄။

**ဥသုယန္တ** (န) [ဥသု+ယန္တ] (၁) မြားလုပ်သော-စက်-ယန္တရား။ (၂) မြား၊ယန္တရား။ (၁) ဥသု ဒဏ္ဍက-ကြည့်။ (၂) အောက်ပုဒ်ကြည့်။

**ဥသုယန္တပါသာဏ** (ပု) [ဥသု+ယန္တ+ပါသာဏ] မြား, ယန္တရား, ကျောက်။ ကာယေန ဝါ သတ္တိအာဒီနံ, ကာယပဋိဗဒ္ဓေန ဝါ ဥသုယန္တပါသာဏာဒီနံ နိဿဇ္ဇနံ။ ကင်္ခါ၊ဋီ၊သစ်။၂၁၂။

**ဥသုလောမ** (တိ) [ဥသု+လောမ] မြားကဲ့သို့ ချွန်ထက်သောအမွေးရှိသော၊သူ။ ဝှာဓာဟံ အာဝုသော ... ဥသုလောမံ ပုရိသံ ဝေဟာသံ ဂစ္ဆန္တံ။ ဝိ၊၁။၁၄၆။ သံ၊၁။၄၄၈။

**ဥသုလောမပေတ** (ပု) [ဥသုလောမ+ပေတ] မြားကဲ့သောချွန်ထက်သောအမွေး-ရှိ-ပေါက်-သောပြိတ္တာ။ ဥသုလောမဝတ္ထုသ္မိံ...တသ္မာ ဥသုလောမပေတော ဇာတော။ ဝိ၊ဋ္ဌ၊၂။၉၉။ သံ၊ဋ္ဌ၊၂။၂၀၂။

**ဥသုလောမဝတ္ထု** (နု) [ဥသုလောမ+ဝတ္ထု] မြားကဲ့သို့ ချွန်ထက်သောအမွေး-ရှိ-ပေါက်-သောပြိတ္တာ၏-အကြောင်းအရာ-ဝတ္ထု။ အထက်ပုဒ်ကြည့်။

**ဥသုသိပ္ပ** (နု) [ဥသု+သိပ္ပ] မြားအတတ်၊ လေးအတတ်။ ဝှဿတ္တန္တိ ဥသုသိပ္ပံ။ သံ၊ဋ္ဌ၊၁။၁၅၂။ (-သံ၊ဋီ၊၁။၁၉၈။)

**ဥဿုယက** (ပု) [ဥဿုယ+ဏွု] (၁) ဥဿုယပက္ကတ်။(တိ)(၂) ငြူစူစောင်းမြောင်း-မနာလို-သော၊သူ။ ဥဿုယကော(ဝိ၊ဝိနိစ္ဆယ၊ဂါထာ။၂၅၂၀)တိ ယဿ ပရေသံ အစ္ဆေရာစာရံ ပဿတော ဥဿုယာယ ဥပ္ပန္နာယ ပရိဠာဟော ဝူပသမ္မတိ၊ အယံ ဥဿုယပက္ကကော။ ဝိ၊ဝိနိစ္ဆယ၊ဋီ၊၂။၁၆၂။(တိ)(၂) ဥဿုယက(သုတ္တနိ။ ၃၂၆)န္တိ ဝှဿာမနကတာယ အန္တေဝါသိ-ကဿ ဝုမ္မိအသဟမာနံ။ သုတ္တနိ၊ဋ္ဌ၊၂။၆၃။

**ဥဿုယစိတ္တ** (နု) [ဥဿုယ+စိတ္တ] မနာလိုခြင်းနှင့်ယှဉ်သောစိတ်၊ မနာလိုဝန်တိုစိတ်၊ ငြူစူစောင်းမြောင်းသောစိတ်။ မဟာသတ္တော ပဝတ္တံ ဒေဝတာနံ သက္ကာရသမ္မာနံ ပဋိစ္စ ဥပ္ပန္နံ အတ္တနော ဥဿုယစိတ္တံ ဗဟိ အနာဝိကတွာ။ မဋီ၊၃။၁၅၀။

**ဥဿုယတိ** (ကြိ) [ဥဿုယ+အ+တိ] ငြူစူစောင်းမြောင်း၏၊ မနာလိုဝန်တို၏။ ဝှဿတိ ဥဿုယတိ။ မဟာနိ။၃၄၉။ (-ဒီ၊ဋ္ဌ၊၁။၄၂။ မ၊ဋ္ဌ၊၄။၄၉။ မ၊ဋီ၊၃။၂၆၁။) **ဥဿုယန္တိ**—ဇာ၊ဋ္ဌ၊၃။၇။ မ၊ဋီ၊၁။၂၉၁။**ဥဿုယသိ**—ပေတ။၁၄၃။ ပေတ၊ဋ္ဌ။၈၂။**ဥဿုယာမိ**—ဇာ၊၁။၂၃၈။ ဇာ၊ဋ္ဌ၊၄။၁၃၈။

**ဥဿုယနကိရိယာ** (ထီ) [ဥဿုယနာ+ကိရိယာ] ဥဿုယနာ-ငြူစူစောင်းမြောင်းခြင်း-ကြိယာ(ပုဒ်)။ ဥဿုယနကိရိယာယ ကမ္မဘာဝံ သန္ဓာယ "ဥပယောဂတ္တေ ဝါ"တိ ဝုတ္တံ။ သာရတ္ထ၊၃။၂၃၁။ ဝိမတိ၊၂။၁၀၁။

**ဥဿုယနတ္ထ** (တိ) [ဥဿုယန+အတ္ထ] ငြူစူစောင်းမြောင်းခြင်းအနက်ရှိသော။ ဝဇ္ဇဿ ဘိက္ခုနောတိ စ ဥဇ္ဈာယနဿ ဥဿုယနတ္ထတ္တာ သမ္ပဒါနဝစနံ။ ဥဒါန၊ဋ္ဌ။၁၇၄။

**ဥဿုယနလက္ခဏ** (တိ) [ဥဿုယန+လက္ခဏ] သူတပါးစည်းစိမ်ကိုသီးမခံနိုင်ခြင်း-ငြူစူစောင်းမြောင်းခြင်း-လျှင်မှတ်ကြောင်းလက္ခဏာရှိသော။ သာ ပရသမ္ပတ္တီနံ ဥဿုယနလက္ခဏာ။ ဝိသုဒ္ဓိ၊၂။၂၀၀။ ဥဿုယနံ အသဟနံ။ ဝိသုဒ္ဓိ၊ဋီ၊၂။၁၅၂။

**ဥဿုယနာ** (ထီ၊နု) [ဥဿုယ+ယု+အာ] သူတပါးစည်းစိမ်ကိုသီးမခံနိုင်ခြင်း၊ ငြူစူစောင်းမြောင်းခြင်း၊ မနာလိုဝန်တိုခြင်း။ (အပြစ်ပြောခြင်းဖြင့်ဖြစ်ခြင်း။ ဘာသာဋီ။) ယာ ပရလာဘ...ပူဇနာသု ဝှဿာ ဝှဿာယနာ ဝှဿာယိတတ္တံ ဥဿုယာ ဥဿုယနာ ဥဿုယိတတ္တံ။ အဘိ၊၁။၂၂၆။ အဘိ၊ဝိ။၃၇၂။ အဘိ၊ပု။၁၂၂။ (-မဟာနိ။၃၄၉။) ဥဿုယနံ အသဟနံ။ ဝိသုဒ္ဓိ၊ဋီ၊၂။၁၅၂။ ပရသမ္ပတ္တိခီယနလက္ခဏာ ဝှဿာ၊

ဥသူယနာတိ အတ္ထော။ ပဋိသံ၊ဋ္ဌ၊၁။၂၉၂။

**ဥသူယန္တ** (တိ) [ဥသူယ+အန္တ] ငြူစူစောင်း မြောင်း–မနာလိုဝန်တို–သော၊သူ။ ဥသူယ–တော(ဒီ၊ဋ္ဌ၊၂။၃၇၄)တိ ဥသူယံ ဣဿံ ဥပ္ပါဒ–ယတော။ ဒီ၊ဋီ၊၂။၃၂၂။ (–ပဋိသံ၊ဋ္ဌ၊၁။၃၁၁။ ဥဒါန၊ဋ္ဌ။၂၃၂။)

**ဥသူယန္တိ** (ကြိ) [ဥသူယ+အ+အန္တိ] ငြူစူစောင်း မြောင်း –မနာလိုဝန်တို–ကုန်၏။ ဥသူယတိ–ကြည့်။

**ဥသူယပဏ္ဍက** (ပု) [ဥသူယ+ပဏ္ဍက] ဥသူယ ပဏ္ဍုတ်။ (သူတပါးတို့၏ မေထုန်အမှုကိုမြင် ရသောအခါ မနာလိုမှုဖြစ်သဖြင့် မိမိကိုမှီဝဲ စေလိုသောရာဂဖြစ်လာလတ်သော် သုက်လွှတ် ခြင်းဖြင့် ရာဂငြိမ်းသွားသောပဏ္ဍုတ်ဖြစ်သည်။) ယဿ ပရေသံ အဇ္ဈာစာရံ ပဿတော ဥသူယာယ ဥပ္ပန္နာယ ပရိဠာဟော ဝူပသမ္မတိ၊ အယံ ဥသူယပဏ္ဍကော။ ဝိ၊ဋ္ဌ၊၃။၂၉၇။ ဝိ၊ သင်္ဂဟ။ ၁၄၅။ ကင်္ခါ၊ဋီ၊သစ်။၁၆၈။ ဥသူယာယ ဥပ္ပန္နာယာတိ ဥသူယာယဝသေန အတ္တနော သေဝေတုကာမတာရာဂေ ဥပ္ပန္နေ အသုစိ–မုတ္တိယာ ပရိဠာဟော ဝူပသမ္မတိ။ ဝိနယာလင်္ကာရ၊ဋီ၊၁။၂၃၈။

**ဥသူယမာန** (တိ) [ဥသူယ+အ+မာန] ငြူစူ စောင်းမြောင်း–မနာလိုဝန်တို–တတ်သော၊သူ။ ဥသူယမာနော(မ၊ဋ္ဌ၊၃။၂၁၉)တိ "န မံ သေ ဇနော ပရိဝါရေတီ"တိ ဥသူယံ ကရောန္တော။ မ၊ဋီ၊၃။၃၁။ (–အံ၊ဋ္ဌ၊၃။၂၆၂။)

**ဥသူယဝိဂမ** (ပု) [ဥသူယ+ဝိဂမ] ငြူစူခြင်း –မနာလိုခြင်း–မှ ကင်းခြင်း။ တေသမေဝ ဝုတ္တာနံ လာဘာဒီသု ဥသူယဝိဂမေန အနုသူယကော စ သိယာ။ သုတ္တနိ၊ဋ္ဌ၊၂။၆၆။

**ဥသူယဝိသုဂ္ဂိရ** (ပု) [ဥသူယဝိသ+ဥဂ္ဂိရ] ငြူ စူခြင်း–မနာလိုခြင်း–ဟူသော အဆိပ်ကို ထွေး အံခြင်း။ တဿာ တံ ဥသူယဝိသုဂ္ဂိရံ ဥဂ္ဂိရန္တော ရတနတ္တယဿ အဝဏ္ဏမေဝ ဘာသတိ။ ဒီ၊ဋ္ဌ၊ ၁။၄၂။ ဥသူယသင်္ခါတဿ ဝိသဿ ဥဂ္ဂိရော ဥဂ္ဂိလနံ ဥသူယဝိသုဂ္ဂိရော။ သီ၊ဋီ၊သစ်၊၁။၁၉၆။

**ဥသူယသိ** (ကြိ) [ဥသူယ+အ+သိ] ငြူစူစောင်း မြောင်း၏၊ မနာလိုဖြစ်၏။ ဥသူယတိ–ကြည့်။

**ဥသူယာ** (ထီ) [ဥသူယ+အ+အာ] ငြူစူစောင်း မြောင်းခြင်း၊ မနာလိုခြင်း၊ အပြစ်တင်ခြင်း၊ သူတပါးစည်းစိမ်ကိုသည်းမခံနိုင်ခြင်း။ ကာ ဥသူယာ ဝိဇာနတ(ဝိ၊၃။၅၅)န္တိ ဓမ္မေန နယန္တိတိ ဝေ ဝိဇာနန္တာနံ ကာ ဣဿာ။ ဝိ၊ဋ္ဌ၊၃။၂၅၇။ (–အဘိ၊ဓ။၂၂၆။ အဘိ၊ဋ္ဌ၊၁။၄၀၄။ (–ဒီ၊ဋီ၊၂။ ၃၂၂။)

**ဥသူယာမိ** (ကြိ) [ဥသူယ+အ+မိ] ငြူစူစောင်း မြောင်း၏၊ မနာလိုဖြစ်၏။ ဥသူယတိ–ကြည့်။

**ဥသူယာယိတဗ္ဗ** (န) [ဥသူယ+အာယ+တဗ္ဗ] ငြူစူစောင်းမြောင်းရာ၏။ ဝေမေဝ ခေါ မဟာ–ရာဇ ယောဂိနာ ယောဂါဝစရေန သကမနေ ကိလေသေ ဥပ္ပန္နေ ဥသူယာယိတဗ္ဗံ၊ မိလိန္ဒ၊၃၈၈။

**ဥသူယိတ** (တိ) [ဥသူယ+တ] ငြူစူစောင်း မြောင်း–မနာလို–သော၊သူ။ ဥသူယနာ–ကြည့်။

**ဥသေတိ** (ကြိ) [ဥသ+ဧ+တိ] ပူလောင်စေ၏။ အရယော ဥပဂန္တွာ ဥသေတိ ဒါဟေတီတိ ဥပေါသထော။ သီ၊ဋီ၊သစ်၊၂။၁၁။

**ဥသ္မာ** (ထီ၊ပု) [ဥသု+မ။ (ဝိ၊ပိ၊ဓာန်။) ဥသ+မ။ ဥသတိ ဒဟတီတိ ဥသ္မာ၊ တေဇောဓာတု။ မောဂ်၊ဝု၊၁၃၇။ ဥသနံ ဒဟနံ ဥသ္မာ။ နီတိ၊ သုတ္တ၊နှာ။၃၃၄။ ဥဗ္မန်(သံ)။ ဤပုဒ်ကို ရူပ သိဒ္ဓိ၊၆၅၃–သုတ်၌ ပုံလိင်၊ ပြဟ္မာဒိဂိုဏ်းဟု ဆို၏။ ပါဠိအဋ္ဌကထာတို့၌ ဣတ္ထိလိင်ဖြင့် တွေ့ ရ၏။] (၁) အပူ၊ ပူလောင်ခြင်း၊ တေဇောဓာတ်၊ ကိုယ်ငွေ့၊ ကမ္မဇတေဇောဓာတ်၊ ဝမ်းမီး။ (၂)

တန်ခိုးအရှိန်အဝါ။ (၁) ဒွိန္နံ ကဋ္ဌာနံ သံဃ-ဋ္ဋနသမောဓာနာ ဥသ္မာ ဇာယတိ။ သံ၊၃။၁၈၇။ ယာ တဇ္ဇာ ဥသ္မာ၊ သာ နိရုဇ္ဈတိ။ သံ၊၁။ ၃၂၂။ ဥသ္မာ(အဘိ၊ဓ။ ၂၀၂)တိ ဥသ္မာကာရော။ အဘိ၊ဋ္ဌ၊၁။၃၇၄။ ဥသ္မာ(သံ၊၂။၁၁၇)တိ ကမ္မဇ-တေဇောဓာတု။ သံ၊ဋ္ဌ၊၂။၂၉၆။ ဥသ္မာယ ပန ပရိယာဒိန္နာယ ဝူပသမတိ။ မ၊ဋ္ဌ၊၄။၂၂၉။ (-ဒီ၊ဋ္ဌ၊၂။၃၆၂။ ဒီ၊ဋီ၊၂။၃၁၀။ မ၊ဋီ၊၃။၄၁၇။ အံ၊ဋီ၊၃။၁၀၄။) ဥသ္မီကတ-လည်းကြည့်။ (၂) ဥသ္မာဂတ(၃)ကြည့်။

**ဥသ္မာကာရ** (ပု) [ဥသ္မာ+အာကာရ] ပူသော အခြင်းအရာ။ အထက်ပုဒ်ကြည့်။

**ဥသ္မာဂတ** (တိ) [ဥသ္မာ+ဂတ] (၁) အပူငွေ့၊ ပူလောင်ခြင်း၊ တေဇောဓာတ်။ (၂) အပူ၏ အဖြစ်သို့ရောက်သော(အပူ)။ (၃) ရဟန်းတို့၏ တန်ခိုးအရှိန်အဝါ။ (၁) ဥသုမ-ကြည့်။ (၂) ဥသ္မာဂတ(အဘိ၊ဓ။ ၂၀၂)န္တိ ဥသ္မာဘာဝံ ဂတံ။ ဥသ္မာကာရဿေဝေတံ နာမံ။ အဘိ၊ဋ္ဌ၊၁။၃၇၄။ ဥသ္မာဝ ဥသ္မာဘာဝံ ဂတတ္တာ ဥသ္မာဂတံ။ အဘိ၊ဋ္ဌ၊၂။၆၅။ မ၊ဋီ၊၁။၇၈။ (၃) ဥသ္မာဂတ(ဇာ၊ ၂။၃၈)န္တိ သမဏတေဇံ။ ဇာ၊ဋ္ဌ၊၅။၂၂၀။

**ဥသ္မာဇာတ** (တိ) [ဥသ္မာ+ဇာတ] ဖြစ်သောအပူရှိသော၊ အပူဖြစ်သော၊ ပူလောင်သော။ ယဒါ ပန...တေ ပဒေသာ ဥသ္မာဇာတာ ဟောန္တိ။ အဘိ၊ဋ္ဌ၊၂။၂၃၄။ (-ပဋိသံ၊ဋ္ဌ၊၁။၇၈။ ခုဒ္ဒက၊ ဋ္ဌ။၅၂။)

**ဥသ္မာဒုဗ္ဗလ** (တိ) [ဥသ္မာ+ဒုဗ္ဗလ] ဝမ်းမီးအားနည်းသော၊ ဝမ်းမီးညံ့သော၊သူ။ ဒွိဟိ ဘန္တေ နာဂသေန ကာရဏေဟိ ဘောဇနံ ဇီဝိတံ ဟရတိ အတိဘုတ္တေန ဝါ ဥသ္မာဒုဗ္ဗလတာယ ဝါ။ မိလိန္ဒ။၁၅၅။

**ဥသ္မာဓာတု** (ထီ၊ပု) [ဥသ္မာ+ဓာတု] အပူဓာတ်။ ဥသ္မာဓာတု ဝိယ ဝေဒနာ။ သံ၊ဋ္ဌ၊၂။၉၄။ သံ၊ ဋီ၊၂။၁၀၈။

**ဥသ္မာပဋိဗဒ္ဓ** (တိ) [ဥသ္မာ+ပဋိဗဒ္ဓ] ကမ္မဇတေဇောနှင့်စပ်သော။ တထာ ဟိ တံ ... ဥသ္မာပဋိဗဒ္ဓဉ္စ။ သုတ္တနိ၊ဋ္ဌ၊၂။၁၇၈။

**ဥသ္မာပယတိ** (ကာ၊ကြိ) [ဥသ္မာ+ဏာပယ+တိ] ပူစေတတ်၏။ တိက္ခဘာဝေန သေသဘူတတ္တာယံ ဥသ္မာပယတီတိ အဝွော။ ဝိသုဒ္ဓိ၊ဋီ၊၁။၄၄၄။

**ဥသ္မာပေတိ** (ကာ၊ကြိ) [ဥသ္မာ+ဏာပေ+တိ] ပူစေတတ်၏။ တေဇေတိ...သေသဘူတတ္တာယံ ဥသ္မာ-ပေတီတိ တေဇော။ ဝိဘာဝိနီ။၁၉၅။ (-မဏိမဉ္ဇူ၊၂။၁၁၃။)

**ဥသ္မာဘိဘူတ** (တိ) [ဥသ္မာ+အဘိဘူတ] အပူငွေ့-ကိုယ်ငွေ့-သည် နှိပ်စက်အပ်သော။ ဥသ္မာဇာတ-ကြည့်။

**ဥသ္မာသဘာဝ** (တိ) [ဥသ္မာ+သဘာဝ] အပူ-ပူသော-သဘောရှိသော။ ဥဏှဘာဝေါ လက္ခဏံ တေဇောဓာတုယာ ဥသ္မာသဘာ-ဝတ္တာ။ ဝိသုဒ္ဓိ၊ဋီ၊၁။၄၃၃။

**ဥသ္မာယုဝိညာဏာပဂမ** (တိ) [ဥသ္မာယုဝိညာဏ+အပဂမ] ကမ္မဇတေဇော, အသက် (ဇီဝိတိန္ဒြေ), ဝိညာဏ်တို့မှကင်းသော။ အယံ ကာယော ဥသ္မာယုဝိညာဏာပဂမော ဆဍ္ဍ-နီယဓမ္မော။ သံ၊ဋီ၊၁။၁၇၆။

**ဥသ္မီ** (တိ) [ဥသ္မာ+ဤ] ဉာဏ်အပူငွေ့-ကိုယ်အပူငွေ့-ရှိသော၊သူ။ အောက်ပုဒ်ကြည့်။

**ဥသ္မီကတ** (တိ) [ဥသ္မီ+ကတ] (က) အငွေ့ရှိသည်ကို ပြုအပ်သော၊(ဘာသာဋီ။) အငွေ့ကို ယူစေအပ်သော(ကြက်ဥ)။ (ခ) ဉာဏ်ငွေ့ရှိသည်ကို ပြုအပ်သော၊ ဉာဏ်ငွေ့ရှိသော၊သူ။ (က) သမ္မာ ပရိသေဒိတာနီတိ ... သုဋ္ဌု သမန္တတော သေဒိတာနိ။ ဥသ္မီကတာနီတိ ဝုတ္တံ ..ဟာတိ။ ဝိ၊ဋ္ဌ၊၁။၁၀၈။ (ခ) အပိနာယံ

အရိဋ္ဌော ဘိက္ခု ဂဒ္ဓဗာဓိပုဗ္ဗော ဥဿိုကတောပိ ဣမဿ္မိံ ဓမ္မဝိနယေ။ မ၊၁။၁၈၅။ ကိံ နု ခေါ ဣမဿ အပ္ပမတ္တိကာပိ ဉာဏုသ္မာ အတ္ထိ။ ... မဂ္ဂဖလာနံ ပစ္စယသမတ္ထာယ ဉာဏုသ္မာယ ဥဿိုကတဘာဝံ ပဋိပက္ခန္တာ ဝဒန္တိ။ မဋ္ဌ၊၂။၁၁။ ဉာဏမယာ ဥသ္မာ တေဿ အတ္ထီတိ ဥဿိ။ ...တဿိ အတ္တဘာဝေ ပဋိဝေဓဂဗ္ဘော အပိ ဥဿိုကတောတိ ဝိကတဘာဝတော ပညာဗီဇ-မဿ ဣမဿ္မိံ ဓမ္မဝိနယေ အပိ နု အတ္ထိ။ မ၊ ဋီ၊၂။၈၄။

**ဥဿူဒက** (န) [ဥသ္မာ+ဥဒက] (၁) အပူဓာတ် ရှိ-အလွန်ပူ-သောရေ။အောက်ပုဒ်ကြည့်။

**ဥဿူဒကဇာတ** (န) [ဥဿူဒက+ဇာတ] ဖြစ်သော အလွန်ပူသောရေ။ ဥဿူဒကဇာတော(သံ၃။၁၀၉) တိ ဥသုမဇာတော။ သံ၊ဋ္ဌ၊၃။၂၁၀။ ဥဿူဒကဇာ-တောတိ တဿေဝ ကုထိတဘာဝဿ ဥဿူ-ဒကတံ အစ္စုဏှတံ ပတ္တော။ သံ၊ဋီ၊၂။၄၄၇။

**ဥဿူပနိဗန္ဓ** (တိ) [ဥသ္မာ+ဥပနိဗန္ဓ] ကမ္ဗဇတေဇော ဓာတ်နှင့်စပ်သော။ ဥဿူပနိဗန္ဓ(မဟာနိ။၃၃)န္တိ ကမ္မဇတေဇောဓာတုပနိဗန္ဓံ။ မဟာနိ၊ဋ္ဌ။၁၃၁။

**ဥဿ** (တိ) [ဥ+သိ+အ။ ဝိ၊ပိ၊ဓာန်။ ဥဒ+သျ?] မြင့်-မြတ်-သော၊သူ။ န ဥဿေသု န ဩ-မေသု၊ သမတ္တော နောပနီယရေ။ အံ၊၂။၃၁၆။ ဥဿာ တိ ဥဿိတတာ သေယျပုဂ္ဂလာ။ အံ၊ ဋ္ဌ၊၃။၁၁၈။ (ဝိ၊ပိ၊ဓာန်-၌ ဥဿ-ကို ဥဒ္ဓံ သိတာ-ဟု ဖွင့်ပြထားသည်။) န ဥဿေသု ဝဒတေ(သုတ္တနိ။၄၁၂)တိ ဝိသိဋ္ဌေသု အတ္တာနံ အန္တောကတ္ဝာ "အဟံ ဝိသိဋ္ဌော"တိ အတိ-မာနဝသေန န ဝဒတိ။ သုတ္တနိ၊ဋ္ဌ၊၂။၂၆၅။

**ဥဿက္ကတိ** (ကြိ) [ဥ+သက္က+အ+တိ] (၁) အဆင့် ဆင့်တက်၏။ လုံးလပြု၏။ အားထုတ်၏။(၂) ချဉ်းကပ်၏။ (၁) ယော ဟိ သမထဝသေနေဝ ဥဿက္ကတိ။ ပဋိသံ၊ဋ္ဌ၊၁။၂၈၇။ ဝိသုဒ္ဓိ၊၂။၃၄၇။ ဝိသုဒ္ဓိ၊ဋီ၊၂။၅၂၆။ (၂) ဩသက္ကန္တီယာ ဝါ ဥဿက္ကေယျာ(ဒီ၊၁။၂၁၉)တိ ပဋိက္ကမန္တိယာ ဥပဂစ္ဆေယျ။ ဒီ၊ဋ္ဌ၊၁။၃၂၉။

**ဥဿက္ကန္တ** (တိ) [ဥ+သက္က+အန္တ] အားထုတ် သော၊သူ။ ဣတိ သော ဝေရုပေါ တဝ လောဘဓမ္မော ယေန တွံ ဩသက္ကန္တိယာ ဥဿက္ကန္တော ဝိယ...အဟောသိ။ ဒီ၊ဋ္ဌ၊၁၊၃၂၉။

**ဥဿက္ကိတ** (တိ) [ဥ+သက္က+တ] အားထုတ်အပ် သော။ ဥဿက္ကိတာ မေ ဝိပဿနာ။ အံ၊ဋီ၊ ၁။၂၃၇။

**ဥဿက္ကိတုံ** (ဗျ) [ဥ+သက္က+တုံ] အဆင့်ဆင့် တက်-အားထုတ်-ခြင်းငှါ။ ယဿ သမာဓိ ဥပ-ရူပရိ သမာပဇ္ဇနတ္ထာယ ဥဿက္ကိတုံ ပစ္စယော န ဟောတိ။ အဘိ၊ဋ္ဌ၊၂။၄၀၁။

**ဥဿက္ကိတွာ** (ကြိ၊ဝိ) [ဥ+သက္က+တွာ] (၁) တက် ၍။ (၂) အဆင့်ဆင့်တက်-အားထုတ်-၍။ (၁) သေတာ ကိမီ ကဏှသီသာ ပါဒေဟိ ဥဿ-က္ကိတွာ။ အံ၊၂။၂၁၀။ ပါဒေဟိ ဥဿက္ကိတွာတိ အဂ္ဂနခတောပဋ္ဌာယ ပါဒေဟိ အဘိရုဟိတွာ။ အံ၊ဋ္ဌ၊၃။ရ၃။ (၂) ဥဿက္ကိတွာ(ပဋိသံ၊ဋ္ဌ၊၁။၂၈ရ)တိ ဥပရူပရိ သက္ကိတွာ။ ပဋိသံ၊ဂံ။၂၀၀။ ဥဿက္ကိတွာ(ဒီ၊ဋ္ဌ၊၂။၃၅၆။ မ၊ဋ္ဌ၊၁။၂၅၅)တိ ဝိသုဒ္ဓိပရမ္ပရာယ အာရုဟိတွာ။ ဘာဝနံ ဥပရိ နေတွာတိ အတ္ထော။ ဒီ၊ဋီ၊၂။၃၀၃။ မ၊ဋီ၊၁။၃၅၁။ ဥဿက္ကိတွာ(မ၊ဋ္ဌ၊၂။၂၄၃)တိ ဥဒယဗ္ဗယ-ဉာဏာဒိဉာဏပဋိပါဋိယာ အာရုဟိတွာ။ မ၊ ဋီ၊၂။၂၆၅။ (-ဝိသုဒ္ဓိ၊၂။၆၆၊၃၄၇။ ဝိသုဒ္ဓိ၊ဋီ၊ ၂။၇၅၊၅၂၆။)

**ဥဿက္ကေယျ** (ကြိ) [ဥ+သက္က+ဧယျ] ချဉ်းကပ် ရာ၏။ ဥဿက္ကတိ(၂)ကြည့်။

**ဥဿကိတ** (တိ) [အဝ+သကိ+တ။ ဥ+သကိ+ တ] (၁) အောက်အဖို့အားဖြင့် ယုံမှားခြင်းရှိ သော၊(ဘာသာဋီ။) ကြောက်ရွံ့သော၊(ကူ၊သျှ။)

ယုံမှားရွံ့ရှာသော၊သူ။ (၂) ရွံ့ရှာယုံမှားအပ်သော၊ သူ။ (၁) ကန္တာရဒ္ဓါနမဂ္ဂပ္ပဋိပန္နော ပုရိသော… ဥဿင်္ကိတပရိသင်္ကိတော ဟောတိ။ ဒီ၊ဋ္ဌ၊၁။ ၁၉၂။ မ၊ဋ္ဌ၊၂။၂၁၉။ ဥဿင်္ကိတပရိသင်္ကိတော …အဝသင်္ကိတော စေဝ သမန္တတော သင်္ကိတော စ၊ အတိဝိယ သင်္ကိတောတိ ဝုတ္တံ ဟောတိ။ သီ၊ဋီ၊သစ်၊၂။၁၃၀။ (-မဟာနိ၊ဋ္ဌ။ ၂၀၂။ သာရတ္ထ၊၃။၁၄၂။ အံ၊ဋီ၊၁။၈၀။) (၂) ပဋ္ဌဟင်္ဂေဟိ သမန္နာဂတော ဘိက္ခု ဥဿင်္ကိတပရိသင်္ကိတော ဟောတိ ပါပဘိက္ခုပိ အကုပ္ပဓမ္မောပိ။ ဝိ၊၅။၂၃၀။ (-အံ၊၂။၁၁၂။ ဝိ၊ဋ္ဌ၊၄။ ၁၇၃။ အံ၊ဋ္ဌ၊၃။၄၃။ ဓမ္မ၊ဋ္ဌ၊၂။၃၀၂။) ဥဿင်္ကီတောတိ ဥဋ္ဌဟိတ္ဝာ သင်္ကိတော။ ပါစိတ်၊ ယော။၅၇၆။

**ဥဿင်္ကီ** (တိ) [ဥ+သကိ+ဏီ] အထက်အထက် ၌ရွံ့ရှာယုံမှားသော၊ ကြောက်ရွံ့လေ့ရှိသော၊ ရွံ့ရှာ ကြောက်ရွံ့တတ်သော၊သူ။ အထ ခေါ အဇာတသတ္တု ကုမာရော ဘီတော အဟောသိ၊ ဥဗ္ဗိဂ္ဂေါ ဥဿင်္ကီ ဥတြသ္တော။ ဝိ၊၄။၃၄၁။ ဥဿင်္ကီတိ… ဥဒ္ဓမုဒ္ဓံ သင်္ကမာနော။ သာရတ္ထ၊၃။ ၄၁၁။ (- ဥဒါန၊၉၉။ ဒီ၊ဋ္ဌ၊၁။၁၂၄။ ဥဒါန၊ ဋ္ဌ။၁၄၅။ သီ၊ဋီ၊သစ်၊၂။၇။)

**ဥဿင်္ခ** (တိ) [ဥ+သင်္ခ] အထက်၌တည်သော-ဖမျက်-ခြေမျက်စိ-ရှိသော(ခြေ)။ အောက်ပုဒ် ကြည့်။

**ဥဿင်္ခပါဒ** (တိ) [ဥဿင်္ခ+ပါဒ] အထက်၌ တည်သော-ဖမျက်-ခြေမျက်စိ-ရှိသော ခြေရှိသော၊သူ။ အယဉ္စိ ဒေဝ ကုမာရော ဥဿင်္ခပါဒေါ။ ဒီ၊၂။၁၅။ (-ဒီ၊၃။၁၁၈။ မ၊၂။၃၃၇။) ဥဒ္ဓံ ပတိဋ္ဌိတဂေါပ္ဖကတ္တာ ဥဿင်္ခါ ပါဒါ အဿာတိ ဥဿင်္ခပါဒေါ။ ဒီ၊ဋ္ဌ၊၂။၃၈။ မ၊ဋ္ဌ၊ ၃။၂၅၈။ (-ဒီ၊ဋ္ဌ၊၃။၁၁၂။) သင်္ခါ ဝုစ္စန္တိ ဂေါပ္ဖကာ၊ ဥဒ္ဓံ သင်္ခါ ဧတေသန္တိ ဥဿင်္ခါ၊ ပါဒါ။ ဒီ၊ဋီ၊ ၂။၃၈။ မ၊ဋီ၊၃။၁၇၃။

**ဥဿဂ္ဂ** (ပု) [ဥ+သဇ္ဇ+ဏ] စွန့်ခြင်း။ ကဿာ?။ ပဂေဝ အပဝါဒါ အဘိနိဝိသန္တိ၊ တတော ပရံ ဥဿဂ္ဂေါ ပဝတ္တတိ။ ဒီ၊ဋီ၊၃။၁၈၇။

**ဥဿဂ္ဂဝိဓာန** (နှ) [ဥသဂ္ဂ+ဝိဓာန] စွန့်လွှတ် အပ်သောအစီအရင်။(သျှ။) စွန့်ခြင်းအစီအရင်။ အပဝါဒိတဗ္ဗဋ္ဌာနတော အညတ္ထ ဥဿဂ္ဂဝိဓာနံ နိဝါရေတိ။ ဝဇီရ။၄၅၁။

**ဥဿဇ္ဇိ(ဇီ)** (ကြိ) [အဝ+သဇ+ဤ] စွန့်လွှတ်ပြီ။ တံ သန္ဓာယ ဝုတ္တံ "ဩဿဇ္ဇိ"တိ။ ဥဿဇ္ဇီတိပိ ပါဌော။ ဒီ၊ဋ္ဌ၊၂။၁၄၇။ အံ၊ဋ္ဌ၊၃။၂၄၉။ ဥဿဇီတိပိ ပါဌော။ သံ၊ဋ္ဌ၊၃။၂၈၅။

**ဥဿဇ္ဇိတွာ** (ကြိဝိ) [အဝ+သဇ+တွာ] စွန့်-ပုတ်ခတ်-တွန်းဖယ်-၍။ ရထိသာယ သတ္တိံ ဥဿဇ္ဇိတွာ (အံ၊၃။၃၃)တိ သီသံ နာမေတွာ ယုဂံ ဘူမိယံ ပါပေတွာ သတ္တိနာ ရထိသံ ပဟရိတွာ။ အံ၊ဋ္ဌ၊ ၃။၂၁၆။

**ဥဿဋ** (တိ) [ဥ+သဋ+အ] ကျော်စောထင်ရှားသော။ ယာနာ ပစ္စောရောဟိတွာ ပတ္တိကောဝ ဥဿဋာယ ဥဿဋာယ ပရိသာယ ယေန အာယသ္မာ ရဋ္ဌပါလော တေနုပသင်္ကမိ။ မ၊ ၂။၂၅၄။ ဥဿဋာယ ဥဿဋာယာတိ ဥဿိတာယ ဥဿိတာယ မဟာမတ္တမဟာရဋ္ဌိကာဒီနံ ဝသေန ဥဂ္ဂတုဂ္ဂတမေဝ ပရိသံ ဂဟေတွာ ဥပသင်္ကမီတိ အတ္ထော။ မ၊ဋ္ဌ၊၃။၂ ၁၀။ (-ပေဋကော။၂၇၆။)

**ဥဿဒ** (ပု) [ဥ+သဒ+အ] (၁) ဥဿဒငရဲ။ (၂) ပြန့်ပြော-များပြား-ပွားစီး-ခြင်း။ (၃) များပြား-ပြန့်ပြော-ထူထဲ-လွန်ကဲ-သော၊ အများအပြားလွန်လွန်ကဲကဲဖြစ်သော၊ သံသရာ ပွားစီးကြောင်းဖြစ်သော(တရား)၊ ဥဿဒတရား။ (ဥဿဒတရားတို့သည် ရာဂုဿဒ။ ဒေါသုဿဒ။ မောဟုဿဒ။ မာနုဿဒ။ ဒိဋ္ဌုဿဒ။ ကိလေသုဿဒ။ ကမ္မုဿဒ-ဟု ခုနစ်ပါးရှိသည်။

မဟာနိ။၅၅။ မဟာနိ၎။၁ရ၃။) (၄) အပူငွေ့။ (တိ)(၅) များပြားသော၊ များပြားခြင်းရှိသော။ (၆) များပြားပြန့်ပြောသောဂုဏ်ရှိသော။

(၁) ဥဿဒငရဲ။ ၎င်းကို ငရဲငယ်ဟု ခေါ်ကြသည်။ အမည်အားဖြင့်လေးမျိုးရှိ၏၊ ထိုဥဿဒငရဲတို့သည် ငရဲကြီးရှစ်ထပ်၏ တံခါးလေးပေါက်၌ ထပ်ကာထပ်ကာ တည်ကုန်၏။ ထို့ကြောင့် ငရဲကြီးတစ်ထပ်စီ၌ ဥဿဒငရဲငယ် (၁၆)ခုစီရှိသဖြင့် ငရဲကြီးရှစ်ထပ်၌ ဥဿဒငရဲငယ်ပေါင်း၁၂၈-ခု ရှိ၏။ ထိုငရဲတို့ တည်နေကြပုံကား အဝီစိငရဲ၏ အပြင်ဘက် တဆက်တည်း၌ ဂူထနိရယ=ဘင်ပုပ်ငရဲ ရှိ၏။ ၎င်း၏ အပြင်ဘက်၌ ကုက္ကုလနိရယ=ပြာပူငရဲရှိ၏။ ၎င်း၏အပြင်ဘက်၌ သိမ္ဗလိဝန=လက်ပံတောငရဲ ရှိ၏။ ၎င်း၏ အပြင်ဘက်၌ အသိပတ္တဝန=သန်လျက်ရွက်တောငရဲရှိ၏။ ၎င်း၏အပြင်ဘက်၌ ခါရောဒကနဒီ=တမ္ဗလောဟနဒီ=ဝေတ္တရဏီ=ကြိမ်ပိုက်ချောင်း ငရဲရှိ၏။ ဝေတ္တရဏီ-ကြိမ်ပိုက်ချောင်းငရဲကို အသိပတ္တဝန=သန်လျက်ရွက်တောငရဲ၏ အရံအဖြစ် ယူ၍ ဥဿဒငရဲငယ် လေးမျိုးဟုလာသည်။ မ၊၃။ ၂၂၃-၄။ မ၎၄။၁၆ရ။ ဇာ၎၅။၂၈၈-၉။ မ၊ ဋီ၊၃။၃၆၄။ ငရဲကြီးတို့၌ ခံစားရသော ဆင်းရဲထက် ဥဿဒငရဲတို့၌ ခံစားရသောဆင်းရဲဒုက္ခက သာလွန်သည်။ မ၊၁။၄၁၃။ မ၎၊၂။၃၁၉။

တသော ဝ မဟာနိရယဿ ဥဿဒေ အပစ္စိ ဝုဋ္ဌာနိမံ နာမ ဝေဒနံ ဝေဒယမာနော။ မ၊၁။၄၁၃။ ဝေ ံ မဟာနိရယဒုက္ခတော ဥဿဒေ ဝိပါကဝုဋ္ဌာနဝေဒနာ ဒုက္ခတရာတိ ဝဒန္တိ။ မ၎၊၂။၃၁၉။ ပစ္စေကာ သောဠသုဿဒါ(ဇာ၊ ၂။၆ဝ)တိ ဧတေသံ ...သတံ အဋ္ဌ ဝိသတိ စ ဥဿဒနိရယာ။ ဇာ၎၅။၂၈၉။ (၂) များပြား-ပွားစီး-ခြင်း။ သတ္တဿ ဥဿဒါ ဟောန္တိ၊ ... ခန္ဓေ ဥဿဒေါ ဟောတိ။ ဒီ၊၃။၁၂၄။ (၃) များပြား-ပြန့်ပြော-ထူထဲ-လွန်ကဲ-သော၊ အများအပြားလွန်လွန်ကဲကဲဖြစ်သော၊ သံသရာပွားစီးကြောင်းဖြစ်သော(တရား)၊ ဥဿဒတရား။ ယဿုဿဒါ နတ္ထိ ကုဟိဉ္စိ လောကေ။ သုတ္တနိ။၄ဝ၁။ နေတ္တိ။၁၂၉။ (-နေတ္တိ၎။၂၄၁။) ယဿုဿဒါ နတ္ထိ ကုဟိဉ္စိ လောကေတိ ယဿ ခီဏာသဝဿ ရာဂါ-ဒယော သတ္တဥဿဒါ ကုကိဉ္စိ လောကေ နတ္ထိ။ သုတ္တနိ၎၊ ၂။၂၃ရ။ ကမ္မဝိပါကဝဋ္ဋာနံ, ကိလေသဝဋ္ဋဿ စ ဥဿဒေန ဥပစယေန ဥဿဒါ၊ ရာဂါဒယော။ နေတ္တိဋီ။၁၃၄။ (-နေတ္တိဝိ။၃ဝ၅။) (၄) အပူငွေ့။ အောက်ပုဒ်ကြည့်။ (တိ)(၅) များပြားသော၊ များပြားခြင်းရှိသော။ သတ္တု-ဿဒန္တိ သတ္တေဟိ ဥဿဒံ ဥဿန္နံ ဗဟုဇနံ အာကိဏ္ဏမနုဿံ။ ဒီ၎၊၁။ ၂၁၈၊ ဥဿဒတာ နာမေတ္ထ ဗဟုလတာတိ ဝုတ္တံ ဗဟုဇနန္တိ။ သီဋီ၊သစ်၊၂။၂၁၂။ မိဿကကာလေ ဥဿ-ဒဝသေန မနုဿကာတဗ္ဗာ ဟောန္တိ။ အဘိ၎၊ ၂။၂၂၁။ ပဋိဘာဂနိမိတ္တံ ပန ဥဿဒဝသေန ဥပဋ္ဌာတိ။ ဝိသုဒ္ဓိ၊၁။၁၈၄။ ဥဿဒဝသေနာတိ ရတ္တသေတနီလဝဏ္ဏေသု ဥဿဒဿ ဝဏ္ဏဿ ဝသေန။ ဝိသုဒ္ဓိဋီ၊၁။ ၂၁၂။ (၆) ဥဿဒနန္ဒိယ-ကြည့်။

**ဥဿဒက** (တိ) [ဥဿဒ+က] အပူငွေ့ရှိသော ရေရှိသော။ အောက်ပုဒ်ကြည့်။

**ဥဿဒကဇာတ** (တိ) [ဥဿဒက+ဇာတ] ဖြစ်သော-အပူငွေ့ ရှိသောရေရှိသော-အခိုးအငွေ့ ထွက်သောရေရှိသော(အိုး)။ သေယျထာပိ ဗြာဟ္မဏ ဥဒပတ္တော အဂ္ဂိနာ သန္တတ္တော ဥက္ကုဓိတော ဥဿဒကဇာတော။ အံ၊၂။၂ဝ၃။ ဥဿဒကဇာတောတိ ဥသုမကဇာတော။ အံ၊ ၎၊၃။၆၈။ (အံဋီ၊၃။၅၉-၌ ဥဿူရကဇာတော-ဟုရှိ၏။ ဥဿူရကဇာတ-ကြည့်။)

**ဥဿဒကိတ္တန** (န) [ဥဿဒ+ကိတ္တန] များ-ပြန့်ပြော-ထူပြော-လွန်ကဲ-ခြင်းကို ကြားခြင်း။ ဥဿဒကိတ္တနေ(ဝိသုဒ္ဓိ၊၁။၉၉)တိ ဝိပါက-ကထာယံ ဝုတ္တဥဿဒကိတ္တနေ။ ဝိသုဒ္ဓိဋီ၊ ၁။၁၂၄။ (-အဘိဋ္ဌ၊၁။၃၀၈။)

**ဥဿဒကိတ္တနဂဟဏ** (န) [ဥဿဒကိတ္တန+ဂဟဏ] ပြန့်ပြောခြင်းကိုကြားခြင်းကို ယူခြင်း။ သာကေတပဥှေ ဝိပါကုဒ္ဒါရကထာယ ဥဿဒကိတ္တနဂဟဏဿ သမ္ဗန္ဓံ အာဟ "ကမ္မဝသေန (ပ) ဒဿေတု"န္တိ။ အနုဋီ၊၁။၁၃၅။

**ဥဿဒဂတ** (တိ) [ဥဿဒ+ဂတ] ပြန့်ပြော-များပြား-ခြင်းသို့ ရောက်သော။ ဤမာနိ ဒသ ကိလေသဝတ္ထူနိ အာသေဝိတာနိ ... ဥဿဒဂတာနိ။ အဘိ၊ဝိ။၃၅၄။ ဥဿဒဂတာနိတိ ဝေပုလ္လဂတာနိ။ အဘိဋ္ဌ၊၂။၄၄၂။

**ဥဿဒနန္ဒိယ** (တိ) [ဥဿဒ+နန္ဒိယ] များပြားပြန့်ပြောသောဂုဏ်ရှိသူကို-ချီးမွမ်းအပ်-နှစ်သက်စေ-ဝမ်းမြောက်စေ-တတ်သော(သုတ်)။ ဝေမတံ သုတ္တံ ခိဏာသဝါနံ ဥက္ကံပိတ္တာ ပသံသိတတ္တာ ဥဿဒနန္ဒိယံ။ သံဋ္ဌ၊၂။၂၅၅။ ဥဿဒနန္ဒိယန္တိ ဥဿန္နဂုဏဝတော တောသနံ သမ္ပဟံသနံ ဂုဏကိတ္တနေန။ သံဋီ၊၂။၂၂၆။

**ဥဿဒနိယမ** (ပု) [ဥဿဒ+နိယမ] (ပထဝီဓာတ်စသည်တို့၏) ပြန့်ပြောများပြားသည်၏ အစွမ်းအားဖြင့် (ရာဂစရိုက်စသည်တို့ကို) မှတ်ခြင်း။ (သျှ။) ဝေ ဓာတုနဥ ယထာဝုတ္တနေဝ နယေန ဥဿဒနိယမော နာမ နတ္ထိ။ ဝိသုဒ္ဓိ၊၁။၉၉။ (-ဝိသုဒ္ဓိဋီ၊၁။၁၂၃။)

**ဥဿဒနိရယ** (ပု) [ဥဿဒ+နိရယ] ဥဿဒငရဲ။ သေ သောဠသသု ဥဿဒနိရယေသု နိဗ္ဗတ္တိ-ဿတိ။ အဘိဋ္ဌ၊၂။၄၃၆။

**ဥဿဒနိရယစာရိကာ** (ထီ) [ဥဿဒနိရယ+စာရိကာ] ဥဿဒငရဲ၌လှည့်လည်သွားလာခြင်း။ တဒါ ဗောဓိသတ္တော ဒေဝပုတ္တော ဟုတွာ ဥဿဒနိရယစာရိကံ စရတိ။ ဇာဋ္ဌ၊ ၃။၁၉၃။

**ဥဿဒယုတ္တ** (တိ) [ဥဿဒ+ယုတ္တ] ပြန့်ပြောသည်နှင့်ယှဉ်သော(စကား)။(သျှ။) နိဿိတဇပ္ပိတံ အတ္တနော ဓမ္မတာယ ဥဿဒယုတ္တံ ဘာသိတုံ န သက္ကောတိ။ ဝိဋ္ဌ၊၄။၂၁၆။ ဥဿဒယုတ္တန္တိ လောဘာဒိဥဿဒယုတ္တံ။ ပါစိတ်၊ယော။ ၆၁၅။

**ဥဿဒရာဂါဒိဒေါသ** (တိ) [ဥဿဒရာဂါဒိ+ဒေါသ] များပြားပြန့်ပြော ထူပြောလွန်ကဲသော ရာဂအစရှိသောအပြစ်ရှိသော၊သူ။ ဥဿဒရာဂါဒိဒေါသာ မဟာရဇက္ခာ။ ဝိမတိ၊ ၁။၅၅။

**ဥဿဒရာဂါဒိရဇ** (တိ) [ဥဿဒရာဂါဒိ+ရဇ] များပြား ပြန့်ပြော ထူပြောလွန်ကဲသော ရာဂအစရှိသောကိလေသာမြူရှိသော၊သူ။ ဥဿဒရာဂါဒိရဇာ မဟာရဇက္ခာ။ သာရတ္ထ၊၁။၂၅၁။ ဝိသုဒ္ဓိဋီ၊၁။၂၄၀။

**ဥဿဒသာမန္တ** (ပု၊န) [ဥဿဒ+သာမန္တ] ဥဿဒငရဲ၏-အနီးအနား-နံပါး-အရပ်ဌာန။ သောပိ ဥဿဒသာမန္တေ ဇာလသဒ္ဒေန တံ သာဋကံ အနုဿရိတွာ သဂ္ဂေ နိဗ္ဗတ္တော။ မဋ္ဌ၊၄။၁၆၆။ အံဋ္ဌ၊၂။၁၂၀။

**ဥဿန္န** (တိ) [ဥ+သဒ+တ] ပြန့်ပြော-ထူပြော-များပြား-တိုးပွား-ဆည်းပူးအပ်-စုဝေး-သော။ ဘေသဇ္ဇံ ဥဿန္နံ ဟောတိ(ဝိ၊၂။၁၃၆)တိ ဝဇတော အာဟရိတွာ ဌပိတသပ္ပိ ဗဟု ဟောတိ။ ဝိဋ္ဌ၊၃။၁၂၄။ ဥဿန္နသဒ္ဒေါ ဗဟု-ပရိယာယောတိ အာဟ ဗဟူတိ။ ပါစိတ်၊

ယော။၉၉။ မာဂဓေသု ပဉ္စ အာဗာဓာ ဥဿန္နာ ဟောန္တိ(ဝိ၊၃။၁၀၁)တိ...ပဉ္စ အာဗာဓာ ဥဿန္နာ ဝုဍ္ဎိပ္ပတ္တာ ဖာတိပ္ပတ္တာ ဟောန္တိ။ ဝိဋ္ဌ၊၃။၂၃၇။ ဥဿန္နသဒ္ဒေါ ဥဿဒသဒ္ဒေါ စ ဝုဍ္ဎိပ္ပတ္တပရိယာယောတိ အာဟ ဥဿန္နာ ဝုဍ္ဎိပ္ပတ္တာတိ။ ပါစိတ်၊ယော။၂၃၇။ (-မဋ္ဌ၊၄။၂၃၆။ အံဋ္ဌ၊၁။၄၁၁။) တဿ ပန ဂေဟေ ဒွါဒသဝဿာနိ ဘဏ္ဍကံ ဥဿန္နံ ဟောတိ။ ပဋိသံဋ္ဌ၊၂။၂၉၄။ မဟာကောဋ္ဌိကတ္ထေရော အဓိဂမပရိပုစ္ဆာသဝနပုဗ္ဗယောဂါနံ ဝသေန အနန္တနယုဿဒံ ပဋိသမ္ဘိဒါပဘေဒံ ပတ္တော။ မဋ္ဌ၊၂။၂၃၇။ အနန္တနယုဿဒန္တိ ပစ္စယုပ္ပန္နဘာသိတတ္ထနိဗ္ဗာနဝိပါကကြိယာဒိဝသေန အနန္တပဘေဒဝိသယေ ပဝတ္တိယာ အနန္တနယေဟိ ဥဿန္နံ ဥပစိတံ။ မဋီ၊၂။၂၅၆။ ("အနန္တနယုဿဒံ= အဆုံးမရှိသောနည်းတို့ဖြင့်-ဆည်းပူးအပ်-များပြား-သော" ဟု အနက်ပေးရမည်။)

**ဥဿန္နကာလ** (ပု) [ဥဿန္န+ကာလ] များပြား-ပေါများ-ရာအခါ။ ဘဏ္ဍာဂါရေ ပန စီဝရံ ဌပေတွာ ဥဿန္နကာလေ ဧကေကဿဘိက္ခုနော တိစီဝရံ ဝါ...ဒဿန္တိ။ ဝိဋ္ဌ၊၃။၄၀၄။ (-မဋ္ဌ၊၁၆၁။)

**ဥဿန္နကိလေသ** (တိ) [ဥဿန္န+ကိလေသ] များပြား-ထူထပ်-သော ကိလေသာရှိသော၊ သူ။ ပဏ္ဍကာတိ လောကာမိသနိဿိတကထာဗဟုလာ ဥဿန္နကိလေသာ အဝူပသန္တပရိဠာဟာ နပုံသကာ။ အဘိဋ္ဌ၊၂။၃၂၅။ မဟာနိ၊ဋ္ဌ။၃၉၉။ (-သာရတ္ထ၊၃။၂၄၁။ အံဋီ၊၃။၃၉။ ဝိသုဒ္ဓိဋီ၊၁။၄၂။)

**ဥဿန္နကုသလ** (တိ) [ဥဿန္န+ကုသလ] ဆည်းပူးအပ်-များပြား-သော ကောင်းမှုရှိသော၊ သူ။ ဥဿန္နကုသလာ ဇနတာ၊ တမှိ ကပ္ပေ အဇာယထ။ အပ၊၂။၃၄၃။ ဥဿန္နကုသလာတိ ဥပစိတပုညာ။ ဗုဒ္ဓဝံဋ္ဌ။၂၂၈။

**ဥဿန္နကုသလမူလ** (တိ) [ဥဿန္နကုသလ + မူလ] ဆည်းပူးအပ်-များပြား-သော ကုသိုလ်-အရင်းခံ-အခြေခံ-အကြောင်းရင်း-ရှိသော၊သူ။ တာယ စ ပန ဝေလာယ ဒေဝဘာဝေန အတ္ထိ ဒေဝပုတ္တော ဥဿန္နကုသလမူလော ခိဏာယုကော။ မိလိန္ဒ။၁၂၉။

**ဥဿန္နကုသလသဉ္စယ** (တိ) [ဥဿန္နကုသလ+သဉ္စယ] ဆည်းပူးအပ်သောများပြားသော ကုသိုလ်ရှိသော၊သူ။ အဟံ တေန သမယေန... ဥဿန္နကုသလသဉ္စယော။ ဗုဒ္ဓဝံ။၃၃၀။

**ဥဿန္နဂုဏဝဏ္ဏ** (တိ) [ဥဿန္နဂုဏ+ဝဏ္ဏ] များပြား ပြန့်ပြောသောဂုဏ်ရှိသော၊သူ။ ဥဿဒနန္ဒိယ-ကြည့်။

**ဥဿန္နတ္တ** (ပု) [ဥဿန္န+အတ္တ] ပြန့်ပြောများပြားသည်၏ အဖြစ်ဟူသော အနက်။ တဿာ တဿာ ကိရိယာယ ဥဿန္နတ္တေန ဗလံ။ သီ၊ဋီ၊သစ်၊၂။၄၀။ သံဋီ၊၂။၂၆၈။

**ဥဿန္နဋ္ဌာန** (န) [ဥဿန္န+ဌာန] ပြန့်ပြောများပြားရာ အရပ်ဌာန။ မိစ္ဆာဇီဝါနံ ဥဿန္နဋ္ဌာနေ အရိယဝံသကေ ပေသေတွာ အရိယဝံသံ ကထာပေန္တိ။ ဒီဋ္ဌ၊၂။၁၁၄။ အံဋ္ဌ၊၃။၁၅၇။ (-မဋ္ဌ၊၄။၁၄၄။)

**ဥဿန္နတရ** (တိ) [ဥဿန္န+တရ] အထူးသဖြင့်-အလွန်-များပြားသော။ သော စ ခေါ ရာဂေ ဥဿန္နတရေ အဂ္ဂိနာ ဝိနဿတိ။ ဝိသုဒ္ဓိ၊၂။၅၂။ ပဋိသံဋ္ဌ၊၁။၃၃၃။ ဥဿန္နတရေတိ အတိဝိယ ဥဿန္နေ။ ဝိသုဒ္ဓိဋီ၊၂။၅၅။ (-သာရတ္ထ၊၁။၂၈၇။)

**ဥဿန္နတေဇ** (တိ) [ဥဿန္န+တေဇ] များပြားသော တန်ခိုးအရှိန်အစော်ရှိသော၊သူ။ တဿ ဟိ ဥဿန္နတေဇတာယ ခုဒ္ဒကေသု ပါဒေသု အနုကမ္ပာ ဟောတိ။ အံဋ္ဌ၊၃။၂၉၃။

**ဥဿန္နဒိဋ္ဌိက** (တိ) [ဥဿန္နာ+ဒိဋ္ဌိ+က] များပြားသောမိစ္ဆာအယူရှိသော၊သူ။ ယေ ပန ဥဿန္နဒိဋ္ဌိကာ သတ္တာ။ ပေဋကော။၃၂၈။

**ဥဿန္နဒေါသ** (တိ) [ဥဿန္န+ဒေါသ] ပြော-များပြား-စုဝေးတည်နေ-သော သလိပ်, သည်းခြေ, လေ ဟူသော ဒေါသရှိသော၊သူ။ ယထာ ဟိ ကုသလော ဝေဇ္ဇော ဥဿန္နဒေါသံ ပုဂ္ဂလံ တိကိစ္ဆန္တော။ ဥဒါန႒။၁၅၄။ သရီရံ ဝါ ဥဿန္နဒေါသမ္ပိ သောဓမလမက္ခနတဉ္စ။ ဒီ႒၂။၃၇၆။ မ႒၁။၂၉၄။ သံ႒၃။၁၉၃။ အဘိ႒၂။၂၆၃။ ဥဿန္နဒေါသန္တိ ဝါတာဒိဥဿန္နဒေါသံ။ ဒီဋီ၂။၃၂၅။ မဋီ၁။၃၈၁။ သံဋီ၂။၄၃၁။ (-သီဋီ၊သစ်၊၂။၅။)

**ဥဿန္နဓာတုက** (တိ) [ဥဿန္နာ+ဓာတု+က] ဆည်းပူးအပ်-ပြော-များပြား-စုဝေး-သော သည်းခြေ သလိပ်စသောဓာတ်ရှိသော၊သူ။ အထ ထေရော ဘဂဝတော ပရိနိဗ္ဗာနတော ပဘုတိ ဌာနနိသဇ္ဇဗဟုလတ္တာ ဥဿန္နဓာတုကံ ကာယံ သမဿာသေတုံ။ ဝိ႒၁။၈။ (-ဒီ႒၁။၈။ အံ႒၁။၃၀၇။ ခုဒ္ဒကာ႒။၈၀။) ဥဿန္နဓာတုကန္တိ ဥပစိတပိတ္တသေမှာဒိဓာတုကံ။ ဝိမတိ၊၁။၁၅။ (-သာရတ္ထ၊၁။၅၅။ ဒီဋီ၁။၂၃။ သီဋီ၊သစ်၊၁။၆၉။)

**ဥဿန္နပည** (တိ) [ဥဿန္နာ+ပညာ] လွန်ကဲ များပြားသော ပညာရှိသော၊သူ။ ဘူရိပညာတိ ဗဟုပည ဥဿန္နပည။ သံ႒၁။၉၂။ ဥဿန္နပညာတိ အဓိကပည။ သံဋီ၁။၁၃၇။

**ဥဿန္နပရိဠာဟ** (တိ) [ဥဿန္န+ပရိဠာဟ] များပြားသောပူလောင်ခြင်း (ကိလေသာ) ရှိသော၊သူ။ ပက္ကကပက္ကေ ဥဿန္နပရိဠာဟတာ ပက္ကကဘာဝါပတ္တိတိ ဝိညာယတိ။ သာရတ္ထ၊၃။၂၅၆။

**ဥဿန္နပါပ** (တိ) [ဥဿန္န+ပါပ] များပြားသော မကောင်းမှုရှိသော၊သူ။ တဿပါပိယသိကကမ္မာရဟဿာတိ ဥပဝါဠဘိက္ခုသဒိသဿ ဥဿန္နပါပဿ။ ဝိ႒၄။၂၄၄။

**ဥဿန္နပိတ္တ** (တိ) [ဥဿန္န+ပိတ္တ] ပြော-များပြား-သောသည်းခြေရှိသော၊သူ။ သပရိဠာဟကာယဓာတုကောတိ ဥဿန္နပိတ္တတာယ သပရိဠာဟကာယသဘာဝေါ။ အံဋီ၁။၁၆၉။

**ဥဿန္နပုည** (တိ) [ဥဿန္န+ပုည] များစွာဆည်းပူးအပ်သော ကောင်းမှုရှိသော၊သူ။ ဥဿန္နပုညာပိ ဘဝန္တိဟေကေ။ ပေတ၊၁၇၃။ ဥဿန္နပုညာပိ ဘဝန္တိဟေကေတိ...ဥဿန္နကုသလဓမ္မာပိ ဣဓေကစ္စေ ပုဂ္ဂလာ လဒ္ဓပစ္စယ..အပုညဿ ဝသေန ဇာတိအာဒိနာ နိဟီနာ ဘဝန္တိ။ ပေတ႒။၁၈၂။

**ဥဿန္နပုညနိဿန္နသမုပ္ပန္န** (တိ) [ဥဿန္နပုညနိဿန္န+သမုပ္ပန္န] များစွာဆည်းပူးအပ်သော ကောင်းမှု၏အကျိုးဆက်ကြောင့် ကောင်းစွာဖြစ်သော။ သတသဟဿကပ္ပါဓိကေသု စတူသု အသင်္ချေယျေသု ဥဿန္နပုညနိဿန္နသမုပ္ပန္နော လာဘသက္ကာရော မဟောဃော ဝိယ အဇ္ဈောတ္ထရမာနော အာဂစ္ဆတိ။ ဒီ႒၂။၂၄၆။

**ဥဿန္နဗျာဓိဒုက္ခ** (တိ) [ဥဿန္န+ဗျာဓိဒုက္ခ] များပြားသည်းထန်သော-ဗျာဓိဒုက္ခ-နာခြင်းဆင်းရဲ-ရှိသော၊သူ။ ဥဿန္နဗျာဓိဒုက္ခဿ ရောဂိနော ဝမနဝိရေစနပ္ပဝတ္တိယံ ဝိယ စ။ အဘိ႒၁။၂၄၄။

**ဥဿန္နဗြဟ္မစရိယ** (တိ) [ဥဿန္န+ဗြဟ္မစရိယ] များပြားသော မြတ်သော အကျင့်ရှိသော၊သူ။ အပိ စ ဘိက္ခု နာမ ဥဿန္နဗြဟ္မစရိယာ ဟောန္တိ၊ တထာ ဘိက္ခုနိယော။ အဘိ႒၂။၃၂၅။ မဟာနိ႒။၃၉၉။ (-သာရတ္ထ၊၃။၂၄၁။ အံဋီ၃။၃၉။ ဝိသုဒ္ဓိဋီ၁။၄၂။)

**ဥဿန္နဘတ္တက** (ပုန) [ဥဿန္န+ဘတ္တက] များပြား-စုဆောင်းလာ-သောကုန်ပစ္စည်းဥစ္စာဘဏ္ဍာ။ သော ဒွါဒသဝဿာနိ ဥဿန္နဘတ္တကံ

ကောဒိဝသေနေဝ ဝိဂ္ဂဏှိ။ ပဋိသံ၊ဋ္ဌ၊၂။၂၉၄။

**ဥဿန္နရာဂ** (တိ) [ဥဿန္န+ရာဂ] များပြား-ထူထဲ-သော ရာဂရှိသော၊သူ။ ဘဂဝါ ဥဿန္န-ရာဂံ အာယသ္မန္တံ နန္ဒံ ဒေဝစ္ဆရာယော ဒဿေ-တွာ။ ဥဒါန၊ဋ္ဌ။၁၅၄။

**ဥဿန္နလောဘ** (တိ) [ဥဿန္န+လောဘ] များပြားလွန်ကဲသောလောဘရှိသော၊သူ။ လောဘော ဥဿဒေါ ဧတေသန္တိ လောဘုဿဒါ၊ ဥဿန္န-လောဘာ၊ လောဘာဓိကာတိ အတ္ထော။ ဝိသုဒ္ဓိ၊ဋီ၊၁။၁၂၄။

**ဥဿန္နဝီရိယ** (တိ) [ဥဿန္န+ဝီရိယ] ကြီးမားလွန်ကဲများပြားသောဝီရိယရှိသော၊သူ။ နာပိ မဟန္တဘာဝံ ဒိသွာ ဥဿန္နဝီရိယာ။ ဝိ၊ဋ္ဌ၊၁။၁၅၃။ ဥဿန္နဝီရိယာတိ အဓိကဝီရိယာ၊ မဟုဿာဟာတိ အတ္ထော။ သာရတ္ထ၊၁။၄၄၀။

**ဥဿန္နာသီဝိသ** (တိ) [ဥဿန္န+အာသီဝိသ] များသောမြွေရှိသော။ ဥဿန္နာသီဝိသေ အရညေ ကေသ္မိံ ဝမ္မိကပဒေသေ အဋ္ဌာသိ။ ဇာ၊ဋ္ဌ၊၃။၃၉၆။

**ဥဿပေသိ** (ကာ၊ကြိ) [ဥ+သိ+ဏာပေ+ဤ။ ဆန်းကြောင့် ရဿ] ထောင်မတ်စေပြီ၊ စိုက်ထူပြီ။ ပင့်မြှောက်ပြီ။ ဟဋ္ဌော ဟဋ္ဌေန စိတ္တေန၊ ပဋ္ဌမံ ဥဿပေသဟံ။ အပ၊၁။၆၁။ ထေရ၊ဋ္ဌ၊၁။၁၈၅။

**ဥဿယ** (တိ) [ဥ+သိ+အ(ဏ)။ ဝိ၊ပိ၊ဓာန်။] (၁) စုန့်စုန့်တက်-မို့မောက်-မြင့်မောက်-သော။ (၂) များပြား-ပြော-ထောင်လွှား-သော။ (၁) ဥဿယဘူတ-ကြည့်။(၂) ဥဿယဝါဒ-ကြည့်။

**ဥဿယာ** (ထီ) [ဥဿယ+ဝါဒိကာ။ နောက်ပုဒ်ချေ] ဥဿယဝါဒိကာသိက္ခာပုဒ်၊ မာနုဿယ, ကောဓုဿယ၏အစွမ်းဖြင့်(မာနဒေါသ ထောင်လွှားများပြားခြင်း၏အစွမ်းဖြင့်) အိမ်ရှင်, အိမ်ရှင်၏သား, ကျွန်အမှုလုပ်, ရဟန်း, ပရိဗိုဇ်တို့နှင့်ငြင်းခုံရန်ပွားတရားဆင်သော ရဟန်းမအားပညတ်အပ်သော သိက္ခာပုဒ်။ (ပါစိတ္တိယပါဠိ။ ၂-ကဏ္ဍ၊ ၁-ဝဂ်၊ ၁-သိက္ခာပုဒ်။ ဝိ၊၂။၂၈၉။ ဥဿယာ သန္နိစယဉ္စာ(ဝိ၊၅။၁၆၀)တိ ဥဿယဝါဒိကာတိ စ, ပတ္တသန္နိစယံ ကရေယျာတိ စ ဝုတ္တံ သိက္ခာပဒဒွယံ။ ဝိ၊ဋ္ဌ၊၄။၁၄၇။

**ဥဿယဘူတ** (တိ) [ဥဿယ+ဘူတ] စုန့်စုန့်တက်-မို့မောက်-သည်ဖြစ်၍ဖြစ်သော။ ဝန္တုဿယောတိ ဥပစိကာဟိ ဝန္တဿ မတ္တိကာပိဏ္ဍဿ ဥဿယဘူတော။ မ၊ဋီ၊၂။၁၀၄။

**ဥဿယဝါဒ** (တိ) [ဥဿယ+ဝါဒ] (၁) မာနုဿယ ကောဓုဿယအစွမ်းဖြင့် ပြောဆို ငြင်းခုံခြင်း-တရားဆင်ခြင်း-တရားစွဲခြင်း-ကြောင့်ဖြစ်သော (အာပတ်)။ ဥဿယဝါဒအာပတ်။ (၂) မာနု-ဿယ ကောဓုဿယ၏အစွမ်းဖြင့် ပြောဆို ငြင်းခုံ-တရားဆင်-တရားစွဲ-သော၊သူ။ (၁) အဟံ အယျေ ဧကံ အာပတ္တိံ အာပဇ္ဇိံ ဥဿ-ယဝါဒံ၊ သာဟံ အယျေ သံယံ ဧကိဿာ အာပတ္တိယာ ဥဿယဝါဒါယ ပဋိမာနတ္တံ ယာစာမိ။ ကင်္ခါ။၃၀၅။ (၂) ယာ ပန ဘိက္ခုနီ ဥဿယဝါဒါ။ ဝိ၊ဝိနိစ္ဆယ၊ဂါထာ။၂၀၁၁။ ဥဿယဝါဒါတိ မာနုဿယကောဓုဿယ-ဝသေန ဝိဝဒမာနာ။ ဝိ၊ဝိနိစ္ဆယ၊ဋီ၊၂။၃၉။

**ဥဿယဝါဒိကဝတ္ထု** (န) [ဥဿယဝါဒိက+ဝတ္ထု] မာန, ဒေါသ များသည်၏အစွမ်းဖြင့် ပြောဆိုငြင်းခုံခြင်း ဟူသောအကြောင်း၊ တရားဆင်-တရားစွဲ-ခြင်းဟူသောအကြောင်း။ သာဝတ္ထိယံ ထုလ္လနန္ဒံ အာရဗ္ဘ ဥဿယဝါဒိကဝတ္ထုသ္မိံ ပညတ္တံ။ ကင်္ခါ။၂၉၈။

**ဥဿယဝါဒိက** (တိ) [ဥဿယ+ဝါဒိက။ ထီ-၌ ဥဿယဝါဒိကာ။] (၁) မာန,ဒေါသများသည်၏အစွမ်းဖြင့် ပြောဆိုငြင်းခုံသော၊ တရားဆင်-တရားစွဲ-သော၊သူ၊ (ရဟန်းမ။) (၂) မာန, ဒေါသများသည်၏အစွမ်းဖြင့်ပြောဆိုငြင်းခုံခြင်း၊

တရားဆင်-တရားစွဲ-ခြင်း။ (ဦးဗုဒ်နိဿျ- ၌ ဥဿုယဝါဒိကာ-ဟုရှိသည်။ မာန်အမျက်ပြော သည်-ဟုအနက် ပြန်ဆိုသည်။ ဦးဟုတ်စိန် အဘိဓာန်၌လည်း ဥဿုယျဝါဒိကာ-ဟု မူလ ပုဒ်ရင်းပြထားသည်။ ကင်္ခါဘာသာဋီကာအလို-ထောင်လွှားတက်ကြွသော မာနကောဓ အစွမ်း ဖြင့် ပြောဆိုငြင်းခုံတတ်သော၊သူ-ဟု အနက် ပြန်ဆိုရမည်။) (၁) ယာ ပန ဘိက္ခုနီ ဥဿ-ယဝါဒိကာ ဝိဟရေယျ။ ဝိ၊၂။၂၈၉။ ဥဿယ-ဝါဒိကာ နာမ အဍ္ဍကာရိကာ ဝုစ္စတိ။ ဝိ၊၂။ ၂၈၉။ ဥဿယဝါဒိကာတိ မာနုဿယကောဓု-ဿယဝသေန ဝိဝဒမာနာ။ ဝိဋ္ဌ၊၃။၁၈၀။ ကင်္ခါ။ ၂၉၈။ ဥဿယဝသေန ဝဒနံ ဥဿယဝါဒေါ၊ သောယေဝ ဥဿယဝါဒိကာတိ ဒဿေန္တော အာဟ ဥဿယဝါဒိကာတိအာဒိ။ ပါစိတ်၊ ယော။၁၄၇။ (၂) ဥဿယဝါဒိကဝတ္ထု-ကြည့်။

**ဥဿရထ** (ကြိ) [ဥ+သရ+အ+ထ] ပယ်ရှား-ဖယ်-ကုန်လော့။ အထ ဒိဋ္ဌမင်္ဂလိကာ "ဥဿ-ရထ ဥဿရထာ"တိ ပုရတော ပုရတော ဟိနဇနံ အပနေန္တေဟိ ပုရိသေဟိ နီယမာနာ။ သုတ္တနိ၊ဋ္ဌ၊၁။၁၆၈။ (-မဋ္ဌ၊၃။၄၉။ ဇာဋ္ဌ၊၁။၄၅၉။)

**ဥဿဝ** (ပု) [ဥ+သု(သူ)+ဏ။ ကံ ဥဿဝန္တိ ဥဂ္ဂိရန္တိ ဧတ္ထာတိ ဥဿဝေါ။ နာနာသမိဒ္ဓိဟိ သဝန္တိ ဧတ္ထာတိ ဝါ ဥဿဝေါ။ ဓာန်၊ဋီ။၁၇၈။ ဥတ္သဝ (သံ)] (၁) ပွဲသဘင်။ (၂) ပွဲသဘင်ဝင်သူ။ (၁) မနုဿာ ယညေသု ဆဏေသု ဥဿဝေသု ဝိသာခံ မိဂါရမာတံ ပဋ္ဌမံ ဘောဇေန္တိ။ ဝိ၊ ၁။၂၈၅။ ဥဿဝေသူတိ အာဝါဟဝိဝါဟနက္ခ-တ္တာဒိသု မဟုဿဝေသု။ ဝိဋ္ဌ၊၂။၂၁၄။ (-ဝိ၊ ၃။၃၀၁။ ဇာ၊၂။၂၅၇။) (၂) ဥဿဝဝေသ-ကြည့်။ (ဆီးနှင်း၊ ဆီးနှင်းပေါက်-ကို ဟောရာ၌ ဥဿာဝေါ-ဟု ဒီဃဖြင့်ရှိသင့်သည်။ ဝလာ-ဟကောဝ အနိလေန၊ သူရိယေန ဝိယ ဥဿဝေါ။ ဗုဒ္ဓဝံ။၃၆၁။ ဥဿဝေါတိ ဟိမဗိန္ဒု။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၇၂-တို့၌ ဥဿဝေါ-ဟု ဆန်းကြောင့် ရဿဖြင့် ရှိနေသည်။)

**ဥဿဝကိစ္စန** (နု) [ဥဿဝ+ကိစ္စန] ပွဲသဘင် ကစားပျော်ပါးရာ။ အဟိတုဏ္ဍိကော သတ္တမေ ဒိဝသေ ဥဿဝကိစ္စနတော အာဂန္တွာ ... နိဒ္ဒံ ဩက္ကမိ။ ဇာဋ္ဌ၊၃။၁၈၄။

**ဥဿဝဒဿန** (နု) [ဥဿဝ+ဒဿန] ပွဲသဘင် ကြည့်ရှုခြင်း။ စတ္တာရော ဒေဝပုတ္တာ...ဥဿဝ-ဒဿနံ အာဂမိံသု။ ဇာဋ္ဌ၊၃။၈၀။

**ဥဿဝဒိဝသ** (ပု) [ဥဿဝ+ဒိဝသ] ပွဲသဘင် ကျင်းပရာနေ့။ အထေကသ္မိံ ဥဿဝဒိဝသေ မဟာဇနေ မဏ္ဍိတပသာဓိတေ ဓမ္မသဝနာယ ဝိဟာရံ ဂစ္ဆန္တေ ... အဒါသိ။ ဓမ္မဋ္ဌ၊၁။၂၅၈။ (-ဝိမာနဋ္ဌ။၆၉၈၊၁၇၁။)

**ဥဿဝပရိယောသာန** (နု) [ဥဿဝ+ပရိယော သာန] ပွဲသဘင်၏အဆုံး။ သော ကေသ္မိံ ဥဿဝဒိဝသေ...ခနံ လဘိတွာ ဥဿဝပရိ-ယောသာနေ ဗဟုံ သုရာဘတ္တံ ဂါဟာပေတွာ။ ဇာဋ္ဌ၊၃။၄၈၂။

**ဥဿဝပူဇာ** (ထီ) [ဥဿဝ+ပူဇာ] ပူဇော်ပွဲသဘင်။ ကာဟာမ သေရိသမဟံ ဥဠာရံ။ ဝိမာန။၁၂၁။ မဟန္တိ ဥဿဝပူဇံ။ ဝိမာနဋ္ဌ။၃၂၅။

**ဥဿဝဗိန္ဒု** (ပု၊နု) [ဥဿဝ+ဗိန္ဒု] ဆီးနှင်းပေါက်။ (ဥဿာဝဗိန္ဒု-ဟု ရှိသင့်သည်။ ဥဿာဝ-ကြည့်။) "သမ္မ သာရထိ ကဟံ နု ခေါ ဧတေ ဥဿဝဗိန္ဒူ၊ န တေ ပဿာမီ"တိ ပုစ္ဆိ။ ဇာဋ္ဌ၊၄။၁၂၂။

**ဥဿဝဘေရိ** (ထီ) [ဥဿဝ+ဘေရိ] ပွဲသဘင် အလို့ငှါ တီးခတ်အပ်သောစည်။ "ဓမ္မိကော နော ရာဇာ လဒ္ဓေါ"တိ ဟဋ္ဌတုဋ္ဌာ နဂရေ ဥဿဝဘေရိံ စရာပေတွာ။ ဇာဋ္ဌ၊၂။၂၂၀။

**ဥဿဝသမ္ပတ္တိ**(ထီ) [ဥဿဝ+သမ္ပတ္တိ] ပွဲသဘင်-၏-နှင့်-ပြည့်စုံခြင်း။ မဟာဇနော ဟဋ္ဌတုဋ္ဌော ဥဿဝသမ္ပတ္တိံ ပစ္စနုဘောတိ။ ထေရဋ္ဌ၊၁၊၁၇၈။

**ဥဿဝဝေသ** (ပု) [ဥဿဝ+ဝေသ] ပွဲသဘင်ဝင်သူ၏ အသွင်အပြင်။ ဆဏဝေသေန္တိ တုဋ္ဌိဇနနဝေသံ၊ ဥဿဝဝေသေန္တိအတ္ထော။ သာရတ္ထ၊၁၊၁၄၀။

**ဥဿဟဇာတ** - ဥဿာဟဇာတ-ကြည့်။

**ဥဿဟတိ** (ကြိ) [ဥ+သဟ+အ+တိ] စွမ်းနိုင်၏၊ လုံ့လကြိုးကုတ်အားထုတ်၏။ သစေ ဥဿဟတိ သောဓေတဗ္ဗော(ဝိ၄။၃၇၅)တိ ယဒိ သက္ကောတိ။ ဝိဋ္ဌ၊၁၁၇။ ဆန္ဒဇာတော ဥဿဟတိ။ မ၊၂။၁၄၅။ ဥဿဟတိတိ ဝီရိယံ ကရောတိ။ မဋ္ဌ၊၃။၁၃၄။ (-ဝိ၊၁။၂၂၄။ ဝိ၊၃။ ၅၉၊၁၁၇၊၃၁၁။ သံ၊၂။၄၉၇။ ဝိဋ္ဌ၊၂။၁၅၅။ ဝိ၊ဋ္ဌ၊၃။၂၆၁၊၂၉၄၊၃၇၆။ သံဋ္ဌ၊၃။၁၄၁။ အံဋ္ဌ၊၃။ ၃၅။ ပါစိတ်၊ယော။၅၂၅။) **ဥဿဟန္တိ**—ဒီ၊၁။၁၂၈။ ဒီဋ္ဌ၊၁။၂၆၅။ ဒီဋီ၊၁။၃၂၄။ **ဥဿဟသိ**—ဥဒါန။၁၂၈။ ဥဒါနဋ္ဌ၊၂၃၄။ **ဥဿဟာမိ**—ဝိ၊၁။၃၁။ ဝိ၊၃။၄၀၀။ ဝိဋ္ဌ၊၁။၂၁၃။ ဝိဋ္ဌ၊၃။၄၀၈။ သာရတ္ထ၊၂။၆၆။ ဇာဋ္ဌ၊၁။၁၇၆။ ဇာဋ္ဌ၊၃။၂၂၇။ **ဥဿဟေ**(မိ-ဝိဘတ်)—ဇာ၊၁။ ၄။ ဇာဋ္ဌ၊၁။၁၇၆။ **ဥဿဟသေ**—ဇာ၊၁။၃၁၅။ ဇာဋ္ဌ၊၄။၄၀၀။ **ဥဿဟေ**—ဇာဋ္ဌ၊၄။၂၂၂။ ဇာ၊ဋ္ဌ၊၅။၃၄၆။ **ဥဿဟေယျံ**—ဝိသုဒ္ဓိ၊၁။၁၁၂။ ဝိသုဒ္ဓိဋီ၊၁။၁၃၄။ **ဥဿဟိ**—ဇာဋ္ဌ၊၁။၄၂၈။ ဇာဋ္ဌ၊၃။၂၀၆။ **ဥဿဟိံသု**—ဇာဋ္ဌ၊၅။၁၃၈။ **ဥဿဟိဿတိ**—အံဋ္ဌ၊၁။၁၇၇။ **ဥဿဟိဿာမိ**— အံဋ္ဌ၊၃။၃၆။

**ဥဿဟန** (ထီ၊န) [ဥ+သဟ+ယု] (၁) အားထုတ်ခြင်း။(၂) အားထုတ်တတ်သော (ဝီရိယ)။ (၁) အောက်ပုဒ်ကြည့်။ (၂) ဥဿောဠှီ-ကြည့်။

**ဥဿဟနလက္ခဏ** (တိ)[ဥဿဟန+လက္ခဏ] အားထုတ်ခြင်းလက္ခဏာရှိသော။ ဝီရဘာဝေါ ဝီရိယံ၊ တံ ဥဿဟနလက္ခဏံ။ ဝိသုဒ္ဓိ၊၂။၉၃။

**ဥဿဟန္တ** (ထီ၊န) [ဥ+သဟ+အန္တ] အားထုတ်သော၊သူ။ ဥဿဟန္တော တုလယတိ။ မ၊၂။ ၁၈၅။ ခုဒ္ဒကာဋ္ဌ၊၁၁၃။ သုတ္တနိဋ္ဌ၊၂။၁၈။ ဥဿဟန္တော ယုဉ္ဇတိ။ သံဋ္ဌ၊၁။၅၈။ ဥဿဟန္တောတိ ဝီရိယံ ကရောန္တော။ သံဋီ၊၁။၁၀၄။

**ဥဿဟန္တိ** (ကြိ) [ဥ+သဟ+အ+အန္တိ] စွမ်းနိုင်ကုန်၏၊ လုံ့လကြိုးကုတ်အားထုတ်ကုန်၏။ ဥဿဟတိ-ကြည့်။

**ဥဿဟသိ** (ကြိ) [ဥ+သဟ+အ+သိ] စွမ်းနိုင်၏၊ လုံ့လကြိုးကုတ်အားထုတ်၏။ အထက်ပုဒ်ကြည့်။

**ဥဿဟသေ** (ကြိ) [ဥ+သဟ+အ+သေ] စွမ်းနိုင်၏၊ လုံ့လကြိုးကုတ်အားထုတ်၏။ ဥဿဟတိ-ကြည့်။

**ဥဿဟာမိ** (ကြိ) [ဥ+သဟ+အ+မိ] စွမ်းနိုင်၏၊ လုံ့လကြိုးကုတ်အားထုတ်၏။ ဥဿဟတိ-ကြည့်။

**ဥဿဟိံသု** (ကြိ) [ဥ+သဟ+ဦး] စွမ်းနိုင်ကုန်ပြီ၊ လုံ့လကြိုးကုတ်အားထုတ်ကုန်ပြီ။ ဥဿဟတိ-ကြည့်။

**ဥဿဟိ** (ကြိ) [ဥ+သဟ+ဤ] စွမ်းနိုင်ပြီ၊ လုံ့လကြိုးကုတ်အားထုတ်ပြီ။ ဥဿဟတိ-ကြည့်။

**ဥဿဟိ(ဟေ)တွာ** (ကြိ၊ဝိ) [ဥ+သဟ+တွာ] စွမ်းနိုင်၍၊ လုံ့လကြိုးကုတ်အားထုတ်၍။ ဥဿဟိတွာ တုလေတိ။ ပဋိသံဋ္ဌ၊၁၊၁၀။ ခုဒ္ဒကာဋ္ဌ၊၁၉၀။ ဥဿဟေတွာ တုလေတိ။ မ၊၂။၁၄၅။

**ဥဿဟိဿတိ** (ကြိ) [ဥ+သဟ+ဿတိ] စွမ်းနိုင်လတ္တံ့၊ လုံ့လကြိုးကုတ်အားထုတ်လတ္တံ့။ ဥဿဟတိ-ကြည့်။

**ဥဿဟိဿာမိ** (ကြိ) [ဥ+သဟ+ဿာမိ] စွမ်းနိုင်-လတ္တံ့-အံ့၊ လုံ့လကြိုးကုတ်အားထုတ်-လတ္တံ့-အံ့။ ဥဿဟတိ-ကြည့်။

**ဥဿဟော[၁]**(ကြိ)[ဥ+သဟ+အ+မိ] စွမ်းနိုင်၏၊ လုံ့လကြိုးကုတ်အားထုတ်၏။ဥဿဟတိ-ကြည့်။

**ဥဿဟော[၂]** (ကြိ) [ဥ+သဟ+ယျော] စွမ်းနိုင်ရာ၏၊ လုံ့လကြိုးကုတ်အားထုတ်ရာ၏။ ဥဿဟတိ-ကြည့်။

**ဥဿဟေယျံ** (ကြိ) [ဥ+သဟ+ယျံ] စွမ်းနိုင်ရာ၏၊ လုံ့လကြိုးကုတ်အားထုတ်ရာ၏။ ဥဿဟတိ-ကြည့်။

**ဥဿာဒ** (ပု) [ဥ+သဒ+ဏ] (၁) ကုန်းမြင့်အရပ်။ (၂) တင်နေခြင်း၊ ကုန်းပေါ်၌ တင်နေခြင်း။ (၃) ငါဟုထင်သောမာန။ (၁) တဿတ္ထော- ယထာ ဥန္နတေ ထလေ ဥဿာဒေ ဘူမိဘာဂေ မေဃေဟိ အဘိဝုဋ္ဌံ ဥဒကံ နိန္နံ ပဝတ္တတိ။ ခုဒ္ဒကာ၊ဋ္ဌ။၁ရ၉။ (၂)(၃) ကိံ နု ခေါ ဘန္တေ ဩရိမံ တီရံ ပါရိမံ တီရံ၊ ကော မဇ္ဈေ သံသီဒေါ၊ ကော ထလေ ဥဿာဒေါ။ သံ၊၂။ ၃၈ရ။ ဒီ၊ဋ္ဌ၊၁။၁၁၃။ မ၊ဋီ၊၁။၂၁။ ထလေ ဥဿာဒေါတိ ခေါ ဘိက္ခု အသ္မိမာနဿေတံ အဓိဝစနံ။ သံ၊၂။၃၈ရ။ ဥဿာဒေါတိ ဇလမဇ္ဈေ ဥဋ္ဌိတေ ထလသ္မိံ ဥဿာရိတော အာရုဠှော။ သီ၊ဋီ၊သစ်၊၁။၄၅၆။

**ဥဿာဒနပက္ခ** (ပု) [ဥဿာဒန+ပက္ခ] ချီးမွမ်းခြင်းအဘို့။ နာမာတိ အသမ္ဘာဝနေ အပသာဒန- ပက္ခေ၊ ဥဿာဒနပက္ခေ ပန သမ္ဘာဝနေ။ သံ၊ ဋီ၊၂။၃၀၁။

**ဥဿာဒနာ** (ထီ၊န) [ဥ+သဒ+ယု+အာ] မြှောက်ပင့်ခြင်း၊ ချီးမြှောက်ခြင်း။ ဥဿာဒနဥ္စ ဥတွာ အပသာဒနဥ္စ ဥတွာ နေဝုဿာဒေယျ န အပသာဒေယျ၊ ဓမ္မမေဝ ဒေသေယျ။ မ၊၃။ ၂ရ၃။ နေဝုဿာဒေယျ န အပသာဒေယျာတိ ဂေဟဿိတဝသေန ကဥ္စိ ပုဂ္ဂလံ နေဝ ဥက္ခိ- ပေယျ န အဝက္ခိပေယျ။ မ၊ဋ္ဌ၊၄။၁၉၂။ အယံ အာမိသေန အနုပလိတ္တော ပစ္စယေဟိ ဝိနိ- ဝတ္တမာနသော အတ္တာ မုတ္တော စန္ဒိမာ ဝိယာတိ ဇေဝမဿ ဂေဟဿိတဝသေန ဥဿာဒနာပိ နတ္ထိ။ မ၊ဋ္ဌ၊၂။၂၈၅။ ဥဿာဒနာတိ ဂုဏဝသေန ဥက္ကံသနာ။ မ၊ဋီ၊၂။၃၀၂။ ကတ္တုဗ္ဗဿ သရသေ- နေဝ ကရဏံ စိတ္တရုစိယံ၊ န တထာ ပရဿ ဥဿာဒနေန။ ပဋိသံ၊ဋ္ဌ၊၁။၃၆။

**ဥဿာဒနာကာရ** (ပု) [ဥဿာဒန+အာကာရ] ချီးမွမ်း-ချီးမြှောက်-ပုံ အခြင်းအရာ။ အပသာ- ဒနာကာရံ ဥဿာဒနာကာရဥ္စ ဝိဘာဝေတုံ "ကထ"န္တိအာဒိ အာရဒ္ဓံ။ အံ၊ဋီ၊၂။၃၉၆။

**ဥဿာဒယမာန** (တိ) [အဝ+သဒ+ဏယ+မာန] အောက်သို့-ရောက်စေ-ကျစေ-သော။ သြသီ- ဒန္တာနန္တိ ပင့်ပက္ခဝသေန အဓော သီဒန္တာနံ၊ ဥဿာဒယမာနာနန္တိ အတ္ထော။ သံ၊ဋီ၊၁။၁၃ရ။

**ဥဿာဒိယမာန** (တိ) [ဥ+သဒ+ ယ+မာန] ထွက်စေအပ်သောသူ။ ဝေ တေ ရဋ္ဌဝါသီဟိ မနုဿေဟိ ဥဿာဒိယမာနာ သဗ္ဗေပိ အည- တိတ္ထိယာ သမာဂန္တွာ ပဒုမုတ္တရဒသဗလမေဝ သရဏမဂမံသု။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၃၂။

**ဥဿာဒေတဗ္ဗ** (တိ) [ဥ+သဒ+ဏေ+တဗ္ဗ] ချီးမွမ်းအပ်သောသူ။ သော နေဝ ဥဿာဒေ- တဗ္ဗော။ ဒီ၊၃။၁၀၆။ ဒီ၊ဋ္ဌ၊၃။၉၅။

**ဥဿာဒေတိ[၁]** (ကာ၊ကြိ) [ဥ+သဒ+ဏေ+တိ] အထက်သို့-တက်ရောက်-ရွေ့-စေ-၏၊ ချီးမြှောက်-မြှောက်ပင့်-၏။ ဥဿာဒေတု-ကြည့်။

**ဥဿာဒေတိ[၂]** (ကာ၊ကြိ) [အဝ+သဒ+ဏေ+တိ] ထွက်စေ၏၊ နှင်ထုတ်၏။ ရဋ္ဌတောတိ သက- လရဋ္ဌတောပိ။ နိစ္ဆုဘန္တီတိ နီဟရန္တိ ဥဿာဒေန္တိ တေသံ နိဝါသံ န ဒေန္တီတိ အတ္ထော။ ဗုဒ္ဓဝံ၊ဋ္ဌ။၂၁၂။

**ဥဿာဒေတု** (တိ) [ဥ+သဒ+ဏေ+တု] ချီးမွမ်း-မြှောက်ပင့်ပြောဆို-တတ်သော၊သူ။ ဥဿာဒေတာ စ ဟောတိ။ ဝိ၅။၃၁၉။ ဥဿာဒေတာ ဟောတီတိ "အမှာကံ အာစရိယော မဟာ-တေပိဋကော ပရမဓမ္မကထိကော"တိအာဒိနာ နယေန ကေစ္စံ ဥဿာဒေတိ။ ဝိဋ္ဌ၄။၂၁၆။ ဥဿာရေတိ (ဥဿာဒေတိ။ဋ္ဌ။)တိ ဥဒ္ဓံ ဂမာပေတိ။ ဣမိနာ ဥဿာဒေတိ ဥပရိ ဂမာ-ပေတီတိ ဥဿာဒေတာတိ ဝစနတ္ထံ ဒဿေတိ။ ပါစိတ်၊ယော။၆၁၅။

**ဥဿာဒေတွာ** (ကြိ၊ဝိ) [ဥ+သဒ+ဏေ+တွာ] (၁) တင်၍။ (၂) ထစေ၍။ (၁) ထလေ ဥဿာဒေတွာ ဌပိတနာဝါယ ဖုဋ္ဌောကာသော ဌာနံ။ ဝိဋ္ဌ၁။၂၈၉။ (၂) ဖေဏုဒ္ဒေဟကန္တိ ဖေဏံ ဥဒ္ဒေဟိတွာ၊ ဥဿာဒေတွာတိ အတ္ထော။ အံဋ္ဌ၃။၁၈၉။ (အံဋီ၃။၁၉၆-၌ ဥဿာဒေ-တွာ-ဟုမတွေ့ရ၊ ဥဋ္ဌာပေတွာ-ဟု တွေ့ရသည်။)

**ဥဿာဒေန္တ** (တိ) [ဥ+သဒ+ဏေ+အန္တ] ချီးမွမ်း-ချီးမွမ်းလို-သော၊ မြှောက်ပင့်သော၊သူ။ အာယသ္မန္တံ အာနန္ဒံ ဥဿာဒေန္တောပိ ဘဏတိ အပသာဒေန္တောပိ။ ဒီဋ္ဌ၂။၇၆။ သံဋ္ဌ၂။၈၁။ ဥဿာဒေန္တောတိ ပညာယ ဥက္ကံသေန္တော၊ ဥဂ္ဂဏှန္တောတိ အတ္ထော။ ဒီဋီ၂။၈၃။ ကိံ နု ခေါ သမဏော ဂေါတမော ဂေဟာသိတဝသေန ပရိသံ ဥဿာဒေန္တော ဝါ အပသာဒေန္တော ဝါ ဓမ္မံ ဒေသေတိ။ မဋ္ဌ၃။၂၅၆။ (-မဋီ၃။၁၇၁။ သံဋီ၁။၁၀၀။)

**ဥဿာဒေန္တိ** (ကာ၊ကြိ) [ဥ+သဒ+ဏေ+အန္တိ] ထွက်စေကုန်၏။ နိစ္ဆုဘန္တီတိ နီဟရန္တိ ဥဿာ-ဒေန္တိ တေသံ နိဝါသံ န ဒေန္တီတိ အတ္ထော။ ဗုဒ္ဓဝံဋ္ဌ။၂၃၂။

**ဥဿာပန** (န) [ဥ+သိ+ဏာပေ+ယု] (၁) ထောင်မတ်စေ-ထောင်-စိုက်ထူ-ပင့်မြှောက်-ခြင်း။ (၂) ထောင်လွှားခြင်း၊ မာန်မူခြင်း။ (တိ)(၃) စိုက်ထူကြောင်းဖြစ်သော။ (၁) မဟတော ဓမ္မဓဇဿ ဥဿာပနံ သေိ ဂဝေသိ ပရိယေသိတိ မဟောသိ။ စူဋ္ဌနိ။ရရ။ ဓမ္မဓဇဿ ဥဿာပနန္တိ နဝဝိဓ-လောကုတ္တရဓမ္မဿ ဥဿာပေတွာ ဌပနံ။ စူဋ္ဌနိဋ္ဌ။၂၃။ တာယ စန္ဒနယဋ္ဌိကာယ ကတဿ ပတ္တဿ အာကာသေ ဥဿာပနံ။ သုတ္တနိဋ္ဌ၂။၂၈၅။ (၂) ဥန္နတိန္တိ ဥဿာပနံ။ မဟာနိဋ္ဌ။၂၄၄။ (တိ)(၃) အောက်ပုဒ်ကြည့်။

**ဥဿာပနဝီရိယ** (န) [ဥဿာပန+ဝီရိယ] စိုက်ထူကြောင်းဖြစ်သောဝီရိယ။ ဥဿာဟောတိ ဥဿာပနဝီရိယံ။ အံဋ္ဌ၃။၉၉။

**ဥဿာပယတိ** (ကာ၊ကြိ) [ဥ+သိ+ဏာပယ+တိ] ထောင်မတ်စေ-စိုက်ထူ-၏။ သစေ တတြ အဘိဝိဿ၊ သေတစ္ဆတ္တံ ဥဿာပယိဿ။ ဓမ္မ၊ ဋ္ဌ၁။၁၀၆။ **ဥဿာပယိံသု**—ဇာ၊ဋ္ဌ၄။၁၃၅။

**ဥဿာပယိံသု** (ကာ၊ကြိ) [ဥ+သိ+ဏာပယ+ဣံသု] ထောင်မတ်စေ-စိုက်ထူ-ကုန်ပြီ။ အထက်ပုဒ်ကြည့်။

**ဥဿာပယိဿ** (ကာ၊ကြိ) [ဥ+သိ+ဏာပယ+ဿာ] ထောင်မတ်စေ-စိုက်ထူ-ရာ၏။ ဥဿာပယတိ-ကြည့်။

**ဥဿာပိတ** (တိ) [ဥ+သိ+ဏာပေ+တ] (၁) ထောင်မတ်စေ-စိုက်ထူ-အပ်သော။ (၂) အထက်သို့တက်စေအပ်-စုန့်စုန့်တက်-မို့မောက်-သော။ (၁) အယံ အတ္တဘာဝေါ နာမ တီဟိ အဋ္ဌိ သတေဟိ ဥဿာပိတော။ မဋ္ဌ၁။၃၉၂။ အာဝိဋ္ဌံ ခဏ္ဍိတွာ တသ္မိံ အာဝိဋ္ဌေ ဥဿာပိတတ္တာ ပထဝိံသိတော။ နေတ္တိဋ္ဌ။ ၃၂၄။ (၂) တိလာဒိနံ နာဠိအာဒီဟိ မိနနကာလေ

ဥဿာပိတာ သိခါယေဝ သိခါ။ သီဋီ၊သစ်၊၁။၃၅၂။ အံဋီ၊၂။၃၇၄။ ဥဿာပေတွာ-လည်းကြည့်။

**ဥဿာပိတသေိကာထမ္ဘ** (ပု) [ဥဿာပိတ+သေိကာထမ္ဘ] ထောင်မတ်စေအပ်-စိုက်ထူအပ်-သောတံခါးတိုင်။ နဂရသောဘနတ္ထံ ဥဿာပိတသေိကာထမ္ဘဥ္စ။ အပ၊ဋ္ဌ၊၁။၃၂၀။

**ဥဿာပိတကာလ** (ပု) [ဥဿာပိတ+ကာလ] ထောင်မတ်စေအပ်-စိုက်ထူအပ်-သော အခါ။ ဘာတိက မမ ဆတ္တံ ဥဿာပိတကာလတော ပဋ္ဌာယ။ ဇာ၊ဋ္ဌ၊၄။၁၃၈။

**ဥဿာပိတဆတ္တ** (နု) [ဥဿာပိတ+ဆတ္တ] ထောင်မတ်စေအပ်-စိုက်ထူအပ်-သောထီး။ ရထမဇ္ဈေ ဥဿာပိတဆတ္တမ္ပိ သေတမေဝ အဟောသိ။ သံ၊ဋ္ဌ၊၃။၁၅၆။

**ဥဿာပိတဋ္ဌ** (ပု) [ဥဿာပိတ+အဋ္ဌ] ထောင်မတ်စေအပ်-စိုက်ထူအပ်-သောအနက်သဘော။ တဏှာဓဇောတိ ဥဿာပိတဋ္ဌေန တဏှာဓဇော။ မဟာနိ၊ဋ္ဌ။၁၇၅။

**ဥဿာပိတထမ္ဘ** (ပု) [ဥဿာပိတ+ထမ္ဘ] ထောင် မတ်စေအပ်-စိုက်ထူအပ်-သောတိုင်။ လောကတ္တယေ ဥဂ္ဂတတ္တာ တွမေဝ ယူပေါ ဥဿာပိတထမ္ဘသဒိသော။ အပ၊ဋ္ဌ၊၁။၂၄၉။

**ဥဿာပိတဓဇ** (ပု) [ဥဿာပိတ+ဓဇ] ထောင်မတ်စေအပ်-စိုက်ထူအပ်-သော အလံတံခွန်။ သော ယောဓော နဂရသောဘတ္ထာယ ဥဿာ-ပိတဓဇေ ဝိယ မာနဒ္ဓဇေ ပါတေတွာ။ အံ၊ဋ္ဌ၊၃။၃၂။

**ဥဿာပိတရတနတောရဏ** (နု) [ဥဿာပိတ+ရတနတောရဏ] ထောင်မတ်စေအပ်-စိုက်ထူအပ်-သောငွေတုရိုက်းတိုင်။ ဒေဝနဂရေ ဥဿာပိတရတနတောရဏံ ဝိယ သောဘတိ။ ဒီ၊ဋ္ဌ၊၁။၂၁၇။ မ၊ဋ္ဌ၊၃။၃၀၄။

**ဥဿာပိတသိခါ** (ထီ) [ဥဿာပိတာ+သိခါ] စုန့်- စုန့်တက်-မို့မောက်-သော အထွတ်။ တိလာဒီနံ နာဠိအာဒီဟိ မိနနကာလေ ဥဿာပိတသိခါ ယေဝ သိခါ။ မဋီ၊၂။၁၅၉။

**ဥဿာပိတသေတစ္ဆတ္တ** (နု) [ဥဿာပိတ+သေတစ္ဆတ္တ] ထောင်မတ်စေအပ်-စိုက်ထူအပ်-သော ထီးဖြူ။ ဟတ္ထိက္ခန္ဓေ ဥဿာပိတသေတ-ဆတ္တေန ဥပသောဘိတော သောဘမာနော။ အပ၊ဋ္ဌ၊၂။၂၄။

**ဥဿာပေတိ** (ကာ၊ကြိ) [ဥ+သိ+ဏာပေ+တိ] ထောင်မတ်စေ-စိုက်ထူ-စိုက်ထူစေ-မတ်မတ်ထား-ထောင်-၏။ ထမ္ဘံ ဥဿာပေတိ၊ ဒုက္ကဋံ။ ဝိ၊ဋ္ဌ၊၂။၁၅၆။ တန္တတော ဥဋ္ဌိတပေသကာရော ကိသိမ္ဗိဒေဝ ဂဟေတွာ ဥဇုကံ ကာယံ ဥဿာ-ပေတိ။ အဘိ၊ဋ္ဌ၊၂။၄၆၀။ သံဋီ၊၂။၄၁၆။ အံ၊ဋီ၊၁။၇၇။ **ဥဿာပေန္တိ**—အဘိ၊ဋ္ဌ၊၁။၁၂၅။ ဇာ၊ဋ္ဌ၊၁။၁၄။ **ဥဿာပေသိ**—မ၊ဋ္ဌ၊၃။၂၄၂။ **ဥဿာပေမိ**—အပ၊၁။၅။ အပ၊ဋ္ဌ၊၁။၁၂၃။ **ဥဿာပေန္တု**—ဇာ၊ဋ္ဌ၊၅။၃၃၈။ **ဥဿာပယိ**—မ၊ဋ္ဌ၊၃။၂၄၂။ ဇာ၊ဋ္ဌ၊၅။၃၅။ **ဥဿာပေယျာထ**—ဇာ၊ဋ္ဌ၊၄။၁၂၇၊၁၃၅။ **ဥဿာပေသိ**—ဒီ၊ဋ္ဌ၊၂။၂၀၄။ မ၊ဋ္ဌ၊၃။၂၂၄။ အပ၊ဋ္ဌ၊၁။၃၀၂။ **ဥဿာပေသုံ**—ဝိမာန၊ဋ္ဌ။၂၈။ ဇာ၊ဋ္ဌ၊၄။၁၃၅။ **ဥဿာပေသိံ**—အပ၊၁။၁၉၅။ ထေရ၊ဋ္ဌ၊၁။၂၈၁။

**ဥဿာပေတုံ** (ဗျ) [ဥ+သိ+ဏာပေ+တုံ] ထောင်မတ်စေ-စိုက်ထူ-ခြင်းငှါ။ ဣမ ဝသိတုံ ဣစ္ဆတိ၊ ဥဒါဟု ပေတ္တိကေ ရဇ္ဇေ ဆတ္တံ ဥဿာပေတုံ။ မ၊ဋ္ဌ၊၃။၂၂၄။ မဟာနိ၊ဋ္ဌ။၉၀။

**ဥဿာပေတုကာမ** (တိ) [ဥဿာပေတုံ+ကမု+ဏ] ထောင်မတ်စေ-စိုက်ထူ-ခြင်းငှါ အလိုရှိ

သောၤသူ။ မံ ဂဏ္ဍိတွာ အတ္တနာ သတ္တံ ဥဿာ-
ပေတုကာမော။ ဒီ၊ဋ္ဌ၊၁။၁၃၇။ (-မ၊ဋ္ဌ၊၁။၂၂၄။ သီ၊ဋီ၊သစ်၊၂။၂၄။)

